www.burmeseclassic.com

# အောင်ဆန်းစုကြည်




BURMESE CLASSIC .com

## လက်ရွေးစင်မိန့်ခွန်းများ

www.burmeseclassic.com

www.burmeseclassic.com

# အောင်ဆန်းစုကြည်

## လက်ရွေးစင်မိန့်ခွန်းများ

BURMESE CLASSIC .com

သီတာနှင့်အေးချမ်းနိုင် တည်းဖြတ်၍
ဒေါက်တာအောင်ခင် အမှာစာရေးသည်။

La Haule Books

www.burmeseclassic.com

www.burmeseclassic.com

© Aung San Suu Kyi, 1995

ISBN 0 86120 050 0

First edition in the Burmese language of
selected campaign speeches delivered in 1988-1989
by Aung San Suu Kyi
edited by Thida and Aye Chan Naing
with a Preface by Dr Aung Kin.

*Published by*
La Haule Books
West Lodge
La Haule
Jersey
Channel Islands
United Kingdom
JE3 8BD

The Buddhist symbol on the title page and spine is the *abhayamudra*, "the gesture of fearlessness".

Printed in England by Biddles Ltd., Guildford

# မာတိကာ

ဒေါက်တာအောင်ခင်၏အမှာ ၁

၁။ ရာမညမွန်ဌာနီ ၁၇

၂။ ရောဝတီခရောင်းလမ်း ၄၃

၃။ ပင်လုံမြေမှပြည်သိမ်ဒီမိုကရေစီ ၁၁၁

၄။ သတင်းစာရှင်းလင်းပွဲ (၁) ၁၃၇

၅။ မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ ၁၅၄

၆။ သတင်းစာရှင်းလင်းပွဲ (၂) ၁၅၉

၇။ မြန်မာပြည်မြောက်ပိုင်း ၁၇၁

၈။ သတင်းစာရှင်းလင်းပွဲ (၃) ၂၁၈

၉။ မြေနီကုန်းလူထုတိုက်ပွဲ ၂၂၅

၁၀။ သတင်းစာရှင်းလင်းပွဲ (၄) ၂၄၀

ရှေ့မျက်နှာဖုံးပန်းချီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပန်းချီဆရာတဦး ၁၉၈၉ ခုနှစ်က ရေးဆွဲခဲ့သော ပန်းချီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာအောင်ခင်၏အမှာ

ကျောင်းသားများက သူတို့ခံစားကြရသော ဘဝနာကျည်းချက်များကို ထုတ်ဖော်၍ ဆန္ဒပြကြွေးကြော်ရာက စတင်လာခဲ့သော ပြည်သူလူထုအများစု ပါဝင်သည့် ၁၉၈၈ခုနှစ် မြန်မာနိုင်ငံ ဒီမိုကရေစီအရေးတော်ပုံကို စစ်အာဏာရှင်တစုက ချေမှုန်းလိုက်သည်မှာ ခုနစ်နှစ် ရှိပြီဖြစ်သည်။ အသက်ပေါင်းများစွာ အဆုံးရှုံးခံ၍ ငြိမ်းချမ်းစွာ လူထုဆန္ဒ တင်ပြနေသော အရေးတော်ပုံကြီး ဖြိုခွင်းခံလိုက်ရသည်ကို ပြည်သူတို့က မကျေနပ်ကြ။ ထို့ကြောင့်လည်း ၁၉၈၈ ခုနှစ် ကာလက ပေါ်ပေါက်လာသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အင်အယ်လ်ဒီ)အား ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်သူအများက မဲဆန္ဒပေး၍ ထောက်ခံလိုက်ကြခြင်း ဖြစ်ပေသည်။ ဤရွေးကောက်ပွဲတွင် ထင်ရှားသော ထူးခြားသည့် လက္ခဏာနှစ်ရပ်ရှိ၏။ ပထမထူးခြားချက်မှာ စစ်အရာရှိ အရာခံတပ်ကြပ်နှင့် တပ်သားအများအပြားက အင်အယ်လ်ဒီအား ထောက်ခံမဲပေးကြခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ၁၉၆၂ခုနှစ်မှစ၍ မျှော်လင့်အားထားဖွယ် အတုယူဖွယ် ဖျစ်ခင်လေးစားဖွယ် နိုင်ငံ့ခေါင်းဆောင်ဟူ၍ မပေါ်ပေါက်ခဲ့သည့် မြန်မာပြည်တွင် ပြည်သူတို့က ဒေါ်အောင်ဆန်းစုကြည်ကို ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြခြင်းပင်ဖြစ်ပေသည်။ ခေါင်းဆောင်မဲ့ဘဝ၌နှစ်ပေါင်းများစွာ ဖိနှိပ်ခံနေရသော ပြည်သူလူထုက ဗိုလ်ချုပ်အောင်ဆန်း အသက်ပြန်ရှင်လာပြီဟု ထင်မှတ်ကြသည်မှာလည်း သဘာဝယုတ္တိရှိပေ၏။

ဒေါ်စုကို နေအိမ်တွင် ဖမ်းဆီးထိန်းသိမ်းထားသော်လည်း ဒေါ်စု တည်ထောင်ထားသော အင်အယ်လ်ဒီကပင် ရွေးကောက်ပွဲအနိုင်ရရှိသည်ကို စစ်အာဏာရှင်တို့က အသိအမှတ်မပြုကြချေ။ အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ အသက်ပေါင်းများစွာအသေခံ၍ ကြိုးပမ်းခဲ့ကြသော ရည်မှန်းချက်များ သဲရေကျ ဖြစ်ရတော့မည်လော။ မြန်မာပြည်သားတို့၏ အားနည်းချက်မှာ ကောက်ရိုးမီးပမာ ခဏသာခံသော စိတ်ဓါတ်ဖြစ်သဖြင့် ကြာလျှင် မေ့မည်ဟုယူဆကာ စစ်အာဏာရှင်တို့က ဒီမိုကရေစီအရေးကို နည်းမျိုးစုံဖြင့် ချေဖျက်ရန် ကြိုးစားနေကြပါသည်။ သို့သော် စစ်အာဏာရှင်တို့သည် ရုပ်ဝတ္ထုများကိုသာ ဖျက်ဆီးနိုင်ပြီး အတွင်းစိတ်သန္တာန်ကို မဖျက်ဆီးနိုင်သဖြင့် ကမ္ဘာပေါ်တွင် မည်သည့်အာဏာရှင်စနစ်မျှ မတည်မြဲသည်ကို သတိချပ်သင့်ပေသည်။

ဒီမိုကရေစီတိုက်ပွဲသည် နှလုံးရည် တိုက်ပွဲဖြစ်ကြောင်း၊ ပြည်သူ့လက်ထဲ၌ လက်နက်မရှိပဲ လူတိုင်း လူ့အခွင့်အရေး ခံစားခွင့်ရှိရမည် ဟူသည့် ပြင်းထန်သော ယုံကြည်ချက်ဖြင့်သာ တိုက်ပွဲဝင်နေရကြောင်း၊

www.burmeseclassic.com

တိုက်ပွဲဆိုသည်မှာလည်း အကြမ်းဖက်ခြင်းမဟုတ်ပဲ နွဲ့သတ္တိဖြင့် လုပ်ခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင် မရောက်မချင်း ရှုန်းကန်လှုပ်ရှား ကြိုးစားမည်ဟူသော အသိကို စိတ်နှလုံးထဲ၌ အမြဲသွင်းပြီး တိုက်ပွဲဝင်နေရခြင်းဖြစ်ကြောင်း၊ ဤနှလုံးရည်တိုက်ပွဲသည် အခဲယဉ်းဆုံး တိုက်ပွဲပင်ဖြစ်သော်လည်း အောင်မြင်သည့်အခါတွင် အအောင်မြင်ဆုံး တိုက်ပွဲပင်ဖြစ်ကြောင်း ဒေါ်စုက ပြည်သူလူထုကို အကြိမ်ကြိမ် သတိပေးထားပြီး ဖြစ်ပါသည်။ ဒီမိုကရေစီအရေးကို နှလုံးသွင်း မိမိအတွင်းသန္တာန်၌ အစဉ်မပြတ် မမိုတ်မသုန် တိုက်ပွဲဝင်ခြင်းဖြစ်၏။ စိတ်ကူးယဉ် သက်သက်မဟုတ်ပါ။ ခိုင်မာသောစိတ်ဓါတ်ရှိရန် လေ့ကျင့်၍ လုံ့လဝီရိယစွဲဖြင့် ဒီမိုကရေစီအရေးကို အောင်မြင်အောင် ကြိုးပမ်းခြင်းပင် ဖြစ်ပါသည်။

*

စစ်အာဏာရှင်စနစ်အောက်၌ ကာလကြာမြင့်စွာ ကျီးလန့်စာစား နေထိုင်လာကြရသော ပြည်သူတို့သည် လူထုဆန္ဒအရဖွဲ့စည်းသော ဒီမိုကရေစီအစိုးရစနစ်ကို လိုလားကြ၏။ ထို့ကြောင့်လည်း မြန်မာပြည်တလွှား လူထုဆန္ဒပြပွဲများ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ လူမှုရေးနှင့်နိုင်ငံရေးကို ငြိမ်းချမ်းစွာ အသွင်ပြောင်းလဲရာတွင် ပြည်သူတို့ပါဝင်ဆင်နွှဲလိုသည်ကို ပြသခြင်းပင်ဖြစ်၏။ ပြည်သူတို့အနေဖြင့် ၎င်းတို့လိုလားသော အနာဂတ်ကို ၎င်းတို့ဖာသာ ဖန်တီးနိုင်ကြောင်း နားလည်သဘောပေါက်စေရန် ဒေါ်စုက နယ်လှည့်၍ ဟောပြောခဲ့ခြင်းဖြစ်၏။ စစ်မှန်သော ဒီမိုကရေစီစနစ်၏ အခြေခံလိုအပ်ချက်ဆိုသည်မှာ တိုင်းပြည်အုပ်ချုပ်ရေး၌ ပြည်သူလူထု ထိရောက်စွာ ပါဝင်လုပ်ဆောင်နိုင်ရေးအတွက် ပြည်သူလူထုအား လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းပင်ဖြစ်၏။

နှစ်ပေါင်းသုံးဆယ်ကျော် စစ်အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို နှဖူးတွေ့ဒူးတွေ့ ကြုံတွေ့နေရသော ပြည်သူလူထုတွင် အာဏာရှိသူအား ကြောက်ရွံ့သည့် အလေ့အကျင့် စွဲကပ်လာပါသည်။ သို့သော် အခြောက်တိုက် ကြောက်ရွံ့နေခြင်းမဟုတ်ပဲ အားမတန်၍ မာန်လျှော့နေသည့် သဘောပင် ဖြစ်သည်ဟုလည်း ယူဆနိုင်၏။ ပြည်တွင်းနေလူထုကို မဆိုထားနှင့်၊ နိုင်ငံခြားတွင် နှစ်ပေါင်းများစွာ နေထိုင်လျက်ရှိကြသော မြန်မာများ၌ပင်လျှင် ကြောက်တတ်သည့် ဓလေ့ အရိုးစွဲနေပါသည်။ မိမိရနိုင်မည့် အခွင့်အရေးများ အပိတ်ခံရမည်ကို စိုးရိမ်၍လည်းကောင်း၊ ပြည်တွင်းရှိ ဆွေမျိုးသားချင်း၏ အခွင့်အရေးနှင့် ရပေါက်ရလမ်းများ အပိတ်ခံရမည်ကို အမြဲတမ်း တွေးနေသည့် အတွက်လည်းကောင်း၊ အရိုးစွဲနေသော ကြောက်စိတ်ကို မဖျောက်ဖျက်နိုင်ပဲ ဖြစ်နေရပါသည်။ ဤသို့သော စိတ်ထားနှင့်စပ်လျဉ်း၍ 'ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး' စာအုပ်၌ ဒေါ်စုက အကျယ်တဝင့် ရှင်းလင်းထားပြီး ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အင်အယ်လ်ဒီ)ကို ကိုယ်တိုင် အားပေးချင်သော်လည်း ကြောက်၍ နိုင်ငံရေးထဲမပါလိုကြောင်း၊ ရွေးကောက်ပွဲကျမှ ထောက်ခံမဲ ပေးတော့မည်ဖြစ်ကြောင်း ပြောဆိုလာကြသည်ကို ဒေါ်စု မကြာခဏ ကြားခဲ့ရပါသည်။ တချို့ကလည်း "မကြောက်တတ်အောင် ဘယ်လိုလုပ်ရမလဲ"ဟု ဖြောင်းပင်မေးလာကြပါသည်။ ကြောက်စိတ်ပျောက်အောင် လုပ်သည့်နည်းမှာ မိမိကိုယ်မိမိ ပြုပြင်သော နည်းပင်ဖြစ်သဖြင့် မိမိ၏ ကြောက်စိတ်ထက် ပိုမိုပြင်းထန်သောခံယူချက်ကို မွေးယူခြင်းဖြင့် ကြောက်စိတ်ကို ကျော်လွှားနိုင်ကြောင်း ဒေါ်စုက ရှင်းပြရသည်။ သတ္တိရှိသည်ဆိုရာ၌ မကြောက်တတ်သည်ကို ဆိုလိုခြင်းမဟုတ်ပဲ ကြောက်လျက်နှင့် လုပ်သင့်လုပ်ထိုက်သော ကိစ္စကို လုပ်ကိုင်ဆောင်ရွက်ခြင်းသာ ဖြစ်ပေသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် နိုင်ငံရေးလုပ်သူကို လူမိုက်ဟု သတ်မှတ်သော ဓလေ့ရှိသည်။ ကိုလိုနီခေတ်တုန်းကလည်း အဖမ်းခံရမည်ကို မကြောက်ပဲ အများအကျိုးအတွက် လွတ်လပ်ရေးရရှိရန် ကြိုးစားသူများကို "လူမိုက်"ဟု သတ်မှတ်ခဲ့ကြပြီး မိမိကိုယ်ကျိုးအတွက် အပတ်တကုတ် ကြိုးစားအားထုတ်သူများကိုသာ လူလိမ္မာဟု ယူဆကြ၏။ ဤသို့သော အတွေးအခေါ်မျိုးကို မပြောင်း၍မဖြစ်ဟု ဒေါ်စုက ယုံကြည်ထားပါသည်။ နိုင်ငံရေးဟူသည်မှာ တမျိုးသားလုံး၏အရေးဖြစ်သဖြင့် လူတိုင်းနှင့်ဆိုင်သော ကိစ္စပင်ဖြစ်ပေသည်။ ပြည်သူလူထုအများစုက "နိုင်ငံရေးဟာဒို့နှင့်မဆိုင်"ဟု ယူဆနေသမျှ ကာလပတ်လုံး တိုးတက်သောတိုင်းပြည်ကို တည်ထောင်နိုင်မည်မဟုတ်ဟု ဒေါ်စုက ဆိုပါသည်။ မိမိကိုမထိလျှင်ပြီးရောဟူသော စိတ်ထားဖြင့် မတရားသည့်ကိစ္စကို လက်ပိုက်ကြည့်နေပါက တနေ့တွင် မိမိကိုယ်တိုင် မတော်မတရားလုပ်ခြင်းကို ခံရမည်ဟုလည်း ဒေါ်စုက သတိပေးစကား ပြောကြားပါသည်။ 'ဒီမိုကရေစီ ဘယ်တော့ရမလဲဆိုတာကို မမေးကြပဲ ဒီမိုကရေစီလှုပ်ရှားမှုမှာ ဘယ်လို ဝိုင်းဝန်းကူညီကြမလဲ ဆိုတာကိုသာ မိမိကိုယ်မိမိ ပြန်မေးကြပါ'ဟူ၍ အကြိမ်ကြိမ်မှာကြား၏။ 'ဒီမိုကရေစီ တိုက်ပွဲဆိုတာ ပုံစံအမျိုးမျိုးရှိတယ်။ ဆန္ဒပြမှ ဒီမိုကရေစီတိုက်ပွဲဝင်တာ မဟုတ်ပါဘူး၊ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စကို တိုးတိုးတိတ်တိတ် လူမသိပဲ လုပ်တာဟာလဲ တိုက်ပွဲဝင်တဲ့ ပုံစံတမျိုးပါပဲ၊ ဒါကြောင့်မို့ ဒီမိုကရေစီ ရရှိရေးအတွက် ကိုယ်က ဘယ်လို ကူညီနိုင်မလဲဆိုတာကိုသာ စဉ်းစားကြပါ' ဟူ၍လည်း ပြည်သူ့တာဝန်ကို ရှင်းပြထား၏။ မြန်မာနိုင်ငံသားများသည် ဆန္ဒပြသည့်နေရာတွင် တော်ကြသော်လည်း အခြားသိမ်မွေ့သော စိတ်ဓါတ်ရေးရာ တိုက်ပွဲများဖြင့် မိမိတို့၏ ရည်မှန်းချက်ကိုရယူရာတွင် အားနည်းနေသည်ဟု နိုင်ငံခြားမှ လေ့လာသူတဦးက မှတ်ချက်ချဖူးပါသည်။

*

မြန်မာပြည်သားတို့သည် ဒီမိုကရေစီစနစ်နှင့် အကျွမ်းတဝင်ဖြစ်နိုင်သည်ကို လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိဖြစ်သော ၁၄ နှစ် ကာလအတွင်း မြန်မာ့နိုင်ငံရေးလောကနှင့် ထိတွေ့ဖူးသူတို့က နားလည်သဘောပေါက်ကြ၏။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်ဖြင့် အာဏာသိမ်း၍ ဗိုလ်နေဝင်းက သက်ဦးဆံပိုင်ဘုရင်ကဲ့သို့ ကြီးစိုးလာသောအခါတွင်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူနှင့်နိုင်ငံရေး ကင်းကွာလာရခြင်းပင် ဖြစ်ပါသည်။ ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားသော အစိုးရကို ဖြုတ်ချခြင်းသည် ပြည်သူ့ လက်ထဲမှအာဏာကို စစ်ခေါင်းဆောင်တို့က လုယူလိုက်ရာ ရောက်ပေသည်။ စစ်အာဏာရှင်စနစ်တွင် ဗိုလ်နေဝင်း ဘုရင်ဖြစ်လာ၏။ မြန်မာ့နိုင်ငံရေး လောကသည်လည်း ခေတ်နောက်ပြန်ဆွဲကာ မြန်မာဘုရင်ခေတ်သို့ ပြန်လည် ရောက်သွားတော့၏။

'မဆလ' ခေတ်ကို ခေတ်သစ်မြန်မာဘုရင်စနစ်ဟု ခေါ်နိုင်သည်။ အသုံးအနှုန်း အခေါ်အဝေါ်များ ပြောင်းသွားသော်လည်း အနှစ်သာရမှာ အတူတူပင် ဖြစ်နေ၏။ နိုင်ငံရေးဟူသည်မှာ ဗိုလ်နေဝင်းကို ဗဟိုပြု အပေးအယူလုပ်ကာ အာဏာကို တိုးတိုးတိတ်တိတ် အတွင်းကျိတ် ခွဲဝေသုံးစွဲကြသည့် 'ကျိတ်ဝိုင်း'ဖြစ်လာတော့သည်။ ပြည်သူလူထုနှင့် အစိုး အမှုထမ်းတို့၏တာဝန်မှာ 'ခ' သုံးလုံးလမ်းစဉ် (ခေါ်ရင်သွား၊ ခိုင်းတာလုပ် ခံမပြောနဲ့)ကို အကောင်အထည်ဖော်ရန်သာဖြစ်သည်။ ဗိုလ်နေဝင်း၏ကျိတ်ဝိုင်း ပါဝင်သူတစုကသာ အာဏာရှိကြသည်။ သို့သော် အာဏာအရှိဆုံး ပုဂ္ဂိုလ်မှ ဗိုလ်နေဝင်းဖြစ်၍ အစိုးရအဖွဲ့ဝင် စစ်ဗိုလ်အားလုံး သူ့ကိုကြောက်ကြရသည် ဗိုလ်နေဝင်းကို မကြောက်သော စစ်ဗိုလ်မှန်သမျှ ရာထူးမမြဲသည့်သာဓကမျာ ဒုနှင့်ဒေးရှိနေသည်။ အာဏာ၏မြစ်ဖျားခံရာသည် ပြည်သူလူထုမဟုတ်တော့ ဗိုလ်နေဝင်းဟု မှတ်ယူလာကြတော့၏။ အမှန်တရားမဟုတ်ပဲ အကြောက တရားကိုအခြေခံသည့် နိုင်ငံရေးကို ဗိုလ်နေဝင်းက တီထွင် ကျင့်သုံးလိုက်ခြင် ဖြစ်သည်။ ဗိုလ်နေဝင်း၏ 'ကျိတ်ဝိုင်း'အတွင်းသို့ ဝင်ရောက်နိုင်ရ အလုအယက်ကြိုးစားသည်ကို 'နိုင်ငံရေးလုပ်ခြင်း'ဟူ၍ သတ်မှတ်လာ၏ 'ကျိတ်ဝိုင်း'နား မကပ်နိုင်သူများကလည်း ကိုယ့်နည်းကိုယ့်ဟန် အကြံအဖ လုပ်၍ ရသမျှကို သိမ်းကျုံးယူကာ ကိုယ်ကျိုးစီးပွားကိုသာ အာရုံစိုက်က တော့၏။ ဤသို့သော အကျင့်ပျက်နိုင်ငံရေးစနစ်ကို လူထုက သည်းမခံနိုင် တော့သည့်အခါတွင် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက် လာရပါသည်။ ဒီမိုကရေစီတိုက်ပွဲသည်သာလျှင် ပြည်သူ့လက်မှလုယူသွားသော ပြည်သူ့အာဏာကို ပြန်လည်ရယူရန် ကြိုးပမ်းသော နိုင်ငံရေးလှုပ်ရှားမှု အစ အမှန် ဖြစ်ပေသည်။

*

ဒေါ်စုသည် 'တပ်မတော်'ကို အလွန်သံယောဇဉ်ကြီးသူဖြစ်ကြော သူမ၏ မိန့်ခွန်းများနှင့် ဟောပြောချက်များတွင် အထင်းသားတွေ့နိုင်၏ ဖခင်ကြီး တည်ထောင်ထားခဲ့သော 'တပ်မတော်'ကို ဗိုလ်နေဝင်းက ကိုယ်ကျ အတွက် ထင်သလိုအသုံးပြုနေသည်ကို ဒေါ်စု အလွန်နာကျည်းနေသည် ဗိုလ်နေဝင်းကြောင့် တပ်မတော်သည် ပြည်သူ့ 'ချဉ်ဖတ်' ဘဝသို့ ရောက် သွားရသည်ကို ဒေါ်စု မကျေမချမ်း ဖြစ်နေရသည်။ 'တပ်မတော်'က ပြည်သူလူထုက ပထမဦးဆုံး ထူထောင်သည့်အတွက် အစဉ်အလ



ကောင်းခဲ့ရာက ဗိုလ်နေဝင်းကြောင့် ပျက်စီးပြီး ဂုဏ်သိက္ခာ ကျဆင်းသွားရပုံကို ဒေါ်စု မကြည့်ရက်နိုင်ပဲ ဖြစ်နေ၏။ ထို့ကြောင့် 'တပ်မတော်'နှင့် ပြည်သူ လူထုအကြား စိတ်ဝမ်းကွဲအောင် လုပ်သူသည် ဗိုလ်နေဝင်း၊ 'တပ်မတော်' ဂုဏ်သိက္ခာကို ဖျက်ဆီးသူသည် ဗိုလ်နေဝင်း၊ တိုင်းပြည်ကို ဖျက်ဆီးသူသည် ဗိုလ်နေဝင်းဟူ၍ အတိအလင်းဝေဖန်ကာ တရားခံ အမှတ်(၁)ကို ထောက်ပြ လိုက်သည်။ ဗိုလ်နေဝင်း မတော်မတရားလုပ်ထားပုံများကို သိရှိထားသူ အများ အပြားရှိသော်လည်း သူ့ကို ဖိမ့်ဖိမ့်တုန်ရအောင် ကြောက်နေကြရ၍ လူသိ ရှင်ကြား မည်သူမျှမဝေဖန်ရဲကြပေ။ စစ်ဗိုလ်များထဲ၌ သူ့ကို နာမည်ခေါ်ရဲသူပင် အလွန်ရှားလိမ့်မည်ထင်ပါသည်။ ဗိုလ်နေဝင်းကို နံပါတ်ဝမ်း'ဟူ၍လည်းကောင်း၊ 'ဗိုလ်ချုပ်ကြီး'ဟူ၍လည်းကောင်း၊ 'ဥက္ကဋ္ဌကြီး'ဟူ၍လည်းကောင်း၊ အချို့က လည်း 'အဖေကြီး'ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ကြပါသည်။ ဗိုလ်နေဝင်းလို လူမျိုးက 'တပ်မတော်'နှင့်တိုင်းပြည်ကို ဖျက်ဆီးနေသည်ကို ကြာရှည်ခွင့်ပြုခဲ့ သည်မှာလည်း မြန်မာပြည်သားတို့၏ အားနည်းချက်တခုပင် ဖြစ်နိုင်ဖွယ်ရာ ရှိပါသည်။

ဗိုလ်နေဝင်း၏တပည့်များသည် တိုင်းပြည်အကျိုးကို မကြည့်ပဲ ဗိုလ်နေဝင်းမျက်နှာကိုသာ ကြည့်တတ်သူများဖြစ်သည်။ သူတို့လူစုကပင် တိုင်းပြည်ကို ဆက်လက်ကြိုးကိုင်ခြယ်လှယ်၍ စစ်အာဏာရှင် ဘုရင်စနစ် တည်မြဲရေးအတွက် လုပ်ဆောင်နေသည်ကို ဆန့်ကျင်ကြဖို့လည်း ဒေါ်စုက အတိအလင်းသတိပေးလိုက်၏။ ပြည်သူလူထုအပေါ် မေတ္တာထားပြီးရွေးကောက် မှု ကျင်းပပြီးစီးသည်နှင့် ဂုဏ်သိက္ခာရှိရှိ နိုင်ငံရေးက ထွက်ခွာလိုသော စစ်ဗိုလ် များလည်းရှိနိုင်ပါသည်။ ဗိုလ်နေဝင်း၏ ဝါဒဖြန့်ချက်များနှင့် ပရိယာယ်ကြားတွင် မျှင်းမိနေသော စစ်ဗိုလ်များသည်သာလျှင် ကိုယ်ပိုင်ဉာဏ်ဖြင့် ကြည်လင်စွာ အများအမှန်ကို မြင်နိုင်မည်မဟုတ်ပါ။

*

ဗိုလ်နေဝင်းနှင့် နောက်လိုက်တစုတို့ အခွင့်အရေးနှင့်အာဏာကို အမြဲတမ်း ကိုင်ဆောင်ထားနိုင်စေရန်အတွက် 'တပ်မတော်'သည် ယုံကြည်ချက် အမျိုးမျိုးပြောင်း၍ ဗလောင်းဗလဲလုပ်နေသည်ကို သမိုင်းက သက်သေ မလျက်ရှိ၏။ စစ်တပ်၏ခံယူချက်နှင့် ဝါဒရေးရာပြောင်းလဲမှုကို လွတ်လပ်ရေး ရသည့် အချိန်မှစ၍ သုံးသပ်မည်ဆိုပါက အပိုင်း(၄)ပိုင်း ခွဲခြားနိုင်ပါသည်။ ပထမပိုင်းမှာ ၁၉၄၈ မှ ၁၉၅၅ အထိဖြစ်သည်။ ဤအပိုင်းတွင် စစ်ခေါင်းဆောင်တို့သည် ဗြိတိသျှ စစ်မစ်ရှင်နှင့်လက်တွဲ၍ လုပ်ဆောင်ခဲ့ရသဖြင့် စစ်တပ်သည် ဝန်ထမ်းသက်သက်သာဖြစ်ပြီး နိုင်ငံရေးယုံကြည်ချက်ဟူ၍မရှိပါ။ ထိုစဉ်က အာဏာရနိုင်ငံရေးပါတီကြီးဖြစ်သော ဖဆပလအဖွဲ့ နှစ်ခြမ်း ကွဲသွားသည့်အချိန်တွင်မှ စစ်တပ်၏ ယုံကြည်ချက်ဟူ၍ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဒုတိယပိုင်းမှာ ၁၉၅၆ မှ ၁၉၆၂ အထိဖြစ်သည်။ ဤကာလတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေးသည်သာလျှင် စစ်တပ်၏ ဝါဒဖြစ်သည်။ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့

www.burmeseclassic.com

မိတ္ထီလာမြို့၌ကျင်းပသော တပ်မှူးများညီလာခံတွင် “နိုင်ငံတော်ဝါဒ
တပ်မတော်လုပ်ငန်း...သော စစ်တပ်၏ယုံကြည်ချက်စာတမ်းကို အတည
ကြပါသည်။ ထို... “ဒို့တာဝန်အရေးသုံးပါး”ကို စစ်တပ်
ကြွေးကြော်လာခြင်းဖြစ်၏။ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေအုပ်စိုးရေ
ဒီမိုကရေစီထွန်းကားရေးနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ် ထူထောင်ရေး စသ
တို့သည် ၁၉၅၈ မှ ၁၉၆၂ အထိ စစ်တပ်က ကြွေးကြော်သော “ဒို့တာ
အရေးသုံးပါး” ပေတည်း။ စစ်တပ်၏ရည်မှန်းချက်ပန်းတိုင်ကို ပထမ
ကြေညာခြင်းဖြစ်ပါသည်။ စစ်တပ်သည် တပါတီအာဏာရှင်စနစ်ကို ဆန့်က
ကြောင်း၊ မင်းဆိုးမင်းညစ်စနစ်များကို တော်လှန်လေ့ရှိသော နိုင်ငံသားတို
မဟုတ်မခံသော စိတ်ဓါတ်ကိုလေးစားကြောင်း၊ အကျဉ်းသားဘဝက
ကရေစီ’မျိုးကို မယုံကြည်ကြောင်း၊ ကြောက်လန့်မှုမှကင်းသော စိုးရိမ်
ကင်းသော လူ့သိက္ခာနှင့်လျော်ညီသော လွတ်လပ်မှုရှိသော ဒီမိုကရေစီမျိုးကို
ယုံကြည်ကြောင်း၊ အတိအလင်း ကြေညာထားပါသည်။ စစ်တပ်သည် ပါ
နိုင်ငံရေးနှင့်ကင်းရှင်းပြီး တိုင်းပြည်အရေးကိုသာကြည့်ကြောင်း ကြေညာ
၁၉၅၈ မှ ၁၉၆၀ အထိ တနှစ်ခွဲခန့် အိမ်စောင့်အစိုးရ လုပ်လိုက်သေး
ဤအချိန်မှစ၍ စစ်တပ်သိက္ခာကျကာ ပြည်သူလူထုက မယုံမကြ
ဖြစ်လာခြင်းဖြစ်၏။ စစ်ဗိုလ်အချို့လိုလားသော ‘တည်မြဲ ဖဆပလ’အဖွဲ့ ၁၉
ရွေးကောက်ပွဲတွင် အရှုံးကြီးရှုံးကာ ဦးနု၏ ‘ပထစ’ပါတီ အနိုင်ရရှိခြင်းသ
စစ်တပ်က အုပ်ချုပ်မင်းလုပ်သည်ကို လူထုက ဆန့်ကျင်ကန့်ကွက်လိုက်ခြ
ဖြစ်ပေသည်။ စစ်အစိုးရအုပ်ချုပ်သော နိုင်ငံများတွင်သာ စစ်တပ်ကို စက်
ရွံရှာ မုန်းတီးမှုများ ရှိပါသည်။ ဤသည်ကို သင်ခန်းစာယူ၍
ကြွေးကြော်သံအတိုင်း စစ်မှန်သောဒီမိုကရေစီကိုသာ စစ်တပ်က ဆက်လက်
ထောက်ခံနေပါက တိုင်းပြည်လည်း အထိနာစရာမရှိ။ စစ်တပ်လည်း သိ
ကျစရာအကြောင်း မရှိပါပေ။ သို့သော် ဗိုလ်နေဝင်းအဖို့ ကိုယ့်လက်
အာဏာရရှိရေးသည် စစ်တပ်၏ ‘ဒို့တာဝန်အရေးသုံးပါး’ထက် ပို၍ အရေး
နေပါသည်။

ထို့ကြောင့် “တည်မြဲဖဆပလ”နှင့် အဆက်အသွယ်ရှိသော ထိပ်ပိုင်း
စစ်ဗိုလ်အားလုံးကို အကြောင်းအမျိုးမျိုးရှာပြီး ၁၉၆၀-၆၁ ကာလအတွ
စစ်တပ်က ထုတ်ပစ်လိုက်တော့သည်။ တတိယပိုင်းကာလမှာ ၁၉၆၂
၁၉၈၈ခုနှစ် အထိဖြစ်သော ‘မဆလ’ခေတ်ဖြစ်သည်။ မိတ္ထီလာ တပ်မှူးညီလ
ကြေညာချက်ပါ ဒီမိုကရေစီထွန်းကားရေးကိစ္စကို ၂၆နှစ်လုံးလုံးကြာခို
စစ်တပ်က မယုံကြည်ဟု ကြေညာထားသည့် တပါတီအာဏာရှင်စနစ်
တည်ထောင်တော့သည်။ တပါတီ အာဏာရှင်စနစ်ကို ပြည်သူက လက်
နိုင်တော့ကြောင်း ၁၉၈၈ အရေးတော်ပုံကြီးက ပြသလိုက်သောအခါ
ဗိုလ်နေဝင်း၏စစ်တပ်သည်လည်း ဝါဒ ယုံကြည်ချက်ကို ချက်ချင်း ပြောင်
လိုက်ရပြန်ပါသည်။ စတုတ္ထပိုင်းကာလမှာ ၁၉၈၈ ခုနှစ်မှ ယနေ့အထိဖြစ်
‘နဝတ’ ခေတ်ပင်ဖြစ်၏။ ‘မဆလ’ ခေတ်က ၂၆နှစ်လုံးလုံး မယုံကြည်
ထပ်ခါတလဲလဲ ဗိုလ်နေဝင်းကိုယ်တိုင် ပြောဆိုခဲ့သော ဒီမိုကရေစီနှင့် အရင်



ဈေးကွက်စီးပွားရေးစနစ်ကို ယုံကြည်ပါသည်ဟု စစ်တပ်က ပြောလာရ
...ရပြီ။ စစ်တပ်သည် ပြည်သူလူထု၏လိုအင်ဆန္ဒကို မလိုက်လျောနိုင်ပဲ
ဗိုလ်နေဝင်း၏အမိန့်ကိုသာ နာခံနေသမျှကာလပတ်လုံး ပြည်သူတို့၏ ယုံကြည်
...စားမှုကို ရရှိနိုင်မည်မဟုတ်ပေ။

*

ပြည်သူလူထုကြားမှ ပေါက်ဖွားလာသော စစ်တပ်သည် ပြည်သူ့
...ကျိုး သယ်ပိုးရမည့်အစား ဗိုလ်နေဝင်း၏ နိုင်းဖတ်ဘဝတွင် နိဂုံးချုပ်
...ရသည်မှာ တိုင်းပြည်အတွက် ဆုံးရှုံးမှုပင်ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းက
...ခေါင်းဆောင်ဘဝတွင် စစ်တပ်ကို မှန်ကန်သောလမ်းပေါ်တွင် တင်ပေးထားခဲ့
...သည်ကို ဗိုလ်နေဝင်းက လမ်းမှားသို့ရောက်အောင် တွန်းပို့နေသဖြင့် ဒေါ်စုက
...နေသာတော့ပဲ တရားခံအစစ်ကို ထောက်ပြရခြင်းဖြစ်၏။ မိမိအာဏာ
...ည်မြဲရေး တခုတည်းအတွက် နိုင်ငံရေးခံယူချက်ကို အမျိုးမျိုးပြောင်း၍
...လောင်းဗလဲလုပ်နေရသော ဗိုလ်နေဝင်းသည် အသက်ကြီးခါမှ နိုင်ငံရေး
...ချတ်ခြုံကျသည့်ဘဝသို့ ရောက်ရှိနေပြီဖြစ်သည်။ ပြင်ပလောကနှင့် ထိတွေ့
...ဆက်ဆံနိုင်လောက်သည့် သိက္ခာတောင် မကျန်တော့သည့်အဖြစ်သို့ ရောက်ရှိ
...နေပြီ ဖြစ်ပါသည်။ ဗိုလ်နေဝင်းအမိန့်ဖြင့် ခံယူချက် တခုပြီးတခုပြောင်းကာ
...မှောက်မှောက်အမှားမှားဖြစ်လာရသော စစ်တပ်အနေဖြင့် မိမိကိုယ်မိမိ
...ဖြေဆယ်နိုင်ရန် လိုအပ်ပေသည်။ ပြည်သူလူထု၏ စစ်မှန်သောထောက်ခံမှုကို
...ရရှိပါက မည်သည့်အဖွဲ့အစည်းမဆို ရည်မှန်းချက် အောင်မြင်နိုင်မည်
မဟုတ်ပါ။

တကမ္ဘာလုံးနှင့် ပြည်သူတရပ်လုံးက ၁၉၉၀ပြည့်နှစ် အထွေထွေ
ရွေးကောက်ပွဲ၏ရလဒ်ကို ရိုသေလေးစား၍ အရပ်သားအစိုးရဖွဲ့ပေးရန် စစ်တပ်
ကို တိုက်တွန်းနေသည်။ စစ်တပ်ထဲ၌ ဗိုလ်နေဝင်းက ‘ကိုယ်ပွား’လေးများ
...ထားသဖြင့် လက်နက်အားကိုးဖြင့် နိုင်ငံရေးအာဏာကို ဆုပ်ကိုင်ထားလို
...များကသာ လောလောဆယ်ကြီးစိုးနေကြ၏။ ၎င်းတို့၏ ‘အဖေကြီး’ ကဲ့သို့
... ၎င်းတို့သည်လည်း ကွဲပြားခြားနားသောအယူအဆကို လက်ခံဆွေးနွေးနိုင်
...သော အရည်အချင်းမရှိ ဖြစ်နေရှာ၏။ စစ်အာဏာရှင်စနစ်ကို‘မဆလ’ခေတ်၌
ဆိုရှယ်လစ် အရေခြုံပေးခဲ့သည့်နည်းတူ ‘နဝတ’ခေတ်တွင် ဈေးကွက်စီးပွားရေး
အရေခြုံပေးလိုက်ခြင်းဖြင့် ပြည်သူလူထု၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး
ရည်မှန်းချက်များ အချိန်ကြာလာသည်နှင့် ပျောက်ကွယ်သွားမည်ဟု စစ်ခေါင်း
ဆောင်တစုက ယူဆနေပုံရသည်။ စစ်အာဏာရှင်စနစ်ကို နည်းမျိုးစုံဖြင့်
...ပေါ်ယံက အသွင်ပြောင်းလိုက်ပါက အများကလက်ခံလာလိမ့်မည်၊ ‘မဆလ’
ခေတ်၌ တဖက်သတ် ထင်ရာမြင်ရာလုပ်ခဲ့သည်ကိုပင် ၂၆ နှစ်တိုင် လက်ခံကြ
...သည် မဟုတ်ပါလား ဟူ၍လည်း အာဏာရစစ်ဗိုလ်များက တွေးနေပုံရ၏။
‘နဝတ’၏ လုပ်ပုံကိုင်ပုံမှာ ‘မဆလ’နှင့် သိပ်မထူး။ ‘မဆလ’ကဲ့သို့ပင်
‘နဝတ’သည်လည်း ပြည်သူလူထုကို ပုံသွင်းရန် ကြိုးပမ်းနေသည်။

www.burmeseclassic.com



ပြည်သူလူထုကိုဖိနှိပ်ကာ အာဏာသုံး၍ပုံသွင်းရာတွင် ကုန်ကျသော စရိတ်စ ကလည်း မနည်းလှပါ။ သို့သော် မည်မျှပင် လွှမ်းမိုးရန် ပုံသွင်းရန် ကြိုး စေကာမူ လူ့စိတ်ဆိုသည်မှာ ယင်းသို့ ပုံသွင်းရန် လွှမ်းမိုးရန် ကြိုး လာသည်ကို ထူးဆန်းစွာဆန့်ကျင်၍ အမှန်တရားကို သိရှိလိုပေသည်။

*

'ဈေးကွက်စီးပွားရေး' စသည်နှင့် စစ်တပ်ကစပြီး ပြောင်ပြောင်တင်းတ ကုမ္ပဏီထောင်သည်။ အာဏာရှိသူတို့၏ ဆွေမျိုးမိတ်သင်္ဂဟများ နေ့ချ ညချင်း ကြီးပွားကြ၏။ စစ်ဗိုလ်နှင့် အဆက်အသွယ်မရှိသော အရပ်သ များမှာလည်း ဘဝရပ်တည်ရေးနှင့် ကြီးပွားရေးအတွက် ကြောက်ကြောက် ကုမ္ပဏီ ထောင်ကြရ၏။ အာဏာရှိသူက မလိုလားသည့်အခါတွင် အပြ ရှာမည်ကို အမြဲတမ်း စိုးရိမ်နေကြရသော အရပ်သားများသည် လွတ်လပ်စ စီးပွားရေး မလုပ်နိုင်ကြပါ။ 'မဆလ'ခေတ်က ကျိတ်ပိုင်းစနစ်ကို 'နဝတ ခေတ်တွင် ပြန်လည် အသက်သွင်းခြင်းသာဖြစ်၏။ 'နဝတ' စစ်ဗိုလ်များသ ပို၍ပင်ချမ်းသာကြ၏။ ဗိုလ်နေဝင်းအိမ်ထဲက မထွက်တော့သဖြင့် သူတို့ ဖြုတ်မည့်ပုဂ္ဂိုလ်လည်း မရှိတော့။ လွတ်လပ်သော ကျိတ်ပိုင်း ပေါ်လ ပါတော့သည်။

စီးပွားရေးကိုသာပြောင်းလဲကာ နိုင်ငံရေးတွင် ပြည်သူ့ဆန္ဒကိုဘေးချိ ထားခြင်းသည် အာဏာပိုင်အသိုင်းအဝိုင်း၏ ပုဂ္ဂလိက အကျိုးစီးပွားကိုသ မြှင့်တင်ရာ ရောက်ပေသည်။ 'မဆလ'ခေတ်တွင် မိမိလုပ်ပိုင်ခွင့်အာဏ ရရှိထားစဉ်အချိန်၌ ရသမျှ သိမ်းကျုံးယူမည်ဟူသော စိတ်ထားဖြ ငါတကောကောကြ၍ တိုင်းပြည်ပျက်စီးခဲ့ရသည်ကိုလည်း သင်ခန်းစ ယူသင့်ပေသည်။ ဗိုလ်နေဝင်းနှင့်တပည့်များက ၎င်းတို့အား ထောက်ခံသူများ အခွင့်အာဏာများပေးအပ်၍ ကိုယ်ကျိုးရှာခွင့်ပြုထားခြင်းသည် ၎င်းတို့က သစ္စာစောင့်သိသောကြောင့် ပေးထားသော ဆုလာဘ်သဘောသာ ဖြစ်ပေသည် ဆင်းရဲမွဲတေနေသော တိုင်းပြည်တွင် မသထာရေစာ စား၍ ရုပ်ဝတ္ထု ပစ္စည်းများကို စုဆောင်းနိုင်ခြင်းသည် စစ်မှန်သော ချမ်းသာမှုမဟုတ်ပါ ပြည်သူလူထု လေးစားထောက်ခံသော နိုင်ငံရေးကင်းရှင်းသော တပ်မတော အရာရှိများသည်သာလျှင် မတရား အပိုအလျှံများ မရရှိသော်လည်း ပတ်ဝန်း ကျင်၏ ခင်မင်ရင်းနှီးမှု လူမှုရေးလုံခြုံမှု စိတ်လွတ်လပ်မှု စသည့် အကျိုးထူ များကို ရေရှည်ခံစားရမည့်အတွက် ကိုယ်ရောစိတ်ပါ အတိုင်းထက်အလွ ချမ်းသာမည်ဖြစ်ပါသည်၊ စစ်မှုထမ်းများကို အခွင့်ထူးခံလူတန်းစားတရ အနေဖြင့် သတ်မှတ်ကာ စစ်အစိုးရက ကျောသားရင်သားခွဲ၍ ဆက်ဆံခြ ကြောင့်ပင် 'တပ်မတော်'နှင့် ပြည်သူလူထုအကြား စိတ်ဝမ်းကွဲရခြင်းဖြစ်၏ တကယ်တမ်း စဉ်းစားမည်ဆိုပါက တပ်မတော်သားဆိုသည်မှာလည်း ပြည်သ တွေထဲကပင်ဖြစ်သဖြင့် ပြည်သူလူထု ကိုယ်စိတ်နှစ်ပြ ချမ်းသာလာသည့်အခါ၌ တပ်မတော်သားများသည်လည်း မတရားမလုပ်ရ စားဝတ်နေရေး ပိုမို ကောင်းမွန်လာမည်ဖြစ်၏။



အာဏာရှင်တို့သည် ပြောင်းလဲမှုကို ကြောက်ရွံ့ကြ၏။ လူ့အခွင့် အရေးကိုအခြေခံသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများကို တွန်းလှန်ရာ၌ ယဉ်ကျေးမှု တည့်တံ့ခိုင်မြဲရေး၊ လူမှုတည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေး စသည့် 'ဒို့တာဝန်အရေး'များကို မကြာခဏ အကြောင်းပြကြကြောင်း၊ ဒီမိုကရေစီ သဘောတရားတို့သည် တိုင်းပြည်နှင့်မသင့်တော်ဟုယူဆကာ အာဏာရှင်တို့က စိတ်ကြိုက် ပြုပြင်လိုက်သဖြင့် ဒီမိုကရေစီ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရသည့် သာဓကများ ရှိကြောင်း၊ ပြည်သူအား တကယ့်လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသော ဒီမိုကရေစီ ပြုပြင်ရေးများကို ရွှေ့ဆိုင်းထားသမျှကာလပတ်လုံး မည်သည့် ဆောင်ရွက်ချက်မျှ ရေရှည်ခံမည်မဟုတ်ကြောင်း၊ ပြည်သူလူထုက တကယ်တမ်း ယုံယုံကြည်ကြည် စိတ်ပါလက်ပါ လုပ်ကိုင်လာမှသာလျှင် အမျိုးသားရေးရာ လမ်းစဉ်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဒေါ်စုက 'မနီလာစာတမ်း'တွင် ရေးသားထားသည်။ 'မနီလာစာတမ်း'ပါ သဘောတရားများကို မြန်မာပြည် တလွှားတွင် လှည့်လည်စဉ်၌ ဒေါ်စုက အရပ်စကားဖြင့် အလွယ်တကူ ရှင်းပြပြီးဖြစ်ပါသည်။

*

သို့သော် ပြည်သူလူထုသည် ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာ ရွေးကောက် တင်မြှောက်ထားသော၊ ၎င်းတို့က ကြည်ညိုလေးစားသော၊ ၎င်းတို့၏ အကျိုးစီးပွားကို သယ်ပိုးသော၊ ခေါင်းဆောင်များ၏ ရှေ့ဆောင် လမ်းပြမှုနှင့် အဆုံးအမကိုသာ နာခံကြမည်ဖြစ်ပေသည်။ သမိုင်းဝင် သာဓက အနေဖြင့် ဗိုလ်ချုပ် အောင်ဆန်းကိုပင် ဥပမာပြုရပေမည်။ တပြည်လုံး၏ မျှော်မှန်းတမ်းတချက်ကို ဗိုလ်ချုပ်အောင်ဆန်းက လက်တွေ့ပြု၍ အကောင် အထည်ဖော်နိုင်သည့်အတွက် သူ ခေါင်းဆောင်သော တိုတောင်းလှသည့် အချိန် ကာလ၌ မြန်မာပြည်သားတို့သည် ခံယူချက်အပြည့်ဖြင့် မိမိကိုယ်မိမိ ယုံကြည် အားကိုးလျက် အင်တိုက်အားတိုက် အစွမ်းကုန်လုပ်ဆောင်ပြီး စည်းလုံး ညီညွတ်ကြပါသည်။

ယုံကြည်မှုအပြည့်ဖြင့် ကြိုးစားလုပ်ကိုင်နိုင်ရန်အတွက် ပြည်သူလူထုကို ရှေ့ဆောင်လမ်းပြမည့် စံနမူနာထားအပ်သော အကျင့်စာရိတ္တကောင်းသည့် ခေါင်းဆောင်များရှိရန်လိုအပ်ပါသည်။ စစ်တပ်ကြီးကိုမောင်းသကဲ့သို့ နှစ်ပေါင်း များစွာ အမောင်းခံနေရသည့်ဘဝကို ပြည်သူလူထုက စိတ်ပျက်လက်ပျက် ဖြစ်နေပါပြီ။ "ဒို့တာဝန်အရေးများ"ကို နေရာတကာ၌ ရေးသားထားပြီး ပြည်သူလူထုကို သိမ်းသွင်းရန်ကြိုးစားနေခြင်းသည် စစ်ခေါင်းဆောင်များ၌ နိုင်ငံရေးအယူအဆ ခန်းခြောက်နေသည်ကို ပြသရာရောက်ပေသည်။ အမိန့် ပေး၍ အုပ်ချုပ်သည့်စနစ်ကို နှီးကြားတက်ကြွလာသော မြန်မာပြည်သားတို့က လက်မခံနိုင်တော့ပါ။ ပြည်သူပြည်သားများ မကျေမနပ်ဖြစ်တိုင်း အကြောင်း ရင်းကို မလေ့လာမဆန်းစစ်ပဲ လက်နက်အားကိုး၍ ချေမှုန်းသည့် စစ် အုပ်ချုပ်ရေး သံသရာမှ မထွက်နိုင်မချင်း တိုင်းပြည်တည်ဆောက်ရေး

www.burmeseclassic.com

လုပ်ငန်းများ ရေရှည်ခံမည်မဟုတ်သည်ကို 'မဆလ'ခေတ် ၂၆ နှစ်က သက်သေ
ပြလျက်ရှိပါသည်။

*

ဈေးကွက်စီးပွားရေးကို နိုင်ထက်စီးနင်း အကောင်အထည်ဖော်ရ
ကြိုးစားရာ၌ ပြည်သူအများအပြား မတော်မတရား အလုပ်ခံနေကြရပြီး အ
ဒုက္ခ ရောက်နေဆဲဖြစ်၏။ အတင်းအဓမ္မပြောင်းခံရမှု၊ နေအိမ်များဖျက်ဆီးခံရ
ရပ်ရွာတခုလုံး ဖယ်ရှားခံရမှု၊ ကျေးရွာများ အဖျက်ခံရမှု၊ အလကား အလု
လုပ်ပေးရမှု၊ အချိန်မရွေး 'ချော'ဆွဲခံရမှု၊ 'ပေါ်တာ'ဆွဲခံရမှု၊ အမျိုးမျ
မတော်မတရားလုပ်ခံရမှု စသည့်အန္တရာယ်များနှင့် နိစ္စဓူဝကြုံတွေ့နေရသေ
ပြည်သူလူထုသည် ဘဝ ရပ်တည်ရေးကိုပင် အနိုင်နိုင်ကြိုးပမ်းနေကြရပါသည်
'မဆလ'ခေတ်တလျှောက်လုံး ကျင့်သုံးခဲ့သော အမိန့်ပေးပုံစံကို 'နဝတ'က
ဈေးကွက်စီးပွားရေးတွင် အသုံးပြု ပြန်သောအခါ၌ ဈေးကွက်စီးပွားရေးက
ပြည်သူလူထုကို အလုပ်အကျွေးပြုရမည့်အစား ပြည်သူလူထုက ဈေးကွ
စီးပွားရေးကို အလုပ်အကျွေးပြုနေရသည့် အဖြစ်သို့ ရောက်ရှိနေပါတော့သည်
ဤသည်ကို မှားယွင်းချက်ဖြစ်သည်ဟု ကုလသမဂ္ဂ '*လူ့ဘဝတိုးတက်ဖွံ့ဖြိုး*
*အစီရင်ခံစာ*'၌ ထောက်ပြထားသည်ကိုလည်း ဒေါ်စုက '*မနီလာစာတမ်း*' တွ
ကိုးကား၍ တင်ပြထားပါသည်။ 'နဝတ'၏ စီးပွားရေးစီမံကိန်းတွင် လူသား၏
တန်ဖိုးနှင့် ယဉ်ကျေးမှုလေ့ တန်ဖိုးတို့သည် နေရာမရပဲ ဖြစ်နေသည်က
တပြည်လုံးအတိုင်းအတာနှင့်ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများက
သက်သေခံလျက်ရှိပါသည်။

"ဆိုရှယ်လစ်စီးပွားရေးစနစ်"က မြန်မာပြည်ကို အဆင်းရဲဆုံးနိုင်ငံမျာ
စာရင်းထဲသို့ သွတ်သွင်းလိုက်ခြင်းသည် အုပ်ချုပ်မင်းလုပ်သူ စစ်ဗိုလ်မျာ
အစိုးရအလုပ်နှင့် မအပ်စပ်သည်ကို သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ သို့သော်
ဗိုလ်နေဝင်း၏ဦးဆောင်မှုကို ခံယူဆဲဖြစ်သော စစ်ဗိုလ်အချို့သည် မိမိတ
မစွမ်းဆောင်နိုင်ခဲ့သော လုပ်ငန်းကိုပင် ဆက်၍လုပ်ကိုင်ရန် သန္နိဋ္ဌာန် ချထား
ရနေ၏။ ဈေးကွက်စီးပွားရေးစနစ်ကို တန်ခိုးဣဒ္ဓိပါဒ်ရှိသော 'ပျောက်စေဆေး
ဟူ၍ ထင်မှတ်ကာ မြန်မာပြည်၏ နာတာရှည်ရောဂါကြီးကို ကုသနိုင်မည်
၎င်းတို့က ယူဆနေကြပုံရပါသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး
အမြဲတမ်းဆက်စပ်နေသဖြင့် ဤသုံးခု သဟဇာတဖြစ်မှသာလျှင် တပြည်လ
ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်၏။ ယင်းသို့ဖြစ်နိုင်ရန် နိုင်ငံတော်နှင့် ဈေးကွက်
ပြည်သူလူထုက ဦးဆောင်ရမည်ဟု ဒေါ်စုက ယုံကြည်ထားပါသည်။

*

တိုင်းရင်းသားလူမျိုးများကိစ္စတွင်လည်း စီးပွားရေး သို့မဟုတ် ရုပ်ဝတ္ထု
ပစ္စည်းများ ထောက်ပံ့ရုံဖြင့် ပြဿနာပြေလည်သွားမည်ဟု 'နဝတ' စစ်အစိုးရ



ယူဆနေပါသည်။ တိုင်းရင်းသားတိုးတက်ဖွံ့ဖြိုးမှုကို စီးပွားရေးတိုးပွားမှုဖြင့် ရယူနိုင်မည်ဟူ၍သာ စစ်အစိုးရများက ၁၉၆၂ ခုနှစ်မှစ၍ ခေတ်နောက်ကျသော အမြင်ဖြင့် မြင်နေကြသည်။ လူ့ဘဝတန်ဖိုးနှင့် ယဉ်ကျေးမှုဓလေ့တန်ဖိုးကို အလေးထားရန် ပျက်ကွက်နေဆဲဖြစ်၍ တိုင်းရင်းသားလူမျိုးများ၏ ခံယူချက်၊ မှာကျည်းချက်နှင့် လိုလားချက်များကို ကောင်းစွာနားမလည်နိုင်သေးပဲ ဖြစ်နေပါသည်။ 'မဆလ'ကဲ့သို့ပင် 'နဝတ'သည်လည်း တိုင်းရင်းသားများကို အပေါ်စီးမှကိုင်၍ အနိုင်ယူပြီး ဆက်ဆံနေ၏။ တိုင်းရင်းသားများအား ရုပ်ပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များပေးရုံဖြင့် ၎င်းတို့သည် တိုင်းပြည်၏ နိုင်ငံသားအစစ်အမှန် ဖြစ်သည်ဟူသော ခံစားချက်ကို မပေါ်ပေါက်စေနိုင်ကြောင်း၊ တိုင်းရင်းသားတို့၏ သစ္စာစောင့်သိမှုကို တောင်းဆိုနေသော နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးရာတွင် 'တိုင်းရင်းသားများသည်လည်း တက်ကြွသော အခန်းကဏ္ဍက ပါဝင်နိုင်သည်ဟူသော ယုံကြည်ချက်ရှိရန် လိုအပ်ကြောင်း၊ ဒေါ်စုက မနီလာစာတမ်းတွင် ရေးသားထားသည်။ ပြည်ထောင်စုအစစ်အမှန်ကို တည်ဆောက်လိုက အောက်ခြေကစ၍ လုပ်ရှားရပေမည်။ ပြည်ထောင်စုတခုလုံးကောင်းကျိုးအတွက် တိုင်းရင်းသားလူမျိုးများကလည်း ကိုယ်ကျိုးကိုစွန့်ပြီး အများအကျိုးအတွက် တတ်နိုင်သည့်ဘက်က လုပ်ကိုင်မည်ဟူသော ခံယူချက်ရှိရန်လိုပါသည်။ ယင်းသို့သော ယုံကြည်ချက်မရှိပါက မိမိတို့လိုချင်သော ပြည်ထောင်စုကို တူထောင်နိုင်မည်မဟုတ်ဟု ဒေါ်စုက ပြည်နယ်ခရီးများတွင် သတိပေးထား၏။ ဒီမိုကရေစီအစိုးရ ဖွဲ့စည်းပြီးသည့်အခါ၌ ပင်လုံညီလာခံကြီး ကျင်းပ၍ ပြည်ထောင်စုတူထောင်ရေးကိစ္စကို တိုင်းရင်းသား ကိုယ်စားလှယ်များနှင့်ဆွေးနွေးပြီး ဆုံးဖြတ်မည်ကိုလည်း ဒေါ်စု ကတိပေးထား၏။

တိုင်းရင်းသားလူမျိုးတိုင်းတွင် ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ သမိုင်းအစဉ်အလာ၊ စသည်တို့ကိုလိုက်၍ ခံယူချက်နှင့် အယူအဆအမျိုးမျိုး ရှိပေမည်။ သို့သော် ဒီမိုကရေစီနိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရာတွင် နိုင်ငံရေးသဘောတရားများ အပေါ်တွင်သာ အခြေခံရမည်ဖြစ်သည်။ ဒီမိုကရေစီသဘောတရားကို ယုံကြည်သူများက လူမျိုးရေး ကွဲပြားခြားနားမှုများကို ကျော်လွှားပြီး သဘောတူချက်ရယူနိုင်ရန် ပထမဆုံး ကြိုးစားရပေမည်။ လူမျိုးရေး၊ ဘာသာရေး၊ ဒေသအရေး စသည်တို့ကို ထိပ်တန်းတင်လာခြင်းသည် ဒီမိုကရေစီမျိုးစေ့ ရှင်သန်ကြီးထွားရေးကို အန္တရာယ်ပြုရာ ရောက်နိုင်သည်ကို သတိရှိရပေမည်။ လူမျိုးရေးကိုသာ အဓိကဦးစားပေးလွန်းသော အဖွဲ့အစည်းများသည် ဂျာမဏီနိုင်ငံ၏ နာဇီပါတီသမိုင်းကို သင်ခန်းစာယူနိုင်ပါသည်။ နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်ကို ကျင့်သုံးနေသောကြောင့် မြန်မာပြည်တွင် လူမှုရေး ကွဲပြားခြားနားချက် နက်ရှိုင်းလာသည့်အဖြစ်သို့ ရောက်ရှိလာသဖြင့် ဒီမိုကရေစီအင်အားစုများ စည်းလုံးညီညွတ်မှုရယူရာ၌ အခက်အခဲများ ရှိနိုင်ပါသည်။ ဤအခက်အခဲများကို ကျော်လွှားရန် ကြိုးစားအားထုတ်ခြင်းသည်လည်း ဒီမိုကရေစီတိုက်ပွဲပင် ဖြစ်ပေသည်။ မြန်မာပြည်ဖွား တိုင်းရင်းသားများအချင်းချင်း ဝါးအစည်းပြေသကဲ့သို့ စုစည်းညီညွတ်မှု ပျက်ပြယ်နေသောကြောင့်သာ စစ်အာဏာရှင်စနစ် ရှင်သန်နေခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူနိုင်ခြင်းကြောင့် လွတ်လပ်ရေး ရယူနိုင်ခဲ့သည်မှာ အထင်ရှားဆုံးသော သမိုင်းသင်ခန်းစာပင် ဖြစ်ပါသည်။

*

အပေါ်ယံ စီးပွားရေးပြောင်းလဲလာသည်ကို တံလှပ်ရေထင်ကာ ဒီမိုကရေစီ အရေးကို မေ့သွားကြသူများရှိလာပါသည်။ လတ်တလော စီးပွားရေး အပြောင်းအလဲဖြစ်လာစဉ် အစားချောင်အနေချောင် ဖြစ်လာသူများသည် နိုင်ငံရေးစကား မပြောလိုကြတော့။ နိုင်ငံခြားတွင် ဒီမိုကရေစီအရေးအတွက် လှုပ်ရှားနေကြသူများအထဲ၌ပင် မြန်မာပြည်ကို အလည်အပတ်ပြန်ခွင့်မရမည်ကို ကြောက်လန့်ကာ နိုင်ငံရေးစကား မပြောချင်တော့သူများ ရှိလာသည်။ မိမိ၏ စီးပွားရေးထိခိုက်မည်ကိုစိုးရိမ်၍ မမှန်ကန်သော နိုင်ငံရေးစနစ်ကို လျစ်လျူရှု ထားခြင်းဖြင့် ရေရှည်တွင် မိမိ၏ အကျိုးစီးပွားပါ ထိခိုက်လာမည်ကို သတိပြုသင့်ပေသည်။ အုပ်ချုပ်ရေးစနစ်နှင့် နိုင်ငံရေးစနစ်မှန်ကန်မှသာလျှင် စစ်မှန်သော တိုးတက်ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်သဖြင့် စီးပွားရေးကို နိုင်ငံရေးထက် ဦးစားပေး၍မဖြစ်ဟု ဒေါ်စုက ယူဆသည်။ ဒီမိုကရေစီအရေး အောင်မြင်ဖို့ ကိစ္စသည် ပြည်သူလူထု၏ခိုင်မာသော စိတ်ဆန္ဒအပေါ်တွင် မူတည်နေသဖြင့် ဖွဲ့ရှိရန်၊ အမြင်ကျယ်ရန်၊ ရေရှည်အမြင်နှင့်မြင်တတ်ရန်၊ အလွန်အရေးကြီး ပါသည်။ မိမိတွင်ဖွဲ့မရှိသည်ကို ရိုးသားစွာဝန်မခံပဲ "ဆက်လုပ်နေလို့ အလကား ပါပဲ၊ သူတို့ကလက်နက်တွေနဲ့၊ ဒို့က ဘာတတ်နိုင်မှာလဲ၊ ဒို့လုပ်နေလို့လဲ ဘာမှ မထူးပါဘူး၊"ဟု ပြောဆိုနေခြင်းသည် ဒီမိုကရေစီ နှလုံးရည်တိုက်ပွဲကို အနှောက်အယှက်ပေးရာ ရောက်ပါသည်။ ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲ အောင်မြင်ရန်အတွက် ဒုက္ခဖြင့်ရင်းရမည်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ နိုင်ငံခြားအစိုးရများနှင့် အဖွဲ့အစည်းများ၏ အကူအညီကိုချည်း မျှော်မှန်းနေခြင်းသည် မိမိကိုယ်မိမိ မယုံကြည်ရာ ရောက်ပေသည်။ မိမိကိုယ်မိမိအားကိုး၍ ပြင်းပြသောဆန္ဒ၊ လွန်ကဲသောဝီရိယ၊ ထက်သန်သော စိတ်ဓါတ်နှင့် ထက်မြက်သောဉာဏ်ပညာတို့ကို မွေးမြူမည်ဆိုပါက မည်သည့် ကိစ္စမဆို အောင်မြင်မည် '*အတ္တာဟိအတ္တနောနာထော*' ဟူသည့် ဗုဒ္ဓဘာသာ သဘောတရားကို ဒေါ်စုက ယုံကြည်မှုအပြည့်ဖြင့် လက်တွေ့ကျင့်သုံး နေခြင်း ဖြစ်ပါသည်။ ဤသို့သော စိတ်ဓါတ်မျိုးဖြင့် မြန်မာပြည်သားတိုင်း လက်လှမ်း မှီရာ တတ်အားသရွေ့ ကြိုးပမ်းမည်ဆိုပါက ဒီမိုကရေစီအရေးသည် အနေးနှင့် အမြန် အောင်ပွဲခံနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီကို အိပ်မက်မက်ပါက ယင်း အိပ်မက်ကို ကြိုးစား၍ အကောင်အထည်ဖေါ်ရမည်ကို ဒေါ်စုက အားလုံး နားလည် သဘောပေါက်စေလိုသည့်အတွက် '*ရတ်ယဒ်ကက်ပ်လီမ်း*'၏ကဗျာ တပုဒ် (Rudyard Kipling 1865-1938) ကို သားငယ်မောင်ထိန်လင်း(Kim) က ဂျာမဏီနိုင်ငံ ဆုလက်ခံပွဲတခု၌ ရွတ်ဖတ်ရပါသည်။



*ငါသည်မင်းကရောစ်ကိုမမှု ဘုရင်ကိုလည်း နေရာမပေး*
*သရဖူသုံးခုရှင်ကိုပင် မခယ၊ သို့သော်–ငါ့စိတ်ကူးယဉ်အိပ်မက်ကို*
*အကောင်အထည်ဖေါ်နိုင်ခြင်းဟူသော အာကာတန်ခိုးကဲ့သို့ ထက်သော*
*စွမ်းရည်ပိုင်ရှင်ကိုကား ငါတို့အားလုံး၏ သခင်အဖြစ် ငါအသိအမှတ်ပြုသည်။*

*

တိုင်းပြည်၏ အနာဂတ်ကိုဖန်းတီးမည့် လူငယ်များအား ဒေါ်စုက ယုံကြည်အားထားသည်။ မြန်မာ့နိုင်ငံ ဒီမိုကရေစီတိုက်ပွဲကဲ့သို့ စိတ်ဓါတ်ကို ရင်းခံသော နိုင်ငံရေးတိုက်ပွဲ၌ အလွန်အရေးကြီးသည့် စိတ်ဓါတ်မျိုးကို '*ကက်ပ်လီမ်း*'ကပင် '*အကယ်၍*' (*If*) ဟူသောကဗျာ၌ ဖေါ်ပြထားရာ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(လူငယ်)၏ စည်းရုံးရေးတာဝန်ခံများ စည်းရုံးရေးမဆင်းမီ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့၌ ကျင်းပသော နှုတ်ဆက်ပွဲတွင် မိန့်ခွန်းပြောရင်း ယင်းကဗျာကို ထည့်သွင်းဖတ်ကြားသွားသဖြင့် ထိုမိန့်ခွန်း ဤစာအုပ်၌ မပါသော်လည်း ကဗျာကို ပြန်လည်ဖေါ်ပြပါသည်။

*အကယ်၍*
*မင်းအသိုင်းအဝိုင်းက တုန်လှုပ်ခြောက်ခြားပြီး*
*ဒါတွေဟာ မင်းကြောင့်လို့ ဝိုင်းဝန်းပြစ်တင်ကြတဲ့အခါ*
*မင်းဟာ ခေါင်းအေးအေးနဲ့ ရင်ဆိုင်နိုင်မယ်ဆိုရင်။*

*အကယ်၍*
*အားလုံးက မင်းကိုမယုံသင်္ကာဖြစ်လာတဲ့အခါ*
*သူတို့ကို နားလည်စွာခွင့်လွှတ်ရင်းနဲ့*
*မင်းကိုမင်း ယုံကြည်မှုအပြည့်ရှိမယ်ဆိုရင်။*

*အကယ်၍*
*စောင့်သင့်တဲ့အချိန်ကိုစောင့်ပြီး*
*အဲဒအတွက်လည်း မမောမပန်းနေနိုင်မယ်ဆိုရင်။*

*ငါမှမဟုတ်*
*မင်းရဲ့အကြောင်း မဟုတ်တရားမုသားစကားကြားရတဲ့အခါ*
*မင်းကလည်း အလိမ်အညာတွေနဲ့ မတုန့်ပြန်ဘူးဆိုရင်။*

*ငါမှမဟုတ်*
*မင်းကို လူတကာက ဝိုင်းမုန်းတီးတဲ့အခါ*
*မင်းဟာ အမုန်းတွေပြန်မပွားဘူးဆိုရင်။*

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့
မင်းကိုယ်မင်း လူတော်တယောက်ရယ်[illegible]မြင်ပဲ
ပညာရှိစကားတွေကိုလည်း မလွန်ဆန်[illegible]ဆိုရင်။

အကယ်၍
စိတ်ကူးယဉ် အိပ်မက်တွေဟာ
မင်းအပေါ်မလွှမ်းမိုးစေပဲ စိတ်ကူးနိုင်မယ်ဆိုရင်။

ပြီးတော့
အတွေးအခေါ်စိတ်ကူးတွေဟာ
မျှော်မှန်းချက်သက်သက်သာမဖြစ်စေပဲ တွေးခေါ်နိုင်မယ်ဆိုရင်။

အကယ်၍
အောင်မြင်မှုသုခနဲ့ ဆုံးရှုံးမှုဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ
တူညီသော လောကဓံတရားတွေပါလားရယ်လို့
ခံယူထားနိုင်မယ်ဆိုရင်။

အကယ်၍
မင်းရဲ့အမှန်စကားတွေကို
လူလိမ်လူညစ်တွေက လှည့်စားပြောင်းလဲပြီး
မုသားအဖြစ်ထောင်ချောက်ဆင် ညစ်တဲ့အခါ
မင်းဟာ တည်ငြိမ်စွာနဲ့ နားကြားနိုင်မယ်ဆိုရင်။

ဒါမှမဟုတ်
မင်းဘဝတခုလုံးပေးပြီး
အရိပ်တကြည့်ကြည့်နဲ့ ဖြည့်ဆည်းခဲ့ရတဲ့အရာရာကို
ဖျက်ဆီးခံလိုက်ရပြီးတဲ့နောက်မှာ
အင်မတန်မှသေးငယ်လှတဲ့ တန်ဆာပလာအရာရာနဲ့
ပြန်လည်တည်ဆောက်နိုင်မယ်ဆိုရင်။

အကယ်၍
မင်းနိုင်ခဲ့သမျှတွေအားလုံးဟာ
ကြွေတလက် ကြက်တခုန်ပမာ
တလှည့်တခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင်။

ပြီးတော့
အစကနေ ပြန်စနိုင်မယ်ဆိုရင်။



ပြီးတော့တခါ
ဆိုးလှ[illegible]လို့
ဘယ်သော[illegible]မနေဘူးဆိုရင်။

အကယ်၍
သူများတကာလုပ်ပြီးသွားကြလို့
အချိန်အတော်ကြာမှ မင်းအလှည့်ရောက်တဲ့အခါ
မင်းတယောက်တည်းနဲ့ပဲ
အားနဲ့မာန်နဲ့ ခွဲသတ္တိရှိရှိ ဆက်ကြိုးစားနိုင်မယ်ဆိုရင်။

အဲဒီလိုပဲ
မင်းမှာစိတ်အားကလွဲလို့ ဘာဆိုဘာမှမရှိတော့တဲ့အခါ
အဲဒီစိတ်အားကို ခိုင်မာစွာနဲ့ပဲ
ဆက်လက်ဆုပ်ကိုင်ထားနိုင်မယ်ဆိုရင်။

အကယ်၍
လူတွေနဲ့ ထိတွေ့ပြောဆိုဆက်ဆံတဲ့အခါ
ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင်။

ဒါမှမဟုတ်
မင်းဧကရာဇ်တွေနဲ့ အတူလမ်းလျှောက်နေရပေမယ့်
မာန်မာန သွေးမကြွဘူးဆိုရင်။

အကယ်၍
ရန်သူကဖြစ်စေ မိတ်ဆွေကဖြစ်စေ
မင်းကို သိပ်ပြီးနာကျည်းအောင် မလုပ်နိုင်စေရင်။

အကယ်၍
လူတိုင်းကိုတန်ဖိုးထား လေးစားရပေမယ့်
ခွဲလန်းမှုသံယောဇဉ်တွေ ထားမနေဘူးဆိုရင်။

အကယ်၍
တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တမိနစ်အတွင်းမှာ
အဓိပ္ပါယ်ရှိလှတဲ့ စက္ကန့်ခြောက်ဆယ်အဖြစ်
အသုံးချနိုင်မယ်ဆိုရင်။

www.burmeseclassic.com

www.burmeseclassic.com

ငါ့သားရေ
မင်းဟာ အရာရာရှိတဲ့ အရာရာဖြစ်တဲ့
ကမ္ဘာကြီးကို ဆုပ်ကိုင်လို့
အရာရာဘာမဆို မဖန်တီးနိုင်ပြီပေါ့။
အဲဒတော့ မင်းဟာလည်း
ယောကျ်ားကောင်းတယောက်ပေါ့။

ဤကဗျာထဲတွင်ပါရှိသော စိတ်နေစိတ်ထားမျိုးကို နှလုံးရည်တိုက်ပွဲ၌ ရှေ့တန်းကပါဝင်နေသူ အမျိုးသားအမျိုးသမီးတို့က ကြိုးစား၍ မွေးမြူလေ့ကျင့်ပေးခြင်းအားဖြင့် ဒီမိုကရေစီနိုင်ငံရေးစနစ် မြန်မာပြည်၌ အောင်ပွဲခံမည်ဟု ဒေါ်စုက ယုံကြည်ပါသည်။ ဒေါ်စုပြောကြားသော မိန့်ခွန်းများကို ပြန်လည်စုဆောင်းရာတွင် စာတည်းများက ရသမှတ်တမ်းတိုမျှများနှင့် စာစောင်များမှ တတ်နိုင်သမျှ ဖော်ပြထားခြင်းဖြစ်သဖြင့် မပြီးမပြတ်ဖြစ်နေသော မိန့်ခွန်းများကို အကျဉ်းမျှသာ ဖော်ပြသည်ကို ခွင့်လွှတ်နိုင်ကြမည် ဟု မျှော်လင့်ပါသည်။

ဒေါက်တာအောင်ခင်
၁၉၉၅ မတ်လ ၉ ရက်နေ့၊လန်ဒန်။

# ရာမညမွန်ဌာနီ

## မွန်ပြည်နယ်စည်းရုံးရေးခရီးစဉ်

ဖြူစင်ခြင်းကိုရည်ညွှန်းသည့် ကြယ်ဖြူ၊ ဒီမိုကရေစီတိုက်ပွဲကို စတင်စေခဲ့သော ကျောင်းသားများကို ကိုယ်စားပြုသည့် ခွပ်ဒေါင်း၊ ရဲရင့်ခြင်းအထိမ်းအမှတ် နောက်ခံအနီရောင်တို့နှင့် ဖွဲ့စည်းထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလံတော်အောက်တွင် ဒီမိုကရေစီလိုလားသည့် ပြည်သူလူထုကြီး စုစည်းညီညွတ်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ဒီဇင်ဘာလ ၁၈ ရက်နေ့အထိ မွန်ပြည်နယ်သို့ စည်းရုံးရေးခရီးထွက်သည်။ မွန်ပြည်နယ် ပြည်နယ်စည်းရုံးရေးတာဝန်ခံများ ဖြစ်ကြသည့် ဦးချမ်းအေး၊ ဦးလွန်းတင်၊ ဦးအေးမင်းနှင့် ဦးရဲထွဋ်တို့က စီစဉ်ပေးသောခရီးစဉ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဘဏ္ဍာရေးမှူး ဦးလွင်၊ ပြန်ကြားရေးနှင့် လုံခြုံရေးအဖွဲ့သား စုစုပေါင်း ၃၂ ဦး လိုက်ပါသွားကြသည်။ မွန်ပြည်နယ်စည်းရုံးရေးခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်ပေါင်း ၃၀ ကျော်သို့ သွားရောက်ပြီး ရပ်မိရပ်ဖများနှင့် တရင်းတနှီး ဆွေးနွေးဟောပြောပါသည်။


မွန်ပြည်နယ်စည်းရုံးရေးခရီးစဉ်၏ပထမနေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ပဲခူး၊ ကျိုက်ထို၊ သထုံ၊ ပေါင်၊ မုတ္တမမြို့တို့၌ ဟောပြောဆွေးနွေးပွဲများ ကျင်းပပါသည်။ လမ်းတစ်လျှောက်ရှိ ဝေါ၊ သိမ်ဇရပ်၊ မုပ္ပလင်၊ ကျွန်းတော၊ ကျူရှောင်၊ အလူးလေး၊ ဘီးလင်း၊ သိမ်ဆိပ်၊ ကျိုက္ကော်၊ နောင်ကုလား၊ ဒေးပုလိမ်း၊ ယင်းငြိမ်၊ ကတွန်၊ ဇင်းကျိုက်၊ ပန်းကုန်း စသည့်ကျေးရွာများကို ဖြတ်သန်းသွားသည့်အခါတွင်လည်း လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုနေကြသည့် မွန်၊ မြန်မာ တိုင်းရင်းသားများကို ရပ်နားရစ်ခင်စွာ နှုတ်ဆက်ပါသည်။

## သထုံမြို့

မွန်ကာန်သည့်ကိစ္စကိုလုပ်ရန်အတွက် မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ လုပ်ကြရန် ကျိုက်ထိုမြို့ပြည်သူများအား ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပါသည်။ ကျိုက်ထိုမြို့မှ ထွက်ခွာ၍ သထုံမြို့သို့ရောက်သောအခါ သထုံမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌

www.burmeseclassic.com

# မွန်ပြည်နယ်



၁၉၈၄ ခုနှစ် ဧပြီလတွင် မြေတိုင်းဦးစီးဌာနမှ ရိုက်နှိပ်ထုတ်ဝေသည့် တိုင်းနှင့်ပြည်နယ်မြေ



*တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်ပြီး ယခုကဲ့သို့ ဆက်လက်ဟောပြောပါသည်။*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထူထောင်ခဲ့တာဟာ ပြည်သူလူထု လိုချင်တဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် ထူထောင်ခဲ့တာပဲ ဖြစ်တယ်။ ပြည်သူလူထုနဲ့ ကျမတို့တစည်းတရုံးထဲ မလုပ်နိုင်လို့ရှိရင် ကျမတို့ အဖွဲ့ချုပ်ကြီးကို ဖျက်ဖို့ပဲရှိတော့တယ်။ အဲဒီတော့ အဖွဲ့ဝင်များဟာ ပြည်သူလူထုရဲ့ သဘောထားကို နားလည်ရမယ်။ ပြည်သူလူထုရဲ့ သဘောအတိုင်း လုပ်ရမယ်။ လူ့အခွင့်အရေးဆိုတာ လူတိုင်းလူတိုင်း ပိုင်ဆိုင်ခွင့်ရှိတယ်။ ကိုယ်တင် မဟုတ်ဘူး။ ကိုယ့်ရန်သူများပင်လျှင် လူ့အခွင့်အရေးရှိရမယ်။ အဲဒီတော့ တနေ့ ကျမတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီး အောင်မြင်သွားတဲ့အခါကျရင် ရှုံးတဲ့သူတွေဟာ သူတို့အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝ ခံစားနိုင်ရမယ်။ ဒါဟာ ကျမတို့ရဲ့ ဒီမိုကရေစီတာဝန်ဖြစ်တယ်။ မက်လုံးပေးပြီးတော့ စည်းရုံးမှုမျိုးကို ကျမ မလိုချင်ဘူး။ ငါတို့အစိုးရတက်ရင် ဒါတွေလုပ်ပေးမယ်ဆိုတဲ့ စည်းရုံးမှုမျိုးတော့ မလုပ်ကြပါနဲ့။ ကျမတို့အဖွဲ့ချုပ်ရဲ့စည်းရုံးရေး ဆိုတာကလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကနေ မေတ္တာရပ်ခံထားတဲ့ အတိုင်းပဲ အထွေထွေ ရွေးကောက်ပွဲတွေဖြစ်လာဖို့ ကျမတို့က ကူညီနေတာ ဖြစ်ပါတယ်။ အဲဒီလို ကူညီနေတာကို မြို့နယ်တို့၊ ရပ်ကွက်တို့က ငြိမ်ပိတွေက နှောင့်ယှက်နေလို့ရှိရင် သူတို့ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ကို ပြန်ပြီးတော့ တိုင်ရလိမ့်မယ်နဲ့တူပါတယ်။ အဲဒီတော့ ဒီလို နှောင့်ယှက်တာတွေကို မခံပါနဲ့။ ဒီလိုနှောင့်ယှက်လို့ရှိရင် ကျမတို့ဗဟိုကို အသိပေးပါ။ ကျမတို့ ကလည်း ဗဟိုငြိမ်ပိကို ပြန်ပြီးတော့ အသိပေးရပါလိမ့်မယ်။ ကိုယ်လုပ်စရာရှိတာကိုတော့ မှန်လို့ကန်လို့လုပ်တာတော့ ဆက်သာလုပ်ပါ။ တကယ်ဆိုလို့ရှိရင် ဘာကြောက်စရာရှိလဲ။ လောကကြီးမှာ ကြောက်နေလို့ရှိရင် လူဖြစ်ရကျိုးမနပ်ပါဘူး။ သေမှာကြောက်လို့လဲ တနေ့နေ့တော့ အားလုံးသေမှာပဲ။ သေမှာကြောက်လို့ မသေဘူးဆိုတာလည်း မရှိဘူး။ ဒါတွေကြောက်ပြီးတော့ ကျမတို့ မလုပ်ပဲနေရင် အသက်ရှင်ရကျိုး မနပ်ပါဘူး။ အဲဒီတော့ အသက်ရှင်ရကျိုးမနပ်ပဲ နေရမယ့်အစား သေရတာက ကောင်းတယ်ဆိုတဲ့ စိတ်ထားပြီးတော့၊ အသက်ရှင်ရကျိုးနပ်မယ့် ဒီမိုကရေစီစနစ်ဖြစ်အောင် အားလုံး ဝိုင်းပြီးတော့ ကူညီကြပါလို့ ကျမ မေတ္တာရပ်ခံ ချင်ပါတယ်။

ကျမလည်း ဗမာတယောက်ပဲ။ ငယ်ငယ်ကတည်းက ကျမတို့သမိုင်းမှာ သင်ခဲ့ရတာဆိုလို့ရှိရင် ရာဇဓိရာဇ်တို့၊ ရှင်စောပုတို့၊ ဓမ္မစေတီတို့ဆို အင်မတန်မှ ကြည်ညိုစရာကောင်းတဲ့၊ အင်မတန်မှ လေးစားဖွယ်ရာကောင်းတဲ့ မှူးကြီးများဆိုပြီးတော့ စိတ်ထဲမှာ နားလည်ခဲ့ပါတယ်။ မှန်မှန်ပြောရင် ကျမ ငယ်ငယ်တုန်းက အတန်းလေး ဘာလေးကြီးလာ၊ ငါးတန်း၊ ခြောက်တန်းကျမှ ဒါဟာ မွန်ဘုရင်တွေပါလားဆိုပြီး နားလည်ခဲ့တယ်။ အဲဒီတော့ ကျမတို့ စိတ်ထဲမှာလည်း မွန်ရယ်လို့၊ ဗမာရယ်လို့ မခွဲခြားပဲနဲ့ အားလုံးတသွေးထဲ ဆိုပြီးတော့ ဂိုဟ်ထားစေချင်တယ်။ တသွေးထဲဆိုပြီးတော့ ငိဘ်ထားစေချင်တာဟာ

www.burmeseclassic.com

www.burmeseclassic.com

မွန်များရဲ့ယဉ်ကျေးမှုကို လစ်လျူရှုတယ်ဆိုတဲ့ သဘောမျိုးနဲ့ မဟုတ်ပါဘူ
လန်ဒန်က School of Oriental and African Studies, London ကျောင်း
မွန်ဘာသာ ပါရဂူကြီးတဦးရှိပါတယ်။ ကျမ အရင်နှစ်ကတည်းက မွန်ဘာသ
သင်မယ်ဆိုပြီး ဒီကနေ စာအုပ်တွေ ဘာတွေ ယူသွားပြီးတော့ ဒီ မွန်ဘာသ
ပါရဂူကြီးနဲ့ မွန်စကားကို သင်မယ်ဆိုပြီးတော့ ကျမ ရည်ရွယ်ခဲ့ပါတယ
ဒါပေမယ့်လည်း ဧပြီလတုန်းက မေမေ မမာမကျန်းဖြစ်တာနဲ့ ဒါတွေ
မသင်နိုင်ပဲနဲ့ ကျမလည်း ရန်ကုန်ကို ပြန်ရောက်လာရတာ ဖြစ်ပါတယ
တနေ့တော့လည်း မွန်ဘာသာစကားကို ဖြစ်အောင်သင်မယ်ဆိုပြီးတော့ စိတ်
မှာ ရည်ရွယ်ထားပါတယ်။ မွန်ဘာသာကို သင်ချင်တယ်ဆိုတာ ဘာဖြစ်လို့
ဆိုတော့ ကျမတို့ ဗမာယဉ်ကျေးမှုနဲ့ မွန်ယဉ်ကျေးမှုဟာ အင်မတ
အရေးကြီးတဲ့ ယဉ်ကျေးမှုကြီးနှစ်ခု ဖြစ်တယ်။ ဒီယဉ်ကျေးမှုကြီး နှစ်ခုစလုံး
နားလည်မှလည်း ဗမာပြည်ရဲ့သမိုင်းကို ကောင်းကောင်း နားလည်နိုင်မယ်
ကျမ ယုံကြည်ပါတယ်။ ရှမ်းရယ်၊ ဗမာရယ်၊ မွန်ရယ် ဒီစကားသုံးမျိုး
ကောင်းကောင်းတတ်ချင်တဲ့ စိတ်ဆန္ဒရှိပါတယ်။ မွန်စကား သင်ပြီးလို့ရှိရ
ရှမ်းဘာသာစကား သင်မယ်လို့လည်း ကျမစိတ်ထဲမှာ ရည်ရွယ်ထားပါတယ
တနေ့တော့လည်း ဖြစ်အောင်သင်မယ်လို့ အခုထက်ထိပဲ ရည်ရွယ်ထားပါတယ

တိုင်းပြည်မှာရှိတဲ့ တိုင်းရင်းသားအားလုံးဟာ တဦးရဲ့ယဉ်ကျေးမှု
တဦးက လေးစားရမယ်၊ စိတ်ဝင်စားရမယ်။ ကိုယ်တယောက်တည်းဆို
နေလို့ မဖြစ်ဘူး။ ကျမတို့ တဦးချင်းရပ်တည်လို့ ဘယ်လိုမှမဖြစ်ဘူး။ ဒါပ
သိပ်ပြီးတော့ ရိုးရိုးသားသား အတွေးအခေါ်ပဲ။ လူတိုင်းလည်း နားလည်တယ
လူတယောက်ဆိုလို့ရှိရင် ကိုယ်တယောက်ထဲနေလို့ မဖြစ်ဘူး။ ကိုယ့်မိသား
ကိုယ့်အသိုင်းအဝိုင်းနဲ့နေမှ ဖြစ်တယ်။ ကျမတို့ မြန်မာပြည်မှာလည်း ဒီအတို
ပဲ။ ဗမာချည်းပဲလည်း ရပ်တည်လို့မဖြစ်ဘူး။ မွန်ချည်းပဲလည်း ရပ်တည်
မဖြစ်ဘူး။ ရှမ်းချည်းပဲလည်း ရပ်တည်လို့ မဖြစ်ဘူး။ ကျမတို့ ပြည်ထောင်စု
တည်တံ့ခိုင်မြဲရေးဆိုတာ အားလုံးကနေ တစည်းတရုံးတည်းနေမှ ဖြစ်မ
ဆိုတာ ကျမ ယုံကြည်တယ်။ စဉ်းစဉ်းစားစားနဲ့လုပ်မယ့်သူတွေ အားလုံးလည
ယုံကြည်မယ်လို့ ကျမ ထင်ပါတယ်။

ကျမတို့တွေဟာ ပြည်ထောင်စုအကျိုးကို မျှော်ကိုးသွားမယ်ဆို
တယောက်နဲ့တယောက်ကို ကူညီပြီးတော့ တယောက်နဲ့တယောက် ညှာ
တာတာနဲ့ ပေါင်းသင်းသွားမယ်ဆိုလို့ရှိရင် တနေ့ထက်တနေ့ ပိုပြီး
တိုးတက်စရာ အကြောင်းရှိပါတယ်။ အခု ဒီမိုကရေစီလှုပ်ရှားမှုကြီး ပေါ်ပေ
လာတဲ့ အခါကျတော့ ညီညွတ်ရေးဟာ ဘယ်လောက် အရေးကြီးသလဲဆို
အားလုံးဟာ ပိုပြီးတော့နားလည်လာကြတယ်လို့ ကျမထင်ပါတယ်။ ရန်ကုန်
ဖြစ်တဲ့ အရေးအခင်း၊ မော်လမြိုင်မှာဖြစ်တဲ့ အရေးအခင်း၊ တောင်ကြီးမှာဖြစ်
အရေးအခင်း၊ မန္တလေးမှာဖြစ်တဲ့ အရေးအခင်း၊ ရခိုင်ပြည်နယ်မှာဖြစ်တဲ့ အ
အခင်း စသဖြင့်၊ ကချင်ပြည်နယ်ထိလည်း ရောက်သွားတယ်၊ ချင်းပြည်န
အထိလည်း ရောက်သွားတယ်၊ ကယားပြည်နယ်အထိလည်း ရောက်သွားတ
ဒီမိုကရေစီလှုပ်ရှားမှုကြီးဟာ ပြည်ထောင်စုကြီးတဝှမ်းလုံး အနှံ့အပြား ပြန့်သ



ပါတယ်။ ဒီလို အနှံ့အပြားပြန့်သွားတာဟာ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲဆိုရင် ပြည်ထောင်စုထဲမှာရှိတဲ့ သူတွေအားလုံးဟာ လူ့အခွင့်အရေးများကို လိုချင် တယ်။ လူရယ်လို့ဖြစ်လာမှ လူ့အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ခံစားချင် တာပဲ။ ဒါကိုကြည့်ခြင်းအားဖြင့် ကျမတို့ဟာ ဗမာပဲဖြစ်ဖြစ်၊ မွန်ပဲဖြစ်ဖြစ်၊ ရှမ်းပဲဖြစ်ဖြစ်၊ ကရင်ပဲဖြစ်ဖြစ် အားလုံးဟာ လူ့အခွင့်အရေးကို ပြည့်ပြည့်ဝဝ ခံစားချင်တဲ့ လူသားတွေသာဖြစ်ကြတယ်။ ဒီမိုကရေစီရပြီးသွားလို့ ပြည်ထောင် စုကြီး ဆက်လက်တည်တံ့ခိုင်မြဲသွားဖို့ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အပေါ်မှာ တည်တယ်ဆိုတာ လူတိုင်းသိပါတယ်။ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးရှိမှ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနိုင်တယ်ဆိုတာကို လက်မခံ လို့ရှိရင် ပြည်ထောင်စုအတွက် ဘာမှမျှော်လင့်စရာ အကြောင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ မွန်၊ ဗမာ၊ ကရင်၊ ကချင်၊ ချင်း၊ ရှမ်း စသဖြင့် စိတ်ထဲမှာ ခွဲခြားပြီးတော့မတွေးပဲနဲ့ ငါတို့အားလုံးဟာ ပြည်ထောင်စု တိုင်းရင်းသားများ ဖြစ်တယ်ဆိုပြီးတော့ စိတ်ထဲမှာထားပြီးတော့ တူတူ လုပ်သွားစေချင်တယ်။

ဒီမိုကရေစီနိုင်ငံ ဖြစ်လာလို့ရှိရင် ကျမ စိတ်ထဲမှာရှိတဲ့ ရည်ရွယ်ချက် ပေါ့လေ။ ကျမတို့အဖွဲ့ချုပ်ရဲ့ မူဝါဒသဘောထားထဲမှာလည်း ပါပါတယ်။ ဒီလို ဒီမိုကရေစီနိုင်ငံတခု ဖြစ်သွားတယ်ဆိုလို့ရှိရင် ဒီတိုင်းရင်းသား လူမျိုး များအားလုံးရဲ့ အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ပေးချင်တယ်။ တိုင်းရင်းသား လူမျိုးများရဲ့ ဘာသာရေး၊ ယဉ်ကျေးမှု စသည်ဖြင့် ကျမတို့ အားပေးချင် တယ်။ ဘာဖြစ်လို့လဲဆိုတော့ အများအတွေးအခေါ်၊ အများယဉ်ကျေးမှုတွေနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံကြီးဟာ ဘယ်သူတွေရဲ့ အတွေးအခေါ်နဲ့၊ ဘယ်သူ တွေရဲ့ ယဉ်ကျေးမှုနဲ့ တည်ဆောက်ခဲ့တဲ့ နိုင်ငံကြီးထက် အများကြီး ခိုင်ခံ့ လာပေမယ်၊ အများကြီးလည်း တိုးတက်နိုင်မယ်၊ အများကြီးလည်း ကျမတို့ အတွက် အဖိုးတန်နိုင်မယ်လို့ ယုံကြည်ပါတယ်။

# ပေါင်မြို့

*...အောင်နိုင်၊ သရက်တော၊ ဒေးပုလိမ်း၊ ယင်းငြိမ်၊ ရွာတမ်းရှည်၊ ကျူးဘ၊ ကတွန်၊ ...ကျိုက်၊ ပန်းကုန်း၊ ဖလပ်၊ အုတ္တုံတား၊ စွယ်တော် စသည့် ကျေးရွာများမှ ...လုံးရွာကြိုဆိုကြသည့် တိုင်းရင်းသားပြည်သူများကိုလည်း ဒေါ်အောင်ဆန်းစုကြည် ...အဖွဲ့က နှုတ်ဆက်ပါသည်။ မွန်းလွဲချိန်တွင် ပေါင်မြို့ပေါင်းရပ်ကွက်ရှိ အမျိုးသား ...မိုကရေစီအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိပါသည်။ ထိုနေ့ ပေါင်မြို့၊ အဖွဲ့ချုပ်ရုံးတွင် ...ရေး၌ ပြည်သူလူထု၏အခန်းကဏ္ဍနှင့် ပက်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က ...ကဲ့သို့ ပြောကြားပါသည်။*

ကျမ နည်းနည်းသတိပေးချင်တာကတော့ နိုင်ငံရေးလုပ်ရာမှာ နိုင်ငံရေး လုပ်စားတယ်ဆိုတာ မကောင်းပါဘူး။ နိုင်ငံရေးပါတီထဲမှာ နိုင်ငံရေး လုပ်စား ချင်တဲ့သူတွေလည်း ပါလာပါတယ်။ အရင်တုန်းက နိုင်ငံရေးသမားပေါင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

တွေလည်း ပါလာပါတယ်။ အဲ့ဒီတော့ ဒီ နိုင်ငံရေးသမားဟောင်းကြီးတွေဟာ လူမျိုးရေးအတွက် တကယ်ပဲ လုပ်နေတာလား၊ နိုင်ငံရေး လုပ်စားနေတာလား ဆိုတာ ပြည်သူလူထုက ဝေဖန်ရမှာ။ ပြည်သူလူထုက သုံးသပ်ရမှာ။ ကျမ ပါတီအချင်းချင်း လက်ညှိုးထိုးတာတော့ မကောင်းပါဘူး။ ပြည်သူလူထုမှာ တာဝန်အများကြီး ရှိပါတယ်။ ပါတီတွေကို သေသေချာချာကြည့်ပါ။ ပါ ခေါင်းဆောင်တွေကို သေသေချာချာ လေ့လာပါ။ အရင်တုန်းက နာမည်ရှိခဲ့တ ရှိတာပဲ။ အခုဘာလုပ်နိုင်လဲ။ အခုလုပ်တဲ့အထဲမှာ ဘယ်လောက် ထိ ရောက်ရောက်လုပ်နိုင်လဲ။ အရင်လုပ်တုန်းကရော လုပ်ပုံကိုင်ပုံက ဘယ်လိုပြ ခဲ့သလဲ။ ဘယ်လိုမှန်ကန်ခဲ့သလဲဆိုတာတွေကို စဉ်းစားစေချင်ပါတယ်။ တခ က ခု ဒီမှာ တမျိုးပြော၊ ဟိုမှာတမျိုးပြော၊ ဒီမှာ ဒီဟာလုပ်မယ်ပြော၊ ခုပဲဒီ ဟိုဟာလုပ်မယ်ပြော၊ စိတ်တွေက ပြောင်းလိုက်၊ အပြောတွေက ပြောင်းလိုက ဒါတွေကို သူတို့က ဒါကတော့ နိုင်ငံရေးပဲလို့ ပြောတယ်။ ကျမကတော ဒါနိုင်ငံရေးပဲလို့ နားမလည်ဘူး။ ဒါ ကလိမ်ကကျစ် လုပ်တာပဲလို့ နားလည တယ်။ ဒီလိုနိုင်ငံရေးတွေကို ကျမတို့ လက်ခံလို့မဖြစ်ဘူး။ နိုင်ငံရေး လုပ်တ ဆိုတာ အမျိုးသားရေးလုပ်တာ။ အမျိုးသားရေးလုပ်တယ်ဆိုတာ ပြည်ထောင် ကြီး ကောင်းဖို့အတွက်လုပ်တာ။ တခုခု ကောင်းဖို့အတွက်ဆိုတာ မှန်ေ လမ်းနဲ့လုပ်မှ အကောင်းရှာနိုင်မှာပေါ့။ မှားတဲ့လမ်းနဲ့ ဘယ်လိုလုပ် အကော ရှာနိုင်မှာလဲ။ အဲ့ဒီတော့ ဒီလို ကလိမ်ကကျစ်လုပ်ပြီးမှ ပြည်သူလူထု အက လုပ်နိုင်ပါတယ်ဆိုတဲ့ လူတွေကတော့ မှန်မှန်ကန်ကန်လုပ်နိုင်တဲ့ အရည်အချ မရှိလို့ပဲ။ ဒီလိုလူတွေကို လက်မခံပါနဲ့။

နိုင်ငံရေး ပရိယာယ်၊ နိုင်ငံရေး ပရိယာယ်ဆိုပြီး ပြောတဲ့ဟာလေးေ ရှိတယ်။ နိုင်ငံရေးပရိယာယ်ဆိုတာ တကယ် သေသေချာချာ ပြန်ကြည့်လို တော့ ကလိမ်ကကျစ် လုပ်တာချည်းပဲ။ ဒီနိုင်ငံရေး ပရိယာယ်ဆိုတာလည အထင်မကြီးပါနဲ့။ ပရိယာယ်ဆိုတဲ့ စကားလုံးကို ကျမ မကြိုက်ဘူး။ မှန်မှ ကန်ကန် လုပ်နိုင်ရမယ်။ မှန်တာကိုလုပ်တယ်ဆိုရင် ဘာကိုမဆို ရင်ဆိုင်ရ မယ်။ ဘယ်လိုပြဿနာကိုမဆို ရင်ဆိုင်ရဲရမယ်။ ကိုယ့်ကို ထိပါးလာရင်လည ခံနိုင်ရည်ရှိရမယ်။ မှန်မှန်ကန်ကန်ပဲ လုပ်ပါ။ နိုင်ငံရေးဆိုတာဟာ တက တော့ အများအကျိုးအတွက် လုပ်တဲ့ကိစ္စပဲ။ အများအကျိုးအတွက် လုပ် ကိစ္စဆိုတာ လူတိုင်းက နားလည်နိုင်ရမယ်။ လူတိုင်းလူတိုင်းဟာ မိုးပေါ် ကျလာတာ မဟုတ်ဘူး။ မိသားစုတွေက ပေါက်ဖွားလာတာပဲ။ လူတွေ မွေးကတည်းက ဗီဇလေးတွေ ပါလာတယ်။ တချို့ကလေးတွေဆိုရင် သူ မုန့်ပေးတယ်ဆိုရင် သူတယောက်တည်း တိတ်တိတ်ကလေး ကုတ် စားတယ်။ တချို့ကလေးတွေကတော့ သူ့ရှိတဲ့မုန့်ကလေးကိုဖဲ့ပြီး သူများ ပေးတယ်။ အဲ့ဒီတော့ ဗီဇပါလာတယ်ဆိုတာကို ကိုယ့်အိမ်က အိမ်သားထဲ ကိုကြည့်ရင် သိနိုင်တယ်။ ဘယ်သူကတော့ အများအကျိုးအတွက် စဉ်း တယ်၊ ဘယ်သူကတော့ ကိုယ်ကျိုးအတွက်သာ ရှာတယ်ဆိုတာ ငယ် လေးကတည်းက ဗီဇက ပါလာတယ်။ ပါလာပေမယ့် မိဘများ ကိုယ့်သားသမီးများကို တိုးတက်စေချင်တယ်ဆိုရင် ချောင်ထဲမှာသွာ



သူ့ရှိတဲ့မုန့်ကို တယောက်တည်း စားတတ်တဲ့ကလေးကို "မင်းဒီလိုပဲ လုပ်လို့ ရှိရင် တခြားလူ မုန့်ရရင်လည်း မင်းကိုပေးမှာ မဟုတ်ဘူး၊ သားတယောက်ထဲ သားမုန့်ကို တယောက်ထဲ ကုတ်ပြီးစား၊ သားအကိုတွေ၊ သားညီတွေ မုန့်ရ လာရင် သားကို ဝေပြီးစားမှာမဟုတ်ဘူး" ဆိုပြီးတော့ ငယ်ငယ်ကတည်းက အများအကျိုး ဆောင်တတ်အောင် သင်ပေးရမှာပေါ့။ လူကြီးဖြစ်လာတော့ နိုင်ငံရေးနယ်ပယ်ထဲ ရောက်လာတော့လည်း ဒီအတိုင်းပဲ။ တချို့က ကိုယ်ကျိုး ကို ကုတ်ပြီးရှာချင်တယ်။ အဲ့ဒါဟာ အများအကျိုးဆောင်မှ ကိုယ့်အကျိုး ဆောင်နိုင်တယ်ဆိုတာကို နားမလည်လို့ လုပ်တာပဲ။ အဲ့ဒါကို အားလုံး နားလည်အောင် ကျမတို့က ပြောပြရမယ်။

အခုဆိုရင် ကျမတို့နဲ့ တပါတီစနစ်လိုချင်တဲ့သူတွေနဲ့ ဘယ်လို ကွာခြားလဲ။ တကယ့် အရေးအကြီးဆုံး ကွာခြားချက်ကြီးကတော့ ဒီလိုပါ။ ဒီမိုကရေစီစနစ်ကြီး အောင်မြင်တယ်ဆိုရင် တပါတီစနစ်ကို ထောက်ခံခဲ့တဲ့ သူများပင်လျှင် လူ့အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ခံစားရစေမယ်။ တပါတီ စနစ်က အောင်မြင်သွားရင်တော့ ကျမတို့ ဒီမိုကရေစီဖက်က လူတွေတော့ ကောင်းကောင်းနာမှာပဲ။ အဲ့ဒါတော့ လူတိုင်းသိပြီးသားပဲ။ ဒီဟာကတော့ ကွာခြားချက်ကြီးပဲ။ အဲ့ဒါကို အများနားလည်အောင် ရှင်းပြရမယ်။ ဒီမိုကရေစီ စနစ် အောင်မြင်တယ်ဆိုတာ တပါတီစနစ်ကို ထောက်ခံခဲ့တဲ့သူတွေကို ကောင်းကောင်းကြီး ဖိနှိပ်မှာမဟုတ်ဘူး။ နှိမ်နင်းမှာ မဟုတ်ဘူး။ နှိပ်စက်မှာ မဟုတ်ဘူး။ လူတိုင်း လူတိုင်း လူ့အခွင့်အရေး ရအောင်လို့ လုပ်ပေးမှာ။ နောက် တိုင်းပြည်ကောင်းကျိုးအတွက်ဆိုရင် ခုကနေစပြီးတော့ ကျမတို့ လက်ခံမယ့်ခေါင်းဆောင်များဟာ စကားတည်ရမယ်။ စကားမှန်ရမယ်။ အများ သဘောကိုလိုက်နာရမယ်။ အဲ့ဒီလိုခေါင်းဆောင်မျိုးသာ ကျမတို့လိုချင်ပါတယ်။

*ရပ်ကွက်ငြိမ်ပိ (ရဝတ) များ၏ နှောင့်ယှက်မှုနှင့်ပတ်သက်ပြီး မွန်ပြည်နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးတရုံး၌ ၁၄-၁၂-၈၈တွင် ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးချက်မှ ဖော်ပြပါသည်။*

ကျမ ဘာစိုးရိမ်သလဲဆိုတော့ တချို့တွေက ငြိမ်ပိတွေဘာတွေက ကြောက်တော့ လုပ်ရမှာကို ကြောက်နေတယ်။ အဲ့ဒီလို သိပ်ကြောက်နေလို့ မဖြစ်ဘူး။ ကျမတို့ ဥပဒေဘောင်အတွင်းက လုပ်တာပဲ။ ကိုယ်က ရှိထားတဲ့ အခွင့်အရေးကို သုံးရမယ်။ ရပ်ကွက်တို့၊ မြို့နယ်တို့၊ ငြိမ်ပိတို့က မလုပ်ရဘူး ပြောလို့ရှိရင် တကယ်ဆို သူတို့က နိုင်ငံတော်ငြိမ်ပိရဲ့အမိန့်ကို ဖီဆန်တာနဲ့ အတူတူပဲ။ ရပ်ကွက်အဖွဲ့ချုပ်ရုံးက မြို့နယ်အဖွဲ့ချုပ်ရုံးကို အသိပေး၊ အဲ့ဒီလို ရပ်ကွက်အဖွဲ့ချုပ်ရုံးက အသိပေးလိုက်တာကို မြို့နယ်အဖွဲ့ချုပ်ရုံးက ဗဟိုကို အသိပေးလိုက်လို့ရှိရင် ဗဟိုငြိမ်ပိကို ကျမတို့ ကန့်ကွက်နိုင်ပါမယ်။ အထူး သဖြင့် ကိုယ့်မှာရှိပြီးသားအခွင့်အရေးကို လက်မလွှတ်ပါနဲ့။ နောက်ထပ်ပြီး တော့ ကိုယ်ရသင့်ရထိုက်တဲ့ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးတွေ ရအောင်လို့ ကျမတို့ ဆက်ပြီး ကြိုးစားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



*မွန်းလွဲပိုင်းတွင် ကျိုက်ပေါင်းဆံတော်ရှင်ဘုရားကြီးသို့ ရောက်ရှိခဲ့ပြီး ဒေါ်အောင်ဆ*
*စုကြည်နှင့်အဖွဲ့အား စောင့်ဆိုင်းကြိုဆိုနေကြသည့် ပြည်သူလူထုအား ကျေးဇူးတ*
*ကြောင်း၊ ပြည်သူလူထုကိုအားကိုး၍ တိုက်ပွဲဝင်နေရသောကြောင့် နောင်တွင်လည်*
*ယခုကဲ့သို့ ဆက်လက်အားကိုးလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြ*
*ပါသည်။ ထိုမှတဆင့် မုဒုံမြို့သို့ ညနေ ၄ နာရီခန့်တွင် ရောက်ရှိသည်။*

* * *

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မွန်ပြည်နယ်စည်းရုံးရေးခရီး ဒုတိယမြောက်*
*ဖြစ်သည့် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် မော်လမြိုင် တောင်လေးလုံး ကျောင်းတိုက်*
*အာရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ကျိုက်မရောမြို့သို့ ထွက်ခွာရာတွင် လ*
*တလျှောက်ရှိကျေးရွာများမှ ပြည်သူလူထုက လှိုက်လှဲစွာ ကြိုဆိုထောက်ခံကြပါသ*
*ကျိုက်မရောမှအပြန် မော်လမြိုင်မြို့ မုဒ္ဒလေးရပ်နှင့် ရွှေတောင်ရပ်များရှိ အမျိုးသ*
*ဒီမိုကရေစီ အဖွဲ့ချုပ် ဆိုင်းဘုတ်ဖွင့်ပွဲများကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တ*
*ကက်ရောက် ဖွင့်လှစ်ပေးပါသည်။ ထို့နောက် စစ်ကဲကုန်းရပ်နှင့် ပန်းပဲတန်း*
*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၊ လူ့ဘောင်သ*
*ဒီမိုကရက်တစ်ပါတီရုံး၊ အမျိုးသားငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီပါတီရုံး၊ ဒီမိုကရက်တ*
*တက္ကသိုလ်နှင့်ဘွဲ့ရကျောင်းသားဟောင်းများအဖွဲ့ရုံး၊ ဗမာနိုင်ငံလုံးဆိုင်ရာ မဟာ*
*လူငယ်များအစည်းအရုံးနှင့် ပြည်သူ့ဒီမိုကရေစီပါတီရုံးများသို့ သွားရောက်နှုတ်ဆ*
*ဆွေးနွေးပါသည်။*

## မော်လမြိုင်မြို့

*အဖွဲ့ချုပ်ရေးရာနှင့်ပတ်သက်ပြီး စစ်ကဲကုန်းရပ် အမျိုးသားဒီမိုကရေစီအဖွဲ့*
*အဖွဲ့ဝင်များနှင့် ဆွေးနွေးချက်မှ ဖော်ပြပါသည်။*

ဒီကိစ္စနဲ့ပတ်သက်လို့ လုံးလုံး စိတ်ဓါတ်မကျပါနဲ့။ နောင်လည်း
ဥက္ကဋ္ဌမျိုး ကျမတို့အဖွဲ့ချုပ်မှာ မရှိရအောင်၊ မပေါ်လာရအောင် အား
ကူညီကြပါ။ ဒီလို အားလုံးကူညီကြပါလို့ ကျမ ဘာဖြစ်လို့ပြောလဲဆို
ကျမတို့အဖွဲ့ချုပ်ဟာ ဒီမိုကရေစီနည်းကျကျဖွဲ့ထားတဲ့ အဖွဲ့ချုပ်ပါ။ အခု
နေရာတော်တော်များများမှာ ရပ်ကွက်ညီလာခံတွေ စတော့မယ်။ ဒီရပ်က
ညီလာခံတွေမှာ ဆိုလို့ရှိရင် ကိုယ်စားလှယ်တွေ ရွေးထုတ်ရမယ်။ အဲ့ဒီ
ရပ်ကွက်ကိုယ်စားလှယ်တွေ ရွေးထုတ်တဲ့အဆင့်ကစပြီးတော့ ဒီမိုက
လုပ်နည်းလုပ်ထုံးကို လေးစားမယ့်သူများကိုသာ ရွေးချယ်ပါ။

*ပန်းပဲတန်းရပ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ဆွေးနွေးချက်များမှကောက်နှုတ်သ*

နိုင်ငံရေးပါတီတွေကိုပဲ အားမကိုးပါနဲ့။ ကိုယ့်ကိုကိုယ် အားကိုး
ပါ။ နိုင်ငံရေးပါတီတွေကို အားကိုးလို့ရှိရင် စစ်မှန်တဲ့ဒီမိုကရေစီ မဖြစ်နိုင်

ကျမတို့ တဦးချင်းရပ်တည်လို့ ဘယ်လိုမှမဖြစ်ဘူး။ ဗမာချည်းပဲလည်း
ရပ်တည်လို့မဖြစ်ဘူး။ မွန်ချည်းပဲလည်း ရပ်တည်လို့ မဖြစ်ဘူး။
ရှမ်းချည်းပဲလည်း ရပ်တည်လို့ မဖြစ်ဘူး။ ကျမတို့ ပြည်ထောင်စုကြီး
တည်တံ့ခိုင်မြဲရေးဆိုတာ အားလုံးကနေ တစည်းတရုံးတည်းနေမှ
ဖြစ်မယ်ဆိုတာ ကျမ ယုံကြည်တယ်။

* * *

တိုင်းပြည်ကိုအုပ်ချုပ်တဲ့ ခေါင်းဆောင်များဟာ ပြည်သူလူထု
ထောက်ခံမှု အင်အားနဲ့ပဲ အုပ်ချုပ်တာဖြစ်ရမယ်။
လက်နက်အင်အားနဲ့ အုပ်ချုပ်တာ မဖြစ်ရဘူး။

* * *

တိုင်းပြည်မှာ လွတ်လပ်မှု ပိုပြီးတော့ရချင်ရင်၊ လူ့အခွင့်အရေးများ
ပြည့်ပြည့်စုံစုံ ခံစားချင်လို့ရှိရင် လူတိုင်းလူတိုင်းဟာ နိုင်ငံရေးကို ဝါသနာ
ပါရမယ်။ နိုင်ငံရေးကို လုပ်ရဲရမယ်၊ လုပ်ချင်ရမယ်။

* * *

လူ့အခွင့်အရေးဆိုတာ လူတိုင်းလူတိုင်း ပိုင်ဆိုင်ခွင့်ရှိတယ်။ ကိုယ်တင်
မဟုတ်ဘူး။ ကိုယ့်ရန်သူများပင်လျှင် လူ့အခွင့်အရေးရှိရမယ်။ အဲ့ဒီတော့ တနေ့
ကျမတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီး အောင်မြင်သွားတဲ့အခါကျရင်
ရှုံးတဲ့သူတွေဟာ သူတို့အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝ ခံစားနိုင်ရမယ်။
ဒါဟာ ကျမတို့ရဲ့ ဒီမိုကရေစီတာဝန်ဖြစ်တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

တကိုယ်ကောင်း မကြံကြပါနဲ့။ အများအတွက် လုပ်ကြပါ။
အများအကျိုးဆောင်တဲ့လူများဟာ လူသာသေသွားမယ်။
ဘယ်တော့မှ နာမည် မသေဘူး။

* * *

နိုင်ငံရေးအရ မတိုးတက်တဲ့ တိုင်းပြည်ဟာ စီးပွားရေးအရလည်း မတိုးတက်နိုင်ပါဘူး။ နိုင်ငံရေးရော၊ စီးပွားရေးရော မတိုးတက်တဲ့တိုင်းပြည် အင်မတန်မှ ဆင်းရဲနွမ်းပါးပြီး ဒုက္ခများတဲ့တိုင်းပြည် ဖြစ်သွားမှာပဲ။ အ… ကျမတို့တိုင်းပြည်လည်း ဒီအတိုင်းပဲ ဖြစ်ခဲ့ပါပြီ။ အဲ့ဒီတော့ နိုင်ငံရေးအ… စပြီးတည်ထောင်ပြီးမှ စီးပွားရေးအရ ပြန်ပြီးတည်ထောင်ရမှာ ဖြစ်ပါတယ်…

* * *

ကျမတို့အနေနဲ့ အားလုံးလိုချင်တဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက်ကို သစ္စာရှိရှိနဲ့ ထမ်းဆောင်သွားမယ်ဆိုတာကိုလည်… ကတိပြုချင်ပါတယ်။ ကျမအနေနဲ့ ဒီမိုကရေစီမရမချင်း အသက်ထက်ဆ… ကြိုးပမ်းသွားမယ်လို့ ပြည်သူလူထုကို ကတိပြုသွားပါတယ်။

* * *



…စ်ပုန်တဲ့ ဒီမိုကရေစီမှာ နိုင်ငံရေးပါတီများဟာ ပြည်သူလူထုကို အားကိုးရတာ၊ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ရှာရတာပါ။ အဲ့ဒီတော့ ပြည်သူလူထုတွေက နိုင်ငံရေး အသိအမြင်ရှိအောင်လို့ ကိုယ့်ကိုကိုယ် ပြုပြင်ကြပါ။ နိုင်ငံရေး အသိအမြင်များနဲ့ ကိုယ့်တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးလုပ်မယ့် အဖွဲ့ဝင်များ၊ အဖွဲ့များ၊ ခေါင်းဆောင်များကို ရွေးထုတ်ကြပါ။ ဒါဟာ တာဝန် အများကြီးရှိပါတယ်။ ဒီတာဝန်ကို ကိုယ်ကနေ ကျေကျေပွန်ပွန် ထမ်းဆောင် နိုင်မှ နောင် ဒီမိုကရေစီဟာ တည်မြဲနိုင်မှာပါ။

*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်စုဆောင်းရေးဌာန၊ စက်ကုန်းရပ်နှင့် ၆ မိုင် ကျေးရွာများတွင် ဒီမိုကရေစီ၏အနှစ်သာရကို နားလည်ရန်နှင့် သတ္တိရှိကြရန်အတွက် လူထုအား ယခုကဲ့သို့ ပြောကြားပါသည်။*

အခွင့်အရေးတွေကို သတ္တိရှိရှိနဲ့ ကာကွယ်ကြပါ။ ကိုယ့်ရဲ့တာဝန်တွေ ကိုလည်း ဖွဲ့နဲ့ ထမ်းဆောင်ကြပါလို့ ကျမ ပြောချင်ပါတယ်။

ကျမတို့ အဖွဲ့ချုပ်ဝင်တွေကို ကျမတို့ အမြဲပြောပါတယ်။ လူထုဟာ ဒီမိုကရေစီရဲ့အနှစ်သာရကို နားလည်ရမယ်။ လိုလားရမယ်။ သဘောထားတွေ ကို ထောက်ခံရမယ်။ ဒီလိုအခြေအနေဖြစ်လာမှ ကျမတို့ရဲ့တိုင်းပြည်မှာ ဒီမိုကရေစီ တည်တံ့ခိုင်မြဲနိုင်မယ်။ အရင်တုန်းကလည်း ကျမတို့မှာ ဒီမိုကရေစီ ရှိခဲ့တယ်။ ဘာဖြစ်လို့ ဒီမိုကရေစီဟာ မတည်မြဲခဲ့သလဲ။ ကျမ ပြန်ပြီးတော့ စဉ်းစားကြည့်တယ်။ အရင်တုန်းက နိုင်ငံရေးသမားများဟာ ဒီမိုကရေစီအတွက် မလုပ်ပဲနဲ့ ကိုယ့်အတွက်ကိုယ် လုပ်ခဲ့ကြတယ်။ ကိုယ့်ပါတီအတွက် ကိုယ် လုပ်ခဲ့ကြတယ်။ ဒီမိုကရေစီရဲ့သဘောထားတွေကို ပြည်သူလူထု အများစုကြီး ဖြစ်တဲ့ ကျေးလက်တောရွာပြည်သူလူထု နားလည်လက်ခံနိုင်အောင်လို့ မလုပ်ခဲ့ ကြဘူး။ အဲ့ဒီလို ကျေးလက်တောရွာ ပြည်သူလူထုနဲ့ နီးနီးကပ်ကပ် မနေခဲ့ရလို့ ကျမတို့ရဲ့ ဒီမိုကရေစီဟာ မတည်တံ့ခဲ့ဘူး။

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မွန်းလွဲ ၁း၀၀နာရီ၌ မွန်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးသို့ရောက်ရှိပြီး မွန်အမျိုးသားများနှင့် ဒီမိုကရေစီရေးရာများကို ဆွေးနွေး သည်။ မွန်းလွဲ ၂း၀၀နာရီတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံးသို့ ရောက်ရှိ သည်။ မော်လမြိုင်မြို့၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၌ လူငယ်များနှင့် လွန်စွာ အကျုံးဝင်သည့် ကဗျာတပုဒ်နှင့်ယှဉ်ပြီးဆွေးနွေးရာ ၎င်းမှကောက်နုတ်ဖော်ပြပါသည်။*

ကျမငယ်ငယ်တုန်းကသင်ခဲ့ရတဲ့ ကဗျာလေးတပုဒ်ရှိပါတယ်။ ဒီကဗျာ ကတော့ အင်္ဂလိပ်ဘာသာက ပြန်ထားတဲ့ကဗျာပဲ။ လူငယ်များနဲ့လည်း အင်မတန်မှ စပ်ဟပ်တယ်လို့ ကျမ ထင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီကဗျာ စာသားအရ ကျောင်းသားများကို မှာချင်ပါတယ်။ ဒီကဗျာက ဘယ်လိုလဲ ဆိုတော့-----

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်ုပ်ကို ယုံသောသူများကြောင့် ဖြောင့်မတ်မည်။
ဂရုစိုက်သောသူများကြောင့် သန့်ရှင်းမည်။
ဆောင်ရွက်ရန်များသောကြောင့် ခွန်အားနှင့်ပြည့်မည်။
ပင်ပန်းခံရ များသောကြောင့် ရဲရင့်မည်။
မိတ်ဆွေမဲ့သူနှင့် ရန်သူကို မိတ်ဖွဲ့မည်။
ပေးကမ်းကြောင်းမေ့လျက် ခွန့်ကြဲပေးကမ်းမည်။
ခွန်အားနည်းကြောင်းသိလျက် စိတ်နှိမ့်ချမည်။
ရွှင်လန်းချစ်ခင်မော်ကြည့်လျက် ထူးပင့်မည်' တဲ့။

ပြောတဲ့ကိစ္စအားလုံးဟာ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် ဖြ
မယ်။ ဒီလိုလုပ်မှပဲ ကိုယ့်အပေါ်မှာ ယုံကြည်တဲ့သူတွေရဲ့ ယုံကြည်ချက်ပ
မပျက်သွားဘူး။

*ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ လာရောက်ဆိုကြိုနေကြသည့် ပြည်သူလူထုအ
မော်လမြိုင်မြို့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံးပေါ်မှယခုကဲ့သို့နှုတ်ခွန်းဆက်သည*

ဒီလို ကျမတို့ကို လာပြီးကြိုဆိုတာ အများကြီး ကျေးဇူးတင်ပါတယ
ကျမတို့ လူထုနဲ့တွေ့ဆုံရတယ်ဆိုရင် အမြဲပဲ ဝမ်းသာတယ်။ ဒါ့ကြောင့်မို့
လူထုနဲ့ မတွေ့ဆုံချင်တဲ့ အစိုးရများကို ကျမတို့ နားမလည်နိုင်ဘူး။ လူထု
အားမကိုးတာဟာ အင်မတန်မှ ညာဏ်နဲ့တဲ့ အစိုးရပဲလို့ ကျမထင်တယ်။ ဒီ
ပြည်သူလူထုကိုအားကိုးမှ ကျမတို့ တိုးတက်နိုင်မှာပေါ့။ ကျမ ပြည်သူလူထု
အတန်တန် မှာချင်တာကတော့ ညီညွတ်ကြပါ။ ညီညွတ်ကြပါ။ ရွှဲသတ္တိ
ကိုယ်လိုချင်တာကို ရအောင်ယူကြပါ။ ဒီမိုကရေစီရမလား၊ ရမလားလို့ မေး
မယ့်အစား ရတဲ့အထိ အားလုံးဝိုင်းပြီးတော့ ကူညီမယ်ဆိုတဲ့ ရွှဲနဲ့ ကျမတို့
ကူညီကြပါ။ ကျမတို့အနေနဲ့လည်း ပြည်သူလူထုအနောက်က နေပြီးတ
ထောက်ပံ့နိုင်တဲ့အခါကျရင်၊ ထောက်ခံသင့်တဲ့နေရာမှာ ထောက်ခံပေးမယ်၊ ပံ့
ပေးမယ်။ အရှေ့ကနေပြီးတော့ ကာကွယ်သင့်တဲ့နေရာမှာ အရှေ့ကနေပြီးတေ
ကာကွယ်ပေးပါ့မယ်။ ပြည်သူလူထု အင်အားမရှိပဲနဲ့တော့ ကျမတို့ ဘယ်လ
မအောင်မြင်နိုင်ပါဘူး။ အဲ့ဒီတော့ ကျမတို့ အဖွဲ့ချုပ်ရဲ့လုပ်ငန်း၊ ဒီမိုကရေ
လှုပ်ရှားမှုကြီးကို အောင်မြင်စေချင်တယ်ဆိုလို့ရှိရင် ပြည်သူလူထု အားလုံးက
ပြီးတော့ ထောက်ခံကြပါ။ အားပေးကြပါ။ ကျမတို့က အားကိုးနေရ
သူတွေပါလို့။

*လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီရုံးမှ ညနေ ၃း၀၀ နာရီတွင် ပြန်လ
ထွက်ခွာကြပြီး မန္တလေးရပ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှုံး ဆိုင်းဘုတ်တင်ပွဲ*



*ရောက်သည်။ ယခင်က ပိတ်စဖြင့် ပြုလုပ်ထားသည့် မန္တလေးရပ် ဆိုင်းဘုတ်သည်
ဆီးခံခဲ့ရသဖြင့် သွပ်ဆိုင်းဘုတ် အသစ်တခုပြုလုပ်ကာ ဒေါ်အောင်ဆန်းစုကြည်
ရောက်ရှိနေချိန်၌ ဆိုင်းဘုတ်အသစ်တင်ပွဲ ထပ်မံကျင်းပခြင်းဖြစ်သည်။ ထိုအချင်းအရာ
သည် မန္တလေးရပ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၏ ခိုင်မာလှသည့်
သတ္တိကို ပြသလိုက်ခြင်းပင် ဖြစ်ပေသည်။ ညနေ ၄နာရီခန့်တွင် မော်လမြိုင်မြို့
ကောက်လမ်းမကြီးရှိ မြို့နယ်အဖွဲ့ချုပ်ရုံးသို့ ရောက်ရှိလာကြပြီး အဖွဲ့ဝင်များနှင့်
ဒီမိုကရေစီရေးရာများကို ဆွေးနွေးပါသည်။*

ဒီမိုကရေစီကိုတော့ အင်မတန်မှ ထောက်ခံစေချင်တယ်။ ဒီမိုကရေစီ
ဆိုတာ စကားလုံးပဲဖြစ်တယ်။ စကားလုံးပဲဆိုတော့ တချို့က ဒီစကားလုံးကို
ထောက်ခံရမှာ၊ စနစ်တခုကို ထောက်ခံရမှာထက် ပုဂ္ဂိုလ်တယောက်ကို
ထောက်ခံရတာ ပိုပြီး အားရတယ်ဆိုတာ ကျမလည်း နားလည်ပါတယ်။
လူတယောက်ဆိုတော့ မြင်နိုင်တယ်၊ ကြားနိုင်တယ်။ အဲ့ဒီတော့ ဒီလူကို
စာရုံထဲမှာ ဖွဲ့ထားနိုင်တယ်။ စနစ်ဆိုတော့ အထူးသဖြင့် အများပြည်သူက
စနစ်ကို နိုင်ငံရေးအသိအမြင်နဲ့ သိပ်ပြီးတော့ ဖွဲ့ဖွဲ့လန်းလန်းမရှိလို့ရှိရင် ဒီစနစ်
ကို ထောက်ခံဖို့ဆိုတာ သိပ်ပြီးတော့ လေးလေးနက်နက် မရှိချင်ကြဘူး။ ဒါပေ
မယ့် ဒီမိုကရေစီစနစ် ထောက်ခံတယ်ဆိုတာ တကယ်တော့ နောက်ဆုံး
ကျဉ်းစားလို့ရှိရင် အများကိုထောက်ခံတာလည်း ဖြစ်တယ်။ ကိုယ့်ကိုကိုယ်
ထောက်ခံတာလည်း ဖြစ်တယ်။ ဒီမိုကရေစီစနစ်အောက်မှာ အများအတွက်
အကျိုးလည်းဖြစ်မယ်။ ကိုယ့်အတွက်အကျိုးလည်းဖြစ်မယ်။ အဲ့ဒီတော့ တခြား
ပုဂ္ဂိုလ်တဦးတယောက်ကို ထောက်ခံတာထက် အများကိုထောက်ခံပြီး ကိုယ့်ကို
ကိုယ်လည်း ထောက်ခံနိုင်တဲ့ စနစ်ဆိုရင် အကောင်းဆုံးပဲပေါ့။ အဲ့ဒီတော့
ဒီမိုကရေစီစနစ်ကို ထောက်ခံဖို့ဆိုတာ အင်မတန် အရေးကြီးပါတယ်။ ဒီဟာကို
ပြည်သူလူထုအားလုံးကို နားလည်စေချင်တယ်။ ပြည်သူလူထုအားလုံး နားလည်
သဘောပေါက်သွားလျှင် ဒီစနစ်ဟာ အောင်မြင်နိုင်မှာပါ။

မွန် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရောက်တုန်းက ပရိသတ်ထဲက
တယောက်က ကျမကို ထပြီးမေးပါတယ်။ ကျမ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ
ပါဝင်နေတာဟာ ကြုံကြိုက်လို့ပါဝင်တာလား။ အစကတည်းက ရည်ရွယ်ချက်
ရှိပြီး ပါဝင်တာလားလို့ မေးခဲ့ပါတယ်။ ကျမက ပြန်ဖြေခဲ့တယ်။ ဒီအချိန်မှာ
ပါဝင်တာကတော့ ကျမ အမှန်အတိုင်းပြောရရင် ကြုံကြိုက်လို့ ပါဝင်လာတာ
ပါ။ ကျမမေမေ မမာလို့ ကျမ ဗမာပြည်ကိုရောက်လာတယ်။ ရောက်လာတဲ့
အချိန်မှာ တိုင်းပြည်အခြေအနေဟာ မကောင်းဘူးဆိုတာ ကျမ မြင်ရတယ်။
မကောင်းဘူးဆိုတာ ဗြိတိလမှာ ရောက်လာကတည်းက ကျမ မြင်ပါတယ်။
မြင်ကတည်းက တခုခုလုပ်ရမယ်လို့ ကျမ နားလည်ပါတယ်။ ဒါပေမဲ့လဲ
အချိန်အခါနဲ့ ကြုံကြိုက်လို့ ဒီလှုပ်ရှားမှုထဲမှာ ပါဝင်ခဲ့ပေမယ့် ဒီမိုကရေစီစနစ်
တိုင်းပြည်မှာ ရှိသင့်တယ်၊ အာဏာရှင်စနစ် မရှိသင့်ဘူးလို့ ကျမယုံကြည်တာ
ကြာလှပါပြီ။ ကြာလှပါပြီဆိုတာ ဟိုးအရင် ၁၉၃၈ ခုနှစ် ပထမအကြိမ်
အာဏာသိမ်းထဲက ကျမ သဘောမကျခဲ့ဘူး။ သဘောမကျရတဲ့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်းကတော့ တပ်မတော်ဟာ နိုင်ငံရေးအာဏာသိမ်းဖို့ ဖေဖေက တည်ထော
ထားတာ မဟုတ်ပါဘူး။ ဒါကြောင့် ဖေဖေကိုယ်တိုင် နိုင်ငံရေး လုပ်တဲ့အ
တပ်မတော်ထဲက ထွက်ပြီးမှ လုပ်ပါတယ်။ ဒီလို တပ်မတော် ထဲကထွက်ပြီ
နိုင်ငံရေး လုပ်ခဲ့ရတဲ့ အကြောင်းကတော့ အစဉ်အလာ ကောင်းစေချင်လို့
တိုင်းပြည်တပြည်ကို လက်နက်အားကိုးပြီးတော့ အုပ်ချုပ်တယ်ဆိုတဲ့ အစ
အလာ မဖြစ်စေချင်လို့။ တိုင်းပြည်ကို အုပ်ချုပ်တဲ့ခေါင်းဆောင်များဟာ ပြည်
လူထု ထောက်ခံမှု အင်အားနဲ့ပဲ အုပ်ချုပ်တာဖြစ်ရမယ်။ လက်နက်အင်အာ
အုပ်ချုပ်တာ မဖြစ်ရဘူးဆိုတာ ကျမကို မွေးကတည်းက သင်ထားခဲ့တဲ့၊ ကျ
သိခဲ့တဲ့ သင်ခန်းစာပါ။ ဒါကြောင့် ၁၉၅၈ ပထမအကြိမ် စစ်တပ်အာဏ
သိမ်းတုန်းကလည်း ကျမ မထောက်ခံခဲ့ဘူး။ အဲဒီတုန်းက ကျမ ငယ်ငယ်
ရှိပါသေးတယ်။ အသက် ၁၃ နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမယ့်လည်း ကျမ
အသိုင်းအဝိုင်းကလူကြီးတွေက ဒီဟာက လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စမဟုတ်ဘ
ဆိုတာသင်ထားခဲ့လို့ ကျမ အဲဒီကတည်းက နားလည်ခဲ့ပါတယ်။ နောက်တ
၁၉၆၂ ခုနှစ် တပ်မတော်က ထပ်ပြီးတော့ အာဏာသိမ်းတုန်းကလည်း ကျ
ဒီအတိုင်းပဲ မြင်ပါတယ်။

တပ်မတော်ဆိုတာ ပြည်သူလူထုရဲ့အစေခံဖြစ်ဖို့ဆိုတာ ဖေဖေ ပြော
ပါတယ်။ ပြည်သူလူထုဟာ တပ်မတော်ရဲ့ အစေခံမဖြစ်ရဘူး။ တပ်မတော်ပ
ပြည်သူလူထုရဲ့ အစေခံဖြစ်ရမယ်ဆိုပြီးတော့ ဒီလိုရည်မှန်းချက်နဲ့ တည်ထော
ခဲ့တဲ့ တပ်မတော် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်တခါ ထပ်ပြီးတေ
တပ်မတော်က အာဏာသိမ်းတဲ့အခါ ကျမ နည်းနည်းမှ မလိုလားခဲ့ပါဘ
ဒီလို မလိုလားတာဟာ ကျမဟာ တပ်မတော်အပေါ်မှာ စေတနာမရှိလို့ မဟု
ပါဘူး။ ကျမ တပ်မတော်အပေါ်မှာ အင်မတန် သံယောဇဉ်ရှိပါတယ
အင်မတန် စေတနာရှိပါတယ်။ ကျမအဖေ တည်ထောင်ခဲ့တဲ့ တပ်မတော်ပ
ဒါကြောင့်မို့လို့ ဖေဖေတည်ထောင်ခဲ့တဲ့အတိုင်း ဖြစ်စေချင်တယ်။ ဖေ
ရည်ရွယ်ချက်အတိုင်း ပြည်သူလူထုတို့ အားကိုးရာ၊ လဲလျောင်းရာ၊ ကိုးကွ
ရာ တပ်မတော်ကြီး ဖြစ်စေချင်တယ်။ ဒါနဲ့ပတ်သက်လို့ တပါတ်လော
တုန်းက မျိုးချစ်ရဲဘော်များ ဆိုင်းဘုတ်ဖွင့်ပွဲတခုမှာ ပြောခဲ့ပါတယ်။ ဟိုးအ
လက်ဝဲသုန္ဒရခေတ်တုန်းက ပြောခဲ့တဲ့ စကားတခု ရှိပါတယ်။

*စစ်နည်းဗျူဟာ ဘယ်လိုသာလည်း၊*
*စွဲကိုင်လက်နက် ဘယ်လိုထက်လည်း၊*
*ပြည်သူ့နလုံး မသိမ်းကြုံးလျှင်၊*
*ပြည်သူ့စွမ်းအား မကိုးစားလျှင်*
*ဓါးသွားလည်းကြွေ၊*
*လှံလည်းခွေအံ့ –တဲ့။*

အခိပ္ပါယ်ကတော့ တပ်မတော်တခုဟာ ဘယ်လောက်ပဲ လက်န
အင်အား ကောင်းကောင်း၊ ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိရင် ဂုဏ်သိက္ခာရှိ

တပ်မတော်တခု မဖြစ်နိုင်ဘူး။ သူတို့ရဲ့ ဓါးသွားများဟာလည်း ထက်သင့်သလောက် မထက်နိုင်ဘူး။ လှံများဟာလည်း စွမ်းသင့်သလောက် မစွမ်းနိုင်ဘူး။ တပ်မတော်ရဲ့အင်အားဟာ စွမ်းရည်ရှိဖို့ဆိုရင် ပြည်သူလူထုရဲ့ ထောက်ခံမှု လိုပါတယ်။ ကျမတို့ကလည်း ဒီလိုတပ်မတော်ကြီး ဖြစ်စေချင်ပါတယ်။ ဂုဏ်ဆိုလို့ရှိရင် ဘယ်ပဲသွားသွား ဆောင်ပုဒ်ကလေးတွေ မြင်ရတယ်။ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်တဲ့။ ကျမကလည်း မေးလိုက်ချင်ပါတယ်။ ဘယ်သူတွေက ခွဲနေလို့လဲ။ ကျမတို့ကတော့ ကွဲစေချင်တဲ့စိတ် လုံးလုံး မရှိပါဘူး။ ဒီ ပြည်သူ့တပ်မတော်ဆိုတာ စည်းစည်းလုံးလုံး၊ ခိုင်ခိုင်ခံ့ခံ့၊ ညီညီညွတ်ညွတ် ဖြစ်စေချင်တာပေါ့။ ကျမတို့က လုံးလုံး မကွဲစေချင်ပါဘူး။ ကိုယ့်လိပ်ပြာကိုယ်မလုံလို့ ပြောနေရင်တော့ မသိပါဘူး။ နိုင်ငံရေးပါတီများဟာ နိုင်ငံရေးလုပ်နေသူများဟာ တပ်မတော်ကို ကွဲစေချင်တယ်၊ တပ်မတော်ကို ထိခိုက်ချင်တယ်ဆိုတာ လုံးလုံး မဟုတ်ပါဘူး။ တကယ်တော့ ကျမတို့ဟာ အင်မတန် စေတနာသန့်သန့်နဲ့ တပ်မတော်ကို ဂုဏ်သိက္ခာရှိတဲ့ အစည်းအရုံးကြီး ဖြစ်စေချင်တယ်။ ဒီအတိုင်းပဲ ဖေဖေမွေးထုတ်ထားတဲ့ တပ်မတော်ကို ဖေဖေပုံသွင်းထားတဲ့အတိုင်း ဖြစ်စေချင်တယ်။ မှန်ကန်တဲ့ နိုင်ငံရေးစနစ်မှာ ကျမတို့လိုချင်တဲ့ခေါင်းဆောင်တွေကို ကျမတို့က ဖော်ထုတ်ရမယ်။ လိုချင်တဲ့ပုံ သွင်းရမယ်။ ကိုယ်လိုချင်တဲ့ပုံ ကိုယ်မသွင်းလို့ရှိရင် ခေါင်းဆောင်လုပ်တဲ့သူများ က တိုင်းပြည်ကို သူတို့လိုချင်တဲ့ပုံ သူတို့ သွင်းသွားလိမ့်မယ်။ အဓိပ္ပါယ်က ဘာဖြစ်မလဲဆိုတော့ အာဏာရှင်စနစ်ကြီး ဖြစ်သွားမှာပဲ။

*ဟိုနောက် အမျိုးသားငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ၊ ပြည်သူ့ ဒီမိုကရေစီပါတီ၊ မြို့တောင်ရပ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုင်းဘုတ်ဖွင့်ပွဲ၊ ဒီမိုကရက်တစ်တက္ကသိုလ်နှင့် ဘွဲ့ရကျောင်းသားဟောင်းများအဖွဲ့၊ ဗမာနိုင်ငံလုံးဆိုင်ရာ မဟာမိတ်လူငယ်များအစည်းအရုံး၊ စစ်ကဲကုန်းနှင့် ပန်းပဲတန်းရပ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများသို့လည်း သွားရောက် နှုတ်ဆက် ဟောပြောသည်။*

* * *

*မှန်ပြည်နယ်စည်းရုံးရေးခရီးစဉ် တတိယမြောက်နေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဖားအောက်၊ ကျိုက္ကမီ၊ ကျုံ့ကဒတ်၊ သံဖြူဇရပ်၊ ကမာဝက်၊ မုဒုံမြို့များ၌ ဆွေးနွေးဟောပြောပွဲများ ပြုလုပ်သည်။ အားရဝမ်းသာ စုပြုံတိုးဝှေ့ ကြိုဆိုနေကြသည့် လမ်းတလျှောက်ရှိကျေးရွာများမှ ပြည်သူလူထုကိုလည်း ရင်းရင်းနှီးနှီး နှုတ်ဆက်ပါသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မွန်လူမျိုး၏ ယဉ်ကျေးမှုအနုပညာလက်ရာများကို လေ့လာသည့်အနေနှင့် ဖားအောက်ရွာ ယိုးကိုးဘုရား၊ ကျိုက္ကမီရေလယ်ဘုရား၊ ကမာဝက်ဓါတ်တော်ကျောင်းတိုက်များသို့ ဝင်ရောက်ဖူးမျှော်ကြည်ညိုကြသည်။ ကမာဝက် ဆရာတော်ဘုရားကိုလည်း သက်န်း၊ ထီး၊ ဖိနပ် အစရှိသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။*

www.burmeseclassic.com

## ဖားအောက်ရွာ

*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်စုဆောင်းရေးရုံးခွဲ၊ ဖားအောက်ကျေးရွာအုပ် တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်ရေးနှင့်ပ တ်သက်ပြီး ပြောကြားချက် ဖော်ပြသည်။*

လူ့အခွင့်အရေးနဲ့ပြည့်စုံတဲ့ နိုင်ငံကြီးတခု ဖြစ်စေချင်တယ်ဆိုလို့ရှိ ကျမတို့အားလုံးဟာ ဒီမိုကရေစီရရှိရေးအတွက် စိတ်တူသဘောတူနဲ့ ညီ ညွတ်ညွတ်လုပ်သွားမှ ဖြစ်ပါလိမ့်မယ်။ အထူးသဖြင့် တိုင်းရင်းသား လူမျိုး များအချင်းချင်း ညီညီညွတ်ညွတ်နဲ့ စိတ်တူသဘောတူ ဖြစ်ဖို့ဟာ အရေးကြ ပါတယ်။ ဒီပြည်ထောင်စု တည်တံ့ခိုင်မြဲရေးဆိုတာ လူမျိုးစုတစုတည်းပေါ် မတည်ပါဘူး။ ကျမတို့ပြည်ထောင်စုကြီးကို တည်ထောင်ထားတဲ့ တိုင်းရင်းသ လူမျိုးတွေအားလုံးရဲ့ ညီညွတ်မှုအပေါ်မှာ မူတည်ပါတယ်။ ကျမ တိုတိုလေး မေတ္တာရပ်ခံချင်တာကတော့ အမျိုးသားလုပ်ရှားမှုကြီး အောင်မြင်ရေးအတွ ကျမတို့ဟာ တယောက်နဲ့တယောက် လူမျိုး၊ ဘာသာ၊ ဂိုဏ်းဂဏရယ် စိတ်ဝမ်းကွဲလွဲမှုတွေ မရှိပဲနဲ့ တက်ညီလက်ညီ ချီတက်သွားကြပါစို့လို့ က မေတ္တာရပ်ခံချင်ပါတယ်။

## ယိုးကိုးရွာ

*ထို့နောက် ဖားအောက်ရွာမှထွက်ခွာလာပြီး မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ရုံးသို့ ခေ ဝင်ရောက်နှုတ်ဆက်သည်။ ဖားအောက်မှခရီးတမိုင်အကွာရှိ ယိုးကိုးရွာ၊ ယိုးကိုးဘု ဆီသို့ နံနက်၈နာရီခန့်တွင်ရောက်ရှိသည်။ ယိုးကိုးရွာတွင် ယိုးကိုးဘုရား၌ ဒီမိုက ရေးနှင့်ပတ်သက်ပြီး ပြောကြားချက်မှ ကောက်နှုတ်ဖော်ပြပါသည်။*

မွန်လို အခုမပြောနိုင်တာကိုလည်း တောင်းပန်ပါတယ်။ မွန်လိုပြော ရင်တော့ ပိုပြီးတော့ ကောင်းမှာပေါ့လေ။ ဒါပေမယ့် အခုတော့ ဗမာ ပြောပါရစေ။ ကျမတို့ စည်းရုံးရေးခရီးထွက်တယ်ဆိုတာ တတိုင်းပြည်လုံး ပြည်သူလူထုက ထောက်ခံမှ ဒီမိုကရေစီလှုပ်ရှားမှုဟာ အောင်မြင်နိုင်မယ်ဆို ယုံကြည်လို့ ပြည်သူလူထုအပေါင်းက ဒီလှုပ်ရှားမှုကြီးကို ထောက်ခံစေချ ကျမတို့ စည်းရုံးရေးခရီး ထွက်ခဲ့တာပဲ။ တော်တော်များများက ဒီမိုကရေ လိုချင်ကြတယ်။ ဒါပေမယ့် ဒီမိုကရေစီရအောင်လို့ ဘယ်လိုလုပ်ရမလဲဆို မသိကြဘူး။ တကယ်တော့ ဒီမိုကရေစီရအောင် ဘယ်လိုလုပ်ရမလဲဆို ရှင်းရှင်းလေးပါ။ အားလုံးကနေ ညီညီညွတ်ညွတ်နဲ့ မရမနေလုပ်မယ်၊ အခ များကို တချိန်လုံး ကြောက်နေရတယ်ဆိုတာ လူ့အခွင့်အရေးနဲ့ မနေရတာ အဲဒီတော့ လွတ်လွတ်လပ်လပ်နဲ့ တခြားလူကိုအန္တရာယ်မပြုဘူးဆိုရင် ကိုယ် လည်း အန္တရာယ်မရှိပဲနဲ့နေနိုင်တဲ့ အခွင့်အရေးများ ရှိရမယ်။ ဒီလိုအခွင့်အ များကို ကျမတို့က ရှာနေတာပါ။ ပြည်သူလူထုများဟာ တခြားလူ



အန္တရာယ်မပြုရင် မိမိတို့လည်း အန္တရာယ်ကင်း၊ ဘေးရှင်းရှင်း ကိုယ့်အသက် မွေးလမ်းကြောင်းကို လွတ်လွတ်လပ်လပ်နဲ့ လုပ်နိုင်ဖို့၊ ဒီလိုလောကမျိုးကို မျှော်ကိုးပြီးတော့ ဒီမိုကရေစီလှုပ်ရှားမှုထဲကို ပါဝင်ခဲ့တာဖြစ်ပါတယ်။ အထူး သဖြင့် ကျေးလက်တောရွာ ပြည်သူလူထုက ကြောက်နေကြတယ်။ ဒီမိုကရေစီ လှုပ်ရှားမှုကို ထောက်ခံလို့ရှိရင် သူတို့အတွက် အန္တရာယ်ရှိမလားဆိုပြီးတော့ ကြောက်နေကြတယ်ဆိုတာ ကျမ နားလည်ပါတယ်။ အခုချိန်မှာ ကျမတို့ဟာ ကြောက်ဖို့ မလိုတော့ပါဘူး။ ကျမ အမြဲပဲသတိပေးတယ်၊ သတ္တိရှိတယ် ဆိုတာဟာ ကြောက်စိတ်မရှိဘူးလို့ ပြောလိုတာမဟုတ်ပါဘူး။ ကြောက်စိတ် ရှိလျက်နဲ့ မှန်တာကိုလုပ်ရဲတာဟာ သတ္တိပါပဲ။ အဲဒီတော့ ကြောက်ကြောက်နဲ့ ပဲ အများအကျိုးအတွက် လုပ်သင့်တဲ့ကိစ္စများကို လုပ်သွားပါ။

## သံဖြူဇရပ်

*ကျိုက္ခမီရေလယ်ဘုရား၌ 'မိမိတို့၏အခွင့်အရေးများ ချောချောမောမောနှင့် အောင်မြင် ပါစေကြောင်း၊ တပည့်တော်မ မှန်ကန်သောသစ္စာတရားကြောင့် တပည့်တော်မ ဆောင်ရွက်နေသော ဒီမိုကရေစီအခွင့်အရေး အောင်မြင်ပါစေကြောင်း၊ တပည့်တော်မ သစ္စာပြုသည့်အတိုင်း တပည့်တော်မ ဆောင်ရွက်နေသော ဒီမိုကရေစီအခွင့်အရေး အောင်မြင်ပါစေကြောင်း' ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီဆုတောင်းသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် နံနက် ၁၁နာရီခွဲတွင် ကျိုက္ခမီမြို့ အမျိုးသားဒ မိုကရေစီအဖွဲ့ချုပ်ရုံးသို့ ခေတ္တဝင်ရောက်ပြီး ကျုံကဒတ်ရွာသို့ ဆက်လက် ထွက်ခွာကြသည်။ ထိုမှတဆင့် သံဖြူဇရပ်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် သို့ လည်း ၁၂နာရီခွဲခန့်တွင်ရောက်ရှိပြီး အများအကျိုးဆောင်ရန်အတွက် ဒီမိုကရေစီ စနစ်ကို ထောက်ခံရန် တိုက်တွန်းပြောကြားချက်များမှ ကောက်နှုတ်ဖော်ပြပါသည်။*

ကိုယ်နဲ့လည်းဆိုင်တယ်၊ သူနဲ့လည်းဆိုင်တယ်၊ အများနဲ့လည်း ဆိုင် တယ်။ အများရဲ့ အခွင့်အရေးကို မလေးစားတာဟာ ကိုယ့်ရဲ့အခွင့်အရေးကို မလေးစားတာနဲ့တူတူပဲ။ အဲဒီတော့ အများအကျိုးဆောင်ရင် ကိုယ့်အကျိုး ဆောင်တယ်ဆိုတဲ့ထုံးအတိုင်း ကျမတို့ဟာ အများအကျိုးဖြစ်တဲ့ ဒီမိုကရေစီ အောင်မြင်မှုစနစ်ကို ထောက်ခံဖို့လိုပါတယ်။ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ ပထမ စပြီးတည်ထောင်လိုက်တာဟာ ပါတီနိုင်ငံရေးလုပ်ဖို့ တည်ထောင်ခဲ့တာ မဟုတ် ပါဘူး။ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် တည်ထောင်ခဲ့တာ ဖြစ်ပါ တယ်။ တိုင်းပြည်မှာ လွတ်လပ်မှု ပိုပြီးတော့ရချင်ရင်၊ လူ့အခွင့်အရေးများ ပြည့်ပြည့်စုံစုံ ခံစားချင်လို့ရှိရင် လူတိုင်းလူတိုင်းဟာ နိုင်ငံရေးကို ဝါသနာ ပါရမယ်။ နိုင်ငံရေးကို လုပ်ရဲရမယ်၊ လုပ်ချင်ရမယ်။ ပြည်သူလူထုတွေက ခိုင်းပြီးတော့ ဗိုအားပေးမယ်ဆိုလို့ရှိရင် အစိုးရများဟာ ပြည်သူလူထုဆန္ဒအတိုင်း လုပ်ရမှာပါပဲ။ အဲဒီတော့ အထွေထွေရွေးကောက်ပွဲဖြစ်စေချင်ရင် အားလုံးဝိုင်းပြီး တော့ ကူညီကြပါ။ နိုင်ငံရေးပါတီတွေ ကိုပဲ အားမကိုးကြပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com

*သံဖြူဇရပ်မြို့ မွန်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးသို့ မွန်းလွဲ ၁း၀၀နာရီတွ
ရောက်ရှိပြီး ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးချက်မှ တချို့ကိုဖော်ပြပါသည်။*

အရှေ့ကနေပြီးတော့ ကာကွယ်ပေးသင့်ရင် ကျမတို့ အရှေ့ကနေပြ
တော့ ကာကွယ်ပေးပါမယ်။ ဒါပေမယ့် ဘာပဲလုပ်လုပ် ကျမတို့ဟာ လူထု
ထောက်ခံမှုမရှိပဲနဲ့ မအောင်မြင်နိုင်ပါဘူး။ ပြည်သူလူထုဆိုတာ ကျမ
ပြည်ထောင်စုရဲ့ တိုင်းရင်းသားအပေါင်းကို ဆိုလိုပါတယ်။ ပထမအကြိ
လွတ်လပ်ရေး ရခဲ့စဉ်တုန်းကလည်း ပြည်ထောင်စု တိုင်းရင်းသားအားလုံးဟ
လွတ်လပ်ရေးရချင်တယ်ဆိုပြီးတော့ တညီတညွတ်တည်း လုပ်လိုက်တဲ့အ
ကျမှ လွတ်လပ်ရေးကို ရပါတယ်။ အခုလည်း ဒုတိယ လွတ်လပ်ရေးတိုက်
ဖြစ်တဲ့ လူ့အခွင့်အရေးများရနိုင်မယ့် ဒီမိုကရေစီစနစ် ရဖို့ဆိုတာလည
ပြည်ထောင်စုတိုင်းရင်းသား အားလုံးကနေပြီးတော့ တညီတညွတ်
လိုချင်တယ်၊ ပူးတွဲပြီးတော့ ဆောင်ရွက်မယ်ဆိုမှ ကျမတို့ အောင်မြင်မှာပါ။
မြန်မာပြည်ကြီးဟာ ဘာဖြစ်လို့ ဒီလောက်တောင်မှ နှစ်ဆယ့်ခြောက်နှစ်လုံးလုံ
တပါတီ အာဏာရှင်စနစ်အောက်မှာ နေခဲ့ရလဲ။ ဘာဖြစ်လို့ ဒီလို ဆင်းရဲဒု
တွေကို ခံခဲ့ရသလဲဆိုတာ ကျမ စဉ်းစားတယ်။ တခါပြန်ပြီးတော့ စဉ်းစ
လို့ရှိရင် ပြည်သူလူထုကြီးက အချင်းချင်း မညီလို့ပဲ။ အစိုးရဟာ မတရားသဖြ
လုပ်သလား၊ မဟုတ်မမှန်တဲ့ ကိစ္စတွေကို လုပ်သလား။ ကိုယ့်ကိုမလုပ်ပဲ
သူများတွေကိုလုပ်ရင်လဲ မခံရဘူး။ ကိုယ့်ရန်သူကိုပင် မတရား လုပ်လို့ရှိ
မခံရဘူး။ ဒီနေ့ ကိုယ့်ရန်သူကိုလုပ်တယ်။ နောက်နေ့ ကိုယ့်ကိုလုပ်
လုပ်လိမ့်မယ်။ မတရားသဖြင့် လုပ်တဲ့သူတွေကို မုန်းဖို့ဆိုတာ ကလေးလေး
ကို သင်ထားရမယ်။ မတရားတဲ့ကိစ္စမှန်သမျှကို ကန့်ကွက်ရမယ်။ မတရား
ကိစ္စမှန်သမျှကို ငါတို့ အသက်ပေးပြီးတော့ ခုခံမယ်ဆိုတဲ့ စိတ်တွေကို က
သူငယ်တွေထဲမှာ သွင်းထားပါ။ ကျမတို့ ကိုယ်တိုင်ကလဲ ဒီလိုစိတ်တွေမွေးပါ

## ကမာဝက်ရွာ

*ကမာဝက်ရွာသို့ မွန်းလွဲ ၂ နာရီခန့်တွင်ရောက်ရှိရာ ပူပြင်းလှသည့် နေဒဏ်ကြား
ဝမ်းပန်းတသာကြိုဆိုနေကြသည့် ကမာဝက်လူထုအားနှုတ်ခွန်းဆက်ရာတွင် အနာ
ရေး အတွက်လည်း ယခုကဲ့သို့ ထည့်သွင်းပြောကြားပါသည်။*

ကလေးလေးတွေဟာ နောင်ကျလို့ရှိရင် တိုင်းပြည်ကိုဦးဆောင်ရမ
ကလေးတွေဖြစ်တယ်။ ဒီကလေးလေးတွေအတွက်၊ ကိုယ့်အတွက် မဟု
တောင်မှ ကြီးပြင်းလာမယ့် ကလေးလေးတွေအတွက် အခုအချိန်မှာ ကျမ
အများကြီး ကြိုးပမ်းဖို့လိုတယ်။ ဒီမိုကရေစီ အုတ်မြစ်ချတယ်ဆိုတာ မလွ
ပါဘူး။ ၂၆နှစ်လုံးလုံး တပါတီ အာဏာရှင်စနစ်အောက်မှာ နေခဲ့ရ
တိုင်းပြည်ဟာ ချက်ချင်း၊ နေ့ချင်း၊ ညချင်း ဒီမိုကရေစီ အုတ်မြစ်ချလို့မဖြစ်



ဒီမိုကရေစီ အုတ်မြစ်ချတယ်ဆိုတာ ပြည်သူလူထုအားလုံးက ဝိုင်းပြီးတော့
ညီမှဖြစ်မယ်။ ကျမတို့ဟာ မြန်မာပြည်မြေကြီးထဲမှာ ဒီမိုကရေစီ အမြစ်
တွယ်အောင်လုပ်ပြီးတော့ ဒီမိုကရေစီအပင်ရင်း ရှင်သန်လာလို့ရှိရင် ဒီအပွင့်တွေ၊
အသီးတွေဟာ ကျမတို့ လူလတ်ပိုင်း၊ လူကြီးပိုင်းတွေက ခံစားချင်မှ ခံစားရ
မှာမယ်။ ဒါပေမယ့် လူငယ်ပိုင်းနဲ့ ကလေးလေးတွေ ကြီးလာလို့ရှိရင် အသီး
အပွင့်တွေ ခံစားနိုင်ရမယ်ဆိုရင် ကျမတို့ ကျေနပ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ
မိမိတို့အတွက် တိုးတက်အောင်လုပ်နိုင်တယ်၊ တခါ မိမိတို့ သားသမီးတွေ
အတွက်လည်း တိုးတက်အောင် လုပ်နိုင်တယ်ဆိုတော့ လူတယောက် ပြုခဲ့တဲ့
ကောင်းကျိုးတွေဟာ အဆက်ဆက် ဆက်သွားနိုင်ပါတယ်။ လူတယောက်ဟာ
မွေးလာပြီးတော့ ကိုယ့်အတွက် ကိုယ်လုပ်ပြီးတော့ ကိုယ်ပဲစားပြီးတော့
သေသွားပြီဆိုရင် ဘာလုပ်တော့မှာလဲ။ လူဖြစ်ရကျိုး မနပ်ဘူး။ အဲဒီတော့
ကိုယ်ကောင်း မကြံကြပါနဲ့။ အများအတွက် လုပ်ကြပါ။ အများအကျိုး
ဆောင်တဲ့လူများဟာ လူသာ သေသွားမယ်။ ဘယ်တော့မှ နာမည်မသေဘူး။

*…ဆိုနောက် ကမာဝက်ဆရာတော်ဘုရားထံမှ ဩဝါဒခံယူခဲ့ပြီး လှူဖွယ်ပစ္စည်းများ
…ဆက်ကပ် လှူဒါန်းသည်။*

## …မြို့

*…မြို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၌ အနာဂတ်အတွက် ကြယ်ပွင့်များ
…သည့် လူငယ်များရေးရာနှင့် ပတ်သက်ပြီး ပြောကြားပါသည်။*

လူငယ်များရဲ့ဘဝကို သာယာပါစေ။ လူငယ်များရဲ့ဘဝ သာယာမှ
ကျမတို့ရဲ့တိုင်းပြည်ဟာ တိုးတက်နိုင်မှာပါ။ လူငယ်များရဲ့ဘဝ သာယာအောင်
…တီး မပေးနိုင်ရင် နောက်ခေတ်အဆက်ဆက် ကျမတို့လူမျိုးများ သာယာမှု
…နိုင်မှာ မဟုတ်ပါဘူး။ လူငယ်များဟာ ရွှင်လန်းဖို့လိုပါတယ်။ အခုကျတော့
…စနစ်အောက်မှာ လူငယ်များပင် ရွှင်ရွှင်လန်းလန်းမနေရပဲနဲ့ သွေးမြေကျပြီး
…ပြီး လုပ်ရှားနေတာ တွေ့ရတယ်။ အဲဒီလို ဖြစ်နေတဲ့ အဖြစ်မျိုးကို ကျမတို့
…ချင်တယ်။ နောင်လည်း ထပ်ပြီးတော့ မဖြစ်စေချင်ဘူး။ လမ်းမှာ ကျမတို့
…လို့ရှိရင် ရဲဘော်လေးတွေ မြင်ရတယ်။ ရဲဘော်လေးတွေ ဆိုတာလည်း
…ယ်ပဲ။ ဒီကျောင်းသားတွေနဲ့ အသက်သိပ်ကွာတာမဟုတ်ဘူး။ ဒီရဲဘော်လေး
…နဲ့ ကျောင်းသားတွေကို ရန်သူသဘောဖြစ်အောင် လုပ်ထားတာ အင်မတန်
…တယ်လို့ ကျမ မြင်ပါတယ်။ လူငယ်အချင်းချင်းပဲ။ ဘာဖြစ်လို့ မိတ်ဆွေ
…ဖြစ်နိုင်ရမှာလဲ။ မိတ်ဆွေ မဖြစ်နိုင်အောင် လုပ်ထားတဲ့ လူတွေကြောင့်သာ
… ဖြစ်နေတာပဲ။ အဲဒီတော့ ရဲဘော်လေးတွေ၊ ကျောင်းသားလူငယ်လေးတွေ
…ဟာ မဟာမိတ်များအနေနဲ့၊ မိတ်ဆွေများအနေနဲ့ ချစ်ချစ်ခင်ခင်နဲ့
…နိုင်တဲ့ ပြည်ထောင်စုကြီးကို တည်ထောင်ချင်တယ်။ ဒီလို ပြည်ထောင်

www.burmeseclassic.com

www.burmeseclassic.com



စုကြီးကို တည်ထောင်ချင်လို့ ကျမတို့ ဒီမိုကရေစီလှုပ်ရှားမှုကြီးထဲကို ပါ
တာပဲ။ လူငယ်များရဲ့ဘဝကို ရွှင်လန်းစေချင်တယ်။ အခုချိန်မှာဆိုလို့
လူငယ်များဟာ ကိုယ့်အိမ်၊ ကိုယ့်ယာမှာတောင်မှ လွတ်လွတ်လပ်လပ် မ
ဘူး။ တချိန်လုံး ကြောင့်ကြနေရတယ်။ ဒီလို ကြောင့်ကြနေရတဲ့ဘဝမ
လွတ်မြောက်အောင်လို့ ကျမတို့ လုပ်ပေးချင်တယ်။ ဒီလို လုပ်ပေးဖို့ဆိုတ
မိဘလူကြီးများအားလုံးမှာ တာဝန်ရှိပါတယ်။ ကျောင်းသားလူငယ်များဟာ
ဝှဝှနဲ့ မိမိတို့ရဲ့ဘဝများကို အဆုံးရှုံးခံတယ်။ အဲဒီတော့ လူကြီးများဟာ
လူငယ်တွေ နောက်ထပ် မဆုံးရှုံးရအောင်လုပ်ပေးဖို့ တာဝန်တွေ အများ
ရှိပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက်ကို မိဘပြည်သူမျာ
လူငယ်များနဲ့လက်တွဲပြီး လှုပ်ရှားကြပါ။ ဒီလိုမှပဲ နောင်ခေတ်အဆက်ဆ
လူငယ်များဟာ လူငယ်များ ရထိုက်တဲ့အခွင့်အရေးတွေကို ရမှာပါ။ ငယ်
အခါမှာ ရွှင်ရွှင်လန်းလန်းမနေနိုင်ရင် ကြီးလာတဲ့အခါ ဘာများ မျှော်လင့်
ရှိနိုင်မှာလဲ။

*ညနေ ၄နာရီခွဲခန့်တွင် ဒေါ်အောင်ဆန်းစုကြည်သည် မုဒုံမြို့ အမျိုးသားဒီမိုက
အဖွဲ့ချုပ်ရုံးသို့ သွားရောက်ဟောပြောခဲ့ပြီး ထိုနေ့၏ ခရီးစဉ်ကို ရပ်နားလိုက်ပါသ*

* * *

*၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြ
နှင့်အဖွဲ့သည် မုရစ်ကလေးရွာမှ မွန်ပြည်နယ် စည်းရုံးရေးခရီးစဉ် စကဲ့ဆွ
စတင်ခဲ့ပါသည်။ မြန်မာပြည်၏ လူများစုဖြစ်သော ကျေးလက်တောရွာလူထ
အရေးပါပုံကို ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ ပြောကြားပါသည်။*

ဒီလိုလာပြီး စည်းရုံးခွင့်ရတာ အများကြီးဝမ်းသာပါတယ်။ ဂုဏ်ယ
ယူပါတယ်။ ကျမတို့တိုင်းပြည်ရဲ့ အများစုလူထုကြီးဟာ ကျေးလက်တေ
မှာနေတဲ့လူထု ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမိုကရေစီလှုပ်ရှားမှုမှာ ကျေး
တောရွာကလူထုကြီး အထူးသဖြင့် ပါဝင်ဖို့လိုပါတယ်။ တချို့ေ
ဒီလှုပ်ရှားမှုကြီးဟာ မြို့တွေထဲမှာပဲ လုပ်တာပဲ၊ မြို့ကလူတွေကသာ ဒီမိုက
လိုချင်တာ၊ ကျေးလက်တောရွာကလူထုက အုရင်တုန်းကလိုပဲ တပါတီ
ကိုပဲ သဘောကျကြတယ်ဆိုပြီး ဝါဒဖြန့်နေတာ ကြားရပါတယ်။ ဒါကြေ
လို့လည်း အထူးသဖြင့် ကျေးလက်တောရွာ လူထုအားလုံးက ဒီမိုက
လိုချင်တယ်ဆိုတာကို ပြဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ ၈၀ ရာခိုင်နှုန်းကျေ
ကျေးလက်တောရွာမှာနေတဲ့ ပြည်သူလူထုဖြစ်ပါတယ်။ ဒီပြည်သူလူထုထော
တဲ့ လှုပ်ရှားမှုများသာ အောင်မြင်နိုင်မှာပါ။ အဲဒီတော့ မဟုတ်မမှ
ဝါဒဖြန့်တာတွေဟာ မဟုတ်ပါဘူးလို့ ကျေးလက်တောရွာ ပြည်သူလူ
ပြချင်ရင် ကျမတို့လှုပ်ရှားမှုကို ထောက်ခံပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတ

၂၆နှစ်အရင်ကရှိခဲ့တဲ့ နိုင်ငံရေးပါတီများ၊ နိုင်ငံရေး လှုပ်ရှားသူမျာ



ကျေးလက်တောရွာလူထုနဲ့ လက်တွဲပြီးမလုပ်ခဲ့ဘူးလို့ ကျမ မြင်ပါတယ်။ ဒီလို ကျေးလက်တောရွာလူထုရဲ့ ထောက်ခံမှုမရှိလို့ နောင်ကျတော့ တပါတီအာဏာရှင်စနစ် တက်သွားတဲ့အခါကျတော့ လူထုအများကလည်း လက်ခံနေတယ်၊ ကြည့်နေတယ်၊ လစ်လျူရှုထားလိုက်တယ်။ အခုကျတော့ တိုင်းပြည်အခြေအနေ၊ နိုင်ငံရေးအခြေအနေကို ဘယ်သူမှ လစ်လျူရှုထားလို့ မရဘူးဆိုတာ အားလုံးနားလည်လာကြပြီ။ လစ်လျူရှုထားရင် အားလုံးခံရမှာပဲ။ ၂၆နှစ်အတွင်းက လူ့အခွင့်အရေးများ ပျောက်ပျက်သွားတယ်ဆိုတာ မြို့ထဲမှာတင် ပျောက်ပျက်သွားတာ မဟုတ်ပါဘူး။ တောရွာတွေမှာလည်း ပျောက်ပျက်သွားတာပဲ။ ကျေးလက်တောရွာပြည်သူလူထုက အခံရဆုံးပေါ့။ ဒါကြောင့် ဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် ကျေးလက်တောရွာလူထုက ထောက်ခံကြပါလို့ အမြဲပဲ ပြောပါတယ်။ ဒီမိုကရေစီစနစ်ကို ဘာကြောင့်လိုချင်လဲ။ ဒီမိုကရေစီစနစ်ရဲ့ အဓိပ္ပါယ်ကတော့ အများပြည်သူလူထုရဲ့ အုပ်ချုပ်မှုစနစ်ပဲ။

## ကမာကေးကျေးရွာ

*ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကမာကေးကျေးရွာ—ဆိုင်းဘုတ်တင်ပွဲ အခမ်းအနား၌ ယခုကဲ့သို့ ပြောကြားပါသည်။*

ကျမတို့အဖွဲ့ချုပ်ရဲ့ ဆိုင်းဘုတ်ဖွင့်ပွဲကို အခုလို လာပြီးအားပေးတာ အများကြီး ကျေးဇူးတင်ပါတယ်။ ကျမ ရောက်တဲ့အခါကျ ကြားပါတယ်။ ရပ်ကွက်ငြိမ်ဝပ်ပိပြားကနေပြီးတော့ ဟိုဟာမလုပ်ရဘူး၊ ဒီဟာ မလုပ်ရဘူးလို့ လိုက်ပြီး ကန့်ကွက်နေတယ်ကြားတယ်။ ဘာကိစ္စ လိုက်ပြီး ကန့်ကွက်နေလဲတော့ မသိပါဘူး။ လက်ခုပ်မတီးရဘူးလို့လည်း ကျမကြားတယ်။ အဲဒါ ဟုတ်လား။ ကိုယ့်လက်နှစ်ဖက်နဲ့ ကိုယ်တီးတာပဲ။ ဒီလောက်တော့ ဒီမိုကရေစီ အခွင့်အရေး ရှိသင့်တယ်လို့ ကျမထင်ပါတယ်။ အခုဆိုလို့ရှိရင် ဒီမိုကရေစီ မလိုလားတဲ့လူတွေက ကိုယ့်လက်နှစ်ဖက်နဲ့ကိုယ် လက်ခုပ်တီးတာတောင် မတီးစေချင်ဘူး။ ဒါကြောင့် ကျမတို့က ဒီမိုကရေစီ ရအောင်လုပ်ရမယ်။ ကိုယ့်လက်နှစ်ဖက်နဲ့ ကိုယ်လုပ်တာတောင် မလုပ်စေချင်ရင် သူတို့က တခြားဘာတွေများ ဖောက်ဖျက်ဦးမလဲ၊ ဘာတွေများ အမိန့်တွေ ထုတ်ဦးမလဲဆိုတာ စိတ်ပူစရာပဲ။ ဒါကြောင့် ကျမတို့ဟာ ဒီမိုကရေစီ ရအောင်လုပ်ရမယ်။ ဒီမိုကရေစီရမှ ပြည်သူလူထုဟာ မိမိတို့ရဲ့ အခွင့်အရေးတွေကို ပြည့်ပြည့်စုံစုံ ခံစားရမှာဖြစ်တယ်။ လူ့အခွင့်အရေးများ မခံစားနိုင်တဲ့ တိုင်းပြည်ဆိုရင် တိုးတက်မှုများ မဖြစ်နိုင်ဘူး။ လူဖြစ်ရကျိုးလည်း မနပ်ပါဘူး။ လူရယ်လို့ဖြစ်လာမှ ကိုယ့်ဘာသာကိုယ် မကြောက်မရွံ့နဲ့၊ မှန်တာလုပ်ရင် အန္တရာယ်ကင်း၊ ဘေးမဲ့ရှင်းနဲ့နေနိုင်တဲ့ အဆင့်အတန်းကို ဖြစ်ရမယ်။ ဒီလို အဆင့်အတန်း ရောက်စေချင်လို့ ကျမတို့ဟာ ဒီမိုကရေစီ လှုပ်ရှားမှုကြီးကို စခဲ့တာပဲ။

ကျောင်းသားလူငယ်များဆိုရင် လူ့အခွင့်အရေးများကို လိုလားလွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



သွေးမြေအကျခံပြီး လှုပ်ရှားမှုမှာ ပါဝင်ခဲ့တယ်။ ဒီသွေးမြေအကျခံပြီး စခဲ့ရ ဒီလှုပ်ရှားမှုကြီး အောင်မြင်အောင်လုပ်ဖို့ဟာ ကျမတို့အားလုံးမှာ တာဝန်ရှိ တယ်။ မျိုးဆက်သစ်များ အခွင့်အရေးတွေ ခံစားနိုင်အောင် လုပ်ဖို့ ကျမတို့မှာ တာဝန်ရှိပါတယ်။ ဒီအချိန်ဟာ အင်မတန်မှ အရေးကြီးတဲ့အ ဖြစ်ပါတယ်။ ကျမတို့မှာ သမိုင်းပေးတာဝန်တွေ အများကြီးရှိပါတယ ဒီတာဝန်တွေ ကျေပွန်အောင် ကျမတို့ လုပ်သွားရမယ်။ ဒီလိုပြည်သူလူထု ဒီမိုကရေစီလိုလားနေတဲ့ အခြေအနေမှာ ဒီမိုကရေစီ ရရှိရေးအတွက် အများ ကနေ တညီတညွတ်တည်း လုပ်သွားမယ်ဆိုရင် ကျမတို့ အောင်မြ ရပါလိမ့်မယ်။ မလုပ်ရဲ၊ မကိုင်ရဲပဲနဲ့ လုပ်သင့်လုပ်ထိုက်တာကို ကြောက် မလုပ်ဘူးဆိုရင် အခွင့်အရေးတွေအားလုံး ဆုံးရှုံးသွားပါလိမ့်မယ်။ ဒီအခွင့်အ တွေ ဆုံးရှုံးသွားမယ်ဆိုရင် ဆက်ပြီးတော့ နေရကျိုးမနပ်ပါဘူး။ ကျမ တိုင်းပြည်အတွက်လည်း ဘာဂုဏ်သိက္ခာမှ ရှိမှာမဟုတ်ပါဘူး။ အဲ့ဒီ ဒီအချိန်မှာ ပြည်သူလူထုတရပ်လုံးက ဒီမိုကရေစီရရှိရေးအတွက် သတ္တိရှိ လုပ်ကြပါ။ ကိုယ့်ရှိတဲ့အခွင့်အရေးတွေကို လေးလေးစားစားနဲ့ ကာကွယ်ကြပ သူများရဲ့ အခွင့်အရေးတွေကိုလည်း ကာကွယ်ပေးကြပါ။ ဒီမိုကရေစီဆို ဒါပဲ။ ကိုယ့်အခွင့်အရေးလည်းရှိတယ်၊ သူများအခွင့်အရေးလည်းရှိတယ်။ ကို အခွင့်အရေးကို ကိုယ် ကာကွယ်ပိုင်ခွင့်ရှိတယ်။ သူများအခွင့်အရေးကိုလ လေးစားရမယ်။

ဒီမိုကရေစီ စနစ်အောက်မှာဆိုရင် အများစုသဘောအရ အနည်းစု လုပ်ရတယ်ဆိုပေမယ့် အနည်းစုကို အများစုက အတိုက်အခံလုပ်တ နှိပ်စက်တယ်၊ ညှင်းပန်းတယ်၊ အမျိုးမျိုး အနှောင့်အယှက်ပေးတယ်ဆို လုံးလုံးမရှိရဘူး။ အခုဆိုရင် ကျမတို့မှာ ဘယ်လိုဖြစ်နေလဲဆိုတော့ အနည် ကနေ အများစုကြီးကို အမျိုးမျိုး အနှောက်အယှက်ပေးနေတယ်၊ အမျိုးမ နှိပ်စက်နေတယ်၊ အမျိုးမျိုး ညှင်းပန်းနေတယ်၊ အမျိုးမျိုး ဟန့်တားနေတယ ဒါဟာ အင်မတန် မဟုတ်မမှန်တဲ့ စနစ်ကြီးပါ။ ဒီစနစ်ကြီး ကျမတို့တိုင်းပြ က လုံးလုံးပျောက်သွားအောင် ဖျောက်ရမှာ ဖြစ်ပါတယ်။ အခုတက်နေ ငြိမ်ဝပ်အစိုးရကနေ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲများ လုပ်ပေးမ လို့ ပြောထားပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမ လုပ်ပေးတဲ့အခါကျရင် ကျမတို့ ပြည်သူလူထုကနေပြီးတော့ ဒီမိုကရေစီ ထိန်းသိမ်းမယ့်အစိုးရကို တင်မြှောက်ဖို့ အများကြီး တာဝန်ရှိပါတ ဒီမိုကရေစီကိုထိန်းသိမ်းတဲ့ အစိုးရမျိုးကို မတင်မြှောက်နိုင်ရင် နောင်လည်းတ ထပ်ပြီးတော့ အာဏာရှင်စနစ်မျိုး ဖြစ်သွားနိုင်ပါတယ်။ ဒီလို အာဏာ စနစ်မျိုးအောက်မှာဆိုရင် ကျမတို့အခွင့်အရေးတွေ တခါထပ်ပြီး ပျောက်သ နိုင်ပါတယ်။

လွတ်လပ်ရေးတိုက်ပွဲတုန်းက ကျမတို့ တိုင်းရင်းသားလူမျိုးစု အားလုံး လက်တွဲပြီးတော့ အင်မတန်မှ အနစ်နာခံပြီးမှ ပြည်ထောင်စုပြ လွတ်မြောက်ရေးအတွက် လုပ်ခဲ့တယ်။ လွတ်လပ်ရေးရပြီးမှ အကြောင်းကြော ကြောင့် ကျမတို့ရဲ့ လူ့အခွင့်အရေးတွေပျောက်သွားပြီး တပါတီ အာဏာ

နစ်အောက်မှာ ပြန်ပြီးတော့ ကျခဲ့ရတယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်ခဲ့သလဲဆိုတာ ကျမတို့ ပြန်ပြီးတော့ သုံးသပ်ဖို့လိုပါတယ်။ လွတ်လပ်ရေးရပြီးခေတ်မှာ င်ငံရေးသမားများဟာ ပြည်သူလူထုနဲ့အတူ လက်တွဲပြီးမလုပ်လို့ပဲလို့ ကျမ င်တယ်။ နိုင်ငံရေးသမားများက နိုင်ငံရေးလုပ်တယ်။ ပြည်သူလူထုက တာသာမိမိ နေကြတယ်။ နည်းနည်း ကင်းကွာနေတယ်လို့မြင်တယ်။ င်ငံရေးစနစ်တခု အောင်မြင်ဖို့၊ အထူးသဖြင့် ဒီမိုကရေစီစနစ် အောင်မြင်ဖို့ ဆိုတာ နိုင်ငံရေးလုပ်သူများနဲ့ ပြည်သူလူထုဟာ တူတူလုပ်ရမယ်။ ပြည်သူတိုင်း က နိုင်ငံရေးမှာ စိတ်ဝင်စားရမယ်။ နိုင်ငံရေးဟာ မိမိအရေးလို့ နားလည် မယ်။ ဒီလို လူတိုင်းလူတိုင်းက နိုင်ငံရေးဟာ မိမိအရေးလို့ နားလည်မှ တိုးတက်နိုင်မှာပါ။ ကိုယ်နဲ့မဆိုင်ဘူး၊ ကိုယ့်ကိစ္စမဟုတ်ဘူးလို့ နေလိုက်လို့ရှိရင် ကျမတို့နိုင်ငံဟာ နိုင်ငံရေးအရလည်း မတိုးတက်ဘူး။ နိုင်ငံရေးအရ မတိုးတက် တိုင်းပြည်ဟာ စီးပွားရေးအရလည်း မတိုးတက်နိုင်ပါဘူး။ အဲ့ဒီတော့ နိုင်ငံ ရေး၊ စီးပွားရေးရော မတိုးတက်တဲ့တိုင်းပြည်ဟာ အင်မတန်မှ ဆင်းရဲ ပါးပြီး ဒုက္ခများတဲ့တိုင်းပြည် ဖြစ်သွားမှာပဲ။ အခု ကျမတို့တိုင်းပြည်လည်း တိုင်းပဲ ဖြစ်ခဲ့ပါပြီ။ နိုင်ငံရေးအရလည်း ကျဆင်းခဲ့ပြီ။ စီးပွားရေးအရလည်း ကျဆင်းခဲ့ပြီ။ အဲ့ဒီတော့ နိုင်ငံရေးအရ စပြီးတည်ထောင်ပြီးမှ စီးပွားရေးအရ ပြီးတည်ထောင်ရမှာ ဖြစ်ပါတယ်။ လူထုအားလုံးဟာ မိမိတို့တာဝန် ဆိုပြီး တော့ ဝိုင်းပြီးတော့ ကူညီစေချင်ပါတယ်။

ကျမ တခုသတိပေးချင်တာက ကျမတို့အခု တိုက်နေရတဲ့တိုက်ပွဲဟာ ချင်းချင်း တိုက်နေရတဲ့တိုက်ပွဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် အင်မတန်မှ နည်းကျကျကွဲဖွယ်ရာ ဖြစ်ပါတယ်။ အရင် လွတ်လပ်ရေးတိုက်ပွဲဟာ လူမျိုး များကို တိုက်ရတာ၊ လူမျိုးခြားများကို တိုက်တာထက် ကိုယ့်အချင်းချင်း က်ရတာဟာ အင်မတန်မှ စိတ်ညစ်စရာကောင်းတယ်၊ အင်မတန်မှ နည်းစရာ ကောင်းတယ်၊ အင်မတန်မှလည်း ရှက်စရာကောင်းပါတယ်။ ဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ ကိစ္စကြီးပဲ။ တကယ်ဆိုရင် လူထုအလိုဆန္ဒကို လွန်ဆန်ဘူး၊ ပြည်သူလူထုဆန္ဒအတိုင်း လုပ်သွားမယ်ဆိုလို့ရှိရင် ဒီလို ရေးအခင်းတွေ ဖြစ်ပေါ်လာစရာအကြောင်း ဘာမှမရှိပါဘူး။

အခုဆိုရင် ဖြစ်နေတာက ပြည်သူလူထုဆန္ဒကိုလည်း မလိုက်ဘူး။ ည်သူလူထုနဲ့ တပ်မတော်ကြားထဲမှာလည်း စိတ်ဝမ်းကွဲအောင် အမျိုးမျိုး လုပ်နေကြတယ်။ ဒီလို စိတ်ဝမ်းကွဲအောင် လုပ်နေတာဟာ ပြည်သူလူထုက လုပ်နေတာမဟုတ်ဘူး။ ကျမတို့ နိုင်ငံရေးလုပ်နေတဲ့သူတွေကလည်း လုပ်နေတာ မဟုတ်ဘူး။ တပ်မတော်ကို ကိုယ်ကျိုးအတွက် သုံးနေတဲ့သူများက လုပ်နေတာ ဖြစ်တယ်။ ဒီလို စနစ်မျိုးကို ကျမတို့ အားလုံးက အတိုက်အခံ လုပ်ရမယ်။ တပ်မတော်ဆိုတာ ပြည်သူလူထုနဲ့လက်တွဲပြီးလုပ်ဖို့ ကျမအဖေက တည်ထောင် ခဲ့တာဖြစ်တယ်။ ပြည်သူလူထုကို ကာကွယ်ဖို့၊ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို မြှောက်ဖို့ဆိုပြီး ဒီတပ်မတော်ကို တည်ထောင်ခဲ့တာ ဖြစ်တယ်။ ပြည်သူ လူထုကို နှိပ်စက်ညှင်းပန်းဖို့ဆိုပြီး ဖေဖေက ဖွဲ့ခဲ့တာ လုံးလုံး မဟုတ်ပါဘူး။ ဒီတော့ တပ်မတော်နဲ့ပြည်သူလူထု လက်တွဲချင်နေတာကို လက်မတွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် လုပ်တဲ့သူများမှာ အင်မတန် တာဝန်ရှိပါတယ်။ ကျမတို့အ
တနေ့မဟုတ် တနေ့တော့ တပ်မတော်နဲ့ပြည်သူ ညီညီညွတ်ညွတ် လက်တွဲ
တော့လုပ်ဖို့ အင်မတန်မှ တာဝန်ရှိတယ်။ တိုင်းပြည်တပြည်မှာ အစိုးရ
တပ်မတော်ရယ်၊ ပြည်သူလူထုရယ် တပေါင်းတစည်းတည်း မဖြစ်နိုင်လို့ရှိ
ဘယ်နည်းနဲ့မှ တိုးတက်မှု မရှိနိုင်ပါဘူး။ အဲဒီတော့ ပြည်သူလူထုကိုလ
နှိပ်စက်ညှင်းပန်းမယ်၊ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာလည်း စိတ်
ကွဲအောင်လုပ်မယ်ဆိုရင် ဒါဟာ တိုင်းပြည်အပေါ်မှာ စေတနာ နည်းနည်
မရှိဘူးလို့ ကျမတို့ သတ်မှတ်ရမှာပဲ။

*အောက်ပါမိန့်ခွန်းသည် မွန်ပြည်နယ်ခရီးစဉ်အတွင်း အမျိုးသားဒီမိုက*
*အဖွဲ့ချုပ်ရုံး တရုံး၌ ပြောကြားချက်မှဖြစ်သည်။*

ပြည်သူလူထုရဲ့မေတ္တာကို အားမကိုးတဲ့အစိုးရများကို ကျမ နားမလ
နိုင်ဘူး။ ပြည်သူလူထုမေတ္တာမရှိရင် ဘာမှ မအောင်မြင်နိုင်ဘူးဆိုတာ အား
က နားလည်ဖို့ သင့်ပါတယ်။ ကျမတို့ကတော့ ပြည်သူလူထုမေတ္တာ
အများကြီး လေးစားပါတယ်။ အများကြီး အားကိုးပါတယ်။ ကျမတို့အ
အားလုံး လိုချင်တဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက်ကို သစ္စာရှိ
ထမ်းဆောင် သွားမယ်ဆိုတာကိုလည်း ကတိပြုချင်ပါတယ်။ ကျမအ
ဒီမိုကရေစီမရမချင်း အသက်ထက်ဆုံး ကြိုးပမ်းသွားမယ်လို့ ပြည်သူလူ
ကတိပြုသွားပါတယ်။ အကယ်၍များ အဖွဲ့ချုပ်ရဲ့ လုပ်ပုံလုပ်နည်းများ
ပြည်သူလူထုက မကြေနပ်တာရှိရင်၊ သဘောမကျတာရှိရင် ကျမတို့
အသိပေးပါ။ ကျမတို့ဖက်က ပြုပြင်ပါ့မယ်။ အဖွဲ့ချုပ်ထဲမှာ မလိုလားအပ်
ကိစ္စတွေရှိရင် အဖွဲ့ထဲကိုဝင်ပြီးတော့ ပြုပြင်ပေးကြပါ။ ဘေးကနေ ဥပ
မပြုထားကြပါနဲ့လို့ မေတ္တာရပ်ခံပါရစေ။

## ချောင်းဆုံမြို့

*ညနေ ၃ နာရီခွဲတွင် ချောင်းဆုံမြို့ လှုံ့ဆော်သစ် ဒီမိုကရက်တစ်ပါတီရုံး*
*သွားရောက်ခဲ့ပြီး ကျောင်းသားလူငယ်များအတွက် ဒီမိုကရေစီကျင့်စဉ်နှင့် ပတ်သ*
*ပြီး ယခုကဲ့သို့ ဆွေးနွေး ဟောပြောပါသည်။*

လှုံ့ဆော်သစ် ကျောင်းသားလူငယ်များကို ကျမ အထူးပြောချင်တာ တ
ရှိပါတယ်။ ကျမတို့ဒီမိုကရေစီလှုပ်ရှားမှုဟာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့လှုပ်ရှား
ဖြစ်ပါတယ်။ တနယ်မြေနဲ့ပဲဆိုင်တဲ့ လှုပ်ရှားမှုမဟုတ်ဘူး။ တတိုင်းတည်း
ဆိုင်တဲ့ လှုပ်ရှားမှုမဟုတ်ဘူး။ ဒါကို အများပြည်သူများသိဖို့ရာ ကျောင်းသ
လူငယ်များက ကြိုးစားပြီးလုပ်ပေးပါလို့ ကျမ ပြောချင်ပါတယ်။ ဘာဖြစ်လို့

ဆိုတော့ တချို့က ဒီမိုကရေစီဟာ ကိုယ့်ရပ်ကိုယ့်ရွာမှာ အောင်ရင်ပြီးရောဆိုတဲ့
စိတ်မျိုးရှိသလို မြင်နေရတယ်။ တကယ်ဆိုရင် ဒီမိုကရေစီဟာ တရပ်တရွာ
တည်းမှာ အောင်မြင်လို့ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ တတိုင်းပြည်လုံးမှာ
အောင်မြင်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျမတို့ အမျိုးသား
ဒီမိုကရေစီအဖွဲ့ချုပ်လိုပဲ လှုံ့ဆော်သစ်ဒီမိုကရက်တစ်ပါတီဟာလည်း တတိုင်း
ပြည်လုံးမှာ ပြန့်နှံ့နေပြီလို့ ကျမ မြင်ခဲ့ပါတယ်။ အထက်မြန်မာနိုင်ငံမှာလည်း
ရှိတယ်၊ မွန်ပြည်နယ်မှာလည်း ရှိတယ်။ အခြားပြည်နယ်တွေမှာလည်း
ပြန့်နေပါပြီ။ တတိုင်းပြည်လုံး ပြန့်ပြန့်နှံ့နှံ့ဖြစ်နေတဲ့ အဖွဲ့တခုဟာ ကျမတို့
အဖွဲ့ချုပ်လိုပဲ အများပြည်သူလူထုက ဒီမိုကရေစီအတွက် အားလုံး ညီညီ
ညွတ်ညွတ်ဆောင်ရွက်ရမယ်ဆိုတာ နားလည်အောင်လို့ အားလုံး ဝိုင်းပြီးတော့
ကူညီပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

လူငယ်များဟာ မာနတွေလည်း မရှိကြပါနဲ့။ ဒါကို ကျမ ပြောရတဲ့
အကြောင်းကတော့ ဒီလှုပ်ရှားမှုမှာ ကျောင်းသားလူငယ်များဟာ ပထမဦးဆုံး
ပါနေရလို့ တချို့တွေက နဲနဲ မောက်မောက် မာမာရှိတယ်လို့ လူကြီးတွေက
ပြောပါတယ်။ ဒီဟာလည်း လုံးလုံးမှားတယ်လို့ ကျမ မဆိုနိုင်ဘူး။ လုံးလုံး
မှန်တယ်လို့လည်း ကျမ မဆိုပါဘူး။ ကျောင်းသားလူငယ် တော်တော်များများ
ကတော့ သူတို့ရဲ့ယုံကြည်ချက်နဲ့ ဘာမာနမှမရှိပဲနဲ့ တိုင်းပြည်အကျိုး ဆောင်
နေတာပဲ။ တချို့ကတော့ ငါတို့လုပ်ခဲ့ပြီဆိုပြီးတော့ နဲနဲ မာနလေးတွေ
ဝင်လာတာ တွေ့ရတယ်။ အဲဒီတော့ ဒီလိုမာနတွေ မရှိပါနဲ့။ ငယ်စဉ်တုန်း
အခါက ဒီလိုမာနတွေရှိရင် ကြီးလာတဲ့အခါကျ ဘာမှတန်ဖိုးရှိတဲ့သူတယောက်
မဖြစ်နိုင်ပါဘူး။ လူငယ်များဟာ ပြုပြင်စရာတွေ အများကြီးရှိပါတယ်။ ပြုပြင်ဖို့
အချိန်တွေလည်း အများကြီးရှိပါသေးတယ်။ ဒီအချိန်တွေကို အချိန်ပြည့်
ကိုယ့်အတွက် အဖိုးတန်အောင်၊ ကိုယ့်တိုင်းပြည်အတွက် အဖိုးတန်အောင်၊
ကိုယ့်လူမျိုးအတွက် အဖိုးတန်အောင် သုံးကြပါ။ ကိုယ့်ကိုကိုယ် တနေ့ထက်
တနေ့ ပိုပြီးတန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်လာအောင် ကြိုးစားကြပါ။
ကြိုးစားမယ်ဆိုရင် နောင် ၁၀နှစ်၊ အနှစ် ၂၀ အတွင်း ကျမတို့တိုင်းပြည်ကြီး
ဟာ အင်မတန်မှ သာယာဝပြောတဲ့ တိုင်းပြည်ကြီး ဖြစ်နိုင်ပါတယ်။
အကယ်၍ ၁၀နှစ်၊ အနှစ် ၂၀ အတွင်းမှာ မတိုးတက်ဘူးဆိုရင် ကျမတို့
ပြည်သူလူထုရဲ့ ချွတ်ယွင်းချက်ကြောင့်ပဲ ဖြစ်ရမယ်။

## သကြောရွာ

*တိုင်းပြည်တိုးတက်ရန်အတွက် ဒီမိုကရေစီစနစ်လိုအပ်သည့်အကြောင်း သကြော၊*
*အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ပြောကြားချက်မှ ကောက်နုတ်ချက်ဖြစ်သည်။*

လူတွေဟာ ဒီမိုကရေစီရအောင်လို့ မရမခြင်း စိတ်ရှည်လက်ရှည် ဇွဲ
မလျှော့ဘဲ ဆက်ပြီးတော့လုပ်သွားပါလို့ ကျမ ပြောချင်ပါတယ်။ ဒီလို လုပ်သွားမှ

www.burmeseclassic.com

လည်း ကျမတို့အားလုံးဟာ တိုးတက်နိုင်မယ်။ အားလုံးဟာ သာသာယာယ
ပျော်ပျော်ရွှင်ရွှင် နေနိုင်မယ်။ အခုဆိုရင် ကျမ ဒီကိုလာရတဲ့အခါမှာ အချိန်
သိပ်မပေးနိုင်ဘူး။ ဘာဖြစ်လို့ မပေးနိုင်လဲဆိုတော့ လမ်းတွေကမကောင်းဘူ
လမ်းတွေက မကောင်းတဲ့အခါကျတော့ တရွာကနေတရွာသွားရတာ အင်မတ
မှ ကြာတယ်။ ဘာဖြစ်လို့ လမ်းတွေမကောင်းလဲဆိုတာကို စိစစ်လိုက်လို့ရှိရ
ကျမတို့တိုင်းပြည်ရဲ့ စီးပွားရေးဟာ ကျဆင်းနေတယ်။ ဒီတိုင်းပြည်ဟာ အရ
နှစ်ဆယ့်ခြောက်နှစ်အတွင်းက မတိုးတက်ခဲ့ဘူး။ ဒီလိုမတိုးတက်ခဲ့လို့ နည
အမျိုးမျိုးနဲ့ ကျမတို့ ဒုက္ခတွေ ခံနေရတယ်။ ဒီနေ့ဆိုရင် မြို့သူမြို့သားမျာ
ရွာသူရွာသားများနဲ့ တွေ့ချင်သလောက် မတွေ့နိုင်ဘူး၊ အချိန်ကို ဖြတ်လိုက
ရတယ်။ ကျမတို့တိုင်းပြည်ဟာ တိုးတက်နေတယ်၊ စီးပွားရေးက ကောင်းန
တယ်ဆိုရင် လမ်းတွေက ကောင်းတယ်၊ ကျမတို့က မြန်မြန်လာနိုင်တယ
အချိန်များများကြီး ပေးနိုင်တယ်။ အခုတော့ လူထုကိုအချိန်မပေးနိုင်
ကားလမ်းမှာပဲ ဘုံးဘုံးဘုံးဘုံးနဲ့ အကြာကြီးပဲ အချိန်ပေးနေရတယ်။ ဒီ
အခြေအနေပြောင်းဖို့အတွက် ကျမတို့ ဒီမိုကရေစီစနစ်လိုပါတယ်။ ဒီမိုကရေ
စနစ်အောက်မှာဆိုရင် အများအကျိုးဖြစ်မယ့် တိုးတက်မှုတွေကို ကျမတ
အားလုံး ဦးတည်နိုင်ပါတယ်။ အဲဒီတော့ ကျမတို့ကို စိတ်ရှည်လက်ရှည်
စောင့်ပြီးကြိုတဲ့ ပြည်သူလူထုတရပ်လုံးက စိတ်ရှည်လက်ရှည်နဲ့ ဒီမိုကရေ
ရရေးအတွက် အားလုံးဝိုင်းပြီး ကူညီထောက်ပံ့ကြပါလို့ ကျမ မေတ္တာရပ်
ချင်ပါတယ်။

* * *

*မွန်ပြည်နယ်ခရီးစဉ် နောက်ဆုံးနေ့ဖြစ်သည့် ဒီဇဘာ်လ ၁၈ရက်နေ့တွ
ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မုဒုံမ၊ ခင်းကျိုက်၊ ယင်းငြိမ်၊ ဒေးပုလိမ်
သထုံ၊ ကျိုက္ကော်၊ ဒိုင်းဝန်း၊ ဘီးလင်း၊ ကျိုက်ထို၊ သိမ်ဇရပ်၊ ဝေါ စသည့်မြို့များ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများသို့သွားရောက်ပြီး မြို့ခံ၊ ကျေးရွာ ပြည်သူမျာ
အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် တရင်းတနှီး ဆွေးနွေးပြောဆိုခဲ့သည်။ တို့နောက် ရန်ကုန်
ည ၇ နာရီတွင် ချောမောစွာ ပြန်လည်ရောက်ရှိပါသည်။*

၂

# ရာဝတီ ခရောင်းလမ်း

## ရာဝတီတိုင်းစည်းရုံးရေးခရီးစဉ်

*မှာအရေးတော်ပုံတိုင်း၌ မြစ်ဝကျွန်းပေါ်တိုင်းသည် သမိုင်းအရ အမြဲအရေးပါသည်
ိုသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ရာဝတီမြစ်ဝကျွန်းပေါ်
နောက်ခြမ်းဆီသို့ ၁၉၈၉ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် စည်းရုံးရေးခရီး
ထွက်ပါသည်။*

### ထနီး

*ို---ရဲဘော် မြစ်ဝကျွန်းပေါ် တိုက်ပွဲခေါ်ပါဆိုသော်လည်း မြစ်ဝကျွန်းပေါ်၏
ကျက် ထနီးတွင် လက်ခုပ်သံများကိုသာ ကြားရပါသည်။ မအူပင်မြို့နယ် ထနီး
မဝတ'က လက်မပြရ၊ အိမ်ဝင်းထဲမှ မထွက်ရ၊ ပန်းမဆက်ရ၊ လက်ခုပ်မတီးရ၊
များတွင် ရွှေပြားမကပ်ရ စသောအမိန့်များ ထုတ်ပြန်ထားပါသည်။ သို့သော်
ကြဲရန် ဒေါ်အောင်ဆန်းစုကြည်က အားပေးစကားပြောကြားအပြီး အဖွဲ့ချုပ်
မှ ပြန်ထွက်လာသောအခါ ထနီးလူထုသည် လက်ခုပ်တီး၊ အိမ်ပြင်ထွက်ပြီး
စည်းဆက်ကာ ထောက်ခံရဲနေကြပါပြီ။ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ထနီး
ပ်ကာမ်း မြတ်မေတ္တာသဘော်ပေါ်မှနေ၍ ထနီးလူထုကို ကျေးဇူးတင်စကား
ကဲ့သို့ ပြောကြားပါသည်။*


ဖမ်းဆီးတယ်၊ အမျိုးမျိုးချုပ်ချယ်တယ်ဆိုတာ ကျမတို့ ကြားရပါ
တယ်။ ဒီလောက်လုပ်နေတဲ့ကြားထဲက ဒီလောက်အထိ သတ္တိရှိရှိနဲ့လာပြီးတော့
ကြိုဆိုအားပေးတာ အများကြီး ကျေးဇူးတင်ပါတယ်။ ကျမတို့စိတ်ထဲမှာ
ရာဝတီတိုင်းမှာ လူတယောက်ဟာ တခြားတိုင်းတွေမှာ လူတထောင်နဲ့
ညီတယ်လို့ ကျမ ထင်ပါတယ်။ အဲဒီတော့ ဒီလောက်လူများတယ်ဆိုရင်
တခြားတိုင်းတွေမှာ သောင်းနဲ့၊ သိန်းနဲ့ ချီလောက်ကို အဖိုးတန်တယ်လို့
ကျမစိတ်ထဲမှာ ထားပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုရဲ့ ထောက်ခံမှုကို
အများကြီး ကျေးဇူးတင်ပါတယ်။ အားလည်း အားကိုးပါတယ်။ ဒီမိုကရေစီ
လှုပ်ရှားမှုဆိုတာ ပြည်သူ့လူထုကို အားကိုးပြီးလုပ်ရတဲ့ လှုပ်ရှားမှုပါ။ ဘယ်
အဖွဲ့ အစည်းရဲ့ ကောင်းကျိုးအတွက်လည်း မဟုတ်ဘူး။ လူတစုရဲ့ကောင်းကျိုး
အတွက်လည်း မဟုတ်ဘူး။ လူတယောက်ရဲ့ ကောင်းကျိုးအတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



# ရောဝတီတိုင်း



၁၉၈၄ ခုနှစ် ဧပြီလတွင် မြေတိုင်းဦးစီးဌာနမှ ရိုက်နှိပ်ထုတ်ဝေသည့် တိုင်းနှင့်ပြည်နယ်မြေ

မဟုတ်ဘူး။ အများပြည်သူ ကောင်းကျိုးအတွက် လှုပ်ရှားနေတဲ့ လှုပ်ရှားမှုကြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီလှုပ်ရှားမှုကြီးကို ပြည်သူလူထုအများက ထောက်ခံရင် ထောက်ခံသလို မြန်မြန်အောင်မြင်မှာ ဖြစ်ပါတယ်။ ကျမတို့ဟာ ဘယ်သူ့ကိုမှ အန္တရာယ်ပြုချင်လို့ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ မုန်းလို့မဟုတ်ဘူး။ ပြည်သူလူထုကို မေတ္တာရှိလို့လုပ်နေတဲ့ အလုပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လူထုရဲ့ မေတ္တာကိုလည်း အားကိုးပါတယ်။' ထောက်ခံမှုကိုလည်း အားကိုးပါတယ်။ ကျမတို့ကို ဒီလိုလာပြီးကြိုဆိုတာ အများကြီး ကျေးဇူးတင်ပါတယ်။ သတ္တိရှိရှိနဲ့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရောက်သည့်အထိ အားလုံးဆက်ပြီးတော့ ချီတက်သွားနိုင်ပါစေလို့ ဆုတောင်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။

## မအူပင်မြို့

မအူပင်ဆိပ်ကမ်းမှလူထုသည် လွန်ခဲ့သော နှစ်ရက်ကတည်းက ညစဉ် သေနတ်ပစ်ဖောက် ခြောက်လှန့်ထားခံရသည့်လူထုဟု ယုံနိုင်စရာမရှိပါချေ။ လမ်းပိတ်ထားသည်ဟူသော ဆိုင်းဘုတ်များ၊ ခြိမ်းခြောက်မှုမျိုးစုံနှင့် လူထုအပေါင်း ငြိမ်ဝပ်ပိပြားစေရန် မအူပင် 'မဝတ'က အမျိုးမျိုး ကြိုးစားခဲ့သော်လည်း ၎င်းတို့မျှော်လင့်သကဲ့သို့ မဖြစ်ခဲ့ပါ။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် သတ်မှတ်ထားသောဆိပ်ကမ်းတွင် မဆိုက်မကပ်ပဲ အဆင်ပြေရာ ဆိပ်ကမ်းရောက်မှကပ်ပြီး ရွှေဘုန်းမြင့်စေတီတော်သို့ မအူပင်လူထုနှင့်အတူ ခြေလျင်သွားရောက် ဖူးမျှော်ကြပါသည်။ လမ်းတလျှောက်တွင် လူထုက ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ၊ ဒီမိုကရေစီအရေးတော်ပုံအောင်ရမည် စသည့် ကြွေးကြော်သံများနှင့်အတူ ဒီမိုကရေစီလိုချင်သော ၎င်းတို့၏ ပြင်းပြသောဆန္ဒကို ရဲဝံ့စွာ ရင်ဖွင့်ပြသခဲ့ပုံကလည်း အလွန်ပင် အားတက်စရာဖြစ်ပါသည်။ ယခုအခါ အဆင်မပြေဖြစ်ခဲ့ရမှုများ၊ လက်ရှိနိုင်ငံရေး၊ စီးပွားရေး အခြေအနေများ၊ အုပ်ချုပ်ဝင်တို့ ချုပ်ချယ်ခံနေရမှုများအား မအူပင်လူထုနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ မအူပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ဆွေးနွေးနေသည့်အခါ 'မဝတ'က သေနတ် ၇ ချက် ပစ်ခတ်ခြောက်လှန့်ပြီး လူစုခွဲပါသည်။

ဒီကိစ္စဟာ မတရားပါဘူး။ ကျမတို့အဖွဲ့ချုပ်ကို ဦးတည်ပြီးတော့ လုပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးရွာတို့၊ ရပ်ကွက်တွေမှာ ဆိုင်းဘုတ်တင်ခွင့် မပြုပါဘူး။ သူတို့ပေးတဲ့အကြောင်းကတော့ ဒီလို ကျေးရွာတို့၊ ရပ်ကွက်တွေမှာ ဆိုင်းဘုတ်တင်ခွင့်ပြုလို့ရှိရင် ဟိုအရင် သန့်ရှင်း-တည်မြဲ စတဲ့ကလို ဆိုင်းဘုတ်တင်ထားတဲ့ ရုံးချင်း-ရုံးချင်း ပဋိပက္ခဖြစ်ပြီးတော့ ရန်ပွဲတွေ ဖြစ်မှာစိုးလို့တဲ့။ အမှန်ကိုလုပ်ရတာဟာ အမှားကို လုပ်ရတာထက် အများကြီး ခက်ပါတယ်။ ဒါပေမယ့်လည်း နောက်ဆုံးကျတော့ အမှန်လုပ်တဲ့သူတွေကသာ အောင်မြင်ရမှာပါ။ အမှန်တရားလုပ်တဲ့သူတွေကသာ ရှုံးရင်လည်း နိုင်ရမယ်။ နိုင်ရင်လည်း နိုင်ရမယ်ဆိုတာ ပြောလို့ရပါတယ်။ အမှန်တရားအရ မလုပ်တဲ့သူတွေကတော့ ရှုံးရင်လည်း ရှုံးရမယ်၊ နိုင်ရင်လည်း ရှုံးမှာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအခွင့်အရေး လိုချင်တယ်ဆိုတာ ဘယ်သူ့ကိုမှ ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ ဆွဲဖြုတ်ချင်လို့ မဟုတ်ဘူး။ ပြည်သူလူထု
ဟာ စိုးရိမ်ကြောင့်ကြမှုကင်းဝေးစွာနဲ့ ကိုယ့်အသက်မွေးဝမ်းကျောင်း ကို
လွတ်လွတ်လပ်လပ် လုပ်ရှားနိုင်အောင်လို့ဆိုတဲ့စိတ်မျိုးနဲ့ ဒီမိုကရေစီအတွက်
တိုက်နေကြတာပဲ။ အားလုံးက ဒီအခွင့်အရေးလိုချင်ရင် အားလုံးက ဝင်ပြီး
တော့ လှုပ်ရှားရမှာပဲ။ ကျမတို့ခေတ်မှာ ကျမတို့ ကုသိုလ်ကံကြောင့်မို့လ
ဒီတိုင်းပြည် ပြည်သူလူထုကို အကြောက်တရားကနေပြီးတော့ လွတ်မြောက်
အောင် လုပ်ပေးနိုင်တဲ့ အခွင့်အရေးတွေ ရလာတယ်။ ဒီအခွင့်အရေးက
လက်လွှတ် အဆုံးရှုံးမခံပါနဲ့။ ဒီလို ပြည်ထောင်စုအသစ်တည်ထောင်ဖို့ အခွ
အရေးတွေကို လက်လွှတ်လိုက်ရင် ကျမတို့ဟာ သမိုင်းပေးတာဝ
မကျေပွန်သူတွေအဖြစ် သမိုင်းမှာ အင်မတန်မှ အပြစ်တင်စရာ ဖြစ်မှာပါပဲ
ကျမတို့က ပြည်သူလူထုကို အားကိုးတယ်၊ ပြည်သူလူထုကလည်
ကိုယ့်ကိုကိုယ် အားကိုးကြပါ။ ကိုယ့်ကိုကိုယ် အထင်မသေးကြပါနဲ့။ လူထု
အင်အားဆိုတာ အင်မတန်မှ ကြီးပါတယ်။ လူထုရဲ့အင်အားကို မလေးစား
မနေနိုင်ပါဘူး။ ကျမတို့ကလည်း လေးစားတယ်၊ နောင်လည်း အစိုး
အဆက်ဆက်က လေးစားသင့်တယ်။ ပြည်သူလူထုကို လေးစားတဲ့အစိုးရမျိုး
ကျမတို့က ဖြစ်စေချင်ပါတယ်။ ဒါမှ တိုင်းပြည်မှာလည်း အကျိုးဖြစ်မယ်
ပြည်သူလူထုလည်း စိတ်ချမ်းသာပါမယ်။

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ သွားရာနောက်လိုက်ပြီး ဒီမိုကရေစီရေးအတွက်
ထောက်ခံအားပေးကြသည့် ရာနှင့်ချီသော မအူပင်လူထုကို မအူပင်ဆိပ်ကမ်း
ပြန်အထွက်တွင်လည်း မြစ်မေတ္တာသင်္ဘောပေါ်မှ ယခုကဲ့သို့ မေတ္တာပို့ပါသည်။*

ကျေးဇူးတင်ပါတယ်။ အားလည်း အားထားပါတယ်။ ဒီလို ပြည်
လူထုရဲ့ ဖွဲ့သတ္တိပေါ်မှာ အခြေခံပြီးတော့ ကျမတို့ဟာ ပြည်ထောင်စုသစ်ကြီး
တည်ထောင်ရမှာပါ။ အားလုံးကို အများကြီးပဲ ကျေးဇူးတင်ပါတယ
ပြည်သူလူထု အားလုံး အန္တရာယ်အမျိုးမျိုးက ကင်းဝေးနိုင်ကြပါစေ။ ကျမ်း
ချမ်းသာနိုင်ကြပါစေလို့ ဆုတောင်း မေတ္တာ ပို့ပါတယ်။

## သံပုရာချောင်းရွာ

*အစီအစဉ်မရှိသော်လည်း အများဆန္ဒအရ၊ အများတောင်းဆိုသည့်အတွ
ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် သံပုရာချောင်းရွာသို့ဝင်ပြီး ပြည်သူလူထု
ယခုကဲ့သို့ နှုတ်ဆက်ပါသည်။*

အများကြီး ကျေးဇူးတင်တယ်။ ဒီလိုပဲ ဆက်ပြီးတော့ ကို
မှန်တယ်လို့ထင်တဲ့ကိစ္စကို အမှန်တရားအတိုင်း လုပ်သွားလို့ရှိရင် အောင်မြင်

မှာပါ။ စိတ်မငယ်ကြပါနဲ့။ အားမငယ်ကြပါနဲ့။ အခုချိန်မှာ တွေ့နေရတဲ့
အခက်အခဲတွေဟာ ဒီမိုကရေစီခေတ်ကျရင် ပျောက်သွားရမှာပါ။ ဒီလို
အခက်အခဲတွေ ပြည်သူလူထု ဆက်ပြီး မတွေ့ကြုံရအောင်လို့ ကျမတို့
ဒီလှုပ်ရှားမှုထဲမှာ ပါဝင်နေတာပဲ။ တကယ်ဆိုလို့ရှိရင် လူထုဆိုတာ ဘာမှ
အမှားမပါတဲ့ကိစ္စကို လွတ်လွတ်လပ်လပ် စိတ်အေးအေးချမ်းချမ်းနဲ့ လုပ်ပိုင်ခွင့်
ရှိရမယ်။ အခုဆိုလို့ရှိရင် ဘာမှ အမှားလည်းမပါပဲနဲ့ ကိုယ်ဖာသာကိုယ်
လုပ်ချင်တဲ့ကိစ္စကို ကြောင့်ကြပြီးတော့၊ စိုးရိမ်ပြီးတော့ လုပ်နေရတဲ့ဘဝ
ဖြစ်နေတယ်။ ဒီဘဝကနေပြီးတော့ ပြည်သူလူထု လွတ်မြောက်ရေးအတွက်
ဒီမိုကရေစီလှုပ်ရှားမှုကို စတင်ရတာပဲ။ နောင် ပြည်သူလူထုဟာ စိုးရိမ်
ကြောင့်ကြပြီးတော့ နေရတဲ့ဘဝကို မရောက်ရေးအတွက် ကျမတို့ ဆက်ပြီး
တော့ ကြိုးပမ်းသွားပါမယ်။ လူထုကလည်း ကျမတို့ကို အားပေးကြပါ၊
ထောက်ခံကြပါ။

## ရွှေဂါးရွာ

*မြစ်မေတ္တာသည် ကျွဲခုံသို့သွားရာချောင်းထဲသို့ မဝင်နိုင်သည့်အတွက် အကြိုလာသော
စက်လှေများနှင့် ကျွဲခုံရှိရာကို သွားကြပါသည်။ ကျွဲခုံ၌ မအူပင်စစ်တပ်သည်
ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို ကြိုတင်စောင့်နေခဲ့ပါသည်။ ဇန်နဝါရီလ ၁၄
ရက်နေ့ ညနေ ၅ နာရီတွင် ကျွဲခုံမှလာကြိုသောစက်လှေများနှင့် မြစ်မေတ္တာ
သင်္ဘောရှိရာသို့ ပြန်လာခဲ့ကြပြီး အချိန်ကြောင့်မဝင်နိုင်ခဲ့သော မြစ်မေတ္တာ
ဆိုက်ကပ်ရပ်နားရာ ရွှေဂါးရွာမှလူထုကို မြစ်မေတ္တာပေါ်မှ နှုတ်ဆက်စကား
ပြောကြားပါသည်။*

ခြိမ်းခြောက်ဖိနှိပ်မှု မျိုးစုံကြားကနေ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံ
တဲ့အတွက် ပိုပြီးတော့ ဂုဏ်ယူတယ်။ ပိုပြီးတော့လည်း ကျမတို့ အားရတယ်။
ဧရာဝတီတိုင်းမှာ လူ ၁၀ ယောက်တွေ့လိုက်တာဟာ တခြားတိုင်းတွေမှာ
လူတထောင် တွေ့လိုက်ရသလိုပဲ ကျမတို့စိတ်ထဲမှာရှိတယ်။ ဧရာဝတီတိုင်းမှာ
ဒီလောက်တောင်မှ သတ္တိနဲ့ရင်းပြီးတော့ လုပ်ရတယ်ဆိုတာ ကျမတို့ နားလည်
တယ်။ အမြဲပဲ ချီးမွမ်းတယ်။ ကျမ ဒီလမ်းတလမ်းလုံး လာတဲ့အခါမှာ
ရွာကနေပြီးတော့ ရွာသူရွာသားတွေက ထွက်ပြီးတော့ အလံလေးတွေနဲ့
ဆက်ပြလို့ရှိရင် ကျမ အင်မတန်မှ ဝမ်းသာဘယ်။ တကယ့် စေတနာနဲ့
မေတ္တာနဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံချင်လို့ဆိုပြီးတော့ ဆက်ပြီးတော့
ရဲရဲဝံ့ဝံ့သားသား လုပ်ခဲ့ကြတာဟာ ကျမတို့အတွက် အင်မတန်မှ တန်ဖိုး
ရှိပါတယ်။

ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်နိုင်ဖို့ဆိုတာ ပြည်သူလူထုနဲ့ ကျမတို့
အဖွဲ့ချုပ်က လက်တွဲပြီးသွားမှ အောင်မြင်နိုင်မှာပါဆိုတာ ကျမတို့ ယုံကြည်
ပါတယ်။ ပြည်သူလူထုကို မေတ္တာရှိလို့၊ တိုင်းပြည်ပျက်စီးနေတာကို မကြည့်

www.burmeseclassic.com

www.burmeseclassic.com

ရက်လို့၊ ပြည်ထောင်စုကြီးကို ဖိုပြီးတော့ တိုးတက်စေချင်လို့ ဆိုပြီး ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ကျောင်းသားလူငယ်တွေကနေ စပြီးတော့ ပါ တယ်။ ဒီလောက်တောင်မှ ကျောင်းသားလူငယ်များက သတ္တိနဲ့ မိမိ အသက်တွေကို စတေးပြီးတော့ စခဲ့တဲ့လှုပ်ရှားမှုကို အောင်မြင်သည့် ဆက်ပြီးတော့လုပ်သွားဖို့ ကျမတို့မှာ တာဝန်ရှိပါတယ်။ မှန်ကန်တဲ့ကိ လုပ်တဲ့နေရာမှာ အမြဲပဲအောင်မြင်ရမှာပါ။ အသက်ဆုံးရှုံးသွားတဲ့ ကျောင်း လေးများပင်လျှင် အောင်မြင်တယ်လို့ ကျမတို့က သတ်မှတ်ရမ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ မှန်ကန်တဲ့လမ်းကို လျှောက်ခဲ့တ အများအကျိုးအတွက် အသက်ကို စွန့်ခဲ့တယ်။ ဒီလိုလုပ်ခဲ့တဲ့အတွ သူတို့ဟာ အမြဲအောင်မြင်ရမယ်။

ဒီအချိန်မှာ သတ္တိရှိရှိနဲ့ လုပ်လိုက်လို့ရှိရင် နောင်ကျရင် ကျမတို့ မကြောင့်ကြရတဲ့ခေတ်ကို ရောက်သွားနိုင်ပါတယ်။ ဒီအချိန်မှာ ကြောက် တော့ လုပ်သင့်သလောက် မလုပ်ခဲ့လို့ရှိရင် နောင် ဆက်ပြီး ကြောက်နေရတဲ့စနစ်ကို ရှင်သန်အောင် လုပ်ပေးသလို ဖြစ်သွားပါမ လူတယောက်အနေနဲ့လည်း အများကြီး ဂုဏ်သိက္ခာကျပါတယ်။ အဲဒီ အားလုံးက မှန်တာလုပ်လို့ရှိရင် ကြောက်နေလည်း လုပ်ရမှာပါ။ သတ္တိရှိ လာပြီးတော့ထောက်ခံတာ ကျမတို့မြင်လို့ရှိရင် အများကြီး ဂုဏ်ယူပါတ အများကြီး ကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့ ထောက်ခံကြပါလို့လည မေတ္တာရပ်ခံချင်ပါတယ်။ ပြည်သူလူထုအားလုံးလည်း ဘေးအန္တရာ အပေါင်းမှ ကင်းဝေးပါစေလို့ ကျမတို့ ဆုတောင်းမေတ္တာပို့ပါတယ်။

## ရွှေလောင်း

*ရွှေလောင်း 'မဝတ'က အခြိမ်းအခြောက် အဟန့်အတားမလုပ်သည့်အတွ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ရွှေလောင်းလူထုနှင့် ၁၄–၁–၈၉ ၌ အေး ဆေးဆေး တွေ့ဆုံခွင့်ရပါသည်။*

ဒီလောက်တောင် နောက်ကျတာကို စိတ်ရှည်ရှည်နဲ့စောင့်ပြီး ကျမ လှုပ်ရှားမှုကို သတ္တိရှိရှိနဲ့ထောက်ခံတာ အများကြီးဂုဏ်ယူပါတယ်။ အားလ အားကိုးပါတယ်။ ဒီလိုပဲ ဆက်ပြီးတော့ ထောက်ခံကြပါ။ ကျမတို့အား သတ္တိရှိရှိနဲ့ လိုချင်တဲ့ပန်းတိုင်ကို ချီတက်သွားမယ်ဆိုရင် မုချ အောင်မြ ပါလိမ့်မယ်။ အခုလုပ်နေတဲ့ကိစ္စကလည်း အများအကျိုးအတွက် လုပ်နေတာ အဲ့ဒီတော့ မှန်တဲ့၊ ကန်တဲ့ကိစ္စကို လုပ်တဲ့သူဆိုတာ ဘယ်တော့မှ မရှုံးနိုင်ဘူ အောင်မြင်ခြင်းသာ ရှိစေရမယ်။ လူသာ ကျသွားရမယ်။ အောင်မြင်ြ ကတော့ အမြဲရှိမှာပဲ။ ဒါ့ကြောင့် ကျမတို့ဟာ မှန်တဲ့ ကန်တဲ့ တိုင်းပြ အကျိုးအတွက် ပြည်သူအကျိုးအတွက် ဒီမိုကရေစီ လှုပ်ရှားမှုကြီး ပါဝင်နေကြပါတယ်။ ဒီလိုပါဝင်နေကြတဲ့ လှုပ်ရှားမှုကြီး အောင်မြင်ဖို့ဆို



ပြည်သူလူထုရဲ့ ထောက်ခံမှုလိုပါတယ်။ အားလုံးပဲ ဝိုင်းပြီး ထောက်ခံကြပါ။ အားပေးကြပါ။ အားလုံး လက်တွဲပြီး ချီတက်သွားရင် အောင်မြင်မှာပါ။ အခုခံနေရတဲ့ဒုက္ခတွေ၊ အခုရင်ဆိုင်နေရတဲ့ အန္တရာယ်တွေဟာ အောင်မြင်တဲ့ အခါကျရင် အားလုံး ပပျောက်သွားမှာပါ။ တိုင်းပြည်တပြည်လုံး၊ ပြည်သူလူထုအားလုံး ကျန်းမာ၊ ချမ်းသာပြီး ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးကြပါစေလို့ ကျမတို့ အဖွဲ့ချုပ်မှ အမြဲပဲဆုတောင်း မေတ္တာပို့ပါတယ်။

## ကျုံမငေး

*၁၅ ရက်နေ့ နံနက် ကျုံမငေးကမ်းတက်ရန် မြစ်မေတ္တာပေါ်မှ အသံချဲ့စက်နှင့် မေတ္တာရပ်ခံခဲ့ရပြီး ကမ်းတက်ခွင့်ရ၍ တက်သောအခါ ဈေးရပ်ကွက် အ–မ–က ကျောင်းရှေ့၌ 'မဝတ' တပ်ကြပ်တဦး၏ ဥပဒေမဲ့ လက်နက်အားကိုး ခြိမ်းခြောက်မှု ကို ရင်ဆိုင်ရပါသည်။*

ကျည်ထိုး

နောက်ကအဖွဲ့တွေ ရပ်ထားဖို့ တောင်းပန်ပါတယ်။

နောက်ကအဖွဲ့တွေ ရပ်ထားဖို့ တောင်းပန်ပါတယ်။

နောက်ကအဖွဲ့တွေ တက်ဖို့အတွက် ကျနော်တို့မှာ အမိန့်ပေးထား တာ မရှိပါဘူး။

မိမိရဲ့ နေရာဌာနကို ပြန်လည်ချီတက်ဖို့ မေတ္တာရပ်ခံပါတယ်။

ကျုံ ရှေ့ကချီတက်လာတဲ့သူ ခဏရပ်ထားပါ။

ရပ်ထားပါ။

ရပ်ထားပါ။

ရပ်ထားဖို့ တောင်းပန်နေပါတယ်။

*ဝဝဝ သိနိုင်ပြီးသည့်အခါတွင် ခြိမ်းခြောက်မှုများကြားမှ အားရဝမ်းသာနှုတ်ဆက် ကြ၍ ဒီမိုကရေစီလိုချင်သောဆန္ဒအမှန်ကိုပြနေသည့်လူထု၏ လက်ခုပ်သံများနှင့် အတူ စကြာမဟာသီရိဘုရားကိုဖူးမျှော်ပြီး ကျုံမငေးမြို့ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးကို သွားရောက်ပါသည်။*

အတွေ့အကြုံတွေ အမျိုးမျိုးနဲ့ တွေ့ကြုံခဲ့ရပါတယ်။ ဒီအတွေ့အကြုံ တွေအားလုံးက အင်မတန်မှ စိတ်ဝင်စားစရာကောင်းပါတယ်။ အင်မတန်မှ လည်း အားတက်စရာကောင်းပါတယ်။ ကျုံမငေးမှာဆိုရင် ဒီက အဖွဲ့ဝင်တွေ ကရော၊ ပြည်သူလူထုကရော ဒီမိုကရေစီလိုချင်လွန်းလို့ အင်မတန်မှ သတ္တိနဲ့

www.burmeseclassic.com

လှုပ်ရှားနေတာ မြင်ရပါတယ်။ ဒီလိုမြင်ရတဲ့အခါကျတော့ အင်မတန်မှ အားရတယ်။ မနက်က အဖြစ်အပျက်တွေနဲ့ ပတ်သက်လို့ စကားတခု သုံးခဲ့တဲ့အခါ အာဏာဆိုတဲ့စကားကို သုံးခဲ့တယ်လို့ ကျမ နားလည်တယ်။ ဒီအာဏာနဲ့ပတ်သက်လို့ ကျမ နည်းနည်းလေး ပြောချင်တယ်။ ကျမတို့ အဲ ဒီမိုကရေစီ လှုပ်ရှားမှုထဲပါဝင်လာတာဟာ အာဏာလိုချင်လို့ ပါဝင်လာကြတာ မဟုတ်ဘူး။ တာဝန်ကို ထမ်းဆောင်ချင်လို့ ပါဝင်လာကြတာပဲ။ အဲဒီတော့ ကျမတို့အဖွဲ့ချုပ်အတွက်ရော၊ လှုပ်ရှားမှုထဲပါဝင်နေတဲ့ ပြည်သူလူထုအတွက်ရော၊ အဓိက စကားလုံးဟာ အာဏာမဟုတ်ပါဘူး။ တာဝန်ပါ။ ပြည်ထောင်စုနဲ့ ပြည်သူလူထုအပေါ်မှာရှိတဲ့ တာဝန်ပါ။ ပြည်ထောင်စုနဲ့ ပြည်သူလူထုအပေါ်မှာရှိတဲ့ တာဝန်အရ ဒီလှုပ်ရှားမှုထဲမှာ အားလုံးပါဝင်သင့်တယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာဆိုရင် ကျမတို့ ပြည်ထောင်စုကြီးဟာ တိုးတက်သင့်သလောက် မတိုးတက်ဘူး။ မတိုးတက်ရုံတင် မကဘူး။ အင်မတန်မှ ကျဆင်းနေတယ်။ အင်မတန်မှ ဆင်းရဲနေတယ်။ ညီညွတ်သင့်သလောက် မညီညွတ်ဘူး။ ကွဲပြားနေတယ်။ လူတွေ စိတ်ဝမ်းကွဲနေတဲ့ အခြေအနေကို ရောက်နေတယ်။ အဲဒီတော့ ပြည်ထောင်စု နစ်နာတယ်။ ပြည်ထောင်စု နစ်နာရင် ပြည်သူလူထုနစ်နာတာပဲ။

ပြည်သူလူထုနစ်နာတာ မကြည့်ရက်လို့ ဆိုပြီးတော့ စေတနာနဲ့ ဝင်လာတဲ့၊ မေတ္တာနဲ့ ဝင်လာတဲ့သူတွေဟာ ဒီမိုကရေစီ လှုပ်ရှားမှုထဲ ပါဝင်နေတဲ့အခါကျရင် အဓိက တာဝန်ကိုရှေ့ထားပြီး လုပ်ရမှာပဲ။ ဒါကြောင့် ကျမတို့ အဖွဲ့ချုပ်က အာဏာလိုချင်လို့ လုပ်နေတာမဟုတ်ဘူး။ တာဝန်ကို ထမ်းဆောင်ချင်လို့ လုပ်နေတယ်ဆိုတာ အများနားလည်ဖို့ လိုပါတယ်။ ကျမတို့ဟာ မှန်ကန်တဲ့နည်းနဲ့ ကိုယ်လိုချင်တာကို လုပ်နိုင်တဲ့ အရည်အချင်းတွေ ရှိအောင်လို့ ကိုယ့်ကိုကိုယ် ပြုစုပျိုးထောင်ရမယ်။ တခြားလူတွေကိုလည်း ဒီလို အရည်အချင်းတွေရှိအောင် ပြုစုပျိုးထောင်ပေးရမယ်။ ဒီလိုဆိုရင် ကျမတို့ဟာ အဆင့်မြင့်တဲ့နိုင်ငံရေး လုပ်နိုင်မယ်။ အဆင့်မြင့်တဲ့ နိုင်ငံရေး လုပ်နိုင်မှ အဆင့်အတန်းမြင့်တဲ့ နိုင်ငံတခု ဖြစ်လာမယ်။

ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုပဲ။ ဒါလည်း ကျမ ပြောလေ့ရှိပါတယ်။ ပြည်သူလူထုအုပ်ချုပ်မှုဆိုတော့ အာဏာဟာ ပြည်သူလူထု လက်ထဲမှာပဲ ရှိပါတယ်။ ပြည်သူလူထုဟာ မိမိတို့ လက်ထဲမှာရှိနေတဲ့ အာဏာနဲ့ တိုင်းပြည်အကျိုးကို ဆောင်မယ့်သူများကို အစိုးရလုပ်စေဆိုပြီးတော့ ခန့်ပိုင်ခွင့်ဟာ ဒီမိုကရေစီ အခွင့်အရေးပါ။ ဒီမိုကရေစီတာဝန်ကတော့ ခန့်သင့် ခန့်ထိုက်တဲ့သူကိုပဲ ခန့်ရမယ်။ ကိုယ့်မှာ ဒီလို ခန့်ပိုင်ခွင့်ရှိတဲ့အခွင့်အရေးကို အလွဲသုံးစားလုပ်ပြီးတော့ မခန့်သင့်တဲ့သူတွေကို အစိုးရအဖြစ် ခန့်လိုက်လို့ရှိရင် ပြဿနာ တက်မှာပဲ။ အဲဒီတော့ ပြည်သူလူထုမှာ အခွင့်အရေးရှိသလို တာဝန်ရှိတယ်။ ဒီမိုကရေစီစနစ်အောက်မှာ ဆိုလို့ရှိရင် ဥပဒေဘောင်အတွင်းက လွတ်လပ်ဖြိုးဖြောင့်မျှတတဲ့ ရွေးကောက်ပွဲနည်းနဲ့ တိုင်းပြည်ကိုအကျိုးပြုမယ့် အစိုးရမျိုးကို တင်မြှောက်ခွင့်ရှိပါတယ်။ ဒါ အခွင့်အရေးပဲ။ တချို့က ဒီမိုကရေစီဆိုတာ အားလုံးက ဗိုလ်ချည်းပဲလို့ထင်ကြတယ်။ တကယ်တော့



…ကရေစီဆိုတာ အားလုံးတန်းတူရည်တူလို့ ပြောတာမဟုတ်ဘူး။ အားလုံးဟာ …တူညီတူ အခွင့်အရေးရှိတယ်လို့ ပြောတာပဲဖြစ်တယ်။ အားလုံးမှာရှိတဲ့ …တူညီတူအခွင့်အရေးနဲ့ အများအကျိုးဆောင်မယ့်သူတွေကို ရွေးထုတ်ပိုင်ခွင့် …တာ ရှိတယ်။ ဒါကို ပြောတာပဲ။ အစိုးရဟာ ပြည်သူလူထု ဆင်းရဲနေတဲ့ …ါမှာ ခိမ်နဲ့နေဖို့ မစဉ်းစားသင့်ဘူး။ နောက်တက်မယ့်အစိုးရဟာ …မတန်မှရှန်းကန်ရမယ့် အစိုးရပါ။ အဲဒီတော့ နောင်တက်မယ့် အစိုးရထဲမှာ …ဝန်းပြီး ပါဝင်ကူညီလိုတဲ့သူများဟာ နေရာလိုချင်လို့ မဟုတ်ပဲ၊ အာဏာ …ချင်လို့ မဟုတ်ပဲ၊ ချမ်းသာချင်လို့ မဟုတ်ပဲ ပြည်သူ့အကျိုးအတွက် …နာခံလိုတဲ့လူမျိုး ဖြစ်ဖို့လိုပါတယ်။

*…မေး 'မဝတ'သည် ကြိုဆိုသူလူအုပ်ထဲသို့ တုတ်နှင့်ပစ်၍ တနည်း၊ ပြည်သူလူထု …ကို ပါးရိုက်၍တဖုံ၊ အဖွဲ့ချုပ်ဝင်များအတွက် ထမင်းအိုးသယ်သူကို ကြန့်ကြာ …နှောင့်ယှက်ကာတမျိုး ပြုမူကြရုံနှင့် အားမရပဲ နှုတ်ဆက်သူများအကြားကို …က် အတွဲလိုက်ပစ်ဖောက်ပြီး မြို့လုန့်၊ ရွာလုန့် လုန့်ခဲ့ပါသည်။ အပြန်၌ …မောင်ဆန်းစုကြည်သည် ဆိပ်ကမ်းတွင် သင်္ဘောပေါ်မှနေ၍ လူထုကို ယခုကဲ့သို့ …ပြောကြားပါသည်။*

ဒီလို နှုတ်ဆက်အားပေးတဲ့ ကျုံမငေးပြည်သူလူထုကို အများကြီးပဲ …တင်ပါတယ်။ အားလုံး ပြည်သူလူထုအပေါင်း ကျန်းကျန်းမာမာ …ချမ်းသာသာနဲ့ အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးပါစေလို့ ဆုတောင်း …ပါတယ်။

## …ကက်ရွာ

*…မေ ပြို့နယ် ကန်ဘက်ကျေးရွာ 'မဝတ'က အထူးအထွေ ဟန့်တား …ယှက်ခြင်း မပြုခဲ့သော်လည်း အချိန်မရှိတော့သည့်အတွက် ကန်ဘက်လူထုကို …ပေါ်မှပင် နှုတ်ဆက်ရပါသည်။*

လှုပ်ရှားရဲအောင်လို့၊ လှုပ်ရှားနိုင်အောင်လို့ စည်းရုံးရေးခရီး ထွက်တာ …ဒါကိုလည်း အားလုံးက သိစေချင်ပါတယ်။ စေတနာတွေနဲ့ လုပ်နေတဲ့ …ပါ။ ဘယ်သူ့ကိုမှ မုန်းတီးလို့ လုပ်နေတဲ့ အလုပ်မဟုတ်ပါဘူး။ …ပြည်အတွက်၊ ပြည်သူလူထုအတွက် ဒီမိုကရေစီစနစ်အောက်မှာမှ အကျိုး …မယ်ဆိုတာ ယုံကြည်လို့ ဒီမိုကရေစီစနစ်အတွက် လှုပ်ရှားနေတာ ဖြစ်ပါ …။ ဒီမိုကရေစီစနစ်အောက်မှာဆိုလို့ရှိရင် လူတိုင်းလူတိုင်းဟာ လူ့အခွင့် …ကို ပြည့်ပြည့်ဝဝ ခံစားနိုင်ရမယ်။ လူဖြစ်လာမှ လူ့အခွင့်အရေး …ခံစားနိုင်ခွင့်ဆိုတာ လူတိုင်းမှာ ရှိသင့်ပါတယ်။ ဒီလို လူ့အခွင့် …လူများခံစားထိုက်တဲ့ အခွင့်အရေးများကို ပိတ်ပင်တဲ့ စနစ်များကို

www.burmeseclassic.com

www.burmeseclassic.com

ကျမတို့ တော်လှန်ချင်တဲ့သဘောနဲ့ ဒီမိုကရေစီ လှုပ်ရှားမှုထဲ ပါဝင်နေ
ဖြစ်ပါတယ်။ လူတိုင်း၊ လူတိုင်းအပေါ်မှာ စေတနာ၊ မေတ္တာရှိလို့ ပါဝင်နေ
ကိစ္စပါ။ ဒါ့ကြောင့် ပြည်သူလူထုအနေနဲ့ ဝိုင်းပြီးတော့ ထောက်ခံကြ
ဘယ်လှုပ်ရှားမှုမဆို အောင်မြင်ဖို့ဆိုတာ အများပြည်သူရဲ့ ထောက်ခံမှု
ဖြစ်ပါတယ်။ အများပြည်သူထောက်ခံမှုမရှိတဲ့ စနစ်ဟာ ဘယ်တော
မအောင်မြင်နိုင်ဘူး။
*(အထက်ပါမိန့်ခွန်းမှာ ကောက်နှုတ်ချက်သာဖြစ်သည်။)*

## ဘီတွတ်ရွာ

*'မဝတ'၏ အခြိမ်းအခြောက် အတားအဆီးများ မရှိသည့်အတွက် ဘီတွတ် ကျေ*
*မှ လူထုနှင့် လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် အေးအေးချမ်းချမ်း၊ ရင်းရင်း*
*တွေ့ဆုံ ဆွေးနွေးခွင့်ရပါသည်။*

ကျမတို့ ဒီလို စည်းရုံးရေးခရီး ထွက်လာတာဟာ ပြည်သူလူ
နီးနီးကပ်ကပ်၊ ပြည်သူလူထုရဲ့ဆန္ဒကို သိချင်လို့၊ ကျမတို့ သဘောထား
ကိုလည်း ပြည်သူလူထုကို သိစေချင်လို့ စည်းရုံးရေးခရီး ထွက်လာ
ဖြစ်ပါတယ်။ ကျမတို့ သဘောထားတွေကလည်း သိပ်ပြီးတော့ ခက်ခက်
ရှင်းပြနေစရာ မလိုပါဘူး။ အများပြည်သူလိုချင်နေတဲ့ လူ့အခွင့်အ
ပြည့်ပြည့်စုံစုံခံစားရမယ့် ဒီမိုကရေစီစနစ်ကို အားလုံးလိုလားပါတယ်။ ဒီ
ရရှိရေးအတွက် အားလုံးဟာ ရုန်းကန်ကြိုးပမ်းနေတာ ဖြစ်ပါတယ်။
ရုန်းကန်ကြိုးပမ်းနေတဲ့အခါမှာ ကျမတို့ဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စည်းကမ်
လုပ်ချင်တဲ့ ဆန္ဒပဲရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့အလုပ်
မေတ္တာအရင်းခံပြီး လုပ်တဲ့အလုပ်ပါ။ တိုင်းပြည်အကျိုး၊ ပြည်သူ့အ
လုပ်တယ်ဆိုတာဟာ ငြိမ်းငြိမ်းချမ်းချမ်းလုပ်မှ ပြည်သူလူထုလည်း မနစ်နာ
ဒီတိုင်းပြည်၊ ဒီမြေကြီးဟာ အင်မတန်မှ ချမ်းသာတယ်၊ ပြည်သူလူထုတွေ
အင်မတန်မှ ဆင်းရဲနေတယ်။ ဒါ မဖြစ်သင့်တဲ့ကိစ္စပဲ။ ဒီတိုင်းပြည်၊ ဒီမြေ
ဟာ ဒီလောက်တောင်မှချမ်းသာနေရင် မှန်မှန်ကန်ကန်လမ်းနဲ့ ပြည်သူ
အတွက် အကျိုးဆောင်သွားမယ့် အစိုးရများဟာ ပြည်သူလူထုကိုလ
ချမ်းသာအောင် လုပ်ပေးနိုင်ရမယ်။

*လမ္ဗွတ္တာ 'မဝတ'က သဘော်ပေါ်မှဆင်းရမည့် လူဦးရေကို အတော်ပင် ချေ*
*ခဲ့ပါသည်။ အကြိုမော်တော်နှင့် အဖွဲ့ချုပ်တာဝန်ရှိသူတဦးက အချိန်ကြာမြ*
*ကြိုတင်မေတ္တာရပ်ခံဆွေးနွေးခဲ့ပြီးမှ သဘော်ပေါ်မှအဖွဲ့ဝင်အားလုံး နှစ်ယောက်*
*နှင့်၊ အယောက်နှစ်ဆယ် တစုခွဲပြီး ဆင်းလျှောက်ခွင့်ရခဲ့ပါသည်။ အိမ်အပြင်မထ*
*အမိန့်ကြားမှပင် လူထုက ခြံဝင်းလေးများထဲမှနေ၍ လက်ခုပ်တီး အားပေး*
*ကြပါသည်။ လမ်းတချို့တွင် ဖြတ်သန်းသွားလာခွင့်မပြု စသော ဆိုင်းဘုတ်မျ*
*အတူ လက်နက်ကိုင်စစ်သားများ စောင့်ကြပ်ခဲ့ပြီး အဖွဲ့ချုပ်ရုံးရှေ့တွင် အလှ*



*ချေးနွေးရန်စောင့်နေသော ပရိသတ်ကိုလည်း တပ်သားနှစ်ယောက်က ခြိမ်းခြောက်၊*
*ပေါက်ငန်း၊ နှင်ထုတ်ခဲ့ပါသည်။ ထိုသို့ဆက်မလုပ်ရန် အဖွဲ့ချုပ်ဝင်နှစ်ဦးက ပြောသော*
*အခါ မကျေမနပ်ဖြစ်ပြီး လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံးရှိရာထိ လိုက်လာကာ*
*ရုံးအဖွဲ့ချုပ်ဝင်နှစ်ဦးကို ဖမ်းရန် ကြိုးစားပါသည်။*

* * *

## ဝါးခယ်မမြို့

*၁၆ ရက်နေ့မနက် ၆း၄၅တွင် ဝါးခယ်မသို့ရောက်သောအခါ သက်ဆိုင်ရာ 'မဝတ'*
*နှင့် အရင်ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်ကြပါသည်။ 'မဝတ'က သတ်မှတ်ပေးထား*
*သော လမ်းများကိုသာသွားကြပြီး 'မဝတ'အနေနှင့် နှုတ်ဆက်သောလူထုကို*
*ကြိုးကြိုးမားမား ဟန့်တားမှုများ ,မလုပ်သည့်အတွက် အဆင်ပြေတန်သရွေ့*
*ပြုပါသည်။ သဘော်ပေါ်မှအဆင်းတွင် ဆိပ်ကမ်း၌ လာကြိုနေသော လူထုကို*
*ယမုကဲ့သို့ နှုတ်ဆက်ပါသည်။*

အခုလို ထောက်ခံအားပေးတဲ့အတွက် အများကြီး ကျေးဇူးတင်
ပါတယ်။ ပြည်သူလူထုကိုလည်း အားကိုးပါတယ်။ အားလုံး ကျန်းကျန်းမာမာ
ချမ်းချမ်းသာသာနဲ့ အန္တရာယ် အမျိုးမျိုးမှ ကင်းဝေးကြပါစေ။

*ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီးရှေ့၌ 'ဖြတ်သန်းသွားလာခွင့်မပြု'ဆိုသည့် ဆိုင်းဘုတ်*
*ကြောင့် ဆိုင်းဘုတ်နောက်ထိသာ လာရောက်ကြိုဆိုနိုင်သော ပြည်သူလူထုကို*
*တပ်သားများဘေးမှနေ၍သာ ယခုကဲ့သို့ မေတ္တာရပ်ခံပါသည်။*

အခုလို လာပြီးထောက်ခံတာ အရမ်းကို အားရပါတယ်။ အားလုံးဟာ
သတ္တိရှိရှိ၊ ဖွဲ၊ လုံ့လ၊ ဝီရိယနဲ့ မေတ္တာကိုအရင်းခံပြီး တိုင်းပြည်အကျိုးအတွက်
ပိုင်းဝန်း ဆောင်ရွက်ကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။

*ဝါးခယ်မမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌မူ အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့်*
*ရင်းနှီး၊ ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါသည်။*

ကျမတို့ ဝါးခယ်မကိုမရောက်ခင်ကတည်းက၊ သဘော်ပေါ်မှာတုန်းက
ဝါးခယ်မမှာ ဘယ်လိုအခြေအနေရှိမလဲလို့ အားလုံးကနေပြီးတော့ စဉ်းစား
ပြီးတော့ သုံးသပ်ကြပါတယ်။ ကျမတို့ထင်တဲ့အတိုင်းပဲ ဘယ်လိုပဲ အခက်အခဲ
တွေရှိရှိ ကျမတို့ အဖွဲ့ချုပ်ဝင်တွေနဲ့ ပြည်သူလူထုက အင်မတန်မှ
တက်တက်ကြွကြွနဲ့ အဖွဲ့ချုပ်ကို ထောက်ခံနေတယ်ဆိုတာ မြင်ရတော့
အများကြီး ဝမ်းသာပါတယ်။ အခက်အခဲကြားထဲက လုပ်ပေးလို့ကို ကျမတို့
ပိုပြီးတော့ အားတက်တယ်။ ပိုပြီးတော့ တန်ဖိုးထားပါတယ်။ ဘာလို့
တန်ဖိုးထားလဲဆိုတာဟာ ဒီလို အခက်အခဲကြားထဲက လုပ်နိုင်လို့ရှိရင် ကျမတို့

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ချုပ်ရဲ့အလုပ်ဟာ အောင်မြင်ရမယ်။ ဒီလောက်တောင်မှ အခက်အခဲတွေ
သတ္တိနဲ့၊ ဇွဲနဲ့ ရင်ဆိုင်နိုင်တဲ့ အဖွဲ့ချုပ်ဟာ ဒီမိုကရေစီလှုပ်ရှာ
အောင်မြင်ရေးအတွက် လုပ်နိုင်ရမယ်လို့ ယုံကြည်လို့ဖြစ်ပါတယ်။

ဘာဖြစ်လို့ ပြည်သူလူထုဟာ အဖွဲ့ချုပ်ကို ဒီလောက်တောင် ထောက
သလဲဆိုတာ အဖွဲ့ချုပ်ဝင်တွေက ပြန်ပြီးတော့ စဉ်းစားဖို့လိုပါတယ်။ ဘာဖြ
လို့ အဖွဲ့ချုပ်ကို ထောက်ခံသလဲဆိုတာ ဒီအဖွဲ့ချုပ်ဟာ ပြည်သူလူထုအများ
လိုလားနေတဲ့ စစ်မှန်တဲ့ဒီမိုကရေစီကို ရယူပေးနိုင်တဲ့ အဖွဲ့ချုပ်ဆိုပြီးတေ
ယုံကြည်အားထားမှုနဲ့ အားကိုးပြီးတော့ ထောက်ခံနေတာလို့ ကျမတေ
မြင်ပါတယ်။ အဲဒီတော့ ပြည်သူလူထုက ကိုယ့်ကို အားကိုးနေပြီ၊ ကိုယ့်
ယုံကြည်နေပြီ၊ ကိုယ်က ပြည်သူလူထု အားကိုးမှု၊ ယုံကြည်မှုနဲ့ ထိုက်တ
အောင်လို့ လုပ်ရမယ်၊ စဉ်းစားရမယ်၊ ဒါ ကျမတို့မှာ တာဝန်ရှိပါတယ
ဒီအဖွဲ့ချုပ်ဟာ အများပြည်သူအတွက်၊ ပြည်ထောင်စုအတွက် တည်ထောင်ထ
တဲ့ အဖွဲ့ချုပ် ဖြစ်ပါတယ်။ အဓိကကတော့ ပြည်ထောင်စုကြီးမှာ စစ်မှန်
ဒီမိုကရေစီ စိုးမိုးရေးအတွက် တည်ထောင်ထားတဲ့ အဖွဲ့ချုပ်ဖြစ်ပါတယ
ဒီဟာကို အောင်မြင်အောင်လုပ်ဖို့ဟာ အဖွဲ့ဝင်တိုင်းရဲ့ တာဝန်လ
ဖြစ်ပါတယ်။ ဒီတော့ အများပြည်သူများရဲ့ လက်ထဲမှာသာ အာဏာရှိရမယ်

အစိုးရဆိုတာ ပြည်သူ့ရဲ့အကျိုးကိုဆောင်မယ့် အဖွဲ့အစည်းတခု
အမြဲပဲရှိမယ့် အဖွဲ့အစည်း မဟုတ်ဘူး။ ပြည်သူက မိမိတို့သဘောကျမ
သူတွေကို ရွေးပြီးတော့ ငါတို့ရဲ့ဝတ္တရားတွေကို မင်းတို့လုပ်တော့ဆိုပြီးအ
ခန့်လိုက်တာဟာ အစိုးရပဲ။ ဒီတော့ အစိုးရများဟာ အများပြည်သူဆ
ကိုက်ညီအောင်လို့ လုပ်နိုင်ရမယ်။ အများအကျိုးကို ဆောင်ရွက်နိုင်ရမ
ဒီလို အများအကျိုးကို မဆောင်ရွက်နိုင်ဘူး၊ အများပြည်သူဆန္ဒနဲ့ ကိုက
အောင် မနေဘူးဆိုရင် ဒီမိုကရေစီစနစ်အောက်မှာ ပြည်သူလူထုဟာ ဥပ
ဘောင်အတွင်းက ဒီအစိုးရကို ဖြုတ်ချပြီးတော့ နောက်အစိုးရကို တင်ရမှာ
တင်ဖို့ အခွင့်အရေးလည်း ရှိတယ်။ တာဝန်လည်း ရှိတယ်။ ကျမတို့ဟာ
စနစ်မျိုးကို လိုချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုစနစ်မျိုးအောက်မှာဆို
ပြည်သူလူထု၊ နိုင်ငံသူ နိုင်ငံသားအချင်းချင်းမှာ ပဋိပက္ခ ဖြစ်ဖို့မလို
တချို့က ဒီလိုအစိုးရမျိုးကို လိုချင်တယ်။ တချို့က ဟိုအစိုးရ၊ ဒီအ
လိုချင်တယ် ဆိုလို့ရှိရင် ရွေးကောက်ပွဲမှာ အားလုံးကနေ ကြည်ကြည်ဖြ
ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆုံးဖြတ်ချက် ပေးလိုက်မှာပဲ။ အများမဲထည့်ပြီး အ
ရွေးကောက်လိုက်တဲ့အဖွဲ့ဟာ အစိုးရ ဖြစ်လာမယ်။

ဒီမိုကရေစီရရင် မိမိတို့တာဝန် ဘာဆိုတာသိရမယ်။ တက
ဆိုလို့ရှိရင် လူ့အခွင့်အရေး လိုချင်တဲ့သူများဟာ၊ မိမိတို့ကိုယ်တိုင် လူ့အ
အရေး ခံစားချင်တဲ့လူတိုင်းဟာ သူတပါးရဲ့လူ့အခွင့်အရေးကိုလည်း လေ
ရမယ်။ သူတပါးရဲ့လူ့အခွင့်အရေးကိုလည်း ကာကွယ်ပေးရမယ်။ စောင့်ရှေ
ပေးရမယ်။ ငါ့ကိုမထိရင် ပြီးရောဆိုတဲ့စိတ်မျိုး ထားလို့ရှိရင် နောက်
အားလုံးကို ထိလာမှာပဲ။ အဲဒီတော့ ကိုယ့်ရဲ့အသိ မိတ်ဆွေတွေ၊
မိတ်ဆွေမဟုတ်ရင်တောင်မှ တစိမ်းတယောက်ကို မဟုတ်မမှန်လုပ်



လုပ်တာ မြင်လို့ရှိရင် ဝိုင်းပြီးတော့ ကာကွယ်ပေးဖို့ တာဝန်ဟာ
မှာ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တနေ့ကျလို့ရှိရင် ဒီမတရားမှု
ကိုယ့်ဖက် လှည့်လာတဲ့အခါကျရင် ကိုယ့်ကိုလည်း ကာကွယ်ပေးစေချင်
တယ်။ ဒါ လူတိုင်းစိတ်ထဲမှာရှိတယ်။ ကိုယ့်ကိုထိလာလို့ရှိရင်၊ ကိုယ့်ကို
လာလို့ရှိရင် ဘေးကနေ ဝိုင်းပြီးတော့ ကာကွယ်ပေးစေချင်တဲ့
ရှိတယ်။ အဲဒီတော့ သူများကိုထိရင်လည်း ကိုယ်ကဝိုင်းပြီးတော့ ကာကွယ်
ရမယ်။ အများပြည်သူလူထု စိတ်ဒုက္ခရောက်နေတဲ့ တိုင်းပြည်မှာ
ချမ်းသာတဲ့လူဆိုတာ အင်မတန် ရှက်စရာကောင်းပါတယ်။ ဒီလောက်
မှ ကိုယ့်ဘေးကလူအများ ဆင်းရဲဒုက္ခ ရောက်နေလျက်သားနဲ့ ကိုယ်က
ချမ်းချမ်းသာသာနဲ့ နေနိုင်တယ်ဆိုတာ ကိုယ့်မှာ လူ့နှလုံးသား မရှိလို့ပဲလို့
မှတ်ရပါမယ်။ ကိုယ်တယောက်တည်း၊ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်း
ပဲ စိတ်ချမ်းသာရင် တော်ပြီလို့ ဆိုတဲ့သူများဟာ လူမဆန်ပါဘူး။

*နောက် ဝါးခယ်မ စည်းရုံးရေးကော်မတီသည် စိတ်ရှည် ဇွဲမှန် ခွင့်လွှတ်ရန်၊ မေတ္တာထား၊ ဆိုသည့်အချက် ငါးချက်ကို ခိုင်ခိုင်မတ်မတ်ကိုင်ပြီး ရေး လုပ်နေကြောင်း၊ ထိုသို့လုပ်ရာတွင် လုံ့လနှင့်ဇွဲ မလျော့ပဲ အမြဲ တင်းထားပြီး လုပ်နေကြောင်း၊ ထိုသို့လုပ်မှသာ အရာရာတွင်အသုံးဝင် မြင်ကြောင်းတရား ဖြစ်ကြောင်း ဝါးခယ်မ စည်းရုံးရေးအဖွဲ့ဝင်တဦးမှ ဝါးခယ်မ စည်းရုံးရေးကော်မတီ၏ ခံယူချက်ကို တင်ပြခဲ့ပါသည်။ လူထုထဲမှ လာသောမေးခွန်းများကို ဒေါ်အောင်ဆန်းစု ကြည်က ယခုကဲ့သို့ ပြန်လည် ကြားပါသည်။*

။ အဖွဲ့ချုပ်ဝင်တဲ့အိမ်မှာ မိသားစုရှိရင် ဖြစ်လာတဲ့ ပြဿနာပါ။
တင်ပြချင်တာကတော့ ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်
ရဲ့မိသားစုထဲမှာ အမှုထမ်းတွေ ရှိကြပါတယ်။ အဲဒီအမှုထမ်းတွေကို
တွေနဲ့ ခြိမ်းခြောက်နေသလဲဆိုရင် ဒီအမှုထမ်းတွေရှိတဲ့အိမ်မှာ အမျိုးသား
မိုကရေစီ အဖွဲ့ချုပ်ဝင်တဲ့ပုဂ္ဂိုလ် လာမတည်းရဘူး။ နောက်ပြီး ကိုယ့်မှာရှိတဲ့
မှန်းသော်လည်းကောင်း၊ ဇနီးသော်လည်းကောင်းတောင်မှ အိမ်မှာမထားရ
လို့၊ နောက်ပြီး ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာဝင်နေတဲ့
ဂ္ဂိုလ်တွေကိုပဲ နှုတ်မဆက်ရတော့သလို၊ အဲဒီလိုဖြစ်နေတယ်။ အမှုထမ်းတွေကို
ပြောင်းပစ်မယ်၊ ရာထူးချပစ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်နေတာလေးတွေကို
ထွေအတွင်းရေးမှူးတို့ ဌာနချုပ်ကနေပြီးတော့ တတ်နိုင်သလောက်
ကျနော်တို့အမှုထမ်းတွေရဲ့ မိသားစုတွေ ရဲရဲတင်းတင်းဖြစ်အောင် နိုင်ငံတော်
ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကော်မတီနဲ့ ညှိနှိုင်းပြီး လုပ်ပေးပါလို့။
။ တခါတလေ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး
ကော်မတီကို ဘယ်မှာဖြင့် ဘယ်အမှုထမ်းတွေကို ဘယ်လို ခြိမ်းခြောက်
နေပါတယ်။ ဘယ်တိုင်းမှာဖြင့် ဘယ်တိုင်းမှူးကနေ အများကြီး မတရား

www.burmeseclassic.com

www.burmeseclassic.com

လုပ်နေပါတယ်လို့ ကန့်ကွက်လိုက်လို့ရှိရင် ဒီတိုင်းမှူးများ ရာထူးတက်သွားမလားဆိုပြီး ကျမက နည်းနည်း စိုးရိမ်ရသေးတယ်။ ဟိုဖက်ဒီဖက် စဉ်းစားရတယ်။ တော်ကြာ ကိုယ့်လူက ရာထူးမတက်ပဲနဲ့ သူ့လူက ရာထူးတက်သွားလို့ရှိရင် ဒုက္ခပါပဲ။ အမှုထမ်းတွေကို ပြောချင်တာကတော့ သတ္တိရှိရှိနဲ့ လုပ်ကြပါ။ ဥပဒေအရတော့ အမှုထမ်း မိသားစုများဟာ နိုင်ငံရေးပါတီ မဝင်ရဘူးဆိုတာတော့ မရှိပါဘူး။ ဒါတော့ ဝင်ခွင့်ရှိပါတယ်။ အဲ့ဒီတော့ သတ္တိရှိရှိနဲ့ ဝင်ကြပါ။

*ခြိမ်းခြောက်မှုများကြောင့် ပြားပြားဝပ်နေသော ပြည်သူလူထုကိုယ်စား မချင့်မရဲ ဖြစ်နေသည့် အမေအိုတဦးက ယခုကဲ့သို့ ထောက်ပြပါသည်။*

**အမေအို။** ။ ကြောက်လိုက်ကြတာ၊ ဝါးခယ်မကလူတွေ၊ ပြောမနေနဲ့တော့၊ ပြားပြားကို ဝပ်နေတာပဲ။ တကယ်ပဲ။ အဲ့ဒါတွေကို ကြီးကြီးတို့က စိတ်ထဲမှာ သိပ်ပြီး မနှစ်မြို့ဘူး။ အမှန်အတိုင်းပြောရရင်။
**ဒေါ်အောင်ဆန်းစုကြည်။** ။ အဲ့ဒါဆို ကြီးကြီးက လျှောက်ပြောပေါ့၊ မကြောက်ကြနဲ့လို့။

**အဖွဲ့ဝင်တဦး။** ။ ပြောတယ်၊ ကြီးကြီးက ပြောတယ်။
**ဒေါ်အောင်ဆန်းစုကြည်။** ။ဟုတ်တယ်၊ ကျမကို ဆရာတော်တပါးက မှာလိုက်တယ်။ ပြည်သူလူထုကို ပြောပါတဲ့။ ခြောက်တိုင်းလဲ မကြောက်ပါနဲ့။ မကြောက်ပဲတော့လည်း မနေပါနဲ့။ နည်းနည်းလေးတော့ ကြောက်ကြပါ။

**မေး။** ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဖြစ်တဲ့အတွက် အဖေစိုက်သောစပါးကို သမီးကိုစားစေချင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဘယ်လို နားလည်ခံစားပါသလဲ၊ သိချင်လို့ပါ။
**ဖြေ။** ။ အဲ့ဒီဟာ အများက စေတနာနဲ့ပြောတာပေါ့လေ။ ဖေဖေလုပ်ခဲ့တဲ့ ကိစ္စအတွက် ကျမကို အကျိုးခံစားစေချင်လို့။ ကျမစိတ်ကတော့ ဒီလို မဟုတ်ပါဘူး။ ဖေဖေထားခဲ့တဲ့တာဝန်ကို ထမ်းဆောင်သွားရမယ်လို့ ကျမ စိတ်ထဲမှာ ရှိပါတယ်။ လူထုက စေတနာရှိလို့ ဖေဖေစိုက်သွားတဲ့စပါးကို ကျမကိုကျွေးချင်တယ်ဆိုရင် ကျမကတော့ တိုင်းပြည်ကပြည်သူလူထုနဲ့ မျှပြီး စားရမယ်လို့ ပြောရမှာပဲ။

*အရေးတော်ပုံတွင် ဘုံရန်သူဆန့်ကျင်ရေး၊ မျိုးဆက်သစ်သွေးလောင်း ဒီမိုကရေစီ မြတ်နိုးသူမှန်သမျှနှင့် ပူးပေါင်းသည့်အနေဖြင့် ဝါးခယ်မမြို့နယ် လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီရုံးသို့လည်း ဝင်ကြပါသည်။*

ကလေးများဟာ သဘာဝအားဖြင့် သတ္တိရှိကြပါတယ်။ ရှိတဲ့သတ္တိကို ကျမတို့က ချိုးဖဲ့မယ်ဆိုရင် ကျမတို့မှာ အများကြီးတာဝန်ရှိတယ်။ ကလေး[illegible]ကို ကြောက်အောင်မသင်ပါနဲ့။ ဖေဖေဆိုရင် ကျမအမေကို အမြဲပဲ [illegible]တယ်။ ကလေးတွေကို ဘာကိုမှ မကြောက်စေနဲ့။ သူတို့ကြောက်ဖို့ဟာ [illegible]ရှိတယ်။ မတရားတဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။ မမှန်တဲ့ကိစ္စကိုလုပ်ဖို့ [illegible]ကြောက်ရမယ်။ လောကမှာ ကြောက်ဖို့ဆိုတာ ဒီနှစ်ခုပဲရှိပါတယ်။ ကျမတို့ရဲ့ [illegible]ပြည်သူများကိုလည်း ဒီလိုပဲနားလည်စေချင်ပါတယ်။ ကလေးငယ်များကို [illegible]ကြောက်တဲ့စိတ်တွေ မသွင်းပေးပါနဲ့။ ကြောက်ဖို့ဆိုတာ လောကမှာ နှစ်ခုပဲ [illegible]ပါတယ်။ မတရားတဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ကြပါ။ မမှန်တဲ့ကိစ္စကို လုပ်ဖို့ [illegible]ကြောက်ကြပါ။ အခြားကိစ္စတွေကို မကြောက်ကြပါနဲ့။

*[illegible]ပေါ်မှလက်ပြနှုတ်ဆက်သူများအပြင် မော်တော်ငယ်ပေါ်မှ အကအခုန်များနှင့် [illegible]ကြောက်ဟန်ကြောင့် ဝါးခယ်မမြစ်သည် လှပဆန်းသစ်သွားခဲ့ရပါပြီ။*

အခုလို မေတ္တာစေတနာနဲ့ ဒုက္ခအမျိုးမျိုးကြားက ထောက်ခံတာ [illegible]တို့ အများကြီး လေးစားပါတယ်။ အများကြီး တန်ဖိုးထားပါတယ်။ [illegible]ယ်မ မြို့သူ၊ မြို့သားအပေါင်း ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ [illegible]ရာယ်အမျိုးမျိုးမှ ကင်းရှင်းပါစေလို့ ကျမတို့ အမြဲပဲ ဆုတောင်း [illegible]ပါ့ပါတယ်။

## [illegible]မြားရွာ

*[illegible]မြားရွာ၌လည်း လမ်းများသတ်မှတ်ပေးခြင်းမှလွဲ၍ ထူးခြားသည့် အနှောင့်အယှက် [illegible]သည့်အတွက် ပတ္တမြားရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ဆွေးနွေး [illegible]ပြောနိုင်ပါသည်။*

ဆရာတော်ပေးလိုက်တဲ့ မင်းကွန်းဆရာတော်ရဲ့ မေတ္တာဘွဲ့ထဲမှာဆိုရင် [illegible]မျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အဖွဲ့ဝင်များရော၊ ပြည်သူလူထုအပေါင်းရော [illegible]လည်သင့်တဲ့ လိုက်နာသင့်တဲ့ ဩဝါဒတွေက အားလုံးပြည့်စုံပြီးသားပါ။ [illegible]တော့ ကျမ ဒါ ဖတ်ပြရုံနဲ့တောင် မိနစ်ဆွန်းတခုဖြစ်ပါတယ်။ ဒါပေမယ့် [illegible]လေးကို ဖတ်ပြပြီးတော့ ကျမတို့ ဒီမိုကရေစီလှုပ်ရှားမှုနဲ့ ဘယ်လို [illegible]စပ်တယ်၊ ဘယ်လိုသင့်တော်တယ်ဆိုတာ ကျမ နည်းနည်း [illegible]ချင်ပါတယ်။

နံပါတ် (၁) ကဆိုရင် ကူညီရိုင်းပင်းအချင်းချင်း၊ ချစ်ခြင်းမြဲပါစေတဲ့။ [illegible]တော့ ကျမတို့ အမြဲပြောနေတာပဲ။ ကူညီရိုင်းပင်းအချင်းချင်း ချစ်ခြင်း [illegible]ပါစေ။ ဒါကျမတို့ ညီညွတ်မှုပဲ။ ညီညွတ်မှုရှိမှ အမျိုးသားဒီမိုကရေစီ [illegible]ရှားမှုကြီးဟာ အောင်မြင်နိုင်တယ်ဆိုတာ ကျမတို့ အမြဲပဲပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီမိုကရေစီလှုပ်ရှားမှု ဆိုကတည်းက လူထုကို အခြေခံထားတဲ့လှုပ်ရှားမှု
လူထုက မပါဝင်ပဲနဲ့၊ အချင်းချင်း တယောက်နဲ့တယောက် မကူညီပဲ
မစောင်မပဲနဲ့ ဘယ်လိုမှ အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ အဲ့ဒီတော့ အား
တယောက်နဲ့တယောက် ကူညီကြပါ။ ညီညီညွတ်ညွတ် နေကြပါလို့ ကျ
ထပ်ပြီး ပြောချင်ပါတယ်။

နိုင်ငံထက်စီးနင်း အချင်းချင်း ကင်းရှင်းကြပါစေ။ ဒါ
ကင်းရှင်းစေချင်လို့ ပါလာတာပဲ။ အခု ဒီမှာ ကင်းရှင်းကြပါစေဆိုတဲ့အထဲ
ကျမတို့ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ပြည်သူတွေ ဘာကြောင့် ပါဝင်လာကြသ
လို့ မေးလိုက်လို့ရှိရင် ဒါကို ဖတ်လိုက်လို့ရှိရင် ဘာဖြစ်လို့ ပါဝင်ခဲ့သလဲဆိုတ
ရှင်းနေပါတယ်။

အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေလို့ ပါတယ်
အထင်သေးခြင်း အချင်းချင်း ဆိုတော့ ကျမ အမြဲပဲပြောတယ်။ အာဏာရ
အစိုးရများဟာ ပြည်သူလူထုကို အများကြီး အထင်သေးတယ်။ ပြည်သူလူထု
ဆန္ဒကို သိဖို့မလိုဘူးဆိုတဲ့ စိတ်တွေရှိတယ်။ အဲ့ဒါကြောင့် အာဏာရ
ဖြစ်လာတာပဲ။ အာဏာရှင်ဆိုတာ တခြားလူရဲ့ဆန္ဒကို ဂရုစိုက်စရာမလိုဘူ
ကိုယ်လုပ်ချင်တာ လုပ်လို့ရတယ်။ ကိုယ်ပြုသမျှ အများကနာရမယ်။
အာဏာရှင် သဘောထားတွေပဲ။ အဲ့ဒီတော့ ကျမတို့ ဒီမိုကရေစီစနစ်ဆိုတ
ပြည်သူလူထုကို အထင်သေးလို့ မရဘူး။ ပြည်သူလူထုကို အထင်ကြီးရမယ
ပြည်သူလူထုကို အားကိုးရမယ်။ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုကိုး။ ဒီမိုကရေ
ဆိုတဲ့ စကားလုံးက ဂရိစကားက လာတာပါ။ ပြည်သူလူထုရဲ့ အုပ်ချုပ်မှု
အဓိပ္ပါယ်ရပါတယ်။ ပြည်သူလူထုကို အထင်သေးတဲ့စနစ်မျိုးကို မလိုလား
ကျမတို့ဒီတိုက်ပွဲထဲ ဝင်လာတာဖြစ်ပါတယ်။

*အပြစ်ဖို့ခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။*

*မနာလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။*

*သဝန်တိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။*

ဒါတွေကတော့ အားလုံးဆက်စပ်နေပါတယ်။ တယောက်နဲ့တယော
အပြစ် ရှာတာတို့၊ မနာလိုတာတို့။ ဒါက ကျမတို့ ဒီမိုကရေစီခေတ်
အထူးအရေးကြီး ပါတယ်။

## မြောင်းမြမြို့

*မြောင်းမြဆိပ်ကမ်းအတက်မှစ၍ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သွားရာ နေရာ
သို့ 'မဝတ' လက်နက်ကိုင်တပ်သားအချို့ပါသောကားများ လိုက်လံစောင့်ကြ
ခြင်းမှလွဲ၍ မြောင်းမြတွင် အစစအ[illegible]ရာ အဆင်ပြေပါသည်။*

မင်းကျင့်တရားဆယ်ပါးနဲ့ ကိုက်ညီတဲ့ မင်းကောင်းမင်းမြတ်များ
ပြည်သူလူထုဆန္ဒကို ဘယ်လိုမှ အဘိုက်အခံ လုပ်လို့မရဘူး။ ပြည်သူလူထ



န့်ကျင်လို့ မရဘူး။ ငါးရာငါးဆယ်ဇာတ်တော်ကို ဖတ်လိုက်လို့ရှိရင် ဒါ
များကြီး သိသာပါတယ်။ ဘယ်လောက်ပဲ မြင့်မြတ်တဲ့မင်းပင်လျှင်
သူလူထုကို ဆန့်ကျင်လို့မရဘူးဆိုတာ ငါးရာငါးဆယ်ထဲက ပြထား
ပါတယ်။ ဝေဿန္တရာဆိုလို့ရှိရင် အင်မတန်မှမြင့်မြတ်တဲ့ အလောင်းတော်
တရားကြီးဖြစ်တယ်။ ဒါပေမယ့်လည်း ပြည်သူလူထုကို ဆန့်ကျင်ပြီး
ဖြူတော်ကို လှူလိုက်တဲ့အခါကျတော့ ပြည်နှင်ဒဏ်ခံရတယ်။ ဒါ ကျမတို့
ဘာသာတရား အရပါ။ အဲ့ဒီတော့ မင်းများဆိုတာ ပြည်သူလူထုရဲ့ဆန္ဒကို
ိုက်လျောရမယ်။ မလိုက်လျောတဲ့မင်းဆိုတာ မင်းကျင့်တရား ဆယ်ပါးနဲ့
ည်း မကိုက်ညီဘူး။ ပြည်သူလူထုကလည်း လက်မခံနိုင်ဘူးဆိုတာ ကျမတို့
ရှေးကတည်းက ဗုဒ္ဓဘာသာတရားအရ လက်ခံခဲ့ပါတယ်။ ခရစ်ယာန်
များမှာလည်း မင်းကောင်းမင်းမြတ်များဟာ ခရာဇ်တော် သင်ကြားတဲ့အတိုင်း
ဂရုဏာနဲ့ မေတ္တာနဲ့ ဆက်ဆံရမယ်ဆိုတာ ပါပါတယ်။ ဒါကြောင့်မို့လို့
ယ်ဘာသာပဲဖြစ်ဖြစ်၊ ဘာသာမရွေး၊ လူမျိုးမရွေး မင်းကောင်းမှန်ရင်
ည်သူလူထုကို မဆန့်ကျင်သင့်ပါဘူး။

မြောင်းမြကိုလာပြီးတော့ အားလုံးနဲ့တွေ့ဆုံနိုင်တာ အများကြီး
ဝမ်းသာတယ်။ အများကြီး ကျေးဇူးတင်တယ်။ မြောင်းမြကဆိုရင် ကျမ
မျိုးချည်းပဲလို့ ကျမထင်တယ်။ မေမေက မြောင်းမြက လာတယ်ဆိုတော့
ဒီလို ဆွေမျိုးတွေနဲ့တွေ့ရတာ ကျေးဇူးတင်တယ်။ ဒါပေမယ့် ပြီးရင်
ပေးကြပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျမက လူထုကိုလည်း အန္တရာယ်
ဖြစ်စေချင်ဘူး။ သက်ဆိုင်ရာတွေအတွက်လည်း တာဝန်မလေးစေချင်ဘူး။ ဒီလို
တွေ့ခွင့်ရတာကိုပဲ အများကြီး ဝမ်းသာတယ်။ တွေ့ဆုံပြီးပြီ၊ နှုတ်ဆက်ပြီးပြီ။
အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ အန္တရာယ်ကင်း ဘေးရှင်းကြပါ
စေ။ နောက်ပြီးတော့လည်း လူအုပ်ခွဲပေးကြပါလို့ ကျမ မေတ္တာရပ်ခံပါတယ်။

*ရက်နေ့ ညနေပိုင်းတွင် မြောင်းမြမြို့ လှူဘောင်သစ် ဒီမိုကရက်တစ်ပါတီရုံးသို့
ရောက်ပြီး လူငယ်ထုနှင့် တွေ့ဆုံပါသည်။*

လှူဘောင်သစ်ရုံးမှာလာပြီး စကားပြောခွင့်ရတာ အများကြီး
ကျေးဇူးတင်ပါတယ်၊ စည်းရုံးရေးခရီးထွက်တယ်ဆိုလို့ရှိရင် နေရာတိုင်းမှာ
မြဲပဲ လှူဘောင်သစ်ရုံးမှာ ဝင်ပြီးတော့ ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ
လုပ်ပါတယ်။ ဒီလိုလုပ်ရခြင်း အကြောင်းကတော့ လူကြီး လူငယ်တွေအားလုံး
လက်တွဲပြီးလုပ်မှ ဒီလှုပ်ရှားမှု အောင်မြင်မယ်ဆိုတာ ပြချင်လို့ဖြစ်တယ်။
လူကြီးချည်းပဲလည်း လုပ်လို့မဖြစ်ဘူး။ လူငယ်ချည်းပဲလုပ်လို့လည်း မဖြစ်ဘူး။
အားလုံးလက်တွဲပြီးတော့ ပြည်သူလူထုပါဝင်မှပဲ ဒီလှုပ်ရှားမှု အောင်မြင်နိုင်မယ်
ဆိုတာ ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်ကိုပြချင်လို့ ဒီလိုပဲ အမြဲ
လှူဘောင်သစ်နဲ့တွဲပြီးတော့ စည်းရုံးရေး လုပ်တာဖြစ်ပါတယ်။ အရင်
မှာပြည်နယ် လှူဘောင်သစ်ရုံးရောက်တုန်းက ငယ်ငယ်တုန်းက ကျမတို့

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာသင်ခဲ့ရတဲ့ အင်္ဂလိပ် ကဗျာလေးရှိပါတယ်။ ဒီကဗျာကို မြန်မ
ပြန်ထားတာရှိတယ်။ အဲဒီဟာက ကျောင်းသားလူငယ်များနဲ့ အများ
သင့်တော်တယ်ထင်လို့ မွန်ပြည်နယ် လူ့ဘောင်သစ်ရုံးတုန်းက ဒီကဗျ
ရွတ်ပြီးတော့ ပြောခဲ့ပါတယ်။ ဒီမှာလည်း ဒီကဗျာကို ပြန်ရွတ်ပြီး
ပြောချင်ပါတယ်။ ဒီကဗျာကတော့ အင်မတန်မှ လွယ်ပါတယ်။ ဒါပေ
လည်း စိတ်သဘောထားတွေက အင်မတန်မှ မြင့်မြတ်တယ်။ အင်မတ
စိတ်ဝင်စားစရာ ကောင်းပါတယ်။

*'ကျွန်ုပ်ကိုယုံသောသူများကြောင့် ဖြောင့်မတ်မည်*
*ဂရုစိုက်သောသူများကြောင့် သန့်ရှင်းမည်*
*ဆောင်ရွက်ရန်များသောကြောင့် ခွန်အားနှင့်ပြည့်မည်*
*ပင်ပန်းခံရများသောကြောင့် ရဲရင့်မည်*
*မိတ်ဆွေမဲ့သူနှင့်ရန်သူကို မိတ်ဖွဲ့မည်*
*ပေးကမ်းကြောင်းမေ့လျက် စွန့်ကြဲပေးကမ်းမည်*
*ခွန်အားနဲ့ကြောင်းသိလျက် စိတ်နှိမ့်ချမည်*
*ရွှင်လန်းချစ်ခင်မှော်သိလျက် ထူးပင့်မည်'* တဲ့

အဓိပ္ပါယ်တွေက အင်မတန်ရှင်းပါတယ်။ ကျွန်ုပ်ကို ယုံသောသူ
ကြောင့် ဖြောင့်မတ်မည်။ လူတိုင်းလူတိုင်းဟာ ဖြောင့်မတ်ရမယ်။ အထူးသ
လူငယ် ကျောင်းသားများဟာ ကောင်းတဲ့အကျင့်စာရိတ္တတွေ မွေးရမ
ကိုယ့်ကိုယုံတဲ့သူများရှိလို့ရှိရင် ကိုယ်က ဖြောင့်မတ်ဖို့တာဝန်ရှိတယ်။ တချ
ကိုယ်ဟာ သူများကိုလှည့်ဖျားနိုင်ရင် လူတော်၊ လူလည်လို့ခေါ်တယ်။ သူ
သူတို့ လူတော်လို့ထင်တယ်။ ဒါဟာ မမှန်ဘူး။ တကယ်ဆိုလို့ရှိရင် ကိုယ
ယုံကြည်တဲ့သူရှိရင် ကိုယ်ကဖြောင့်မတ်ရမယ်။ ဖြောင့်ကိုဖြောင့်မတ်ရမ
အယုံအကြည်သွင်းပြီးတော့ လူတယောက်ကို လှည့်ဖျားတာဟာ လုံး
မမြင့်မြတ်ဘူး။ အင်မတန်မှ ရှက်စရာကောင်းပါတယ်။ လူတိုင်း လူတိုင်
ကိုယ့်မှာယုံကြည်တဲ့သူ အနည်းဆုံး တယောက်တော့ ရှိမှာပဲ။ တယေ
ရှိရင်တောင် ဒီတယောက်အတွက် ဖြောင့်မတ်ရမယ်။ ကိုယ့်ကို အများ
ယုံကြည် နေလို့ရှိရင် အများအတွက် ဖြောင့်မတ်ရမယ်။

ဂရုစိုက်သောသူများကြောင့် သန့်ရှင်းမည်တဲ့။ ဂရုစိုက်သောသူဆို
ကိုယ့်ကို ဘယ်သူက ဂရုအစိုက်ဆုံးလဲ။ လူငယ်များဆိုရင် သိပါတ
ကိုယ့်မိဘများက ကိုယ့်ကို ဂရုအစိုက်ဆုံးပဲ။ မိဘများက ကိုယ့်ကို ဂရု
ပြီးတော့ ကျွေးမွေးတယ်၊ မွေးမြူတယ်၊ သန့်ရှင်းစင်ကြယ်အောင်လို့ထားတ
ရေချိုးပေးတယ်၊ ငယ်ငယ်တုန်းက ဆိုလို့ရှိရင်။ အဝတ် လဲပေးတယ်။ အ
သန့်သန့်ရှင်းရှင်း ဝတ်ပေးတယ်။ ထမင်းကျွေးတယ်၊ အမျိုးမျိုး လုပ်ပေးတ
ဒါပေမယ့် ကိုယ့်ရဲ့ ဝိညာဉ်၊ စိတ်ကို သန့်ရှင်းအောင်၊ ဖြူစင်အောင်
အပြင်က မလုပ်ပေးနိုင်ဘူး။ အဲ့ဒီတော့ ကိုယ့်ကို အပြင်ကနေ ဝိုင်းပြီး



စိုက်တဲ့လူတွေရှိရင် ကိုယ့်အတွင်းစိတ်နှလုံးသား ဖြူစင်အောင်၊ သန့်ရှင်း
အောင်လို့ ကိုယ်က ဂရုစိုက်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ဂရုစိုက်သော
များကြောင့် သန့်ရှင်းမည်လို့ ဆိုပါတယ်။

ဆောင်ရွက်ရန်များသောကြောင့် ခွန်အားနှင့်ပြည့်မည်။ အခုခေတ်မှာ
ရင် ဒါကို ထူးထူးထွေထွေ ရှင်းပြနေစရာမလိုဘူး။ ကျမတို့အားလုံးဟာ
ဆောင်ရွက်ရန် အများကြီးရှိတယ်။ ဒီ ဒီမိုကရေစီလမ်းဟာ ရှည်မယ့်လမ်း
တယ်။ အင်မတန်မှ အန္တရာယ်များမယ့် လမ်းဖြစ်တယ်။ ပင်ပန်းခံပြီးတော့
လျှောက်ရမယ့်လမ်းဖြစ်တယ်။ ဒါကြောင့် ဆောင်ရွက်ရန်များသောကြောင့်
ခွန်အားနှင့်ပြည့်ရမယ်တဲ့။ ကိုယ့်ခွန်အားကို မွေးရမယ်။ ခံနိုင်ရည်ရှိအောင်လို့
ထားရမယ်။

ပင်ပန်းခံရ များသောကြောင့်, ရဲရင့်မည်တဲ့။ ဒီလမ်းဟာ အန္တရာယ်တွေ
များတယ်။ ဒုက္ခတွေများတယ်။ ဒီဒုက္ခတွေ၊ အန္တရာယ်တွေကို ရင်ဆိုင်နိုင်
အောင်လို့ ကိုယ်က ရဲစွမ်းသတ္တိရှိရမယ်။ ရဲစွမ်းသတ္တိဆိုတာ ကြောက်စိတ်
မရှိတာကို ပြောတာမဟုတ်ဘူး။ သတ္တိအစစ်အမှန်ဆိုတာ ကြောက်လျက်နဲ့
လုပ်စရာကိုလုပ်ရဲတာ သတ္တိအစစ်အမှန်ပဲ။ ဒီခေတ်မှာဆိုလို့ရှိရင် မှန်တာ
လုပ်တဲ့သူတွေ အများကြီး အချုပ်အနှောင်ခံရတယ်။ အများကြီး ဒုက္ခ
ပေးခံရတယ်။ ဒါပေမယ့်လည်း မှန်တာမို့လို့ဆိုပြီးတော့ လုပ်ရဲတဲ့ သတ္တိ
ရှိရမယ်။ ပင်ပန်းခံရ များသောကြောင့် ရဲရင့်ရမယ်။

နောက် မိတ်ဆွေမဲ့သူနှင့်ရန်သူကို မိတ်ဖွဲ့မည်။ ဒါကတော့ အင်မတန်
သဘောထားကြီးတယ်ဆိုတာ ပြတာပဲ။ မိတ်ဆွေမရှိတဲ့သူများ၊ ရန်သူများကို
ကိုယ်က မိတ်ဖွဲ့နိုင်တယ်ဆိုတာဟာ ကိုယ်က သဘောထားကြီးကြီးနဲ့
ရှိတယ်၊ အာဃာတတရား မထားဘူး၊ တကယ်ဆိုလို့ရှိရင် ကိုယ်လုပ်တဲ့
အလုပ်ဟာ အမြဲပဲ အမှန်တရားကို အခြေခံပြီးလုပ်တာ ဖြစ်ရမယ်။
မေတ္တာတရားကို အခြေခံပြီးလုပ်တာ ဖြစ်ရမယ်။ အခု ဒီတိုက်ပွဲမှာဆိုရင်လည်း
ပြည်သူလူထုအပေါ်မှာ မေတ္တာရှိလို့ တိုင်းပြည်အပေါ်မှာ မေတ္တာရှိလို့ လုပ်တဲ့
တိုက်ပွဲဆိုတာဖြစ်ရမယ်။ ဒါကြောင့် မိတ်ဆွေမဲ့သူမပြောနဲ့၊ ရန်သူပင်လျှင်
မိတ်ဖွဲ့နိုင်တဲ့ သဘောထားကြီးတဲ့သူမျိုး ဖြစ်ရမယ်။ ဒီလို သဘောထားကြီးကြီး
ထားရမယ်။

စွန့်ကြဲပေးကမ်းကြောင်းမေ့လျက် စွန့်ကြဲပေးကမ်းမည်ဆိုတာ လူတဦး
တယောက်ဟာ ပေးလို့ရှိရင် တကယ့်စေတနာနဲ့ပေးရင် ငါပေးတယ်၊
ငါပေးတယ်၊ ငါပေးတယ်လို့ ပြောနေစရာမလိုဘူး။ တချိန်လုံးလည်း စိတ်ထဲမှာ
အဲဒါကို ငါပေးခဲ့တာပဲ၊ ငါပေးခဲ့တာပဲ၊ ငါပေးခဲ့တာပဲ ထားလို့ရှိရင် တကယ်
စစ်မှန်တဲ့ စေတနာမဟုတ်ဘူး။ စစ်မှန်တဲ့စေတနာနဲ့ ပေးကမ်းစွန့်ကြဲတဲ့သူဟာ
ပေးတာကိုတချိန်လုံး စိတ်ထဲမှာ မမှတ်ထားဘူး။ ငါပေးပါလား၊ ငါပေးပါလား၊
ငါပေးပါလား။ ဒီအတိုင်းပဲ အခုတိုင်းပြည်အတွက်၊ လူမျိုးအတွက် လုပ်နေတဲ့
သူတွေဟာ ငါဟာတိုင်းပြည်အတွက် လုပ်နေပါလား၊ ငါဟာ လူမျိုးအတွက်
လုပ်နေပါလား ဆိုပြီး မာနကြီး မထားသင့်ဘူး။ တိုင်းပြည်အတွက်၊
လူမျိုးအတွက် လုပ်ခွင့်ရတာကို ကျေးဇူးတင်ရမယ်။ ဂုဏ်ယူရမယ်။ လုပ်ခွင့်

www.burmeseclassic.com

ရတာကို ကိုယ်က ဝမ်းသာရမယ်၊ တချို့က အမြဲပဲပြောတယ်။ လူငယ်
အချင်းချင်း ပြိုင်ပြီးပြောတာ။ အဲဒါဆိုရင် အန်တီက မကြားချင်ဘူး။ ဒို့
မတ်လထဲက ပါလာတာ၊ သူက ဇွန်မှပါလာတာ၊ စသဖြင့်ပေါ့လေ
တယောက်နဲ့တယောက် နှိုင်းပြီးပြောကြတယ်။ ဒီလို မပြောသင့်ဘူး
အားလုံးလုပ်တဲ့သူများဟာ သူ့အချိန်နဲ့၊ သူ့အခါနဲ့၊ သူ့နေရာနဲ့ တကယ်
စိတ်ပါ လက်ပါနဲ့ သတ္တိနဲ့ လုပ်တယ်ဆိုရင် အားလုံးမှာ ဂုဏ်ရှိတာပဲ
ကိုယ်က လုပ်ခဲ့တာကိုပဲ စဉ်းစားနေရင် ကိုယ်လုပ်ခဲ့တာတွေကိုပဲ ထပ်တလဲ
ပြောနေရင် ဒါဟာ စေတနာမမှန်ဘူး။ အဲဒီတော့ ပေးကမ်းစွန့်ကြဲ
အခါကျရင် စွန့်ကြဲကြောင်းကို မေ့ထားပြီးတော့ ပေးကမ်းသလို တိုင်းပြည်
အတွက် လုပ်ပေးတဲ့အခါကျရင်လည်း လုပ်ပေးကြောင်းကိုမေ့ပြီး လုပ်ပေးကြ
ပါ။ လုပ်ပေးနိုင်တဲ့ အခွင့်အရေးအတွက် ကျေးဇူးတင်ကြပါ။ ဂုဏ်ယူကြပါ
ငါကလုပ်ပေးတယ် ဆိုပြီးတော့ မာန မကြီးကြပါနဲ့။

ခွန်အားနည်းကြောင်းသိလျက် စိတ်နှိမ့်ချမည်တဲ့။ လူတိုင်းလူတိုင်းဟာ
စိတ်နှိမ့်ချတဲ့ အရည်အချင်းရှိရမယ်။ ကိုယ့်ကိုကိုယ် သိပ်ပြီးတော့ အထင်ကြီး
လို့ရှိရင် နောင်တိုးတက်မှု မရှိနိုင်ဘူး။ တိုးတက်မှုရှိတဲ့လူဆိုတာ ကိုယ့်မှာ
ချို့ယွင်းချက်တွေ ရှိတယ်၊ ကိုယ့်မှာပြင်စရာ အများကြီးရှိသေးတယ်၊ ကိုယ့်မှာ
အားနည်းချက်တွေ အများကြီး ရှိသေးတယ်လို့ နားလည်တဲ့သူများဟာ
ကိုယ့်မှာ တိုးတက်ဖို့လမ်းတွေ အများကြီးရှိတယ်။ ငါကဖြင့် သိလှပြီ
တတ်လှပြီလို့ ထင်လို့ရှိရင် တိုးတက်ရေးလမ်းကြောင်း ပိတ်သွားလိမ့်မယ်
အဲဒီတော့ လူကြီးတွေတင် မဟုတ်ဘူး။ လူငယ်တွေပင် ငယ်လျက်
တိုးတက်ဖို့လမ်းကြောင်း ပိတ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်
သူတို့ သိပ်တော်လှပြီ၊ သိလှပြီ၊ တတ်လှပြီလို့ ထင်သွားတယ်။ အဲဒီ
ထင်သွားရင် ပြီးပြီ။ ဒီလူရဲ့ ဘဝခရီးဟာ နောင်ထပ်ပြီးတော့ တိုးတက်စ
မရှိတော့ဘူးလို့ ကျမ ယုံကြည်တယ်။ တိုးတက်ဖို့ဆိုတာဟာ ကိုယ့်ကိုကို
တချိန်လုံး သုံးသပ်နေရမယ်။ ကိုယ့်ကိုကိုယ် စိတ်နှိမ့်ချရမယ်။ ဘာပဲလုပ်လု
ဘယ်လောက် အသက်ရှည်ရှည် ပညာရှာစရာတွေ အများကြီး ရှိသေးတယ်
ကိုယ့်ကိုကိုယ် ပြုပြင်စရာတွေ အများကြီးရှိသေးတယ်။ အသက်အရှည်ဆ
နေသွားတဲ့သူ၊ ပညာအရှိဆုံးလူတောင်မှ ပညာအကုန်လည်း မရှိနိုင်ဘူ
အတွေ့အကြုံ အကုန်လည်း မရှိနိုင်ဘူး။ လူမှဖြင့် အပြစ်အနာအဆ
ကင်းတယ်လို့ မရှိနိုင်ဘူး။ အဲဒီတော့ ကိုယ့်မှာရှိတဲ့ အပြစ်အနာအဆာတွေ
ပြုပြင်ဖို့ဆိုတာ တသက်လုံး ကြိုးပမ်းသွားရမယ်။ အသက် (၉၀) ကျရင်လည်
ကြိုးပမ်းရမှာပဲ။ အသက် ၂၀၊ ၃၀ ဆိုရင်တော့ မပြောနဲ့တော့။ တချို့က ၃
လောက်ဆိုလို့ရှိရင် တတ်ပြီ၊ သိပြီ၊ ငါလည်း ဘွဲ့ရပြီလို့ ထင်ကြတယ်
အထူးသဖြင့် နိုင်ငံခြားမှာ အန်တီ ခဏ ခဏ မြင်ခဲ့တယ်။ အသက် ၇
၈၀ကျမှ တခုခု ထပ်ပြီးတော့သင်တယ်၊ ကျောင်းပြန်ပြီးတော့ တက်တယ်
သူတို့ကိုယ်သူကို ပြုပြင်ချင်တဲ့စိတ်ဟာ တသက်လုံးထား[illegible]ယ်။ အားလုံးဟ
ဒီလိုပဲထားရမယ်။ ဒါကြောင့်မို့လို့ ကိုယ့်ကိုကိုယ် စိတ်နှိမ့်ချရမယ်။ ကိုယ်ဟ
သိပ်ပြီးတော့ တော်တယ်။ သိပ်ပြီးတော့ တတ်တယ်လို့ ဘယ်တော့



မှာ မထားပါနဲ့။ ဘယ်လောက်တော်တော်၊ ပိုပြီးတော့ တော်နိုင်သေး
။ ဘယ်လောက် တတ်တတ်၊ ပိုပြီးတော့ တတ်နိုင်သေးတယ်။
လောက် ကောင်းကောင်း၊ ပိုပြီးတော့ ကောင်းနိုင်သေးတယ်။ ကိုယ်ဟာ
က်ရှင်နေသမျှတော့ ကိုယ့်ကိုကိုယ် ပြုပြင်နိုင်စရာအကြောင်းတွေ
ကြီး ရှိပါသေးတယ်။

နောက်ဆုံးဟာကတော့ ရှင်လန်းချစ်ခင်မော်ကြည့်လျက် ထူးပင့်မည်တဲ့။
အထူးသဖြင့်လူငယ်တွေနဲ့ ဆီလျော်ပါတယ်။ ရွှင်ရွှင်လန်းလန်း
ချစ်ခင်ခင်နဲ့ မော်ကြည့်ရမယ်။ အထက်ကို ကြည့်ရမယ်၊ အောက်ကို
ရဘူးဆိုတာ အဆင့်မြင့်မြင့် စဉ်းစားရမယ်၊ မြင့်မြတ်တဲ့ စိတ်
ထားတွေ မွေးရမယ်။ ရွှင်ရွှင်လန်းလန်း ရှိရမယ်။ လူငယ်တို့သဘာဝဟာ
လန်းလန်းရှိရမယ်။ လူငယ်ဖြစ်လျက်နဲ့ ရှုံ့ရှုံ့မဲ့မဲ့ သုန်သုန်မှုန်မှုန်နဲ့
လို့ရှိရင် လူကြီးဘဝကျ ဘယ်လောက်စိတ်ညစ်စရာကောင်းမလဲ၊ ဒါလည်း
ကြအုံး။ ကိုယ်ငယ်တုန်းမှာ ရွှင်ရွှင်လန်းလန်း နေကြပါ။ အလုပ်က
လောက်ပဲ ခက်ခက်ခဲခဲ ကိုယ်ဖက်မှာ ဘာရှိသလဲ။ ကိုယ်ဖက်မှာ
မာရေးရှိတယ်။ လူငယ်များဟာ ကျန်းမာတယ်။ ရှေ့မှာ နှစ်တွေ
ပါင်းများစွာ ရှိတယ်။ လုပ်စရာအချိန် အများကြီးရှိတယ်။ အဲဒီတော့
လုပ်ရလုပ်ရ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း၊ နောင်ကျလို့ရှိရင် အများကြီး
နိုင်စရာတွေ ရှိတယ်ဆိုပြီးတော့ ရွှင်ရွှင်လန်းလန်းနဲ့ နေကြပါ။ အဲဒီလို
လန်းလန်းနဲ့ နေကြတဲ့သူများဟာ အကယ်၍ ကံမကောင်းလို့ အသက်
နိုင်သော်လည်း ကိုယ်နေခဲ့ရတဲ့ သက်တန်းတိုအတွင်းမှာ ရွှင်ရွှင်
လန်းနဲ့ ပြည့်ပြည့်ဝဝ နေသွားရမှာပါ။ အဲဒီတော့ ရွှင်လန်းချစ်ခင်
ကြည့်လျက်၊ ချစ်ခင်ရမယ်။ တယောက်နဲ့တယောက် မေတ္တာထားရမယ်။
များဟာ သံယောဇဉ်နည်းတယ်။ စွဲလမ်းချက်တွေနည်းတယ်။ အဲဒီတော့
ချိန်မှာ လူငယ်များရဲ့နှလုံးသားထဲမှာ မေတ္တာတွေဟာ အများကြီး
နိုင်တယ်။ ကိုယ့်မိတ်ဆွေတွေ၊ ကိုယ့်သူငယ်ချင်းတွေ၊ ကိုယ့်ရဲ့
မျိုးသားချင်းတွေကို ချစ်ချစ်ခင်ခင်ထားကြပါ။ ဒီချစ်ခင်တဲ့ စိတ်ကို
ကြပါ။ ဒါမှ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နဲ့ အလုပ်မှာလည်း အောင်မြင်နိုင်
။ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာလည်း အောင်မြင်နိုင်မှာ
ပါတယ်။

## ယျေမဒနီတိုက်မှအပြန်

ကျမ ပြန်လာပါမယ်။ ဒီတခါတော့ ဒီလောက်နဲ့ပဲ နှုတ်ဆက်ရုံနဲ့ပဲ
တို့ ကျေနပ်ရမှာပဲ။ အားလုံးအဖက်ဖက်ကနေ စိတ်ချမ်းသာရအောင်လို့
ပ် ခွဲပေးကြပါလို့ ကျမ မေတ္တာရပ်ခံပါတယ်။

*က်ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်၏မိခင် မဟာ*
*ရှေဒေါ်ခင်ကြည် ကျောင်းဆရာမအဖြစ်အမှုထမ်းခဲ့သော မြောင်းမြမြို့၏*
*ရေးဆောင် နေ့ရှင်နယ်ဟိုက်စကူးကျောင်းကို သွားရောက်ကြည့်ရှုပါသည်။*

* * *

www.burmeseclassic.com

www.burmeseclassic.com



## ပုသိမ်မြို့

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၏ ရေယာဉ်ဆိုက်ကပ်မည်ဆိုသည့် တံတားကို မ*
*မြို့နယ် ကံ့ရွာကျေးရွာ 'ရဝတ'က ဖန်နဝါရီလ ၁၇ ရက်နေ့ မနက် ၃ နာရီ*
*ပြင်မည်ဟုဆိုကာ ကြမ်းများခွာ၍ ဖျက်ဆီးခဲ့သည့်အပြင် နေ့မထွက်ရအ*
*ထုတ်ထားပါသည်။ ပုသိမ်လူထုမှာ လွန်ခဲ့သော နှစ်ရက်၊ သုံးရက်ကတည်*
*ခြိမ်းခြောက်မှုများကို ခံခဲ့ရပါသည်။ ထိုနေ့တွင် ဈေးပိတ်၊ လမ်းပိတ်၊ ရေယာ*
*မော်တော်ယာဉ်ပိတ်၊ ရုံးအစည်းအဝေးလုပ်၊ ကျောင်းဆရာ ဆရာမ လုပ်အား*
*ဟုဆိုကာ ပုသိမ်ကို ရှင်းထားပါသည်။ ထို့အပြင် ပုသိမ်အဝင် တံတားထိပ် ဆိပ်က*
*တခု 'တဝတ' ရုံးအပေါ်နှင့်အောက် တဖက်တချက်များတွင် လက်ဖြောင့်အသံတ*
*သေနတ်သမားများအား လျှို့ဝှက်စွာနေရာချထားပါသည်။ ပုသိမ်လမ်းများတွင် သံ*
*ကြိုး၊ လက်နက်ကိုင်စစ်သား၊ လက်နက်ကြီးတင်သည့်ကား၊ ၂/၈၈ အမိန့်အော်*
*အသံချဲ့စက်တင်ထားသောကားများသာ လှုပ်ရှားနေသည်ဟု ကြားသိရသည့်အတွ*
*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မြတ်မေတ္တာသင်္ဘောပေါ်မှာပင် အစည်းအဝေး*
*ပြုလုပ်ကြပါသည်။ ကမ်းကပ်လျှင် တဖွဲ့လုံး တည်ငြိမ်တိတ်ဆိတ်စွာနေကြ၍မည်သ*
*သီချင်းမှလည်းမဖွင့်ပဲ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိ၊ တိတ်တိတ်ဆိတ်ဆ*
*နေကြမည်ဟု ဆုံးဖြတ်ခဲ့ပြီး ပုသိမ်တွင် ကမ်းကပ်ခွင့်ရအောင် ကြိုးစားပါသ*
*'အို --- မြစ်ဝကျွန်းပေါ်၊ တိုက်ပွဲခေါ်လေ၊ အရေးတော်ပုံ အောင်ရမည်' ဆိုသ*
*အတွေးများနှင့် ပုသိမ်မရောက်ခင်၌ အားအင်များဖြည့်တင်းကာ ကမ္ဘာမကြေ*
*သီချင်းကို သံပြိုင်ဟစ်ကြွေးပြီး ကမ္ဘာမကြေစိတ်ဓါတ်နှင့် သတ္တိ မွေးမြူကြသည်။*

***အို---ရောဝတီ အောင်စည်ဆော်လေ့ ပြည်တော်ဝင်ခန်းရောက်ချေ***
*ပုသိမ်၏ ကိုယ့်မင်းကိုယ့်ချင်းတံတားကို ၁၇ ရက်နေ့မနက် ၁၁:၀၃တွင် ရောက*
*သည်။ ပုသိမ်ကိုရှင်းထားသည်ဆိုသည့် ကြားခဲ့ရသောသတင်း မှန်နေသော်လ*
*ခြိမ်းခြောက်ခံထားရသော ပုသိမ်လူထုမှာ ပုသိမ်မြို့လမ်းများပေါ်တွင် မကြောက်မ*
*သတ္တိရှိစွာလှုပ်ရှားရင်း လိုက်လံစွာကြိုဆိုကြသည်။ လက်နက်ကိုင်စစ်သားများကို လ*
*တလျှောက်တွင် တွေ့မြင်ရသည့်အတွက် လိုက်လံနှုတ်ဆက်ကြသော ဒေသခံ ပြည်*
*လူထုနှင့် လှုငယ်ထုကို ဆက်မလိုက်ကြတော့ရန် မှာကြားထားရသည်။ သို့သော်လ*
*လမ်းတလျှောက်၌ ဒေသခံများက အိမ်ပြူတင်းပေါက်၊ တံခါးပေါက်လေးမျ*
*ပြူထွက်ပြီးနှုတ်ဆက်ကြပါသည်။ ရွှေဝါလမ်းတွင် လက်ခုပ်တီးအားပေးသော အသ*
*၁၂နှစ်အရွယ် ကလေးနှစ်ယောက်ကို ရဲဘော်များက ရိုက်နှက်ကြောင်း သိရသ*
*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရောဝတီတိုင်းရုံးသို့ မွန်းလွဲ ၁၂:၁၅နာရီတ*
*ရောက်ရှိသည်။*

အမျိုးများရဲ့နယ်ကို လာတယ်လို့ ကျမစိတ်ထဲမှာ ထားပါတယ
တောင်တွင်းကြီး၊ နတ်မောက်၊ ရေနံချောင်းဟာ ဖေဖေ့နယ် ဖြစ်သလို ပုသ
မြောင်းမြ၊ ဟင်္သာတဆိုတာ မေမေ့ရဲ့နယ် ဖြစ်ပါတယ်။ ဖိုးဖိုးကဆို
ဟင်္သာတက လာတယ်။ ဒါပေမယ့် မြောင်းမြမှာ နေသွားတယ်။ က
အဖွားများရဲ့ အမျိုးများဟာ ပုသိမ်က ဖြစ်ပါတယ်။ ပုသိမ်၊ မြောင်း
ဟင်္သာတဟာ ကျမတို့ရဲ့ ဆွေမျိုးများ နယ်မြေဖြစ်လို့၊ ကျမ ဒီကိုလာရ
တခါမှမလာဘူးပေမယ့်လဲ ကိုယ့်အိမ် ပြန်လာရသလိုပဲ ကျမ စိတ်ထဲ

ပါတယ်။ ရောဝတီတိုင်း ခရီးကိုလာတဲ့အခါကျတော့ လမ်းတလမ်းလုံးမှာ
မြင်ရတာဟာ အဖွဲ့ချုပ်ဝင်များဟာ ဘယ်လောက် သတ္တိရှိရှိနဲ့ လုပ်နေတယ်
ဆိုတာ မြင်ခဲ့ရလို့ အများကြီး အားတက်ပါတယ်။ အခက်အခဲရှိတယ်လို့
ပြောပေမယ့် တွေ့ရတာ မျက်နှာတွေကြည့်တော့ ပြုံးပြုံးရွှင်ရွှင်ပဲ၊ ဖမ်းဆီးတဲ့
အကြောင်းပြောရင်လည်း ပြုံးပြုံးရွှင်ရွှင်ပဲ။ ဒီလောက်တောင်မှ စိတ်အားတက်ကြွ
နဲ့ လုပ်နေတဲ့ ပြည်သူလူထုကြီးဟာ မုချ အောင်မြင်ရမယ်လို့ ကျမ
ယုံကြည်ပါတယ်။ အခု ဒီမိုကရေစီလိုချင်တဲ့ စိတ်ဆန္ဒများဟာ မြစ်ကြီး
လိုပဲ စီးဆင်းနေပါတယ်။ ဒီမြစ်ရေတွေကို ဘယ်သူမှ တားနိုင်မှာ
မဟုတ်ပါဘူး။ အဲဒီတော့ ကျမတို့အဖွဲ့ချုပ်ဟာ ဒီမြစ်ရေတွေကို မှန်တဲ့ကန်တဲ့
လမ်းကနေပြီးတော့ သွားနိုင်အောင်လို့၊ မြစ်ရေတွေဟာ လျှံပြီးတော့ အန္တရာယ်
ဖြစ်နိုင်အောင်ဆိုတဲ့ တာဝန်တွေရှိပါတယ်။

ပြည်သူလူထုရဲ့ အင်မတန်မှ တက်ကြွတဲ့စိတ်ဆန္ဒတွေကို ထိန်းထိန်း
သိမ်းသိမ်း လုပ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီလှုပ်ရှားမှုထဲမှာ ညီညွတ်မှုနဲ့
...ပ်တူ အရေးကြီးတာကတော့ စည်းကမ်းရှိမှုပဲလို့ အတန်တန် ပြောနေတာ
...ပါတယ်။ အလုပ်လုပ်တဲ့အခါ အများကြီး ချမ်းသာမှု ရနိုင်တယ်။
...တိုင်းပဲ ဒီမိုကရေစီလိုလားတဲ့ ပြည်သူများရဲ့ စိတ်ဓါတ်များဟာ ရောဝတီ
...ကြီးသဖွယ် အများကိုအကျိုးပြုနိုင်တဲ့ စိတ်ဓါတ်များဖြစ်အောင် အားလုံးက
...စားရမယ်။ အဲဒီလိုကြိုးစားတဲ့နေရာမှာ မှန်တဲ့ကန်တဲ့လမ်းက ကြိုးစားပါလို့
...မ ပြောချင်ပါတယ်။ အခုချိန်မှာ ပါတီပေါင်း ၁၈၀ ကျော်နေပြီ။ ဒီလို
...၀ ကျော်နေတဲ့ ပါတီများအတွင်းမှာ မှန်မှန်ကန်ကန်နဲ့ ပြည်သူလူထုများ
...ချင်တဲ့ ဒီမိုကရေစီ ရရေးအတွက်မဟုတ်ပဲ မိမိတို့ အာဏာရရေးဆိုပြီးတော့
...ည်နေတဲ့ ပါတီများရှိတယ်ဆိုတာ မငြင်းနိုင်ပါဘူး။

*...ရက်နေ့ ညနေဘက်တွင် ပုသိမ်မှကန်ကြီးထောင့်သို့ သွားရောက်သည်။ လမ်း*
*...လျှောက်ရှိရွာများတွင် တပ်များအပြည့်ချထားသည့်အတွက် ရွာတရွာရှိ အဖွဲ့ချုပ်*
*...တွင် ခေတ္တဝင်ရောက် နှုတ်ဆက်ရုံသာနှုတ်ဆက်နိုင်ပါသည်။ ကန်ကြီးထောင့်၌*
*...က် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း မည်သူမျှ အိမ်ပြင်မထွက်ရ၊ ကား၊*
*...ား၊ လှေ၊ မော်တော်မထွက်ရ အမိန့်များ ထုတ်ထားသည့်အပြင် အဖွဲ့ချုပ်ရုံးတွင်*
*...ဉ်ထားသော 'ကြိုဆိုပါသည်' ဆိုင်းဘုတ်မှအစ ပန်းစည်းဆက်သော အစီအစဉ်များ*
*...းလုံးကို ဟန့်တားထားသည်။ ဆွေးနွေးပွဲတက်နိုင်မည့် လူဦးရေကိုလည်း*
*...န်ကြီးထောင့် 'မဝတ'က ကန့်သတ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည်*
*...လာကမှန်ကူ ဘုရားကြီးအတွက် အုတ်သယ်လှူဒါန်း ဒါနပြုပြီး ကန်ကြီးထောင့်*
*...ထုနှင့်ဆွေးနွေးကာ ပုသိမ်ကို ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ပုသိမ်ပြန်အဝင်၌*
*...ဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပန်းခြံနှင့်အတူ ဖွင့်လှစ်မည်ဆိုသော ဗိုလ်ချုပ်*
*...ာင်ဆန်းကျောက်ရုပ် ထုလုပ်ရာနေရာကို 'မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည်'*
*...သည့်အတိုင်း ဝင်ရောက် လေ့လာကြပါသည်။*

* * *

www.burmeseclassic.com

www.burmeseclassic.com

## ငပုတော

*ပုသိမ်တွင် ရေယာဉ်အသွားအလာများ ပိတ်ထားသောကြောင့် ဒေါ်အောင်ဆ*
*စုကြည်က ရေယာဉ်ငှားမရပါက ပုသိမ်မှာပင် ရက်ရှည်နေပြီး နီးရာမြို့၊ ရွာများသ*
*အဆင်ပြေသလို စည်းရုံးရေး ဆင်းမည်ဆိုသည့်အတွက် ရောဝတီတိုင်း 'တဝတ'*
*၁၈ ရက်နေ့ နံနက်တွင် ငပုတောနှင့် ဟိုင်းကြီးကျွန်းဖက်သွားရန် မော်တော်တ*
*ရှာပေးသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် 'တဝတ' အစီအ*
*ဖြင့် ငပုတော ဆိပ်ကမ်းကို ၁၈ ရက်နေ့ နံနက် ၈း၃၀ နာရီ၌ ရောက်ရှိသွားသ*
*ငပုတောလူထုနှင့် တွေ့ဆုံရေးကိစ္စတွင် ငပုတော 'မဝတ'က ဖြတ်သန်းခြင်း*
*လမ်းပေါ်မတက်ရ၊ အဖွဲ့ချုပ်ရုံးထဲသို့ အဖွဲ့ဝင်များမှအပ မဝင်ရ စသည်ဖြင့် ဟန့်*
*ပါသည်။ ငပုတော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ယခုကဲ့သို့ ဆွေးနွေးပါသည်*

မေးကြတာကတော့ အဖွဲ့ချုပ်ထဲမှာဝင်နေတဲ့ တပ်မှူးဟောင်းကြီး
ကို ဘယ်အတိုင်းအတာအထိ စိတ်ချလို့ ရမလဲဆိုတာ မေးပါတယ်။ ဒါလ
မေးစရာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင် ၂၆နှစ်အတွင်း
တပ်မတော်က အာဏာသိမ်းပြီးတဲ့အခါကျတော့ တိုင်းပြည်မှာ မဖြစ်သ
မဖြစ်ထိုက်တဲ့ကိစ္စတွေ အမျိုးမျိုးဖြစ်ခဲ့တယ်။ အဲ့ဒီတော့ ပြည်သူလူထ
သံသယ ရှိနေတယ်။ တပ်မှူးဟောင်းကြီးတွေဟာ အဖွဲ့ချုပ်ထဲမှာပါဝင်
နေခဲ့ အဖွဲ့ချုပ်ကများ ဒီမိုကရေစီအစိုးရ ဆောက်တည်တဲ့အခါကျရင်
တပ်မှူးဟောင်းကြီးတွေက အရင်တပ်မတော်ရဲ့ ပုံစံအတိုင်း လုပ်မှာလားဆ
သံသယရှိနေတာ ကျမ နားလည်ပါတယ်။ တပ်မှူးဟောင်းကြီးဆိုတာ အ
ကတော့ ဦးတင်ဦးပေါ့လေ။ ကျမတို့အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ အငြိမ်း
ဗိုလ်ချုပ်ကြီး ဦးတင်ဦး ဖြစ်ပါတယ်။ အငြိမ်းစားဗိုလ်ချုပ်ကြီး ဦးတင်
ပတ်သက်ပြီး ကျမကိုယ်တိုင် သံသယ လုံးလုံး မရှိပါဘူး။ ပြည်သူလူထ
လည်း မရှိစေချင်ပါဘူး။ တပ်မတော်သားကောင်း တယောက်ဆို
ပြည်သူလူထုကို ကာကွယ်ဖို့၊ ပြည်သူလူထု အကျိုးဆောင်ဖို့ ဖြစ်ပါတယ်။
ဖေဖေဟာ ဗမာ့တပ်မတော်ကို တည်ထောင်ခဲ့စဉ်အခါက ပြည်
တပ်မတော်ဆိုပြီး တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်ဟာ ပြည်သ
ကာကွယ်ဖို့၊ ပြည်သူကို စောင့်ရှောက်ဖို့၊ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာကို ထိန်း
ဖို့ဆိုပြီး တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီထဲမှာ တပ်မတော်သားကေ
များဟာ ဖေဖေဖြစ်စေချင်သလို သူတို့လည်း ကြိုးစားခဲ့ပါတယ်။
အမြင်ကတော့ ဒီမိုကရေစီလှုပ်ရှားမှုထဲ ပါဝင်နေတဲ့ တပ်မှူးဟောင်းများ
တပ်မတော်သားကောင်းများ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း စောစော
အလုပ်ပြုတ်တာပေါ့။ ကျမအနေနဲ့ကတော့ ဒီတပ်မတော်သားဟောင်းများ
စိတ်ချစေချင်တယ်။ ဦးတင်ဦးဟာ ပြည်သူ့ရဲ့အကျိုးကို ထမ်းဆောင်ချ
တယ်။ တိုင်းပြည်ကောင်းစားရေးကို လိုလားပါတယ်။ ဦးတင်ဦးအ
အခြားတပ်မှူးဟောင်းကြီးများကလည်း ထိုနည်းလည်းကောင်းပဲ။ အခုထိုင်
ဦးကြည်မောင်ဆိုတာလည်း အရင်တုန်းက ဗိုလ်မှူးကြီးဟောင်း ဦးကြည်
ရောဝတီတိုင်း တိုင်းမှူးဖြစ်ခဲ့ပါတယ်။ အရင်တုန်းက တပ်မတော်ထဲမှာပါ



တပ်မတော်ရဲ့ ဂုဏ်သိက္ခာကို စောင့်ရှောက်ချင်တဲ့ တပ်မှူးဟောင်းကြီးများ ဖြစ်ပါတယ်။

အခုတပ်မတော်နဲ့ ပတ်သက်လို့လည်း ကျမ တခုပြောချင်ပါတယ်။ ကျမက အရင်တုန်းက တပ်မှူးဟောင်းကြီးတွေက အင်မတန် ကောင်းပါတယ် ဆိုတော့ အခုတပ်မတော်ကို စော်ကားနေတဲ့ သဘောထားနဲ့ ပြောနေတာ မဟုတ်ပါဘူး။ ဒီတပ်မတော်ဟာ ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်မို့လို့ ကျမက အင်မတန်မှ ကောင်းစားစေချင်တယ်။ ဒီတပ်မတော်ကို ဂုဏ်သိက္ခာနဲ့ ပြည့်စုံစေချင်တယ်။ ပြည်သူလူထုရဲ့ တပ်မတော် ဖြစ်စေချင်တယ်။ ပြည်သူ့ လူထုနဲ့ လက်တွဲပြီးတော့ တိုင်းပြည်အကျိုးဆောင်တဲ့ တပ်မတော် ဖြစ်စေချင် တယ်။ အဲ့ဒီတော့ ကျမမှာ တပ်မတော်ဟာ တနေ့နေ့တော့ ဒီအတိုင်းပဲ ဖြစ်ရမယ်ဆိုတဲ့ စိတ်ထားရှိပါတယ်။ လူတိုင်းလူတိုင်းလည်း ဒီလိုပဲ စိတ်ထားစေချင်တယ်။ ကျမတို့ အခု နိုင်ငံရေးလုပ်နေတယ်ဆိုတာ တချို့က ပြောတယ်၊ ကျနော်တို့ ကျမတို့ နိုင်ငံရေး မလုပ်ဖူးဘူးတဲ့၊ ဘယ်လို လုပ်ရမှာလဲတဲ့၊ နိုင်ငံရေးဆိုတာ ဘယ်လိုလုပ်ရမှာလဲလို့ မေးတယ်။ အဲ့ဒီတော့ ကျမ မြင်တာကတော့ နိုင်ငံရေးလုပ်တဲ့အခါ ပထမဆုံး အရေးကြီးတာကတော့ အခြေအနေကို မှန်တဲ့ကန်တဲ့အတိုင်း သုံးသပ်နိုင်ရမယ်။ ဘယ်လိုအခြေအနေ ဖြစ်နေလဲ။ ကျမတို့တိုင်းပြည်ဟာ ဘာဖြစ်လို့ အခု ဒီလိုပြဿနာတွေနဲ့ ရင်ဆိုင်နေရသလဲ၊ ဘာ့ကြောင့် ပြည်သူလူထုဟာ အရင်တုန်းက စနစ်ကို နာကျည်းသွားသလဲ၊ ဒါတွေကို ကျမတို့ သုံးသပ်ဖို့ လိုပါတယ်။

*ငပုတောကမ်းမှုခွာခါနီးတွင် ဒေါ်အောင်ဆန်းစုကြည်တို့ မော်တော်ပေါ်မှ လွှင့်နေသော ပုဂါးနီသီချင်းကို 'မဝတ'က ကမ်းနား၌ ကြိုတင်အသင့်ပြင်ထားသော လှေအသီးသီးပေါ်မှ နေ၍ အသံချဲ့စက်ပေါင်းများစွာဖြင့် ခေတ်ပေါ်စတူဒီယို တေးသံစုံ ဖွင့်ပြီး တုန့်ပြန်ခဲ့ ပါသည်။ ထို့နောက်ငပုတောလူထုကို မော်တော်ပေါ်မှနေ၍ပင် ယခုကဲ့သို့နှုတ်ဆက်ပါသည်။*

အခုလို နှုတ်ဆက်တာ အများကြီး ကျေးဇူးတင်ပါတယ်။ ငပုတော မြို့နယ်က ပြည်သူလူထုအပေါင်း ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြပါစေလို့ ကျမတို့ မေတ္တာပို့ပါတယ်ရှင်။

## ကြို့ကူးရွာ

*မူလအစီအစဉ်၌ မပါသော်လည်း အကြိုစက်လှေများနှင့် လာရောက်တောင်းဆိုသည့် အတွက် ရေကျချိန်တွင် ကြို့ကူးရွာရှိရာချောင်းထဲဝင်၍ ကြို့ကူးမှ ပျော်မြူးစွာ ကြိုဆိုနေကြသော ပြည်သူလူထုအတွက် မော်တော်ပေါ်မှပင် နှုတ်ဆက်စကားပြောပြီး မေတ္တာတုန့်ပြန်ပါသည်။ ၁၈ရက်နေ့၏ နောက်ဆုံးအစီအစဉ်ဖြစ်သော ချောင်းဝတွင် ကြိုတင်ရောက်ရှိနေသည့်စစ်တပ်သည် ချောင်းဝလူထုကို ကြိုတင်ခြိမ်းခြောက်ထား*

www.burmeseclassic.com

www.burmeseclassic.com



*ပါသည်။ သက်ဆိုင်ရာများက ထုံးစံအတိုင်းဆောင်ရွက်နိုင်ခဲ့ကြ၍သာ ဒေါ်အောင်ဆ စုကြည် လူထုနှင့် အေးအေးချမ်းချမ်း၊ တရင်းတနှီး တွေ့ဆုံဆွေးနွေးနိုင်ခြင်းဖြစ်သည်*

အခုတိုက်ပွဲဟာ မြန်မာနိုင်ငံသူ နိုင်ငံသားအချင်းချင်း တိုက် သဘောမျိုးဖြစ်လို့ အင်မတန်မှ ရင်နာစရာ ကောင်းပါတယ်။ ဒါပေမယ့်လည် ဒီမိုကရေစီအတွက် လှုပ်ရှားတယ်ဆိုတာ အမှန်တရားကို အောင်မြင်စေချင် အများအကျိုးအတွက် ဖြစ်စေချင်လို့လှုပ်ရှားတာပဲ။ ကိုယ်ကျိုးအမြ ထွက်ချင်လို့လည်း မဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း မဆုံးရှုံး မနစ်နာစေချင်ဘူ အဲဒီတော့ အမှန်တရားကို အောင်မြင်စေချင်တဲ့ စိတ်စေတနာသန့်သန့် ကျမတို့အားလုံး ဆက်လုပ်သွားဖို့ လိုပါတယ်။

* * *

## ပြင်ခရိုင်မြို့

**မေး။** ။ ဒီလှုပ်ရှားမှုထဲပါလို့ရှိရင် သေနတ်နဲ့ပစ်သတ်မှာတို့၊ အဖမ်းခံရမှာ ကျမတို့ တချို့အမျိုးသမီးတွေဆိုရင် ကြောက်လန့်ပြီး ရဲကုန်ကြတာ အများကြီး ရှိပါတယ်။ အဲ့ဒါကြောင့် အမျိုးသမီးတိုင်း၊ အမျိုးသမီးတို ဒေါ်အောင်ဆန်းစုကြည်ပြောသလို မကြောက်မရွံ့ပဲနဲ့ တက်တက်ကြွကြွ ကရေစီကို အားပေးကြပါလို့ ဒေါ်အောင်ဆန်းစုကြည်ရှေ့မှာ ကျမက အခ တိုက်တွန်း ချင်ပါတယ်။

**ဖြေ။** ။ ကြောက်နေတယ်ဆိုတာ တခါတလေ အကျင့်လည်းဖြစ်တတ်တယ သိပ်ကြောက်နေရင် အကျင့်ဖြစ်သွားတယ်၊ အဲ့ဒီတော့ မကြောက်တတ် အကျင့်လေးတွေမွေးရမယ်။ ကြောက်တတ်တဲ့ရောဂါက ကုလို့မရလို့ရှိ ရောဂါနဲ့ပဲ ဆက်ပြီးအလုပ်လုပ်ရမှာပဲ။ ကျမ အမြဲပဲပြောတယ်၊ တကယ်ဆို သတ္တိရှိတယ်ဆိုတာ မကြောက်တတ်တာဟာ တကယ့်သတ္တိ မဟုတ်ဘူ ကြောက်လျက်နဲ့ ကိုယ်လုပ်သင့်လုပ်ထိုက်တာကို လုပ်တာဟာ တကယ့်သ ပဲ။ အဲ့ဒီတော့ ဒူးတုန်တုန်နဲ့လုပ်တဲ့သူဟာ တော်တော်သတ္တိရှိတယ် ခေါ်ရမှာပဲ။

**မေး။** ။ လူထုကြီးက လိုလိုချင်ချင်နဲ့ ညီညီညာညာလုပ်မှ၊ ပြီးတေ ဒေါ်အောင်ဆန်းစုကြည်တို့လို ရှေ့ကခေါင်းဆောင်ကလည်း ကောင်းမ နောက်က လူထုကလည်း ကောင်းမယ်၊ နင်လားငါလား ညီညီညာညာနဲ့လုပ် ဒီလွတ်လပ်ရေး ဒီမိုကရေစီ မရပဲမနေဘူး။ ရမှာပါ။ ကျနော်တို့ကလ အဲ့ဒီလောက် ကြိုးစားတာပဲ။ အဲ့ဒီတော့ ဒေါ်အောင်ဆန်းစုကြည်တို့လ ရှေ့ကနေ ကြိုးစားပါလို့၊ ရှေ့ကလည်းကြိုးစား၊ နောက်ကလည်း ကြိုးစားမ ရှေ့ကတော့ မပျော့ပါနဲ့။ ကျနော်တို့ နောက်က အမြဲကြိုးစားမယ်။

**ဖြေ။** ။ ကြိုးစားပါမယ်။ ပျော့လည်း မပျော့ပါဘူး။ ပျော့ရင် ရောဝတီတိုင်း ဘယ်ထွက်ခဲ့ပါ့မလဲ။

## ကျောက်ချောင်းရွာ

*ကျောက်ချောင်းမှအပြန်တွင်မှ ဟိုင်းကြီးသို့ဝင်မည့် အစီအစဉ်ကြောင့် ဗမာ့လွတ်လပ် ရေးတိုက်ပွဲများအကြောင်းပြောလျှင် ချန်ထား၍မရသည့် ဟိုင်းကြီးကျွန်းကိုကျော်ဖြတ် ပြီး၊ ကျောက်ချောင်းရွာကို ဦးတည်ထွက်ခွာခဲ့ကြပါသည်။ ကျောက်ချောင်းရွာ၌ ကိုမှသည့်ရက်က စစ်တပ်က သေနတ်ပစ်ဖောက် ခြောက်လှန့်နေခဲ့ကြောင်း သတင်း ကြားရထားပါသည်။ ကျောက်ချောင်း 'မဝတ'၏ စစ်ချီသီချင်းသံများ၊ ကျောက်ချောင်း လူထု၏ ထောက်ခံကြိုဆိုသံများနှင့်အတူ ကျောက်ချောင်း လယ်ကန်သင်းရိုးများကို ဖြတ်ကျော်ခဲ့ကြပါသည်။ အောက်ပါမိန့်ခွန်းကို ဒေါ်အောင်ဆန်းစုကြည် ကျောက် ချောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ပြောကြားနေစဉ်တွင် စစ်ကားပေါ်မှ စယ်ရဲ့စက်ဖြင့် အမိန့်အမှတ် ၂/၈၈ကို ကြေညာ၍တမျိုး၊ စစ်သီချင်းများ ကျယ်ကျယ်လောင်လောင်ဖွင့်၍တဖုံ နှောင့်ယှက်ကြပါသည်။*

စိတ်ဝမ်းမကွဲပဲနဲ့ ညီရင်းအကိုလို သွေးစည်းရမယ်။ ဒီလို အစိုးရနဲ့ ပြည်သူလူထုကြားမှာ သွေးစည်းမှ တိုင်းပြည်တပြည်ဟာ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။ တတိုင်းပြည်လုံး တိုးတက်ဖို့၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့၊ ပြည်သူပြည်သားများ စိတ်ချမ်းသာဖို့ဆိုတာ တိုင်းပြည်ထဲမှာ အဓိက အစုကြီး သုံးစုဖြစ်တဲ့ ပြည်သူပြည်သားတွေရယ်၊ တပ်မတော်ရယ်၊ အစိုးရရယ် ဆိုတာ စည်းစည်းလုံးလုံး ဖြစ်ရမယ်။ အခုဆိုလို့ရှိရင် ခဏခဏပြောတယ်၊ ကျမတို့ အဖွဲ့ကို တချို့က စောင်းပြီးတော့ပြောတယ်၊ တချို့ကလည်း တဲ့တိုးပဲ ပြောဖွဲ့တယ်။ အဖွဲ့ချုပ်ကြီးက တပ်မတော်နဲ့ပြည်သူကြားထဲမှာ စိတ်ဝမ်းကွဲ အောင် လုပ်တယ်တဲ့။ ဒါ လုံးလုံး မမှန်ပါဘူး။

တပ်မတော်ဟာ ကျမအဖေ တည်ထောင်ခဲ့တဲ့ တပ်မတော်ပါ။ ဖေဖေ တည်ထောင်ခဲ့တဲ့ တပ်မတော်ကိုပြိုကွဲမှာ ကျမ လုံးလုံး မလိုချင်ပါဘူး။ ကျမ ဖြစ်စေချင်တာကတော့ ဖေဖေတည်ထောင်ခဲ့တုန်းက ရည်ရွယ်ချက်အတိုင်း ပြည်သူလူထု အားကိုးနိုင်ရာ၊ ကိုးကွယ်နိုင်ရာ၊ လဲလျောင်းနိုင်ရာ တပ်မတော် ကြီး ဖြစ်စေချင်တယ်။ အဲ့ဒီတော့ တပ်မတော်ဟာ ပြည်သူလူထုနဲ့ စည်းစည်း လုံးလုံးရှိမှ တိုင်းပြည်ဟာ တိုးတက်နိုင်ပါတယ်။ ဟိုးအရင် လက်ဝဲသုန္ဒရ ခေတ်ထဲက ကဗျာရှိပါတယ်။ ဒီစကားကိုလည်း အများပြည်သူကသိပြီးသားပါ။ 'စစ်နည်းဗျူဟာ ဘယ်လိုသာလည်း၊ စွဲကိုင်လက်နက် ဘယ်လိုထက်လည်း ပြည်သူ့နှလုံးမသိမ်းကြုံးလျှင်၊ ပြည်သူ့စွမ်းအား မကိုးစားလျှင် ခါးသွားလည်း ကြွ၊ လုံလည်းခွေအံ့' တဲ့။ အဓိပ္ပါယ်ကတော့ အုပ်ချုပ်တဲ့သူများဟာ ဘယ်လောက်ပဲ အာဏာရှိရှိ၊ ဘယ်လောက်ပဲ အင်အားရှိရှိ ပြည်သူလူထုရဲ့ မေတ္တာကို မသိမ်းကြုံးနိုင်လို့ရှိရင် အောင်အောင်မြင်မြင်နဲ့ မထမ်းဆောင်နိုင် ပါဘူး။ ဒါကို ကျမ လက်ခံတယ်၊ ကျမ ယုံကြည်တယ်။ အဲ့ဒီတော့ အစိုးရများ၊ တပ်မတော်များဟာ ပြည်သူလူထုရဲ့မေတ္တာကို သိမ်းကြုံးနိုင်တဲ့ အဖွဲ့အစည်းများ ဖြစ်ရမယ်လို့ ကျမ ယုံကြည်ပါတယ်။ ဒီလိုအဖွဲ့အစည်းများ ဖြစ်ဖို့ ကျမတို့ ဦးတည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုဟာ အခုချိန်မှာဆိုရင် အင်မတန်မှ ဒုက္ခများ၊ အန္တရာယ်များကြားကနေပြီးတော့ မိမိတို့လိုချင်တဲ့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေကြတယ်။ ဒါကလည်း နှလုံးရည်တိုက်ပွဲ ဖြစ်ပါတယ်။ ပြည်သူလူထု လက်ထဲမှာ ဘာအာဏာမှ မရှိဘူး။ ဘာလက်နက်မှ မရှိဘူး။ ရှိတာက လူတိုင်းလူတိုင်းဟာ လူ့အခွင့်အရေးကို ပြည့်ပြည့်ဝဝ ခံစားသင့်တယ်ဆိုတဲ့ ပြင်းထန်တဲ့ ယုံကြည်ချက်ရှိပါတယ်။ ဒီယုံကြည်ချက်လက်နက်နဲ့ ကျမတို့ဟာ တိုက်ပွဲဝင်နေတာပဲ။ လူတိုင်းလူတိုင်းဟာ မွေးလာမှ၊ အသက်တချောင်းနဲ့ လူဖြစ်လာမှ လူ့အခွင့်အရေးများ ခံစားသင့်၊ ခံစားထိုက်တယ်။ ဒီလိုခံစားသင့် ခံစားထိုက်လို့ ကျမတို့ တိုင်းပြည်ဟာ ဒီမိုကရေစီစနစ် မရမချင်း အားလုံး တိုက်ပွဲဝင်မယ် ဆိုပြီးတော့ ပြည်သူလူထုဟာ လက်ထဲမှာ လက်နက်မပါပဲနဲ့ ထွက်လာတာ ဖြစ်ပါတယ်။ ဒီတိုက်ပွဲဟာ မပြီးသေးပါဘူး။ တိုက်ပွဲဆိုလို့ အကြမ်းဖက်တဲ့သဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး။ ရဲရဲရင့်ရင့်၊ ဇွဲသတ္တိနဲ့ လုပ်ရမယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြောတာပါ။ စစ်တိုက်ပွဲဆိုရင် လက်နက်အင်အားနဲ့ စစ်ကွင်းပြင်ထဲကိုဆင်းပြီးတော့ ရန်သူများဟာ တယောက်နဲ့တယောက် တိုက်ခိုက်ကြတယ်။ အခုဟာက နှလုံးရည်တိုက်ပွဲ။ နှလုံးရည်တိုက်ပွဲဆိုတာဟာ ကွင်းထဲကိုဆင်းပြီးမှ ရန်သူကိုရင်ဆိုင်ပြီး တိုက်ရတာ မဟုတ်ဘူး၊ တချိန်လုံးတိုက်နေရတာ။ နှလုံးရည်တိုက်ပွဲဆိုတာ ကိုယ့်နှလုံးသားထဲမှာ အမြဲပဲ တိုက်ခိုက်နေရမယ်။ ကိုယ့်နှလုံးသားထဲမှာ ကိုယ်လိုတဲ့ အောင်မြင်မှုကို မရမချင်း ရန်းကန်မယ်၊ ကြိုးစားမယ်ဆိုတဲ့ အသိဟာရှိရမယ်။ ဒါဟာ နှလုံးရည်တိုက်ပွဲပဲ။ အင်မတန်မှ အခဲယဉ်းဆုံး တိုက်ပွဲလည်းဖြစ်တယ်။ အောင်မြင်လို့ရှိရင်လည်း အအောင်မြင်ဆုံး တိုက်ပွဲလည်း ဖြစ်တယ်။ နေ့ရော ညရော တိုက်နေရတဲ့ တိုက်ပွဲပဲ။ နှလုံးရည်တိုက်ပွဲဝင်တဲ့ သူများဆိုတာ တချိန်လုံးပဲ ကိုယ့်နှလုံးသားထဲမှာ တိုက်ပွဲအောင်မြင်ရေးအတွက် ဘယ်လို လုပ်ရမလဲဆိုတာ စွဲစွဲမြဲမြဲထားရမှာပဲ။

အဓိကကတော့ ကျမတို့ ပြည်သူလူထုများဟာ ညီညွတ်ရမယ်။ ညီညွတ်မှုမရှိပဲနဲ့ ကျမတို့ ဘယ်လိုမှ မအောင်မြင်နိုင်ဘူး။ စောစောက ပြောတဲ့အတိုင်းပဲ။ ကျမတို့ဟာ လက်ထဲမှာ ဘာလက်နက်မှ ရှိတာ မဟုတ်ပါဘူး။ လိုလည်း မလိုချင်ပါဘူး။ လက်နက်ကိုင် တိုက်ပွဲထဲလည်း ကျမတို့ မဝင်ချင်ပါဘူး။ ဒီတော့ ကျမတို့ရဲ့အင်အားဟာ ပြည်သူလူထုရဲ့ ညီညွတ်မှုအင်အားပဲ။ ပြည်သူလူထုရဲ့ ညီညွတ်မှုအင်အားကို အားကိုးတယ်။ ပြည်သူလူထုရဲ့ ဉာဏဗလကို အားကိုးတယ်။ ဉာဏ်နဲ့၊ ညီညွတ်မှုနဲ့ စည်းကမ်းနဲ့ ကျမတို့ ချီတက်သွားဖို့ဖြစ်တယ်။ အဲဒီတော့ လူတိုင်းလူတိုင်းဟာ ဝိုင်းပြီးတော့ ကူညီကြပါ။ ထောက်ခံကြပါ။ ပံ့ပိုးကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။

ဒီတိုက်ပွဲတွေကြားထဲမှာ နေရာလုတာလေးတွေ ရှိတယ်။ တယောက်နဲ့ တယောက် မနာလိုတာတွေရှိတယ်။ ဒါဟာ မဖြစ်သင့်ပါဘူး။ မနာလိုစရာ မလိုဘူး။ ကျမတို့စိတ်က တယောက်တော်ရင် အားလုံးက ပိုပြီးတော့တော်အောင် ဝိုင်းပြီးတော့ ပံ့ပိုးပေးရမယ်။ ဒါမှ အားလုံးအတွက် အကျိုးဖြစ်မှာပဲ။



…တော်တဲ့လူတွေရှိရင်လည်း တော်တဲ့လူတွေက လက်တွဲပြီးတော့ ခေါ်သွားရ…။ နောက်ပြီးတော့ နေရာလုတယ်ဆိုတာ ဒီမိုကရေစီစနစ်အောက်မှာဆိုရင် …ရာလုဖို့ မလိုဘူး။ ကိုယ့်အရည်အချင်းကို အများသဘောကျမှ …မြှောက်နိုင်တာ ဖြစ်တယ်။ အဲဒီတော့ ဒီမိုကရေစီစနစ်မှာ နေရာယူဖို့ထက် …ရာပေးဖို့က အရေးကြီးပါတယ်။ ရသင့်ရထိုက်တဲ့သူကို ပေးရမယ်။ မရသင့် …ထိုက်တဲ့လူကို မပေးရဘူး။ အဲဒီတော့ နေရာပေးဖို့ဆိုတာ အင်မတန် …ရေးကြီးတယ်။

အခု ကျမတို့အဖွဲ့ချုပ်ထဲမှာ ဆိုလို့ရှိရင်လည်း ကျေးရွာနဲ့ ရွပ်ကွက် …လာခံတွေ စပါတော့မယ်။ အဲဒီ ညီလာခံတွေကျရင် ကျမတို့ …ယ်စားလှယ်တွေ ရွေးထုတ်ရမယ်။ ဒီမိုကရေစီ နည်းကျကျနဲ့ ရွေးထုတ်မှာ …ပါတယ်။ ဒီညီလာခံတွေနဲ့ ပက်သက်လို့ ညွှန်ကြားချက်တွေလည်း ကျမတို့ …မကြာမီ ဗဟိုကနေ ပို့လိုက်ပါမယ်။ ဒီကိုယ်စားလှယ်တွေ ရွေးတဲ့အခါ …ရင် အကျင့်စာရိတ္တကောင်းတဲ့ ကိုယ်စားလှယ်တွေကို ရွေးပါလို့ ကျမ …တောင်းပန်ရပ်ခံချင်ပါတယ်။ ကျမတို့ဟာ အကျင့်စာရိတ္တကောင်းတဲ့ သူတွေကို …တွေ့ရှိတ်လိုက်ခြင်းဖြစ် တဆင့်နဲ့တဆင့် ကျမတို့အဖွဲ့ချုပ်ထဲမှာ အကျင့်စာရိတ္တ …ကောင်းပြီးတော့ ဉာဏ်ပညာရှိတဲ့ ခေါင်းဆောင်တွေ ပေါ်လာပါလိမ့်မယ်။ …အကျင့်စာရိတ္တ မကောင်းပဲနဲ့ အရည်အချင်း ရှိတဲ့သူတော့ မရွေးကြပါနဲ့လို့ …ကျမ တောင်းပန်ချင်ပါတယ်။ အကျင့်စာရိတ္တက ဆိုးပြီးတော့ အင်မတန်မှ …ပါတတ်ကိုင်တတ်သူများဟာ အများအတွက် အန္တရာယ်အများကြီး ဖြစ်နိုင် …တယ်။ ဒီတော့ အဓိကက အကျင့်စာရိတ္တပဲ။ လူကောင်းတယောက်ဟာ …ကို လုပ်တတ်အောင်လို့ ကျမတို့သင်နိုင်တယ်။ လူဆိုးတယောက်ကို …သင်ပေးမယ်ဆိုလို့ရှိရင် အားလုံးအတွက် အန္တရာယ် ဖြစ်နိုင်ပါတယ်။ …ရပ်ကွက်ညီလာခံတွေကနေစပြီးတော့ နောင် ကျမတို့လိုချင်တဲ့ …ခေါင်းဆောင်မျိုးကို ဦးတည်ပြီးတော့ အကျင့်စာရိတ္တ ကောင်းကောင်းနဲ့ …ပညာရှိရှိ ပုဂ္ဂိုလ်များကို ရွေးကြပါ။ အသက်ကို သိပ်ပြီးတော့ …ပါနဲ့။ လူကြီး၊ လူငယ်ကြားထဲမှာလည်း စိတ်ဝမ်းမကွဲကြပါနဲ့။

## …ပေါင်းမြို့

*…ကျောက် ဟိုင်းကြီးကျေးရွာမှလူထုကို သွားရောက်နှုတ်ဆက်ပါသည်။ သာပေါင်း … စစ်တပ်သည် လမ်းများပိတ်ဆို့ထားပြီး စစ်သီချင်းများ အသံကုန်ဖွင့်ကာ …ရေးခရီးပျက်ပြားအောင် ပြုလုပ်ပါသည်။ သာပေါင်းမြို့ မြို့နယ်စည်းရုံးရေး … အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ အဖွဲ့ချုပ်ဝင်များနှင့် ယခုကဲ့သို့ …ပါသည်။*

…ပေါင်းမြို့နယ်က အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဝင်များက …ကို လိုက်ပို့ကြလုံ့လုံ ကြိုဆိုတာ အများကြီး ကျေးဇူးတင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်တွေကလည်း အင်မတန်မှ ကောင်းလွန်းတဲ့အတွက်လည်း ကျေးဇ တင်ပါတယ်။ ကျမတို့သင်္ဘောလည်းဝင်လာရော ကျမတို့ကို အောင်တပ်မတော် ကြီးနဲ့ ကြိုဆိုလိုက်တော့ နမိတ် အင်မတန်ကောင်းတယ်ဆိုပြီးတော့ အားတက် သွားပါတယ်။ သူတို့ကြိုဆိုတဲ့အတိုင်းပဲ ကျမတို့ရဲ့ ဒီမိုကရေစီအဖွဲ့ချုပ်ကြီးဟ ဒီမိုကရေစီ အောင်တပ်မတော်ကြီး ဖြစ်မှာပဲလို့ ကျမ ယုံကြည်ပါတယ် ဒီအပေါ်မှာ ထပ်ဆင့်ပြီးတော့ ကျမ ငယ်ငယ်ကတည်းကကြိုက်တဲ့ သီချင်းတေ ကိုမှ ရွေးပြီးဖွင့်တာ ကျမ သိပ်ပြီးတော့ ကျေးဇူးတင်ပါတယ်။ အဲဒီတော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီလောက်တောင်မှ ပီပီပြင်ပြင် အစီအစဉ်တေ လုပ်နိုင်လို့ရှိရင် အောင်မြင်မှုဟာ မုချမြန်မြန်ရရမယ်လို့ ကျမ ယုံကြည်ပ တယ်။ ကျမတို့အဖွဲ့ချုပ်ဝင်တွေက အင်မတန်မှ လုပ်ရည်ကိုင်ရည် ရှိတယ ဇွဲသတ္တိရှိတယ်၊ လုံ့လဝီရိယ ရှိတယ်ဆိုတာ ကျမ ဧရာဝတီခရီးလာ ကွက်ကွက်ကွင်းကွင်း မြင်ရပါတယ်။ အဲဒါကြောင့်မို့ ကျမ ဧရာဝတီတိုင်းဂ အဖွဲ့ဝင်တွေကို အများကြီး ချီးကျူးပါတယ်။ ဂုဏ်ယူပါတယ်။ နောင်လည် ဒီလိုပဲ ဆက်ပြီးတော့ လုပ်သွားကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

**မေး။** ။ ပါတီစုံရွေးကောက်ပွဲဆိုတာ ပါတီစုံဖြစ်ပြီးတော့၊ အဖွဲ့အစည်းတေ များပြီးတော့ ဟိုပါတီ၊ ဒီပါတီ၊ နောက် လူမျိုးစုံကလည်း ပါတီတွေဖွဲ့ပြီးတေ ဖြစ်လာလို့ရှိရင် သူတို့ရလာလို့ရှိရင် သူတို့ကို သီးခြားနယ်မြေတွေပေးရတာ တိုင်းပြည် ပြိုကွဲမှာလို့ ပြောနေကြပါတယ်။ နောက်တချက်ကတေ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်မှာမွေးပြီးတော့ နိုင်ငံခြားမှာနေပြီးတေ နိုင်ငံခြားသား ဖြစ်နေပါတယ်။ သူ့ယောကျ်ားဟာ နိုင်ငံခြားသားပါ။ အဲဒီတေ သူ့အဖွဲ့များနိုင်ရင် နိုင်ငံခြားသားတွေလာပြီး အုပ်ချုပ်သွားမှာလားဆိုပြ မေးနေကြပါတယ်။ ဒါကို ရှင်းပြပေးပါ။

**ဖြေ။** ။ ပါတီတွေ သိပ် ပြီးများနေတဲ့ကိစ္စကို သိပ်ပြီးတော့ စိုးရိမ်မှုမရှိပါ ဘာဖြစ်လို့လဲဆိုတော့ အခုပါတီတွေဟာ ၁၈၀ ကျော်ရှိနေပြီ။ ဒါပေမဲ့ ဒီ ၁၈ ကျော် ပါတီတိုင်းဟာလည်း ရွေးကောက်ပွဲကို ဝင်မှာမဟုတ်ပါဘူး။ နောက်ပြ တော့လည်း တကယ်ဆိုလို့ရှိရင် ပါတီတွေ ဘယ်လောက်များများ ပြည်သူလူ ထောက်ခံတဲ့ပါတီများသာ နိုင်မှာပါ။ အများပြည်သူထောက်ခံတဲ့ ပါတီမျ သာ နိုင်မှာပါ။ တပါတီစနစ်အောက်မှာ ကျမတို့ ဘယ်လောက်တော ခံထားရသလဲဆိုတော့ ပါတီတွေများလေ ကောင်းလေလားလို့တောင် စဉ်းစ စရာဖြစ်နေပါတယ်။ အဲဒီတော့ ဒါအတွက်တော့ စိုးရိမ်ပူပန်မှုမရှိပါနဲ့။ ကျမ ကိုယ်ရေးကိုယ်တာ ကိစ္စတွေနဲ့ ပတ်သက်လို့တော့ ကျမဟာ မွေးကတည်း မြန်မာနိုင်ငံသား ဖြစ်တယ်။ အခုလည်း မြန်မာနိုင်ငံသားပါ။ တခါ ကျမရဲ့နိုင်ငံသားကို စွန့်လွှတ်ဖို့ မစဉ်းစားခဲ့ဘူး။ နောင်လည်း စွန့်လွှတ် မစဉ်းစားပါဘူး။ ကျမရဲ့ခင်ပွန်းဟာ နိုင်ငံခြားသားဖြစ်လို့ နိုင်ငံခြားသားတွေ မြန်မာပြည်မှာ အုပ်စိုးမယ်ဆိုတာကတော့ ကျမခင်ပွန်းခင်များ ကျမလုပ် ခံနေရလို့ သနားစရာ ကောင်းနေပါတယ်။ အခုလည်း သူက လက်ခံပါတယ ကိုယ့်တိုင်းပြည်အတွက် လုပ်တာဟာ အင်မတန် မြင့်မြတ်တယ်။ အဲဒီတော့

ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ကျောင်းသားလူငယ်တွေကနေ စပြီးတော့
ဝင်ခဲ့တယ်။ ဒီလောက်တောင်မှ ကျောင်းသားလူငယ်များက သတ္တိနဲ့ မိမိတို့
သက်တွေကို စတေးပြီးတော့ စခဲ့တဲ့လှုပ်ရှားမှုကို အောင်မြင်သည့်တိုင်
ဆက်ပြီးတော့လုပ်သွားဖို့ ကျမတို့မှာ တာဝန်ရှိပါတယ်။

* * *

ကျမတို့ အခု ဒီမိုကရေစီ လှုပ်ရှားမှုထဲပါဝင်လာတာဟာ အာဏာလိုချင်လို့
ပါဝင်လာကြတာ မဟုတ်ဘူး။ တာဝန်ကို ထမ်းဆောင်ချင်လို့
ပါဝင်လာကြတာပဲ။

* * *

မတရားတဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။
မမှန်တဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။
လောကမှာ ကြောက်ဖို့ဆိုတာ ဒီနှစ်ခုပဲရှိပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်ကို ပြည်သူ့တပ်မတော်ကြီး
ဖြစ်စေချင်တယ်။ ပြည်သူ့နောက်ကနေပြီး ပြည်သူ့ကို အကာအကွယ်ပေးမယ့်
တပ်မတော်၊ ပြည်သူ့ကို စောင့်ရှောက်ပေးမယ့်
တပ်မတော် ဖြစ်စေချင်ပါတယ်။

* * *

*ကျည်ထိုး*

***နောက်ကအဖွဲ့တွေ ရပ်ထားဖို့ တောင်းပန်ပါတယ်။***
***နောက်ကအဖွဲ့တွေ ရပ်ထားဖို့ တောင်းပန်ပါတယ်။***
***နောက်ကအဖွဲ့တွေ တက်ဖို့အတွက် ကျနော်တို့မှာ***
***အမိန့်ပေးထားတာ မရှိပါဘူး။***
***မိမိရဲ့နေရာဌာနကို ပြန်လည်ချီတက်ဖို့ မေတ္တာရပ်ခံပါတယ်။***
***အဲဒီ ရှေ့ကချီတက်လာတဲ့သူ ခဏ ရပ်ထားပါ။***
***ရပ်ထားပါ။***
***ရပ်ထားပါ။***
***ရပ်ထားဖို့ တောင်းပန်နေပါတယ်။***

*မဝတ တပ်ကြပ်တဦး*

* * *

ဒီမိုကရေစီ လှုပ်ရှားမှုဆိုတာ ပြည်သူလူထုကို အားကိုးပြီးလုပ်ရတဲ့လှုပ်ရှားမှုပါ။
ဘယ် အဖွဲ့အစည်းရဲ့ ကောင်းကျိုးအတွက်လည်း မဟုတ်ဘူး။
လူတစုရဲ့ကောင်းကျိုး အတွက်လည်း မဟုတ်ဘူး။
လူတယောက်ရဲ့ ကောင်းကျိုးအတွက်လည်း မဟုတ်ဘူး။
အများပြည်သူ ကောင်းကျိုးအတွက် လှုပ်ရှားနေတဲ့ လှုပ်ရှားမှုကြီးဖြစ်ပါတယ်။
သတ္တိရှိရှိနဲ့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရောက်သည့်အထိ
အားလုံးဆက်ပြီးတော့ ချီတက်သွားနိုင်ပါစေလို့

* * *



ဟာ ကျမရဲ့မိသားစုကို စွန့်လွှတ်ပြီးတော့ လုပ်ရပါမယ်ဆိုတာလည်း သူ
ပါတယ်တဲ့။

*ခြောက်မှုမျိုးစုံကြားမှ အားမာန်အပြည့်နှင့် လာရောက်ကြိုဆို ထောက်ခံ အားပေး လူထုကို သာပေါင်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှ ပြန်အထွက်တွင် ယခုကဲ့သို့ နှုတ်ဆက်စကား ပြောကြားပါသည်။*

ကျမတို့ကို လာပြီးတော့ကြိုဆိုတဲ့ ပြည်သူလူထုကြီးကို အများကြီး
တင်ပါတယ်။ အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ လူ့အခွင့်
များ ပြည့်ပြည့်ဝဝ မြန်မြန်ခံစားနိုင်ကြပါစေလို့ ကျမတို့ ဆုတောင်း
ပို့ပါတယ်။

* * *

## သိမ်မြို့

*ကြီးမှအပြန် ပုသိမ်သို့ပြန်အဝင် မှန်စက်ရုံအနီး၌ ပိန္နဲနှင့် ပန်းလောင်း များကို တွေ့ရသဖြင့် ပုသိမ်တွင် မည်သို့ဖြစ်နေသည်ဆိုသည်ကို စဉ်းစားစရာ ရပါသည်။ ပုသိမ်မရောက်မီ အကြိုစက်လှေများနှင့် တာဝန်ကျခဲ့ကြသော စည်းရုံးရေး တာဝန်ခံများသည် ယခုအချိန်တွင် ရောက်လာသင့်ပြီဖြစ်သည်။ ကကဲ့သို့ ကြိုတင်သတင်းများနှင့် ကြိုတင်ညှိနှိုင်းစဉ်းစားပြီး မည်သို့ လုပ်မည်ဆိုသည်ကို ဆုံးဖြတ်နိုင်ကြရန် ပုသိမ်တွင်နေရစ်ခဲ့သော ဧရာဝတီ များသည် ရောက်သင့်ချိန်၌ ရောက်မလာပါချေ။ ကမ်းနားမှ တယောက်စ၊ ယောက်စရှိသော လူထုကို မောင်းထုတ်နေသည့် စစ်လှေငယ်လေးများ၊ ပိန္နဲနှင့် လောင်းဆီမှ ရုံဖန်ရုံခါ လွင့်ပြန့်လာသော စစ်ချီတေးများကြောင့် ယခုတခေါက် မ်းအဝင်တွင် အရင်တခေါက်ကထက် ပိုပြီးသတိရှိကြရန် ဒေါ်အောင်ဆန်းစုကြည် အဖွဲ့က ဆုံးဖြတ်ကြပါသည်။ ယခုတခေါက် ဧရာဝတီမြို့တော် ပုသိမ်အဝင် တော်ဝင်ခန်းကား အံ့မခန်း ပြောင်းလဲခဲ့ရပါပြီ။ နေ့မထွက်ရအမိန့်ကို မြန်မာ တဝှမ်း ဧရာဝတီတိုင်း တတိုင်းထဲ၌ ထုတ်ပြန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ မ်ကမ်းသို့တက်တက်ချင်း တိုင်းစည်းရုံးရေးတာဝန်ခံ ဒေါက်တာသက်မင်း ဖမ်းဆီး ပြီး ပုသိမ်၌ကျန်ရစ်ခဲ့သော စည်းရုံးရေးတာဝန်ခံ ၁၃ ယောက်လည်း ဖမ်းဆီးခြင်း ရပါသည်။ ထို့အပြင် နေ့မထွက်ရအမိန့်နှင့် အိမ်ပြူတင်းပေါက်က ခေါင်းပြူရုံ ပစ်သတ်မည်ဟု ခြိမ်းခြောက်မှုများလည်း ရှိနေပါသည်။ ဒေါ်အောင်ဆန်းစုကြည် အဖွဲ့၏ ရှေ့ခရီးများကို ထွက်ခွာခွင့်မပြုပဲ ပုသိမ်မှ ကားအားလုံးကိုလည်း ကားအဖြစ်ယူသုံးပြီး ကားငှားမရအောင် ကြံဆောင်ထားပါသည်။ ထို့ကြောင့် အောင်ဆန်းစုကြည်က ပုသိမ်၌ပင် ရက်ရှည်နေပြီး စည်းရုံးရေး၊ လှေလာရေးများ သွားမည်ဟုဆိုကာ၊ ဆုံးဖြတ်ခဲ့သည့်အတိုင်း ဇန်နဝါရီလ ၂၁ ရက်နေ့ နံနက်တွင် ရန် ကျောင်းတိုက်ရှိရာသွားရန် တိုင်းရုံးမှ ထွက်ပါသည်။ သို့သော် ကက်ကိုင်တပ်သားများက ကားနှင့်ပင်ဖြစ်စေ ခြေလျင်နှင့်ပင်ဖြစ်စေ မသွားရ ဆင့်ဆင့် တားမြစ်ပြန်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က အကျဉ်းသားမလွဲ၍ ချင်ရာကို သွားပိုင်ခွင့်ရှိသည်ဟုဆိုကာ လုံခြုပ်ကြားမှ သွားချင်ရာကိုဖောက်ထွက်၊*

www.burmeseclassic.com



*ဆက်လျှောက်တော့မှပင် ကားနှင့်သွားခွင့်ပြုခဲ့ပါသည်။ မြန်မာလူထုသည် ဘုရား ပရိဝုဏ်အတွင်း ဖိနပ်စီးခြင်းကို လုံးဝသည်းမခံနိုင်သဖြင့် ဘကြီးတော်ဘုရား လက်ထက် သံအမတ် မေဂျာဘားနင်းနှင့်တကြိမ်၊ ပဲခူး၌ ဘုရင်ခံ ဆာရာဂျ်နယ် ဂရက်ဒေါက်နှင့်တခါ ဖိနပ်ပြဿနာများ ဖြစ်ခဲ့ကြရသည့်သာဓကများ ရှိပါသည်။ ယခု မဟာဝေါတီစေတီဝင်း အတွင်း စခန်းချနေသည့် 'ရဝတ' (၈) နယ်မြေ၏ ဘုရားရင်ပြင်တော်ပေါ်က စစ်ဖိနပ်၊ စစ်သေနတ်များကို မည်ကဲ့သို့ သဘောထား မည်နည်း။ ဤကဲ့သို့ ဧရာဝတီတိုင်း တိုင်းမှူး၏ ဥပဒေမဲ့ ခြိမ်းခြောက် ဖိနှိပ်မှုများကြားမှ ဒီမိုကရေစီရေးအတွက် တက်တက်ကြွကြွ လှုပ်ရှားနေကြသော လူထုအား ကျေးဇူးတင်၊ အားပေးစကားနှင့် ဒီမိုကရေစီရေးရာများကို ပုသိမ်မြို့ ဒုတိယအကြိမ် ခရီးစဉ်၌ ယခုကဲ့သို့ ပြောကြားပါသည်။*

ဒီခရီးကိုလာလိုက်တော့ ပြည်သူလူထုတွေ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ဘယ်လိုပါဝင်နေရတယ်ဆိုတာ ကျမတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့လည်း ဒီ ဧရာဝတီတိုင်းက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် တွေကို ကျမတို့ အများကြီး ဂုဏ်ယူပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ကျမတို့ဟာ အခုလို လက်ညီတက်ညီနဲ့၊ ဖွဲ့သတ္တိနဲ့၊ လုံ့လ ဝီရိယနဲ့ ဆက်ပြီးတော့ လုပ်သွားတဲ့အတွက်ကြောင့် အခုလို စည်းဝေးဖို့တော အခွင့်အရေး ရတယ်ဆိုတာကို အားလုံးလည်း သဘောပေါက်စေချင်ပါတယ်။ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ မှားတဲ့ကိစ္စကို ဘာမှမလုပ်ပါဘူး။ မှန်တဲ့အတိုင်း လုပ်သွားတာပါ။ ဥပဒေဘောင်အတွင်းကပဲ တရားမျှမျှတတ ဖြစ်စေချင် ပါတယ်။ ကျမတို့အနေနဲ့ ဘယ်အဖွဲ့အစည်းကိုမှလည်း မတိုက်ခိုက်ချင်ပါဘူး။ ဘယ်အဖွဲ့အစည်းကိုမှလည်း မပုတ်ခတ်ချင်ပါဘူး။ ပြည်သူလူထုတွေရဲ့ ရသင့် ရထိုက်တဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်ချင်တာ တခုပါပဲ။ ဒီဟာ ကျမတို့ လုပ်တဲ့ကိစ္စအဝဝမှာ ပြည်သူလူထုတွေရဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်သွားရမယ်ဆိုတဲ့ စိတ်ထားနဲ့ ကျမတို့လုပ်တာ ဖြစ်ပါတယ်။ အဲဒီဟာ ကို အားလုံးက ဝိုင်းပြီးတော့ ကာကွယ်ပေးဖို့ လိုပါတယ်။ လူ့အခွင့်အရေး ဆိုတာ လူတိုင်းလူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စမို့လို့ အဖွဲ့အစည်းတခုတည်းကလည်း လုပ်လို့မရဘူး။ အဖွဲ့အစည်းအများကလည်း လုပ်လို့မရဘူး။ ပြည်သူလူထု အများက ဝိုင်းပြီးတော့ပါမှ ဒီလူ့အခွင့်အရေးတွေကို ကျမတို့ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးဆိုတာ ကျမ စောစောက ပြောတဲ့အတိုင်း လူတိုင်းရဲ့ အခွင့်အရေးပါ။ ကျမတို့ကို အတိုက်အခံလုပ်နေတဲ့ လူတွေရဲ့ အခွင့်အရေးတောင်မှ ပါပါတယ်။ ကျမတို့ကို အတိုက်အခံလုပ်နေတဲ့ လူတွေပင်လျှင် လူ့အခွင့်အရေးကို ပြည့်ပြည့်ဝဝ ခံစားထိုက်ပါတယ်။ ဒီတော့ သူများကို အန္တရာယ်မပြုဘူး၊ မဟုတ်မမှန်တာ ဘာမှ မလုပ်ဘူးဆိုလို့ရှိရင် မိမိတို့လည်း အန္တရာယ် မကျရောက်ရဘူး။ မိမိတို့ကိုလည်း ဘယ်သူမှ မဟုတ်တာ၊ မမှန်တာ မလုပ်ရပါဘူး။ ဒီအတိုင်းပဲ ကျမတို့က ဆောင်ရွက်နေ ပါတယ်။



အခုဆိုလို့ရှိရင် ခဏခဏ ပြောနေတဲ့ကိစ္စဟာ ကျမတို့ အဖွဲ့ချုပ်ဟာ တပ်မတော်နဲ့ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင်လို့ လုပ်နေတယ်။ တပ်မတော် ကို ပြိုကွဲအောင်လို့ ကြိုးစားတယ်လို့ ပြောကြပါတယ်။ ဒီဟာဟာ လုံးလုံး မမှန်ပါဘူး။ ကျမအနေနဲ့ ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်ကို ပြည်သူ့ တပ်မတော်ကြီး ဖြစ်စေချင်တယ်။ ပြည်သူ့နောက်ကနေပြီး ပြည်သူ့ကို ကာကွယ်ပေးမယ့် တပ်မတော်၊ ပြည်သူ့ကို စောင့်ရှောက်ပေးမယ့် တပ်မတော် ဖြစ်စေချင်ပါတယ်။ တပ်မတော်ကိုလည်း လုံးလုံးမပြိုကွဲစေချင်ဘူး။ တပ်မတော်ရဲ့ အပြုအမူတချို့ကို ကျမတို့မကြိုက်တာ–မကြိုက်တာသတ်သတ်။ တပ်မတော်အနေနဲ့ မထွိုက်သဖွယ်ဖြစ်စေချင်တဲ့ စိတ်စေတနာဟာ သတ်သတ်ပဲ။ ဒါကို အားလုံးကလည်း နားလည်ဖို့လိုတယ်။ တပ်မတော်သားတွေအားလုံး လည်း နားလည်ဖို့လိုပါတယ်။ ဒါ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ တပ်မတော်ကို လည်း အန္တရာယ်မပြုချင်ဘူး။ မပြုချင်ဘူးဆိုတာ တပ်မတော်ဟာ ခိုင်ခိုင်ခန့်ခန့် မှ တိုင်းပြည်ဟာလည်း ခိုင်ခိုင်ခန့်ခန့် ရှိနိုင်မယ်ဆိုတာ ကျမတို့အားလုံး နားလည်ပါတယ်။ အဲဒီတော့ ကျမတို့က တပ်မတော် ပြိုကွဲအောင်လုပ်တယ်။ တပ်မတော်နဲ့ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်တယ်ဆိုတာဟာ ... သက် ကျမတို့အဖွဲ့အစည်းကို တိုက်ခိုက်တာပဲဆိုတာ ကျမ ရှင်းရှင်း ... လင်း ပြောချင်ပါတယ်။ မဟုတ်မမှန်တဲ့စကား လုံးလုံးမပါဘူး။

အဲဒီတော့ ကျမတို့ပြည်သူလူထုများဟာ ကိုယ့်ရဲ့ လူ့အခွင့်အရေးများ ကို ကာကွယ်ချင်လို့ စောင့်ရှောက်ချင်လို့ ဒီတိုက်ပွဲကြီးထဲမှာ ပါဝင်နေတာကို ... မျိုးမျိုး ပုတ်ခတ်ပြီး ပြောတဲ့သူများဟာ လူထုကို လူ့အခွင့်အရေးများ ... စားစေချင်လို့ပြောတာလားလို့ စဉ်းစားစရာ ဖြစ်လာပါတယ်။ ဒါကြောင့်မို့ ... ကျမတို့ဟာ ဒီလို အတိုက်အခံလုပ်တဲ့ သူများကို ခုခံရမယ်။ ကျမတို့ရဲ့ ပြည်သူလူထုကို ကာကွယ်ရမယ်။ အဖွဲ့ချုပ်အနေနဲ့ ရှေ့တန်းကနေပြီးတော့ ... ကွယ်စေချင်ပါတယ်။

ဧရာဝတီတိုင်းက ဆိုလို့ရှိရင် အခု ကျမ စည်းရုံးရေးခရီး ... လာကတည်းက အဖွဲ့ချုပ်ဝင်များ၊ စည်းရုံးရေး တာဝန်ခံများ၊ တိုင်း ... ဝန်ခံများကို ဖမ်းတာဟာ ၁၉ ယောက်ရှိသွားပါပြီ။ တပတ်အတွင်းမှာ ၁၉ ... ဖမ်းလိုက်ပါတယ်။ ဒီ ဖမ်းတဲ့ကိစ္စဟာလည်း ဘာမှ ဥပဒေမဲ့ လုပ်ခဲ့လို့ ... ဟုတ်ဘူး။ ပြည်သူလူထုဖက်က ရပ်တည်ခဲ့လို့။ ဒါမှမဟုတ် ပြည်သူလူထုက ... ကျမတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့လို့ဆိုပြီးတော့ ဖမ်းတဲ့ကိစ္စတွေ ... ပါတယ်။ ဒါကြောင့်မို့လို့ ကျမကို ဒီနေ့ မွန်းမလွဲခင်လေးက နိုင်ငံခြား ... သတင်းထောက်တယောက် ဖုံးဆက်ပြီးမေးတဲ့အခါကျတော့ ကျမ ပွင့်ပွင့် ... လင်းလင်းပဲ ပြောလိုက်တယ်။ ဗိုလ်မှူးချုပ်မြင့်အောင် လုပ်နေတဲ့ပုံနဲ့ ... ဧရာဝတီတိုင်းမှာ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ... ဖြစ်နိုင်ဘူး။ အဲဒီတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရက ... ကယ်စစ်မှန်တဲ့စေတနာနဲ့ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲ ... ဖြစ်စေချင်တယ်ဆိုလို့ရှိရင် ဗိုလ်မှူးချုပ်မြင့်အောင် လုပ်ပုံလုပ်နည်းတွေကို ... နေလို့ မဖြစ်ဘူး။ လစ်လျူရှုနေလို့ မဖြစ်ဘူး။ အရေးယူသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျမဟာ လူတယောက်ကို နံမည်တပ်ပြီးတော့ ဒီလိုတိုက်ခိုက်ပြီးတော့ မပြောချင်ပါဘူး။ ဒါပေမယ့် ဇရာဝတီတိုင်းမှာ လုပ်ပုံကိုင်ပုံတွေက တရားလွန်လွန်းလို့ ပြောရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရဟာ စစ်မှန်တဲ့စေတနာ ပြည်သူလူထု အပေါ်မှာ ရှိတယ်ဆိုရင် ဗိုလ်မှူးချုပ်မြင့်အောင်လို တိုင်းမှူးမျိုးကိုတော့ အရေးယူရမှာပဲ။

ခရီးလမ်း တလျှောက်လုံးမှာ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးဆိုတဲ့ ဆင်ခြေတွေပြပြီးတော့ ပြည်သူလူထုကို အမျိုးမျိုး ခြိမ်းခြောက်နေတယ်၊ ဟန့်တားနေတယ်ဆိုတာ ကျမတို့ တွေ့ခဲ့ရပါတယ်။ ဒါတွေကို ကျမတို့ လက်မခံနိုင်ပါဘူး။ ကလေးလူငယ်များက ကျမကို လက်ပြလိုက်လို့၊ လက်ခုပ်တီးလိုက်လို့ ရိုက်တယ်၊ နှက်တယ်ဆိုတာဟာ ငြိမ်ဝပ်ပိပြားရေးနဲ့ ဘာမှ မဆိုင်ဘူး၊ လုံခြုံရေးနဲ့လည်း ဘာမှမဆိုင်ဘူး။ ကျမတို့ အဖွဲ့ချုပ်ကို မထောက်ခံစေချင်လို့ သက်သက်လုပ်တဲ့ အပြုအမူတွေပဲ ဖြစ်ပါတယ်။ ဒီလိုအပြုအမူတွေ နောက်မဖြစ်နိုင်ဖို့ ကျမတို့အားလုံး ကာကွယ်ရမယ်။ အားလုံးကနေပြီးတော့ ဒီလိုမတရားတဲ့ ကိစ္စတွေကိုမခံဘူး၊ ခုခံမယ်၊ တိုက်ခိုက်မယ်၊ တယောက်နဲ့တယောက် အကာအကွယ်ပေးမယ်ဆိုတဲ့ စိတ်ထားတွေ ထားဖို့လိုပါတယ်။ ဒါမှ ကျမတို့ ဆက်ပြီးတော့ ဒီမိုကရေစီနိုင်ငံ တည်ထောင်နိုင်မှာပါ။

ဒီမိုကရေစီနိုင်ငံတခု တည်ထောင်ဖို့ဆိုတာဟာ မလွယ်ပါဘူး။ ပြည်သူလူထုအုပ်ချုပ်ရေး ဖြစ်လာနိုင်ဖို့ဆိုတာဟာ မလွယ်ပါဘူး။ မလွယ်တာကတော့ ကျမတို့ တိုင်းပြည်မှာဆိုလို့ရှိရင် အကြောင်းနှစ်ခုရှိတယ်။ တကြောင်းကတော့ တပါတီစနစ် ၂၆နှစ်လုံးလုံး ရှိခဲ့တဲ့တိုင်းပြည်တခုမှာ ဒီမိုကရေစီစနစ် ထူထောင်ဖို့ဆိုတော့ တပါတီ အာဏာရှင်စနစ်ကို ထောက်ခံခဲ့တဲ့လူတွေ၊ တပါတီ အာဏာရှင်စနစ်အောက်မှာ ချမ်းသာကြွယ်ဝခဲ့တဲ့သူတွေက အတိုက်အခံပြုပါတယ်။ ဒုတိယအချက်ကတော့ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုဆိုတော့ အများပြည်သူရဲ့ သဘောတူညီချက်ကို ယူရတယ်။ အများပြည်သူရဲ့ သဘောတူညီချက်ကို ယူတယ်ဆိုတာ မလွယ်ပါဘူး။ အဲ့ဒီတော့ ဒီမိုကရေစီစနစ်မှာလည်း အန္တရာယ်တွေရှိတာပဲ။ အန္တရာယ်တွေ မရှိဘူးလို့ ကျမ မပြောပါဘူး။ ဒါပေမယ့် ဒီအန္တရာယ်တွေကို ကျမတို့ ရင်ဆိုင်ရဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီစနစ် အောင်မြင်အောင်လုပ်နိုင်ရင် တိုင်းပြည်အတွက် အများကြီး တိုးတက်မှုရှိမယ်၊ တိုင်းပြည်အတွက် အများကြီး အကျိုးရှိမယ်ဆိုတာ ကျမတို့ယုံကြည်လို့ ဒီမိုကရေစီမှာ ပေါ်လာနိုင်မယ့် အန္တရာယ်တွေကို ကျမတို့ လက်ခံတယ်။ ကျမတို့ ရင်ဆိုင်မယ်။ ဒီအန္တရာယ်တွေကို ကျော်လွှားသွားမယ်။

ဒီမိုကရေစီအောက်မှာ အန္တရာယ်တွေကို ကျော်လွှားဖို့၊ ဖယ်ရှားဖို့ဆိုတာဟာ ပြည်သူလူထုက အများကြီး သဘောထားကြီးဖို့လိုတယ်။ တယောက်အပေါ်မှာတယောက် စေတနာရှိဖို့လိုတယ်။ ဒီမိုကရေစီရဲ့ အဓိက အန္တရာယ်ကတော့ အချင်းချင်း အပြိုင်အဆိုင် လုပ်နေမယ်၊ အချင်းချင်း…

…ဖြစ်နေမယ်၊ တယောက်တိုးတက်တာကို တယောက်က မနာလို… ဖြစ်နေမယ်ဆိုရင် ဒီမိုကရေစီစနစ်ဟာ အောင်မြင်သင့်သလောက် …မြင်မှာ မဟုတ်ပါဘူး။ အဲ့ဒီတော့ ကျမတို့ ပြည်သူလူထုအားလုံးဟာ …အကျိုးဆောင်မှ ကိုယ့်အကျိုး အောင်နိုင်တယ်ဆိုတဲ့ထုံးကို အမြဲ …သွင်းထားဖို့ လိုပါတယ်။ ဒီမိုကရေစီစနစ်အောက်မှာဆိုလို့ရှိရင် နေရာ …နေရာပေးတယ်ဆိုတာပဲ ဖြစ်ရမယ်။ ရသင့်ရထိုက်တဲ့သူတွေကို နေရာ …မယ်။ အများအကျိုးဆောင်နိုင်မယ့်သူတွေကို ကျမတို့က မြှောက်တင်ပေး…။ ကိုယ်ကနေပြီးတော့ ကိုယ်နေရာရရေးအတွက်၊ ကိုယ်ရာထူးရရေး… ကိုယ်ချမ်းသာနိုင်ရေး အတွက်ဆိုပြီး နေရာလုတာတွေဟာ လုံးလုံး …စရာဘူး။

ဒီမိုကရေစီစနစ် အောက်မှာဆိုရင် အစိုးရလုပ်သူများဟာ ဇိမ်နဲ့နေရမှာ …၊ မဟုတ်ပါဘူး၊ ဒီမိုကရေစီ စနစ်အောက်မှာဆိုရင် ပြည်သူလူထုအကြိုက် …နိုင်တဲ့ အစိုးရများဟာ ဒုက္ခရောက်စမြဲပါပဲ။ ဒါတော့ ဒီမိုကရေစီစနစ် …တင် မဟုတ်ဘူး။ ဘယ်စနစ်အောက်မှာမဆို ပြည်သူလူထုဆန္ဒကို …စွမ်းနိုင်တဲ့ အစိုးရများဟာ တနေ့မဟုတ်တနေ့တော့ ဒုက္ခရောက်ရတာပဲ။ …မှ ဒီမိုကရေစီစနစ် အောက်မှာဆိုရင် ပြည်သူလူထု မကြိုက်တဲ့အစိုးရကို …ဘောင်အတွင်းကနေ ရွေးကောက်ပွဲနည်းနဲ့ မြန်မြန်ဆန်ဆန် ဖြုတ်ချ…နိုင်တယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်အောက်မှာ ပြည်သူလူထုမှာ …ဝန်အများကြီး ရှိပါတယ်။ ဒီတာဝန်ကို ကျေပွန်အောင် အားလုံးက …ဆောင်ကြပါလို့ ကျမ မေတ္တာရပ်ခံ ချင်ပါတယ်။ ဒီတခါတော့ ကျမ …ကတိုတိုပဲ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရပ်ကွက်က …ရေးအခြေအနေလေးတွေကို ဆွေးနွေးချင်လို့ ဖြစ်ပါတယ်။ နိဂုံးချုပ် …ဖြင့်တော့ အားလုံးက ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိ၊ ဇွဲသတ္တိနဲ့ …ကသွားကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။

*　　*　　*

*…ရက်နေ့၌ ခါတော်မှီကျောင်းတိုက်၊ ရာမညနယ်မြေ အဖွဲ့ချုပ်ရုံး၊ ဒီမိုကရေစီ …န်းကျင်သစ် တည်ဆောက်ရေးပါတီ၊ ရတနာအုန္တကျောင်းနှင့် လူ့ဘောင်သစ် …ရက်တစ်ပါတီရုံးများကိုလည်း သွားရောက်နိုင်ခဲ့ပါသည်။ ၂၂ရက်နေ့ ညနေပိုင်း …ပုသိမ်တဖက်ကမ်း သဘော်ကျင်းရပ်ကွက်သို့သွားရန် မော်တော်ငှားမရခဲ့သည့် …ကြောင့် အချိန်ကြန့်ကြာရပါသည်။ မော်တော်အဆင်ပြေ၍ တဖက်ကမ်း …ကသောအခါ ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုရန် ခွင့်ပြုချက်မရသေးသည့် …ကြောင့် သိမ်းထားရသောဆိုင်းဘုတ်၌ 'လှိုက်လှဲစွာကြိုဆိုပါ၏' ဆိုသည့် စာသားရေး …လည်းနံ့ဘေးကပ်ချည်ရန် စီစဉ်ခဲ့ပါသည်။ ထိုအခါ လမ်းများပုံမထအောင် …းကြစဉ်ကတည်းက ငြိုငြင်ခဲ့သည့် ရေတပ်ဗိုလ်သည် စီစဉ်နေကြသော …ရေးတာဝန်ခံများကို ရိုက်နှက်၊ ဆဲဆိုပြီးနောက် ဆိုင်းဘုတ်ကိုပါ ဖျက်ဆီး…ပါသည်။ ထို့နောက် စည်းရုံးရေးတာဝန်ခံနှစ်ယောက်ကို ဖမ်းဆီးသွားခဲ့ပြီး …စည်းရုံးရေးတာဝန်ခံများမှာလည်း နားအုံကွဲသူကွဲ၊ ဒူးများ၊ လက်များပြိုနှင့်*

www.burmeseclassic.com



*ဒဏ်ရာအနာတရ ဖြစ်ကျန်ခဲ့ကြပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး သဘော… ရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ဒေါ်အောင်ဆန်းစုကြည်က ယခု… သုံးသပ်တင်ပြခဲ့ပါသည်။*

ဒီအပြုအမူဟာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအ… အနေနဲ့ လစ်လျူရှုထားထိုက်တဲ့ ကိစ္စမဟုတ်ဘူးဆိုတာ ကျမတို့ … ရောက်တဲ့အခါကျရင် တင်ပြပါမယ်။

* * *

## ကျောင်းကုန်းမြို့

*၂၃ရက်နေ့မနက်၌ အခြေအနေအရပ်ရပ်ကြောင့် ပုသိမ်မှ ထွက်ခွာကြပါသ… ကျောင်းကုန်းမြို့ ရောက်သောအခါ မနေ့ကကဲ့သို့ပင် ဖုံမထသော ကတ္တရာလ… တလျှောက်ကို မီးသတ်ကားနှင့် ရေဖြန်းရန်ကြံသည်ကို ကြုံရပြန်ပါသည်။ ထို့ကြေ… အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များအနေဖြင့် ကိုယ်ကာယအားဖြင့် ခံနိုင်… သတ္တိနှင့် စိတ်ဒုက္ခအားဖြင့် ခံနိုင်ရည်သတ္တိတို့ကို မွေးမြူပြီး ဒီမိုကရေစီလှုပ်ရှားမှု… အောင်မြင်သည်အထိ လုပ်ဆောင်ကြရန် ကျောင်းကုန်းမြို့၌ ဇန်နဝါရီလ ၂၃ရက်… ယခုကဲ့သို့ ပြောကြားပါသည်။*

ဒီလိုပဲ တိုင်းရင်းသား လူမျိုးစုတွေအားလုံး ဝိုင်းပြီးတော့လ… ကျမတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်မယ်ဆိုတာ ကျမ ယုံကြည်တ… ကျမတို့ သွားလေရာနေရာမှာ၊ အထူးသဖြင့် ရောဝတီတိုင်းမှာ အဖွဲ့ချုပ်… ကရင် တိုင်းရင်းသားများ၊ အခြားတိုင်းရင်းသားများ ပါဝင်နေတာမြင်ရ… ဒီလှုပ်ရှားမှု အောင်မြင်နိုင်တဲ့လက္ခဏာ အများကြီးရှိတယ်ဆိုတာ … မြင်ရပါတယ်။ ဒီတိုင်းရင်းသားအချင်းချင်း ညီညီညွတ်ညွတ်နဲ့ သဘောတူ… အများကြီး လိုပါတယ်။ ဒီလှုပ်ရှားမှုမှာလိုတဲ့ သတ္တိမျိုးဟာ အင်္ဂလိပ်စကာ… ဆိုရင်တော့ သတ္တိကို physical courage နဲ့ moral courage ဆိုပြီး နှ… ခွဲပါတယ်။ Physical courage ဆိုတာ ကိုယ်ကာယအားဖြင့် ခံနိုင်ရည်သတ္တိ… ခေါ်ရမှာပေါ့။ ဥပမာအားဖြင့် ရိုက်တာ၊ နှက်တာ ခံနိုင်တယ်။ … ခံနိုင်တယ်။ ဒါကို physical courage လို့ ခေါ်ပါတယ်။ Moral cou… ဆိုတာကတော့ တိုတိုပြောရရင် စိတ်ဒုက္ခခံနိုင်တဲ့ သတ္တိပဲ။ ကျမတို့အား… အများစုကြီးဟာ စိတ်ဒုက္ခခံနိုင်တဲ့သတ္တိ မွေးရမယ်။ ဒီအချိန်မှာ ကျမတို့… ဟာ အများကြီး စိတ်ဒုက္ခခံနေရတယ်။ ကိုယ်အားဖြင့် ဒုက္ခခံနေ… သူတွေလည်း ရှိတယ်။

မနေ့က ပုသိမ်ဟိုဖက်ကမ်းမှာ အဖွဲ့ချုပ်က စည်းရုံးရေးလာမှ… ကြိုဆိုဖို့ပြင်ဆင်နေတဲ့ လူငါးယောက်ကို ထိုးလား၊ ကြိတ်လား၊ … လုပ်တဲ့အခါကျတော့ ကိုယ်အားဖြင့်လည်း ဒုက္ခအများကြီးခံလိုက်ရတ… ကျမတို့ အများဆုံးခံနေရတာကတော့ စိတ်ဒုက္ခပဲ။ ဒီစိတ်ဒုက္ခကို ရင်ဆို… …တော့ ကျော်လွှားနိုင်တဲ့သတ္တိမွေးရမယ်။ ဒီသတ္တိရှိရင် ကျမတို့ အောင်မြင်နိုင်… …မှာပဲ။



## …ထောက်ရှာရွာ

*…ို့နောက် မြတ်ရှင်တော် ပြည်လုံးချမ်းသာဘုရားကြီးနှင့် မိုးကောင်းစေတီတော်ကို …ဖူးမျှော်ခဲ့ပြီးနောက် အိမ်မဲမြို့သို့ ဆက်လက်ခရီးထွက်ကြပါသည်။ ဒေါ်အောင်ဆန်း …စုကြည်တို့ ခရီးထွက်စဉ် စည်းရုံးရေးလုပ်ငန်း ပျက်ပြားအောင်ပြုလုပ်ရာတွင် …ဝတ'၊ 'မဝတ'တို့ ဟန့်တားရသည့် အကြောင်းပြချက်တခုဖြစ်သော 'နဝတ' …ထိန့်အမှတ် ၂/၈၈နှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထောက်ရှာရွာ၌ …ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ ပြောကြားပါသည်။*

ပြည်သူလူထုကို အမျိုးမျိုးနှောင့်ယှက်တယ်၊ ခြိမ်းခြောက်တယ်။ …ဒါဟာ ဒီတိုင်းမှာ အင်မတန်မှ တရားလွန်တယ်။ အဲဒါကို ကျမတို့ ဗဟိုက …ဝဟ'ကို ကန့်ကွက်ထားတယ်။ ဒီတိုင်းမှူးလုပ်ပုံကိုင်ပုံဟာ ဗိုလ်ချုပ်ကြီး …မောင်က တပ်မတော်ဟာ ကြားနေရမယ်ဆိုတဲ့ ညွှန်ကြားချက်နဲ့ လုံးလုံး …ကိုက်ညီဘူး။ နောက်ပြီးတော့ ပါတီစုံ ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံ …တင်ပြီးသားပါတီတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ပိတ်ပင်နေသလို …ဖြစ်နေတယ်။ ဒါဟာ ကျမတို့ ဒီလိုပဲ ကြည့်နေလို့ မဖြစ်ဘူး။ ကျမတို့ …ကန့်ကွက်မယ်။ တခြားပါတီတွေကလည်း ဝိုင်းပြီးတော့ ကန့်ကွက်ပါ။ …စည်းရုံးရေးခရီး တလျှောက်လုံးမှာ လုပ်နေတာတွေဟာ သက်သက် အဖွဲ့ချုပ် …စည်းရုံးရေးလုပ်ငန်းပျက်စီးအောင်၊ အဖွဲ့ချုပ်ကို လူထုက မထောက်ခံအောင် …လုပ်တာပဲ။ ဒါဟာ တပ်မတော် 'ကြား'နေမယ်ဆိုတဲ့စကားနဲ့ လုံးလုံး …မကိုက်ညီဘူး။

သူတို့က ၂/၈၈ကို အမြဲပြောတယ်။ လူငါးယောက်ထက် ပိုပြီး …မစုရဘူးတဲ့။ ကျမတို့ ထောက်ပြချင်တာက ဥပဒေတခုကိုလုပ်တဲ့အခါ …ထိန်းသိမ်းတဲ့ အာဏာပိုင်အဖွဲ့အစည်းများဟာ ဥပဒေရဲ့ ရည်ရွယ်ချက်၊ …အနှစ်သာရကို ပထမ ထားပြီး ကြည့်ရမယ်။ စာသားက အရေးကြီးတာ …မဟုတ်ဘူး။ ဥပဒေထဲမှာ ငါးယောက်ထက်ပိုပြီး မစုရဘူးဆိုပေမယ့် …ဥပဒေထုတ်ထားတာဟာ ရုံးရင်းဆန်ခတ် မဖြစ်အောင်လို့၊ အကြမ်းဖက်မှုများ …မဖြစ်အောင်လို့။ ရုံးရင်းဆန်ခတ် မဖြစ်ဘူးဆိုရင် လူငါးသိန်းပဲစုနေ၊ စုနေ။ …ဘာမှ ဒီဥပဒေအရ အရေးယူစရာ မလိုဘူး။ တကယ်ပဲ ပြည်သူလူထုနဲ့ …တိုင်းပြည်ရဲ့အကျိုးကို လိုလားတဲ့ အာဏာပိုင်အဖွဲ့အစည်းများဟာ ရုံးရင်း …ဆန်ခတ် မဖြစ်ဘူးဆိုရင် အရေးယူစရာ မလိုဘူး။ လူတယောက်တည်း သွားပြီး …ဆောင်းကျန်းနေတယ်ဆိုရင်လည်း တယောက်တည်း ဖြစ်ပေမယ့်လည်း အရေး …ယူရမှာပဲ။ ဒါဟာ အပြုအမူပေါ်မှာ တည်တာပေါ့။ ဘယ်လောက် …ငြိမ်းငြိမ်းချမ်းချမ်း လုပ်လဲအပေါ်မှာ တည်တာပေါ့။ အခုဟာက ၂/၈၈ကို

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေအနေနဲ့ ပေးပြီးတော့ ကျမတို့အဖွဲ့ကို ထောက်ခံတဲ့သူတွေ
လိုက်ဆွဲနေတယ်။ နောက်ပြီးတော့ လက်ခုပ်တီးတဲ့ ကလေးတွေကို ပါး
တာတို့၊ ခေါင်းထွက်ပြီး ကြည့်တဲ့သူတွေကို သေနတ်နဲ့ပစ်မယ်ဆို
ပြောတာတို့။ ဒါတွေဟာ မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ ကိစ္စတွေပါ။ ဒါကြော
မို့လို့ ဒီရွာမှာလည်း ရွာသူ၊ ရွာသားတွေကို ဘယ်လို ခြိမ်းခြောက်တယ်ဆို
တိတိကျကျစာရေးပြီး တိုင်းကို တင်ပြပါ။ ရောဝတီတိုင်းက အဖြစ်အပျ
တွေကိုတော့ အင်မတန်မှ ပြင်းပြင်းထန်ထန် ကန့်ကွက်ရမယ်။ ကျမတို့တ
မကဘူး။ တခြားနိုင်ငံရေးအဖွဲ့အစည်းတွေကလည်း အင်မတန် မခံမရပ်
ဖြစ်နေတယ်။

## အိမ်မဲ

*အိမ်မဲသို့ရောက်သည့်အခါ၌ တိုက်ပွဲခေါ်ပါဟုမတောင်းဆိုရပဲ အိမ်မဲ 'မဝတ'*
*လမ်းရှင်းပြီး အသင့် ကြိုနေပါတော့သည်။ အိမ်မဲလူထုသည် အိမ်ထဲမှအိမ်ပြ*
*မထွက်ရဲလောက်အောင်ပင် ခြိမ်းခြောက်ခံထားရကြောင်း သိရပါသည်။ ထို့အပြ*
*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဖြတ်သန်းရာလမ်းတလျှောက်၌ လုံခြုံရေးအတွ*
*တာဝန်ယူကြသော အဖွဲ့ချုပ်ဝင်များကို 'မဝတ'က ခေါ်သွားပြီး ဘောလုံးကွင်းထဲ*
*မိနစ်နှစ်ဆယ်ခန့် လေးဘက်ထောက်ခိုင်းပါသည်။ ပြန်လွှတ်လိုက်သည့် အခါ*
*လည်း ဒေါ်အောင်ဆန်းစုကြည်ရှိရာ အဖွဲ့ချုပ်ရုံးသို့ ဦးတည်သွားရမလားဟုဆို*
*ရိုက်မောင်း၊ ပုတ်မောင်း လုပ်ခဲ့ကြောင်း သိရပါသည်။ ယခုကဲ့သို့ ရောဝတီတိုင်း*
*ဒီမိုကရေစီအခွင့်အရေးများ ဆိုးဝါးစွာ ချုပ်ချယ်ခံရမှုနှင့်ပတ်သက်ပြီး အရေး*
*ဆောင်ရွက်ရန် အဖွဲ့ချုပ်ဝင်များနှင့် အိမ်မဲမြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်*
*ယခုကဲ့သို့ ဆွေးနွေးပါသည်။*

မူလအတိုင်း စောစောမရောက်ပဲ အစီအစဉ်ပြောင်းပြီး သုံးရက်လော
နောက်ကျသွားတာကို ခွင့်လွှတ်ပါလို့ ကျမပြောချင်ပါတယ်။ ဒီလို အစီအ
ပြောင်းလိုက်ရတဲ့ အကြောင်းကတော့ ရောဝတီ စည်းရုံးရေးထွက်လာတဲ့အ
ရောဝတီတိုင်းမှာ ရသင့်ရထိုက်တဲ့ အဖွဲ့ချုပ်ရဲ့စည်းရုံးရေးကို လွတ်လ
လပ်လပ် လုပ်ပိုင်ခွင့် မရှိဘူးဆိုတာ မြင်ရပါတယ်။ အစကတည်းကလ
ရောဝတီတိုင်းမှာ အင်မတန်မှ တင်းမာတယ်၊ ရောဝတီတိုင်းမှာ ဒီမိုက
အခွင့်အရေးတွေကို အင်မတန်မှ အတိုက်အခံ လုပ်နေတယ်ဆိုတာ ကြား
ပါတယ်။ စည်းရုံးရေးခရီးထွက်တော့မှပဲ မျက်ဝါးထင်ထင် မြင်ခဲ့ရပါတ
နေရာတိုင်း၊ နေရာတိုင်းမှာ ကျမတို့ အဖွဲ့ချုပ်ဝင်များဟာ အင်မတ
ကြိုးစားပြီးတော့ အန္တရာယ်မျိုးစုံကို ရင်ဆိုင်ပြီးတော့ စည်းရုံးရေး လုပ်
တယ်ဆိုတာ မြင်ရပါတယ်။ ဒီလိုမြင်ရတဲ့အခါကျတော့ နိုင်ငံ
ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရက ပြောခဲ့တဲ့အတိုင်း လွတ်လပ်
တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်ဖို့ဆိုရင် ရောဝတီတိုင်းမှာတော့
ဆက်ပြီးသွားလို့ မရဘူးလို့ ကျမ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့လ

ကျမတို့ ပုသိမ်မှာ နှစ်ရက်၊ သုံးရက် ပိုနေပြီးတော့ အခြေအနေတွေကို
'တဝတ' ကိုလည်း ကျမတို့ တင်ပြပါတယ်။ ကျမတို့ ဗဟိုကနေ
'နဝတ'ကိုလည်း တင်ပြနေ ပါတယ်။

အဓိကကတော့ ရောဝတီတိုင်းမှာ တိုင်းမှူးရဲ့ အစီအစဉ်အရ အပြုအမူ
တွေဟာ ပြည်သူလူထု ရသင့်ရထိုက်တဲ့၊ ရှိသင့် ရှိထိုက်တဲ့ ဒီမိုကရေစီ
အခွင့်အရေးတွေကို ပိတ်ပင်ရာလည်း ရောက်တယ်။ ဒီမိုကရေစီ လှုပ်ရှားမှုကို
တိုက်အခံပြုရာလည်း ရောက်တယ်။ ကျမတို့အဖွဲ့ချုပ်ရဲ့ အလုပ်တွေကို
လည်း အင်မတန်မှ နှောင့်ယှက်နေရာ ရောက်ပါတယ်။ ဒါဟာ ဗိုလ်ချုပ်ကြီး
စောမောင်မိန့်ထားတဲ့ တပ်မတော်ဟာ 'ကြား'နေရမယ်၊ တပ်မတော်ဟာ
ရှောင်ဆိုထားခြင်း လုံးဝမရှိဆိုတဲ့ ပြောဆိုချက်နဲ့လည်း လုံးဝ မကိုက်ညီ
ပါဘူး။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်ဖို့ဆိုရင် နိုင်ငံရေး
အဖွဲ့အစည်းတွေဟာ လွတ်လွတ်လပ်လပ်နဲ့ စည်းရုံးမှု လုပ်ပိုင်ခွင့် ရှိရပါမယ်။
လွတ်လွတ်လပ်လပ်နဲ့ စည်းရုံးပိုင်ခွင့်တွေ လုပ်ပိုင်ခွင့်တွေမရှိရင် ဘယ်လိုလုပ်ပြီး
လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်မှာတဲ့လဲ။

ရောဝတီတိုင်းမှာ အခုဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ကျမတို့
တင်မက တခြား နိုင်ငံရေးအဖွဲ့အစည်းတွေကလည်း အင်မတန်မှ မကျေမနပ်
ဖြစ်ပြီးတော့ ကန့်ကွက်ထားပါတယ်။ 'နဝတ'ကိုလည်း တင်ပြထားပါတယ်။
ဒီလိုဆက်ပြီး လုပ်သွားမယ်ဆိုရင် ရောဝတီတိုင်းမှာ လွတ်လပ်ပြီး တရားမျှတ
တဲ့ ရွေးကောက်ပွဲတွေ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ရောဝတီတိုင်း 'တဝတ'က
လုပ်နေတဲ့ မှုတွေ၊ လုပ်ငန်းတွေကို အရေးယူပေးပါဆိုပြီး ကျမတို့ 'နဝတ'ကို
တင်ပြထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့အဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်တဲ့
ဦးတင်ဦးဟာ ဒီနေ့ ရခိုင်စည်းရုံးရေးခရီးကနေ ရန်ကုန်ကိုပြန်ရောက်တဲ့အခါ
တင်ပြပါဦးမယ်။ များမကြာမီ ၂၆ရက်နေ့ နောက်ဆုံးထားပြီး ဦးတင်ဦး
ကိုယ်တိုင်လည်း ပုသိမ်ကို ရောက်လာပါလိမ့်မယ်။ ဒီလို ဦးတင်ဦးကိုယ်တိုင်
ပုသိမ်ကိုရောက်လာရခြင်း အကြောင်းကတော့ ကျမတို့ စည်းရုံးရေးခရီး
ထွက်ခဲ့ကတည်းကစပြီး အဖွဲ့ချုပ်ဝင်တွေကိုဖမ်းတာ (၃၀) ကျော်နေပါပြီ။
ဒီလိုဖမ်းတာဟာလည်း တရားဝင်ရဲ့လား။ ဒီမိုကရေစီ အခွင့်အရေးတွေ၊
တရားဝင်မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်းတခုရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေး
တွေကို တွန်းလှန်နေတာ မဖြစ်ဘူးလားဆိုတဲ့ မေးခွန်းကလည်း ရှိပါတယ်။
ဒါကို လိုက်ပြီး စုံစမ်းဖို့အတွက်၊ ဒီကိစ္စကို ဆွေးနွေးဖို့အတွက်
ဦးတင်ဦးကိုယ်တိုင် ပုသိမ်ကိုလိုက်လာမှာ ဖြစ်ပါတယ်။ ကျမအနေနဲ့တော့
နောက်စည်းရုံးရေးခရီးတွေ ဆက်စရာရှိသေးလို့ အခုထိပဲ ပုသိမ်မှာ
နေနိုင်ပြီးတော့ ဆက်ပြီးတော့ ခရီးထွက်ရတာဖြစ်ပါတယ်။ ဒီ့ထက်ကြာကြာ
ကျမ ပုသိမ်မှာဆက်နေလို့ရှိရင် နောက်ထွက်ရမယ့် စည်းရုံးရေး
ခရီးအစီအစဉ်တွေ အားလုံး ပြန်ပြီးတော့ ပြင်ရမှာမို့လို့ ကျမ စောစော
ထွက်ရတာ ဖြစ်ပါတယ်။

ရောဝတီတိုင်းမှာ နေရာအနှံ့ပဲ ပြည်သူလူထုကို 'တဝတ'က
ကြိုးချက်နဲ့ အမျိုးမျိုး ခြိမ်းခြောက်နေတယ်ဆိုတာ နားလည်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူလူထုကို ဟန့်တားနေတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တ
တခြား ဒီမိုကရေစီ နိုင်ငံရေးအဖွဲ့အစည်းတွေကို အမျိုးမျိုး ခြိမ်းခြော
နေတယ်ဆိုတာ သိရပါတယ်။ ဒါတွေဟာ မဖြစ်သင့် မဖြစ်ထိုက်
ကိစ္စတွေပါ။ ဒီ့အတွက် အရေးယူဖို့ "နဝတ"ကို ကျမတို့ ဆက်ပြီးတေ
တင်ပြပါမယ်။ ကျမတို့ အဖွဲ့ချုပ်အဖွဲ့ဝင်တွေက ဒီလောက်တော
ခြိမ်းခြောက်၊ ဒီလောက်တောင် ဟန့်တားပြီး ဒီလောက်တော
နှောင့်ယှက်နေတဲ့ကြားက မိမိတို့အလုပ်ကို ဖြစ်မြောက်အောင်လုပ်တယ်ဆိုတ
မြင်ရလို့ ကျမ အများကြီး ဂုဏ်ယူတယ်။ အများကြီး အားတက်ပါတယ
ဒီလို ခံနိုင်ရည်ရှိရင်၊ ဒီလောက်တောင် လုပ်နိုင်၊ ကိုင်နိုင်ရည်ရှိရင် ကျမတို့ မ
အောင်ရမှာပါ။ မလျော့သော လုံ့လနဲ့၊ ဇွဲသတ္တိနဲ့ ဆက်ပြီးတေ
လုပ်သွားကြပါ။ ကျမတို့အားလုံး ဒီလိုလုပ်သွားမှလည်း အောင်မြင်မှုရမှာပ
လွယ်လွယ်နဲ့ မရလို့ကို အောင်မြင်မှုရတဲ့အခါကျ ပိုပြီးအဖိုးတန်ပါလိမ့်မယ
ပိုပြီး တန်ဖိုးထားပါလိမ့်မယ်။ လူရဲ့ဘာသာဘာဝဟာ လွယ်လွယ်နဲ့ရတဲ့ဟာ
သိပ်ပြီးတော့ တန်ဖိုးမထားချင်ဘူး။ အခု ကျမတို့ဟာ ဒီမိုကရေစီ အခွင့်အ
တွေအတွက်၊ လူ့အခွင့်အရေးတွေအတွက် အများကြီး ကြိုးစားရမယ
အများကြီး ဒုက္ခခံရမယ်။ အများကြီး အန္တရာယ်တွေကို ရင်ဆိုင်ရမယ
ဒါ့ကြောင့်မို့လို့ ဒီမိုကရေစီအခွင့်အရေးတွေ ရလာတဲ့အခါကျရင် ကျမ
ပြည်သူလူထုဟာလည်း ပိုပြီးတော့ တန်ဖိုးထားမယ်။ ပိုပြီးတေ
ကာကွယ်ချင်တဲ့ စိတ်တွေရှိမယ်။

အရင်တုန်းက ကျမတို့ ဒီမိုကရေစီအခွင့်အရေးတွေ တခေါ
ရခဲ့ပြီးပြီ။ လွတ်လပ်ရေးရစအခါက မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ
ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီမိုကရေစီဟာ မတည်မြဲခဲ့ပါဘူး။ ဘာဖြစ်
မတည်မြဲခဲ့သလဲဆိုတာ လူတိုင်းလူတိုင်း သုံးသပ်ဖို့လိုပါတယ်။ ကျမ
ထင်မြင်ချက်ကတော့ အဲဒီတုန်းက ဒီမိုကရေစီ မတည်မြဲခဲ့တာ
နိုင်ငံရေးဟာ ပါတီနိုင်ငံရေးသဘော ဖြစ်သွားတယ်။ နိုင်ငံရေးသမားများ
ပြည်သူလူထုကို မိမိတို့နဲ့အတူ လက်တွဲမခေါ်ပဲနဲ့ မိမိတို့အချင်းချင်း
နိုင်ငံရေးလုပ်နေလို့ ဒီမိုကရေစီအမြစ် မကွယ်သွားဘူးလို့ ကျမထင်ပါတ
အဲဒီတော့ အခု လှုပ်ရှားမှုဟာ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့တ
တခြား ဒီမိုကရေစီ လိုလားတဲ့ အဖွဲ့အစည်းများဟာ ပြည်သူလူထု
လက်တွဲပြီးတော့ ခေါ်သွားဖို့လိုပါတယ်။

ပြည်သူလူထုထဲမှာ အရေးအကြီးဆုံးကတော့ ကျေးလက်တောရွာ
ပြည်သူလူထုကြီးပါပဲ။ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် ကျေးလက်တောရွာ
တောင်သူလယ်သမားများရဲ့ လူဦးရေဟာ တတိုင်းပြည်လုံးလူဦးရေရဲ့
ရာခိုင်နှုန်းလောက် ရှိပါတယ်။ ဒီတော့ တောင်သူလယ်သမားများ
ကျမတို့တိုင်းပြည်ရဲ့ ကျောရိုးသဖွယ် ဖြစ်ပါတယ်။ ဒီလို ကျောရိုးသ
ဖြစ်တဲ့လူထုကြီးကို ကျမတို့နဲ့အတူ ခေါ်ဆောင်သွားနိုင်မှ ကျမတို့လိုချ
စနစ်တွေတည်မြဲအောင် တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။ အနည်း



လုပ်နေတဲ့ကိစ္စဟာ ဘယ်တော့မှ တည်တည်မြဲမြဲ၊ ခိုင်ခိုင်ခံ့ခံ့ မရှိနိုင်ပါဘူး။
ဒါ့ကြောင့် လူများစုကြီးက ပါဝင်ပြီးတော့ လှုပ်ရှားဖို့ လိုပါတယ်။

## တံခွန်တိုင်

*တံခွန်တိုင်၌မူကား ဒေါ်အောင်ဆန်းစုကြည် စကားပြောမည့်ဖက်သို့လှည့်ပြီး ဖွင့်ထား သော ၂/၈၈ အမိန့်ကြေညာသံ၊ အသံကုန်ဖွင့်ထားသော စစ်သီချင်းသံများနှင့်အပြိုင် ဒီမိုကရေစီလိုလားသော အလွန်သတ္တိရှိကြသည့်လူထု၏ လက်ခုပ်သံများ သောသော ညံမွှဲရပါသည်။*

အများကြီး ဝမ်းသာပါတယ်။ ကျမတို့အခု ဒီမိုကရေစီလှုပ်ရှားမှု
ဟာဆိုရင် အများပြည်သူကိုအားကိုးပြီး လုပ်နေရတဲ့ ကိစ္စတခုဖြစ်ပါတယ်။
အများပြည်သူရဲ့ ထောက်ခံမှုရှိမှ အောင်မြင်နိုင်မှာပါ။ ပြည်သူလူထုဟာ
ဒီမိုကရေစီ အခွင့်အရေးများကို လိုချင်လို့ရှိရင် ဒီမိုကရေစီတာဝန်များကို
တာဝန်သိသိနဲ့ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ကျမတို့နိုင်ငံရဲ့ ရှေ့ရေး
ကောင်းကျိုးအတွက် ကျမတို့ အများကြီး အလုပ်လုပ်ဖို့ လိုပါသေးတယ်။
ဒီမိုကရေစီ လိုချင်တယ်ဆိုတာဟာ လူတိုင်းလူတိုင်းဟာ မိမိရဲ့ နိုင်ငံအကျိုးကို
လွတ်လွတ်လပ်လပ်နဲ့ လုပ်ပိုင်ခွင့်ရှိလို့ လိုချင်တာပဲ ဖြစ်ပါတယ်။
ကိုယ်တယောက်အကျိုးအတွက် လုပ်ချင်တဲ့စိတ်နဲ့ ဒီလှုပ်ရှားမှုထဲမှာ
ပါဝင်လာတယ် ဆိုလို့ရှိရင် ကျမတို့ရဲ့ လှုပ်ရှားမှုကို အထောက်အကူပေးနိုင်မှာ
မဟုတ်ပါဘူး။ အဲဒီတော့ ပြည်သူလူထုတရပ်လုံးဟာ ဒီမိုကရေစီလှုပ်ရှားမှု
အောင်မြင်ရေးအတွက်၊ နိုင်ငံ့အနာဂတ်ရေးအတွက် အများအကျိုးကို ဦးတည်
ပြီးတော့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ပြည်သူလူထုအားလုံး
လူ့အခွင့်အရေး ပြည့်ပြည့်ဝဝ ခံစားနိုင်မယ့် တိုင်းပြည်တခု ဖြစ်အောင်
တည်ထောင်ဖို့ဆိုတာဟာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ကျမတို့တွေဟာ ၂၆နှစ်
ကျော်လုံး လူ့အခွင့်အရေးဆိုတာ ဘာဆိုတာတောင်မှ မသိတဲ့အခြေအနေ
ရောက်သွားပါတယ်။

အခုဆိုလို့ရှိရင် ဒီမိုကရေစီစနစ် ပြန်ပြီးတော့ ထူထောင်တဲ့အခါ
ပြည်သူလူထုအားလုံးဟာ မိမိတို့ရဲ့ နိုင်ငံရေးအသိအမြင်တွေကို ပြန်ပြီးတော့
ပျိုးထောင်ရပါမယ်။ နိုင်ငံကောင်းကျိုးအတွက် ဘာတွေလုပ်သင့်တယ်၊ နိုင်ငံ
ကောင်းကျိုးအတွက် လူတိုင်း၊ လူတိုင်းက ဘာတွေ ဆောင်ရွက်ပေးနိုင်တယ်
ဆိုတာ ကျမတို့ စဉ်းစားဖို့လိုပါတယ်။ အခုဆိုလို့ရှိရင် တချို့က
မေးကြတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဒီမိုကရေစီရအောင်လို့
ဘာတွေ ဆောင်ရွက်ပေးနိုင်သလဲတဲ့။ ဒီလို မေးနေမယ့်အစား လူတိုင်း၊
လူတိုင်းဟာ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် ဘယ်လို ဝင်ပြီးတော့
ကူနိုင်မလဲ၊ ဘယ်လိုဝင်ပြီးတော့ ဆောင်ရွက်ပေးနိုင်မလဲဆိုတာ ကိုယ့်ကိုကိုယ်
ပြန်မေး ကြပါ။ သူများကိုပဲ အားမကိုးကြပါနဲ့။ နိုင်ငံသူ၊ နိုင်ငံသားများဟာ

www.burmeseclassic.com

www.burmeseclassic.com



တည်တံ့ခိုင်မြဲပြီးတော့ တိုးတက်တဲ့နိုင်ငံကြီးကို ထူထောင်ဖို့ဆိုရင် ကိုယ့်ကိုယ်ကိုယ်အားကိုးတဲ့ ပြည်သူလူထုကြီး ဖြစ်ရပါလိမ့်မယ်။ နိုင်ငံရေးအဖွဲ့အစည်းတခုကိုပဲလည်း အားမကိုးပါနဲ့။ နိုင်ငံရေးအဖွဲ့အစည်း အများကိုလည်း အားမကိုးကြပါနဲ့။ ပြည်သူလူထုကြီးဟာ မိမိတို့ရဲ့စွမ်းအားကို မိမိတို့ အားကိုးကြပါ။ အားလုံး ကိုယ့်စွမ်းအားကို ကိုယ့်ဘာသာ အားကိုးပြီး လက်ညီတက်ညီနဲ့ ဆက်ပြီးချီတက်သွားနိုင်မှ ကျမတို့နိုင်ငံဟာ သာယာဝပြော နိုင်မှာပါ။

ဒီမိုကရေစီရရုံနဲ့လည်း ဒီနိုင်ငံဟာ သာယာဝပြောသွားမှာ မဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ လုပ်ရည်ကိုင်ရည်ပေါ်မှာ တည်ပါတယ်။ ပြည်သူလူထုဟာ မှန်မှန်ကန်ကန်နဲ့ ကြိုးစားပမ်းစား လုပ်သွားနိုင်မှ ကျမတို့တိုင်းပြည်ဟာ တိုးတက်နိုင်မှာပါ။ အခုဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ အင်မတန်မှ ဆင်းရဲနေတဲ့ နိုင်ငံတခု ဖြစ်ပါတယ်။ ကမ္ဘာ့ပေါ်မှာဆိုရင် အဆင်းရဲဆုံးနိုင်ငံစာရင်းထဲမှာ ပါဝင်နေပါတယ်။ ဒီလို အဆင်းရဲဆုံးနိုင်ငံတခုကနေ ပြန်ပြီးထုတ်ဖို့ဆိုတာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ အားလုံးကကြိုးစားမှ ဖြစ်မယ့်ကိစ္စပါ။ ဒီမိုကရေစီလှုပ်ရှားမှုကြီး ပေါ်ပေါက်လာတာဟာ လူတိုင်း လူတိုင်းဟာ လူ့အခွင့်အရေးများကို ခံစားချင်တယ်။

ဒီလူ့အခွင့်အရေးထဲမှာ အရေးအကြီးဆုံး အခွင့်အရေးတခုကတော့ စိုးရိမ်ကြောင့်ကြခြင်းမှ လွတ်လပ်ပိုင်ခွင့်ပဲ။ လူတိုင်း၊ လူတိုင်းဟာ တခြားလူကို အန္တရာယ် မလုပ်ရင်၊ ဥပဒေဘောင်အတွင်းက နေလို့ရှိရင် စိုးရိမ်ကြောင့်ကြမှုကနေ ကင်းလွတ်စွာနဲ့ မိမိတို့ဘဝမှာ မိမိတို့ ရပ်တည်ပိုင်ခွင့်ရှိရမယ်။ ဒီလို အခွင့်အရေးတွေကို ရချင်လို့ ပြည်သူလူထုဟာ ဒီမိုကရေစီ လှုပ်ရှားမှုကို ထောက်ခံခဲ့တယ်။ ဆက်ပြီး ထောက်ခံနေတယ်။

ကျမတို့ဟာ ပန်းတိုင်ကို မရောက်သေးပါဘူး။ ပန်းတိုင်ကို ရောက်ဖို့ဟာ ဉာဏ်နဲ့၊ ဝီရိယနဲ့၊ လုံ့လနဲ့ လိုပါတယ်။ ဒီတိုက်ပွဲကြီးဟာ နှလုံးရည်တိုက်ပွဲကြီးမို့လို့ ဉာဏ်ပညာကိုသုံးဖို့ အများကြီးလိုပါတယ်။ ကျမတို့ ပြည်သူလူထုဟာ လုပ်တဲ့အရာရာတိုင်းကို ဆင်ဆင်ခြင်ခြင်၊ စဉ်းစဉ်းစားစား လုပ်ရပါမယ်။ အများအကျိုးကို ဦးတည်ရပါမယ်။ ကျမတို့တွေဟာ အခု လတ်တလော ကောင်းကျိုးအတွက်တင် မဟုတ်ဘူး။ နိုင်ငံရဲ့ နောင် ကောင်းကျိုးအတွက်ပါ စဉ်းစားရပါမယ်။ မြန်မာနိုင်ငံရဲ့ ကျေးလက်တောရွာ တွေမှာကြည့်ရင် ကလေးငယ်လေးတွေ အများကြီး တွေ့ရပါတယ်။ ဘယ်သွားသွား ကလေးငယ် အင်မတန်မှ များပါတယ်။ အင်မတန်များလှတဲ့ ကလေးငယ်တွေဟာ နောင်တခေတ်ကျလို့ရှိရင် လူကြီးများဖြစ်လာမယ်။ နိုင်ငံမှာ တန်ဖိုးရှိတဲ့ လူကြီးများဖြစ်လာအောင်လို့ ကျမတို့အားလုံးက ဝိုင်းပြီးတော့ ပြုစုပျိုးထောင်ပေးရမယ်။

အများပြည်သူက မေးနေတဲ့ မေးခွန်းဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်မှာလား၊ ဒီရွေးကောက်ပွဲတွေဟာ ဘယ်တော့ ဖြစ်မှာလဲ လို့ မေးကြပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်ဖို့ဟာ ပြည်သူလူထုက ကြိုးစားရမှာပါ။ အားလုံးက မဖြစ်မနေ လုပ်မယ်ဆိုတဲ့ ခွဲသတ္တိ

...ယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေက လုပ်ပါစေဆိုပြီးတော့ ထားလိုက်လို့ရှိရင် ...မှာမဟုတ်ပါဘူး။ နိုင်ငံရေးအဖွဲ့အစည်းများဟာ ပြည်သူလူထုကို အားကိုး ...တဲ့ အဖွဲ့အစည်းများပါ။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူလူထု အုပ်ချုပ်မှု။ ...တဲ့ ပြည်သူလူထုကပါဝင်မှ အောင်မြင်မယ့် အုပ်ချုပ်မှုစနစ်ဖြစ်ပါတယ်။ ...တည်းက ပြည်သူလူထုကပါဝင်မှ ဒီလှုပ်ရှားမှုကြီးဟာအောင်မြင်ပြီး ...လိုချင်နေတဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ရမှာပါ။ ...တော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ရမလား၊ ...လားဆိုတဲ့ မေးခွန်းကို မမေးကြပါနဲ့။ မရမနေလုပ်မယ်ဆိုတဲ့ ခွဲသတ္တိ ... မွေးကြပါ။ ဒီလို ခွဲသတ္တိနဲ့လုပ်ရင် ရွေးကောက်ပွဲဟာ ရစေရမယ်။ ...လေ၊ ကြိုးစားလေလေ၊ ပိုပြီးတော့ မြန်မြန်ရလေပဲ ဖြစ်ရပါလိမ့်မယ်။

ပြည်သူလူထုဟာ လူ့အခွင့်အရေးကို ပြည့်ပြည့်ဝဝခံစားနိုင်တဲ့စနစ်ကို ...တန်မှ လိုလားနေကြပြီ။ ဒီစနစ်ရရှိရေးအတွက်ကို အားလုံးကဝိုင်းပြီးတော့ ...ရမယ်။ ဝိုင်းပြီးတော့ကူညီတဲ့အခါမှာ တယောက်နဲ့တယောက်လည်း ...ရမယ်။ တယောက်နဲ့တယောက် လက်တွဲပြီးတော့ ခေါ်သွားရမယ်။ ...ရေစီလမ်းဆိုတာ အင်မတန်မှ ကြမ်းတမ်းတဲ့လမ်းပါ။ ကျမတို့ ...ကျောက်လည်း အများကြီး သွားစရာရှိပါတယ်။ ဒီလမ်းကို ချီတက်သွားတဲ့ ...ကျရင် ကိုယ့်ရဲဘော်တွေ ခလုတ်တိုက်ရင် ကိုယ်က စောင့်ပြီးတော့ မ ...ရမယ်။ ပစ်ထားခဲ့လို့ မဖြစ်ဘူး။ အချင်းချင်း စာနာရမယ်။ ဂရုဏာ ...ထားရမယ်။ ဒီလှုပ်ရှားမှုကြီးဟာ စေတနာနဲ့မေတ္တာကို အခြေခံပြီးတော့ ...တဲ့ လှုပ်ရှားမှုဖြစ်ရမယ်။ နိုင်ငံအပေါ်မှာ စေတနာရှိလို့၊ ပြည်သူလူထု ...မှာ မေတ္တာရှိလို့ ပါဝင်တယ်ဆိုတာ ဖြစ်ရမယ်။ ဘယ်အဖွဲ့အစည်းကိုမှ ...လို့ မဟုတ်ဘူး။ ဘယ်ပုဂ္ဂိုလ်ကိုမှ ဖြုတ်ချချင်လို့ မဟုတ်ဘူး။ ...တ်တွေနဲ့လုပ်ရင် ကျမတို့အောင်မြင်မှုဟာ တန်ဖိုး ရှိမှာ မဟုတ်ပါဘူး။ ...ကို ကောင်းစေချင်လို့၊ ပြည်သူလူထုကို အကျိုးခံစားစေချင်လို့ဆိုတဲ့ ...တွေနဲ့ လုပ်ရမယ်။ ဒီလိုစိတ်တွေနဲ့လုပ်မယ်ဆိုရင် အခုခေတ်တင် ...ဘူး။ နောင်ခေတ်ကျလို့ရှိရင်လည်း ကျမတို့ရဲ့ပြည်သူလူထုဟာ ...ကြီး တိုးတက်ပါလိမ့်မယ်။

ဒီလို ပြည်သူလူထုကို လွတ်လွတ်လပ်လပ်နဲ့ မနေစေချင်တဲ့စနစ်ကို ...တို့ဟာ ဥပဒေဘောင်အတွင်းကနေ ဖြုတ်ချရမှာပဲ။ ပြည်သူလူထု ...အရေးများကို မလေးစားတဲ့စနစ်ကိုလည်း ကျမတို့ဟာ ဥပဒေဘောင် ...ကနေ တွန်းလှန်ရမှာပဲ။ ပြည်သူလူထုရဲ့ အခွင့်အရေးများကို ...စားတဲ့ အစိုးရဆိုတာ အာဏာရှင်အစိုးရပဲ။ ဒီလို ပြည်သူလူထုရဲ့ ...အရေးများကို မလေးစားတဲ့ အစိုးရကို တွန်းလှန်ချင်တဲ့ စိတ်နဲ့ ...နေရာမှာ မုန်းတဲ့စိတ်နဲ့မဟုတ်ဘူး။ ပြည်သူလူထုရဲ့ အခွင့်အရေးကို ... လေးစားတဲ့စိတ်က အဓိက ဖြစ်ရပါလိမ့်မယ်။ အဲ့ဒီတော့ အားလုံးဟာ ...၊ သတ္တိကို တနေ့တခြား ပိုအားရှိလာအောင် မွေးကြပါ။

...အနားမှာ ခြိမ်းခြောက်မှုတွေရှိရင် ခြောက်တိုင်း မကြောက်ကြပါနဲ့။ ...လူတိုင်းဟာ ကိုယ့်သတ္တိနဲ့၊ ကိုယ့်လုံ့လ၊ ဝီရိယနဲ့ ဆက်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ချီတက်သွားမယ်ဆိုရင် အောင်မြင်ရမှာပါ။ ဒီလို အမျိုးမျိုး နှောင့်ယှက်နေ ကြားထဲက ကျမတို့ဟာ အောင်မြင်မှုရအောင် ရှာရပါလိမ့်မယ်။ ဒီ အောင်မြင်မှု ရှာနိုင်မှသာလျှင် ကျမတို့လိုချင်တဲ့ ပန်းတိုင်ကို ရောက်မှ ဖြစ်ပါတယ်

အခုဆိုရင် အများမြင်တဲ့အတိုင်း ဝိုင်းပြီးတော့ နှောင့်ယှက်ကြတယ် နှောင့်ယှက်တယ်ဆိုတာ ပြည်သူလူထုရဲ့အခွင့်အရေးတွေကို ချိုးဖောက် သဘောပါပဲ။ ပြည်သူလူထုရဲ့ အခွင့်အရေးတွေကို ဒီအချိန်မှာ ဒီလောက်တော မှ ချိုးဖောက်နေရင် နောင် ဘယ်လောက် ဆက်ပြီး ချိုးဖောက်မလဲဆိုတ စဉ်းစားရမယ်။ ပြည်သူလူထုရဲ့ မေတ္တာကို ရအောင်မယူနိုင်တဲ့ အစိုးရဟ ဘယ်လောက်ပဲအာဏာရှိရှိ အောင်မြင်မှုကို ဘယ်တော့မှ ရမှာမဟုတ်ပါဘူး။

***အေးဆေးငြိမ်းချမ်းစွာ နားထောင်နေကြသော ပြည်သူလူထုကြီးနှ ဒေါ်အောင်ဆန်းစုကြည် ယခု မိန့်ခွန်းပြောနေသည့်ဘက်သို့လှည့်ပြ မရပ်မနားဖွင့်နေသော စစ်သီချင်းသံနှင့် အမိန့်အမှတ် ၂/၈၈ ကြေညာ ချက်များကြောင့် မိန့်ခွန်းမည်သို့မှ ဆက်မပြောနိုင်သည့် အခြေအနေ ရောက်လာသည့်အတွက် ပြည်သူလူထု၏မေးခွန်းများကို ဒေါ်အောင်ဆ စုကြည်နှင့်အတူ လိုက်ပါသွားသော သုံးရောင်ခြယ်အဖွဲ့ဝင် ကျောင်းသ တယောက်ကတဆင့် ပြန်ဖြေကြားရပါသည်။***

**မေး။** ။ ပြည်သူများထင်မှတ်ထားသလို ဆူပူဆန္ဒပြမှုများ မဖြစ်ပွားခြင်း ပြည်သူများအနေဖြင့် တပ်မတော်အား ကြောက်လန့်၍ စိုးစဉ်းမျှမဟုတ် ဒေါ်စုကြည်၏ စွမ်းဆောင်မှုကြောင့်ဆိုသည်ကို ကျနော်တို့ ခရီးဝေးမှ ပြည် လူထုများသိစေရန် ရှင်းလင်းပေးပါရန် ပန်ကြားအပ်ပါသည်၊ မှ - အမျိုးသ ဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ။

**ဖြေ။** ။ ကျေးဇူးပြု၍ နားထောင်ပေးပါခင်ဗျား။ ဒီမေးခွန်းအ ဒေါ်အောင်ဆန်းစုကြည်ရဲ့အဖြေကတော့ စစ်တပ်က ပြည်သူလူထုရဲ့ လိုအ ဆန္ဒကို လိုက်လျောတဲ့အတွက် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သွားတာပါ စစ်တပ်က ပြည်သူလူထုရဲ့ လိုအင်ဆန္ဒကို ဒီ့ထက် ပိုလိုက်လျောမယ်ဆို ဒီ့ထက် ငြိမ်းချမ်းမှုတွေ ရရှိမယ်ဆိုတဲ့ အဖြေပဲ ဖြစ်ပါတယ်ခင်ဗျား။

## ကျောင်းကုန်း

*ပြည်သူများ၏အလင်းဓါတ်နှင့် လွတ်လပ်မည့်အနာဂတ်၏ ပဋ္ဌမ မဟာနိုင်ငံတော် တည်ထောင်နိုင်ရန်ကြိုးစားနေသော ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ အိမ်မဲ့အပြန် ကျောင်းကုန်းသို့ဝင်မည်ကိုသိ၍ ကျောင်းကုန်းလူထုသည် ခွဲကြီးစွာနှင့် စောင့် နေကြပါသည်။*



## အသုတ်

*အသုတ် 'မဝတ'က ဥပဒေ၏အနှစ်သာရကို နားလည်ပြီး အပြန့်အတား တစုံတရာ လုပ်ခဲ့သည့်အတွက် အသုတ်မြို့ လမ်းတလျှောက်လုံးအပြင် ငှက်ပျောတောကွင်း၊ သုံးဆင့်စွာများ၌ပါ အစစအရာရာ အဆင်ပြေခဲ့ရပါသည်။ ယခုမှပင် 'အို - ဝတီ အောင်စည်ဆော်ယွန်းရသည်' ဟု ဆိုရပါတော့သည်။ ဧရာဝတီတိုင်းတွင် ကရေစီ လှုပ်ရှားသူများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများနှင့်ပတ်သက်၍ သုတ်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ဆွေးနွေးချက်မှ ကောက်နုတ် ပြပါသည်။*

နေ့မထွက်ရဘူးဆိုပြီး အမိန့်ထုတ်ထားတယ်။ ဘုန်းကြီးများတောင် မထွက်ရဘူးဆိုတဲ့ အမိန့်ထုတ်ထားတယ်။ နောက်ပြီး လမ်းတွေကို ကြိုးတွေနဲ့ ပိတ်ထားတယ်။ တချို့ဆို အသေပိတ်ထားတယ်။ အဲဒီလို ပိတ်ပြီး စစ်သားတွေက လုံစွပ်တပ်ပြီး သေနတ်တွေနဲ့စောင့်နေတယ်။ ဆိုးတာပဲ။ အဲ့ဒီတော့ ကျမတို့က စဉ်းစားတယ်။ ဒါကို လျှို့ရှုနေလို့တော့ မဖြစ်တော့ဘူး။ ဧရာဝတီတိုင်း တိုင်းမှူးဟာ အင်မတန်မှ နေပြီ။ ဧရာဝတီတိုင်းမှာ အင်မတန်မှ ကြမ်းတယ်ဆိုတာ အများကလည်း နေတယ်။ အဲ့ဒါကြောင့် ကျမတို့က ပုသိမ်ရောက်ရင် 'တဝတ' နဲ့ ဆုံခွင့်တောင်းမယ်၊ ဒီကိစ္စကို ပြေလည်အောင် ရှင်းရမယ်ဆိုပြီး တားတယ်။

ကျမတို့ ပုသိမ်ကိုလည်းရောက်ရော၊ မလအစီအစဉ်က ပုသိမ်မှာ ၁ လောက်ပဲ ရပ်မလို့။ ပုသိမ်မှာ သင်္ဘောဆိုက်မယ်၊ ကားပြောင်းစီးမယ်။ မယ်။ ဒါပေမယ့် အစီအစဉ်က ပြောင်းလိုက်ရတယ်။ ကျမတို့ လည်း ဆိုက်ရော၊ ဒေါက်တာသက်မင်းကို ကျမ သင်္ဘောပေါ်က လေးမှာတင် ဖမ်းသွားတယ်။ အမျိုးမျိုးလိုက်ပြီး ခြိမ်းခြောက်နေတယ်၊ များ လိုက်ပြီးဖမ်းဆီးတယ်၊ ဧရာဝတီတိုင်း တိုင်းမှူးဟာ ဥပဒေဘောင် က မလုပ်ပဲနဲ့ အင်မတန်မှ ဥပဒေကို ဖောက်ဖျက်ပြီးတော့ ဒီမိုကရေစီ ရှားမှုကို အမျိုးမျိုး တိုက်ခိုက်နေတယ်။ ဒီကိစ္စကို ဥပက္ခာပြုထားလို့ ။ ဒီကိစ္စကို ဆက်ပြီးတော့ တင်ပြဦးမယ်။ 'နဝတ'ကိုရော၊ ကောက်ပွဲ ကောက်မရှင်ကိုရော။ ဒီလိုတိုင်းမှူးမျိုးနဲ့တော့ ဘယ်လိုမှ လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ မဖြစ်နိုင်ဘူး။ အဲ့ဒီတော့ တ'က အရေးယူပါ။ ဒီတိုင်းမှူး လုပ်ပုံကိုင်ပုံကို 'နဝတ'က လျှို့ရှုထားလို့ မဖြစ်တော့ဘူးဆိုတာ 'နဝတ'ကို တင်ပြမယ်။ ဒါ နေပြီပဲ။

ကျမတို့ ဧရာဝတီတိုင်း စည်းရုံးရေးခရီးသွက်ကတည်းက ဖမ်းတာ ကျော်နေပြီ။ ဘာအကြောင်းကြောင့်မှ မဟုတ်ဘူး။ ဘာမှလည်း ဆန်ခတ် မဖြစ်ခဲ့ဘူး။ စည်းရုံးရေး အောင်မြင်တာကို မရှုဆိတ်လို့ လိုက်ဖမ်းတာ။

www.burmeseclassic.com

www.burmeseclassic.com

*စကားပြောခွက် မရှိသော်လည်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပြောပါ လာရောက် ကြိုဆိုနေကြသည့်လူထုက တောင်းဆိုလာသည့်အတွက် အသုတ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့၌ ယခုကဲ့သို့ နှုတ်ခွန်းဆက်စက ပြောကြားပါသည်။*

ကျမကို လာပြီးတော့ကြိုဆိုတာ ကျေးဇူးတင်ပါတယ် ဒီမိုကရေစီလှုပ်ရှားမှုကို ပြည်သူလူထုအပေါင်းက ညီညီညွတ်ညွတ်နဲ့ ဆက် ထောက်ခံကြပါ။ ဒီလို ထောက်ခံမှလည်း အောင်မြင်မှုရမှာပါ။ အားလုံး စည်းကမ်းရှိရှိ၊ ညီညီညွတ်ညွတ် လုပ်မယ်ဆိုရင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ် အခုလို ပြည်သူလူထုကနေ ဖွဲ့ရှိရှိနဲ့ လှိုက်လှိုက်လှဲလှဲ ထောက်ခံတာ မြင်ရတဲ့အခါ အင်မတန်မှ အားတက်ပါတယ်။ အင်မတန်မှ ဂုဏ်ယူပါတယ် ကျမတို့ဟာ မုချအောင်မြင်ရမယ်လို့ ယုံကြည်ပါတယ်။

## ရေကြည်

*ရေကြည်တွင်လည်း အသုတ်၌ကဲ့သို့ပင် 'မဝတ'က နားလည်မှုရှိသည့်အတ ပြည်သူလူထုကို အေးအေးချမ်းချမ်းနှုတ်ဆက်နိုင်ခဲ့ပါသည်။ သို့သော် ဝေနံ တဖက်ကမ်း၌ လွန်ခဲ့သောနှစ်ရက်ခန့်ကတည်းက လှေ၊ စက်လှေများကိုပိတ် လူထုကို ခြိမ်းခြောက်ထားသဖြင့် ဝေနံမြစ်တဖက်ကမ်းမှ အဖွဲ့ချုပ်ဝင်များသ အဝတ်အစားများကို ရေအိုးထဲထည့်ပြီး ရေအိုးကိုဖက်ကာ၊ ငှက်ပျောတုံ ဖက်ကာနှင့် မျှောတခါ၊ ကူးတလှည့် မြစ်ပြင်ကိုဖြတ်ပြီး ငါးသိုင်းချောင်းအရော လာကြပါသည်။ ထိုကဲ့သို့ အဖွဲ့ဝင်များနှင့် ည ၁၁:၀၀နာရီကျော်သည့်အ ဆွေးနွေးဖြစ်ခဲ့သောအချိန်များသည် ရောဝတီ၏ အောင်စည် ဆော်ယွန်းချိန်များ ဖြစ်ပါတော့သည်။*

*　　*　　*

## ငါးသိုင်းချောင်း

*၂၄ ရက်နေ့နံနက် ငါးသိုင်းချောင်း ဆွေးနွေးပွဲ၌ စပါးအရောင်းအဝယ်၊ အလုပ်သ အဖွဲ့အစည်း၊ ခွေးကောက်ပွဲ၊ တိုင်းရင်းသားရေးရာ၊ ကျောင်းသားလူငယ် ပါတီအချို့၏ ထိုးနှက်မှု စသည့်ကဏ္ဍပေါင်းစုံကို ဆွေးနွေးကြပါသည်။*

**မေး။** ။ ကျနော်ဟာ ငါးသိုင်းချောင်းနဲ့ ငါးမိုင်ကွာတဲ့ ကျေးရွာ ဖြစ်ပါတယ်။ အခုလို ကျနော့်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ဝင်များအားလုံးရှေ့မှာ တော လယ်သမားများကိုယ်စား စကားပြောခွင့် ပြုတဲ့အတွက် ကျေးဇူးတင်ရှိကြော ပြောလိုပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတော်ကို ဦးဆော အဖွဲ့အစည်းများ ဖြစ်လာခဲ့လို့ရှိရင် တောင်သူတွေထံမှ စပါးဝယ်ယူတဲ့

နိုင်ငံတော်အစိုးရကပဲ ဦးဆောင်ဝယ်ယူမလား၊ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင် ယည်တွေကိုပဲ အဝယ် ခိုင်းမလား၊ သို့တည်းမဟုတ် နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တို့ ယှဉ်ပြိုင်ပြီးတော့ ဈေးပြိုင်စနစ်နဲ့ ဝယ်ယူမလားဆိုတာ င်သူလယ်သမားများကိုယ်စား ဒီကိစ္စကို တော်တော်လေး သိချင်နေကြလို့ ရတာ ဖြစ်ပါတယ်။ အဲ့ဒီသုံးခုကို သေသေချာချာ အဖြေပေးပါလို့ ဗ္ဗာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

။ ကျမတို့ရဲ့ မူဝါဒသဘောထားကိုရေးဆွဲတဲ့အခါ ဒီကိစ္စကို ဆွေးနွေး းကတော့ အခုအချိန်မှာ ကျမတို့မြင်တာကတော့ တတိယက င်းတယ်လို့ ကျမတို့ ထင်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း ဝယ်မယ်။ လိက ကလည်း ဝယ်မယ်။ လယ်သမားများဟာ မိမိတို့ရောင်းချင်တဲ့သူကို လပ်စွာ ရောင်းနိုင်တယ်။ မဆလခေတ်တုန်းကလို အစိုးရသတ်မှတ်ထားတဲ့ နှုန်းနဲ့ မဟုတ်ပဲနဲ့ ကမ္ဘာ့ဈေးနှုန်းပေါ်မှာ မူတည်ထားတဲ့ ဈေးနှုန်းမျိုးနဲ့ တော်အစိုးရက ဝယ်ရမယ်လို့ ကျမ ထင်ပါတယ်။ အခု ကျမတို့ ရမဟုတ်တဲ့အနေနဲ့ ပြောနေတာပါ။ အစိုးရ ဟုတ်သွားတော့လည်း အနေအရ နည်းနည်းပါးပါး ပြောင်းရင်လည်း ပြောင်းရမှာပေါ့လေ။ လိက ဝယ်တဲ့သူတွေကလည်း မိမိတို့ ကြိုက်တဲ့ဈေးနဲ့ ဝယ်မှာပဲ။ ယ်တဲ့အခါ တောင်သူလယ်သမားများဟာ ကြိုက်တဲ့ဖက်ကို ရောင်းမှာပဲ။ အရင် မဆလခေတ်မတိုင်ခင်က ဒီလိုပဲလုပ်ခဲ့တာပဲ။ အဲ့ဒီအချိန်က ပါးတွေကို အစိုးရက ဝယ်နိုင်တာလည်း တော်တော်များပါတယ်။ နိုင်ငံခြား ကုန်တွေလည်း တော်တော်များများ ပို့နိုင်ခဲ့ပါတယ်။

*'မဝတ'၏ ၂/၈၈ အမိန့်ကြေညာချက်အသံများကြောင့် ငါးသိုင်းချောင်း လူထုကို ကဲ့သို့ နှုတ်ဆက်၍ လူစုခွဲလိုက်ရပါသည်။*

ကျမ ခပ်တိုတိုပဲ နှုတ်ဆက်ချင်ပါတယ်။ ကျမတို့ကိုလာပြီးတော့ ကြိုဆို ထောက်ခံတဲ့ ပြည်သူလူထုကို အများကြီး ကျေးဇူးတင်ပါတယ်၊ လုံး စည်းကမ်းရှိရှိနဲ့ ငြိမ်ငြိမ်သက်သက်နေကြပါ။ ငါးသိုင်းချောင်းက ပြည်သူလူထုက ဒီမိုကရေစီကို ထောက်ခံတာမြင်ရတော့ ဝမ်းသာပါတယ်။ တက်ပါတယ်။ အားလုံးကနေ ဒီလိုပဲ ညီညီညွတ်ညွတ်နဲ့ ဆက်ပြီး တက်သွားမယ်ဆိုရင် လိုချင်တဲ့ပန်းတိုင်ကို အမြန်ဆုံးရောက်ရမှာပါ။ အားလုံး ငြိမ်းချမ်းချမ်းနဲ့ အေးအေးဆေးဆေး နေကြပါ။ နောက်မို့ဆိုရင် အပြင်က နှောင့်အယှက်များ ရှိနိုင်ပါတယ်။ နောက်တခါကျမှ ကျမ ပြန်လာခဲ့ဦးမယ် ကတိပြုသွားပါတယ်။

## ကျုံပျော်

*ကျုံပျော်ကို ဆက်လက်ထွက်ခွာကြပါသည်။*

www.burmeseclassic.com

www.burmeseclassic.com



*ပန်းစည်းပေးမည့်သူများအား စစ်သားများက ဟန့်တားထားသော်လည်း ဒီမိုကရေစီ မြတ်နိုးသော ပြည်သူလူထုသည် သေနတ်ကိုင်ဆောင်ထားသော စစ်သားများ၏ ခြိမ်းခြောက်မှုများကြားမှ ဒေါ်အောင်ဆန်းစုကြည်အား ပန်းစည်းများပေး၊ စစ်သားများနောက်မှ လက်များဝှေ့ရမ်းပြကာ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံအားပေးကြောင်း ပြသကြပါသည်။ ကျုံပျော်မြို့နယ်နှင့် ဟသ်ာတမြို့နယ် နယ်ခြားဖြစ်သော ရွားခဲတွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မရောက်မီ တနာရီခန့်ကြိုပြီး သေနတ်ပစ်ဖောက်ကာ 'မဝတ'က လူထုကိုခြိမ်းခြောက်ပါသည်။ ညနေ ၄း၀၀နာရီ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဟသ်ာတမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိသည်။*

## ဟသ်ာတ

ဟသ်ာတကိုရောက်လာတာ အများကြီး နောက်ကျတာ တောင်းပန်ပါ တယ်။ အစီအစဉ်ထဲမှာမပါတဲ့ လမ်းက ရွာလေးတွေမှာ ရပ်ရတဲ့အတွက် နောက်ကျသွားတာ ဖြစ်ပါတယ်။ ကျမ အားလုံးကို တောင်းပန်ပါတယ်။ ဒါပေမယ့် ဘာပဲပြောပြော ဒီနေ့ ဟသ်ာတကိုရောက်လာတာ ဝမ်းသာ ပါတယ်။ ဒီနေ့မှ ရောက်ပါ့မလားဆိုပြီး တလမ်းလုံးစိတ်ပူလာတာ ရောက်တဲ့အခါကျတော့လည်း ဟသ်ာတ မြို့သူမြို့သားတွေ၊ ဟသ်ာတက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေနဲ့တွေ့ရလို့ ကျမ ဝမ်းသာပါတယ်။ ဟသ်ာတကတော့ ကျမ ငယ်ငယ်လေးကတည်းက သိခဲ့တာက ဖေဖေက ပြောခဲ့တယ်။ ဟသ်ာတမြို့သူမြို့သားများဟာ လွတ်လပ်ရေးရပြီဆိုပြီးတော့ ဆေးခြောက်တွေကို လမ်းမှာ လှမ်းတယ်တဲ့။ အဲ့ဒီကိစ္စဟာ အများသိပါတယ်။ လွတ်လပ်ရေးဆိုတာ ဒီလို ကိုယ်လုပ်ချင်သလို လုပ်ရတဲ့ကိစ္စ မဟုတ်ဘူး ဆိုပြီးတော့ ဟသ်ာတမြို့ရဲ့ အဖြစ်အပျက်ကလေးကို ညွှန်းပြီးတော့ ဖေဖေက ပြောခဲ့ပါတယ်။ အခု ဒီမိုကရေစီဟာလည်း ကိုယ်လုပ်ချင်တာ လုပ်ရတာ မဟုတ်ဘူးဆိုတာ ကျမ ပြောချင်ပါတယ်။

အများက ဒီမိုကရေစီ အခွင့်အရေးတွေတော့ လိုချင်ကြတယ် နားလည်း နားလည်ကြတယ်။ တောင့်တကြတယ်။ တပြိုင်တည်းမှာ ဒီမိုကရေစီတာဝန်တွေရှိတယ်ဆိုတာ တချို့က သိပုံမရကြပါဘူး။ ကျမတို့ဟာ ဒီမိုကရေစီ အခွင့်အရေးတွေ လိုချင်လို့ရှိရင် ဒီမိုကရေစီတာဝန်တွေလည်း သိရမယ်။ အခုချိန်မှာ လွတ်လပ်စွာပြောပိုင်ခွင့်ကို အများကြီး လိုလားကြ တယ်။ လွတ်လပ်စွာ ပြောပိုင်ခွင့်ကို လိုလားတဲ့သူများဟာ ပြောတဲ့အခါကျရ မိမိတို့ပြောတဲ့ စကားများဟာ မှန်ရ၊ ကန်ရမယ်။ နောက်ပြီးတော့ သူတပါးက ပုတ်ခတ်၊ ပြစ်မှားတဲ့ စကားမျိုး မဟုတ်ရဘူးဆိုတာကို နားလည်ဖို့လိုပါတယ် လွတ်လွတ်လပ်လပ် ပြောပိုင်ခွင့်ရှိလို့ လွတ်လွတ်လပ်လပ် ဆဲရေးတိုင်းထွ နေမယ်ဆိုရင် ဒီလူ တယောက်ဟာ ဒီမိုကရေစီအခွင့်အရေးကို အလွဲသုံးစာ လုပ်ရာသာ ရောက်ပါလိမ့်မယ်။ ဒီမိုကရေစီအခွင့်အရေးကို ကာကွယ်ရ မရောက်ပါဘူး။ ထိုနည်းလည်းကောင်းပဲ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ဆိုတာဟာ

…ားလူကို အန္တရာယ်ပြုတာကို ဆိုလိုတာမဟုတ်ပါဘူး။ မိမိတို့ဘာသာမိမိတို့ …ားလူကို အန္တရာယ်မပြုရင် ကိုယ်ကျိုးအတွက်၊ သူတပါးအကျိုးအတွက် …လွတ်လပ်လပ် လုပ်ပိုင်ခွင့်ကို ဆိုလိုတာပါ။ ဒီလုပ်ပိုင်ခွင့်ကို …ကန်ကန်နည်းနဲ့သုံးမှ ဒီမိုကရေစီသဘောထားနဲ့ ကိုက်ညီမှာ ဖြစ်ပါတယ်။ …လည်းကောင်းပဲ လွတ်လပ်စွာရေးသားပိုင်ခွင့် စတဲ့ တခြား ဒီမိုကရေစီ …အရေးများဟာ မှန်မှန်ကန်ကန်သုံးမှ ဒီမိုကရေစီ သဘောထားနဲ့ …ညီမှာဖြစ်ပါတယ်။ လွတ်လပ်တယ်၊ လွတ်လပ်တယ် ဆိုပြီးတော့ …ကရေစီ အခွင့်အရေးတွေကို တာဝန်မသိပဲနဲ့ သုံးလိုက်လို့ရှိရင် ဒီမိုကရေစီ …တော့ပဲ စည်းကမ်းမဲ့တဲ့ နိုင်ငံတခုသာ ဖြစ်သွားပါလိမ့်မယ်။

ဒီမိုကရေစီ စနစ်အောက်မှာဆိုရင် ပြည်သူလူထုဟာ မိမိတို့စည်းကို …တို့ ထိန်းရမယ်။ စည်းကမ်းရှိဖို့ လိုတယ်။ တခြားသူကလာပြီးတော့ …တွေနဲ့ထိန်းရမှာ မဟုတ်ဘူး။ ကိုယ့်ကိုကိုယ် ထိန်းရမယ်။ ဒီလို …ကိုကိုယ် ထိန်းနိုင်တဲ့လူမျိုးသာ တကယ့် လွတ်လပ်တဲ့လူမျိုးလို့ …နိုင်တယ်။ နေရာလိုချင်တယ်ဆိုတာ ကိုယ့်တယောက်ထဲ အတွက်ပါ။ …ပေးချင်တယ်ဆိုတာ အများအကျိုးအတွက်ပါ။ အဲ့ဒီတော့ နေရာ …ချင်ကြပါနဲ့။ နေရာပေးချင်ကြပါ။ အရည်အချင်းရှိပြီး အကျင့်စာရိတ္တ …င်းတဲ့သူတွေကို နေရာပေးကြပါ။

မြန်မာနိုင်ငံလို ဆင်းရဲတဲ့နိုင်ငံမှာ ချမ်းသာနေရတာ အင်မတန် ရက်ဖို့ …င်းပါတယ်။ ကျမတို့ နိုင်ငံသူနိုင်ငံသားတွေဟာ မရှက်သင့်တဲ့နေရာမှာ …ကြပါတယ်။ တောင်သူလယ်သမား ကျေးလက်လူထုက ထမင်းနှစ်နပ်ကို …နိုင် စားနေရချိန်မှာ တချို့က ငါးနပ်၊ ခြောက်နပ် စားနေတာ ရှက်စရာ …တကယ် အကျင့်စာရိတ္တကောင်းပြီး စိတ်သဘောထား မြင့်မြတ်တဲ့လူများ …နဲ့တော့ မြန်မာနိုင်ငံမှာ မိမိချမ်းသာဖို့သာ ကြိုးစားတာဟာ ရှက်စရာ …ကောက်ကောင်းမလဲလို့ တွေးထင်ကြမှာပါ။

* * *

## …မွန်

*…ာန်းပြည်သူ လုပ်သားပြည်သူအပေါင်းတို့ ခင်ဗျား၊*

*…ာန်းပြည်သူ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား*

*…မ်းများပေါ်သို့လုံးဝထွက်ခြင်းမပြုကြပဲ မိမိတို့အိမ်တွင် ငြိမ်သက်စွာ …ရန်နှင့် အကယ်၍ လမ်းမပေါ်သို့ထွက်ပြီး လူငါးယောက်ထက်ပိုပြီး …ခြင်း၊ လမ်းထွက်ခြင်းပြုပါက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု …ည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၂/၈၈ကို ကျူးလွန်ဖောက်ဖျက် …များအဖြစ် ဥပဒေအရ ထိရောက်စွာ အရေးယူမည် ဖြစ်ပါသည်။*

www.burmeseclassic.com

www.burmeseclassic.com



*ဇလွန်၌ ၂၂ရက်နေ့ညက သေနတ် ဆယ်ချက်ပစ်ဖောက်၍ တကြိမ်၊ ၂၄ရက်နေ့ ၃း၀၀နာရီတွင် သေနတ်တချက် ပစ်ဖောက်၍တခါ 'မဝတ'က ဇလွန်လူ ခြိမ်းခြောက်ခဲ့ပါသည်။ ၂၅ ရက်နေ့မနက် ဇလွန်ရှိ ပြည်တော်ပြန်ဘုရားဖူး အဖွဲ့ချုပ်ရုံး၌ လူထုနှင့် တွေ့ဆုံပါသည်။*

ရောဝတီတိုင်းမှာတင် မကဘူး။ ဗမာပြည် တပြည်လုံးမှာ လူများစုကြီးဟာ တောင်သူလယ်သမားများနဲ့ ကျေးလက်တောရွာ ပြ လူထုကြီး ဖြစ်ပါတယ်။ အထူးသဖြင့် တောင်သူလယ်သမားများ၊ ကျေး တောရွာ ပြည်သူလူထုနဲ့ ရင်းရင်းနှီးနှီး နားလည်မှုရှိစွာလုပ်ကိုင်နိုင် စည်းရုံးရေးမှူးများ လိုပါတယ်။ ဒီလိုမှပဲ ကျမတို့အဖွဲ့ချုပ်ဟာ အများပြ ကို ကိုယ်စားပြုတဲ့အဖွဲ့ချုပ် ဖြစ်နိုင်မယ်။ စည်းရုံးရေးလုပ်တဲ့အ တောင်သူလယ်သမားများ အများစုပါစေချင်တယ်။ ကျမတို့ လှုပ်ရှားမှု တောင်သူလယ်သမားများ၊ ကျေးလက်တောရွာ ပြည်သူလူထုပါမှ ကျ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ လုပ်တဲ့အခါကျလို့ရှိရင်လည်း မှန်တဲ့လ လုပ်ပါ။

ကျမကို တချို့က မေးတယ်။ တခြား အဖွဲ့အစည်းတွေက ကျ အဖွဲ့ချုပ်ကို ပုတ်ခတ်ပြီးတော့၊ ကျမတို့အဖွဲ့ချုပ် ခေါင်းဆောင်ေ ပုတ်ခတ်ပြီးတော့၊ အထူးသဖြင့် ကျမကို ပုတ်ခတ်ပြီးတော့ ပြောလ ဘာလုပ်ရမလဲလို့ မေးပါတယ်။ ဒါဘာမှ ပြန်ပြီးလုပ်စရာ မလိုပါ ကျမတို့အနေနဲ့ ဒီလို မလုပ်သင့်ဘူး။ ကျမတို့ဟာ ပုဂ္ဂိုလ်ရေးရာ ဘယ်သူ့ကိုမှ မပုတ်ခတ်ပါနဲ့။ ဒီလိုလုပ်လို့ မဖြစ်ဘူး။ ဒါ အင်မတ အောက်တန်းကျတဲ့ နိုင်ငံရေးလမ်းစဉ်ဖြစ်တယ်။ ကျမတို့ အဖွဲ့ချု နေပြီးတော့ အောက်တန်းကျတဲ့ နိုင်ငံရေးနည်းတွေသုံးလို့ မဖြစ်ပါဘူး။

*ထို့နောက် ၁၉၄၆ခုနှစ်၌ ဇလွန်ညီလာခံကျင်းပခဲ့သော ဇလွန်မြို့ အင်ပူဘုရ သွားရောက်ဖူးမျှော်ခဲ့ပြီး၊ အင်္ဂလိပ်အစိုးရ၏ ဆုတော်ငွေငါးကျပ် ထုတ်ထားခဲ့ရချိ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးတရားဟောပြောပွဲ ကျင်းပခဲ့ရာနေရာသို့ သတိတရ အောင်းမေ့စွာ သွားရောက်ကြည့်ရှုလေ့လာပါသည်။ အောက်ပါမိန့်ခွ ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်၌ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံး တရုံ ပြောကြားသော်လည်း နေရာအတိအကျ မသိပါ။*

ကျေးလက်တောရွာ ပြည်သူလူထုက ထောက်ခံမှ၊ ဝင်ပါမှ ကျ လှုပ်ရှားမှုဟာ အောင်မြင်နိုင်မှာပါ။ ကိုယ့်ကိုကိုယ် အထင်မသေးကြပါ တချို့တွေက ကိုယ့်ကိုကိုယ် ဒို့တွေက တောသားတွေပဲ။ ဘာလုပ်နိုင်မှာလဲ ထင်ကြတယ်။ ဒီဟာက မဟုတ်ပါဘူး။ ဒီလို တွေးခေါ်နေလို့မဖြစ်ပါ ကျမတို့ တောင်သူလယ်သမားများ စိုက်ပျိုးထားတဲ့စပါးကို ဘဲတိုင်းပြည်လ စားရတယ်၊ ဒီ တောင်သူလယ်သမားများကို ကျမတို့ အားကိုးနေရ ဖြစ်ပါတယ်။

# မဲဇလီကုန်း

*မြန်မာကျောင်းသားများ၏ မဟုတ်မခံတတ်သော စွမ်းရည်သတ္တိ၊ အသက်ကို ပမာနမထားပဲ အာဏာရှင်များကို တွန်းလှန်ခဲ့သော ရဲသတ္တိအစဉ်အလာကို ပြတောင်မြှောက်ခဲ့သူဖြစ်သည့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်၏ ာတိရပ်ရွာ မဲဇလီကုန်းသည်လည်း ဗမာ့အရေးတော်ပုံတိုင်း၌ သမိုင်းအရ အမြဲ မရေးပါသည်ဆိုသည့် မြစ်ဝကျွန်းပေါ်ရှိ တရွာပင် ဖြစ်ပါသည်။ မဲဇလီကုန်းရှိ ဗိုလ်အောင်ကျော်ကျောက်တိုင်သို့သွားရောက် အလေးပြုခဲ့ကြပြီး ထူးကြီးရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ သွားရောက်ကာ ယခုကဲ့သို့ ဆွေးနွေးပါသည်။*

ထူးကြီးကို စည်းရုံးရေးခရီးလာတာ အင်မတန်မှ နောက်ကျသွားတဲ့ အတွက် တောင်းပန်ပါတယ်။ ကျမတို့လာတဲ့ လမ်းခရီးမှာဆိုရင် ကျေးလက် တောရွာလေးတွေ အများကြီးရှိပါတယ်။ ဒီရွာကလေးတွေမှာ အစီအစဉ် မရှိပေမယ့် ရွာသူရွာသားများက ထွက်ကြိုတာနဲ့ ကျမတို့ ရပ်တာကြောင့် အချိန်ကြာသွားတာ ဖြစ်ပါတယ်။ ဒီလို လမ်းမှာရပ်ရတာနဲ့ အချိန်ကြာသွားပြီး တော့ ထူးကြီးက ပြည်သူလူထုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေ ကြာကြာစောင့်လိုက်ရလို့ ကျမ ဝမ်းနည်းပေမယ့်လို့ လမ်းမှာ ကျေးလက် တောရွာ ပြည်သူလူထုက လှိုက်လှိုက်လှဲလှဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အလုပ်ကို ထောက်ခံနေတာတွေ့လို့ ကျမ အများကြီး ဝမ်းသာပါတယ်။ ကျမတို့ရဲ့ မြန်မာနိုင်ငံမှာ ၈၀ ရာခိုင်နှုန်း ကျော်ဟာ ကျေးလက်တောရွာမှာ နေတဲ့ တောင်သူလယ်သမားများ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူများစုကနေ အဖွဲ့ချုပ်ကိုထောက်ခံမှ အဖွဲ့ချုပ်ရဲ့အလုပ် အောင်မြင်နိုင်မှာပါ။ ရောဝတီ စည်းရုံးရေးခရီး လမ်းတလျှောက်မှာဆိုလို့ရှိရင် လူများစုကြီးဟာ ဒီမိုကရေစီ လုပ်ငန်းကို ဝင်ပြီးတော့ ထောက်ခံနေတယ်၊ တက်တက်ကြွကြွနဲ့ ပါဝင်နေတယ်ဆိုတာတွေ့ရလို့ သိပ်ပြီးတော့ ဝမ်းသာပါတယ်။

ဒီလှုပ်ရှားမှု စကာစက တချို့က ပြောကြတယ်။ တောင်သူ လယ်သမားများ၊ ကျေးလက်တောရွာ ပြည်သူလူထုအများစုကြီးဟာ ဘာ နိုင်ငံရေး နားလည်လို့လဲ။ ဘာဖြစ်လို့ ဒီမိုကရေစီ လိုချင်နေကြတာလဲ ဆိုပြီးတော့ မေးကြပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျမ အစကတည်းက ပြောပါတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများဟာ နိုင်ငံရေးကို နိုင်ငံရေးသိပ္ပံ စကားလုံးများနဲ့ မရှင်းပြနိုင်ပေမယ့်လို့ နားလည်ပါတယ်။ မွေးရာပါအသိနဲ့ လူ့အခွင့်အရေးဆိုတာ ဘာလဲ၊ လူ့အခွင့်အရေးဆိုတာ လူတိုင်းလူတိုင်း ခံစားထိုက်တယ်။ လူတိုင်းလူတိုင်း လူ့အခွင့်အရေးခံစားနိုင်တဲ့စနစ်ဟာ လိုလား သင့်တယ်ဆိုတဲ့ နိုင်ငံရေးအသိအမြင်ဟာ အားလုံးမှာရှိကြပါတယ်။ ဒီအသိအမြင်ရှိလို့ပဲ ကျမတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီးမှာ အများပြည်သူက ပါခဲ့ပါတယ်။ အခု ရောဝတီတိုင်းခရီးမှာ ကျမတို့ တွေ့ခဲ့တာဟာ တောင်သူလယ်သမားထုကြီး၊ ကျေးလက်တောရွာ ပြည်သူလူထုကြီးကလည်း ဒီလှုပ်ရှားမှုထဲမှာ ပါဝင်နေတယ်ဆိုတာ တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

*(ဒေါ်အောင်ဆန်းစုကြည် ဤမိန့်ခွန်းပြောကြားနေချိန်တွင် 'နဝတ'၏ အမိန့်အမှတ် ၂/၈၈ကို 'မဝတ'မှ စစ်ကားများဖြင့် လှည့်လည်ကြေညာ များကို ယခုကဲ့သို့ ကြားနေရပါသည်။*

*စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြော ခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရှန်းရင်းဆန်ခ ပြုခြင်း မည်သူမှ မပြုလုပ်ရ။*

*(ဂ) မည်သည့်နေရာတွင်မှ ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြ လူစုလူဝေးပြုလုပ်ခြင်း၊ စည်းရုံးခြင်း၊ မည်သူမျှ မပြုလုပ်ရ။*

*(ဃ) လမ်းများပေါ်တွင် လူစုလူဝေးဖြင့် လမ်းပိတ်ဆို့ခြင်း မည်သူ မှ မပြုလုပ်ရ။*

*'မဝတ'ကစစ်သီချင်းများကိုကျယ်လောင်စွာဖွင့်ပြီး ဤသို့နှောင့်ယှက်ခဲ့သ အတွက် ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ဆက်လက်ပြောကြားသည်)*

အခုဆိုရင် အများမျက်မြင်ကိုယ်တွေ့ နားနဲ့ကြားတဲ့အတိုင်း ပြည် လူထုကြီးကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စကားပြောပေမယ့်လည်း မလိုလား အပိုင်းတွေက ရှိကြပါတယ်။ ဒီလို မလိုလားတဲ့အပိုင်းဟာ ဘာလို့လဲဆိုတေ မြန်မာနိုင်ငံရဲ့ အများပြည်သူလူထုကြီးက နိုးကြားပြီးတော့ ဒီမိုကရေ အခွင့်အရေးကို လိုလားနေတယ်ဆိုတာ တချို့က မနှာလိုမရှုဆိတ် ဖြစ်နေ ပါတယ်။ ဒီလို မနှာလိုမရှုဆိတ် ဖြစ်နေရခြင်းအကြောင်းဟာ နိုင်ငံရဲ့အကျိုး မလိုလားလို့ပဲလို့ ကျမတို့က သတ်မှတ်ရမှာပဲ။ တကယ်ပဲ နိုင်ငံရဲ့အကျိုး လိုလားသူများဟာ ပြည်သူပြည်သားများ ဒီမိုကရေစီရရှိရေးအတွက်၊ လူ့အ အရေးများ ရရှိရေးအတွက် ကြိုးပမ်းနေတာကို စေတနာနဲ့၊ မေတ္တာ ဝိုင်းပြီးတော့ ထောက်ခံဖို့၊ ဝိုင်းပြီးတော့ ကူညီဖို့ လိုပါတယ်။ တချို့ အထင်လွဲပြီးတော့ ဒီမိုကရေစီလိုလားတဲ့သူများဟာ အကြမ်းဖက်ချင်တယ်၊ ဆ ရမ်းကားချင်တယ်ဆိုတာကတော့ သူတို့ဟာ နားလည်မှု မရှိလို့ပဲလို့ ကျမ သတ်မှတ်ရမှာပဲ။

ပြည်သူလူထုကြီးဟာ ငြိမ်းချမ်းတဲ့နည်းနဲ့ ဒီမိုကရေစီကို လိုလားတ ဆိုတာဟာ အများအသိပဲ ဖြစ်ပါတယ်။ ဒီလို ငြိမ်းချမ်းတဲ့နည်းနဲ့လိုလား ကျမတို့ဘယ်ပဲသွားသွား အဖွဲ့ချုပ်ကိုထောက်ခံဖို့ ဝိုင်းပြီးတော့လာတဲ့ ပြည် လူထုဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ ကြိုဆိုကြပါတယ်။ ငြိမ်းငြိမ်းချမ်းချမ်း ထောက်ခံ၊ အားပေးကြပါတယ်။ အခုဆိုလို့ရှိရင် တချို့ အဖွဲ့အစည်းတွေ ကျမတို့အဖွဲ့ချုပ်ကို စောင်းပြီးတော့ ပြောကြတယ်။ တချို့ နိုင်င



အစည်းများဟာ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ စိတ်ဝမ်းကွဲအောင် နေတယ်လို့ဆိုကြပါတယ်။ ဒီဟာဟာ လုံးလုံး မမှန်ပါဘူး။

ကျမတို့ အဖွဲ့ချုပ်အနေနဲ့ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ စိတ်ဝမ်းကွဲအောင် ဘာမှ မလုပ်ပါဘူး၊ ပြည်သူနဲ့တပ်မတော် ညီညီညွတ်ညွတ် ကိုင်းပြည်ဟာ တိုးတက်နိုင်တယ်ဆိုတာ ကျမတို့ နားလည်ပါတယ်။ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်နေသူတွေကတော့ တပ်မတော်ကို ဒီမိုကရေစီအခွင့်အရေးတွေ ဖောက်ဖျက်ဖို့ အလွဲသုံးစားလုပ်နေတဲ့ သူတွေပါပဲ။ ဒီလို တပ်မတော်ကို အလွဲသုံးစား လုပ်နေတဲ့သူများဟာ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်နေသူတွေလို့ သတ်မှတ်ရမှာပဲ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရက တပ်မတော်နဲ့ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင်လုပ်သူတွေကို အရေးယူပါမယ် ဆိုရင် ဒီလို တပ်မတော်ကို အလွဲသုံးစားလုပ်နေသူတွေကို အရေးယူဖို့ လိုတယ်လို့ ကျမ ထင်ပါတယ်။

ကျမတို့ရဲ့ ပြည်သူလူထုဟာ အင်မတန်မှ နိုင်ငံရေး အသိအမြင်လည်း ရှိတယ်။ ဒီနိုင်ငံရေးအသိအမြင်ရှိတဲ့အလျောက် ဒီမိုကရေစီကို မရမနေ ရယူမယ်ဆိုတဲ့ ခွဲသတ္တိလည်းရှိတယ်လို့ ကျမ ယုံကြည်ပါတယ်။ ဒီမိုကရေစီ ရရှိရေးကို နှောင့်ယှက်ဖို့ ကြိုးစားတဲ့သူများဟာ ကျမတို့ရဲ့ ဒီမိုကရေစီ လုပ်ငန်းများကို ပေးထားတဲ့ကတိဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်အောင် လုပ်ပေးမယ်ဆိုတဲ့ စကားကိုလည်း စော်ကားရာ ရောက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့အဖွဲ့ချုပ်နဲ့ တခြား နိုင်ငံရေး အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရနဲ့တကွ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို တင်ပြပြီးတော့ အရေးယူဖို့ တောင်းဆိုပါမယ်။ ဒီလို ပြည်သူလူထုရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဖောက်ဖျက်ဖို့ ကြိုးစားတာဟာ နိုင်ငံတော်ရဲ့အကျိုးကို မလိုလားတာပဲလို့ ကျမတို့ကတော့ သတ်မှတ်ပါတယ်။

ပြည်သူလူထုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များဟာ လုံ့လ ဝီရိယကို မလျှော့ပဲနဲ့ ခွဲသတ္တိနဲ့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို ရောက်တဲ့အထိ ဆက်ပြီးတော့ လုပ်သွားကြပါ။ ကျမတို့ကို ပိုပြီးတော့ နှောင့်ယှက်လေလေ ကျမတို့က ခွဲသတ္တိ ပိုပြီးတော့လိုလေလေဆိုတာ စိတ်ထဲမှာ မှတ်ထားကြပါ။ မှန်ကန်တဲ့အတွက် ဒုက္ခခံတယ်ဆိုတာ အများကြီး ဂုဏ်သိက္ခာရှိပါတယ်။ မှန်ကန်တဲ့အတွက် ဒုက္ခခံရတာဟာ မမှန်မကန်တဲ့ အလုပ်ကိုလုပ်ပြီးတော့ ထမင်းနဲ့၊ နေရာနဲ့၊ ရာထူးနဲ့ နေရတာထက် အများကြီး ဂုဏ်သိက္ခာ ရှိပါတယ်။ ကျမတို့ရဲ့လုပ်ငန်းဟာ အင်မတန်မှ ဂုဏ်သိက္ခာရှိတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ အများအကျိုးအတွက် ဦးတည်နေတဲ့လုပ်ငန်း ဖြစ်ပါတယ်။

ဒါကြောင့် ဘယ်တော့မှ စိတ်ဓါတ်မကျသင့်ပါဘူး။ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ ရမလား၊ မရဘူးလားဆိုတာဟာ ပြည်သူလူထုကြီး ပေါ်မှာ တည်ပါတယ်။ ပြည်သူလူထု ဘရပ်လုံးကနေပြီးတော့ ခွဲသတ္တိနဲ့ မရမနေ လုပ်မယ်ဆိုလို့ရှိရင် ကျမတို့ မုချ အောင်မြင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဒီမိုကရေစီ ရမလား၊ မရဘူးလားဆိုတာဟာ ကျမတို့ကို မေးနေဖို့ မလိုပါ

ပြည်သူလူထုကြီး ဒီလောက်တောင်မှ လိုလားနေတဲ့ ကိစ္စတရ မှချ ရရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဘယ်တော့မှ အားမလျှော့ပါနဲ့။ ဘယ် ဇွဲသတ္တိကို လက်မလွှတ်စေပါနဲ့။ ကျမတို့ အမှန်တရားကို လက်ကိုင်သွားပြီးတော့ ဇွဲနဲ့ သတ္တိနဲ့ လုံ့လနဲ့ ဝီရိယနဲ့ လုပ်သွားမယ်ဆိုလို့ အများပြည်သူ လိုလားနေတဲ့စနစ်ကို များမကြာမီ ထူထောင် ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ မှာချင်တာကတော့ ပြည်သူလူထုကြီ ညီညီညွတ်ညွတ်နဲ့ နေကြပါ။ သတ္တိရှိရှိနဲ့ လုပ်ကြပါ။ လုံ့လ ဝီရိ မလျှော့ကြပါနဲ့။ ဘယ်လို အနှောင့်အယှက်တွေပဲရှိရှိ၊ ဒီအနှောင့်အယှက် ကြားက အောင်မြင်ခြင်းကို အမှန်တရားလက်ကိုင်ပြီး ရှာကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

## ကနောင်မြို့

*ပြည်သူပြည်သားများ၊ အထူးသဖြင့် ဆန်စပါးအများဆုံးထွက်ရာ ဧရာဝတီတိုင် လူထု အလွန်ဆင်းရဲစွာ နေထိုင်ရမှုနှင့်ပတ်သက်၍ ကနောင်မြို့ အမျိုးသားဒီမိုက အဖွဲ့ချုပ်ရုံး၌ ယခုကဲ့သို့ ဆွေးနွေးပါသည်။*

နောက်ကျတာကို တောင်းပန်ပါတယ်။ ခရီးလမ်းတလျှော အစီအစဉ်မရှိပဲနဲ့ ဝင်ခဲ့တဲ့ရွာတွေကများလို့ နောက်ကျတာ ဖြစ်ပါတ ကနောင်ကို ကျမ တခါမှလည်း မရောက်ဖူးဘူး။ ဧရာဝတီတိုင်းကိုလည်း ငယ်ငယ်ထဲက မရောက်တာ အခုမှပဲ ရောက်တော့တယ်။ ဧရာဝတီ တလျှောက် လာခဲ့တဲ့လမ်းခရီးမှာ တိုင်းက ပြည်သူလူထုတွေ ဆင်းရဲ တွေ့နေရတယ်။ လူတွေဟာ ဆင်းရဲလှချည်လား၊ ဆင်းရဲလှချည့်လား လမ်းမှာ တလမ်းလုံးပဲ ကျမ စဉ်းစားတယ်။ အထက်မြန်မာပြည် မွန်ပြည်နယ်တို့မှာ ကျမ တွေ့ရတာ ဒီလောက်ဆင်းရဲသလို ကျမ မမြင်ခဲ့ ဘာဖြစ်လို့ ဒီလောက်တောင်မှ ဧရာဝတီတိုင်းမှာ ဆင်းရဲပါသလဲလို့ စဉ်းစားတယ်။ မြစ်ဝကျွန်းပေါ်ဒေသဆိုတာ တကယ်တော့ အချမ်းသာဆုံး ဖြစ်ရမယ်။ ဒီမှာ စပါးတွေက အထွက်ဆုံးပဲ။ ကျမတို့ရဲ့နိုင်ငံဟာ ဆန် အပေါ်မှာ အခြေခံပြီးတော့ တည်ရှိနေတဲ့ နိုင်ငံ့တခုဖြစ်တယ်။ ဒီလို ဆန် ပေါများတဲ့ဒေသမှာ ဘာဖြစ်လို့ ပြည်သူလူထုဟာ ဒီလောက် ဆင်းရဲရ ဆိုတာ အားလုံးစဉ်းစားစရာတခု ဖြစ်ပါတယ်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြားဒီမိုကရေစီလှုပ်ရှာ ပါဝင်နေတဲ့ အဖွဲ့အစည်းများဟာ ဒီလိုပြည်သူလူထုများ ဆင်းရဲနေတ မမြင်ရက်လို့ ဝင်ပြီးတော့ လှုပ်ရှားနေတာပါပဲ။ မြန်မာနိုင်ငံလို တိုင်း တခုဟာ အများကြီး ချမ်းသာနိုင်ပါတယ်။ တချို့အခုချမ်းသာနေတဲ့ တိုင်း တွေနဲ့ ယှဉ်လို့ရှိရင် မြန်မာပြည်မှာ သယံဇာတပစ္စည်းတွေလည်း ပေါများတ



မြန်မာနိုင်ငံသူ၊ နိုင်ငံသားများဟာ ပညာ အရည်အချင်း ရှိပါတယ်။ လုပ်ရည် ကိုင်ရည် ရှိပါတယ်။ ဒီလို ပညာ အရည်အချင်းတွေ၊ လုပ်ရည်ကိုင်ရည်တွေ၊ သယံဇာတ ပစ္စည်းတွေရှိရက်နဲ့ ကျမတို့ နိုင်ငံဟာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။

အခုဆိုရင် ဒီမိုကရေစီဘာလို့ လိုချင်သလဲဆိုရင် ကျမတို့နိုင်ငံကို တိုးတက်သင့်သလောက် တိုးတက်စေချင်လို့ပဲ။ ဒီလို တိုးတက်မှုအတွက် ကျမတို့အားလုံးဟာ လွတ်လွတ်လပ်လပ်နဲ့ ပါဝင်လုပ်ကိုင်ခွင့် ရချင်လို့ပဲ။ ဒီမိုကရေစီစနစ်ဆိုတာကတော့ အဓိပ္ပါယ်က ပြည်သူ့အုပ်ချုပ်မှုလို့ အဓိပ္ပါယ် သက်ရောက်ပါတယ်။ ပြည်သူ့အုပ်ချုပ်မှု စနစ်အောက်မှာ ဆိုလို့ရှိရင် အများပြည်သူအကျိုးအတွက် လုပ်ရမှာဖြစ်ပါတယ်။ အများပြည်သူအကျိုး အတွက် မလုပ်နိုင်တဲ့ ဒီမိုကရေစီအစိုးရဆိုလို့ရှိရင် ဥပဒေဘောင်အတွင်းက ဖြုတ်ချရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်အောက်မှာဆိုလို့ရှိရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမှတဆင့် အများပြည်သူလိုလားတဲ့ အစိုးရများကို တင်မြှောက် မယ်။ အာဏာဆိုတာကတော့ ပြည်သူလူထုလက်ထဲမှာပဲ ရှိရပါမယ်။ အစိုးရဆိုတာ အာဏာပိုင်ရယ်လို့ မဟုတ်ဘူး။ အာဏာပိုင်ဖြစ်တဲ့ ပြည်သူလူထု က ခိုင်းထားတဲ့ ဝန်ထမ်းများသာဖြစ်ရမယ်။ ဒီလို ပြည်သူလူထုကခိုင်းထားတဲ့ ဝန်ထမ်းများဟာ ပြည်သူလူထုအကျိုးနဲ့ ကိုက်ညီမယ့် လုပ်ငန်းများကို ဆောင်ရွက်ရမယ်။ မဆောင်ရွက်နိုင်ရင် ပြည်သူလူထုဟာ ဥပဒေဘောင် အတွင်းက ရွေးကောက်ပွဲတွေနဲ့ ပြန်ပြီးတော့ ဖြုတ်ချမှာပဲ။ ဒါကြောင့်မို့လို့ ကျမတို့ဟာ ဒီမိုကရေစီစနစ်ကို ဦးတည်တာပါ။

## မြန်အောင်မြို့

*မြန်အောင် 'မဝတ'၏ အခြိမ်းအခြောက် အဟန့်အတားများကြားမှ လူထုသည် ေါ်အောင်ဆန်းစုကြည်အား လိုက်လဲ့စွာကြိုဆိုပါ၏၊''သုံးရောင်ခြယ် လူငယ်များအား လိုက်လှဲစွာကြိုဆိုပါ၏'ဟူသော ဆိုင်းဘုတ်များနှင့် ဝမ်းသာအားရ ကြိုဆိုကြပါသည်။*

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြန်အောင်မြို့

အခုလို မြန်အောင်မြို့က ပြည်သူလူထုနဲ့တွေ့ရတာ အများကြီး ဝမ်းသာပါတယ်။ ကျမတို့ ဒီကိုရောက်လာတဲ့အခါ မြန်အောင်မှာ ထမင်း စားမလား၊ အိပ်မလားဆိုပြီး ဝိုင်းပြီးတော့ မေးကြပါတယ်။ ကျမ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကျမတို့အစီအစဉ်အရ ဒီညတော့ မြန်အောင် မှာ ထမင်းလည်းမစားပါဘူး၊ အိပ်လည်း မအိပ်ပါဘူး၊ အဲ့ဒီတော့ ဒါနဲ့ ပတ်သက်ပြီး မကျေမနပ်ဖြစ်နေမယ်ဆိုရင် ကျမ ဒီလို ရှင်းပြချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျမတို့ စည်းရုံးရေးခရီးတွေမှာဆိုရင် ပြည်သူလူထုအားလုံးဟ
အဖွဲ့ချုပ်ကို ထောက်ခံချင်တယ်၊ အဖွဲ့ချုပ်စည်းရုံးရေးမှာ ဝိုင်းပြီးတေ
ပါဝင်ချင်ကြတယ်။ သူတို့ရဲ့ကျေးလက်တောရွာမှာ ရပ်စေချင်ကြတယ
အဲဒီလို အဆင့်ဆင့် ရပ်ကွက်၊ ကျေးရွာတွေမှာ ရပ်နေရလို့ရှိရင် ခရီးဟ
အင်မတန်မှ နှောင့်နှေးသွားပါတယ်။ အဲဒီလို နှောင့်နှေးသွားတဲ့အတွ
မြန်အောင်မှာလည်း အချိန်ကြာကြာ မနေနိုင်တာ ဖြစ်ပါတယ်။ ကျ
တခါတည်း ပြောချင်တာက မြန်အောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပ
ကျမတို့ စည်းရုံးရေးဆင်းလာတဲ့အဖွဲ့ကို အင်မတန်မှ စေတနာရှိတပ
အိပ်စေချင်တယ်၊ ကျွေးမွေးချင်တယ်ဆိုတာ ကျမ နားလည်ပါတယ်။

ကျမတို့ အဖွဲ့ချုပ်အပေါ်မှာ စေတနာရှိတယ်၊ ကျမ အပေါ်
စေတနာရှိတယ်ဆိုတာ ပြချင်လို့ရှိရင်တော့ အင်မတန်မှ ဆင်းရဲနေ
ပြည်သူလူထုကို ပြုစုကြပါ၊ အဲဒီ ပြည်သူလူထုကို ကျွေးကြ၊ မွေးကြပ
တတ်နိုင်သမျှ စောင့်ရှောက်ကြပါ။ မှန်မှန်ပြောရလို့ရှိရင် ကျမကို ထမင်းတ
ကျွေးတာထက် ဆင်းရဲနွမ်းပါးနေတဲ့ ပြည်သူလူထုထဲက တယောက်
ကူညီလိုက်တယ်ဆိုတာ ကြားရရင် ကျမက ပိုပြီးတော့ ကျေးဇူးတင်တပ
ပိုပြီးတော့ ဝမ်းသာတယ်။ ကျမဟာ ကံကောင်းလို့ ထမင်းကို နပ်မှန်အေ
စားနေရပါတယ်။ ဝတ်နိုင်တယ်၊ စားနိုင်တယ်၊ သွားနိုင်၊ လာနိုင်ပါတပ
ဒါပေမယ့် ကျမတို့ရဲ့ ပြည်သူလူထု အများစုကြီးဟာ ဒီလို အခြေအ
မရှိပါဘူး။

ဧရာဝတီ စည်းရုံးရေးတလျှောက်မှာဆိုလို့ရှိရင် အင်မတန်မှ ဆင်းရဲ
တဲ့ ကျေးလက်တောရွာ ပြည်သူလူထုကို ကျမ တွေ့ခဲ့ရပါတယ်။ တ
တောင်သူလယ်သမားများဟာ စပါးစိုက်ပြီးတော့ ဆန်ကို ဝအောင်မစားနိုင်
အခြေအနေမှာ ရောက်နေပါတယ်။ အဲဒီတော့ ကျမတို့ အဖွဲ့ချုပ်ဝင်များ
ဒီလို ချို့တဲ့နေတဲ့ တောင်သူလယ်သမားများ၊ ကျေးလက်တောရွာ ပြည်
လူထုများကို ကြည့်ရှုတယ်၊ ကာကွယ်ပေးတယ်၊ ကျွေးမွေးတယ်၊ ကူညီတ
ဆိုတာ ကြားရလို့ရှိရင် ကျမ သိပ်ပြီးတော့ ဂုဏ်ယူတာပဲ။ ကျမတို့ကို ထ
ဆယ်နပ်ကျွေးတာထက် ဒီလို တောင်သူလယ်သမားထဲက၊ ကျေးလက် တော
ပြည်သူလူထုထဲက ချို့တဲ့နေတဲ့ သူတယောက်ကို ထမင်းတနပ် ဝအေ
ကျွေးလိုက်တယ်ဆိုရင် ကျမ ပိုပြီးတော့ ကျေးဇူးတင်တယ်၊ ပိုပြီးေ
ဂုဏ်ယူတယ်၊ ပိုပြီးတော့ ဝမ်းသာပါတယ်။ အဲဒီတော့ ကျမတို့ မြန်အော
ရပ်ပြီးတော့ ထမင်းမစားနိုင်တာ၊ ညမအိပ်နိုင်တာ စိတ်ထဲမှာ ဘာယ်
မရှိပါနဲ့။ ကျမအစား ပြည်သူလူထုကြီးကို ပြုစုပါ။ ကျမကို ပြုစုတာထ
ပိုပြီးတော့ ဂုဏ်ရှိပါတယ်၊ ပိုပြီးတော့လည်း ကုသိုလ် ရပါလိမ့်မယ်။

ဒီတိုင်းပြည်ကို ချမ်းသာလာအောင် ဘယ်လိုလုပ်ရမလဲ၊ ဒီလေ
တောင်မှ ဆင်းရဲနေတဲ့ ပြည်သူလူထုကြီးကို ကြာရှည်မဆင်းရဲအောင်
ဘယ်လို လုပ်ရမလဲဆိုတာ ကျမရယ်၊ အန်ကယ်ဦးကြည်မောင်
လမ်းတလျှောက်လုံးမှာ ဆွေးနွေးခဲ့ပါတယ်။ အရေးကြီးတာက လူ
လူတိုင်းဟာ ဒီလိုစိတ်ထားရှိရမယ်။ ငါတို့တိုင်းပြည်ကို ချမ်းသာလာအေ

ယ်လိုလုပ်မလဲ၊ ဒုက္ခရောက်နေတဲ့ ငါတို့ပြည်သူလူထုကြီးကို ငါတို့ ဘယ်လို
ကွယ်ရမလဲဆိုတာ အားလုံး စဉ်းစားကြပါ။ စဉ်းစားပြီးတော့
ယ်တတ်နိုင်သလောက် လုပ်ကြပါ။ ကိုယ်တတ်နိုင်သလောက်၊ လက်လှမ်း
သလောက် လုပ်ကြပါ။ ကိုယ်မလုပ်နိုင်တဲ့ ကိစ္စတွေကို စဉ်းစားနေလို့
ကားပဲ။

အဲဒီတော့ တောင်သူလယ်သမားတွေ၊ ကျေးလက်တောရွာ ပြည်သူ
ထုတွေဟာ ဆင်းရဲနေလို့ အဖွဲ့ချုပ်အနေနဲ့ နည်းနည်းလေးပဲ ကူညီနိုင်မယ်
ရင်လည်း ဒီ နည်းနည်းလေးပဲ ကူညီလိုက်ပါ။ နည်းနည်းလေးပဲကူညီနိုင်လို့
ာက်တော့မှ အများကြီးကူညီမယ်ဆိုပြီးတော့ စိတ်ထဲမှာမထားပါနဲ့။
ယ်တတ်နိုင်သလောက် ကိုယ်လုပ်ပေးပါ။

အချင်းချင်း တတ်နိုင်သလောက် အချင်းချင်း လုပ်နိုင်တာတွေကို
ပ်ပေးပါ။ ဒါအတွက် ကုသိုလ်အကြွေး မထားပါနဲ့။ ဗုဒ္ဓဘာသာအရ
ရင်လည်း ဒါဟာ ကုသိုလ်ရပါတယ်။ နိုင်ငံရေး သဘောထားအရဆိုရင်လည်း
င်မတန်မှ နိုင်ငံရေးသဘောထား ရင့်ကျက် ကြွယ်ဝပါတယ်။ ကိုယ့်
ချင်းချင်းကူညီတာ၊ ကိုယ့်တိုင်းပြည်မှာ ဆင်းရဲနေတဲ့ ပြည်သူလူထုကို
ာက်ပံ့တာဟာ အင်မတန်မှ ဂုဏ်သိက္ခာရှိပါတယ်။ ဝိုင်းပြီးတော့
ာင့်ရှောက်ကြပါ။ နောင်လည်း ဒီလိုပဲ ဆက်ပြီးတော့ အနစ်နာခံရမယ့်သူတွေ
ပဲမှာပဲ။ အကာအကွယ်ပေးကြပါ။ အကာအကွယ် ပေးတဲ့နေရာမှာ ရဲရဲဝံ့ဝံ့
ကြပါ။

ကိုယ့်ကိုမထိလို့ရှိရင် ဖာသိဖာသာ နေမယ်၊ ကိုယ်ဝိုင်းပြီးကူညီလိုက်လို့
ယ့်ဖက်လှည့်လာမယ်ဆိုတဲ့ စိတ်ထားမျိုး မထားပါနဲ့။ လူများရဲ့ အခွင့်အရေး
ထိခိုက်တာကို ကိုယ်ကကြည့်နေရင် တနေ့ကျရင် ကိုယ့်ဖက် လှည့်လာ
ပဲ။ ကိုယ့်ဖက်လှည့်လာတဲ့အခါကျ သူများက ကိုယ့်ကိုမကူလို့ရှိရင် ကိုယ
ယ်လောက် စိတ်အားငယ်မလဲ။ ဒါကိုစဉ်းစားပြီးတော့ ကိုယ်ချင်းစာကြပါ။
ားလုံး တယောက်နဲ့တယောက် ကူညီပါ။ ဧရာဝတီတိုင်းမှာ အထူးသဖြင့်
ပါတယ်။

ဧရာဝတီတိုင်းမှာဆိုရင် အခြားတိုင်းတွေမှာနဲ့ မတူအောင်လို့
မိုကရေစီရဲဘော်များဟာ အနှောင့်အယှက်တွေ ခံနေရပါတယ်။ အခြိမ်း
ခြောက်တွေ ခံနေရပါတယ်။ ပြည်သူလူထုအပေါ်ဟာလည်း ဒီ အခြိမ်း
ခြောက်တွေ ခံနေရပါတယ်။

အဲဒီတော့ အဖွဲ့ချုပ်ဝင်များဟာ စံနမူနာအနေနဲ့ အရှေ့ကနေ
ပေးရမယ်။ အရှေ့ကနေ ပြရမယ်။ ကျနော်တို့ လုပ်ရဲ ကိုင်ရဲလို့၊ သတ္တိရှိလို့
လုပ်နေတာပဲ။ ကျနော်တို့ မှန်တယ်ထင်တဲ့ကိစ္စကို လုပ်နေတာ၊ ဒီကိစ္စအတွက်
ကျနော်တို့ စွန့်စားရဲတယ်ဆိုတာကို အဖွဲ့ဝင်တွေ ကနေ ထိပ်တန်းကနေ
ပြရမယ်။ ဒါမှ ကျမတို့ရဲ့ ဒီမိုကရေစီတာဝန်တွေ ကျေပွန်မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ကြံခင်းမြို့

*ကြံခင်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ပြောကြားသောမိန့်ခွန်းမှကောက်နုတ်ချ*

ကိုယ်အခွင့်အရေးတွေကို ရဲရဲရင့်ရင့်နဲ့ကာကွယ်နိုင်မှ လွတ်လပ်
တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်လာနိုင်မှာပါ။ ကျမတို့
သူတို့လုပ်တိုင်းကို ကြောက်ပြီးတော့ ခံနေလို့ရှိရင် ဒီ ရွေးကောက်ပွဲ
ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲတွေ မဖြစ်လာနိုင်ရင် ကျမ
လိုချင်တဲ့ ဒီမိုကရေစီ ရနိုင်မှာ မဟုတ်ပါဘူး။

ကျမတို့လုပ်နေတဲ့ကိစ္စဟာ ဘာမှ အမှားမဟုတ်ပါဘူး၊ မှန်တဲ့အတ
လုပ်နေတယ်။ ဥပဒေဘောင်အတွင်းက လုပ်နေတယ်။ ဒီလို ဥပဒေဘေ
အတွင်းက မှန်တဲ့အတိုင်း လုပ်နေတာကို တိုက်ခိုက်ပြီးတော့ လုပ်နေတဲ့သူ
ကသာ မှားနေတယ်။ ဒီအတိုင်းပဲ အစိုးရကို တင်ပြရမှာပဲ။

ကျမတို့ဟာ အခုချိန်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကော
တွေဖြစ်လာဖို့ ဝိုင်းပြီးတော့ ကူညီနေတယ် ဆိုတာဟာ နိုင်ငံတော် ငြိမ်
ပိပြားမှုတည်ဆောက်ရေး အစိုးရကိုက တောင်းဆိုခဲ့တာပဲ။ ဟိုအ
တပါတ်တုန်းကလည်း ဗိုလ်မှူးချုပ်ခင်ညွန့်က ပြောခဲ့တာပဲ။ လွတ်လ
တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်ဖို့ဆိုလို့ရှိရင် အစိုးရနဲ့၊ ပြည်
နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဝိုင်းပြီးတော့၊ ကူညီပြီးတော့ လုပ်ရမယ်
ဆိုခဲ့ပါတယ်။ ဒီအတိုင်းပဲ ကျမတို့ဖြစ်စေချင်လို့ ဒီလှုပ်ရှားမှုထဲ
ပါဝင်နေတာပဲ။

ဒီတော့ ဗိုလ်မှူးချုပ်ခင်ညွန့်ပြောတဲ့အတိုင်းပဲ ပြည်သူလူထုနဲ့ နိုင်ငံ
အဖွဲ့အစည်းတွေဟာ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲ
လုပ်ဖို့ ကြိုးစားနေတယ်။ ဒီအထဲမှာ အစိုးရကလည်း ဝိုင်းပြီးတေ
ကူညီပြီးတော့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒီဟာကိုပဲ ကျမတို့ တောင်း
မယ်။ လွတ်လပ်ချင်တဲ့ သူများဟာ၊ အခွင့်အရေး ခံချင်တဲ့သူများ
စွန့်စားရဲရမယ်၊ လုပ်ရဲကိုင်ရဲရမယ်။ ကိုယ်မစွန့်စားရဲလို့ရှိရင်၊ က
မလုပ်မကိုင်ရဲလို့ရှိရင် ဒီအခွင့်အရေးတွေကို ခံစားပိုင်ခွင့်ရှိမှာ မဟုတ်ပါဘူး။

ကျမတို့ဟာ သတ္တိမရှိလို့ရှိရင် ဒီလှုပ်ရှားမှုထဲမှာပါဝင်လို့ မရ
သတ္တိရှိတဲ့ သူများသာ ပါဝင်လို့ရတယ်။ အခုဆိုရင် တချို့ကပြောတ
ပြည်သူလူထုဟာ နိုင်ငံရေးအကြောင်း ဘာနားလည်လို့လဲတဲ့၊ ဒီမိုက
အကြောင်း ဘာနားလည်လို့ ဒီမိုကရေစီလိုချင်တာလဲလို့ မေးတယ်။ အဲဒီ
ကျမက ပြန်ပြီးတော့ ဖြေချင်တယ်။ ပြည်သူလူထုဟာ နိုင်ငံရေးအကြေ
အများကြီး နားလည်တယ်။ ဒီမိုကရေစီအကြောင်း အများကြီး နားလည်တ
နားလည်လို့သာ ဒီမိုကရေစီလှုပ်ရှားမှုကြီးထဲမှာ ဒီလောက်တောင် စွန့်စွန့်စာ
နဲ့ ပါဝင်နေတာပဲ။

လူတိုင်းလူတိုင်းဟာ မွေးလာမှတော့ လူဆိုတာ လူ့အခွင့်အ
ရှိသင့်တယ်၊ ရသင့်တယ်ဆိုတာ အများကြီးနားလည်ပါတယ်။ လူ့အခွင့်အ



တဲ့သူဟာ လူဖြစ်ရကျိုး မနပ်ပါဘူး။ ကျမတို့ဟာ ကျမတို့ နိုင်ငံသူ၊
သားများ လူဖြစ်ရကျိုး နပ်အောင်လို့၊ လူ့အခွင့်အရေးများ ပြည့်ပြည့်စုံစုံ
နိုင်အောင်လို့ ဒီမိုကရေစီ လှုပ်ရှားမှုထဲမှာ ပါဝင်နေတာ ဖြစ်ပါတယ်။
ကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက်ဆိုရင် ပြည်သူလူထုအားလုံးဟာ
တို့ရဲ့ လူ့အခွင့်အရေးများ၊ အပေါင်းအဖော်များရဲ့ လူ့အခွင့်အရေးများကို
ပြီးတော့ ကာကွယ်ပေးရပါမယ်။ ဝိုင်းပြီးတော့ စောင့်ရှောင့်ပေးရပါမယ်။
ကိုယ့်အခွင့်အရေးများကို ကာကွယ်နိုင်မှ၊ စောင့်ရှောက်နိုင်မှ နောက်
င့်တက်ပြီးတော့ ဒီမိုကရေစီ အခွင့်အရေးတွေ ရနိုင်မှာဖြစ်ပါတယ်။

လူ့အခွင့်အရေးထဲမှာ အရေးအကြီးဆုံး အခွင့်အရေး တခုကတော့ မိမိ
တခြားသူတွေကို အန္တရာယ်မပြုလို့ရှိရင် မိမိဘာသာမိမိ လွတ်လွတ်လပ်
နဲ့ စိုးရိမ်ကြောင့်ကြမှုက ကင်းကင်းလင်းလင်းနဲ့ နေနိုင်ပိုင်ခွင့်ရှိရမယ်။
ယ်က ဘယ်သူ့ကိုမှ အန္တရာယ်မပြုပဲနဲ့၊ ဘာမဟုတ်တာမှ မလုပ်ပဲနဲ့ စိုးရိမ်
ကြောင့်ကြနေရတဲ့ဘဝဆိုတာ လူ့အခွင့်အရေး လုံးလုံးကင်းကွာနေတဲ့ဘဝ ဖြစ်
တယ်။ အဲဒီတော့ ပြည်သူလူထုဟာ ဒီလို လူ့အခွင့်အရေး ကင်းကွာနေတဲ့
ကနေ လွတ်မြောက်ဖို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တည်
ထောင်လိုက်တာ ဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက်
ရွေးကောက်ပွဲဝင်ပြီးတော့ ရွေးကောက်ပွဲနိုင်ပြီးတော့ အစိုးရ ထောင်ဖို့
ဟုတ်ပါဘူး။ ပြည်သူလူထုလိုချင်နေတဲ့ လူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝ
နိုင်မယ့် ဒီမိုကရေစီစနစ် တည်ထောင်ဖို့ပါပဲ။ ဒီလို ဒီမိုကရေစီစနစ်
တည်ထောင်ဖို့ဆိုတာ နိုင်ငံရေးပါတီတခုတည်းက လုပ်လို့မဖြစ်ပါဘူး။ နိုင်ငံရေး
ပါတီ ၁၈၀ ကျော်ကနေလည်း လုပ်လို့မဖြစ်ပါဘူး။ ပြည်သူလူထုအားလုံးက
ပြီးတော့ ပါဝင်မှဖြစ်ပါမယ်၊ ဒီအထဲမှာ ကျောင်းသားလူငယ်များဟာ
ကတည်းက ပါဝင်ခဲ့တယ်၊ ဆုံးခန်းတိုင်အောင်လည်း ဆက်ပြီးတော့ ပါဝင်
ယ်လို့ ကျမ ယုံကြည်ပါတယ်။ အဲဒီတော့ လူကြီးများဟာ လူငယ်များနဲ့
က်တွဲပြီးတော့ ဒီမိုကရေစီရရေးအတွက်ကို ဖွဲ့သတ္တိနဲ့ လုံ့လ ဝီရိယနဲ့ လုပ်ဖို့
ပါတယ်။ ကျမတို့ဟာ ထားတဲ့အတိုင်းနေမယ်ဆိုရင် ဘယ်တော့မှ တိုးတက်
မှာ မဟုတ်ပါဘူး။ ကိုယ်မှန်တယ်ထင်တဲ့ကိစ္စအတွက် စွန့်စားရဲရမယ်၊ ဒုက္ခ
ရဲရမယ်။

*ဒေါ်အောင်ဆန်းစုကြည်၏ ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်သည် ကြံခင်းမြို့၌ပြင်
အောင်မြင်စွာ ပြီးဆုံးပါသည်။*

*ကြည့်လိုက်စမ်း၊ ကြည့်ကြစမ်းဟော့၊ လေဆန်မှာ မြားတန်းလန်းနဲ့ ပျံသန်းရဲတဲ့
ကသာ မနက်ဖြန်အတွက်ဖြစ်သည်ဆိုသည့်အတိုင်း မြားတန်းလန်းဖြစ်ခဲ့ရသော
ရောဝတီတိုင်း၏ အဖမ်းဆီးခံ စည်းရုံးရေးတာဝန်ခံ စုစုပေါင်း ၃၂ ယောက်
ရှိပါသည်။*

www.burmeseclassic.com

www.burmeseclassic.com

## ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ

*ဒီမိုကရေစီအခွင့်အရေးများ ဆိုးဆိုးဝါးဝါး ပိတ်ပင်ခံနေရသော ရောဝတီတိုင်းတွ
စည်းရုံးရေးခရီးစဉ်နှင့်ပတ်သက်၍ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း၌ ပြုလုပ်ေ
သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ဤ
ပြောကြားပါသည်။*

စည်းရုံးရေးခရီးစဉ်မှာ မြင်ခဲ့ရတာဟာ ရောဝတီတိုင်းမှာတော့ တရ
မျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲတွေ ကျင်းပနိုင်တဲ့အခြေအနေ မရှိဘူး
ကျမ မြင်ခဲ့ရပါတယ်။ ဒီလိုမရှိတာကတော့ တိုင်းမှူးအနေနဲ့ အင်မတ
ဒီမိုကရေစီ အခွင့်အရေးများကို တိုက်ဖျက်နေတယ်။ ဗိုလ်ချုပ်ကြီး စောမေ
ကနေပြီးတော့ တပ်မတော်ဟာ 'ကြား'နေရမယ်။ အရောင်ဆိုးထားခြင်းမရှိရ
ဆိုတဲ့ ညွှန်ကြားချက်နဲ့ ပြောင်းပြန်ပဲ။ လုပ်နေတာဟာ တပ်မတော်
ဒီမိုကရေစီဖက်က အင်အားစုတွေကိုတိုက်ဖျက်ဖို့ သုံးစွဲနေတာ တွေ့ရပါတယ
အဲဒီလို သုံးစွဲနေခြင်းအားဖြင့် ဒီမိုကရေစီအခွင့်အရေးတွေကို ပိတ်ပင်နေတာတ
မဟုတ်ဘူး။ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာလည်း ပဋိပက္ခဖြစ်အော
စိတ်ဝမ်းကွဲအောင် လုပ်နေတဲ့အသွင် ဆောင်ပါတယ်။

ရောဝတီတိုင်း အခြေအနေနဲ့ပတ်သက်လို့ ရွေးကောက်ပွဲကော်မရှင်
လည်း တင်ပြပြီးပါပြီ။ နောက်ပြီးတော့ 'နဝတ'ကိုလည်း တရားဝင် တင်ပြ
မယ်။ ဒီလို အခြေအနေအတိုင်း ဆက်သွားမယ်ဆိုရင် ရောဝတီတိုင်းမ
လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ မဖြစ်နိုင်ဘူး။ ဒါ့ကြောင့်မို့
လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်စေချင်တယ်ဆိုရင် ဒီက
ကို အရေးယူသင့်ပါတယ်ဆိုတာ ကျမတို့ 'နဝတ'ကို တရားဝင်တင်ပြ
အစီအစဉ် ရှိပါတယ်။ ရောဝတီတိုင်းခရီးနဲ့ ပတ်သက်လို့ သတင်းထုတ်ပြ
ချက်တွေ ထုတ်ထားတာ ရှိပါတယ်။ အများလည်း သိပြီးဖြစ်ပါလိမ့်မယ
ထပ်ပြီး မေးချင်တာတွေရှိရင်၊ သိချင်တာတွေရှိရင် မေးကြပါ။ ကျမ ဖြေ
အဆင်သင့်ပါပဲ။

*ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသော သတင်းထောက်များ
မေးခွန်းများကို ဆက်လက်၍ ဖြေကြားပါသည်။*

**မေး။** ။ ကျနော်မေးချင်တဲ့မေးခွန်းလေးကတော့ အခုလောလောဆယ် Wh
is your assessment of the political climate at this point?
**ဖြေ။** ။ ဒီမေးခွန်းဖြေရမယ်ဆိုရင် political climate ဆိုတာ ဟိုဖ
ဒီဖက် ရှိတယ်။ political climate ဆိုတာ ပြည်သူလူထုကြားထဲက clim
လည်း ရှိတယ်၊ အစိုးရဖက်က climate လည်းရှိတယ်။ ပြည်သူလူထုကြား



imate ကတော့ သူတို့ဟာ ဒီမိုကရေစီကို အမြန်ဆုံးလိုချင်တာပဲ။
သူလူထုဖက်က ကြည့်လိုက်မယ်ဆိုလို့ရှိရင်၊ ဒီမိုကရေစီ အဖွဲ့အစည်း
ဖက်က ကြည့်လိုက်မယ် ဆိုလို့ရှိရင် ရွေးကောက်ပွဲများ အမြန်ဆုံး
သင့်တယ်လို့ ထင်ပါတယ်။ ဒီလို ဖြစ်သင့်တယ်ဆိုတဲ့စိတ်ရှိပါတယ်။
ဖက်က ရွေးကောက်ပွဲတွေ အမြန်ဆုံး ဖြစ်စေချင်တယ်။ နောက်တဖက်
တော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်ပါ့မလားဆိုတဲ့
သယတွေ အများကြီးရှိပါတယ်။

ဒီသံသယတွေ ရှိတာကတော့ ဟိုဖက်ကနေပြီးတော့ တီထွင်လိုက်တဲ့
litical climate ခေါ်ရမှာပဲ။ အထူးသဖြင့် ရောဝတီတိုင်းမှာ တိုင်းမှူးကနေ
တော့ ဒီလောက်တောင်မှ ဒီမိုကရေစီ အခွင့်အရေးတွေကို ဆန့်ကျင်ဖက်
နေလို့ရှိရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်ပါ့
။ ဒီတိုင်းမှူးလုပ်တာတွေကို 'နဝတ'က လစ်လျူရှုထားလို့ရှိရင် 'နဝတ'
တိုင်က လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ လုပ်ပေးချင်တဲ့
ရှိရဲ့လားဆိုတဲ့ သံသယတွေ အများကြီး တွေ့ရပါတယ်။ အဲဒီတော့
ပြောရမယ်ဆိုရင် နိုင်ငံရေးအခြေအနေပေါ့လေ၊ နိုင်ငံရေး မိုးလေဝသ
တော့ အုံ့မှိုင်းမှိုင်းပဲလို့ ဆိုရမှာပဲ။ ပြည်သူလူထုဖက်ကလည်း 'နဝတ'ကို
ကြည်မှု မရှိဘူး။

'နဝတ'ဖက်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ
ပေါ်ရေးအတွက် ဘာတွေ လုပ်ပေးနေသလဲဆိုတာကို ကျမတို့ ပွင့်ပွင့်
လင်း တိတိကျကျကို မသိရသေးပါဘူး။ ဒါတွေကို သိဖို့လိုတယ်လို့ ကျမ
ပါတယ်။ ရောဝတီတိုင်းဟာ တနည်းအားဖြင့် Test case တခုအနေနဲ့
နိုင်တယ်။ ဒီတိုင်းက အဖြစ်အပျက်တွေကို ကျမတို့ တင်ပြမယ်။
ပြလည်း တင်ပြထားပြီးပါပြီ။ ဒီဟာတွေအပေါ်မှာ 'နဝတ'က ဘယ်လို
ရေးယူတယ်ဆိုတာကိုကြည့်ပြီးတော့ 'နဝတ'အနေနဲ့ လွတ်လပ်ပြီး တရား
တဲ့ ရွေးကောက်ပွဲတွေ ဖြစ်စေချင်တဲ့ဆန္ဒ ဘယ်လောက်ရှိတယ်ဆိုတာ
မှန်းရမယ်လို့ ကျမထင်ပါတယ်။

။ ။ အဖမ်းခံရတဲ့လူတွေ အခြေအနေကရော ဘယ်လိုလဲ လွတ်ပြီလား။
။ ။ ကျမတို့ သိသလောက်တော့ မလွတ်သေးပါဘူး။ ၃၄ ယောက်
ပြီ။ အခု နည်းနည်း ပိုများရင် များနေမယ်။ ကြံခင်းမှာ ထပ်ဖမ်းတယ်။
င်းက အခြေအနေကတော့ အတော်ဆိုးတာပဲ။ ကိုယ့်ရဲ့ ရုံးထဲမှာတောင်
ခုပ်မတီးရဘူး ပြောထားတယ်။ လက်ခုပ်မတီးရဘူး ပြောထားတော့
မတို့ စည်းရုံးရေးမှူးတွေက လက်ခုပ် မတီးရဲဘူး။ အဲဒီတော့ စဉ်းစား
တော့ပေါ့။ လက်ခုပ်တီးတာနဲ့ အဖမ်းခံရတယ်ဆိုတာ အဓိပ္ပါယ်
ပါဘူး။ ဒီလောက်တောင်မှ ဒီမိုကရေစီအခွင့်အရေးတွေကို တိုက်ဖျက်
တာကို 'နဝတ'က လစ်လျူရှု မထားသင့်ဘူးလို့ ကျမ ထင်ပါတယ်။
မှာလည်း ထပ်ဖမ်းတယ်။ လပွတ္တာ၊ ဘိတွတ်မှာလည်း ၂၃ ရက်နေ့မှာ
ကဲ ထပ်ဖမ်းတယ်။ ဒေါက်တာ ကျော်သိန်းနိုင်၊ ကိုဝင်းမြင့်၊ ကိုတင်ဦးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကိုသန်းညွန့်တို့ကို ရဲက လာခေါ်သွားတယ်။ ဘီတွတ်မှာက အေးအေး ဆေးဆေးပါဘဲ။ ကျမလည်း လွှတ်လပ်ရေးကျောက်တိုင်မှာ ပြည်သူလူထု စကားပြောလိုက်တယ်။

အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျမတို့ကို ငြိမ်ဝပ်ပိပြား တည်ဆောက်ရေးဖက်ကနေ ပြန်ပြောတာက ၂/၈၈ ဆိုပြီး ပြန်ပြောပါတယ်။ ကျမတို့အနေနဲ့ သုံးသပ်တာကတော့ ၂/၈၈ ကိုအကြောင်းပြတဲ့အခါ ၂/၈၈ အမိန့်ရည်ရွယ်ချက်နဲ့ အနှစ်သာရကို ကြည့်ရပါမယ်။ အခုဟာက They r by the letter of the law. Spirit of the law ဆိုတာကို လုံး မကြည့်ဘူး။ တကယ်ဆိုရင် အရေးကြီးတာက Sprit of the law ၊ ၂/၈၈ အမိန့်ရည်ရွယ်ချက်က ဆူပူသောင်းကျန်းမှု မဖြစ်ဖို့၊ ရုန်းရင်းဆန်ခတ် မဖြစ်

ဧရာဝတီတိုင်းတင် မဟုတ်ပါဘူး။ တခြားတိုင်း ၄ တိုင်းလ ရောက်ခဲ့ပြီးပြီ။ မွန်ပြည်နယ်လည်း ရောက်ခဲ့ပြီးပြီ။ အဲဒီအချိန်မှာဆို လူစုလူဝေးနဲ့ လာကြိုဆိုကြတာပဲ။ အမြဲပဲ ငြိမ်းငြိမ်းချမ်းချမ်းပဲ။ ဘာမှ ရုန်း ဆန်ခတ် ဆိုတာလည်း မရှိခဲ့ဘူး။ ဆူပူသောင်းကျန်းမှုဆိုတာတော့ ဝေး အဲဒီတော့ ဘာမှမဖြစ်ပဲနဲ့ ပြီးမှလိုက်ဖမ်းတယ်ဆိုတာဟာ အတိုက်အခံလုပ် သဘောမျိုးရှိပါတယ်။ ဒီဟာ စတာဟာ ကျမ မွန်ပြည်နယ် စည်းရုံးရေးခရီ ပြန်လာတဲ့နေ့က စပြီးတော့ ဖမ်းပါတယ်။ ဖမ်းပါတယ်ဆိုတာ နေရာတိုင်း တော့ မဟုတ်ပါဘူး။ မော်လမြိုင်တို့ ဘာတို့ဖက်မှာပါ။ မော်လမြိုင်မှာဆို လူဟာ သောင်းနဲ့ချီပြီး လာတာပဲ။ ဒီသောင်းနဲ့ချီပြီးလာတဲ့ ပရိသတ် ငြိမ်းငြိမ်းချမ်းချမ်းပဲ။ သူတို့မှာ ကျန်းမာပါစေ အော်တာကလွဲလို့၊ လက်ခုပ် တာကလွဲလို့ ဘာမှ ဆူဆူပူပူ မရှိပါဘူး။ မွန်ပြည်နယ်မှာ ၁၃ ယောက် ဖမ်းတယ်၊ ၂/၈၈ ကို ချိုးဖောက်တယ်လို့ ပြောပါတယ်။ ၂/၈၈ ချိုးဖောက်လို့ဆိုတာ လူတွေကို လာကြပါလို့လည်း ကျမတို့ ခေါ် မဟုတ်ဘူး။ ပြည်သူလူထုက သူတို့ဘာသာသူတို့ လာပြီးတော့ ထောက်ခံတ အားပေးတယ်။ အဲဒီအချိန်မှာ အားလုံးပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးသွာ အခါကျရင် ဘာမှ အရေးမယူဘူး။

ခရီးတလျှောက်မှာ ရုံးရင်းဆန်ခတ် ဖြစ်နိုင်ဖွယ်အခြေအနေ လေးခါ ဖြစ်ခဲ့တယ်။ အဲဒီဟာတွေဟာဆိုရင် ငြိမ်ဝပ်ပိပြားမှုဖက်က ကိစ္စပဲ။ ဥပမာဆိုရင် ကျုံမငေးမှာဆိုရင် စောင့်နေတဲ့ တပ်သားတဦ လူထုထဲကို ဝါးတုတ်နဲ့ထိအောင်ပစ်ပြီးတော့ ခြိမ်းခြောက်တယ်။ အဲဒီဟာဆို ရုံးရင်းဆန်ခတ် ဖြစ်သွားနိုင်တယ်။ တခြားနေရာတွေမှာဆိုရင်လည်း ပြည် လူထုကို ကြမ်းကြမ်းတမ်းတမ်း ပြောတာတို့၊ နောက် လပွတ္တာမှာဆိုရင်လ လူတယောက်ကို ဓါတ်တိုင်မှာချည်ပြီး ရိုက်တယ်လို့ပြောတယ်။ အနောက် နေရမယ်၊ အရှေ့မသွားရဘူး ပြောတဲ့အခါမှာ လူတယောက်က အ နည်းနည်း ရောက်လာလို့တဲ့။ အဲဒီလိုကိစ္စမျိုးတွေမှာ ရုံးရင်းဆန်ခတ် ဖြစ် နိုင်တယ်။

၂/၈၈ ရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်မယ်ဆိုရင် ကျမတို့ ပြည် လူထုဖက်က ၂/၈၈ရဲ့ ရည်ရွယ်ချက်ကို ချိုးဖောက်တယ်ဆိုတာ လုံး



မရှိခဲ့ဘူး။ ဒါပေမဲ့လည်း ဧရာဝတီတိုင်းမှာဆိုရင် 'တဝတ' အစီအစဉ်အရ လုပ်ဖို့ရေးလို့ အကြောင်းပြပြီး လုပ်လိုက်တဲ့ကိစ္စများဟာ ရုံးရင်းဆန်ခတ်ဖြစ်ဖို့ရာ အကြောင်းအများကြီး ဖြစ်နိုင်ပါတယ်၊ ဒါ မဖြစ်ခဲ့တာ ကျမတို့ဖက်က တော်တော် ထိန်းထိန်းသိမ်းသိမ်း လုပ်လို့ပါ။ ကျမတို့ဖက်ချည်းပဲလည်း ကျမ ကောင်းချည်းပဲတော့ မပြောပါဘူး။ တချို့နေရာတွေမှာလည်း တပ်ဖက် ကလည်း အဆင်ပြေအောင်လုပ်တဲ့ ပုဂ္ဂိုလ်များလည်း ပါပါတယ်။ အေးအေး ချမ်းချမ်း ဖြစ်သွားအောင်လုပ်တဲ့ ပုဂ္ဂိုလ်များလည်း ပါပါတယ်။

မေး။ ။ လွှတ်လပ်တဲ့ ရွေးကောက်ပွဲတွေ ဖြစ်ပါမလားလို့ သံသယဝင်တယ် ဆိုတော့ အဲဒီလို သံသယဝင်တဲ့အကြောင်း သက်ဆိုင်ရာကို ရေးပြီးပြီလား။

ဖြေ။ ။ ကျမတို့ သက်ဆိုင်ရာကို တချိန်လုံး အသိပေးနေတာပဲ။ ဒါပေမဲ့ ဒီတခါ ဧရာဝတီတိုင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ တိတိကျကျ ရေးလိုက် ပါမယ်။ စီစဉ်ပြီးပါပြီ။ ဒီလို 'တဝတ'က ဆက်ပြီးလုပ်မယ်ဆိုရင် ဗိုလ်မှူးချုပ် မြင့်အောင် ဒီအတိုင်း ဆက်ပြီးတော့သွားနေသမျှ ဧရာဝတီတိုင်းမှာ လွှတ်လပ် တဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ မဖြစ်နိုင်ဘူးလို့ ကျမတို့ ယုံကြည်တယ်ဆိုတာ ကျမတို့ တင်ပြမယ်။ ကြံခင်းမှာ တပ်က ထိန်းထား တော့၊ လူလည်း သိပ်မများပါဘူး။ သေနတ်နဲ့ စောင့်နေတာဆိုတော့ လူထု ကလည်း မလာရဲပါဘူး။ ဒီကြံခင်းမှာပဲ 'မဝတ'ကနေပြီးတော့ ဓါတ်ပုံဆရာ တယောက် လွှတ်လိုက်တယ်၊ ဘယ်သူတွေ လာလဲဆိုတာ ရုံးခန်းထဲလာပြီး ဓါတ်ပုံရိုက်ဖို့၊ လာတဲ့လူတွေကို ဖမ်းမယ်ဆိုပြီး ပြောထားတယ်။ အဲဒီတော့ ကျမတို့က ဒီဓါတ်ပုံဆရာကို အဝင်မခံဘူး၊ အပြင်မှာပဲ သွားနေပါ၊ ဝင်ပိုင်ခွင့်မရှိဘူးဆိုတာ ပြောလိုက်ပါတယ်။ ဒီဟာက ဗြောင်သလင်းကို ခြိမ်းကရေစီ လှုပ်ရှားမှုကို တိုက်ခိုက်နေတာပဲ။ အစည်းအဝေး တက်လို့ဆိုပြီး 'မဝတ'ကပြောတာဟာ ၂/၈၈နဲ့ လုံးဝ မသက်ဆိုင်ဘူး။ ရုံးခန်းထဲမှာပဲ။ လူ ၅၀ ထက်လည်း မကျော်ဘူး။ မကျော်တဲ့လူများကို ဓါတ်ပုံရိုက်ပြီး တက်တဲ့ လူများကို ဖမ်းမယ်ဆိုတာဟာ သက်သက် ခြိမ်းခြောက်တာပဲ။ ဖမ်းမယ် ပြောရုံတင် မကဘူး။ အခုလည်း ဖမ်းပြီနဲ့ တူပါတယ်။

မေး။ ။ ဘယ်နေရာမှာလဲ။
ဖြေ။ ။ ကြံခင်းမှာပါ။

မေး။ ။ ဘယ်နေ့လောက်ကလဲ။
ဖြေ။ ။ ၂၅ ရက်နေ့မှာပါ။ အဲဒီက ဗိုလ်မှူးက မှန်းမြင့်ပါ။

မေး။ ။ လူ ၄၀ ကို ဖမ်းတာလား။
ဖြေ။ ။ မဟုတ်ပါဘူး။ ဒီလိုပါ။ သူတို့က အမိန့်တွေထုတ်တယ် မဟုတ်လား။ လူ ၄၀ ထက်ပိုပြီး မစုဝေးရဘူးလို့။ ကြံခင်းမှာ လူ ၄၀ ကောင်မရှိပါဘူး။ ရုံးခန်းထဲမှာ တော်တော်နည်းပါတယ်။ အဲဒီတော့ လူ ၄၀

www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီး မစုဝေးရဘူးဆိုပြီး အမိန့်ထုတ်ထားပြီ။ ဟုတ်ပြီ။ လူ ၄ လာတက်တယ်။ အဲဒီတော့ တက်တဲ့လူ ၄၀ကို ဘာဖြစ်လို့ ဓါတ်ပုံရိုက်ပြ တက်တဲ့သူတွေကို ဖမ်းမယ်ဆိုပြီးတော့ ခြိမ်းခြောက်ရတာလဲ။ ဓါတ် ရိုက်ဖို့လည်း ဓါတ်ပုံဆရာကို ပို့လိုက်ပါတယ်။ ကျမတို့က ဝင်ခွင့်မပြုလို့။

**မေး။** ။ ခုနက ကျနော် မရှင်းတာက ဒါကို election ကော်မရှင်ကို တင်ပြပြီးပြီလား။

**ဖြေ။** ။ election ကော်မရှင်ကိုတော့ ရောဝတီတိုင်းနဲ့ ပတ်သက်ပြီးတော တော်တော်တန်တန် တင်ပြပြီးပါပြီ။ ဒါပေမယ့် ရေးထားတဲ့စာကိုတော့ မပို့ သေးပါဘူး။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ရောဝတီတိုင် စည်းရုံးရေးခရီးတခုလုံး အတွေ့အကြုံနဲ့ ပတ်သက်ပြီးတော့ တင်ပြမယ် မိတ္တူကို ကော်မရှင်ကို ပို့ပါမယ်။ ကျမတို့ ခရီးထွက်နေတုန်း အဖြစ်အပျက် တွေကို ဦးချစ်ခိုင်နဲ့ ဦးဝင်းတင်က ကောက်မရှင်ကို ၂ခေါက်သွားပြီးတော တွေ့ပြီးတော့ တင်ပြပြီးပါပြီ။

**မေး။** ။ တင်ပြပြီးပြီလား။

**ဖြေ။** ။ တင်ပြပြီးပါပြီ။ ကျမရဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေ ဥက္ကဋ္ဌကို ရေးတဲ့စာကတော့ ကော်မရှင်ဆီ မရောက်သေးပါဘူး။ ကျ ဥက္ကဋ္ဌဆီ စာမပို့ရသေးပါဘူး။ ပို့တဲ့အခါမှ တခါတည်း မိတ္တူကူးပါမယ်။

**မေး။** ။ ဘယ်နေ့လောက် ပို့မလဲ။

**ဖြေ။** ။ ဒီနေ့ ဆိုင်းထိုးရမယ်ဆိုတော့၊ မနက်ဖြန်ပို့ပါမယ်။

ကျမတို့ မသွားခင်ကတည်းက လူထုကို ပြောထားတာကို သွားမကြိုရဘူး၊ အိမ်ထဲက အိမ်ပြင်မထွက်ရဘူး၊ လက်မပြရဘူး၊ လက် မတီးရဘူး၊ ကျန်းမာပါစေ မပြောရဘူး။ တချို့နေရာတွေမှာ ဘယ်လောက်မျ သေးသိမ်သလဲဆိုရင် ပြုံးမပြရဘူးတောင် အမိန့်ထုတ်ထားတယ်။ အဲဒါကတေ တကယ်ကို ကလေးကလား ဆန်ပါတယ်။ ဒါဟာ ၂/၈၈နဲ့ လုံးလ မဆိုင်ပါဘူး။ လူစုလူဝေး မလုပ်ရဘူးဆိုတာတော့ ဟုတ်ပါပြီ။ မပြုံးပြရ ဆိုတာကတော့ ၂/၈၈ ထဲမှာ မပါဘူးလို့ ကျမ ထင်ပါတယ်။ အိမ်ထဲ ထွက်တာ၊ ကောင်းပြီ။ အိမ်ထဲက မထွက်စေနဲ့တော့၊ ၂/၈၈မို့လို ပြူတင်းပေါက်က ခေါင်းထွက်ကြည့်သူတွေကို ပစ်သတ်မယ်လို့ ခြိမ်းခြော တယ်။ ဒါတွေက အင်မတန် တရားလွန်ပါတယ်။ တခြားရွာတွေမှာ ခြံထဲက မထွက်ရဘူးဆိုလို့ မထွက်ပါဘူး။ လပွတ္တာမှာ ခြံထဲက မထွက်ရ ဆိုလို့ လူတွေက သူတို့ခြံဝင်းလေးတွေထဲကနေ မတ်တပ်ရပ်ပြီး လက် တီးတယ်။ အဲဒီဟာကို 'တဝတ'ကနေပြီးတော့ ဖုံးဆက်တယ်။ ဖုံးဆ တာကလည်း ဒီဖက်ကလူတွေက ကြားနေရတယ်။ လက်ခုပ်တီး အိမ်နံပါတ်တွေကို မှတ်ရမယ်၊ လက်ခုပ်တီးတဲ့လူတွေရဲ့ နံမည်တွေ မှတ်ရမ

ကို ပြောပါတယ်။ ကျမတို့ စဉ်းစားကြည့်တယ်။ လက်ခုပ်တီးတဲ့သူတွေက ရှိ့ရှိပြီး တီးတာပဲ။ ဒီဖက်ကလည်း ဟုတ်ကဲ့၊ ဟုတ်ကဲ့ချည်း ဖြေနေတာပဲ။ ဘယ်လိုလုပ် နံမည်တွေမှတ်ပြီး၊ အိမ်နံပါတ်တွေမှတ်ပြီး ဘယ်လို ရှင်းတင်မယ် ဆိုတာတော့ ကျမ စဉ်းစားလို့ကို မရဘူး။

**မေး။** ။ ပုသိမ်မှာလား၊ ခေါင်းပြူထွက်ရင် ပစ်သတ်မယ်ပြောတာ။

**ဖြေ။** ။ ဟုတ်တယ်၊ ပုသိမ်မှာ။ ပြတင်းပေါက်ကနေ ခေါင်းထွက်ကြည့်ရင် ပစ်သတ်မယ်ပြောတယ်။ နောက်ပြီး ရွှေဝါလမ်းမှာ ကလေးလေးတွေ ကျမ ထွက်သွားတုန်းက လက်ခုပ်တီးလို့ဆိုပြီး ကျမ ထွက်သွားတော့ ရဲဘော်တွေက ဖမ်းသွားတယ်တဲ့။ ကျောင်းသားလေးတွေပေါ့။ ခပ်ငယ်ငယ်လေးတွေ။ ၁၁နှစ်၊ ၁၂နှစ် အရွယ်လေးတွေ ရှိမှာပေါ့။

**မေး။** ။ နိုင်ငံရေးပါတီ ၁၄ ခုရယ်၊ နောက်သမဂ္ဂ ၄ ဖွဲ့ရယ် ကျနော်တို့နဲ့ တွေ့တယ်။ အဲဒီမှာ သူတို့က တောင်းဆိုချက် ၂ခု တင်ထားတယ်။ ... ဆီးတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး အရေးယူဖို့ရယ်၊ နိုင်ငံရေးပါတီတွေကို ... ကွယ်ပေးတဲ့ ဥပဒေတရပ် ပေးပါဆိုပြီး တောင်းဆိုတယ်။ ဒေါ်အောင်ဆန်း ... ကြည်ရဲ့ သဘောထားလေးသိပါရစေ။

**ဖြေ။** ။ ကျမ ဒါကို သဘောတူတယ်။ သူတို့ ဒါကို ထုတ်သင့်တယ်။ ... ငံရေးပါတီတွေကို ထူထောင်ခွင့်ပေးပြီးမှ အကာအကွယ်တော့ ပေးရမှာပဲ။ ... တ်လပ်စွာစည်းရုံးခွင့် ပေးရမှာပေါ့။ နိုင်ငံရေးပါတီ ထောင်ခွင့်ပေးပြီးမှ ... တ်လွတ်လပ်လပ် မစည်းရုံးရရင် ဘာဖြစ်လို့ ထောင်ခွင့်ပေးသေးလဲ။ အခု ကျမတို့ လုပ်နေတဲ့ကိစ္စက စည်းရုံးရေးကိစ္စ။ စည်းရုံးရေးဆိုတာ ပြည်သူလူထု ... မှာ စည်းရုံးရတာ။ စည်းရုံးရေးလုပ်ခွင့် မပေးဘူး။ လူစုလူဝေး မလုပ်ရဘူး ... ကတည်းက လွတ်လပ်စွာ စည်းရုံးပိုင်ခွင့် မရှိတော့ဘူး။ ကျမဆိုရင် ... တို့ဥပဒေကို လိုက်နာနိုင်သလောက် လိုက်နာပါတယ်။ ဟောပြောပွဲများ ... လုပ်ရဘူးဆိုတဲ့ ဥပဒေ၊ ဟောပြောပွဲများ မလုပ်ဘူး။ အထဲမှာ ပြောတယ်။ ... ထဲမှာပြောတဲ့အခါကျတော့ တခါတလေ စပီကာကကျယ်တော့ အပြင်က ... ည်း ကြားရတယ်ပေါ့လေ။ တခါတလေတော့လည်း မကြားရပါဘူး။ ... ကြားရတဲ့အခါကျတော့ လာတဲ့လူထုက သွားကိုမသွားပါဘူး။ အပြင်မှာ ... ပ်ကြီးက သိပ်များတယ်၊ စုနေတယ်။ တခါတလေ မြို့တခုကို ... တော့်ကိုနောက်ကျပြီး မှောင်စပြုချိန် ငါးနာရီ၊ ခြောက်နာရီ ရောက်သွား ... ယ်။ အဲဒီလို မှောင်စပြုပြီးတော့ လူစုကြီးက မခွဲဘူးဆိုလို့ရှိရင် ပြဿနာ ... က်မှာစိုးလို့၊ အန္တရာယ်ဖြစ်မှာစိုးလို့ ကျမ အမြဲ အပြင်ထွက်ပြီးတော့ ... ့မှန်း၊ သုံးခွန်းပဲ နှုတ်ဆက်ပါတယ်။ လာကြိုဆိုတာ ကျေးဇူးတင်ပါတယ်၊ ... ကျင်တဲ့ ဒီမိုကရေစီ မြန်မြန်ရပါစေ၊ လူစုတော့ ခွဲပေးကြပါ။ အခုလည်း ... နည်းမှောင်လာပြီ။ ကျမ ပြောပေးပါတယ်။ အနည်းဆုံးတော့ လာကြို ... ကျေးဇူးတင်ပါတယ်။ လိုက်လိုက်လဲ့လဲ့ ကြိုဆိုတဲ့အတွက် ... ပါတယ်။ ဝမ်းသာပါတယ်။ ကျမ ဒီလောက် မပြောရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်က မကွဲဘူး။ ဒီလောက်ပြောတာကို သူတို့အနေနဲ့ ဟောပြော လုပ်တယ်လို့ မပြောနိုင်ဘူးလို့ ကျမ ထင်ပါတယ်။ ကျမတို့အနေ တတ်နိုင်သမျှတော့ ဥပဒေဘောင်အတွင်းက လုပ်ပါတယ်။ ဒါပေမယ့် အ ချမှတ်ထားတဲ့ ဥပဒေတွေဟာ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းမျ စည်းရုံးရေး မလုပ်နိုင်လောက်အောင် ဖြစ်နေတော့ အဲ့ဒါကိုတော့ သူတို့ ပြန်ပြ ဆင်ခြင်သင့်တယ်လို့ ကျမ ထင်ပါတယ်။ လွတ်လပ်ပြီး တရားမျှတ ရွေးကောက်ပွဲများ ဖြစ်ဖို့ဆိုတာဟာ ကျမတို့ လွတ်လပ်စွာ စည်းရုံးပိုင်ခွ ရှိရမှာပေါ့။ လွတ်လပ်စွာ မစည်းရုံးနိုင်ရင် နိုင်ငံရေး အဖွဲ့အစည်းတွေ အလုပ်ဟာ ဘာလဲ။ အဓိကအလုပ်က စည်းရုံးရေးပဲ။ အထူးသဖြ ရွေးကောက်ပွဲ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိရင် ကျမတို့ စည်းရုံးရေးတေ လုပ်ပိုင်ခွင့် ရှိရမှာပေါ့။

၇

# ပင်လုံမြေမှ ပြည်သစ်ဒီမိုကရေစီ

## ရှမ်းပြည်နယ်စည်းရုံးရေးခရီးစဉ်

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ၁၉၈၉ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက်နေ့မှ ၁၆ ရက်နေ့ထိ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ကို စည်းရုံးရေးခရီးထွက်သည်။ ရှမ်းပြည်နယ်ခရီးစဉ်များတွင် ပထမနေ့ဖြစ်သော ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ ပဲခူး၊ တောင်ငူ၊ ရေတာရှည်၊ ပျဉ်းမနား၊ ပျော်ဘွယ်၊ ဘုရားသုံးဆူ၊ ယင်းမာပင်၊ ထိုမှတဆင့် ကလောမြို့သို့ တောက်လျှောက် သွားရောက်ပါသည်။ ကလောမြို့ရောက်ချိန်မှာ ည ၆:၃၀ ကျော်နေပြီ ဖြစ်သည့်အတွက် ဆွေးနွေးဟောပြောပွဲများ မပြုလုပ်တော့ပဲ နောက်နေ့ခရီးစဉ်အတွက် ညှိနှိုင်းပါသည်။ ဖေဖော်ဝါရီလ ၁၁ရက်နေ့ နံနက်၌ ကလောမြို့မှ ခရီးဆက်ထွက်ခဲ့ပြီး တောင်ကြီးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ဝင်ရောက်ပါသည်။ လွိုင်လင်သို့ နံနက် ၁၀:၀၀နာရီ၌ရောက်ပြီး ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့ ခရီးစဉ်များအတွက် လွိုင်လင်၊ ပင်လုံ၊ ဟိုပုံး၊ မိုင်းပွန် စသောမြို့များမှ အဖွဲ့ချုပ်ရုံး တာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်း ဆွေးနွေးပါသည်။*


## လွိုင်လင်မြို့

*နိုင်ငံရေးပြဿနာများကို နှလုံးရည်ဖြင့် နိုင်ငံရေးနည်းအရပြောင်းလဲရေး၊ ပြည်ထောင်စု စိတ်ဓါတ်များ ပြန်လည်ရှင်သန်လာစေရေးအတွက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွိုင်လင်မြို့၌ ယခုကဲ့သို့ ဟောပြောပါသည်။*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနဲ့ အခုလို တွေ့ခွင့်ရလို့ အများကြီး ဝမ်းသာပါတယ်။ အခု ကျမတို့ ရှမ်းပြည်နယ် စည်းရုံးရေးခရီးဟာ အင်မတန်မှ ထူးခြားပါတယ်။ မနက်ဖြန်ဟာ ပြည်ထောင်စုနေ့ဖြစ်တာကြောင့် ပင်လုံကို မနက်ဖြန်အရောက်ဆိုပြီး ချိတက်ခဲ့တာ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ပင်လုံကို ပြည်ထောင်စုနေ့မှာ ရောက်ချင်လဲဆိုတော့ ကျမတို့ရဲ့ ပြည်ထောင်စု စိတ်ဓာတ်များကို ပြန်လည် ရှင်သန်စေချင်လို့ပါ။ အခု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ တခြားဒီမိုကရေစီကိုလိုလားနေတဲ့ အဖွဲ့အစည်းများဟာ ဒီမိုကရေစီ ရရှိရေးအတွက် လှုပ်ရှားနေကြပါတယ်။ ဒီမိုကရေစီဆိုတာ ဘယ်လိုဒီမိုကရေစီ မျိုးကို လိုချင်တာလဲလို့ တချို့က မေးကြပါတယ်။ ကျမတို့လိုချင်တဲ့ ဒီမိုကရေစီကတော့ လူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝ ခံစားနိုင်တဲ့စနစ်ကို

www.burmeseclassic.com

# ရှမ်းပြည်နယ်



၁၉၈၄ ခုနှစ် ဧပြီလတွင် မြေတိုင်းဦးစီးဌာနမှ ရိုက်နှိပ်ထုတ်ဝေသည့် တိုင်းနှင့်ပြည်နယ်မြေ



လိုချင်တာပါ။ ဒီမိုကရေစီဆိုတာ အမျိုးမျိုး ရှိပါတယ်။ ကမ္ဘာပေါ်မှာ တိုင်းပြည်တွေရှိသလို ဒီမိုကရေစီ အမျိုးမျိုး ရှိနိုင်ပါတယ်။ ဒါပေမဲ့ စစ်မှန်တဲ့ စနစ်ကတော့ ပြည်သူလူထုဟာ လူ့အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ခံစားနိုင်တဲ့စနစ် ဖြစ်ရမယ်။ ပြည်သူလူထုက လူ့အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ခံစားနိုင်မယ်ဆိုတော့ တိုင်းရင်းသားလူမျိုးအားလုံးလည်း လူ့အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ခံစားနိုင်ရမယ်၊ ခံစားပိုင်ခွင့်ရှိကြောင်းကိုလည်း ကျေကျေနပ်နပ်နဲ့ သဘောပေါက်ရမယ်။ လက်ခံနိုင်ရမယ်။ ဒီလိုအခြေအနေမျိုး ရှိမှသာ ကျမတို့ရဲ့ပြည်ထောင်စုဟာ တည်တံ့ခိုင်မြဲနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေး လိုတယ်၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုလိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာကို အဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးနည်းလမ်းအရ ရှာရမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံရေးနည်းအရ ပြည်တွင်းငြိမ်းချမ်းရေးလည်း ရှာရမယ်။ တိုင်းရင်းသားလူမျိုးများ အချင်းချင်းကြားထဲမှာ နားလည်မှုလည်း ရှာရမယ်။ ယခု ကျမတို့ ဒီမိုကရေစီတိုက်ပွဲကိုတောင်မှ နိုင်ငံရေးနည်းအရပဲ တိုက်နေတာပါ။ နိုင်ငံရေးနည်းအရဆိုတာ နှလုံးရည်တိုက်ပွဲကို ပြောတာဖြစ်ပါတယ်။ ကျမတို့တိုင်းပြည်ရဲ့ အစဉ်အလာမှာ လက်နက်အားကိုးပြီးတော့ နိုင်ငံရေးစနစ်ကိုပြောင်းခဲ့တာ သုံးခါရှိပါပြီ။ နောင် ထပ်ပြီးတော့ လက်နက်အားကိုးနဲ့ နိုင်ငံရေးစနစ်ကို ပြောင်းလဲတယ်ဆိုတာ မဖြစ်အောင်လို့ ကျမတို့ပြည်သူလူထု အနေနဲ့ နှလုံးရည်တိုက်ပွဲအရ ပြည်သူလူထုလိုချင်တဲ့စနစ်မျိုးကို ပြောင်းနိုင်တဲ့ သတ္တိ ရှိတယ်ဆိုတာ ပြရပါလိမ့်မယ်။ ဒီလိုသတ္တိရှိမှ ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေကို ရမှာပဲ။ အခွင့်အရေးတွေကိုတော့ လိုချင်တယ်၊ လုပ်ရဲကိုင်ရဲတော့ မရှိဘူးဆိုရင် ဒီအခွင့်အရေးတွေရဖို့ အင်မတန် ခဲယဉ်းပါလိမ့်မယ်။

## ပင်လုံမြို့

*၂၂ရက်နေ့ ၄း၀၀ နာရီ၌ ပင်လုံမြို့ကိုရောက်ရှိလာသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်ဖွင့်ချထားရသော အဖွဲ့ချုပ်ရုံး ရှိရာ အသိုင်းအဝိုင်းတာပေကို ခေတ္တဝင်ရောက် နှုတ်ဆက်ခဲ့ပြီး ပင်လုံတွင်ရှိသော ဘုန်းတော်ကြီးကျောင်းများကို သွားရောက်ဂါရဝပြု၊ ဩဝါဒခံယူပါသည်။ ထို့နောက် ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးစုများအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နာယကတဦး ဖြစ်သည့် ဦးခွန်ထီး၏နေအိမ်တွင် ပြည်ထောင်စုရေးရာများကို ဆွေးနွေးကြပါသည်။*

* * *

*တိုင်းရင်းသား လူမျိုးပေါင်းစုံ ကိုယ်စားလှယ်များနှင့် ဖခင်ဗိုလ်ချုပ်အောင်ဆန်းတို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့၌ ပြည်မကောင်တန်း ပူးပေါင်းရေးစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့သည့်နေ့ရက်ကို ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ၄၂နှစ် မြောက် ပြည်ထောင်စုနေ့ ဖြစ်သည့် ၁၉၈၉ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်*

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ခဲ့ပြီး ပင်လုံမှအခြေခံတည်သော ပြည်ထောင်စုစိတ်ဓါတ်များ အမြစ်ရှ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျင်းပပါသည်။ ထိုအခမ်း အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးဌာန မှတ်တမ်းလွှာ အဖွ များနှင့် ပင်လုံရှိ အဖွဲ့ချုပ်ဝင်အချို့မှ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ကြပါ မြို့နယ်အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များသည်လည်း အခမ်းအန ပင်လုံကျောက်တိုင် ရင်ပြင်ရှိရာသို့ အရောက်လာကြပါသည်။ ပြည်ထောင် အခမ်းအနားတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ကြေညာချက် (၉) ဖြစ် ဒီမိုကရေစီပြည်ထောင်စုသစ် ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး ၎င်း ကြေ စာတမ်းကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဖတ်ကြားပါသည်။

## အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ မူဝါဒသဘောထား ယေဘုယျ လုပ်ငန်းစဉ်များကို ကြေညာခြင်း။

## ဒီမိုကရေစီပြည်ထောင်စုသစ်

ပြည်ထောင်စုတခုလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍနယ အားလုံး၌ အပြည့်ဝဆုံးသော ဒီမိုကရေစီအခြေအနေများဖော်ထုတ်ရေးနှင့် မှန်ဆုံးသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ဦးတည်ရေ့ရှု

တိုင်းရင်းသား လူမျိုးအားလုံး လက်တွဲမဖြုတ်စတမ်း သွေး ညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး တိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရေ့ရှု

ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံး၏ အခွင့်အရေး တ ညီတူမှုကို လက်ခံလျက် မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေး မပေး လူမျိုးနွယ်၊ လူမျိုးစုအားလုံး၏ ခံစားထိုက်၊ ခံစားအပ်သော မည် အခွင့်အရေးကိုမျှ ချုပ်ချယ်ကန့်သတ်မှု မပြုရေးကို ဦးတည်ရေ့ရှုခြင်း။

တိုင်းရင်းသားလူမျိုးအားလုံးကို နိုင်ငံရေး၊ စီးပွားရေး၊ လူ ကဏ္ဍနယ်ပယ် အသီးသီး၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးကို ဦးတည်ရေ့ရှုခြ

နယ်ပယ်ဒေသ အသီးသီးမှ တိုင်းရင်းသားလူမျိုးအချင်းချင်း ပူ ဆောင်ရွက်မှု၊ ကူညီရိုင်းပင်းမှု၊ ဝိုင်းဝန်းပံ့ပိုးမှုဖြင့် ပြည်ထောင်စုကြီးတစ ပြည်ထောင်စုကြီး၏ ပြည်နယ်ဒေသ အစိတ်အပိုင်းအသီးသီး၏ ကြီးပွား တိုးတက်ရေးကို ဦးတည်ရေ့ရှုခြင်း။



မျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် အထက်ပါ မူဝါဒသဘောထားများကို ခြေခံလျက် တိုင်းရင်းသားလူမျိုးများ၏ အရေးနှင့်စပ်လျဉ်းသော ယေဘုယျ ုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁) တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်သူလူထုကြီးတရပ်လုံးနှင့် တူ တသွေး တသားတည်း လက်တွဲလျက် ဒီမိုကရေစီစနစ်တည်ဆောက်မှု ရေးတော်ပုံကြီးကို အောင်ပွဲခံသည်အထိ တိုက်ပွဲဝင်သွားမည်။

(၂) ဒီမိုကရေစီစနစ် အောင်မြင်စွာတည်ဆောက်နိုင်လျှင် ပြည်ထောင်စုကြီး ည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသား မျိုးအားလုံး သွေးစည်းညီညွတ်ရေး တည်းဟူသော ဒီမိုကရေစီ လူ့ဘောင်သစ် အခြေခံအုတ်မြစ်များကို အခိုင်အမာချနိုင်စေရန်အလို့ငှာ ပင်လုံညီလာခံကြီး သို့သော ပြည်ထောင်စုကြီး၏ အနာဂတ်ခရီးလမ်းညွှန်များကို ချမှတ်နိုင်မည့် ိုင်းရင်းသား လူမျိုးပေါင်းစုံ အမျိုးသားညီနွှိုင်းမှု ညီလာခံတရပ်ကို ခေါ်ယူ ျင်းပမည်။

(၃) တိုင်းရင်းသား လူမျိုးပေါင်းစုံ အမျိုးသားညီနှိုင်းမှု ညီလာခံကြီးတွင် ိုင်းရင်းသားလူမျိုး အားလုံး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားလူမျိုး ားလုံး၏ အခွင့်အရေး တန်းတူရည်တူခွင့်၊ လူမျိုးစုကြီးတခု၏ နယ်ပယ် သအတွင်း မှီတင်းနေထိုင်လျက် ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ယ်ပိုင်နယ်မြေဒေသရှိသော လူမျိုးစုငယ်များ၏ သီးခြားနယ်မြေဆိုင်ရာ ယ်ပိုင်အုပ်ချုပ်မှု စသည့်အရေးကိစ္စများနှင့် စပ်လျဉ်း၍ အများသဘောတူ မှုသော ပြဋ္ဌာန်းချက်များကို ချမှတ်မည်။

(၄) တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီနှိုင်းမှု ညီလာခံကြီးတွင် ည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ သွေးစည်းခိုင်မာမှုကို ယိမ်းယိုင်ပြိုကွဲ စေခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် ဒုက္ခပင်လယ် ေလျက်ရှိသည့် ပြည်ထောင်စုအတွင်း ဆက်လက်ဖြစ်ပေါ်မှုများ အပြီးတိုင် ျုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးနည်းလမ်းများနှင့် ဖြေရှင်းနိုင်ရန် ်နိုင်းမည်။

(၅) တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီနှိုင်းမှု ညီလာခံကြီးတွင် ိုင်းရင်းသားလူမျိုးအားလုံးနှင့် ပြည်နယ်အားလုံး၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်ပိုင်စာပေ ထုံးတမ်းယဉ်ကျေးမှုနှင့် ဘာသာစကားများ စည်ပင်ထွန်းကား

www.burmeseclassic.com

www.burmeseclassic.com

ရေးနှင့် အပြန်အလှန် ^၁ အတွက် ခိုင်မာတိကျသော ဝိုင်းဝန်းပံ့ပိုးမှု၊ အာမ
လေးစားစောင့်ထိမ်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းစဉ်ချမှတ်မှုများကို ဖော်ထုတ်မ

(၆) တိုင်းရင်းသား လူမျိုးပေါင်းစုံ အမျိုးသားညှိနှိုင်းမှု ညီလာခံကြီး
ပြဌာန်းချက်များအား အခြေခံလမ်းညွှန် ဇယားများအဖြစ် လက်ကိုင်ပြုလျ
ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးအတွက် လူမှုရေးရာ၌ လည်းကော
စီးပွားရေးရာ၌ လည်းကောင်း၊ နိုင်ငံရေးရာ၌လည်းကောင်း၊ တရားမျှ
ဖြစ်ထွန်းစေကာ အဆင့်အတန်းအခွင့်အရေးနှင့် ဥပဒေသက်ရောက်မှုတို့တွ
ပကတိ တူညီစေသည့်အပြင် လူ့အခွင့်အရေးနှင့် လူမှုလွတ်လပ်မှုများ
အပြည့်အဝ ခံစားစေနိုင်သည့် ပြဌာန်းချက်များ၊ အာမခံချက်များ၊ တာဝန်
လုပ်ပိုင်ခွင့်များ စသော နိုင်ငံတော်၏ ပုံသဏ္ဌာန်နှင့် ရည်မှန်းချက်များအ
အခိုင်အမာ အတိအကျ သတ်မှတ်ဖော်ထုတ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြ
ဥပဒေသစ်တရပ်ကို ဒီမိုကရေစီတိုင်းပြည်ပြုလွှတ်တော်တွင် ညှိနှိုင်းရေးဆွဲမည်။

(၇) အခြေခံဥပဒေသစ်သည် တိုင်းရင်းသားလူမျိုးများအားလုံး သွေးစ
ညီညွတ်ရေး၊ တန်းတူရည်တူ အခွင့်အရေးခံစားရရှိရေး၊ အပြန်အလှန် ဝိုင်း
ကူညီပူးပေါင်းရေးစိတ်ဓါတ်တို့ဖြင့် ဒီမိုကရေစီပြည်ထောင်စုကြီး အစွန့်ရှည်
တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးအားလုံး တသွေး တသံ တ
တဝမ်း လက်တွဲမဖြုတ်စတမ်း ပူးပေါင်း ရပ်တည်နိုင်ရေးကို အာမခံ
ကြိုးပမ်းမည်။

*၁၂-၂-၈၉တွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၊ ပင်လုံကျောက်တိုင်ရှေ့၌ (၄၂)*
*မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပါသည်။ ထိုအခမ်းအနားတွင် တိုင်း*
*သား အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စု ဓနအမျိုးသားများ ဒီမိုကရေစီအဖွဲ့*
*(အောင်ပန်း)၊ ပလောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဂေါ်ရခါးစည်းရုံးရေးအ*
*ရှမ်းပြည်တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ နမ့်ဆမ်မြို့နယ် အမျိုးသားဒီမိုက*
*အဖွဲ့ချုပ်၊ မောက်မယ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဟိုပုံးမြို့နယ် အမျိုး*
*ဒီမိုကရေစီအဖွဲ့ချုပ်၊ မိုးနဲမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်*
*တက်ရောက်ကြပါသည်။ အစီအစဉ် နံပါတ်(၃)အရ အနာဂတ် ဒီမိုကရေစီနိုင်ငံ*
*အတွက်(၄၂)နှစ်မြောက်ပြည်ထောင်စုနေ့အစီဌာန်ကို ဦးအောင်လွင်ကတိုင်ပေးပါသ*

ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်
များ ပြုစု ပျိုးထောင်ခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ထွန်းကာ
အခြေခံ အုတ်မြစ်ဖြစ်သည့် ပင်လုံစိတ်ဓါတ် ရှင်သန်ဖွံ့ဖြိုးရေးအတွ
လည်းကောင်း၊ ဒီမိုကရေစီအရေးအခင်းတွင် သွေးမြေကျခဲ့ရသော ကျောင်းသ
လူငယ် ရဟန်းရှင် လူများ၏သစ္စာကို စောင့်သိသောအားဖြင့် လူ့အခွင့်အ

^၁ စာအုပ်တွင်ပါသော . များမှာ စာတည်းများ သဲကွဲစွာ မကြားရ၊ မမြင်ရသော အပိုင်းများဖြစ်သည်။



များကို အာမခံသည့် စစ်မှန်သောဒီမိုကရေစီ ရရှိလာသည်အထိ လည်းကောင်း၊
သစ္စာတို့ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းသွားကြမည်ဟု အလေးအနက်
စီဌာန်ပြုပါ၏။

*ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၊ ပင်လုံကျောက်တိုင်ရှေ့၌ ကျင်းပခဲ့သော (၄၂)နှစ်*
*မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်က*
*နက်ကဲ့သို့ အမှာစကား ပြောကြားပါသည်။*

ညီအကိုမောင်နှမများနဲ့အတူ ပင်လုံမှာလာပြီးတော့ ပြည်ထောင်စုကြီး
ဖြိုးတိုးတက်ရေးအတွက်၊ ပင်လုံစိတ်ဓါတ် ရှင်သန်ရေးအတွက် အဓိဋ္ဌာန်ပြုနိုင်
အတွက် အများကြီး ဝမ်းသာပါတယ်။ ကျမတို့ဟာ ဒီအဓိဋ္ဌာန်ပြုချက်
တိုင်းပဲ ဒီမိုကရေစီပြည်ထောင်စုသစ်သို့ အမြန်ဆုံး ဆက်ပြီးတော့ ချီတက်
နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုချီတက်သွားနိုင်ရေးအတွက် အားလုံး
ကနေ ရွပ်ရွပ်ချွံချွံနဲ့ ကြိုးစားကြပါလို့လည်း ကျမ တောင်းပန်ပါတယ်။
အားလုံးကနေ ကြိုးစားမယ်ဆိုရင် ကျမတို့လိုချင်တဲ့ပန်းတိုင်ကို အမြန်ဆုံး
ရောက်နိုင်မှာပါ။ ဒါ့ကြောင့်မို့လို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးဟာ
ညီညွတ်ညွတ်နဲ့ ဒီနေ့ကနေစပြီးတော့ ကိုယ်တတ်နိုင်တဲ့နည်းနဲ့ ပြည်ထောင်စု
၊ ရှင်သန်ဖွံ့ဖြိုးရေးအတွက်၊ ဒီမိုကရေစီအခွင့်အရေးများ ရရှိရေးအတွက်
ပမ်းသွားကြပါလို့ ကျမ မေတ္တာရပ်ခံပါတယ်။

*နိုင်ငံရေးနည်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကိုရှာပြီး ဒီမိုကရေစီ ပြည်ထောင်စုသစ်*
*ထူထောင်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများပါဝင်သော ညီလာခံတခုခေါ်ရန်*
*ပ်ကြောင်း ပင်လုံမြို့၊ ငွေတောင်ကျောင်းတိုက်၌ ဤသို့ ဟောပြောပါသည်။*

ခုနကဖတ်သွားတဲ့ ကြေညာချက်က ကျမတို့ အမျိုးသားဒီမိုကရေစီ
အဖွဲ့ချုပ်ရဲ့ ပြည်ထောင်စုအပေါ်မှာထားတဲ့ သဘောထားဖြစ်ပါတယ်။ ကြေညာ
ချက်က နည်းနည်းလေးတော့ ရှည်တယ်ပေါ့လေ။ အဓိက သဘောထားတွေကို
ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျမတို့ဟာ နောင် ဒီမိုကရေစီ ပြည်ထောင်စုသစ်
တခုအဖြစ် ထူထောင်ရေးအတွက် ပင်လုံလို တိုင်းရင်းသားလူမျိုးစုများ အားလုံး
ပါဝင်တဲ့ ညီလာခံကြီးတခု ခေါ်ဖို့လိုတယ်လို့ ယုံကြည်ပါတယ်။ ဒီလို ညီလာခံ
ကြီးကနေပြီးတော့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက်၊ တိုင်းရင်းသား
လူမျိုးစုများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဌာန်းမှု စတဲ့ ကိစ္စ
တွေကို သေသေချာချာ ဆွေးနွေးပြီးတော့ အားလုံးရဲ့ သဘောတူညီချက်အရ
အကောင်းဆုံးအဖြေကို ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။

နောက်ပြီးတော့ ကျမတို့အတွက် အင်မတန်မှ အရေးကြီးနေတဲ့ ကိစ္စ
ချက်ကတော့ ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စပါပဲ။ ပြည်ထောင်စုကြီးတခုလုံး
တည်တံ့ခိုင်မြဲဖို့၊ တိုးတက်ဖို့၊ သာယာဝပြောဖို့ဆိုတာဟာ ပြည်တွင်း
ငြိမ်းချမ်းရေး လိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းနဲ့
ရှာရမယ်ဆိုတာ ကျမတို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ယုံကြည်ချက်

www.burmeseclassic.com

ဖြစ်ပါတယ်။ နှစ်ပေါင်း ၄၀ ကျော် ပြည်တွင်းငြိမ်းချမ်းရေးကို လက်နက်န
နဲ့ ရှာခဲ့ပါတယ်။ အခုထက်ထိ မရသေးပါဘူး။ ဒါကြောင့်မို့လို့ ကျမတို့အ
ပြည်တွင်းငြိမ်းချမ်းရေး ရဖို့ဆိုတာဟာ နိုင်ငံရေးနည်းနဲ့ ရှာရမယ်လို့ ယုံကြ
ပါတယ်။ ဒီဟာကိုလည်း ကျမတို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အ
အလေးထားပြီးလုပ်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။ နောက်တခုကတော့ တိုင်း
သားလူမျိုးအားလုံးရဲ့ အခွင့်အရေးများ၊ ယဉ်ကျေးမှုများ၊ ဘာသာစကားမျ
စသဖြင့်ပေါ့လေ၊ ကာကွယ်ပေးတဲ့၊ ဒီအခွင့်အရေးများကို အာမခံတဲ့၊ တိုင်
ပြည်ပြု လွှတ်တော်ကနေ အတည်ပြုတဲ့ အခြေခံစည်းမျဉ်း ဥပဒေသစ်တရပ်
လိုတယ်လို့ ကျမတို့ ယုံကြည်ပါတယ်။

အခုဆိုလို့ရှိရင် ၁၉၄၇ခုနှစ်ကဆွဲခဲ့တဲ့ အခြေခံစည်းမျဉ်းဥပဒေကလ
အကျုံးမဝင်တော့ပါဘူး။ နောက်ပြီးတော့ ၁၉၇၄ခုနှစ်ကဆွဲတဲ့ အခြေခံစည်း
ဥပဒေဆိုတာလည်း အစိတ်အပိုင်း တချို့ကိုတော့ ပယ်ဖျက်လိုက်ပြီးပါ
ကျန်တဲ့ အစိတ်အပိုင်းကိုလည်း တိုင်းပြည်အနေနဲ့ လက်ခံနိုင်၊ လက်မခံ
ဆိုတာ ကျမတို့ မသိပါဘူး။ ဒါ့ကြောင့် ကျမတို့ပြည်ထောင်စုနိုင်ငံအတ
အခြေခံဥပဒေ စည်းမျဉ်းသစ်တရပ် ဆွဲဖို့လိုတယ်လို့ ယုံကြည်ပါတယ်။
အခြေခံဥပဒေ စည်းမျဉ်းဆွဲတဲ့နေရာမှာ ပြည်ထောင်စုသား အားလုံ
သဘောတူညီမှုလိုတယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ အဓိကကတော့
ကရေစီပြည်ထောင်စုသစ် ထူထောင်သွားဖို့ဆိုလို့ရှိရင် ပထမအားဖြင့် ဒီမိုက
မရခင်အချိန်မှာ ကျမတို့ တိုင်းရင်းသားလူမျိုးစုများဟာ အားလုံးလက်တ
ညီညီညွတ်ညွတ်နဲ့ ဒီမိုကရေစီရရေးအတွက် လုပ်ကြရမယ်။ ဒီမိုကရေစီ
တော့ ဒီမိုကရေစီအုပ်ချုပ်မှုစနစ် အောက်ကိုရောက်မှ အားလုံးအတ
ပြည်ထောင်စုအတွက် အကျိုးရှိနိုင်မယ့်၊ တည်တံ့ခိုင်မြဲရေးအတွက် ဦးတည
မယ့် အခြေခံစည်းမျဉ်းဥပဒေတခု ထပ်ပြီးတော့ ဆွဲရပါလိမ့်မယ်။ ဒီ ဥ
ဆွဲရေးအတွက် ပင်လုံလို ညီလာခံကြီးတခု ပြန်ပြီးတော့ ခေါ်ရမယ်လို့ ကျ
ယုံကြည်ပါတယ်။ အားလုံးရဲ့အကျိုးအတွက် ဦးတည်မယ်။ အားလ
ညီညီညွတ်ညွတ်နဲ့ တတ်နိုင်သမျှလုပ်မယ်။ တယောက်နဲ့တယောက် ည
အကိုလို စေတနာ၊ မေတ္တာ ထားမယ်ဆိုပြီးတော့ အများက သဘောတူညီ
ရှာမယ်ဆိုရင် အဖြေဟာ ပေါ်နိုင်ပါတယ်လို့ ကျမတို့ ယုံကြည်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ အရေးကြီးတာကတော့ ကျမတို့လို လ
ပေါင်းစုံနေထိုင်တဲ့ နိုင်ငံတခုမှာဆိုလို့ရှိရင် လူတိုင်းလူတိုင်းရဲ့ အခွင့်အရေ
ကို အာမခံရမယ်၊ လေးစားရမယ်။ အခွင့်အရေးတွေကို လူများစုလ
လူနည်းစုလိုက် ကန့်သတ်လို့ မဖြစ်ပါဘူး။ လူတိုင်းလူတိုင်းမှာ အ
လူ့အခွင့်အရေးများဆိုတာ ရှိရပါမယ်။ ဒီလို အခြေခံလူ့အခွင့်ရေးတွေ
တဆင့်တိုးပြီးတော့ လူမျိုးစုတိုင်းဟာ မိမိတို့ရဲ့ယဉ်ကျေးမှု၊ မိမိတို့ရဲ့ ယုံ
ချက်၊ မိမိတို့ရဲ့ ဘာသာစကားများကို ကာကွယ်နိုင်အောင်လို့၊ အခွင့်
ပိုပြီးတော့ ရှင်သန်အောင်လုပ်နိုင်မယ့် အခွင့်အရေးများကိုပေးဖို့ လိုပါ
ကျမတို့ ပြည်ထောင်စုအတွင်းမှာ တယောက်နဲ့တယောက် ယဉ်ကျေ



ယုံကြည်ချက်၊ အတွေးအခေါ်များကို နှီးနှောဖလှယ်ဖို့လိုတယ်လို့ ကျမ
ယုံကြည်ပါတယ်။

အခုဆိုလို့ရှိရင် ပြည်ထောင်စုတခုလုံးမှာ၊ တနိုင်ငံလုံးမှာ ပြည်သူလူထု
များစုကြီးဟာ ဗမာစကားကိုတော့ နားလည်ကြတယ်၊ ပြောတတ်ကြတယ်၊
ရေးတတ်ကြတယ်။ တိုင်းရင်းသား လူမျိုးများရဲ့ စကားများဆိုရင် မိမိတို့
ပြည်နယ်အပြင်ဖက်မှာ တတ်တဲ့သူ၊ သိတဲ့သူ အင်မတန်မှ နည်းပါတယ်။
ပြည်ထောင်စုသားများကြားထဲမှာ ပိုပြီးတော့ သွေးစည်းရေးအတွက် တယောက်
ရဲ့စာ၊ တယောက်ရဲ့ ယဉ်ကျေးမှုကို လေ့လာသင့်တယ်၊ လေးစားသင့်တယ်။
ဒီလို လေ့လာခြင်း၊ နှီးနှောဖလှယ်ခြင်းဆိုတဲ့ အချိန်ရောက်အောင် ကြိုးစားဖို့
လိုတယ်လို့ ယုံကြည်ပါတယ်။ ဒီလိုကြိုးစားချင်တဲ့စိတ်ကတော့ စည်းလုံး
ညီညွတ်ရေးအတွက်တင် မဟုတ်ပါဘူး။ စည်းလုံးညီညွတ်ရေးထက် တဆင့်
တက်ပြီးတော့ ကျမတို့အားလုံးဟာ ပိုပြီးတော့ပြည့်ဝတဲ့ နိုင်ငံသူ၊ နိုင်ငံသားများ
ဖြစ်လာဖို့ဆိုလို့ရှိရင် တယောက်ရဲ့စာ၊ တယောက်ရဲ့ယဉ်ကျေးမှုကို နားလည်
ရမယ်။ ပြည်ထောင်စုနိုင်ငံတဝှမ်းလုံးမှာရှိတဲ့ အလေ့အထ၊ ယုံကြည်ချက်များကို
ဖြစ်နိုင်သလောက် ပြည့်ပြည့်စုံစုံ နားလည်ဖို့၊ လေးစားဖို့ လိုပါတယ်။

အားလုံးခြုံပြီးပြောလိုက်မယ်ဆိုရင် ဒီမိုကရေစီစနစ်တခု တည်တံ့ခိုင်မြဲ
ရေးအတွက်၊ ပြည်ထောင်စုတခု တိုးတက် စည်ပင်သာယာရေးအတွက်
တယောက်နဲ့တယောက် လေးစားဖို့ လိုပါတယ်။ လူလူချင်း လေးစားရမယ်။
တိုင်းရင်းသားအချင်းချင်း လေးစားရမယ်။ ဥပဒေစိုးမိုးရေးမှာ လူတိုင်းလူတိုင်း
ဟာ ညီတူညီမျှ ဖြစ်ရမယ်။ အခုဆိုလို့ရှိရင် ကျမ နိုင်ငံတဝှမ်းမှာ စည်းရုံးရေး
ဆင်းတဲ့အခါ ဘယ်လို မြင်ခဲ့သလဲဆိုတော့ တိုင်းသူပြည်သားများရဲ့ အခြေ
အနေဟာ ဒေသမှာ၊ ရပ်ရွာမှာရှိတဲ့ အာဏာပိုင်များရဲ့ စိတ်သဘောထား
အပေါ်မှာ အများကြီး တည်ရှိနေတယ်ဆိုတာ မြင်ရပါတယ်။ အချုပ်အခြာ
အာဏာပိုင်ဖြစ်နေတဲ့ ပုဂ္ဂိုလ်များက သဘောကောင်းရင် သဘောကောင်းသလို
ပြည်သူလူထုဟာ သက်သာတာ တွေ့ရပါတယ်၊ သဘောမကောင်းရင် သဘော
မကောင်းသလို ပြည်သူလူထုဟာ နစ်နာပြီးတော့ ဒုက္ခခံရပါတယ်။ ဒီလို
အခြေအနေမျိုးဆိုတာ မဖြစ်သင့်ပါဘူး။ တတိုင်းပြည်လုံးမှာ ပြည်သူလူထု
အားလုံးဟာ ဥပဒေအရ တန်းတူ၊ ညီတူ ဖြစ်ရမယ်။ ဥပဒေကို မချိုးဖောက်ပဲနဲ့
မိမိဘာသာမိမိ မှန်မှန်ကန်ကန် နေသွားတဲ့သူများဟာ စိုးရိမ်ကြောက်ရွံ့မှုက
င်းဝေးတဲ့ဘဝမှာ ရပ်တည်နိုင်ခွင့်ရှိရမယ်။

အချုပ်အခြာအာဏာပိုင်ဖြစ်နေတဲ့ ပုဂ္ဂိုလ်များကို ကြောက်ရွံ့နေရတဲ့
ဘဝဆိုတာ ဒီမိုကရေစီစနစ်နဲ့ လုံးလုံးမကိုက်ညီပါဘူး။ ဒီမိုကရေစီစနစ်
အောက်မှာဆိုလို့ရှိရင် အစိုးရများဟာ ပြည်သူလူထု အများစုရဲ့ ဆန္ဒအရ၊
သဘောတူညီချက်အရ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများက
တဆင့် တင်မြှောက်ထားတဲ့ အစိုးရများ ဖြစ်ရမယ်။ ဒီအစိုးရများရဲ့ အဓိက
တာဝန်ကတော့ ပြည်သူလူထုအားလုံးရဲ့အကျိုးကို ဆောင်ဖို့ပဲ။ ပြည်သူလူထု
အားလုံးရဲ့အကျိုးကို မဆောင်နိုင်တဲ့ အစိုးရဟာ ဒီမိုကရေစီသဘောအရ
တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်တဲ့အစိုးရ မဟုတ်ပါဘူး။ အများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အကျိုးကို မဆောင်နိုင်တဲ့ အစိုးရများဆိုရင် ဒီမိုကရေစီ ကျင့်ထုံးကျင့်နည်းအ
ရွေးကောက်ပွဲနည်းနဲ့ ပြန်ပြီးတော့ ဖြုတ်ပိုင်ခွင့်ရှိပါတယ်။ ဒီလိုအခွင့်အရေးမျာ
ကို လိုချင်လို့ ကျမတို့ ဒီမိုကရေစီတိုက်ပွဲထဲ ဝင်နေတာဖြစ်ပါတယ်။

အခွင့်အရေးတွေကို လိုချင်လို့ရှိရင် ကျမတို့ဟာ တာဝန်ကိုသိရမယ်
တာဝန်ကိုသိပြီး ရဲရဲဝံ့ဝံ့နဲ့ ကာကွယ်သွားနိုင်မှ၊ ထမ်းဆောင်နိုင်မှ အခွင့်အရေ
တွေ ရနိုင်မှာပါ။ အခုဆိုလို့ရှိရင် ကျမတို့ဟာ ဒီမိုကရေစီ မရသေးပါဘူး
ဒီမိုကရေစီရဖို့ ဘာလိုလဲလို့ ကျမတို့ ကြည့်လိုက်လို့ရှိရင် ဒီမိုကရေစီလမ်
ဆိုတာကတော့ နောက်ဆုံးတော့ ရွေးကောက်ပွဲလမ်းပါပဲ။ လွတ်လပ်ပြ
တရားမျှတတဲ့ ရွေးကောက်ပွဲတွေမှတဆင့် ပြည်သူလူထုအကျိုးဆောင်မယ
ဒီမိုကရေစီအစိုးရတခုကို တင်မြှောက်နိုင်မယ်။

လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်မယ
အခြေအနေကို ကျမတို့အားလုံး ဝိုင်းပြီးတော့ ဖန်တီးဖို့လိုပါတယ်
ဒီအခြေအနေဆိုတာ လူတယောက်တည်း ဖန်တီးပေးလို့လည်း မရဘူး
အဖွဲ့အစည်း တခုတည်းက ဖန်တီးပေးလို့လည်း မရဘူး။ အများပြည်သူရဲ
ညီညွတ်မှုအင်အားနဲ့ ဖန်တီးမှ ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျမတ
ဦးတည်ရမှာကတော့ လွတ်လပ်ပြီး တရားမျှတမယ့် ရွေးကောက်ပွဲမျာ
ဖြစ်နိုင်မယ့် အခြေအနေ။ ဒီလို အခြေအနေမျိုးမှာဆိုရင် ပြည်သူလူထုဟာ
အခြေခံ ရသင့်ရထိုက်တဲ့အခွင့်အရေးများ ရရမယ်။ ရှိရမယ်။ နိုင်ငံရေ
အဖွဲ့အစည်းများကလည်း ရသင့်ရထိုက်တဲ့ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်ရှိရမယ်
ဒီလိုအခွင့်အရေးတွေမရှိပဲနဲ့ ဘယ်နည်းနဲ့မှ လွတ်လပ်ပြီး တရားမျှတတ
ရွေးကောက်ပွဲတွေ ဖြစ်ပေါ်လာနိုင်မှာ မဟုတ်ပါဘူး။

ရွေးကောက်ပွဲတခု ကျင်းပတယ်ဆိုတာ တကယ်တော့ သိပ်ပြီးတော
မခက်လှပါဘူး။ ရွေးကောက်ပွဲစည်းမျဉ်းများကို ဆွဲမယ်။ မဲရုံများ ထောင်မယ်
မဲပုံးများ ထောင်မယ်။ ဒါနဲ့ပဲ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်
ဖြစ်နိုင်မှာမဟုတ်ပါဘူး။ ဒီလို မဲရုံများ၊ မဲပုံးများထောင်တဲ့အခါ ကျမရ
ပြည်သူလူထုဟာ လွတ်လွတ်လပ်လပ်နဲ့ မိမိတို့ ကြိုက်နှစ်သက်တဲ့အဖွဲ့အတွက
မဲပေးနိုင်ခွင့် ရှိရမယ်။ မကြောက်မရွံ့၊ စိုးရိမ်မှု မရှိစွာနဲ့ မဲပေးနိုင်ခွင့်ရှိရမယ်
ဒီ့အပြင် ပြည်သူလူထုက ဘယ်အဖွဲ့အစည်းကို ကြိုက်တယ်၊ ဘယ်ပုဂ္ဂိုလ်မျာ
ကို မဲပေးသင့်တယ်ဆိုတာကို လေ့လာသုံးသပ်နိုင်တဲ့ အခြေအနေလည
ရှိရမယ်။

ဒါကြောင့်မို့လို့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်
အတွက်ဆိုရင် ကျမတို့ဟာ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စ
ရေးသားပိုင်ခွင့်၊ လွတ်လပ်စွာ စုဝေးပိုင်ခွင့်၊ လွတ်လပ်စွာ မှန်ကန်တဲ့သတင်းက
ဖြန့်ဝေပိုင်ခွင့် စသဖြင့် ဒီအခွင့်အရေးတွေ ရှိဖို့လိုပါတယ်။

ခုနကချလိုက်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိုင်းရင်းသားမျာ
ပြည်ထောင်စုအပေါ်မှာထားတဲ့ သဘောထားများနဲ့ ပတ်သက်လို့ ဆွေးနွေးစရ
ရှိရင် ဆွေးနွေးပါလို့ မေတ္တာရပ်ခံပါတယ်။

---

# …ဆမ်မြို့

*…မှအထွက် ဖေဖော်ဝါရီလ ၁၂ရက်နေ့ နံနက် ၁၀နာရီခွဲကျော်တွင် နမ့်ဆမ်အဝင်
… မြို့ဦးဘုန်းကြီးကျောင်းကို ဦးတိုက်ဂါရဝပြုကြပါသည်။ နမ့်ဆမ်မြို့၌ ပေါ
…ွေးနွေးပွဲများကို ဝင့်သီဂီ တည်းခိုရိပ်သာ၊ သီတာလမ်းထိပ်ရှိ အဖွဲ့ချုပ်ရုံးနှင့်
…လမ်းအတွင်းရှိ အဖွဲ့ချုပ်ဝင်တဦး၏ အိမ်များ၌ ခွဲပြီးကျင်းပပါသည်။*

သိပ်ပြီး အထူးအထွေတော့ မပြောချင်ပါဘူး။ ရှမ်းပြည် စည်းရုံးရေး
…ျက်တုန်းမှာ ဒီက တိုင်းရင်းသား လူမျိုးစုများရဲ့ စိတ်သဘောထား
…လိုရှိလဲ။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဘာတွေများ ဆွေးနွေး
…ရှိလဲ၊ မေးမြန်းစရာရှိလဲ၊ 'အကြံပြုချင်စရာရှိလဲဆိုတာ သိချင်ပါတယ်။

*…ကပ်ပါမိန့်ခွန်းကောက်နုတ်ချက်သည် ရှမ်းပြည်နယ် စည်းရုံးရေးခရီးစဉ်တခု၌
…ပြောခဲ့ခြင်းဖြစ်သော်လည်း နေရာနှင့်နေ့စွဲအတိအကျ မသိပါ။*

ကိုလိုနီခေတ်က နိုင်ငံရေးပုဒ်မနဲ့ ဖွဲ့ထားတဲ့သူဆိုရင် ထောင်ထဲမှာ
…မှန့်မီးကင်နဲ့ ကြက်ဥနဲ့ ကျွေးပြီးတော့ ကောင်းကောင်းထားတယ်။
…ထဲမှာလည်း နိုင်ငံရေးသင်တန်းတွေ လုပ်လိုလုပ်နဲ့ ဘာမှ ဒုက္ခရောက်တာ
…ဘူး။ ဒါတောင်မှ အဲ့ဒီအချိန်တုန်းက ထောင်ကျခံပြီး လုပ်တဲ့သူများကို
…ဆိုပြီး သတ်မှတ်တယ်။ လူမိုက်ဆိုပြီးသတ်မှတ်တော့ လူလိမ္မာဆိုတာဟာ
…နပ်နပ်နဲ့ ကိုယ့်အကျိုးအတွက် လုပ်တတ်တဲ့သူများကို လူလိမ္မာဆိုပြီး
…မှတ်တယ်။ ဒီဟာကိုက မှားနေပြီ။ ဒီစိတ်သဘောထားတွေကို ကျမတို့
…တွေထဲ သွင်းပေးလို့မဖြစ်ဘူး။

လူလိမ္မာဆိုတာဟာ သတိ၊ ဝီရိယနဲ့နေပြီးတော့ ကိုယ့်အကျိုးအတွက်ပဲ
…နေတဲ့သူကို လူလိမ္မာလို့ မခေါ်နိုင်ဘူး။ လူမိုက်ဆိုတာကလည်း ရဲရဲဝံ့ဝံ့နဲ့၊
…ချက်နဲ့ အများအကျိုးအတွက် လုပ်တဲ့သူတွေကို လူမိုက်လို့ခေါ်တာ
…တော်ပါဘူး။ အခုလည်း ဒီအတိုင်းပဲ ပြောနေတာပဲ။ တချို့ဆိုရင်
…တွေကိုပစ်၊ စီးပွားရေးကိစ္စတွေပစ်ပြီး နိုင်ငံရေးထဲ ဝင်လုပ်နေတဲ့သူတွေကို
…တယ်လို့ပြောပါတယ်။ ကျမတို့ ဒီလိုအတွေးအခေါ်တွေကို ပြောင်းရမယ်။
…မှာတာက ဘာလဲ။ မိုက်တာက ဘာလဲ။ တကယ် လုပ်သင့်တာက
…လုံးက သတ္တိရှိရမယ်။ ဒါကို လူကြီးတွေက အားပေးရမယ်။ ဟုတ်တာ
…တာအတွက် လုပ်ရဲတဲ့ သတ္တိရှိရမယ်။ ဒီလို သတ္တိမျိုး ကျမတို့လူမျိုးထဲမှာ
…ုတ်ဘူးဆိုရင် ဘယ်လိုလုပ် ခေါင်းဆောင်ကောင်းတွေ ပေါ်လာနိုင်မလဲ။

အိန္ဒိယမှာဆိုရင် နောက်လိုက်တွေက မကောင်းဘူး၊ ခေါင်းဆောင်တွေ
ကောင်းတယ်လို့ ပြောကြတယ်။ ဗမာပြည်မှာဆိုရင် ခေါင်းဆောင်တွေက
…ကောင်းဘူး၊ နောက်လိုက်တွေက ကောင်းတယ်။ အဲ့ဒီတော့ အိန္ဒိယမှာ
…ခေါင်းဆောင်တွေက ကောင်းတယ်လို့ပြောတော့ အိန္ဒိယကခေါင်းဆောင်တွေကို
…ကြည့်လိုက်။ သူတို့ဘာလုပ်သလဲ၊' နေရူး'နဲ့ တခြားနိုင်ငံရေးသမားတွေ…

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပြောလဲဆိုတော့ ဂန္ဒီကြီးဟာ အိန္ဒိယလူမျိုးတွေကို သတ္တိရှိအောင် သ
ပေးတယ်တဲ့။ မှန်ကန်တဲ့သတ္တိဟာ အင်မတန်မှ အရေးကြီးပါတယ်။

ပညာဝီရိယနဲ့ ထိန်းထားတဲ့ သတ္တိမျိုး၊ ဒီလိုသတ္တိမျိုး ကျမတို့နိုင်
မမွေးနိုင်လို့ရှိရင်တော့ ဘယ်နိုင်ငံရေးစနစ်မှ တည်တံ့ခိုင်မြဲနိုင်မှာ မဟုတ်
ဒီမိုကရေစီရရင်လည်း အလကားပဲ။ ဒီမိုကရေစီရပြီး ဒီအခွင့်အရေးတေ
ဆက်ပြီး ထိန်းသိမ်းသွားနိုင်ဖို့၊ ကာကွယ်သွားနိုင်ဖို့ သတ္တိတွေ အများ
လိုတယ်။ ကျောင်းသားလူငယ်များဟာ ဒီသတ္တိကို မွေးကြပါ။ တယော
တယောက် မနာလိုတဲ့စိတ်ကို မမွေးကြပါနဲ့။ ဒါလည်း ကျမ ခဏ
ဆွေးနွေးတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများဟာ ဘာဖြစ်လို့ မနာ
ဝန်တိုစိတ်တွေ ရှိတာလဲ။ တယောက်တော်လို့ရှိရင် မခံနိုင်ဘူး။ ဆွဲချတ
ဘာဖြစ်လို့ ဒီလိုစိတ်တွေ ရှိတာလဲ။ ဒီလိုစိတ်တွေ ပျောက်အောင်လုပ်ရမ
လူငယ်တွေ ကြားထဲမှာတောင် တခါတလေ ဒီလိုစိတ်တွေ မြင်ရတော့
စိတ်မကောင်းဘူး။ ဒီလိုစိတ်တွေနဲ့ မျိုးဆက်အလိုက် ဆက်သွားဦးမှာ
အာဃာတ တရားတို့၊ မနာလိုတာတို့။ နောက်ဆုံးတော့ မနာလိုတ
လူတယောက်က ကိုယ့်ထက်တော်တယ်ဆိုရင် မကြိုက်ချင်ဘူး။ ဒါက
သူတော်တာ သူကြိုးစားလို့လည်း ဖြစ်နိုင်တယ်။ မွေးကတည်းက ပါရမီ ပါ
လို့လည်း ဖြစ်နိုင်တယ်။ ကိုယ့်ဖက်ကတော်အောင်လို့ ကြိုးစားပေါ့။
တတ်နိုင်သမျှ၊ ကိုယ်လုပ်နိုင်သမျှ ကိုယ်တိုးတက်အောင် ကြိုးစားပေါ့။
မလုပ်နိုင်လို့ တခြားလူတယောက်ကို ဆွဲချလို့ ကိုယ် တိုးတက်သွား
မဟုတ်ပဲ။ ဒီလို စိတ်သဘောထားတွေမမှန်လို့ နိုင်ငံရေးဘက်မှာ ဆုံးရှုံးရတ

လွတ်လပ်ရေးရပြီးတော့ နိုင်ငံရေးသမားများဟာ ပါတီနိုင်ငံရေးသ
မျိုး လုပ်တယ်။ ပါတီနိုင်ငံရေးသဘောဆိုတာ ဘာလဲ။ ပါတီနိုင်ငံရေးသ
ဆိုတာ နောက်ဆုံးတော့ မိမိပါတီ အာဏာရရှိရေး၊ မိမိပါတီ အာဏာရ
ဆိုတာ မိမိဝန်ကြီးဖြစ်ရေး၊ ဝန်ကြီးချုပ်ဖြစ်ရေးပဲ။ ဒါတွေကို ဦးတ
မလုပ်ကြပါနဲ့။ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်ပြီးလုပ်တာဟာ ဂုဏ်သ
အများကြီး ရှိတယ်ဆိုတာ နားလည်ကြပါ။ ပြည်သူလူထုကတော့ နားလ
တယ်။ နားလည်လို့သာ ဖေဖေ့ကိုလက်ခံကြတာပေါ့။ ဖေဖေ့လိုလူတယော
ခေါင်းဆောင်အနေနဲ့ တင်မြှောက်ပြီးတော့ လက်ခံခဲ့တဲ့ ပြည်သူလူ
ခေါင်းဆောင်ကောင်းရဲ့အရည်အချင်းတွေဟာ ဘာလဲဆိုတာ နားလည်ပြီးသ
ဒီလိုနားလည်မှုကိုအခြေခံပြီးတော့ ကျမတို့ဟာ နောက်ခေါင်းဆောင်ကော
ကို မွေးထုတ်ရမယ်။ ဖေဖေ့ကိုတော့ ချီးမွမ်းတယ်၊ လေးစားတယ်၊ ကြ
တယ်။ ကိုယ့်သား၊ ကိုယ့်သမီးတွေကိုတော့ ဒီလို ရှုပ်ရှုပ်ချွံချွံ မှန်တဲ့
လုပ်ဖို့ ဟန့်တားနေတယ်၊ ခြိမ်းခြောက်နေတယ်ဆိုလို့ရှိရင် ဒါဟာ ဘ
အဓိပ္ပါယ်လဲ။ ကောင်းတယ်၊ မှန်တယ်ဆိုတာ မြင်လို့ရှိရင် ကောင်းတဲ့အ
မှန်တဲ့အတိုင်း လုပ်ရမယ်။

ကျမတို့ရဲ့ နိုင်ငံသူနိုင်ငံသားများကို တကယ်ပဲ အထက်တန်း
နိုင်ငံသူနိုင်ငံသားများ ဖြစ်လာအောင်လို့ ကြိုးစားနိုင်တယ်။ ဖြစ်လာနိုင်တ





အပေါ်-ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြို့နယ်ရုံးဖွင့်
... အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦး ...

အောက်-ရန်ကုန်မြို့ ...


www.burmeseclassic.com





အပေါ် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်ဖွင့်ပွဲ အခမ်းအနားသို့ ဦးတင်
ဦးအောင်ရွှေ၊ ဦးချမ်း

အောက် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်၌ ဦးကြည်မောင်(ဝဲ)
ဦးကင် ကင်(ယာ)



www.burmeseclassic.com

www.burmeseclassic.com



[illegible] အဖွဲ့ချုပ်နှင့် [illegible] ဦးဝင်းတင်(ဘဲခွင်)နှင့် [illegible]





[illegible] ကန်မြို့နယ်အဖွဲ့ချုပ်ရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားတွင်တွေ့ရစဉ်

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီတိုင်း [illegible] ကျေးရွာ၌ မိန့်ခွန်း ပြောကြားစဉ်






အပေါ်-[illegible]တိုင်းကန်ဘက်ကျေးရွာ၌ ပြည်သူများအား မိန့်ခွန်းဆက်[illegible] ပြောကြားစဉ်

အောက်-ဦးကြည်ခေါင်(ပဲခူး)နှင့် အမှုဆောင်တော်[illegible] [illegible]

www.burmeseclassic.com

www.burmeseclassic.com









အပေါ်–... ဦးကြည်မောင် (ဝဲဘက် ဦး [illegible])၊
... ဝင်းထိန် (ယာဘက်) တို့ ... [illegible]

[illegible] ... ရှင် ... [illegible]
[illegible]

အပေါ်–[illegible]

အောက်–[illegible]

www.burmeseclassic.com

www.burmeseclassic.com







အပေါ် - [illegible]

အောက် - [illegible] နေစဉ်။

www.burmeseclassic.com

www.burmeseclassic.com





အပေါ် - [illegible]

အောက် - [illegible]



…ကြည်တယ်၊ မျှော်လင့်ချက် ရှိပါတယ်။ ဒါကို လူကြီး၊ လူငယ်မရွေး …အားလုံးက ဝိုင်းပြီး ကြိုးစားရမယ်။

ပြီးတော့ ငါကတော့ အသက် (၆၀) ရှိပြီ။ (၇၀) ရှိပြီ။ ဘာမှပြင်ဖို့ …လိုတော့ဘူးဆိုတဲ့စိတ်တွေ မထားသင့်ပါဘူး။ အသက်ဘယ်လောက်ပဲရှိရှိ …ကိုယ့်ကိုကိုယ်လည်း ပြောင်းလဲနိုင်တယ်၊ ပိုပြီးတော့လည်း ပညာရှာနိုင်တယ်။ …လူငယ်တွေဆိုတာတော့ မပြောနဲ့။ ကိုယ့်ကိုကိုယ် ပြုပြင်ဖို့၊ ပညာရှာဖို့ …အသက်လုံးရှိတာပဲ။ ဒီတော့ ဂုဏ်သိက္ခာဆိုတာကို သေချာနားလည်ဖို့လိုတယ်။

ကျမတို့ နိုင်ငံသူ၊ နိုင်ငံသားများဟာ ဂုဏ်သိက္ခာရှိတယ်ဆိုတာ …ပိုက်ဆံရှိတာ၊ ရာထူးရှိတာ၊ လယ်ယာရှိတာ၊ အားလုံးကနေ ဝိုင်းပြီးတော့ …ဟုတ်ကဲ့၊ ဟုတ်ကဲ့ လုပ်တာကို ဂုဏ်သိက္ခာရှိတယ်လို့ ထင်နေတယ်။ ဒါဟာ …များတွေပဲ။ ဂုဏ်သိက္ခာရှိတယ်ဆိုတာဟာ ကိုယ့်ကိုကိုယ် ပြန်ပြီးတော့ …သပ်ကြည့်လို့ရှိရင် ငါဟာ ဘာမှ မဟုတ်မတရားလုပ်ခဲ့တဲ့သူ မဟုတ်ဘူး …တဲ့အဖြေကို အမှန်အတိုင်းပြောနိုင်ရင် ဂုဏ်သိက္ခာ ရှိတာပဲ။ ဒီလို ရှင်ရှိသေ၊ …ရှိသေလူဆိုတာ လူတိုင်းက သိတာပဲ။ လက်ခံတာပဲ။ ဒီလိုလူမျိုးဖြစ်ဖို့ …စားရမယ်။ ပိုက်ဆံ သိပ်မမက်ပါနဲ့။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများဟာ …ပိုက်ဆံတို့၊ ပစ္စည်းတို့ ပကာသနတွေကို သိပ်ပြီး မက်တယ်။

ကျမ စည်းရုံးရေးထွက်တဲ့အခါ ဘာမြင်သလဲဆိုတော့ ပြည်သူ …လူထုကြီးဟာ ကျမအပေါ်မှာ မေတ္တာထားတာတော့ ထားပါတယ်။ ဒီလို …မေတ္တာထားလို့လည်း ကျမ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် တချို့က …မေတ္တာကို ပကာသနနည်းတွေနဲ့ အရမ်းပြချင်တယ်။ ဒါလည်း ကျမ …ကြိုက်ဘူး။ ကျမတို့ ပြည်သူပြည်သားတွေဟာ ဆင်းရဲနေတယ်။ ကျမတို့ …မြို့ချုပ်ဆိုရင်လည်း ပိုက်ဆံတပြားမှ မရှိသလောက်ပဲ။ တလနဲ့တလ ဘယ်လို …ကိုက်ပြီးတော့ ရုံပုံငွေရှာရမလဲလို့ စဉ်းစားနေရတဲ့ အခြေအနေ ရှိတယ်။ …ခါတလေကျ ကျမတို့ကို ဧည့်ခံတဲ့နေရာမှာ သိပ်လွန်တာပဲ။ ကျမကလည်း …မေတ္တာနဲ့၊ စေတနာနဲ့လုပ်ပေးလို့ မပြောရက်ဘူး။ ပြောလိုက်လို့ရှိရင် လုပ်ပေးတဲ့ …သူတွေ စိတ်ထိခိုက်သွားမှာစိုးလို့။ တကယ်တော့ ဒါဟာ မဖြစ်သင့်တဲ့ …ကိစ္စတွေပဲ။

BURMESE CLASSIC .com

*…မိုဆမ်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ ပြောကြားချက်မှ ကောက်နုတ်ဖော်ပြသည်။*

ရွေးကောက်ပွဲကျရင် မဲထည့်ပေးမယ် ပြောတာတော့ ဟုတ်ပါပြီ။ …ရွေးကောက်ပွဲဖြစ်ဖို့ ကျမတို့ ကြိုးစားရဦးမယ်။ ရွေးကောက်ပွဲဖြစ်ဖို့ဆိုတာ …နိုင်ငံရေးအဖွဲ့အစည်းတွေက အင်အားတောင့်မှ ဖြစ်နိုင်မယ်။ တတိုင်းပြည်လုံး …ရှိတဲ့ ပြည်သူလူထုကြီးက သတ္တိရှိရှိနဲ့ ပါဝင်နိုင်တယ်ဆိုတာပြမှ ရွေးကောက် …ပွဲတွေဟာ မြန်မြန်ဖြစ်နိုင်မှာပါ။ အဲဒီတော့ မဲပုံးထောင်မှ မဲပေးမယ် …ဆိုတာကတော့ ဟုတ်ပါပြီ။ မဲပုံးထောင်ဖို့အခြေအနေ ရောက်ဖို့အတွက် …ပြီးတော့ကူညီကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုကြီးတခုလုံး တည်တံ့ခိုင်မြဲဖို့၊ တိုးတက်ဖို့၊ သာယာဝပြောဖို့ ဆိုတာဟာ ပြည်တွင်းငြိမ်းချမ်းရေး လိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ရှာရမယ်ဆိုတာ ကျမတို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ယုံကြည်ချက် ဖြစ်ပါတယ်။

* * *

ဒီမိုကရေစီ အစိုးရတခု တက်လာတဲ့အခါကျရင် ကျမတို့ ပင်လုံလို ညီလာခံကြီး ထပ်ပြီးတော့ခေါ်ရမယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ ဒီလို ပင်လုံကဲ့သို့သော ညီလာခံကြီး ထပ်ပြီးတော့ ခေါ်ပြီးတော့ ကျမတို့ ပြည်ထောင်စုသစ်ကို ဘယ်ပုံ၊ ဘယ်နည်းနဲ့ ထူထောင်မယ်ဆိုတာ ကျမတို့ တိုင်းရင်းသားလူမျိုးစုတွေ အားလုံးနဲ့ ဆွေးနွေးပြီးတော့ ကျမတို့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

* * *

ဒီလိုညီလာခံမျိုးဆိုတာဟာ ပြည်သူလူထုကတင်မြှောက်တဲ့ အစိုးရမျိုးကမှသာ ခေါ်ယူပိုင်ခွင့်ရှိပါတယ်။ ဒီညီလာခံကနေပြီးတော့ ဒီမိုကရေစီနိုင်ငံ၊ ပြည်ထောင်စုသစ် ဖေါ်ထုတ်ရေးအတွက် ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စများဟာ အများပြည်သူလူထုကနေပြီးတော့၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများမှတဆင့် တင်မြှောက်လိုက်တဲ့ အစိုးရများ ကသာ လုပ်ပိုင်ခွင့်ရှိတယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ အများပြည်သူက မတင်မြှောက်ထားတဲ့ အဖွဲ့အစည်းမျိုးက၊ ဒီလိုညီလာခံမျိုးကို ဘာမှ ထိထိ ရောက်ရောက် လုပ်နိုင်မှာ မဟုတ်ပါဘူး။

* * *



## ိုင်းပွန်မြို့.

*မ်းဆမ်မှထွက်လာပြီး ပင်လယ်ရေပြင်မှ အမြင့်ပေ ၃၄၁၂ ရှိသော မိုင်းပွန်မြို့သို့ ွဲ ၂နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။*

စစ်မှန်တဲ့ဒီမိုကရေစီဆိုတာကတော့ လူ့အခွင့်အရေးများကို ပြည့်ပြည့် ခံစားပိုင်ခွင့် ရှိရမယ်၊ လူ့အခွင့်အရေးများကို ပြည့်ပြည့်ဝဝ ခံစားပိုင်ခွင့် တာဟာ အခြေခံစည်းမျဉ်း ဥပဒေကိုက ပါရမယ်။ ဒါဟာ ပထမ ရေးအကြီးဆုံးပဲ။ အဲ့ဒီတော့ ဥပဒေဘောင်အတွင်းမှာ တရားမျှတမှုဆိုတာမှာ ိုင်းလူတိုင်းဟာ တန်းတူအခွင့်အရေး ရှိရမယ်။ ဒါဟာ ကျမတို့ အခြေခံ ားနေတဲ့အရာ ဖြစ်ပါတယ်။

## ိုပုန်းမြို့.

*မ်ကြောက်ရွံ့ခြင်းကို ရင်ဆိုင်နှိမ်နင်း၍ ပန်းတိုင်အရောက် ဆက်လက် ချီတက် ကြရန် ဟိုပုန်းမြို့ ပြည်ထောင်စု ပအို့ဝ်အမျိုးသားများ အဖွဲ့ချုပ်၌ ယခုကဲ့သို့ ကြားပါသည်။*

အခုလည်း ဆက်ပြီးတော့ ကြောက်နေမယ်ဆိုရင် ပိုပိုပြီးတော့ ဆိုးလာ ။ ကိုယ် လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စအတွက်တော့ ရဲရဲဝံ့ဝံ့ လုပ်ကြပါ။ ဒီလို ပ်ရဲမှ အောင်မြင်မှာ ဖြစ်ပါတယ်။ ၂၆နှစ်ရဲ့ ဖြစ်စဉ်တွေကို ကြည့်ပါ။ င်တုန်းက မဆလ တက်ခါစက ဒီလောက် ဟန့်တားခဲ့သလား၊ ဒီလောက် သလားဆိုတာကို ပြန်စဉ်းစားကြပါ။ ဒီနေ့ဟာ (၄၂) ကြိမ်မြောက် ်ထောင်စုနေ့ ဖြစ်တယ်။ ဒီ (၄၂) ကြိမ်မြောက် ပြည်ထောင်စုနေ့မှာ ကရေစီ ပြည်ထောင်စုနိုင်ငံသစ်တခု ထူထောင်ရေးအတွက် အားလုံးကနေ ပြီးတော့ ကူညီမယ်ဆိုတဲ့ စိတ်ထားတွေ ထားဖို့လိုပါတယ်။ ဒီလိုစိတ်ထား ွနဲ့ ဆက်ပြီးတော့ ဆောင်ရွက်သွားနိုင်မှ လူ့အခွင့်အရေးများ ပြည့်ပြည့်စုံစုံ ားနိုင်တဲ့ ပြည်ထောင်စုသစ်ကြီးကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။

ဒီတော့ လူ့အခွင့်အရေးများကို ပြည့်ပြည့်စုံစုံခံစားချင်တဲ့ ပြည်သူလူထု ဟာ အားလုံး သတ္တိရှိရှိနဲ့ ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေအတွက် ားကြပါ။ လုပ်ရဲကိုင်ရဲကြပါ။ ကျမ ရှမ်းပြည်နယ်တောင်ပိုင်းကို စည်းရုံး ရီးထွက်တဲ့အခါမှာ လူထုက ဒီမိုကရေစီလှုပ်ရှားမှုကို စိတ်ဝင်စားတယ်၊ ပေးချင်တယ်။ ဒါပေမယ့် ဝင်ပြီးတော့ပါရမှာ ကြောက်နေကြတယ်ဆိုတာ ရပါတယ်။ ကျမအနေနဲ့ မေတ္တာရပ်ခံချင်တာကတော့ မကြောက်ပါနဲ့။ ်တဲ့၊ မှန်တဲ့ကိစ္စလုပ်ဖို့ဆိုတာ သတ္တိရှိဖို့ လိုပါတယ်။ ကိုယ်မှန်ကန်တယ် ်လို့၊ ကောင်းတယ်ထင်လို့လုပ်တဲ့အခါ အကြောက်စိတ်က လွှမ်းမိုးသွားမယ် ရင် ကိုယ့်အတွက် အများကြီးနစ်နာပါတယ်။ ဒါကြောင့် ကြောက်စိတ်

www.burmeseclassic.com

www.burmeseclassic.com

တွေကို နိုင်နင်းအောင်နှိမ်နင်းကြပါ။ သတ္တိရှိရှိနဲ့ ဆက်ပြီးတော့ ဒီမိုက
ပန်းတိုင်ရောက်သည်အထိ ချီတက်သွားကြပါလို့ ကျမ မေတ္တာ ရပ်
ပါတယ်။

*   *   *

## တောင်ကြီးမြို့

*ဖေဖော်ဝါရီလ ၁၃ရက်နေ့၌ တောင်ကြီးမြို့၊ သစ္စာလမ်း အမျိုးသားဒီမိုက
အဖွဲ့ချုပ်ရုံး၌ မြို့ပေါ်ရှိလူငယ်အဖွဲ့အစည်းအသီးသီးမှ လူငယ်များနှင့် တွေ့ဆုံ
ချက်မှ ကောက်နုတ်သည်။*

ကျမ မနေ့က ရန်ကုန်က သတင်းရပါတယ်။ လူ့ဘောင်သ
မနေ့က စာတမ်းတခု ထုတ်ပါတယ်တဲ့။ ဒီစာတမ်းရဲ့ အဓိက ရည်ရွယ်
ကတော့ အခုချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလုပ်နေတဲ့ လုပ်င
ကို အားမရဘူးဆိုတဲ့ သဘောမျိုး ပါပါတယ်။ အားမရဘူးဆိုတဲ့ သဘော
မှာ ကျမက စည်းရုံးရေးချည်းပဲ ထွက်နေတယ်ပေါ့လေ၊ စည်းရုံးရေးချ
ထွက်နေတဲ့အခါကျတော့ ရန်ကုန်မှာကျန်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအ
ဗဟိုကလည်း တိုက်ပွဲ ဝင်နေတယ်ရယ်လို့ မရှိဘူးလို့ ဝေဖန်ထားတ
ပြောပါတယ်။ အဲ့ဒီလို ပွင့်ပွင့်လင်းလင်းဝေဖန်တာကို ကျမတို့က လက်
တယ်။ ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာဆိုလို့
ကိုယ့်စိတ်ထဲမှာ မကျေနပ်တာတွေကို ပွင့်ပွင့်လင်းလင်းပြောပြီးတော့ ရှင်း
တာက အကောင်းဆုံးပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျမ ရှင်းပြချင်တာက
တိုက်ပွဲဆိုတာ ပုံသဏ္ဌာန်အမျိုးမျိုး ရှိပါတယ်။ တိုက်ပွဲဆိုတာ လမ်းပေါ်ထွ
ဆန္ဒပြမှ တိုက်ပွဲမဟုတ်ပါဘူး။ ဒါက တိုက်ပွဲနည်းတမျိုးပါ။ ဒီတနည်းပဲ
မဟုတ်ပါဘူး။ ကျမတို့ဟာ ၁၈ ရက်နေ့ စက်တင်ဘာမှာ စစ်အစိုးရ
အာဏာအရပ်ရပ်ကိုသိမ်းပြီးနောက် တိုက်ပွဲပုံစံ ပြောင်းရမယ်ဆိုတာယုံကြ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့ခဲ့တာပဲ။ နိုင်ငံရေးပြဿနာတွေကို နိုင်
နည်းနဲ့ ဖြေရှင်းတဲ့ အလေ့အထကို ကျမတို့ စပြီးတော့ ထူထောင်
နိုင်ငံရေးနည်းနဲ့မဟုတ်ပဲနဲ့ လက်နက်နည်း၊ အကြမ်းဖက်တဲ့နည်းနဲ့ နိုင်
ပြဿနာတွေကိုဖြေရှင်းတဲ့ အလေ့အထဆိုတာ နိုင်ငံတခုအတွက် ကော
အလေ့အထ မဟုတ်ပါဘူး။ ဒီလို အလေ့အထတွေ မဖြစ်အောင်ဆိုပြ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့ခဲ့တာပဲ။

*ရှမ်းပြည် တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၌ ပြည်ထောင်စုအ
ထားရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒနှင့်ပတ်သက်ပြီး ဖြေကြာ*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပြည်ထောင်စုအပေါ်မှာ
စိတ်ထားတယ်ဆိုတာ သိချင်ပါတယ်လို့ ပြောသွားပါတယ်။ ဒီကိစ္စနဲ့ပ



၁၁ရက်နေ့ နေ့စွဲနဲ့ ကြေညာစာတမ်းတခု ထုတ်ပါတယ်။ ဒီကြေညာ
မ်းမှာတော့ ဒီမိုကရေစီပြည်ထောင်စုသစ်လို့ ရေးထားပါတယ်။ ဒီမိုကရေစီ
ထောင်စုသစ်လို့ ရေးထားပြီးတော့ ကျမတို့ဟာ ဒီမိုကရေစီ စနစ်အောက်
ပြည်ထောင်စုကြီး ပြန်လည်တည်ထောင်ရေးအတွက် ဘယ်လို လုပ်ရမလဲလို့
ကြည်သလဲဆိုတာ ရေးထားတာ ဖြစ်ပါတယ်။ အဓိကကတော့ ဒီမိုကရေစီ
အတွက် ပထမ ကျမတို့ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ လက်တွဲပြီး
င်ရွက်သွားရမယ်။ ဒီမိုကရေစီရတဲ့အခါကျရင် ပင်လုံကဲ့သို့သော ညီလာခံ
ကခေါ်ပြီးတော့ တိုင်းရင်းသား လူမျိုးစုအားလုံးရဲ့ သဘောတူညီချက်အရ
ထောင်စုရဲ့ ပုံသဏ္ဌာန်အသစ်တခုဖော်ဖို့ ကြိုးစားရမယ်။ ဒီပုံသဏ္ဌာန်ပေါ်မှာ
ညိပြီးတော့ နိုင်ငံရဲ့ အခြေခံစည်းမျဉ်း ဥပဒေအသစ်တခု ဆွဲဖို့လိုတယ်လို့
တို့ ရေးထားပါတယ်။ ဒ့ါအပြင် ပြည်တွင်းငြိမ်းချမ်းရေးရဖို့အတွက် နိုင်ငံ
ည်းများ ရှာရမယ်။ နိုင်ငံရေးဆိုတာ လူတဦးတယောက်က လည်ရင်လည်
သူ့အတွက် သူ့အဖွဲ့နေရာရရေး၊ သူကိုယ်တိုင် အာဏာရရေး၊ အခွင့်
ရရေးအတွက် လုပ်တာမဟုတ်ရဘူးဆိုတာ အားလုံး နားလည်ရမယ်၊
ရမယ်။ ဒီလို ကိုယ် တဦးတယောက် အာဏာရရေး၊ ဂုဏ်ရှိရေးအတွက်
တာဟာ တကယ်တော့ ဂုဏ်မရှိနိုင်ဘူးဆိုတာ ကျမတို့ အားလုံး နားလည်
ယ်။ အများအကျိုး ထမ်းဆောင်မှသာ ဂုဏ်ရှိနိုင်မယ်။ နောက်ပြီးတော့လည်း
သူလူထုကို တသက်လုံး လိမ်လည်လို့ရမယ်လို့ထင်ရင် လုံးဝမှားပါတယ်။

*နောက် တောင်ကြီးမြို့သစ္စာလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ပြန်လွက်
တောင်ကြီးမြို့ရှိ မြို့မိ၊ မြို့ဖများနှင့် ရင်းနှီးလှိုက်လှဲစွာ ဆွေးနွေးပါသည်။*

ကျမတို့ နောက်ကျတာ တောင်းပန်ပါတယ်။ မနေ့က ပြည်ထောင်စု
မှာ ပင်လုံကိုသွားရောက်ပြီးတော့ ပြည်ထောင်စုစိတ်ဓါတ်များ ရှင်သန်ဖွံ့ဖြိုး
အတွက် အဓိဋ္ဌာန် ပြုခဲ့ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေး
ကဆိုတာ တိုင်းရင်းသားလူမျိုးစုများ အားလုံးကနေပြီးတော့ တက်တက်
ညီညီညွတ်ညွတ် ပါဝင်မှ ဖြစ်နိုင်မှာပါ။ ဒါ့ကြောင့်မို့လို့ ကျမတို့
နယ်တွေမှာ စည်းရုံးရေးဆင်းတဲ့အခါကျရင် ပြည်ထောင်စုကိစ္စကို အမြဲပဲ
ကထားပြီး ပြောပါတယ်။ ဒီလိုပြောခြင်းအားဖြင့် ပြည်မအတွင်းမှာလည်း
ထောင်စုကိစ္စကို မပြောဘူးရယ်လို့တော့ မဟုတ်ပါဘူး။ ပြည်မအတွင်းမှာ
အမြဲပဲ ရှင်းပြပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက်
တာဟာ ပြည်ထောင်စုသား အားလုံးကနေ ဝိုင်းဝန်းပြီး ကူညီမှဖြစ်မယ်။
မ၊ ပြည်နယ်မရွေး အားလုံးက လက်တွဲပြီးတော့ ဒီမိုကရေစီအတွက်
ဆောင်မယ်ဆိုတဲ့ ရည်ရွက်ချက်တွေရှိမှ အောင်မြင်မှာ ဖြစ်ပါတယ်။
င့်လုပ်ထိုက်တဲ့ကိစ္စကို နိုင်ငံသူ၊ နိုင်ငံသား အများစုကြီးက လက်ခံရေး
ကြိုးပမ်းဖို့ ဖြစ်ပါတယ်။ နိုင်ငံရေးလုပ်တဲ့အခါမှာ နိုးနှောဖလှယ်ဖို့

www.burmeseclassic.com

www.burmeseclassic.com


အများကြီး လိုတယ်။ ဆွေးနွေးတိုင်ပင်ဖို့ လိုတယ်။ ၃၉သန်းကျော် ပြည်
လူထုဟာ စိတ်ဟာ တခုတည်း မဟုတ်နိုင်ဘူး။ တသဘောတည်း မဖြစ်နိုင်ဘ
လူတိုင်းလူတိုင်းဟာ ကိုယ့်အတွေးနဲ့ကိုယ်၊ လူတိုင်းလူတိုင်းဟာ အကောင်း
အဖြေဟာ ဘာလဲဆိုတာ သိတယ်လို့ထင်ကြတယ်။ အဲဒီတော့ အားလု
ဆွေးနွေးရမယ်။ လူတယောက်ရဲ့တန်ဖိုးကို ဒီလူရဲ့အသက်ကိုကြည့်ပြီးတေ
မဆုံးဖြတ်နိုင်ပါဘူး။ ဒါကြောင့် ကျမတို့ဟာ လူတိုင်းလူတိုင်းရဲ့တန်ဖိုး
မှန်မှန်ကန်ကန် ဝေဖန်ပြီးတော့ ပေးသင့်ပေးထိုက်တဲ့ နေရာကိုပေးကြ
ဘယ်စနစ်မျိုးမဆို အောင်မြင်ဖို့ဆိုတာ ခေါင်းဆောင်ကောင်းလည်း ရှိရမယ်
နောက်လိုက်ကောင်းလည်းရှိရမယ်။ အဲဒီတော့ နောက်လိုက်ကောင်း တယော
ရဲ့ အရည်အချင်းဟာ ဘာလဲဆိုရင် အရေးအကြီးဆုံးကတော့ ခေါင်းဆော
ကောင်းများ ဖော်ထုတ်နိုင်တဲ့ အရည်အချင်း ရှိရမယ်။

**မေး။** ။ လူတိုင်းက ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်၊ ဗိုလ်ချုပ်အောင်ဆ
လမ်းစဉ်ဆိုပြီး ပြောပေမယ့် တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်း လမ်းစဉ်ဟ
ဘာလဲဆိုတာ မပြောနိုင်ကြဘူး။ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်အကြောင်း ရှင်
စေချင်ပါတယ်။

**ဖြေ။** ။ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ် ဆို
တော့ ကျမတို့မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးတဲ့အခါကစပြီး နိုင်ငံရေးသမ
မြောက်များစွာက ပြောသွားပါတယ်။ တခုခုလုပ်ချင်လို့ရှိရင် ကျနော်တို့ဟ
ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်အတိုင်း လုပ်ပါတယ်ဆိုပြီးတော့ လုပ်သွားတဲ့ နိုင်
ရေး အဖွဲ့အစည်းပေါင်း များစွာရှိပါတယ်။ အဲဒီတော့ ဗိုလ်ချုပ်အောင်ဆ
လမ်းစဉ်ဆိုတာ ဘာလဲဆိုတာ ပြန်သုံးသပ်ဖို့ လိုပါတယ်။ ဒီနေ့ဟာဆို
ဖေဖေ့မွေးနေ့ ဖြစ်ပါတယ်။ ၁၃ရက်နေ့ ဖေဖော်ဝါရီဟာဆိုရင် ဖေဖေဟ
အသက်ရှင်နေဦးမယ်ဆိုရင် ဒီနေ့ (၇၄)နှစ် ပြည့်ပါလိမ့်မယ်။ အဲဒီတေ
ဖေဖေ့မွေးနေ့လည်း ဖြစ်တယ်၊ စောစောက ဦးလေးကလည်း မေးလိုက်တ
ဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ဟာ ဘာလဲဆိုတာ ပြန်ပြီးတေ
စဉ်းစားဖို့လိုပါတယ်။

စဉ်းစားတဲ့အခါကျတော့ ကျမခေါင်းထဲမှာ ဘာပေါ်လာသလဲဆိုတေ
ဖေဖေ ဂျပန်သွားပြီး စစ်ပညာသင်တုန်းက ဖေဖေ့ရဲ့ဆရာများ ရှိပါတယ
ဒီဆရာများကို တခါတုန်းက ကျမ မေးကြည့်ဖူးပါတယ်။ ဖေဖေဟ
မြန်မာနိုင်ငံကသွားတဲ့ တခြား ရဲဘော်သုံးကျိပ်ဝင်တွေနဲ့ ဘယ်လိုကွာခြားလဲ
ကျမ မေးကြည့်ပါတယ်။ အဲဒီတော့ ဆရာတယောက်က ဘယ်လိုပြောသ
ဆိုတော့ ဖေဖေဟာ တခြား ရဲဘော်သုံးကျိပ်ဝင်တွေနဲ့ ကွာခြားတဲ့အချ
နှစ်ချက်၊ သုံးချက် ရှိတယ်တဲ့။ တခုကတော့ ဖေဖေဟာ သူများပြောတိုင်း
လက်မခံဘူးတဲ့။ ပြောတဲ့ဟာကို မှန်လား၊ အခြေအနေနဲ့ သင့်တော်လာ
ဆိုတာကို သေသေချာချာ စဉ်းစားတယ်။ စဉ်းစားပြီးမှ လက်ခံတယ်တဲ
ပြောတိုင်းလက်ခံတဲ့စိတ်၊ ပြောတိုင်းခေါင်းငြိမ့်တဲ့စိတ် မရှိဘူးတဲ့။ စစ်သင်တ
ပေးတဲ့အခါကျတော့ တခြားရဲဘော်သုံးကျိပ်ဝင်များက ဆရာများ ပြောတ

တိုင်း ရေးချသွားတယ်။ ရေးချသွားပြီးတော့ နောက်တခါပြန်ပြီးတော့
တင်ပြခိုင်းတဲ့အခါကျတော့ ဆရာများပြောတဲ့အတိုင်း ပြန်ပြီးတော့ တင်ပြသွား
တယ်။ ဖေဖေကတော့ ဒီအတိုင်း ပြန်ပြီးတော့မတင်ပြဘူးတဲ့။

ဥပမာတခုကဆိုရင် အဲဒီတုန်းက ဂျပန်ဆရာများက ပြောလိုက်တယ်
တဲ့။ တပ်မတော်တခုရဲ့ တပ်စိတ်တစိတ်မှာ ရဲဘော် ၁၅ယောက်ရှိရမယ်
ဆိုပြီးတော့ သင်ပေးလိုက်တယ်တဲ့။ နောက်နေ့ ပြန်ပြီးတော့ စစ်ဆေးလိုက်တဲ့
အခါကျတော့ ကျန်တဲ့ရဲဘော်သုံးကျိပ်ဝင်များက တပ်စိတ်တစိတ်မှာ ရဲဘော်
၁၅ ယောက်ရှိရပါမယ်ဆိုပြီးတော့ တင်ပြတယ်။ ဖေဖေကတော့ တပ်စိတ်
တစိတ်မှာ ရဲဘော် ၁၀ ယောက်ရှိရမယ်ဆိုပြီးတော့ တင်ပြတယ်တဲ့။ အဲဒီအခါ
ဆရာက ပြန်မေးကယ်တဲ့၊ ဆရာပြောတုန်းက ၁၅ ယောက်လို့ပြောတယ်၊
ကျောင်းသားတွေက အားလုံး ၁၅ ယောက်လို့ ပြန်ပြောတယ်၊
ဘာဖြစ်လို့ အောင်ဆန်းတယောက်တည်းကနေ ၁၀ ယောက် ပြောတာလဲလို့
မေးလိုက်တဲ့အခါကျတော့ ဖေဖေက – ၁၅ ယောက်ဆိုတာ ဂျပန်တွေအတွက်
သတ်မှတ်ထားတာ၊ ဗမာတွေက ဂျပန်တွေလောက် စည်းကမ်းမရှိဘူး၊ ၁၀
ယောက်နဲ့ပဲ တော်ပြီလို့ပြောတယ်တဲ့။

ဒီအပြင်လည်း တိုက်ရည်၊ ခိုက်ရည်နဲ့ပတ်သက်လို့ သင်ပေးတဲ့အခါကျ
တော့ ဖေဖေက ခဏခဏ ထောက်ပြတယ်တဲ့။ ဒီလို တိုက်နည်းခိုက်နည်းများ
က ဂျပန်နိုင်ငံရဲ့ပထဝီကို အခြေခံပြီးလုပ်ထားတဲ့ တိုက်နည်း၊ ခိုက်နည်းများ
ဖြစ်တယ်၊ တချို့ဟာ မြန်မာနိုင်ငံနဲ့ မသင့်တော်ဘူးဆိုပြီး ထောက်ပြတယ်တဲ့။
အဲဒီတော့ အောင်ဆန်းလမ်းစဉ်ဆိုတာ ဘာလဲဆိုတာ စဉ်းစားလို့ရှိရင်
အခြေအနေတခုအရ စဉ်းစဉ်းစားစားနဲ့ လုပ်ကိုင်ခြင်းပဲ။ မှန်ကန်တဲ့နည်းကို
ကျင့်သုံးခြင်းပဲ။ အဲဒီတော့ အောင်ဆန်းလမ်းစဉ်ဆိုတာ တခုတည်း မဖြစ်နိုင်ဘူး။

၁၉၄၇ခုနှစ်တုန်းက အောင်ဆန်းလမ်းစဉ်ဆိုတာ အခု ၁၉၈၉ခုနှစ်မှာ
အောင်ဆန်းရှိနေဦးမယ်ဆိုရင် အဲဒီလမ်းစဉ် တူချင်မှတူမယ်။ ဘာဖြစ်လို့လဲ
ဆိုတော့ လမ်းကို ပြောင်းသင့်ရင်ပြောင်းနိုင်တဲ့ အရည်အချင်းဟာ ဖေဖေ့ရဲ့
အရည်အချင်းတခု ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့လည်း ဂျပန်ဆရာ
တယောက်က ဒီအတိုင်းပဲ ပြောခဲ့ပါတယ်။ သူကတော့ အင်္ဂလိပ်လို
ပြောခဲ့တယ်ပေါ့လေ၊ ညရေယ ဏ်လ ေ°ဗလင တဲ့။ ဖေဖေဟာ အခြေအနေအရ
ပြောင်းသင့်တဲ့နေရာမှာ ပြောင်းရမယ်ဆိုတာကို လက်ခံတယ်တဲ့။

အဲဒီတော့ အခြေအနေအရ လမ်းပြောင်းသင့်တဲ့နေရာမှာ ပြောင်းရမှာ
ကို လက်ခံခြင်းဟာ အောင်ဆန်းလမ်းစဉ် တခုပါပဲ။ အဲဒီတော့ အောင်ဆန်း
လမ်းစဉ်ဆိုတာ နိုင်ငံအတွက် အကောင်းဆုံးလမ်းစဉ်ပဲ။ လမ်းစဉ်တခုရယ်လို့
မဟုတ်ဘူး။ နိုင်ငံအတွက် အကောင်းဆုံးလမ်းစဉ်ကို တချိန်လုံး ရှာနေရမယ်။

ဒီနှစ်အတွက် ကောင်းတဲ့လမ်းစဉ်ဟာ နောင်နှစ်အတွက် ကောင်းတဲ့
လမ်းစဉ် ဖြစ်ချင်မှဖြစ်မယ်။ နောင်နှစ်အတွက် ကောင်းတဲ့လမ်းစဉ်ဟာ နောင်
၁၀နှစ် ကြာရင် ကောင်းမယ့်လမ်းစဉ် ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမယ့်
လမ်းစဉ်တွေအားလုံးမှာ တူညီတဲ့သဘော တခုရှိတယ်။ ဘာလဲဆိုတော့
လမ်းစဉ်တိုင်း၊ လမ်းစဉ်တိုင်းဟာ နိုင်ငံ့အကျိုးအတွက်၊ အများပြည်သူ
www.burmeseclassic.com

www.burmeseclassic.com

အကျိုးအတွက် ဖြစ်ရမယ်။ နိုင်ငံ့အကျိုးအတွက်၊ အများပြည်သူအကျ အတွက် ဦးတည်ပြီး ခင်းလိုက်တဲ့လမ်းစဉ်ဟာ အောင်ဆန်းလမ်းစဉ်လို့ ကျ ယုံကြည်ပါတယ်။ လူတိုင်းလူတိုင်းဟာ မှားနိုင်တာပဲ။ မှားရင်လည်း မှားတယ ဆိုတာ ဝန်ခံရဲရမယ်။ ကျနော်တို့တော့ မှားသွားပြီ၊ လမ်းပြောင်းသင့်ပြီလ ဝန်ခံရဲတဲ့ သတ္တိတွေ မွေးရမယ်။

*ထို့နောက် တောင်ကြီးမြို့ရှိ လမ်းမတော်၊ အမှတ် ၁၅၁ မြောက်ကျောင်းလမ်း၊ ဖြ ချမ်းသာရပ်၊ အမှတ် ၇/၃၂ ၅လမ်း၊ ရတနာသီရိရပ်၊ နယ်မြေ (၇) စပ်စုထွ ရပ်များရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများသို့ သွားရောက်ပါသည်။*

ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်စေချင်လို့ရှိရင် အားလုံးကနေပြီးတော ဝိုင်းဝန်း ကူညီကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာဟ ပြည်သူလူထုရဲ့ အုပ်ချုပ်မှုစနစ် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထု အုပ်ချုပ်မှုစနစ်ကို ထူထောင်ချင်တဲ့ နိုင်ငံမှာဆိုလို့ရှိရင် ပြည်သူလူထုမှ တက်တက်ကြွကြွ ပါဝင်ဖို့လိုပါတယ်။

အခုအချိန်မှာ တော်တော်များများဟာ စိုးရိမ်ကြောင့်ကြနေကြတယ ခြိမ်းခြောက်မှုတွေကြောင့် ဒီမိုကရေစီ လှုပ်ရှားမှုထဲမှာ မပါဝင်ရဲကြဘူးဆို ကျမ နားလည်ပါတယ်။ ဒါကြောင့် ရဲရဲဝံ့ဝံ့နဲ့ ပါဝင်ကြပါလို့ ကျ တိုက်တွန်းချင်ပါတယ်။ ကျမတို့ဟာ လှုပ်ရှားမှုထဲမှာ ရဲရဲဝံ့ဝံ့ ပါဝင်နို သာလျှင် ကိုယ်လိုချင်တဲ့ အခွင့်အရေးများကို မြန်မြန်ရနိုင်မှာ ဖြစ်ပါတယ်။

ကျမတို့လိုချင်တဲ့ အခွင့်အရေးများဟာ လူတိုင်း၊ လူတို ရသင့်ရထိုက်တဲ့ အခြေခံ လူ့အခွင့်အရေးများ ဖြစ်ပါတယ်။ ဘယ်သူ့က မတော်မတရားလုပ်ချင်လို့ အခွင့်အရေးများ တောင်းနေတာ မဟုတ်ပါ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူဖြစ်ရကျိုးနပ်အောင်လို့၊ လူ့အခွင့်အရေ ရစေချင်လို့ တောင်းခံနေတာ ဖြစ်ပါတယ်။

ဒါကြောင့် အားလုံးကနေပြီးတော့ ကိုယ် တတ်နိုင်တဲ့ဖက်က ပြီးတော့ ဒီအခွင့်အရေးများ ရရှိရေးအတွက် ကာကွယ်ပေးကြပါ။ တွန်း ပေးကြပါ။ အားလုံးက လုပ်ရဲ၊ ကိုင်ရဲမှ ကျမတို့ လိုချင်နေတဲ့ပန်းတိုင် အမြန်ဆုံးရောက်နိုင်မှာ ဖြစ်ပါတယ်။ အများက ကြောက်ရွံ့နေမယ်၊ လုပ် မရွံ့မရဲ ဖြစ်နေမယ်ဆိုရင် ကျမတို့ အဖွဲ့ချုပ်အနေနဲ့သော်လည်းကော တခြားနိုင်ငံရေး အဖွဲ့အစည်းအနေနဲ့ သော်လည်းကောင်း ဒီမိုကရေစီပန်းတိုင် မြန်မြန်ရောက်ရှိရေးအတွက် ထမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး။

*၁၉၈၈ခုနှစ် ဒီမိုကရေစီ အရေးအခင်း ကာလအတွင်း ကျည်ဆံသင့်ခဲ့ထားရသ တောင်ကြီးမြို့အဝင်ရှိအိမ်ကို ဝင်ရောက်ကြည့်ရှုခဲ့ပြီး ညနေ လေးနာရီခွဲ ရေအေးကွင်းရပ်ရှိ မိဘမဲ့ကလေးများ ဂေဟာသို့သွားရောက် အလှူဒါနပြုပါသ*



*ဘမဲ့ကလေးများဂေဟာမှ အပြစ်ကင်းစင်သော ချစ်စဖွယ်ကလေးများ၏ ကဗျာ ဆိုသံ၊ သီချင်းသံများကလည်း စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေပါသည်။*

ဘုရားမြေကို လာရောက်ပြီးတော့ အင်မတန်မှ အဖိုးတန်လှတဲ့ တနာ့ဝန်ထမ်းတခုကို တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။ ကျမရဲ့ င်ကြီးဟာဆိုလို့ရှိရင် လူမှုဝန်ထမ်းလုပ်ငန်းခွင်ထဲမှာ အကြာကြီးပဲ လုပ်ဆောင် ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်ငန်းများကို အင်မတန်မှ အားပေးခဲ့ပါ ယ်။ ဂုဏ်လည်း ဂုဏ်ပြုခဲ့ပါတယ်။ ကျမတို့အနေနဲ့ မိဘမဲ့ကလေးများ၊ ိုတများကို ကူညီစောင့်မတဲ့လုပ်ငန်းဟာ အင်မတန်မှ မြင့်မြတ်တဲ့လုပ်ငန်းလို့ ကြည်ပါတယ်။

*ကျောင်း ဘုန်းကြီးကျောင်းကို သွားရောက်ပြီး သြဝါဒ ခံယူခဲ့ရာတွင် ျာင်းပရိဝုဏ်ထဲ၌ စောင့်ကြိုနေသည့် လူထုပရိသတ် များလွန်းသည့်အတွက် ဆက်စကား ပြောကြားရသည်။*

ပြည်သူလူထုကနေပြီးတော့ တက်တက်ကြွကြွ၊ ရဲရဲဝံ့ဝံ့နဲ့ လုပ်ဖို့ ပါတယ်။ ဒီနေ့ ကျမ သွားခဲ့တဲ့နေရာမှာ တော်တော်များများက ပြောကြ ယ်။ ပြည်သူလူထုဟာ လုပ်ရမှာ ကြောက်နေကြတယ်တဲ့။ ခြိမ်းခြောက်မှု များလို့ ကြောက်နေကြပါတယ်တဲ့။ တချို့ကလည်း ပြည်သူလူထုအနေနဲ့ လုပ်နိုင်မှာလဲ ဆိုပြီးတော့ မေးကြပါတယ်တဲ့။ ကျမ ပြောချင်တာကတော့ ဖြဆိုတာကတော့ ရှာရင်ပေါ်မှာပဲ။ လူတိုင်းလူတိုင်းဟာ တနည်းမဟုတ် ည်းနဲ့ ကူညီနိုင်ပါတယ်။ ဒီလှုပ်ရှားမှုအောင်မြင်ရေးအတွက် ဝိုင်းပြီးတော့ ကိုင်ကြရမှာ ဖြစ်ပါတယ်။ အမျိုးသားရေးဟာ လူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စ ပါတယ်။ နိုင်ငံရေးဟာ ပြည်သူလူထု အားလုံးနဲ့ဆိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ ငံရေးဟာ ငါတို့နဲ့မဆိုင်ဘူးလို့ အတွေးအခေါ်ရှိတဲ့ ပြည်သူလူထုဟာ တက်တဲ့နိုင်ငံတခုကို တည်ထောင်နိုင်မှာ မဟုတ်ပါဘူး။ ပြည်သူလူထု များစုကြီးဟာ နိုင်ငံရေးဟာ ငါတို့ကိစ္စ၊ ငါတို့ တိုင်းပြည်ရဲ့ကံကြမ္မာကို ်းဖို့ဟာ ငါတို့တာဝန်ဖြစ်တယ်လို့ စိတ်ထဲမှာထားမှ ကျမတို့နိုင်ငံဟာ တက်နိုင်မှာပါ။ အဲဒီတော့ အားလုံးက ဝိုင်းပြီးတော့ ဒီမိုကရေစီလှုပ်ရှားမှု ောင်မြင်ရေးအတွက်၊ ဒီမိုကရေစီပြည်ထောင်စုကြီးသစ် ထူထောင်ရေးအတွက် ပြီးတော့ ကူညီကြပါလို့ ကျမ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။

* * *

## ညောင်ရွှေမြို့

*၂-၈၉ နံနက်၌ တောင်ကြီးမြို့မှ ရွှေညောင်သို့ထွက်ခွာသည်။ ရွှေညောင်တွင် တော ၏ဟန့်တားမှုကြောင့် မူလက စီစဉ်ထားသော ဒေါ်အောင်ဆန်းစုကြည် ယ်ကိုင်တင်မည့် အဖွဲ့ချုပ် ဆိုင်းဘုတ်တင်ရေးအစီအစဉ် မလုပ်နိုင်ခဲ့ပါချေ။*

www.burmeseclassic.com

www.burmeseclassic.com

*ဆက်လက်၍ ရွှေညောင်မှညောင်ရွှေသို့ ခရီးဆက်ခဲ့ပြီးနောက် ညောင်ရွှေမြို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရုံး၌ အဖွဲ့ချုပ်ဝင်များနှင့် ရင်းနှီးစွာ ဆွေးနွေးပါသည်။*

ကျမတို့အနေနဲ့ကတော့ ဦးအောင်ကြီး အဖွဲ့ချုပ်ထဲကနေထွက်သွားတာ ဘာမှ အကျိုးမယုတ်ဘူးလို့ ယုံကြည်တယ်။ ဦးတင်ဦးလို အင်မတန်မှ သမာသမတ်ရှိတဲ့ပုဂ္ဂိုလ်ကြီးတယောက် ဥက္ကဋ္ဌဖြစ်လာတဲ့အချိန်မှာ ကျမတို့အဖွဲ့ချုပ်ရဲ့ ဂုဏ်သိက္ခာကလည်း တက်လာတယ်။ စည်းရုံးရေးဟာလည်း များစွာ ပိုပြီးတော့ အောင်မြင်လာပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီက အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တွေအနေနဲ့ အင်တိုက်အားတိုက် ဆက်ပြီးတော့ စည်းရုံးရေးကို လုပ်ကြပါ။ စိတ်ဓါတ်မကျကြပါနဲ့။ လူတဦးတယောက်ရဲ့ အာဏာရရှိရေး နေရာ ရရေးအတွက်လုပ်တာဟာ ဒီမိုကရေစီရရှိရေးအတွက် လုပ်တာ မဟုတ်ပါဘူး။

## အင်းလေး

*အင်းလေး၊ ဟဲယာရွာမရှိ နန်ပန်ကျောင်းတွင် စောင့်ကြိုနေသော အင်းသူ၊ အင်းသားများကိုလည်း နှုတ်ဆက်ပါသည်။*

အခု ကျမ စည်းရုံးရေးခရီးထွက်တဲ့အခါမှာ စည်းရုံးရေးခရီးဆိုတာ ဘာလဲဆိုပြီးတော့ မေးကြပါတယ်။ တချို့က ကျမတို့အဖွဲ့ချုပ်ထဲမှာ အဖွဲ့ဝင် များများ စုဆောင်းနိုင်ရေးအတွက် ထွက်တာလို့ ထင်နေကြပါတယ်။ ဒီဟာ မဟုတ်ပါဘူး။ ကျမတို့ စည်းရုံးရေးထွက်တယ်ဆိုတာ ဒီမိုကရေစီလှုပ်ရှားမှုရဲ့ အခြေအနေကို သုံးသပ်ချင်လို့၊ ဒီလှုပ်ရှားမှုရဲ့ အရှိန်အဟုန်ကို မြှင့်တင်ချင်လို့ ထွက်တာ ဖြစ်ပါတယ်။

* * *

## ဟဲဟိုး

*၁၅ ရက်နေ့နံနက်တွင် အင်းလေးမှ ထွက်ခွာခဲ့ပြီး ဟဲဟိုးရှိ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးသို့ ခေတ္တ ဝင်ရောက်နှုတ်ဆက်ပါသည်။*

ကျမတို့ ဟဲဟိုးမှာ ခဏပဲဝင်နိုင်တာ တောင်းပန်ပါတယ်။ ဒါပေမဲ့ လည်း ကြုံတုန်းတော့ ခဏတွေ့ရတာလည်း အမြတ်ပဲဆိုပြီးတော့ ဝင်လာတာ ဖြစ်ပါတယ်။ ခုနက စည်းရုံးရေးအခြေအနေကို တင်ပြသွားတဲ့နေရာမှာ ဟဲဟိုးမှာ အခုထိတော့ အဖွဲ့ဝင် (၆၅) ယောက်ပဲရှိတယ်ဆိုတာ သိရတော့ စိတ်မကောင်းပါဘူး။ စိတ်မကောင်းပါဘူးဆိုတာ ကျမတို့အဖွဲ့ထဲမှာ လူနည်း နေလို့ စိတ်မကောင်းတာ မဟုတ်ပါဘူး။ ကျမ နားလည်သလောက်တော့ အခုချိန်မှာဆိုရင် အဖွဲ့တွေထဲကို လူတွေက မဝင်ရဲဘူးလို့ ကြားရပါတယ်။ ပြည်သူလူထုအနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ရဲတဲ့ အခြေအနေရောက် နေလို့ ကျမ စိတ်မကောင်းဘူးလို့ ပြောရတာပါ။ ဟဲဟိုးမှာဆိုရင် တောင်သူ လယ်သမားတွေ များတယ်လို့ ပြောပါတယ်။ ကျမတို့တိုင်းပြည်ရဲ့ အခြေအနေဟာ တောင်သူလယ်သမားများရဲ့ အခြေအနေအပေါ် အများကြီး မူတည်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ အများစုကြီးဟာ တောင်သူလယ်သမားများ ဖြစ်ပါတယ်။

## ပင်းတယ

*ဟဲဟိုးမှ နံနက် ၁၀:၀၀ နာရီတွင် ထွက်ခွာခဲ့သော ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ပင်းတယသို့ ၁၁:၃၀နာရီတွင်ရောက်ရှိခဲ့ပြီး လူထုနှင့် ဆွေးနွေးပါသည်။*

ကျမတို့ဟာ တယောက်ရဲ့ယဉ်ကျေးမှုကို တယောက်ကလေးစားမယ်၊ စိတ်ဝင်စားမယ်၊ နီးနှောဖလှယ်ပြီးတော့ တယောက်ဆီကတယောက် သင်ယူချင်တဲ့စိတ် ရှိမယ်ဆိုလို့ရှိရင် လူမျိုးတမျိုးတည်း နေထိုင်တဲ့နိုင်ငံထက် ပိုပြီးတော့ ပြည့်ပြည့်ဝဝ ရှိနိုင်မယ်၊ ပိုပြီးတော့ စိတ်ဝင်စားစရာ ရှိနိုင်မယ်၊ ပိုပြီးတော့ တိုးတက်နိုင်မယ်။ ဒီလို တိုးတက်တဲ့အခြေအနေ ဖြစ်ဖို့ဆိုတာ ကတော့ အဓိက ညီညွတ်မှုပဲ။ တိုင်းရင်းသားလူမျိုးများဟာ ဘယ်လောက်ပဲ များနေများနေ ညီညွတ်မှုကိုဦးတည်ပြီး လုပ်မယ်ဆိုရင် အောင်မြင်မှာပါ။

## အောင်ပန်း

*ပွေးလမြို့သို့ မွန်းလွဲ ၂:၃၀နာရီတွင် ရောက်ရှိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်ကို အောင်မြင်စွာ တင်နိုင်ခဲ့ပါသည်။ ထို့နောက် ပွေးလလူထုနှင့် ရင်းနှီးစွာ ဆွေးနွေးပြီး အောင်ပန်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ အောင်ပန်းလူထုက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြပါသည်။ အောင်ပန်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးနှင့် ပြည်ထောင်စုစနေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများသို့ ခေတ္တဝင်ရောက်ပြီး ပြင်သာ ကုန်းတော်ကြီးကျောင်း၌ လူထုကို အားပေးစကား ပြောကြားပါသည်။*

အခုလို တက်တက်ကြွကြွရှိတာကို မြင်ရလို့ ကျမတို့ အများကြီးပဲ ဝမ်းသာ အားရပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှု ထောက်ခံရေးနဲ့ပတ်သက်လို့ ကျမ အများကြီးပဲ စဉ်းစားပါတယ်။ ပြည်သူလူထုဟာ အလုပ်တခုလုပ်ရင်၊ ထိထိရောက်ရောက် လုပ်ဖို့ဆိုတာဟာ ခံယူချက်ရှိရမယ်။ အတွေးအခေါ်နဲ့ အလုပ်ဟာ ဆက်စပ်မှု ရှိရမယ်။ အတွေးအခေါ်မပါတဲ့ အလုပ်အကိုင်ဆိုရင် ပီပီပြင်ပြင် မရှိနိုင်ဘူး။ မြန်မာပြည်သူလူထုဟာ ၂၆နှစ်လုံးလုံး တပါတီ အာဏာရှင်စနစ်အောက်မှာ နေခဲ့ရတယ်။ ဒီလို တပါတီအာဏာရှင်စနစ် အောက်မှာ နေခဲ့ရတဲ့အခါကျတော့ ပြည်သူလူထုရဲ့ အခွင့်အရေးများဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လို ဆုံးရှုံးသလဲ။ အရေးအကြီးဆုံးကတော့ ပြည်သူလူထုဟာ တပါတ် အာဏာရှင်စနစ်အောက်မှာ အာဏာရှိတဲ့ အဖွဲ့အစည်းတွေကို တချိန်လုံး ကြောက်နေရပါတယ်။ ကိုယ်လုပ်တာ မှားမှား၊ မှန်မှန် အာဏာရှိတဲ့သူတွေကို တချိန်လုံး ကြောက်နေရပါတယ်။ ဒါဟာ အင်မတန်မှ မနစ်သက်စရာ ကောင်းတဲ့စနစ် ဖြစ်ပါတယ်။

* * *

*၁၆-၂-၈၉ နံနက်တွင် ပင်လောင်းသို့ ခရီးထွက်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့မရောက်မီ ပင်လောင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဦးရေ ယောက်သာရှိခဲ့သည်။ ထို့နောက် ပင်လောင်းတွင် ဆွေးနွေးပွဲလုပ်ပြီး ကယားပြည်နယ် ခရီးစဉ်မှအပြန် ပင်လောင်းကိုဖြတ်ချိန်တွင်မူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဦးရေ (၁၀၀)ကျော်နေပြီ ဖြစ်ပါသည်။ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ်မြို့ဖြစ်သည့် ဖယ်ခုံမြို့တွင် ရှမ်း၊ ကယား၊ ကယန်းတိုင်းရင်းသားများမှ အတီးအမှုတ်၊ အက၊ အခုန် စုံလင်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပုံမှာလည်း အနာဂတ် ပြည်ထောင်စုအတွက် ချမ်းမြေ့စရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အောင်နမိတ်ပင်။*

## ဖယ်ခုံ

*ဖယ်ခုံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ပြောကြားချက်မှ ကောက်နုတ်ချက်။*

ကျွန်မတို့ကို အခုလို လှိုက်လှိုက်လှဲလှဲ ဆိုင်းတွေ၊ ဗုံတွေနဲ့ကြိုဆိုတာ သိပ်ပြီး ဝမ်းသာတာပဲ။ ကျွန်မတို့ဝင်လာတယ်ဆိုကတည်းက ဆိုင်းသံ၊ ဗုံသံ ကြားတဲ့အခါကျတော့ အင်မတန်မှပျော်သွားပါတယ်။ ကျွန်မတို့ တိုင်းရင်းသား လူမျိုးစုတွေက အခုလို နွေးနွေးထွေးထွေးကြိုဆိုတယ်ဆိုတော့ ကျွန်မတို့ ပြည်ထောင်စုသစ်ကြီးအတွက် အင်မတန်မှကောင်းတဲ့လက္ခဏာလို့ ကျွန်မစိတ်ထဲမှာ ဖြစ်မိပါတယ်။ ကျွန်မတို့ အခုလုပ်နေတဲ့ကိစ္စဟာ အမျိုးသားရေး ဖြစ်ပါတယ်။ ဒီမိုကရေစီ ပြည်ထောင်စုသစ် ထူထောင်ချင်လို့ အားလုံးဝင်ပါနေတာ ဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီ ပြည်ထောင်စုသစ် ထူထောင်ဖို့ဆိုတာဟာ တိုင်းရင်းသား လူမျိုးစုတွေအားလုံးက ညီညီညွတ်ညွတ်နဲ့ လက်တွဲသွားမှ ဖြစ်နိုင်တယ်ဆိုတာ အများက သိပါတယ်။ ဒီတော့ ကျွန်မတို့ကို တိုင်းရင်းသား လူမျိုးစုများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုတယ်ဆိုရင် နောင်ပြည်ထောင်စုအတွက်၊ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် အင်မတန်မှ အားရ၊ ဝမ်းသာစရာပါ။ အရင် ၂၆ နှစ်တာမှာ ပြည်ထောင်စုစိတ်ဓါတ်တွေ တော်တော်လေး ခေါင်းပါးသွားရပါတယ်။ ဒီလို ခေါင်းပါးသွားတဲ့ ပြည်ထောင်စုစိတ်ဓါတ်တွေ ပြန်ပြီးတော့ ရှင်သန်ဖို့၊ ပြန်ပြီးတော့ ဖွံ့ဖြိုးဖို့ဆိုပြီးတော့ ကျွန်မတို့ဟာ ပြည်ထောင်စုနေ့မှာ ပင်လုံကိုသွားပြီးတော့ ပင်လုံကျောက်တိုင်မှာ အဓိဋ္ဌာန်



ပြုခဲ့ပါတယ်။ အဲဒီလို အဓိဋ္ဌာန်ပြုရာမှာ ပင်လုံကျောက်တိုင်ကိုသွားပြီး အဓိဋ္ဌာန် ပြုခဲ့တဲ့ လူနည်းစုလေးကသာ မဟုတ်ပဲနဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးက ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက်၊ သာယာဝပြောရေးအတွက် ငါတို့ တတ်နိုင်တဲ့ဖက်က လုပ်မယ်ဆိုတဲ့ အဓိဋ္ဌာန်ပြုမှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် တိုင်းသူပြည်သားအားလုံးကို အားကိုးပါတယ်။ ပြည်ထောင်စုသားအားလုံးကို အားကိုးပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူရဲ့စနစ် ဖြစ်ပါတယ်။ ဒီတိုင်းပြည်မှာ တောင်သူလယ်သမား ကျေးလက်ပြည်သူလူထုဟာ တိုင်းပြည်ရဲ့ အများစုကြီးပဲ ဖြစ်ပါတယ်။ ဒီတော့ ကျေးလက်ပြည်သူတွေဟာ ကိုယ့်ကိုကိုယ် အထင်မသေး ကြပါနဲ့။ အားလုံးက ဒီမိုကရေစီ လှုပ်ရှားမှုထဲ ပါဝင်လှုပ်ရှားဖို့ လိုပါတယ်။ ကျွန်မတို့ကလည်း ကျေးလက်လူထုကြီးကို အားကိုးနေရတာပါ။

*ဖယ်ခုံမြို့မှ ရှမ်း၊ ကယား၊ ကယန်းတိုင်းရင်းသားများ၏ အတီးအမှုတ်၊ အက၊ အခုန် စုံလင်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြခြင်းသည် နှစ်ပေါင်း(၄၀) အတွင်း ဖယ်ခုံသို့ လာခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင် ပုဂ္ဂိုလ်များအနက် ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတည်းကိုသာ ပထမဦးဆုံးအကြိမ် ကြိုဆိုခြင်းဖြစ်ကြောင်း သိရှိရပါသည်။*

## ကလော

*ဖယ်ခုံမှ ထွက်ခွာလာခဲ့ပြီးနောက်တွင် ကယားပြည်နယ် နယ်နမိတ်သို့ ရောက်ရှိလာပါသည်။ ကယားပြည်နယ် စည်းရုံးရေးလုပ်ငန်းများ အဆင်ပြေစွာ ပြုလုပ်ပြီးနောက် ကလောမြို့သို့ပြန်လည်ရောက်ရှိပြီး ကလောလူထုနှင့် ဆွေးနွေးပါသည်။*

မေး။ ။ ‘မဝတ’နဲ့ မပြေလည်မှုရှိခဲ့သော် အဖွဲ့ချုပ်ကို တိုက်ရိုက် ထိခိုက်မှု ရှိနိုင်ပါသလား။

ဖြေ။ ။ ‘မဝတ’၊ ‘ရဝတ’များနဲ့ မပြေလည်တာဆိုတာ တတိုင်းပြည်လုံးမှာ ဖြစ်တတ်ပါတယ်။ အဲဒီတော့ ‘မဝတ’တို့၊ ‘ရဝတ’တို့နဲ့ မပြေလည်လို့ [illegible]တ်ခါတ်ကျတာတို့၊ စိုးရိမ်ကြောင့်ကြတာတို့ မဖြစ်ပါနဲ့။ ကျွန်မတို့အဖွဲ့ချုပ် အနေနဲ့ ‘မဝတ’တို့၊ ‘ရဝတ’တို့နဲ့ အဆင်မပြေဖြစ်လို့ရှိရင်၊ ပြဿနာဖြစ်လို့ရှိရင် တတ်နိုင်သမျှ ကူညီပေးပါတယ်။ အဲဒီတော့ ကျွန်မတို့ကို အကြောင်းကြား ကြပါ။ အဆင်မပြေတာကတော့ ဖြစ်ရိုးဖြစ်စဉ်ပါ။ ရှမ်းပြည်တောင်ပိုင်းတင် မဟုတ်ပါဘူး။

မေး။ ။ ‘တစည’သည် တခြားပါတီကို တိုက်ခိုက်ပြောဆို ပုတ်ခတ်နေခြင်းဖြင့် ကော်မရှင်၏စည်းကမ်းကို ဖောက်ဖျက်နေပါသည်။ ‘တစည’အတွက် အားကိုး၊ အားထားပြုနေသည့်အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ် တဦးတယောက် ရှိနေ၍ဖြစ်သည်ဟု ယူဆနိုင်ပါသလား၊ ယူဆနိုင်သည်ဆိုပါက ကန့်ကွက်မှုကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



အတွက် မြို့နယ်အလိုက် ဆောင်ရွက်ခွင့် ရှိပါသလား။ အဖွဲ့ချုပ်သို့ တင်... မည်လား။

ဖြေ။ ။ 'တစည'အနေနဲ့ပဲဖြစ်ဖြစ်၊ တခြားအဖွဲ့အစည်းတွေ အနေနဲ့ပဲဖြစ်... ကော်မရှင်ရဲ့ ဥပဒေတွေကို ဖောက်ဖျက်နေတယ်ဆိုရင် ဘယ်နေရာကပဲဖြစ်... ကန့်ကွက်စာများ တင်နိုင်ပါတယ်။ မြို့နယ်အဆင့်ကနေလည်း တိုက်... ကော်မရှင်ကို တင်နိုင်ပါတယ်။ ဒါပေမယ့် အကောင်းဆုံးကတော့ ... ကန့်ကွက်စာများတင်ရင် ဗဟိုကို မိတ္တူများပေးပါ။ အဲဒီတော့မှ ကျမ... ဗဟိုကလည်း ဝိုင်းဝန်းပြီးတော့ ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။

*၁၉၈၉ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက်နေ့တွင် စတင်ခဲ့သော အမျိုးသားဒီမိုက... အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်... စည်းရုံးရေး ခရီးစဉ်သည် ကလောလူထုနှင့် ဟောပြောဆွေးနွေးမှုများ ပြုလုပ်... ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် အောင်မြင်စွာ ပြီးဆုံးပါသည်။*

၄

# သတင်းစာရှင်းလင်းပွဲ(၁)

*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ယမှ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၅၄၊ ၅၆ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစည်းအဝေးခန်းမတွင် ၁၉၈၉ ခု ဖေဖော်ဝါရီလ ၂၃ရက်နေ့က ပြုလုပ်သည်။ ထိုသတင်းစာရှင်းလင်းပွဲ၌ပြောကြားသော ဒေါ်အောင်ဆန်း စုကြည်၏ အဖွင့်အမှာစကားမှာ အောက်ပါအတိုင်းဖြစ်သည်။*

ကျမတို့ အဓိကထားပြီး ပြောချင်တဲ့ကိစ္စကတော့ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်က ထုတ်လိုက်တဲ့ အချိန်ဇယားနဲ့ ပတ်သက်ပြီး ပြောချင်လို့ပါပဲ။ ဒီအချိန်ဇယားဟာ ပြန်ပြီးတော့ ကြည့်မယ် ဆိုရင် နောက် ဆယ့်လေးငါးလမှာမှ ရွေးကောက်ပွဲများ ဖြစ်မယ်ဆိုတဲ့သဘော သက်ရောက်နေပါတယ်။ တိုတိုပြောရမယ်ဆိုလို့ရှိရင် ပထမဦးဆုံးတော့ ဒီ ဆယ့်လေးငါးလဟာ အင်မတန် ကြာလွန်းတယ်လို့ ကျမတော့ ထင်ပါတယ်။ ဒီအချိန်ဇယားမှာ လုပ်မယ့်လုပ်ငန်းတွေ တကယ်ပဲ မြန်မြန်လုပ်ချင်တယ်ဆိုရင် ဒီအချိန်ကို ကိုးလ၊ ဆယ်လလောက်အထိ ကျုံ့လိုက်လို့ရမယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ ဒါက နံပါတ်တစ်။ နံပါတ်နှစ်အချက်ကတော့ တကယ် အရေးကြီးနေတာဟာ ရွေးကောက်ပွဲများ လုပ်ပေးမယ်ဆိုတာ ပြောတာတော့ ဟုတ်ပါပြီ။ ရွေးကောက်ပွဲများ ဘယ်တော့ လုပ်ပေးမယ်ဆိုတာ အချိန် သတ်မှတ်တာဟုတ်ပါပြီ။ ဒါပေမယ့် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ များ ဖြစ်ရေးအတွက် ဘယ်လိုအခြေအနေတွေ ဖန်တီးနေတယ်ဆိုတာကို ကျမတို့ မေးခွန်းထုတ်ဖို့ လိုမယ်ထင်ပါတယ်။

ကျမ ဒီလိုပြောရခြင်းအကြောင်းဟာ ကျမတို့စည်းရုံးရေးခရီးထွက်ခဲ့ကဲ့ အခါမှာ ဘာတွေတွေ့ခဲ့သလဲဆိုတော့ ပြည်သူလူထုရဲ့ အခြေခံ လူ့အခွင့်အရေး များဆိုတာ မရှိသလောက် ဖြစ်နေပါတယ်။ ဒီမိုကရေစီ အခွင့်အရေးများ ဆိုတာလည်း မရှိသလောက် ဖြစ်နေပါတယ်။ အဲဒီတော့ ဒီလို လူ့အခွင့်အရေး များ၊ ဒီမိုကရေစီ အခွင့်အရေးများ မရှိတဲ့အခြေအနေမှာ လွတ်လပ်ပြီး တရားမျှ တတဲ့ ရွေးကောက်ပွဲများ ဘယ်လိုဖန်တီးမလဲဆိုတာ မေးစရာ ဖြစ်နေပါတယ်။ အဲဒီတော့ အခုအချိန်မှာ ကျမတို့အဖွဲ့ချုပ်အနေနဲ့ အရေးအကြီးဆုံး ကင်တာကတော့ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ဖော်ထုတ် ရမယ်။ 'နဝတ'အနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ ဟာတကယ်ပဲ လုပ်ပေးမယ်ဆိုလို့ရှိရင် ဒီရွေးကောက်ပွဲတွေ ဖြစ်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေ စပြီး ဖန်တီးရပါမယ်။ ရွေးကောက်ပွဲဟာ ၄လမှ လုပ် ၁၄လ အကြာမှပဲလုပ်လုပ်၊ ဘယ်အချိန်လုပ်လုပ် အခြေခံ လူ့အခွင့်အရေး ဒီမိုကရေစီလွတ်လပ်ခွင့်များဆိုတာတော့ အခုအချိန်ကစပြီး ဖော်ထုတ်သင့် ကျမတို့ထင်ပါတယ်။

အခုနယ်တွေ၊ တချို့နေရာတွေမှာ ဘာတွေတွေ့ရသလဲဆို လူ့အခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများဟာ တနေ့ထက်တ ပိုပြီးတော့ မတိုးတက်တဲ့အပြင် တနေ့ထက်တနေ့ ပိုပြီးတော့ ဆုတ်ယုတ် တွေ့ရပါတယ်။ နယ်က ပြည်သူလူထုဆိုလို့ရှိရင် အခြိမ်းအခြောက် အမျ ခံနေရတယ်။ နောက်ပြီးတော့ အထူးသဖြင့် ဝန်ထမ်းတွေဟာ အမျိုးမျိုး ခံချက်တွေ လက်မှတ်ရေးထိုး နေရပါတယ်။ ဒီလို လက်မှတ်ထိုးခိုင်းတာ တရားဝင်မဟုတ်ဘူးလို့ ကျမတို့ ယူဆပါတယ်။ အထူးသဖြင့်ဆိုလို့ ကျမတို့ တနင်္သာရီတိုင်း သွားတုန်းကဆိုရင် ဒါ ကျမ ကြားခဲ့တာ မြိတ်မှာ ဆရာမများဟာ လစာသွားထုတ်တဲ့အခါကျတော့ ကျမကိုသွ မတွေ့ပါဘူး၊ လက်မပြပါဘူး၊ ပန်းမပေးပါဘူး၊ နှုတ်မဆက်ပါဘူး ခံဝန်ချက်တွေကို လက်မှတ်ထိုးပြီးတော့မှ လခထုတ်ပေးတယ်လို့ ကြ ရပါတယ်။ ဒီဟာကတော့ အင်မတန်မှ အဓိပ္ပါယ်မရှိတဲ့ ချုပ်ချယ်မှုတ ကျမကိုလာပြီး မကြိုရဘူးပြောလို့ စိတ်ဆိုးပြီးပြောနေတာ မဟုတ်ပါဘူး။ ပြောနေတာဟာ ဒီဟာဟာ အင်မတန်မှ လူ့အခွင့်အရေးကို ချိုးဖောက် ရောက်ပါတယ်။ ကျမကိုလာပြီးတော့ စကားပြောခြင်းအားဖြင့်၊ ကျမကိုလာ နှုတ်ဆက်ခြင်းအားဖြင့် ဘာမှဖြစ်တာ မဟုတ်ပါဘူး။ ဘယ်သူ့ကိုမှ ထိခိုက်တာမဟုတ်ပါဘူး။ ကန့်ကွက်ခြင်းကန့်ကွက်ရင် ကျမကသာကန့်ကွ ရှိပါတယ်။ ဒါပေမယ့် အခုလို ဒီဟာတွေမလုပ်မှ လခထုတ်ပေးမယ် ထိအောင်၊ လက်မှတ်ထိုးမှ လခထုတ်ပေးတယ်ဆိုတော့ လူ့အခွင့်အရေး ဘယ်လောက် ချိုးဖောက်နေတယ်ဆိုတာ သိသာပါတယ်။ ဒါဟာ ဥပမာတခုအနေနဲ့ ဖော်ပြတာပါ။

နောက်ပြီးတော့လည်း တနင်္သာရီတိုင်းမှာလည်း မွန်ပြည်နယ်မှာကဲ့ ကျမတို့ စည်းရုံးရေးခရီးပြီးတဲ့အခါကျတော့ စည်းရုံးရေးခရီးနဲ့ ပတ်သက် ဆိုပြီးတော့ ကျမတို့အဖွဲ့ချုပ်တာဝန်ခံများ(၁၃)ယောက်ကို ဖမ်းထားပါတ ဒီ(၁၃)ယောက်ကို ဖမ်းတာ မလွတ်သေးပါ။ မွန်ပြည်နယ်တုန်းက ဖမ်းတဲ့( ယောက်လည်း မလွတ်သေးပါဘူး။ ဧရာဝတီတိုင်းက (၃၄)ယောက် ဖမ်း ကိုတော့ ပြန်လွှတ်ပြီ။ ဒါပေမယ့်လည်း ဖမ်းထားတဲ့လူတွေကို အခုကျ ၁/၈၈နဲ့ စွဲချက်တင်မယ်လို့ သတင်းထွက်နေပါတယ်။ ဒီလို လုပ်လိုက် အားဖြင့် နောင်ရွေးကောက်ပွဲများ ဝင်ချင်ရင် မဝင်နိုင်အောင်လို့ဆိုတဲ့ သ မျိုးလည်း သက်ရောက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ရဲ့ အခွင့်အ များ၊ ဒီမိုကရေစီအခွင့်အရေးများဟာ တနေ့ထက်တနေ့ မတိုးတက်တဲ့အ ဆုတ်ယုတ်နေတယ်လို့ ကျမထင်ပါတယ်။

ကျမတို့ စည်းရုံးရေးခရီး ရှမ်းပြည်တောင်ပိုင်းရောက်တဲ့အခါကျ ဘာမြင်ရသလဲဆိုတော့ ' အဲဒီက ပြည်သူလူထုဟာ သိပ်ပြီး



ကြောက်နေတယ်။ ကြောက်နေအောင်လို့ ဘယ်လိုကို ခြောက်ထားမှန်း မသိဘူး။ မလှုပ်ရဲအောင်ကို ဖြစ်နေတယ်။ အဖွဲ့ချုပ်ထဲဖြစ်ဖြစ်၊ တခြား ဒီမိုကရေစီ အဖွဲ့အစည်းတွေထဲပဲဖြစ်ဖြစ် ဝင်လို့ရှိရင် ပေါ်တာဆွဲမယ်ဆိုပြီးတော့ ခြောက်ထားတာလည်း ရှိပါတယ်။ ဒါဟာ အင်မတန် ဆိုးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှမ်းပြည်တောင်ပိုင်းလို စစ်မြေပြင်နဲ့နီးတဲ့ နေရာမျိုးမှာ ပေါ်တာဆွဲမယ်ဆိုတာဟာ ရိုးရိုးသာမန် ရန်ကုန်မြို့မှာ ခြောက်တာလို မဟုတ်ပါဘူး။ အင်မတန်မှ နေ့ချင်း၊ ညချင်းဖြစ်နိုင်တဲ့ကိစ္စမို့လို့ ပြည်သူလူထုဟာ အင်မတန်မှ ကြောက်နေရပါတယ်။ နောက်ပြီးတော့လည်း တနင်္သာရီမှာဆိုရင် ပုလော မြို့နယ်မှာဆိုလို့ရှိရင်လည်း ပေါ်တာကြေး ပေးနေရပါတယ်။ 'ရဝတ'တို့၊ 'မဝတ' တို့ကို ပုလောမြို့နယ်မှာ လစဉ်၊ လစဉ် ပေါ်တာကြေးဆိုတာ ပေး နေရပါတယ်။ ဒီလိုမပေးလို့ရှိရင် ပေါ်တာဆွဲမယ်ဆိုပြီးတော့ ခြိမ်းခြောက် နေပါတယ်။ ဒီလိုကိစ္စတွေ တတိုင်းလုံး၊ တပြည်လုံးမှာ ဖြစ်နေတာဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်မြောက်ရေးအခြေအနေကို ဖန်တီးနေတယ်လို့ ကျမတို့ မဆိုနိုင်ပါဘူး။

အဲဒီတော့ အခုအချိန်မှာ ကျမတို့အဖွဲ့ချုပ်အနေနဲ့ အဓိက အရေးကြီးတဲ့အချက်က လူ့အခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများ၊ ဒီမို ကရေစီအခွင့်အရေးများ ဖော်ထုတ်ရေးပဲ။ ရွေးကောက်ပွဲအချိန်ဇယားဟာတော့ လျှော့သင့်တယ်လို့ ကျမတို့ထင်တယ်။ ပိုပြီးအရေးကြီးတာကတော့ ချက်ချင်း လက်ငင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပေးသင့်တယ်လို့ ထင်ပါတယ်။ ဒီအထဲမှာ ၂/၈၈ကို ပြပြီးတော့ ကျမတို့အဖွဲ့ချုပ်ဝင်တွေကို ဆွဲနေပါတယ်။ ဒီလိုဆွဲနေတဲ့အခါကျတော့လည်း (၅)ယောက်ထက်ပိုလို့ရှိရင် ၂/၈၈က ပေါက်ကျိုးသွားပြီ။ ကျမ စည်းရုံးရေးခရီးထွက်ရင် ၅ယောက်ထက်တော့ နည်းနည်း ပိုတတ်ပါတယ်။ အဲဒီတော့ ဒီလို ၅ယောက်ထက်ပိုတာနဲ့ပဲ ဆွဲလိုက်မယ်ဆိုရင်တော့ ကျမတို့အဖွဲ့ချုပ်ရဲ့လူတွေကို ဆွဲချင်သလောက်ဆွဲတဲ့ အခြေအနေကို ရောက်နေပါတယ်။

ကျမ ဥပမာတခုပေးချင်တာက တပ်ကုန်း။ တပ်ကုန်းမြို့မှာဆိုလို့ရှိရင် ကျမတို့ အရင် အောက်တိုဘာလတုန်းက စည်းရုံးရေးခရီးထွက်ပြီး အပြန်မှာ တပ်ကုန်းကို ဝင်မယ်ဆိုတဲ့ အစီအစဉ်လုပ်ခဲ့ပါတယ်။ တပ်ကုန်းမှာ ဝင်မယ် ဆိုတော့ တပ်ကုန်းမြို့ပြင်လည်းရောက်ရော ကားတစီးနဲ့စစ်သားများ ရောက်လာ ပါတယ်။ ရောက်လာပြီးတော့ 'မဝတ'ရဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးလှထွန်းကိုယ်တိုင် ရောက်လာပါတယ်။ မြို့ထဲမှာ မရပ်ပါနဲ့လို့ ပြောပါတယ်။ အဲဒီတော့ ကျမက ပြောပါတယ်။ မြို့ထဲမှာရပ်ချင်ပါတယ်။ မြို့ထဲမှလူထုက ကြောက်နေတယ် ဆိုလို့ ကျမက တမင်ရပ်ချင်ပါတယ်လို့ ရိုးရိုးသားသားပဲ ရှင်းပြပါတယ်။ ရှင်းပြတဲ့အခါကျတော့ ဗိုလ်မှူးလှထွန်းက ဘယ်လိုပြောသလဲဆိုတော့ ဘယ်သွား ချင်သလဲတဲ့။ ဘယ်မှသွားဖို့ နေရာလည်းမရှိဘူးတဲ့။ ဒီဆိုင်းဘုတ်တင်ဖို့ ဆိုတာလည်း ဆိုင်းဘုတ်တင်မယ့်သူတွေက တိုင်းမှာ အခွင့်မတောင်းသေးလို့၊ အခုထက်ထိ အခွင့်မကျသေးလို့၊ ဒါကြောင့်မို့ ဘယ်မှသွားစရာ နေရာမရှိဘူး ဆိုတော့၊ ကျမတို့ကလည်း တပ်ကုန်းမှာ ကျမတို့ရဲ့အဖွဲ့ချုပ်အနေနဲ့ ဘယ်မှာ

www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်ဆိုတာ မသိတော့ဘူး။ ဘယ်သွားရမှန်းလည်း မသိတော့ ကျမတို့လည်
မရပ်ပါဘူး။ သူတို့ပြောတဲ့အတိုင်းပဲ၊ ရပ်လို့မရအောင်လည်း သူတို့စစ်က
တွေနဲ့ ရှေ့နောက်ပိတ်ပြီး ခေါ်သွားပါတယ်။ လမ်းမှာတော့ ကျမတို့ပါတီ
ပြန်ကြားရေးအဖွဲ့ကလည်း ရှိတဲ့တာဝန်အတိုင်းပဲ စာရွက်စာတမ်းတွေ ကျ
ပါတယ်။ နောက် ကြားရတာကတော့ ကျမတို့ကို ဧည့်ခံဖို့ စီစဉ်နေတ
ပြင်ဆင်နေတဲ့အိမ်ကို သေနတ်တွေနဲ့ ခြိမ်းခြောက်ပြီးတော့ ဧည့်မခံရ
ဆိုပြီးတော့ ကြိုဆိုဖို့လုပ်ထားတဲ့ အစီအစဉ်တွေကို ဖျက်ခိုင်းတယ်၊ နောက်
တော့ ကျမတို့ ပြန်ကြားရေးကဖြန့်ခဲ့တဲ့ စာရွက်စာတမ်းတွေကို ကောက်
ဖတ်တဲ့ ပြည်သူလူထုကိုလည်း ခြိမ်းခြောက်ပြီး မဖတ်ရဘူး၊ ပြန်အပ်ရမ
ဆိုပြီးတော့ ပြောပါတယ်။

ဒီဟာကို ပြန်ပြီးတော့ကြည့်မယ်ဆိုရင် ဒါဟာ ၂/၈၈နဲ့ ဘယ်လို
မဆိုင်ပါဘူး။ သက်သက် ကျမတို့အဖွဲ့ချုပ်ရဲ့လုပ်ငန်း၊ ဒီမိုကရေစီလုပ်ငန်း
တိုက်ဖျက်နေရာကျတယ်လို့ ကျမတို့ သတ်မှတ်ပါတယ်။ ဒါနဲ့ ရှမ်းပြ
တောင်ပိုင်းက ပြန်လာခဲ့တဲ့ အခါမှာကျတော့ လမ်းမှာ တပ်ကုန်းမှာဝင်မယ်
ဆုံးဖြတ်ပြီး ဝင်ခဲ့ပါတယ်။ တပ်ကုန်းမှာ ကျမတို့ မရောက်ခင်က လျှော်
ကုန်းရွာမှာ ကျမတို့ မရောက်ခင်လေးမှာ သေနတ် သုံးချက် ဖောက်ပါတယ
သေနတ် သုံးချက် ဖောက်တဲ့အခါကျတော့ ကျမတို့အဖွဲ့ဝင်တယောက်
သေနတ်ဖောက်တာ ကြားတယ်၊ ဘာကြောင့်ပါလဲလို့မေးတော့ ရဲအရာရှိ
ရှင်းပြတာတော့ သေနတ်အသစ်တွေ ရောက်လာလို့ စမ်းတာပါလို့ ရှင်း
ပါတယ်။ အဲ့ဒီနောက် သေနတ်အသစ်တွေက ဘာသေနတ်တွေလဲလို့ မေးလို
တဲ့အခါကျတော့ ပွိုင့် 38 ဆိုတော့ ဒီသေနတ်အသစ်တွေက ရောက်တ
အင်မတန် နောက်ကျပါလားလို့ စဉ်းစားမိပါတယ်။ အဲ့ဒီလိုကိစ္စတွေကလည်
ဖြစ်ပါတယ်။ ဖြစ်ပြီးတော့လည်း တပ်ကုန်းကို ကျမတို့မလာခင် တရက်မ
လည်း ပြည်သူလူထုကို အမျိုးမျိုး ခြိမ်းခြောက်နေတယ်ဆိုတာ ကြားရတယ်။

ကျမတို့သွားတဲ့ မနက်မှာဆိုရင်လည်း တပ်ကုန်းက လမ်းတွေထဲမှ
သေနတ်ကိုင်ထားတဲ့ ရဲဘော်တွေ ချထားပါတယ်။ ချထားပြီးတော့ တချို့လမ်း
တွေမှာလည်း မဖြတ်ရဆိုတဲ့ ဆိုင်းဘုတ်တွေ တပ်ထားပါတယ်။ တပ်ထားတ
အခါကျတော့ ကျမတို့အနေနဲ့ကတော့ ဆင်းပြီးတော့ ဒီဆိုင်းဘုတ်နောက်မှ
ရပ်ပြီးစောင့်နေတဲ့ ပြည်သူလူထုကိုသွားပြီး နှုတ်ဆက်ပါတယ်။ နှုတ်ဆက်တော
ဒီပြည်သူလူထုက ကျမ နှုတ်ဆက်ပြီးတော့ လက်ခုပ်တီးချင်တယ်နဲ့တူပါတယ်
တယောက်၊ နှစ်ယောက်ကတော့ စပြီးတီးကြည့်တယ်။ တီးကြည့်ပေမယ့် မတီး
ရဘူးလို့ ပြောထားလားမသိဘူး။ သိပ်မတီးရဲကြဘူး၊ ကျမကလည်း ပြောလိုက်
တယ်။ လက်ခုပ်တီးချင်တဲ့လူတွေရှိရင်လည်း တီးကြပါ။ လက်ခုပ်မတီးရဘူး
ဆိုတဲ့ ဥပဒေ မရှိပါဘူးဆိုတော့ အားလုံးက ဝိုင်းတီးပါတယ်။ အဲ့ဒါ
တဖြည်းဖြည်း ပြည်သူလူထုကလည်း တမြို့လုံး ထွက်လာပါတယ်။ ထွက်လာ
တော့ ကျမတို့လည်း ပြောစရာရှိတာ ပြောပြီးတော့ ထွက်ခဲ့တာပေါ့လေ။
အခြေအနေကို ကြည့်ပြီးတော့ ကျမတို့ တပ်ကုန်းက ဒီမိုကရေစီရဲဘော်များက



၂/၈၈ဆိုပြီးတော့ ဖမ်းချင်လည်း ဖမ်းနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့
မြို့လုံးဆိုတော့လည်း ငါးယောက်ထက်လည်း များရင်များမှာပေါ့လေ။

ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဒီ ၂/၈၈ ချိုးဖောက်တယ်လို့ ဖြစ်ရခြင်းဟာ
ကျမတို့ဟာ ချိုးဖောက်ချင်လို့လည်း မဟုတ်ပါဘူး။ ပြည်သူလူထုရဲ့
ခွင့်အရေးများကို ကာကွယ်ရင်းနဲ့ ဖြစ်လာတဲ့ကိစ္စပါ။ ပြည်သူလူထုရဲ့ ရသင့်
ထိုက်တဲ့ အခွင့်အရေးများကို ကာကွယ်ရင်းနဲ့ ဖြစ်လာတဲ့ကိစ္စပါ။ တပ်ကုန်း
မှာဆိုရင် ပြည်သူလူထုကို ကြောက်အောင်လို့ ခြောက်ထားလွန်းလို့။ နောက်ပြီး
တော့ ‘မဝတ’ ဥက္ကဋ္ဌရဲ့ လုပ်ဆောင်ချက်များကိုလည်း ‘နဝတ’ကို တင်ပြပြီး
ပါပြီ။ ကန့်ကွက်ပြီးပါပြီ။ ကန့်ကွက်လျက်နဲ့လည်း ဘာမှ မဖြစ်ဘူးဆိုတာ
ကျမတို့ မြင်ရပါတယ်။ တချိန်တုန်းကဆိုလို့ရှိရင် တပ်ကုန်းမှာရှိတဲ့ ကျမတို့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ခံအားလုံးကို ဖမ်းထားလို့ ရုံးတောင်မှ
ပါးပိတ်ထားရတဲ့အထိ ရောက်ပါတယ်။ နောက်ပြီး လူငယ်များကို ပုဒ်မ
အမျိုးမျိုးတပ်လို့မရတဲ့အခါကျတော့ နွားခိုးမှုနဲ့ ဖမ်းတာလည်းရှိပါတယ်။ ဒီလို
အခြေအနေ ပြန်ဖြစ်နေတာကို သက်ဆိုင်ရာက အရေးယူမပေးဘူးဆိုလို့ရှိရင်
လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်မြောက်ရေးအတွက် ဘာ
မျှော်လင့်ချက်တွေရှိမလဲဆိုတာ အင်မတန်မှ မေးစရာဖြစ်နေပါတယ်။
ကြောင့်မို့လို့ ဒီသတင်းစာရှင်းလင်းပွဲ ခေါ်ရခြင်းအကြောင်းဟာ ကျမတို့
အနေနဲ့ ရွေးကောက်ပွဲ အချိန်ဇယားအပေါ်မှာ ဘယ်လိုစိတ်ထားသလဲဆိုရင်
ထမအားဖြင့် သိပ်ကြာလွန်းပါတယ်။ ဒုတိယအားဖြင့် ရွေးကောက်ပွဲ လုပ်ပေး
မယ်လို့ပြောတာနဲ့ မဖြစ်ပါဘူး။ ရွေးကောက်ပွဲများ ဖြစ်နိုင်မယ့် အခြေအနေကို
ဖန်တီးဖို့လိုပြီလို့ ကျမတို့ ထင်ပါတယ်။ ကျမတို့အဖွဲ့ချုပ်အနေနဲ့
တိုင်းတပြည်လုံးမှာ မြင်ရတဲ့အခြေအနေမှာ ပြည်သူလူထုဟာ တနေ့တခြား
ခွင့်ရေးများ ပိုဆုံးရှုံးလာတယ်လို့ ကျမတို့မြင်ရပါတယ်။ ဒီဆုံးရှုံးလာတဲ့
ခွင့်အရေးများကို မဆုံးရှုံးရအောင်လို့၊ ပိုပြီးရအောင်လို့ လုပ်ပေးဖို့ လိုတယ်လို့
ဖွဲ့ချုပ်အနေနဲ့ သဘောထားပါတယ်။ ကျမတို့ စည်းရုံးရေးခရီးနဲ့ပတ်သက်လို့၊
ကျမတို့အဖွဲ့ချုပ်ရဲ့လုပ်ငန်းတွေနဲ့ပတ်သက်လို့နောက်ဆုံးအခြေအနေ မေးချင်တာ
ရင်တော့ မေးကြပါ။ ကျမ ဖြေပါမယ်။

*တက်လက်၍ သတင်းစာဆရာများ၏ မေးမြန်းချက်များကို ဒေါ်အောင်ဆန်းစုကြည်က
အောက်ပါအတိုင်း ဖြေကြားပါသည်။*

မေး။ ။ လာမယ့် မတ်လ (၁) ရက်နေ့မှာ သက်ဆိုင်ရာက ပါတီများနဲ့
တွေ့ဆုံပြီးတော့ ရွေးကောက်ပွဲအတွက် ဆွေးနွေးမယ်ကြားပါတယ်။ ဒီလို
တွေ့ဆုံရာမှာ ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ဆွေးနွေးမလားဆိုတာ
သိပါရစေ။

ဖြေ။ ။ ဆွေးနွေးပါမယ်။ ကျမတို့က ဆွေးနွေးဖို့ အဆင်သင့်ပဲ။
တကယ်ဆိုလို့ရှိရင် ဆွေးနွေးတိုင်ပင်ပြီး လုပ်မယ်ဆိုလို့ရှိရင် ပြေလည်ရာ

www.burmeseclassic.com

www.burmeseclassic.com



ပြေလည်ကြောင်း ဖြစ်မယ်ထင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တခါတည်း ပြောရမယ်ဆိုရင် ကျမတို့ဟာ 'နဝတ'ကို စာတွေအစောင်စောင် ရေးရပါတယ်။ စာတွေအစောင်စောင် ရေးတယ်ဆိုတာ ဒီလိုပြည်သူလူထုရဲ့ ဒီမိုကရေစီ အခွင့်အရေးတွေနဲ့ပတ်သက်လို့၊ ကျမတို့ အဖွဲ့ချုပ် အခွင့်အရေးတွေနဲ့ ပတ်သက်လို့ဖြစ်ဖြစ်၊ မတော်မတရားကိစ္စတွေနဲ့ ပတ်သက်လို့ ရေးရတာ ဖြစ်ပါတယ်၊ ပြန်စာဆိုတာ မလာတတ်ပါဘူး။ အဲဒီတော့ ကျမတို့အနေနဲ့ ဆွေးနွေးသင့်တယ်၊ တိုင်ပင်သင့်တယ်ဆိုတာ ယုံကြည်ပါတယ်။ ပြန်စာဆိုတာ လည်း လာသင့်တယ်လို့ ယုံကြည်ပါတယ်။ ဥပမာအားဖြင့် ဆိုလို့ရှိရင် ဒီနေရာမှာဖြင့် ရသင့်ရထိုက်တဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို ချိုးဖောက် နေပါတယ်လို့ ကန့်ကွက်စာ တင်ပြလိုက်တဲ့အခါကျရင် 'နဝတ'ဘက်က ဒီလို အရေးယူထားပါတယ်၊ ဒါမှမဟုတ် ဒီလို သုံးသပ်ပါတယ်ဆိုတဲ့ အဖြေမျိုး ပြန်ရောက်မယ်ဆိုရင် နှစ်ဦးနှစ်ဖက်စလုံးအတွက် လုပ်ရတာ ပိုပြီးလွယ်မယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ Dialogue ဆိုတာ ရှိသင့်ပါတယ်။ ဒီ ရွေးကောက်ပွဲ စည်းကမ်းများကို ဆွေးနွေးဖို့ ခေါ်မယ်ဆိုရင် ကျမတို့ သွားပါမယ်။ ဒါဟာလည်း ဆွေးနွေးသင့်တဲ့ ကိစ္စပါ။

**မေး။** ။ အရင်တခါ သတင်းစာရှင်းလင်းပွဲမှာ လက်ရှိနိုင်ငံရေးအခြေအနေကို Overcast လို့ဆိုခဲ့ပါတယ်။ အခုအချိန်ကိုရော ဘယ်လိုဆိုပါမလဲ။

**ဖြေ။** ။ Overcast, threatening rain လို့ပြောရမလားမသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာဆိုလို့ရှိရင် မကျေနပ်မှုတွေကလည်း များလာ ပါတယ်။ မကျေနပ်မှုတွေ များလာတယ်ဆိုရာမှာ ဒီလိုအခွင့်အရေးတွေကို ချိုးဖောက်နေလို့ပါ။ နောက်ပြီးတော့လည်း မတ်လမှာဆိုလို့ရှိရင်လည်း အရေး အခင်းများရဲ့ နှစ်ပတ်လည်လည်းဖြစ်တယ်။ နှစ်ပတ်လည်ဖြစ်တဲ့အခါကျတော့ ကျောင်းသားလူငယ်များရဲ့ စိတ်ထဲမှာတော့ လှုပ်လှုပ်ရှားရှား ဖြစ်နေတယ် ဆိုတာကတော့ ဒါလည်း သဘာဝကျပါတယ်။ ဒီလိုပဲ ဖြစ်နေမှာပဲလို့ ယုံကြည် ပါတယ်။ ဖြစ်နေတယ်လို့လည်း ကြားရပါတယ်။ နောက်ပြီးတော့လည်း အခုအချိန်မှာ ရွေးကောက်ပွဲဖယားကို ကြေညာလိုက်တဲ့ အခါကျတော့ တချို့ ကလည်း ဒီဟာကို ရှည်လွန်းတယ်၊ ဆွဲလွန်းတယ်ဆိုပြီးတော့ မကျေနပ်တဲ့ အသံတွေ ထွက်လာပါတယ်။ အဲဒီတော့ ကျမတို့အနေနဲ့ ဒီ overcast threatening rain ဆိုတာ မိုးလေဝသကို ပိုမိုကောင်းမွန်ရေးအတွက် လူ့အခွင့်အရေးများကို ချက်ခြင်း စပြီးတော့ စဉ်းစားသင့်ပြီလို့ ကျမ ထင်ပါတယ်။

**မေး။** ။ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ကန့်ကွက်စာပေးတဲ့အခါ သက်ဆိုင်ရာက အမေရိကန်နိုင်ငံကိုပြန်လည်ဖြေကြားခဲ့ပါတယ်။ အမျိုးသားရေး ကို ဦးစားပေးနေရတဲ့အချိန်မှာ လူ့အခွင့်အရေးကို ဦးစားမပေးနိုင်ဘူးဆိုပြီးတော့ ဖြေတာကို ဘယ်လိုသဘောရပါသလဲ။

**ဖြေ။** ။ ကျမတို့ National Cause ဟာ ဘာလဲဆိုတာ မေးစရာပဲ။ အမျိုးသားရေးဆိုတာ ဘာလဲ။ အခု ကျမပြောနေတဲ့ အမျိုးသားရေးဆိုတာ ဒီမိုကရေစီရေးပဲ။ ဒီမိုကရေစီရရှိရေးအတွက် ဘာလိုသလဲ။ လူ့အခွင့်အရေးများ လိုတယ်။ ကျမ စည်းရုံးရေးခရီး ထွက်တဲ့အခါတိုင်းမှာ အတော်များများက မေးကြတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဆိုတာ အခြေခံလူ့အခွင့်အရေးများကို အာမခံတဲ့စနစ်လို့ ယုံကြည်တယ်လို့ ကျမ ဖြေပါတယ်။ ဒါဟာလည်း ကျမ ယုံကြည်ချက် အမှန်ပါဘဲ။ ဒီမိုကရေစီဆိုတာဟာ ဘယ်နိုင်ငံမဆို သူတို့ရဲ့ နိုင်ငံရေးစနစ်ကို ဒီမိုကရေစီဆိုပြီး၊ နာမည်တပ်ထားလို့တော့ ရပါတယ်။ ဒါပေမယ့် စစ်မှန်တဲ့ဒီမိုကရေစီဟုတ်လား၊ မဟုတ်လားဆိုတာဟာ လူ့အခွင့် အရေးများ ပြည့်ပြည့်စုံစုံ ခံစားနိုင်သလား၊ မခံစားနိုင်သလား ဆိုတာအပေါ် မူတည်ပါတယ်။ အဲဒီတော့ National Cause မို့လို့ လူ့အခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးများကို မစဉ်းစားနိုင်ဘူးဆိုတာဟာ National Cause ဟာ ဘာလဲဆိုတာ စဉ်းစားစရာဖြစ်သွားပြီ။ အမျိုးသားရေးဟာ ဘာအမျိုးသားရေးကို ပြောနေတာလဲ။ အဲဒီတော့ ဒီတိုင်းပြည်ကို တည်တဲ့ခိုင်မြဲအောင်လုပ်ဖို့ တာဝန် ရှိရင် ပထမဦးဆုံးအားဖြင့် ဒီ Disturbances ဘာကြောင့် ဖြစ်လာတယ်ဆိုတာ ကြည့်ရမှာဘဲ။ ဒါ ဘာကြောင့် ဖြစ်လာသလဲဆိုတာ ကျမတို့ အမြင်တော့ အခြေခံလူ့အခွင့်အရေးနဲ့ဆိုင်တာပဲ။ အခြေခံလူ့အခွင့်အရေး မရခဲ့လို့ ပြည်သူ လူထုက မကျေမနပ်ဖြစ်ပြီးတော့ အုံကြွခဲ့လို့ ဒီလိုပြဿနာတွေ ဖြစ်ခဲ့တယ်။ ဒါတော့ ဒီပြဿနာတွေ ပြေလည်ဖို့အတွက် ပြည်သူလူထုအုံကြွခဲ့တဲ့ အကြောင်း ရင်းကို ရှာရမယ်၊ ဒီအကြောင်းရင်းက အခြေခံ လူ့အခွင့်အရေး မရှိခဲ့လို့။ မရှိခဲ့တဲ့ လူ့အခွင့်အရေးကို အပြီးပေးရမှာပဲ။ ဒီလို ပေးရပြီဆိုလို့ရှိရင် အခြေ အနေကို ထိန်းသွားဖို့ အများကြီး လွယ်ပါလိမ့်မယ်။

**မေး။** ။ နိုင်ငံခြား အကူအညီတွေနဲ့ ပတ်သက်လို့ မကြာခင်က ဂျပန်နိုင်ငံက ရပ်ထားရာက ပြန်ပေးဖို့ရှိတယ် ကြားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လို မြင်ပါသလဲ။

**ဖြေ။** ။ Aid ကို ပြန်ပြီးတော့ ပေးတာဟာ ဘယ်လိုအကြောင်းကြောင့် ပေးတာလဲဆိုတာ၊ ပထမတုန်းက ဘယ်လို အကြောင်းကြောင်းကြောင့် ရပ်ထား ခဲ့တယ်ဆိုတာ ပြန်ပြီးတော့ မေးဖို့လိုပါတယ်။ တချို့တိုင်းပြည်များက ရပ်ထား တာဟာ ရည်ရွယ်ချက်ကတော့ ဒီပြည်သူလူထုရဲ့ အခွင့်အရေးများကို ချိုးဖောက်နေလို့၊ ဒီမိုကရေစီ အခွင့်အရေးမရလို့၊ ဒီမိုကရေစီ လှုပ်ရှားမှုမှာ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်ခဲ့လို့ ရပ်ထားတယ်လို့ ကျမတို့ နားလည် ပါတယ်။ အဲဒီတော့ အခု Aid များ ပြန်ပြီးတော့ပေးမယ်ဆိုတာ ရွေးကောက်ပွဲ လုပ်ပေးမယ်ပြောရုံနဲ့၊ ရွေးကောက်ပွဲအချိန် သတ်မှတ်ရုံနဲ့ ပေးတယ်ဆိုတာဟာ ဒီလိုအချိန်သတ်မှတ်ရုံနဲ့ ဒီမိုကရေစီပေးမယ်ဆိုတာ လက်ခံတဲ့ သဘောထား ထွက်ပါတယ်။ ကျမ စောစောက ပြောခဲ့တဲ့အတိုင်းပဲ ကျမတို့အနေနဲ့ ဒီမိုကရေစီပေးမယ်ဆိုတာဟာ ရွေးကောက်ပွဲအချိန် သတ်မှတ်တာနဲ့မဆိုင်ပါဘူး။ လူ့အခွင့်အရေးပေးတယ်ဆိုတာနဲ့ ဆိုင်ပါတယ်။ ဒီအခွင့်အရေးတွေကိုပေးမှ တကယ်ပဲ ဒီမိုကရေစီပေးဖို့ ရည်ရွယ်ချက်ရှိတာပါ၊ တကယ်ပဲ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ လုပ်ပေးဖို့ ရည်ရွယ်ချက်ရှိတယ်လို့၊ ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com

နိုင်တယ်လို့ ထင်ပါတယ်။ ကျမအနေနဲ့တော့ Aid ပေးတဲ့နိုင်ငံများဟာ Ai ပေးတာဟာ ပြည်သူလူထုကို ဒီမိုကရေစီ အခွင့်အရေးတွေ ပေးမှာဆိုတာ သေချာလို့ပေးတယ်လို့ ပြောလို့ရှိရင်တော့ ဒီအခွင့်အရေးတွေ မပေးမခြင်းတော သေချာတယ်လို့ မတွက်နိုင်သေးဘူးလို့ ထင်ပါတယ်။ ကျမတို့အနေ နောက်တက်တဲ့အစိုးရက ဒီလို Aid ပေးတဲ့နိုင်ငံတွေအပေါ် ဘယ်လ သဘောထားသလဲလို့ ပြောဖို့ဆိုရင်တော့ နောက်တက်တဲ့အစိုးရဟာ ဘယ်လ အစိုးရလဲဆိုတာ ကျမတို့ မသိပါဘူး။ အဲ့ဒီတော့ နောက်တက်တဲ့ အစိုး အတွက်တော့ မပြောနိုင်ပါဘူး။ သူတို့ ဘယ်လိုသဘောထားလဲဆိုတာ မသိနိုင်ပါဘူး။ ကျမတို့အနေနဲ့ကတော့ အခြေခံလူ့အခွင့်အရေးများက စီးပွားရေးအမြတ်ထက် ပိုပြီး အရေးထားသင့်ပါတယ်လို့။ "Human righ should be more important than economic considerations" လို့။ ကျ ဒီအတိုင်းပဲ ရပ်တည်ပါတယ်။

**မေး။** ။ တခြားပါတီခေါင်းဆောင်တွေ ခရီးထွက်ရင်ရော အခက်အ ရှိတယ်လို့ သိရပါသလား။

**ဖြေ။** ။ တခြားပါတီခေါင်းဆောင်တွေက ကျမတို့လောက် ကျယ်ကျယ ပြန့်ပြန့် ရောက်တယ်လို့မထင်ပါဘူး။ တခြားပါတီခေါင်းဆောင်တွေ စည်း ရေးသွားရင် အနှောင့်အယှက်ပေးတယ်လို့ မကြားဘူးဆိုတာမှာ တခြား ပါ ခေါင်းဆောင်တွေ ဘယ်စည်းရုံးရေးခရီးထွက်တယ်ဆိုတာလဲ မသိရပါဘူး။ ကျ ထင်တာကတော့ စည်းရုံးရေးခရီး ထွက်တဲ့အခါကျရင် ပြည်သူလူထုက ထောက်ခံမှု အားများတယ်ဆိုလို့ရှိရင် နှောင့်ယှက်မှာပဲလို့ ကျမ ထင်တယ 'တစည'က လွဲလို့ပေါ့လေ။ 'တစည' စည်းရုံးရေး ခရီးထွက်ရင်တော ငါးယောက်နဲ့ ပြီးနိုင်ပါတယ်။ ငါးယောက်နဲ့ ပြီးနိုင်တဲ့ ကိစ္စဆိုတော့ ၂/၈ ကလည်း အကျုံးမဝင်ဘူး ဖြစ်သွားပါမယ်။

**မေး။** ။ ရွေးကောက်ပွဲဖယားမှာ မဲဆွယ်ခွင့်ကာလ သုံးလဆိုတာ နည်းသလာ များပါသလား။

**ဖြေ။** ။ မဲဆွယ်ခွင့်ကာလ သုံးလဆိုတာ နည်းတာပေါ့။ ဘာအဓိပ္ပါယ် မဲဆွယ်ခွင့်ကာလဆိုတာ ဘယ်လိုသဘောထားနဲ့ ပြောတာလဲဆိုတာ နားမလည ဘူး။ မဲဆွယ်ခွင့်ကာလဆိုတာ ဘယ့်နှယ့် သုံးလတည်းနဲ့ ဖြစ်နိုင်မလဲ။ တကယ ဆိုလို့ရှိရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ဖို့ဆိုတာ မဲဆွယ်တယ်ဆိုတာ နှစ်ဖက်ရှိပါတယ်။ တချို့က မဲဆွယ်တယ်ဆိုတာဟ အဖွဲ့အစည်းများက ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် Campaig လုပ်တယ်လို့ မြင်ပါတယ်။ တကယ်အရေးကြီးတာက Campaign လုပ်တယ ဆိုတာက ပြည်သူလူထုအနေနဲ့ ရွေးကောက်ပွဲဝင်မယ့် အဖွဲ့အစည်းတွေ သုံးသပ်ဖို့ ရွေးကောက်ပွဲဝင်မယ့် ပုဂ္ဂိုလ်တွေဟာ ဘယ်လိုလူမျိုး၊ လူစားမျိုး ဆိုတာ သုံးသပ်ဖို့ဆိုတာ သုံးလနဲ့တော့ မဖြစ်နိုင်ဘူး ထင်ပါတယ်။ အဲ့ဒီတေ နှစ်ဖက်စလုံးကနေ ကြည့်လို့ရှိရင် သုံးလဆိုတာဟာ ဒီလိုအရေးကြီး



ကောက်ပွဲတခုအတွက် လုံလောက်တဲ့ အချိန်ကာလ မဟုတ်ပါဘူး။ တန်မှ တိုတောင်းပါတယ်။ မဲဆွယ်ခွင့် အခုချက်ခြင်းပေးလို့ရှိရင်တောင်မှ ဆိုတော့ လောက်တယ် ပြောရမလားမသိဘူး။ ဒီမိုကရေစီနိုင်ငံတွေမှာ ရှိရင် Campaign ဆိုတာ ရွေးကောက်ပွဲအတွက် Election Campaign သပ် မဟုတ်လို့ရှိရင်တော့ Political Campaign သဘောမျိုးတော့ လုံးရှိနေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပါတီများဟာ၊ နိုင်ငံရေးပါတီများ မိတို့ရဲ့ သဘောထားပေါ်လစီများ၊ လုပ်ကိုင်ချက်များကို တတိုင်းပြည်လုံး ာင် လွတ်လွတ်လပ်လပ် လုပ်နေနိုင်တယ်။ အဲ့ဒီတော့ ဒီပါတီထဲမှာပါတဲ့ င်းဆောင်များ၊ ပုဂ္ဂိုလ်များရဲ့ လုပ်ပုံကိုင်ပုံ လုပ်ရည်ကိုင်ရည်ကို တတိုင်း လုံးက တချိန်လုံး သုံးသပ်နေ နိုင်တာပါပဲ။ ဥပမာအားဖြင့် ကောက်ပွဲကြားထဲမှ ငါးနှစ်ဆိုပါတော့၊ ဒီငါးနှစ်လုံးလုံးလည်း သုံးသပ် ပါတယ်။ ဒီပါတီတွေဟာ အခြေအနေ ဘယ်လိုရှိတယ်၊ အခြေအနေက လိုပြောင်းနေတယ်။ Election Campaign ဆိုတာဟာ ရွေးကောက်ပွဲ ါနီးမှ ဘယ်သူတွေ အရွေးခံမလဲဆိုတာ သတ်မှတ်ပြီးတော့ ဒီလူတွေ က် လိုက်လုပ်တာပါ။ အဲ့ဒီလို လုပ်လိုက်တဲ့အခါကျတော့ ပြည်သူလူထု ဒီလူတွေကို သုံးသပ်ဖို့ အခြေခံက ရှိပြီးသား၊ ကျမတို့မှာ အခြေခံက ုံးမရှိဘူး။ အခြေခံက လုံးလုံးမရှိလို့ ရနိုင်သလောက်အချိန်လိုပါတယ်။ တို့အတွက် အချိန်ဆိုတာ ၁၅လဆိုတာလည်း မများလွန်းပါဘူး။ တော့ ၁၄လတို့၊ ၃လတို့ဆိုတာ မပြောနဲ့၊ အခု ၁၄-၁၅လစလုံး ယ်ဆိုတာတောင် ဒီအချိန်ဟာ မများလွန်းပါဘူး။ ကျမတို့ဟာ Election က် ၁၄လဆိုတာ များလွန်းလှပါတယ်ဆိုတာ ရွေးကောက်ပွဲ လုပ်ဖို့ဆိုရင် လွန်းလှပါတယ်။ Campaign လုပ်ဖို့အတွက်ဆို တိုလွန်းတယ်။ ဒါပေမယ့် mpaign ပြဿနာဟာ ကျမတို့ပြဿနာပ ။ ဒါ ကျမတို့ ရင်ဆိုင်မှာပါ။ ကောက်ပွဲကို ခြောက်လနဲ့လုပ်ပေးမယ်ဆိုရင်လည်း ခြောက်လအတွင်း တို့ဖက်က ခြောက်လနဲ့ အဆင်သင့်ဖြစ်အောင်လုပ်ရမှာပါ။ ကျမ ပြောချင် ကတော့ Campaign လုပ်ဖို့အတွက် ချက်ခြင်းလက်ငင်း ခွင့်ပြုချက် မယ်၊ ရနိုင်သလောက် အချိန်ရရမယ်၊ အဲ့ဒီတော့ တဖက်မှာလည်း ကောက်ပွဲများကို ရှေ့ကိုရွှေ့ပေးရမယ်၊ တချိန်တည်းမှာလည်း ကျမတို့ရဲ့ တ်လပ်စွာလုပ်ပိုင်ခွင့်ကို ချက်ခြင်းပေးရမယ်။

သတင်းစာဆရာတွေရှိတုန်း ကျမပြောချင်တာက ကျမတို့ သတင်း တ်လပ်ခွင့် လိုပါတယ်။ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ဆိုရင် သတင်း တ်လပ်ခွင့်လိုတယ်။ လွတ်လပ်စွာ ရေးသားပိုင်ခွင့်လိုတယ်။ ကျမတို့အဖွဲ့ချုပ် နဲ့ သတင်းစာထုတ်ခွင့်တောင်းပါတယ်။ မရပါဘူး။ 'တစည'တောင်မှ ဆိုတာ ကြားရပါတယ်။ ဒါပေမယ့် 'တစည'က လုပ်သားပြည်သူ့နေ့စဉ် တော့ သတင်းစာသပ်သပ် လိုသလားဆိုတာလည်း မေးခွန်းထုတ်စရာ ရှိနေ ပါတယ်။ ကျမတို့အနေနဲ့တော့ သတင်းစာတခု သပ်သပ်ဟာ လိုနေပါတယ်။ ားပြည်သူ့နေ့စဉ်တို့၊ မြန်မာ့အလင်းတို့ကနေပြီးတော့ သတင်းဆောင်းပါး ာတွေဆိုလို့ရှိရင် သတင်းလွှင့်ပုံတွေဟာ ဘက်လိုက်သတ်နိုင်ဟာပါလို့

www.burmeseclassic.com



ကျမတို့မြင်ပါတယ်။ အဲဒီလို တဖက်သတ်နိုင်လို့ရှိရင် လွတ်လပ်ပြီး တ တတဲ့ ရွေးကောက်ပွဲများဆိုတာ ဘယ်လိုဖြစ်နိုင်မလဲဆိုတာ မေး ဖြစ်နေပါတယ်။ အဲဒီတော့ သတင်းလွတ်လပ်ခွင့်ကိုတော့ အမြန်ဆုံး လိုတယ်၊ သတင်းစာထုတ်ဝေခွင့်တော့ အမြန်ဆုံးပေးဖို့ လိုတယ်လို့ ကျ ထင်ပါတယ်။' ၂/၈၈တို့၊ ၈/၈၈တို့ ပြောလိုက်တဲ့အခါကျလို့ရှိရင် သောင်းကျန်းမှု ဖြစ်မှာစိုးလို့၊ ရုန်းရင်းဆန်ခတ် ဖြစ်မှာစိုးလို့ဆိုပြီး ပြောပါတယ်။' သတင်းစာတခုခု ထုတ်ခြင်းအားဖြင့်တော့ ဆူပူသောင်း မှုတို့၊ ရုန်းရင်းဆန်ခတ်ဖြစ်မှုတို့ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ ကျ အဖွဲ့ချုပ်က ထုတ်လိုက်တဲ့သတင်းစာကို စိတ်ဝင်စားလွန်းလို့ လူငါး လောက် စုစုပြီး ဝယ်မယ်ဆိုရင်တော့ မပြောနိုင်ဘူးပေါ့လေ။ ဒါပေ ဒီလောက်ထိဖအောင်လည်း မဖြစ်နိုင်ဘူးတော့ ထင်ပါတယ်။ ချက် အမြန်ဆုံးတော့ သတင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ရေးသားပိုင်ခွင့် ပေးသင့်ပြီလို့ ကျမတို့ထင်ပါတယ်။ တရား မျှမျှတတ လုပ်ဖို့ဆိုတာ နှစ်ဖက်ရဲ့အမြင်ကို ပြည်သူလူထုကနေပြီးတော့ တန်းတူညီတူကြည့်ဖို့ အရေးရှိဖို့ လိုပါတယ်။ အခုကျတော့ ကျမတို့ရဲ့အမြင်ကို ကျမ စည်းရုံးရေးတာဝန်ခံတွေဟာ ကျမတို့ရောက်မှ၊ တွေ့မှ၊ ပြောနိုင်မှ ကျမ လက်ကမ်းစာစောင်တွေ ပြည်သူလူထုလက်ထဲရောက်မှ သူတို့ သိရပါ ဒီကိစ္စနဲ့ပတ်သက်လို့လည်း ကျမတို့ရဲ့ လက်ကမ်းစာစောင်တို့၊ ဗွီဒီ ထုတ်ဝေခွင့်တွေကိုလည်း ပိုပြီး ချုပ်ချယ်လာပါတယ်။ ဒါ့ကြောင့် ကျ ပြောတာပါ။ ဒီအခွင့်အရေးများဟာ တနေ့ထက်တနေ့ ပိုပြီးတော့ မရတဲ့ ပိုပြီးတော့ ဆုတ်ယုတ်လာတဲ့ သဘောမျိုးရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီကိ အင်မတန်မှ အလေးထားပြီးတော့ စဉ်းစားနေရပါတယ်။ ရွေးကောက် လုပ်ပေးမယ်ပြောတဲ့ကတိကို ယုံဖို့ဆိုရင် ဒီအခွင့်အရေးများကိုပေးပါ။ ချက် လက်ငင်းပဲပေးပါ။ ကျမတို့အတွက် အရေးကြီးဆုံးဟာ ဒီအခွင့်အရေးများ

**မေး။** ။ အရင်တခါ သတင်းစာရှင်းလင်းပွဲ၊ ရောဝတီတိုင်းခရီး အပြီးတ ရှင်းလင်းပွဲမှာ ရွေးကောက်ပွဲ မဖြစ်နိုင်ဘူးလို့ သုံးသပ်ခဲ့ပါတယ်။ အ ဘယ်လို သုံးသပ်ပါသလဲ။

**ဖြေ။** ။ ဒီအတိုင်း လုပ်မယ်ဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ပြောနေတာပါ။ အခွင့်အရေးများဟာ တနေ့ထက်တနေ့ ပိုပြီးမရတဲ့ ပိုပြီးတော့ ဆုတ်ယုတ်သွားနေမယ်ဆိုရင်၊ ဒီအတိုင်းပဲ ဆက်လုပ်နေမယ် ဘယ်လိုလုပ်ပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်နိုင်ပါ ရွေးကောက်ပွဲဆိုတာတော့ ကျမ အမြဲပဲပြောပါတယ်။ မဲရုံထောင်ပြီး ထောင်လိုက်ရင်တော့ ရွေးကောက်ပွဲ ဖြစ်လာတာပေါ့။ ဒါပေမယ့် ကျ လိုချင်တာက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲပါ။ ဖြစ်ကတတ် ရွေးကောက်ပွဲ မဟုတ်ပါဘူး။

**မေး။** ။ မတ်လ (၁) ရက်နေ့နောက်ပိုင်းမှာ ပါတီတွေနဲ့ အစိုးရ ‌ေ လုပ်ဖြစ်ရင် အခြေအနေများ ထူးလာနိုင်မလား။

**ဖြေ။** ။ ပြောင်းသွားလာနိုင်မလားလို့တော့ ကျမ အတိအကျ မပြောနိုင် ဘူးလေ။ ကြားရမှာပေါ့လေ။ ကျမတို့ ဘယ်လိုဆွေးနွေးမှာလဲ၊ ဆွေးနွေးမှာက ရွေးကောက်ပွဲ စည်းမျဉ်းတွေထဲမှာ ဘယ်လိုပါလဲဆိုတာ ဆွေးနွေးမယ်၊ စည်းမျဉ်းတွေထဲမှာ Campaign ကိစ္စနဲ့ပတ်သက်လို့၊ ဒီမိုကရေစီ အခွင့်အရေး တွေနဲ့ပတ်သက်လို့ ပါချင်မှလည်းပါမယ်၊ ကျမ မသိဘူး။ စည်းမျဉ်းတွေဟာ ဘယ်လိုလူမျိုးဟာ ရွေးကောက်ပွဲဝင်နိုင်တယ်၊ ဘယ်လိုလူမျိုးဟာ မဲထည့် နိုင်တယ်၊ ဒါတွေနဲ့ ပတ်သက်လို့လား၊ ဒီမဲကို ရွေးတဲ့အခါကျ ဘယ်လို ရွေးမလဲ၊ မဲပုံးကို ဘယ်နေရာထောင်မယ် စသည်ဖြင့် ဒီဟာတွေနဲ့ပတ်သက်လို့ပဲ ဖြစ်မှာလား၊ ရွေးကောက်ပွဲ ဖြစ်မြောက်ဖို့အတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေး တွေပါထည့်ပြီး ဆွေးနွေးမှာလားဆိုတာ ကျမတို့ မတ်လ ၁ ရက်မှ သိရမှာပါ။

**မေး။** ။ အဖမ်းခံရသူများစာရင်း ရနိုင်ပါမလား။

**ဖြေ။** ။ ရပါမယ်။ စာရင်းပြုစုပေးပါမယ်။ မွန်ပြည်နယ်မှာ ၁၃ ယောက်၊ တနင်္သာရီတိုင်းမှာ ၁၃ ယောက်တော့ မလွတ်သေးပါဘူး။ ဧရာဝတီက ၃၄ ယောက်တော့ လွတ်ပါပြီ။ ဒါပေမယ့် ပုဒ်မ ၁/၈၈နဲ့ ရုံးတင်မယ် ကြားပါ တယ်။ ဒါ့အပြင် မအူပင် လူ့ဘောင်သစ်က လူငယ်တွေ မလွတ်သေးဘူး ထင်ပါတယ်။ မအူပင်မြို့က အဖမ်းခံထားရတဲ့လူတွေကို မလွတ်ပေးတဲ့အပြင် အာမခံ ရမယ့် အမှုဖြစ်လျက်နဲ့ 'မဝတ'က ကန့်ကွက်တဲ့အတွက် အာမခံ မရကြောင်း သိရပါတယ်။

**မေး။** ။ ခရီးထွက်ဖို့ ရှိပါသေးသလား။

**ဖြေ။** ။ နောက်တလလောက်တော့ ဘယ်မှ အစီအစဉ် မရှိသေးပါဘူး။

**မေး။** ။ ဧရာဝတီလောက် အခြေအနေတော့ ဘယ်မှာမှ မဆိုးသေးဘူး ထင်ပါတယ်။

**ဖြေ။** ။ ဧရာဝတီလောက် အခြေအနေ ဘယ်မှာမှ မဆိုးပါဘူး။ တပ်ကုန်းမှာ တော့ ဧရာဝတီမှာလိုပဲ၊ ရဲဘော်တွေ သေနတ်ကိုင်ပြီးတော့တွေ့ရတာ တပ်ကုန်း တနေရာမှာပါပဲ။ ရှမ်းပြည်တောင်ပိုင်းမှာတော့၊ ဒါ ကောလဟာလလားတော့ မသိပါဘူး။ ဧရာဝတီနဲ့ ပြောင်းပြန်ဖြစ်နေပါတယ်။ ဧရာဝတီမှာ ပြည်သူလူထု တယောက်မှ မထွက်ရဘူး။ တပ်ကပဲ ထွက်ရတယ်။ ရှမ်းပြည်တောင်ပိုင်း မှာတော့ ကျမကြားတာပဲ၊ ကျမသွားတုန်းက တပ်ကသူ တယောက်မှ မထွက်ရဘူးဆိုတဲ့ အမိန့်ထုတ်ထားတယ် ပြောတာပဲ။ ဟုတ်လားတော့ မသိဘူး။ အားလုံးရေလိုက်မှ တပ်သား ၂၀၊ ၃၀လောက်ပဲ ကားတစီးနဲ့ တခါပဲ တွေ့လိုက်ရတယ်။ မတွေ့သလောက်ပါပဲ။ ဒါပေမယ့် ရှမ်းပြည်က၊ ဧရာဝတီ ထက် ကြောက်နေတယ် ဆိုရမှာပါပဲ။ စစ်မြေပြင်နဲ့ နီးတဲ့နယ်ဆိုတော့ နယ် လည်း ခြိမ်းခြောက်ထားတာတွေရှိလို့ ကြောက်နေတာလည်း ဖြစ်နိုင်တယ်။ နေရာမှာဆိုလို့ရှိရင် အဖွဲ့ချုပ်ရုံးမှ အဖွဲ့ချုပ်ဝင် နှစ်ယောက်ပဲရှိတယ်။ ရောက်သွားတော့ မြို့ကလူတွေကို 'တနေရာမှာစုပြီးတော့ ဆွေးနွေးပွဲလေး

www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးပါတယ်။ လုပ်ပြီးတော့ ဒီနှစ်ယောက်ထဲက တယောက်ကပြောပါတယ် ကျနော်တို့ ဆွေးနွေးပွဲလုပ်ရင်တော့ ပြဿနာတက်မယ်လို့ ပြောထားပါတယ် အဲ့ဒါ ပြန်သွားရင်တော့ ဒုက္ခပဲပေါ့လေလို့ ပြောလာပါတယ်။ ကျမကလည် စိတ်တော့မပူပါနဲ့။ အပြန်ကျရင်ဒီလမ်းကပြန်မှာပဲ။ ဝင်ပြီးတော့ ပြန်ကြည့်မယ် ဆိုတော့၊ ဝင်ပြီးကြည့်တဲ့အခါကျတော့ ဘာမှတော့ မထူးပါဘူး။ ဒါပေမယ့် လည်း အဖွဲ့ဝင်ဦးရေကတော့ ၁၀၀ လောက်အထိ တိုးသွားပါတယ်။ ဒီနှစ်ရက် အတွင်းမှာပါပဲ။ အဲ့ဒီတော့ ဒါဟာ လူထု ဘယ်လောက် ကြောက်နေသ ဆိုတာ သိသာပါတယ်။ မလှုပ်မရှားရဲလောက်အောင် ကြောက်နေပါတယ် ကျမကတော့ ရှင်းပြပါတယ်။ ကြောက်နေလို့ရှိရင် တိုးတက်မှာမဟုတ်ဘူ ဒီလို နိုင်ငံရေးအဖွဲ့အစည်းထဲဝင်လို့ ဖမ်းမယ်ဆိုတဲ့ ဥပဒေမရှိပါဘူး။ ဝင်လို့ရှိ ဖမ်းတယ်၊ ပေါ်တာဆွဲတယ်။ ခြောက်ထားတော့ ဝင်ချင်တာတောင်မှ အဖ အစည်းတွေထဲ ဝင်ရဲတဲ့သူ မရှိဘူးဖြစ်နေပါတယ်။ ရှမ်းပြည်မှာတော့ ပေါ်တာ ဆွဲမှာ ကြောက်ကြတယ်။ ရောဝတီကတော့ ပေါ်တာဆွဲတာ မရှိဘူးပေါ့လေ ဒါပေမယ့် ဖမ်းမှာ၊ ဆီးမှာ၊ ရိုက်မှာ၊ နှက်မှာ ကြောက်နေကြပါတယ်။

**မေး**။ ။ နယ်တွေမှာ ပါတီထဲဝင်တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ တားတဲ့ဆီး အထဲမှာ 'တစည'ထဲဝင်တဲ့သူတွေကိုရော တားပါသလား။

**ဖြေ**။ ။ အဲ့ဒီဟာက ပါတီထဲ မဝင်ရဘူးဆိုတာဟာ 'တစည'ကို ပြော မဟုတ်ပါဘူး။ တကယ်တော့ အဲ့ဒီလို မဝင်ရဘူးပြောတာ အမျိုးသ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အခြား ဒီမိုကရေစီပါတီတွေကို ပြောတာပါ။ အဲ့ဒီ တွေ့ရတာဟာ အာဏာပိုင်အဖွဲ့အစည်းတွေ 'ကြား'နေဘယ်ဆိုတာ မတွေ့ ရပါဘူး။ နေရာ တော်တော်များများမှာ 'ကြား'မနေပါဘူး။ တစည ဘက် လိုက်နေတဲ့ သဘောမျိုးဖြစ်နေပါတယ်။ တချို့နေရာတွေမှာဆိုလို့ရှိရင် 'တစည' က စည်းရုံးရေးဆင်းနိုင်တယ်။ ရွာတွေကို ဆင်းနိုင်တယ်။ ကျမတို့အဖွဲ့ချုပ် ဆင်းမယ်ဆိုရင် အဟန့်အတားတွေ အမျိုးမျိုးတွေ့ရတယ်။ တော်ကြာ အခွင့်တောင်းဦး၊ အခွင့်မပေးတာနဲ့။ လူစာရင်း ပေးတဲ့အခါကျ ပယ်တာ ဘာနဲ့။ ကျမတို့ စည်းရုံးရေးမဖြစ်အောင်လို့ လုပ်နေတာတွေက အင်မတ များပါတယ်။ 'တစည' ဘက်က လုပ်နိုင်ပြီးတော့ ကျမတို့ဘက်ကမလုပ်နိုင် အခြေအနေ ရောက်နေတဲ့အခါကျတော့ အာဏာပိုင်အဖွဲ့အစည်းများဟ ဗိုလ်ချုပ်ကြီးစောမောင်ပြောသလို 'ကြား'နေမှု မရှိဘူးလို့ မြင်ရပါတယ်။ အဲ့ ကိစ္စကိုလည်း 'နဝတ'အနေနဲ့ အမြန်ဆုံး အရေးယူပေးဖို့လိုမယ်လို့ ထင်ပါ တယ်။ တပ်မတော်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်အောင်လို့၊ 'နဝတ' ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်အောင်လို့ တတိုင်းပြည်လုံးမှာ ငြိမ်ဝပ်ပိပြား တည်ဆောက်ရေးအဖွဲ့များဟာ 'ကြား'နေတယ်ဆိုတာ ထင်ရှားဖို့ လိုတယ် ကျမတို့ ထင်ပါတယ်။

**မေး**။ ။ ပါတီအတော်များများက ဗိုလ်ချုပ်ကြီးစောမောင် ကျင်းပပေးမ ရွေးကောက်ပွဲကို တရားမျှတမှာ မဟုတ်ဘူးလို့ ထင်နေကြပါတယ်။ ကြားဖြ



စိုးရ လိုမယ်လို့လည်း ဆိုကြပါတယ်။ သူကလည်း သူဟာ အကောင်းဆုံး ကြားဖြတ်အစိုးရပါလို့ ဆိုပါတယ်။ အဲ့ဒါ ဘယ်လို မြင်ပါလဲ။

**ဖြေ**။ ။ ကျမတို့အဖွဲ့ချုပ်အနေနဲ့ တကယ်အရေးကြီးတာဟာ ဒီရွေးကောက်ပွဲ မဟုတ်ပါဘူး။ အရေးကြီးတာဟာ လူ့အခွင့်အရေးများအတွက် တိုက်ရမှာ၊ အခြေခံ လူ့အခွင့်အရေးများအတွက် တိုက်ရမှာ။ ကျမတို့ဟာ ဗိုလ်ချုပ်ကြီး စောမောင် အစိုးရပဲဖြစ်ဖြစ်၊ ဘယ်အစိုးရပဲဖြစ်ဖြစ် ရွေးကောက်ပွဲ လုပ်ပေးရေး ဆိုတာကို ဦးတည်နေတာ မဟုတ်ပါဘူး။ အခွင့်အရေးများ ရရှိရေးအတွက်ပါ။ ရွေးကောက်ပွဲများဆိုတာ ဒီမိုကရေစီအခွင့်အရေးထဲက အခွင့်အရေးတခုပါ။ ကျမတို့လိုချင်တာဟာ အခြေခံလူ့အခွင့်အရေးများနဲ့ ဒီမိုကရေစီအရေးများကို ပြည့်စုံစုံ လိုချင်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ ရှိရေးဆိုတာ ဒီအခွင့်အရေးများထဲက တခုသာ ဖြစ်ပါတယ်။ ကျမတို့ဟာ ရွေးကောက်ပွဲများကို ဦးတည်ပြီးတော့ ရွေးကောက်ပွဲများ လုပ်ပေးဘို့ဆိုတဲ့ ကိစ္စနဲ့ ဒီလို ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ပါဝင်နေတာ မဟုတ်ပါဘူး။ ဒီမိုရေစီ ရရှိရေးအတွက်ကို ရွေးကောက်ပွဲများလိုလို့၊ ရွေးကောက်ပွဲများ ရရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပါဝင်နေပါတယ်။ ကျမတို့အနေနဲ့ ဗိုလ်ချုပ်ကြီးစောမောင် အစိုးရဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ လုပ်ပေးမလား ဆိုတာကို မမေးပဲနဲ့၊ အခု ပြည်သူလူထု ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပေးမှာလားဆိုတာကို မေးပါ။ ဒီဟာဟာ အရေးကြီးတဲ့ မေးခွန်းပါ။ ပေးမှာပါ ဆိုတာတင် မဟုတ်ဘူး။ ပေးပါလို့ တောင်းဆိုပါတယ်။ ပေးဖို့အချိန်လည်း ရောက်ပြီလို့ ကျမတို့ ထင်ပါတယ်။

**မေး**။ ။ တနိုင်ငံလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ညီလာခံများ ကို အစီအစဉ်များရှိပါသလား။

**ဖြေ**။ ။ ကျမတို့ ဒီမိုကရေစီစနစ် တည်ထောင်ပြီးမှလို့ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုညီလာခံမျိုးဆိုတာဟာ ပြည်သူလူထုတင်မြှောက်တဲ့ အစိုးရမျိုးကမှသာ ခေါ်ယူပိုင်ခွင့်ရှိပါတယ်။ အဲ့ဒီညီလာခံရဲ့ ရည်ရွယ်ချက် တွေကတော့ ကျမတို့ ကြေညာချက်ထဲမှာ ပါပါတယ်။ ဒီညီလာခံကနေပြီးတော့ ဒီမိုကရေစီနိုင်ငံ၊ ပြည်ထောင်စုသစ် ဖော်ထုတ်ရေးအတွက် ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စများဟာ အများပြည်သူလူထုကနေပြီးတော့၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများမှတဆင့် တင်မြှောက်လိုက်တဲ့ အစိုးရများ သာ လုပ်ပိုင်ခွင့်ရှိတယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ အများပြည်သူက တင်မြှောက်ထားတဲ့ အဖွဲ့အစည်းမျိုးက၊ ဒီလိုညီလာခံမျိုးကို ဘာမှ ထိထိ ရောက်ရောက် လုပ်နိုင်မှာ မဟုတ်ပါဘူး။

**မေး**။ ။ အဖွဲ့ဝင်ဦးရေ ဘယ်လောက်ရှိနေပါပြီလဲ။

**ဖြေ**။ ။ အဖွဲ့ဝင်ဦးရေ အခြေအနေက၊ အဲ့ဒါ ကျမတို့ကို တချိန်လုံး မေးနေ ကြပါတယ်။ ကျမတို့အနေနဲ့လည်း အဖွဲ့ဝင်ဦးရေ အခြေအနေ ဘယ်လို ရှိလဲဆိုတော့၊ ပြန်လာတဲ့ အဖွဲ့ဝင်ပုံစံအပေါ်မှာ ကြည့်လိုက်မယ်ဆိုရင်တော့၊

www.burmeseclassic.com

www.burmeseclassic.com


အဖွဲ့ချုပ်ကိုဝင်တာတော့ ၇ သိန်း၊ တခြား ဝင်တာတွေက ဘယ်လော
ဆိုတာ မသိနိုင်သေးပါဘူး။ ဗဟိုနဲ့၊ တိုင်းနဲ့ ခွဲထားလို့ပါ။ လုပ်ငန်းမနိုင်
အဖွဲ့ဝင်ကပ်ပြားတွေ နိုင်အောင်ထုတ်မပေးနိုင်လို့ ဗဟိုနဲ့တိုင်း ခွဲလိုက်တာ
မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတို
မကွေးတိုင်းတွေမှာ ခွဲပြီး ပုံစံ ထုတ်ပေးနေပါတယ်။ တိုင်းအားလုံးမှာ လုပ်နိ
ဆောင်ရွက်ဆဲပါ။

**မေး။** ။ အဖမ်းခံရသူများကိစ္စ ကြေညာမှု မပြုဘူးလား။
*(အဖမ်းခံရသူများကိစ္စမေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်က အဖွဲ့ဝင်စာ
မေးသည်ထင်၍ ဖြေခြင်းဖြစ်သည်။)*
**ဖြေ။** ။ ကျမတို့ ကြေညာရဲပါတယ်။ မကြေညာရဲတဲ့အကြောင်း တခုတ
ရှိပါတယ်။ အဖွဲ့ချုပ်ကို မဲမှာစိုးလို့မဟုတ်ပါဘူး။ မမှန်ကန်မှာ စိုးလို့
မတိကျတဲ့ နံပါတ်ကို ပြောမိမှာစိုးလို့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရ
ဒီကိစ္စနဲ့ ပတ်သက်လို့ရှိရင်၊ ကျမတို့ပြောတာ အများကြီးရှိပါတယ်။ အဖွဲ့
တယောက် ရှိလို့ရှိရင် အဖွဲ့မဝင်တဲ့ ၉၉ ယောက်ဟာ အဖွဲ့တော့ မ
ပါရစေနဲ့၊ ဖမ်းမှာစိုးလို့ပါ၊ ကျမတို့ရဲ့ယောကျ်ား အလုပ်ပြုတ်မှာစိုးလို့ဆို
ပြောကြပါတယ်။ အဖွဲ့ချုပ်တော့ မဝင်ပါရစေနဲ့၊ ဒါပေမယ့် ရွေးကောက်
လုပ်လို့ရှိရင်တော့ မဲထည့်မှာတော့ သေချာပါတယ်။ အဖွဲ့ချုပ်အတွက်
ထည့်မှာပါဆိုပြီးတော့ ပြောတဲ့သူတွေပါပဲ။ အဲဒါကြောင့် ကျမတို့အ
အဖွဲ့ချုပ်ဝင် အတိုင်းအတာကို ပြောလို့ရှိရင် ပြောရဲပါတယ်။ အဖွဲ့ချုပ်
အရေးအတွက်ဟာ လူဦးရေ ၃၉ သန်းနဲ့စာလို့ရှိရင် နည်းတယ်လို့၊ လူ
ထောက်ခံမှုမရှိဘူးလို့ တခြားသူတွေ လက်ညှိုးထိုးပြီး ပြောမှာကိုလည်း မ
ပါဘူး။ အဖွဲ့ချုပ်အနေနဲ့လည်း ဒီမိုကရေစီစနစ်အောက်မှာဆိုလို့ရှိရင်
သန်းရှိလို့ ၃၉ သန်းက ထောက်ခံတယ်လို့ မယူဆပါဘူး။ ကျမ နားလ
သလောက်တော့ အဲဒီအထဲက၊ ၃၉ သန်းထဲကဆိုလို့ရှိရင်၊ တဝက်လော
နီးပါးကလည်း အသက် ၁၈ နှစ်အောက်လို့ နားလည်ပါတယ်။ ဒီ
နှစ်အောက်ကလည်း ကျမတို့အဖွဲ့ချုပ်ကို ဝင်နိုင်မှာမဟုတ်ပါဘူး။ အဲဒီ
ဒီလိုပြောတဲ့အခါကျရင်၊ ကျမတို့ကလည်း မေးနိုင်စရာကတော့ ရှိပါတ
ဒီလို ဆောင်းပါးကိုရေးလိုက်တဲ့ ဗိုလ်သံမဏိက တယောက်တည်းဆို
ပြည်သူလူထုရဲ့ သဘောထားတွေကို သူက ဘယ်လောက်များ နားလည်
ရေးတာလဲလို့၊ ကျမ ပြန်ပြီးတော့လည်း မေးနိုင်ပါတယ်။

**မေး။** ။ ဒီနေ့ သတင်းစာထဲက ဗိုလ်သံမဏိဆောင်းပါးကို ဘယ်
မြင်ပါသလဲ။
**ဖြေ။** ။ ကျမ ပြောချင်ပါတယ်။ တပ်မတော်ဟာ အဖွဲ့အစည်းများ
သဘောထားတွေ၊ ပြောဆိုတာတွေ၊ ဝေဖန်တာတွေကို စိတ်လည်းမဝင်စား
ဂရုလည်း မစိုက်ဘူးလို့ပြောပါတယ်။ အဲဒါကတော့ ဗိုလ်သံမဏိတယော
အာဘော်ပဲလား၊ တပ်မတော်ရဲ့ စိတ်သဘောထား အမှန်ပဲလားလို့
ဒိပါဘူး။ ဒါပေမယ့် အဲဒီလို ဗိုလ်သံမဏိ ပြောခြင်းအားဖြင့်တော့
ပ်မတော်ကို စော်ကားတယ်လို့ ကျမ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့
ပ်မတော်အနေနဲ့ ပြည်သူလူထုအားလုံးရဲ့ စိတ်ထားတွေကို စိတ်ဝင်စား
င့်ပါတယ်။ အထူးသဖြင့် သူပြောထားတာကတော့ ပြည်သူလူထုအတွက်
ကျိုးဆောင်နေတဲ့ တပ်မတော်ဆိုရင် ပြည်သူလူထုအားလုံးရဲ့ စိတ်သဘော
ားတွေကို စိတ်ဝင်စားသင့်ပါတယ်။ အရေးထားသင့်ပါတယ်။ အထူးသဖြင့်
လိုအဖွဲ့အစည်းတွေရဲ့ စိတ်သဘောထားတွေကိုလည်း စိတ်ဝင်စား သင့်ပါ
ယ်။ အရေးထားသင့်ပါတယ်။ အဲဒီတော့ ဗိုလ်သံမဏိတယောက်အနေနဲ့
တ်မဝင်စားလို့၊ အရေးမထားလို့၊ တပ်မတော်တခုလုံးက အရေးမထားဘူး၊
တ်မဝင်စားဘူးလို့တော့ ပြောပိုင်ခွင့်ရှိလားလို့ ကျမတို့ဘက်ကလည်း
ပြီးတော့ မေးရမှာပါပဲ။

**မေး။** ။ 'တစည'ကတော့ စည်းရုံးရေးလုပ်တဲ့နေရာမှာပေါ့လေ၊ သူလုပ်လို့တော့
တယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ လုပ်လို့မရဘူးပေါ့လေ၊
ါကို တိတိကျကျပေါ့လေ၊ ဘယ်လိုနေမှာပေါ့လေ၊ ဘယ်နယ်မြေမှာပေါ့၊
စည'က လုပ်လို့ရတယ်၊ ဘယ်မြို့၊ ဘယ်နယ် ဆိုတာများ ပြောနိုင်သလား။
**ဖြေ။** ။ ဘယ်မြို့၊ ဘယ်နေရာမှာ ဆိုလို့ရှိရင်တော့ အားလုံးတော့ ပြောဖို့ဆိုရင်
က်ပါတယ်။ ဥပမာဆိုရင်တော့ ဧရာဝတီတိုင်းမှာ တောမြို့နယ်အများမှာ
စ်နေပါတယ်။ ကျမတို့သွားတဲ့အထိ၊ တပ်ကုန်းမှာဆိုရင်လည်း သေချာ
ါတယ်။ တပ်ကုန်းမှာဆိုလို့ရှိရင် 'တစည'က စည်းရုံးရေးဆင်းလို့ရတယ်။
ကျေးရွာတွေကို စည်းရုံးရေးလုပ်လို့ရတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ုပ်လို့ရှိရင်တော့၊ အမျိုးမျိုး အဟန့်အတားတွေလုပ်တယ်ဆိုတာတော့ သေချာ
ါတယ်။ တခြားမြို့တွေ ကိုတော့ သေသေချာချာ မပြောနိုင်ပါဘူး။ ဒါပေမယ့်
ဂှတာရှည်မြို့နယ်မှာဆိုရင်၊ ရေတာရှည်မြို့နယ်စည်ပင်သာယာပြုပြင်မှုတည်ဆောက်ရေး
ဖွဲ့ကနေပြီးတော့ ထုတ်ထားတဲ့ စည်းမျဉ်းတွေက တော်တော်မှပဲ ချုပ်ချယ်ရာ
ရောက်ပါတယ်။ ဟိုဟာမလုပ်ရ၊ ဒီဟာ မလုပ်ရဘူး။ အဲဒီအထဲမှာဆိုလို့ရှိရင်
ိမ်ဝပ်ပိပြားမှုအဖွဲ့ထဲကကို ပုဂ္ဂိုလ်အရသော်လည်းကောင်း မဝေဖန်ရဘူး
ိတာလည်း ပါပါတယ်။ ကျမအနေနဲ့ ပြောချင်တာကတော့ ကျမတို့အနေနဲ့
ိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဝေဖန်ချင်တယ်ဆိုတဲ့စိတ်က မရှိပါဘူး။
ဝေဖန်ချင်ပါဘူး။ အဲဒါကြောင့် မဝေဖန်ရအောင် နေပါလို့ မေတ္တာရပ်ခံ
ျင်ပါတယ်။ ဝေဖန်နေရတယ်ဆိုတာလည်း မကောင်းပါဘူး။ ဒါပေမဲ့လဲ ဒီလို
ရားမျှတမှု မရှိတဲ့အခါကျလို့ရှိရင်၊ ဒီလို 'ကြား'နေတယ်ဆိုတာမှာ 'ကြား'
နေတဲ့ အခါကျလို့ရှိရင် ကျမတို့အနေနဲ့တော့ ပြောပိုင်ခွင့်ရှိတယ်လို့ ထင်ပါ
တယ်။ ဒီလို အခွင့်အရေးမှ မရှိဘူးဆိုလို့ရှိရင်တော့ ဘယ်လိုလုပ် ပါတီစုံ
နစ်ဟာ ရှင်သန်နိုင်မှာလဲ။

**မေး။** ။ အဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲ ဘယ်အချိန်လောက် လုပ်သင့်တယ်
ိုကာ ဘယ်လို မှန်းထားပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဖြေ။** ။ ကျမတို့ အဖွဲ့ချုပ်အနေနဲ့တော့ ရွေးကောက်ပွဲကိုလုပ်ရင်၊ ဆယ်လ လောက်အတွင်း လုပ်လို့ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ကျ စောစောက ပြောပါတယ်။ ဒီရွေးကောက်ပွဲ အချိန်ဇယားကိုတော့ ကိုးလ ဆယ်လ လောက်အထိ ကျုံ့လို့ရမယ်ထင်ပါတယ်။

**မေး။** ။ လက်ရှိတပ်မတော်အပေါ် ဘယ်လိုသဘောထားပါသလဲ။

**ဖြေ။** ။ ဒီ Present Armed Forces နဲ့ ပတ်သက်လို့ ကျမတို့ စိတ်ထဲမှာ ဘယ်လိုရှိသလဲဆိုတာဟာ ပြောရရင်၊ ကျမ တယောက်တည်းရဲ့ စိတ်ထဲမှာ ဘယ်လို ရှိသလဲဆိုတာ ပြောရရင်၊ တပ်မတော်ဆိုရင် ပြည်သူလူထု တော်တော် များများက အယုံအကြည် ပျက်နေပါတယ်။ တပ်မတော်ကို မေတ္တာပျက် နေပါတယ်။ တပ်မတော်၊ တပ်မတော်ဆိုပြီးတော့ လက်ညှိုးထိုးပြီးတော့ တခါထဲ အားလုံးကို တစုတစည်းထဲအနေနဲ့ လက်ညှိုးထိုးပြီးတော့ ပြည်သူလူထု အပေါ်မှာ မကောင်းဘူး ဆိုပြီးတော့ စွပ်စွဲနေကြပါတယ်။ ကျမအနေနဲ့ ယုံကြည်တာကတော့ တပ်မတော်ထဲမှာ ပြည်သူလူထုအပေါ်မှာ မေတ္တာရှိတဲ့ အပိုင်းလည်း ရှိပါတယ်။ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ ပြည်သူလူထုဆန္ဒအတိုင်း ကျင်းပပေးပြီးတော့၊ တပ်မတော်ဟာ ဂုဏ်သိက္ခာ ရှိစွာနဲ့ နိုင်ငံရေးထဲကနေပြီးတော့ ထွက်သွားချင်တဲ့ အစိတ်အပိုင်းလည်း ရှိတယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် တချိန်တည်းမှာပဲ ရွေးကောက်ပွဲများ ဟာ တရားမျှတပေမယ့် 'တစည' နိုင်ငံရေးအတွက် ဦးတည်ချင်တယ်ဆိုတဲ့ တပ်မတော် အစိတ်အပိုင်းလည်းရှိတယ်လို့ ကျမ ယုံကြည်ပါတယ်။ ဒီအပြင် လည်း 'တစည'ရော၊ တခြားပါတီတွေရောပဲ သိပ်ပြီးဂရုမစိုက်ဘူး။ တပ်မတော် အနေနဲ့ နိုင်ငံရေးအာဏာတည်မြဲရေးအတွက် လုပ်ချင်တဲ့ အစိတ်အပိုင်းလည်း ရှိတယ်လို့ ယုံကြည်ပါတယ်။ အဲဒီတော့ ကျမတို့အနေနဲ့ တပ်မတော် တခုလုံးနဲ့ ဘယ်လို Relationship ရှိမလဲ၊ ဆက်ဆံရေးရှိမလဲဆိုရင်၊ ကျမ ဖြစ်စေချင်တာကတော့ မှန်မှန်ကန်ကန်နဲ့ ညီညီညွတ်ညွတ် ပြည်သူလူထု နောက်မှာရပ်တည်တဲ့ တပ်မတော် ဖြစ်စေချင်ပါတယ်။ ခဏခဏ ကျမ ပြော ပါတယ်။ ကျမတို့ အဖွဲ့ချုပ်ကို စောင်းပြီးတော့ ပြောသလားတော့ မသိပါဘူး။ တချို့အဖွဲ့အစည်းများဟာ တပ်မတော်နဲ့ပြည်သူအကြားမှာ ဆက်ဆံရေး မကောင်းအောင် လုပ်နေတယ်၊ တပ်မတော် ပြိုကွဲအောင် လုပ်နေတယ်ဆိုတာ ဟာ၊ ကျမတို့အဖွဲ့အစည်းတော့ မဟုတ်ပါဘူးဆိုတာ။ ဒါ ခဏခဏ ပြောရပါ တယ်။ ကျမတို့ဟာ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာလည်း စိတ်ဝမ်းမကွဲ ချင်ပါဘူး။ ကွဲအောင်လုပ်နေတဲ့ တချို့တပ်မတော်တာဝန်ခံများရဲ့ အပြုအမူ များကို ဆင်ခြင်ပါဆိုတာ၊ တချိန်လုံး ပြောနေပါတယ်။ တပ်မတော်ကိုလည်း မပြိုကွဲစေချင်ပါဘူး။ တပ်မတော်ပြိုကွဲလို့ရှိရင် တိုင်းပြည်ဟာ ပြဿနာဖြစ်မယ် လို့ ယုံကြည်ပါတယ်။ တခါထဲမှာ တပ်မတော်အတွင်းမှာ ဒီမိုကရေစီ ဘက်တော်သားတွေကို တိုက်ဖို့၊ မှန်းဖို့ ဝါဒဖြန့်ချိရေးတွေ လုပ်နေတယ် ဆိုတာလည်း ကျမတို့ လုံးလုံး မလိုလားပါဘူး။ ဒီလို ဝါဒဖြန့်ချိရေးတွေ ရှိနေတယ်လို့လည်း သိရပါတယ်။ ဒီတော့ တပ်မတော်ဟာ တကယ်

မှာမယ်၊ အရောင်အသွေးဆိုးထားခြင်း မရှိဘူးဆိုလို့ရှိရင်၊ တပ်မတော် တွင်းမှာ လှုပ်ရှားနေတဲ့ ဒီမိုကရေစီအဖွဲ့တွေကို မုန်းဖို့၊ ထိုးဖောက်ပစ်ဖို့၊ ပစ်ဖို့စိတ်တွေဟာ မသွင်းပေးသင့်ဘူးလို့ ကျမ ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၅

# မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့

*အာဇာနည်ကိုဖုန်းမော်ကျဆုံးခြင်း နှစ်ပတ်လည်နေ့နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ၁၃-၃-၈၉နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ်ရန်ကုန်တိုင်းနှင့်တကွ မြို့နယ်အသီးသီးမှ အဖွဲ့ချုပ်ဝင် အင်အား (၂၀၀)ကျော် တက်ရောက်ကြသည်။ ယင်းအခမ်းအနားတွင် သဘာပတိအဖြစ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားပြီး နာယကအဖွဲ့ဝင်များအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းတင်နှင့် ဘဏ္ဍာရေးမှူး ဦးလွင်တို့က ဆောင်ရွက်ကြပါသည်။ ထိုအခမ်းအနားတွင် ဒေါ်အောင်ဆန်း စုကြည်က အောက်ပါအတိုင်း အမှာစကားပြောကြားပါသည်။*

ဒီနေ့ဟာ မောင်ဖုန်းမော်ကျဆုံးသွားတာ တနှစ်ပြည့်တဲ့နေ့ဖြစ်ပါတယ်။ မောင်ဖုန်းမော်ဟာဆိုရင် ကျဆုံးတဲ့အချိန်တုန်းက လူငယ်တယောက် ဖြစ်ပါတယ်။ ဒီလို လူငယ်တယောက် ကျဆုံးရတယ်ဆိုတာ အင်မတန်မှ နှမြောစရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူငယ်ရဲ့ဘဝမှာ အများကြီး လုပ်စရာ ကိုင်စရာတွေ ရှိသေးတယ်။ ဒီလုပ်စရာ၊ ကိုင်စရာတွေကို မလုပ်လိုက်ရပဲနဲ့ ဆုံးရှုံးသွားရတယ်ဆိုတာ အင်မတန်မှ နှမြောစရာဖြစ်ပါတယ်။ မောင်ဖုန်းမော် ဆုံးရှုံးရခြင်းကိစ္စဟာ အဋ္ဌုပ္ပတ္တိကို ဖတ်ကြည့်လို့ရှိရင် အသက်ပင် ဆုံးရှုံးသွားရတာ မဟုတ်ဘူး။ ဆုံးသွားတဲ့အခါကျတော့လည်း ဂုဏ်သိက္ခာနဲ့တောင် မဆုံးရှုံးသွားရဘူး။ သူ့မိသားစုများဟာ အေးအေးဆေးဆေး၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိုယ့်ထုံးတမ်းစဉ်လာအရ ကျဆုံးသွားတဲ့ လူတယောက်အတွက် ကောင်းကောင်းမွန်မွန် လုပ်ချင်တာတွေတောင်မှ အေးအေးဆေးဆေး မလုပ်လိုက်ရဘူးဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဒီလို မလုပ်လိုက်ရခြင်းဟာ ဘာဖြစ်လို့လဲဆိုတော့- မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေလို့ပဲ။

ဒါ့ကြောင့်မို့လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မောင်ဖုန်းမော် ကျဆုံးသွားတဲ့ နှစ်ပတ်လည်အချိန်ဟာ အခြေခံ လူ့အခွင့်အရေးများ ပတ်သက်လို့ ပြန်ပြီးတော့ စဉ်းစားရချိန်၊ ဒီအခွင့်အရေးများ ရရှိဖို့အတွက် ပြန်ပြီးတော့ ကြိုးစားရချိန်ဆိုပြီးတော့ သတ်မှတ်လိုက်ခြင်း ဖြစ်ပါတယ်။ လူ့အခွင့်အရေးများဆိုတာ ဘာဖြစ်လို့ရှိသလဲ။ ဘာဖြစ်လို့ လူ့အခွင့်အရေးများကို လိုချင်သလဲဆိုရင် အစီအစဉ်(၈)မှာ လူ့အခွင့်အရေးများ ကြေညာစာတမ်းမှာ ဖတ်ကြည့်လို့ရှိရင် တွေ့ပါလိမ့်မယ်။ ဒီကြေညာစာတမ်းမှာ အရေးကြီးတဲ့ အချက်ကလေးတွေတချို့ကို ကျမ ထောက်ပြချင်ပါတယ်။ ဒီကြေညာစာတမ်းထဲမှာဆိုလို့ရှိရင် လူ့အခွင့်အရေးများဟာ ဘာတွေလဲဆိုတာတော့ ရှင်းပြထားတယ်။ နိဒါန်းထဲမှာ ဘာဖြစ်လို့ ဒီလူ့အခွင့်အရေးတွေ လိုချင်တယ်ဆိုတာကိုလည်း ရှင်းပြထားပါတယ်။ အဲ့ဒီဟာက ပိုပြီးတော့ အရေးကြီးတယ်လို့ ကျမ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းလူတိုင်းဟာ အခွင့်အရေးတွေတော့ လိုချင်တာပဲ။ ဒီအခွင့်အရေးတွေကို ဘာဖြစ်လို့ လိုချင်သလဲ။ ဘာဖြစ်လို့ ရသင့်ရထိုက်သလဲဆိုတာကို တခါတလေ သိပ်ပြီးတော့ စဉ်းစားကြဘူး။ အဲ့ဒီတော့ ဒီကြေညာချက်ကို ဖတ်ပြတဲ့အခါကျရင် နိဒါန်းကို နည်းနည်း သေသေချာချာ နားထောင်စေချင်ပါတယ်။ ဥပမာ ဆိုလို့ရှိရင် နိဒါန်းထဲမှာ ပါပါတယ်။

"လူခပ်သိမ်းတို့၏ ဇာတိဂုဏ်သိက္ခာနှင့်တကွ လူတိုင်း အညီအမျှ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်းတို့၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့် ဖြစ်သည်"တဲ့။ ဒီလို ဂုဏ်သိက္ခာနဲ့ လူတိုင်းဟာနေနိုင်မှပဲ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်တယ်၊ တရားမျှမျှတတ နေနိုင်တယ်လို့ ဆိုလိုတာပါ။ ဒါ့ကြောင့် ကျမတို့ဟာ အခွင့်အရေးတွေ လိုချင်တယ်ဆိုတာ ဒီ အခွင့်အရေးတွေကို ခံစားချင်လို့ချည်း မဟုတ်ဘူး။ ဒီအခွင့်အရေးတွေရှိမှသာလျှင် တိုင်းပြည်ကြီးရော၊ ကမ္ဘာကြီးရောဟာ ငြိမ်းငြိမ်းချမ်းချမ်း၊ တရားမျှမျှတတ ရှိနိုင်မယ်ဆိုတာ သုံးသပ်ကြည့်ရမှာ ဖြစ်ပါတယ်။

ထိုနည်းလည်းကောင်းပဲ "လူ့အခွင့်အရေးများကို ပမာမထား၊ မထီမဲ့မြင်ပြုခြင်းသည် လူခပ်သိမ်းတို့၏ အကျင့်သိက္ခာကို ချိုးဖောက်ဖျက်ဆီးရာ ရောက်သည်။ ရက်စက်ကြမ်းကြုတ်သော အပြုအမူများကို ဖြစ်ပေါ်စေသောကြောင့်"တဲ့။ ဒါလည်း ဟုတ်ပါတယ်။ အခွင့်အရေးများ မရှိတဲ့အခါကျတော့ လူများရဲ့ အကျင့်စာရိတ္တကလည်း ဖောက်ပြားလာတတ်တယ်။ အခု မြန်မာနိုင်ငံမှာဆိုလို့ရှိရင် အရင် ၂၆ နှစ်အတွင်း ဘယ်လောက် အကျင့်စာရိတ္တတွေ ကျဆင်းလာတယ်ဆိုတာ အများအသိပဲ။ ဘာဖြစ်လို့ ဒီအကျင့်စာရိတ္တတွေ ကျဆင်းလာရလဲ။ အခြေခံ လူ့အခွင့်အရေးတွေမရှိလို့ပဲ။

အားလုံးသိနေတဲ့ လာဘ်စားတဲ့ကိစ္စကြီးပဲ ကြည့်လိုက်ပါ။ လူတိုင်း လူတိုင်းဟာ မိမိရဲ့အသက်မွေးဝမ်းကြောင်း ဖူလုံနိုင်လောက်အောင် မလုပ်နိုင်တဲ့ အခါကျတော့ မဟုတ်မမှန်ကန်တဲ့နည်းတွေနဲ့ ပိုက်ဆံရှာရတယ်။ အသက်မွေးဝမ်းကြောင်း ဖူလုံအောင် လုပ်ရတယ်။ အဲ့ဒီလို လုပ်ရင်းလုပ်ရင်းနဲ့ လာဘ်ပေး လာဘ်ယူဆိုတဲ့ စနစ်ဆိုးကြီးဟာ တနေ့ထက်တနေ့ ပိုပြီးကြီးထွားလာတယ်။ ဒါဟာ ဥပမာ သေးသေးလေးတခုထဲပါ။

တခါတည်း မြန်မာနိုင်ငံရဲ့အခြေအနေကို သုံးသပ်လိုက်မယ်ဆိုလို့ရှိရင် အရင်(၂၆)နှစ် အတွင်းက အခွင့်အရေးများ ဆုံးရှုံးလေ ဆုံးရှုံးလေ၊ လူထုရဲ့ အကျင့်စာရိတ္တများဟာ ပိုပြီးတော့ ပိုပြီးတော့ ပျက်ဆီးလေဆိုတာ ထင်ရှားပါလိမ့်မယ်။ ဒါ့ကြောင့်မို့ ကျမတို့ ပြန်ပြီးတော့ လူ့အခွင့်အရေးအတွက်

www.burmeseclassic.com



လိုချင်တာဟာ တိုင်းသူပြည်သားတွေရဲ့ အကျင့်စာရိတ္တကိုလည်း ပြန်လည်ထူထောင်ချင်လို့ပဲ ဖြစ်ပါတယ်။

အဲ့ဒီတော့ အခွင့်အရေးတွေတော့ လိုချင်တယ်၊ အကျင့်စာရိတ္တကိုတော့ကောင်းအောင် ပြန်မလုပ်ဘူးဆိုလို့ရှိရင်တော့ ကျမတို့ရဲ့ အဓိကရည်ရွယ်ချက်ဟာ ရနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အကျင့်စာရိတ္တကိုလည်း တခါတည်း ပြုပြင်ရမယ်။ အခွင့်အရေးတွေကိုလည်း ရအောင်လုပ်ရမယ်။ အခွင့်အရေးတွေရမှသာလျှင် ဒီအကျင့်စာရိတ္တကို ပြုပြင်ဖို့လည်း လွယ်လာမှာဖြစ်ပါတယ်။

နောက်တခါ ပါပါသေးတယ်။ "လူခပ်သိမ်းတို့သည် တရားလက်လွတ် နှိပ်စက်ကလူပြုမှု၊ အုပ်စိုးမှုနှင့်ဖိစီးညှင်းဆဲမှုတို့ကို နောက်ဆုံးမလွဲသာ၊ မရှောင်သာ လက်နက်စွဲကိုင်ကာ တော်လှန်ခြင်း၊ ပုန်ကန်ခြင်းမပြုစေရန် လူ့မှုအခွင့်အရေးများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ပေးရမည်ဖြစ်သောကြောင့်"တဲ့။ ဒါလည်း ကျမတို့က ဒီဟာကို တချိန်လုံး ပြောနေတာပဲ။ အခြေခံ လူ့အခွင့်အရေးများကိုပေးပါ။ အခြေခံ လူ့အခွင့်အရေးများကိုပေးလို့ရှိရင် ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် ပြည်သူလူထုကငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်သွားပါလိမ့်မယ်။ ဒီအခွင့်အရေးတွေ မရှိလို့သာတချို့က လက်နက်ကိုင်ချင်တယ်။ ဒီစနစ်ကြီးကိုဖျက်ဖို့ဟာ အကြမ်းကိုင်မှဖြစ်မယ်ဆိုတဲ့စိတ်တွေ ပေါ်ပေါက်နေတာပဲ။ ဒါလည်း လူ့အခွင့်အရေးတွေမရှိလို့ပဲ။

တရားဥပဒေအရ အခြေခံ လူ့အခွင့်အရေးတွေကို အာမခံတယ်ဆိုလို့ရှိရင် လူထုကလည်း ဒီလို ဆူပူသောင်းကျန်းမှုလုပ်ဖို့ မလိုဘူး။ လုပ်လည်းမလုပ်ချင်ပါဘူး။ ဘယ်သူမှ ဆူပူသောင်းကျန်းမှုကို လိုချင်တာမဟုတ်ပါဘူး။ လူတိုင်းလူတိုင်းဟာ အေးအေးဆေးဆေးနဲ့ ကိုယ့်ဘဝမှာကိုယ် ရပ်တည်ပိုင်ခွင့်ကို လိုချင်ကြပါတယ်။ ဒီအခွင့်အရေးကို မရဘူးဆိုတော့မှ နောက်ဆုံးမခံနိုင်တော့မှပဲ ဆူပူသောင်းကျန်းမှုများဟာ ဖြစ်လာတတ်ပါတယ်။ ဒါကြောင့်ဒီဆူပူသောင်းကျန်းမှုများ မဖြစ်ပဲနဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက်ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အခြေခံ လူ့အခွင့်အရေးများကိုပေးပါဆိုပြီးတော့ တောင်းဆိုနေတာဖြစ်ပါတယ်။

နောက်တခါ "လူတိုင်းသည် တူညီလွတ်လပ်သော လူ့ဘဝ၏ မြင့်မြတ်ခြင်းဖြင့်လည်းကောင်း၊ တူညီလွတ်လပ်သော လူ့ဘဝ၏ အခွင့်အရေးများဖြင့်လည်းကောင်း ဖွားမြင်လာသူများဖြစ်သည်။ ထိုသူတို့၌ ပိုင်းခြားသော ဝေဖန်တတ်သော ပညာဉာဏ်နှင့် ကျင့်ဝတ်သိတတ်သောစိတ်တို့ ရှိကြသည်။ ထိုသူတို့သည် အချင်းချင်း မေတ္တာထား၍ ဆက်ဆံကျင့်သုံးသင့်၏။" အဲ့ဒီတော့ လူ့အခွင့်အရေးများကို ပေးမှမှလို့ပြောကတည်းက၊ အခြေခံလူ့အခွင့်အရေးများဟာ လူတိုင်းလူတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေလို့ ဆိုကတည်းက ဒီလူတွေဟာ ပိုင်းခြားဝေဖန်တတ်တဲ့ ဉာဏ်တွေရှိတယ်၊ ကျင့်ဝတ်သိတတ်တဲ့ စိတ်တွေရှိတယ်လို့ လက်ခံထားပြီးသားဖြစ်ပါတယ်။ အဲ့ဒီတော့ အခြေခံ လူ့အခွင့်အရေးများကို ဟန့်တားပိုင်ခွင့်ရှိတဲ့သူများဟာ တကယ်ပဲ ဒီလို



ဝတ်တွေကို သိတတ်ရမယ်။ တကယ်ပဲ ဒီလို ပိုင်းခြားတတ်တဲ့ဉာဏ်ယ်။ ရှိအောင်လို့ ကြိုးစားရမယ်။ အချင်းချင်းလည်း မေတ္တာထားရမယ်လို့ထားပါတယ်။ အချင်းချင်း မေတ္တာထားမှသာလျှင် တခြားလူတွေရဲ့ ့အရေးတွေကို ကိုယ့်အခွင့်အရေးလိုပဲ လေးစားနိုင်မှာ ဖြစ်ပါတယ်။ ကြောင့် အခွင့်အရေးများတော့ လိုချင်တယ်၊ တာဝန်များတော့ မထမ်းဆောင်ဘူးဆိုရင် ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျမတို့န်တန် ပြောရပါတယ်။ အဲ့ဒီတော့ ဒီအချိန်မှာ ကျမတို့ အခြေခံ ခွင့်အရေးများဟာ အရေးကြီးပါတယ်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ လူ့အခွင့်အရေးများ ရရှိရေးက် ထမ်းဆောင်နေပါတယ်ဆိုတာဟာ ကျမတို့ရဲ့ တာဝန်များကိုလည်းတော့ ပီပီပြင်ပြင် ထမ်းဆောင်နိုင်အောင်လို့ပါပဲ။ လူ့အခွင့်အရေးများယ်ဆိုလို့ရှိရင် အကျင့်စာရိတ္တကို ပြုပြင်လာလို့လွယ်မယ်။ နောက်ပြီးတော့မ်းဖက်တဲ့နည်းကို မသုံးပဲနဲ့ ဒီမိုကရေစီရရေးအတွက် လုပ်ကိုင်နိုင်တယ် အသိဟာလည်း အများရဲ့စိတ်ထဲမှာ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ကြောင့် အခြေခံ လူ့အခွင့်အရေးများဟာ အရေးကြီးပါတယ်။ အရေးကြီးယ်ဆိုတာ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အတန်တန်နေရတာဖြစ်ပါတယ်။

အခု မောင်ဖုန်းမော်လေးဆိုရင် ဆုံးသွားတာ တနှစ်ပြည့်သွားပြီ။ ဒီလိုပြည့်သွားတဲ့အချိန်အတွင်းမှာ ကျမတို့နိုင်ငံမှာလည်း အပြောင်းအလဲ တော်တော်များများ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီအပြောင်းအလဲတွေပေါက်လာခြင်းဟာလည်း လူတိုင်းလူတိုင်းဟာ လူ့အခွင့်အရေးများကို ခံစားလို့၊ ရုန်းကန်ခဲ့လို့ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။ လူ့အခွင့်အရေးများအတွက် ဆက်ပြီးတော့ ဖွဲ့သတ္တိနဲ့လုပ်သွားမယ်ဆိုလို့ရှိရင် တဖြည်းဖြည်း ကမ္ဘာ့ကုလသမဂ္ဂ ကြေညာစာတမ်းထဲမှာပါတဲ့ အခွင့်အရေးတွေကိုင်လုံးမှာ ထာဝရခံစားနိုင်ခွင့် ရရှိလာမှာပါ။ လွယ်လွယ်နဲ့ မရနိုင်တာည်. စိတ်ဓါတ်မကျပါနဲ့။ ဒီအခွင့်အရေးတွေကို ဖတ်ကြည့်လိုက်လို့ရှိရင်တို့ မြန်မာနိုင်ငံမှာ တခုလောက်မှ မရှိသလို ဖြစ်နေတယ်ဆိုတာပါလိမ့်မယ်။

ကျမတို့ဟာ သူညာကနေပြီးတော့ စနေရတဲ့အခြေအနေပါ။ သုညကနေရတဲ့ အခြေအနေမို့လို့ မြန်မြန်ဆန်ဆန် ပန်းတိုင်ကိုတော့ရောက်နိုင်မှာပါဘူး။ မြန်မြန်ဆန်ဆန် ပန်းတိုင်ကိုမရောက်နိုင်လို့ စိတ်တိုတာတို့၊ ါတ်ကျတာတို့ မဖြစ်သင့်ပါဘူး။ မောင်ဖုန်းမော်တို့လို အာဇာနည်လေးဟာ အသက်ဆုံးရှုံးခံသွားကြပြီ။ ဒီကလေးသူငယ်များဟာ ဘယ်တော့မှခွင့်အရေးခံစားနိုင်မယ့် မြန်မာနိုင်ငံကို မြင်တွေ့ရမှာမဟုတ်တော့ဘူး။ တော့ ကိုယ့်အနေနဲ့ ဆုံးသွားတဲ့လူတွေအတွက် ဒီ အခြေခံခွင့်အရေးများကိုရအောင် လုပ်ရုံတင်မက ဒီအခြေခံ လူ့အခွင့်အရေးများရထိုက်တဲ့လူများပီပီ နေမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို ချပို့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခွင့်အရေးများနဲ့ ရသင့်ရထိုက်အောင် မနေလို့ရှိရင်ေ ဒီအခွင့်အရေးတွေလည်း ကြာကြာခံနိုင်မှာ မဟုတ်ပါဘူး။ လူငယ်များ ဒီနိုင်ငံရဲ့အနာဂတ်ကို ပုခုံးပေါ်မှာ ထမ်းသွားရမယ့်လူတွေ ဖြစ်တယ်။ နိုင် အနာဂတ်ကို ပုခုံးပေါ်မှာ ထမ်းသွားဖို့ဆိုတာဟာ အားရှိဖို့လည်း လိုတ အကျင့်စာရိတ္တလည်း ကောင်းဖို့လိုတယ်။ နောက်ပြီးတော့လည်း သ အဆက်ဆက်မှာ ကောင်းတဲ့အကျင့်တွေက ဘာလဲ၊ ဒီကောင်းတဲ့အကျင့်ေ ကောင်းတဲ့ထုံးစံတွေကို ဆက်ပြီးတော့ ထိန်းသိမ်းထားမယ်။ မကောင်းတာ က ဘာလဲ၊ မကောင်းတာတွေကို ပြုပြင်သွားမယ်ဆိုတဲ့ စိတ်တွေလ ထားဖို့လိုပါတယ်။ ကောင်းတာကို ဆက်ပြီးလုပ်သွားပြီးတော့ မကောင်းတ ပြုပြင်နိုင်တဲ့စိတ် ရှိမှသာလျှင် အခုခေတ် လူငယ်များဟာ နောင် အနာ မြန်မာနိုင်ငံအတွက် အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

အဲ့ဒီတော့ တခေတ်နဲ့တခေတ် သခ်န်းစာယူစရာတွေ အများ ရှိပါတယ်။ ကျမတို့ခေတ်ကဆိုလို့ရှိရင် ဟိုအရင် လွတ်လပ်ရေးခေ အဖြစ်အပျက်တွေ အပေါ်မှာလည်း သခ်န်းစာ ယူရမယ်။ အရင် ၁၉၈၈ခုန အဖြစ်အပျက်တွေအပေါ်မှာလည်း သခ်န်းစာယူရမယ်။ မနေ့က အဖြစ်အ တွေ အပေါ်မှာလည်း သခ်န်းစာ ယူရမယ်။ မနက်က အဖြစ်အပျက် အပေါ်မှာလည်း သခ်န်းစာ ယူရမယ်။ တချိန်လုံး ကိုယ့်ကိုကိုယ် ပြုပြင်သ ဆိုတာ သခ်န်းစာ ရာနေရမှာ ဖြစ်ပါတယ်။ ဒီလို ပညာလိုလားတဲ့ စိတ်ရှိမ ကျောင်းသားလူငယ်များဟာ နောင်အနာဂတ်မြန်မာနိုင်ငံကြီး တိုးတက်စည် သွားအောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။

အခု ဒီနေ့ မောင်ဖုန်းမော်ကို သတိရသောအားဖြင့် မောင်ဖုန် မလုပ်လိုက်ရတဲ့၊ မထမ်းဆောင်လိုက်ရတဲ့ တိုင်းပြည်တာဝန်တွေကို အားလ ဝိုင်းဝန်း ထမ်းဆောင်သွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချပြီးတော့ ဒီမိုက အောင်မြင်ဖို့အတွက် ချီတက်သွားကြပါစို့လို့ ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်



# သတင်းစာရှင်းလင်းပွဲ(၂)

*သတင်းစာရှင်းလင်းပွဲကို ၁၉၈၉ခုနှစ် မတ်လ ၂၆ရက်နေ့၌ ရန်ကုန်မြို့တွင် လုပ်သည်။*

ဒီသတင်းစာရှင်းလင်းပွဲ လုပ်ရတဲ့အကြောင်းကတော့ အခုတလော လုပ်သားပြည်သူ့နေ့စဉ်နဲ့ မြန်မာ့အသံမှာကြေညာနေတဲ့ သတင်းတွေနဲ့ပတ်သက် လို့ပဲ ဖြစ်ပါတယ်။ တနင်္လာနေ့က လှည်းတန်း၊ ကမာရွတ်မှာဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ လုပ်သားပြည်သူ့နေ့စဉ်နဲ့ မြန်မာ့အသံက သတင်းအရဆိုလို့ရှိရင် ကလေးများက သွားပြီးတော့ ဆူပူအောင်လို့ တချို့နိုင်ငံရေးအဖွဲ့အစည်းတွေက လုပ်ဆောင်တယ်လို့ဆိုတဲ့ သဘောမျိုးနဲ့ ရေးလိုက်ပါတယ်။ နောက်ပြီးတော့ လည်း ကျမတို့ရဲ့အဖွဲ့ချုပ်နာမည်ကိုသိပ်ပြီး ထင်ထင်ရှားရှားကြီးရေးထားတယ်၊ ကောင်းပြီးတော့ အင်အယ်လ်ဒီကနေပြီးတော့ လှုံ့ဆော်လို့ ကလေးများက သွားပြီးတော့ ဆူပူတယ်လို့၊ ဒီသဘောမျိုးနဲ့ရေးသွားတာကို မြင်ရပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျမ ဘယ်လိုမြင်လဲဆိုတော့ အဲ့ဒီနေ့က အဖြစ် အပျက်ကို ကျမ တချိန်လုံးသိပါတယ်။ စဖြစ်ကတည်းက ကျမ ဒီကနေ ကြားနေတယ်။ ကလေးတွေ ဟိုမှာ နည်းနည်းဆူဆူပူပူဖြစ်တယ်ဆိုတာနဲ့ ကျမတို့အဖွဲ့ချုပ်က ငြိမ်းငြိမ်းချမ်းချမ်း ပြီးသွားအောင်လို့ လိုက်ပြီးတော့ လုပ်တာပဲ။ ကလေးတွေကို ကျမတို့ကိုယ်တိုင်လည်း လိုက်ထိန်းတယ်။ လူငယ် ချင်းချင်းလည်း လိုက်ထိန်းတယ်။ နောက်ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လူစုခွဲဖို့ဆိုတာ အဲ့ဒီမှာလာပြီးတော့ တာဝန်ယူတဲ့ တပ်မတော်အရာရှိကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များက သွားရောက်ပြီး တော့ အေးအေးချမ်းချမ်းဖြစ်ရေးအတွက် ဆွေးနွေးခဲ့တယ်။ အဲ့ဒီလိုလုပ်တာကို တာဝန်ရှိတဲ့ တပ်မတော်ပုဂ္ဂိုလ်များက သိရှိလျက်သားနဲ့ ဘာဖြစ်လို့ လုပ်သား ပြည်သူ့နေ့စဉ်နဲ့မြန်မာ့အသံကနေပြီးတော့ လှုံ့ဆော်တယ်ဆိုတဲ့သဘောနဲ့ ရေးလဲ ဆိုတာ အများကြီးမေးစရာကို ဖြစ်နေပါတယ်။

တပ်မတော်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်နဲ့ ကျမတို့အဖွဲ့ချုပ်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကနေ သွားပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လူစုခွဲရေးအတွက် ကြိုးစားတာ ကို အများအသိပဲ။ အဲ့ဒီတော့ တမင်သက်သက် ကျမတို့အဖွဲ့ချုပ်ကို ထိခိုက်ရာချင်တဲ့သဘောဟာ အင်မတန်ကိုထင်ရှားနေပါတယ်။ ဒါတင်မကသေး ဘူး။ မနေ့ကဖြစ်တဲ့ ကိစ္စတွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ မနေ့က ဖြစ်တဲ့ကိစ္စဟာ ကျမတို့အဖွဲ့ချုပ်ဝင်းထဲမှာ ကျောင်းသားလူငယ်များ အစည်း အဝေး လုပ်နေတယ်။ အစည်းအဝေးလုပ်နေတုန်းမှာ ပြင်ပကလူငယ်များ

www.burmeseclassic.com

www.burmeseclassic.com



ဟာရောက်ပြီး ဆန္ဒပြဖို့ရည်ရွယ်တယ်ဆိုတဲ့ သတင်းကြားတယ်။ ကြားတာ ကျမတို့အဖွဲ့ချုပ်ရုံးကလည်း ဂိတ်ဝကို ပိတ်ထားတယ်။ ကျမတို့အိမ်ကလည် ဂိတ်ဝကို ပိတ်ထားတယ်။ ဒါပေမယ့်လည်း ဝုန်း၊ ဝုန်း ဆိုပြီးတော့ လူစုလူဝေ ရောက်လာတယ်။ အပြင်ကလူငယ်ချည်းပဲ၊ လူစိမ်းတွေချည်းပဲ။ ဒီလိုဖြစ်လည် ဖြစ်ရော တပ်ကလည်း တဝုန်းဝုန်းနဲ့ရောက်လာတာပဲ။

တပ်သားများက ဝါးရင်းတုတ်များကို သံဆူးကြိုးများပတ်ပြီးတော့ ကိုင်ထားတယ်။ အဲဒါလည်း အများကြီးမေးစရာပဲ။ ပြည်သူလူထုကို ဝါးရင် တုတ် သံဆူးကြိုးပတ်ပြီးတော့ နှိမ်နင်းချင်တဲ့စိတ်တွေ ဘာဖြစ်လို့ ရှိရသလဲ ဆိုတာကို ကျမတို့ မေးစရာမေးခွန်းတခု ဖြစ်နေပါတယ်။

သတင်းစာထဲမှာ ဘယ်လိုရေးလိုက်သလဲဆိုတော့ (၄၄) တက္ကသိုလ် ရိပ်သာလမ်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့မှာဖြစ်တယ်။ နောက်ပြီးတော့ လည်း ဒေါ်အောင်ဆန်းစုကြည်အိမ်ဝင်းထဲ ဝင်ပြေးတယ်လို့ပြောပါတယ်။ အမှ အားဖြင့်တော့ ဒီနားမှာရှိတဲ့ အိမ်ဝင်းတွေအားလုံးအထဲကို ဝင်ပြေးကြတာ ချည်းပဲ။ ကျမတို့ အိမ်ဝင်းအထဲတင် ဝင်ပြေးတာမဟုတ်ပါဘူး။ ဟိုဘက်အိမ် လည်း ဝင်ပြေးပါတယ်။ အဖွဲ့ချုပ်ထဲလည်း ဝင်နိုင်တဲ့လူတွေကဝင်ဖို့ ကြိုးစား ကြပါတယ်။ ဒါကို ကျမတို့ အိမ်တအိမ်ထဲကိုပဲ ကွက်ပြီးတော့ ဝင်ပြေးတယ် ဆိုတာ ဘယ်လိုအဓိပ္ပာယ်နဲ့၊ ဘယ်လိုရည်ရွယ်ချက်နဲ့ပြောတာလဲ။ ကျမတို့ အများကြီး မေးစရာဖြစ်ပါတယ်။

ကျမရဲ့အိမ်ဝင်းထဲမှာ ကျောင်းသားလူငယ်များ အစည်းအဝေး လုပ် တယ်ဆိုတာ မှန်တယ်။ ကျောင်းသားများဟာ ကျမရဲ့အိမ်ဝင်းထဲ ဝင်ပြေး လာတယ်ဆိုတာလဲ မှန်တယ်။ ဒါလဲ ကျမတို့ဝန်ခံပါတယ်။ ဒါပေမယ့် ကျမတို့အိမ်ဝင်းထဲတင် မဟုတ်ဘူး။ အခြား အိမ်ဝင်းထဲတွေလဲဝင်ပြေးတယ်။

ကျမတို့အဖွဲ့ချုပ်က လူကြီးများက ထွက်ပြီးတော့ ပြေပြေလည်လည် ဖြစ်အောင် ကြိုးစားတယ်။ ဒါကိုလည်း တပ်မတော်က အရာရှိတွေသိနေတာ သိပေမယ့်လည်း ဘာမှ အသိအမှတ်မပြုဘူး။ ဒါကို ဘာမှမပြောပဲနဲ့ ဒီဆူပူ ဖြစ်အောင် ကျမတို့အဖွဲ့ချုပ်ကလုပ်တယ်ဆိုတဲ့ သဘောထားနဲ့ရေးတာဟာ အင်မတန်မှ မရှင်းတဲ့ကိစ္စလို့ပဲ ကျမတို့ယူဆရမှာပဲ။ ဒါ တမင်သက်သက် အဖွဲ့ချုပ်ကို ရမယ်ရှာပြီးတော့ အပြစ်ယူချင်လို့ လုပ်နေသလို သဘော သက်ရောက်တယ်လို့ ကျမ မြင်ပါတယ်။ ဒီလာပြီးတော့ ဆန္ဒပြတဲ့ ကလေးများဟာ ကျမတို့နဲ့ မဆိုင်ပါဘူး။ အဖွဲ့ချုပ်လူငယ်ထဲမှာပါတဲ့ လူငယ် တွေ လုံးလုံး မဟုတ်ပါဘူး။

ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့အဖွဲ့ချုပ်က ဦးအောင်ရွှေနဲ့ဦးချစ်ခိုင်တို့ မနေ့က 'တဝတ' ရုံးကိုသွားခဲ့ပါတယ်။ 'တဝတ' ရုံးမှာတွေ့ခဲ့တဲ့ ဗိုလ်မှူး တင်မောင်ဝင်းကို စုံစမ်းချင်တာရှိရင် စုံစမ်းပါ။ မေးစရာရှိရင် မေးပါ။ ဆွေးနွေး စရာရှိရင် ဆွေးနွေးပါ။ အဖွဲ့ချုပ်နဲ့ လုံးလုံးသက်ဆိုင်တဲ့ ဆန္ဒပြမှု မဟုတ်ပါ ဘူးဆိုတာ ပြောခဲ့ပါတယ်။ ဒါကိုလည်း ဘာမှစုံစမ်းခြင်း မရှိဘူး။ ဘာမှ မေးမြန်းခြင်းမရှိဘူး။ ဘာမှ ဆွေးနွေးခြင်း မရှိဘူး။ သူတို့ သတင်းစာ

ရဒီယိုမှာ ပြောချင်တာကို ပြောသွားတယ်။ ဒါဟာ သိပ်ပြီးတော့ မှန်ကန်တဲ့ နည်းမဟုတ်ဘူးလို့ ကျမထင်ပါတယ်။

ကျမတို့ကနေပြီး ဆူပူစေချင်လို့ လုပ်တယ်လို့ပြောတယ်။ မှန်မှန် ကန်ကန် ငြိမ်းငြိမ်းချမ်းချမ်း လုပ်ချင်တဲ့အဖွဲ့အစည်းကို ဆူပူအောင် လှုံ့ဆော် ပေးပါတယ်လို့ ပြောတာကိုက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မဖြစ်စေချင်တဲ့ စိတ် သဘောမျိုးပါသလို ဖြစ်နေပါတယ်။ ဒါကြောင့် ကျမတို့အဖွဲ့ချုပ်အနေနဲ့ ဒါကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။

နောက်ပြီးတော့ မောင်ဖုန်းမော်ကိစ္စ။ မောင်ဖုန်းမော်နေ့ ရက်သတ္တပတ် ဟောပြောပွဲတွေနဲ့ပတ်သက်လို့ သတင်းစာတွေထဲမှာ ပါပါတယ်။ ဘယ်နေရာ တွေမှာ ဘယ်သူတွေက ဟောပြောသွားတယ်၊ တပ်မတော်ဆန့်ကျင်ရေးတွေ ဟောပြောသွားပါတယ် ပေါ့လေ။ ဟောပြောသွားတဲ့နေရာတွေထဲမှာ ကျမတို့ အဖွဲ့ချုပ်ရုံးတွေပါတယ်ဆိုတာ မှန်ပါတယ်။ ကျမတို့ ဝန်ခံပါတယ်။ ဒါ ငြင်းပါဘူး။ ကျမတို့ရဲ့ အင်အယ်လ်ဒီလူငယ်ထဲက ဟောပြောသွားတယ် ဆိုတာလဲ မှန်တယ်။ ကျမတို့ မငြင်းပါဘူး။ ဒီလိုလူငယ်များကို ကျမတို့ အဖွဲ့ချုပ်ရုံးတွေမှာ ဟောပြောခွင့်ပေးတာဟာ ရှုန်းရင်းဆန်ခတ် မဖြစ်သွား အောင်လို့ဆိုတဲ့ ဆန္ဒနဲ့ ကျမတို့ လုပ်သွားတာပါ။ ကျမတို့နဲ့ ဆွေးနွေးမယ် ဆိုရင် အဖြေဟာ ပေါ်မှာပါ။

မောင်ဖုန်းမော်ကိစ္စနဲ့ပတ်သက်လို့ ကျောင်းသားလူငယ်များဟာ အထိမ်း အမှတ် အခမ်းအနားများ လုပ်ချင်တယ်ဆိုကတည်းက ကျမတို့ကို တိုင်ပင်ပါ တယ်။ ကျောင်းသားလူငယ်များကို ထိန်းထိန်းသိမ်းသိမ်း လုပ်ကြပါ၊ တတ်နိုင် သမျှ အေးအေးချမ်းချမ်းဖြစ်အောင် လုပ်ကြပါ။ ပြင်ပမှာ ဆန္ဒပြမှုတွေ လုပ်လို့ရှိရင် ရှုန်းရင်းဆန်ခတ်ဖြစ်မှာစိုးလို့၊ ဟောပြောပွဲတွေ သူတို့က သိပ်လုပ် ချင်တယ်၊ ဒီတော့ ကဲ ဒီလိုဆိုရင်တော့ အဆောက်အဦတွေအတွင်းမှာလုပ်ပါ။ ကျမတို့ ထိန်းထိန်းသိမ်းသိမ်းဖြစ်အောင် အမျိုးမျိုးကြိုးစားခဲ့ပါတယ်။ ဒါကို လည်း တကယ်ပဲ သိချင်တယ်ဆိုလို့ရှိရင် သိဖို့ရာ မခဲယဉ်းပါဘူး၊ ဘယ်ကားနဲ့ ဘယ်သူတွေ ဘယ်အချိန်မှာသွားတယ်ဆိုတာ သိနိုင်တဲ့သူများဟာ ကျမတို့ ဘယ်လိုထိန်းသိမ်းတယ်ဆိုတာ တကယ်ပဲ သိချင်တယ်ဆိုရင် သိနိုင်ဖို့ အကြောင်း အများကြီးရှိပါတယ်။ တိတိကျကျ သိချင်တယ်ဆိုရင် ကျမတို့ကို လာပြီးတော့ မေးလို့ရပါတယ်။ ကျမတို့ ပြောဖို့အဆင်သင့်ပါဘဲ။ လူငယ်တွေ ကို ကျမတို့ထိန်းဖို့ ကြိုးစားတယ်ဆိုတာ ကျမတို့ကို ဘယ်အချိန် မေးမေး ပြောနိုင်ပါတယ်။

နောက်ပြီးတော့ တရားမဝင်တဲ့အဖွဲ့အစည်း 'ဗကသ'က မင်းကိုနိုင် ကျမတို့ အဖွဲ့ချုပ်ရုံးထဲမှာ ဟောပြောသွားတယ်လို့ ပြောပါတယ်။ ဒီတော့ ကျမက မေးချင်တယ်။ 'ဗကသ'ကို ဒီလိုပြောတော့ 'မကသ'ကရော တရား ဝင်တဲ့ အဖွဲ့အစည်းလား။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ချုပ် ဆိုတဲ့ 'မကသ'လည်း တရားဝင်တဲ့ အဖွဲ့အစည်းမဟုတ်ဘူး။ မဟုတ်ပဲနဲ့ ကြက်မျှချုပ်ခင်ညွန့်ကိုယ်တိုင် ခေါ်ပြီးတော့ တွေ့ဆုံဆွေးနွေးတယ်။ သတင်း စာတွေရေးတယ်။ ဒီဟာကျတော့ ဖြစ်နိုင်သလား။ ကျောင်းသားလူငယ်များ

www.burmeseclassic.com

www.burmeseclassic.com

ယိန်းထိန်းသိမ်းသိမ်းဖြစ်ရေး၊ ပြီးတော့ အဖွဲ့ချုပ်ရုံးတွေထဲမှာ 'ဗကသ'ကို ဟောပြောခွင့်ပေးတာကျတော့ အပြစ်ကြီးဖြစ်သွားရောလား။ ဒီဟာ မှန်ကန်တဲ့ နည်း မဟုတ်ဘူးလို့ ကျမတို့ထင်ပါတယ်။ ကျမတို့လို တရားဝင် အဖွဲ့အစည်း တခုထဲမှာ တခုခုဖြစ်နေလို့ မကျေနပ်ဘူးဆိုရင် ခေါ်ပြီးတော့ ဆွေးနွေးတိုင်ပင် ပါလား။ ဘာဖြစ်လို့ 'မကသ'လို တရားဝင် မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်း မဟုတ်တဲ့ အဖွဲ့အစည်းကြတော့ ဆွေးနွေးလဲ။

တကယ်ပဲ တိုင်းပြည်ထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်စေချင်တယ်၊ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ 'နဝတ'အကြား ဘာမှပဋိပက္ခ မဖြစ်စေချင်ဘူး ဆိုရင် အချိန်မရွေး ကျမတို့ကို ခေါ်ပြီးတော့ ဆွေးနွေးလို့ရပါတယ်။ ညှိနှိုင်း တိုင်ပင်လို့ ရပါတယ်။ ကျမတို့ အစကတည်းကလည်း ပြောထားပြီးသားပါ၊ ဆွေးနွေးဖို့ ကျမတို့ အဆင်သင့်ပါ။ စကားပြောဖို့ အဆင်သင့်ပါ။ ကျမတို့မှာ ဘာမှ ပုန်းလျှိုးကွယ်လျှိုး လုပ်စရာအကြောင်း မရှိပါဘူး။ ကျမတို့အနေနဲ့ အစကတည်းက ပြောထားပြီးသားပါ။ တရားဝင် ပွင့်ပွင့်လင်းလင်း ပြောထား ပြီးသားပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ကျောင်းသား လူငယ်များကို ဘယ်တော့မှ မပစ်ပယ်ဘူးဆိုတာလည်း ကျမတို့ ပြောထားပြီးသားပါ။ ဒါကြောင့် 'ဗကသ'က ကျမတို့ဆီမှာလာပြီးတော့တွေ့ချင်တယ်ဆိုရင် ကျမတို့ အတွေ့ခံတယ်။ 'မကသ'က လာပြီးတော့ တွေ့ချင်တယ်ဆိုရင်လည်း ကျမတို့ အတွေ့ခံတာပဲ။ ကျမ အတွေ့ မခံဘူးဆိုတဲ့ ကျောင်းသားလူငယ်အဖွဲ့ရယ်လို့ မရှိသလောက်ပါဘဲ။ ကျမ အချိန်ရှိလို့ရှိရင် အမြဲပဲ အတွေ့ခံပါတယ်။ ညှိနှိုင်း တယ်၊ တိုင်ပင်တယ်၊ အေးအေးချမ်းချမ်းနဲ့ ထိန်းထိန်းသိမ်းသိမ်း လုပ်သွားဖို့ ကျမ အမြဲအားပေးပါတယ်။ ဒါ ကျမတင် မဟုတ်ပါဘူး။ ကျမတို့အဖွဲ့ချုပ်ရဲ့ မူအရ အဖွဲ့ချုပ်က လူကြီးအားလုံး ဒီအတိုင်းပဲ လုပ်ပါတယ်။ ဒါကို ခုတင်က ပြောသလို ဘယ်သူဘယ်ကားနဲ့ ဘယ်နံပါတ်နဲ့ ဘယ်အချိန် ဘယ်ကို သွားတယ်ဆိုတာ ခရေစေ့တွင်းကျ သိတဲ့လူတွေ သိမယ်လို့ ကျမထင်ပါတယ်။ သိလျက်သားနဲ့ ဒီဟာတွေကြတော့ ဖော်မပြပဲနဲ့ အဖွဲ့ချုပ်ကို ထိခိုက်နိုင်မယ့် ကိစ္စတွေကိုသာ ကွက်ပြီးတော့ ဖော်ပြတာဟာ အင်မတန်မှပဲ တရားမမျှတတဲ့ ကိစ္စလို့ ကျမ ယူဆပါတယ်။

အဲဒီတော့ ဒါဟာ ဘာသဘောလဲ။ ဒါဟာ ဘာလုပ်ချင်လို့လဲ၊ ဘာဖြစ် စေချင်လို့လဲ။ ဒီလ(၂၅)ရက်နေ့က သတင်းစာထဲမှာ ရေးထားတာဆိုလို့ရှိရင် အချို့သော နိုင်ငံရေးပါတီများဟာ နိုင်ငံတော်အေးချမ်းသာယာ ရှိနေမှုကို မလိုလားကြဘူးတဲ့။ ကျမတို့တော့ မဟုတ်ပါဘူး။

ကျမတို့ဟာ နိုင်ငံတော်မှာ အေးချမ်းသာယာရှိစေချင်လို့ တတ်နိုင်သမျှ ကျောင်းသားလူငယ်များကို ထိန်းထိန်းသိမ်းသိမ်းလုပ်နေပါတယ်။ ဒါကို သိလျက်နဲ့ တမင်သက်သက် ဆူပူအောင်လှုံ့ဆော်နေတယ်လို့ ပြောနေတဲ့ လူများဟာ အေးချမ်းခြင်းကို မလိုလားလို့ ပြောနေတာလားလို့၊ ကျမတို့က အများကြီး ပြန်မေးစရာတွေ ဖြစ်နေပါတယ်။



ကောက်ပြီးတော့ နိုင်ငံတော်ကိုဆန့်ကျင် တပ်မတော်ကိုဆန့်ကျင် ဟောပြော နေတယ်၊ ဆူပူမှုဖြစ်စေရန် ဖန်တီးနေတယ်တဲ့။ ကျမတို့ မဖန်တီးပါဘူး။ ကျမ တပ်မတော်အကြောင်းနဲ့ပတ်သက်လို့ ဘယ်တော့မှ တနေရာတမျိုး၊ တနေရာ တမျိုး မပြောပါဘူး။ အမိန့်အမှတ် ၈/၈၈ အရ တပ်မတော်ပြိုကွဲရေး၊ တပ်မတော်နဲ့ပြည်သူ စိတ်ဝမ်းကွဲရေးအတွက်ဆိုတာ ကျမ တခါမှမလုပ်ခဲ့ဘူး၊ ကျမ အမြဲပဲပြောတယ်။ တပ်မတော်နဲ့ပြည်သူကြားထဲမှာ စိတ်ဝမ်းကွဲရေးဆိုတာ ပြည်သူဘက်၊ နိုင်ငံရေးပါတီတွေဘက်ကသာ လုပ်နိုင်တာမဟုတ်ဘူး။ တပ်မတော်ဘက်ကလည်း လုပ်နိုင်တယ်၊ တပ်မတော်ဘက်က လုပ်ပုံ၊ ကိုင်ပုံ မမှန်ကန်လို့ရှိရင်၊ ပြောပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံ မမှန်လို့ရှိရင်လည်း ပြည်သူလူထု နဲ့တပ်မတော်ကြားမှာ သိပ် စိတ်ဝမ်းကွဲနိုင်ပါတယ်။

ကျမ အတန်တန်ပြောပါတယ်။ တပ်မတော်ပြိုကွဲရေးကို မလိုလား ပါဘူး။ တပ်မတော်တည်တံ့ခိုင်မြဲမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမယ်ဆိုတာ ကျမတို့ လက်ခံထားပြီးသားပါ။ တပ်မတော်နဲ့ပြည်သူကြားထဲမှာ စိတ်ဝမ်း ကွဲရေးကိုလည်း မလိုလားပါဘူး။ တပ်မတော်နဲ့ပြည်သူကြားမှာ စိတ်ဝမ်းကွဲနေ လို့သာ ကျမတို့တိုင်းပြည် ဒီလောက်တောင် ဒုက္ခရောက်နေတာပါ။ ဒါကြောင့် မို့လို့ ကျမအတန်တန် ပြောပါတယ်။ တပ်မတော်ရဲ့အာဏာကို အလွဲသုံးစား လုပ်တဲ့သူများသာလျှင် ပြည်သူနဲ့တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်နေသူတွေပဲ။ ကျမတို့အနေနဲ့တခါမှ တပ်မတော်နဲ့ပြည်သူကြားမှာ စိတ်ဝမ်း ကွဲအောင် မလုပ်ခဲ့ပါဘူး။

အခုဆိုလို့ရှိရင် တပ်မတော်ထဲမှာ ကျမတို့အဖွဲ့ချုပ်နဲ့ ပတ်သက်လို့ ဝါဒဖြန့်ချိရေးတွေ အမျိုးမျိုးလုပ်နေတယ်ဆိုတာ ကျမတို့ ကြားရပါတယ်။ ဒါတွေက လျှို့ဝှက်တဲ့ကိစ္စမဟုတ်ပါဘူး။ 'နဝတ' အတွင်းရေးမှူး(၂)ဖြစ်တဲ့ ဗိုလ်မှူးချုပ်တင်ဦးဟာ စည်းဝေးပွဲတွေမှာ ကျမတို့ကို ရှုံ့ချနေတယ်ဆိုတာ ကြားရပါတယ်။ ဒီဟာ 'နဝတ' အရာရှိတဦးအနေနဲ့ လုပ်သင့်တဲ့ ကိစ္စ မဟုတ်ပါဘူး။ 'နဝတ' တည်ထောင်ကတည်းက 'ကြား'နေပါမယ်၊ အရောင် ဆိုးထားခြင်း မရှိပါဘူး၊ ဘယ်နိုင်ငံရေးပါတီဘက်ကမှ မပါပါဘူးလို့ ပြောခဲ့ပြီးတော့ 'နဝတ'အတွင်းရေးမှူး(၂)က ဒီလိုကျမတို့ကို ထိပါး ပြောဆိုနေ တာဟာ အင်မတန်မှ အပြောနဲ့အလုပ်မညီတဲ့ ကိစ္စတခုဖြစ်ပါတယ်။

ကျမတို့အဖွဲ့ချုပ်ကို ဘာဖြစ်လို့ တိုက်နေတာလဲ။ ဒါမေးစရာပဲ။ မနေ့တုန်းက ကိစ္စဆိုလို့ရှိရင် ဆင်ကွက်နဲ့အများကြီးတူပါတယ်။ ကျမတို့ အဖွဲ့ချုပ်နဲ့ ဘာမှ မသက်ဆိုင်တဲ့ ကျောင်းသားတွေကို ဘယ်သူကသွားပြီးတော့ လှုံ့ဆော်သလဲ။ တနင်္လာနေ့တုန်းကလည်း ဒီအတိုင်းပဲ။ ကျောင်းသားတွေ ဆူပူနေတယ်၊ လာကြပါ၊ လာကြပါလို့ တယ်လီဖုန်းတွေဆက်တယ်။ ကျမတို့ အဖွဲ့ချုပ်ထဲက မဟုတ်ဘူး။ ကျမတို့အဖွဲ့နာမည်ကိုသုံးပြီးတော့ လုပ်တာလည်း ရှိတယ်။ ဒါဟာ ဆူပူအောင် လှုံ့ဆော်နေတာ ဘယ်သူတွေလဲဆိုတာ တကယ် ပဲ သိချင်လို့ရှိရင် ကျမတို့နဲ့ တိုင်ပင်ပါ။ ကျမတို့လည်း သိချင်တယ်။ ကျမတို့အဖွဲ့ချုပ်ရဲ့နာမည်ကို ဘယ်သူတွေက အလွဲသုံးစားလုပ်နေသလဲဆိုတာ ကျမတို့ သိချင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကကိစ္စလည်း ထိုနည်းငှင်းပဲ။ အဖွဲ့ချုပ်ရေ့မှာ ဘာဖြစ်လို့ ဆ လာပြသလဲ။ ကျမတို့အဖွဲ့ချုပ်ကို အမှုပတ်စေချင်လို့ လုပ်တာလား၊ ဒါမေး ဖြစ်နေပြီ။ နောက်ပြီးတော့လည်း အကွက်ကသိပ်ပြီးတော့ သေသပ်လွန်းတယ် အကွက်ဆင်ထားတာ ကြ နေတာပဲ။ တခုပြီးတခု တဆက်တည်း ဖြစ်သွ လိုက်တာ အားလုံး အဖွဲ့ချုပ်ရေ့မှာချည်းပဲ။ စစ်ကားတွေက ရောက်လာတယ် စစ်သားတွေက ဆန္ဒပြနေတဲ့ ကလေးတွေကိုလိုက်ပြီးတော့ လုပ်တာ ထာ တော့။ ကျမတို့အဖွဲ့ချုပ်ဝင်းထဲကိုဝင်လာပြီးတော့ ရိုက်ဖို့ကြိုးစားတယ်။ ဒါ ဘယ်လို အဓိပ္ပါယ်လဲ။ ကျမတို့ အဖွဲ့ချုပ်တံခါးတွေကို ပိတ်ထားတယ် အထဲကလူလည်း အပြင်မထွက်ရ၊ အပြင်ကလူလည်း အထဲမဝင်ရ ဆိုပြီးတော့ တားထားတယ်။ ကျမတို့နဲ့ ဘာမှမဆိုင်ဘူးဆိုတာ ရှင်းရှင်းလင်းလင်းပြောထာ တယ်။ ပြောထားတဲ့အထဲက အဖွဲ့ချုပ်ဝင်းထဲဝင်ပြီးတော့ ရိုက်ဖို့ကြိုး ကြတယ်။ နောက်ပြီးတော့ ကောလဟာလသတင်း လွှင့်လိုက်သေးတယ် ရဲဘော်များကို မကြားနိုင်၊ မခံနိုင်လောက်အောင် ဆဲရေးတိုင်းထွာနေတယ် ဘယ်သူက ဆဲရေးတိုင်းထွာနေတာလဲ။ ကျမတို့ဖက်က ဘယ်သူမှ ဆဲ တိုင်းထွာမလုပ်ဘူး။ အပြင်ကလာတဲ့ ကျောင်းသားများဟာ သူ့ဖာ ကြွေးကြော်ခဲ့ကြတာပဲ။ ဆဲတယ်၊ ဘာတယ်ဆိုတာ တခုမှမရှိခဲ့ဘူး။ စ ကားပြီးတော့ တပ်မတော်နဲ့ပြည်သူကြားမှာ တမင်သက်သက်စိတ်ဝမ်းကွဲအေ လုပ်နေတာဟာ ဘယ်သူတွေရဲ့လက်ချက်လဲဆိုတာ ကျမတို့လည်း သိချ တယ်။ 'နဝတ'ကလည်း အမှန်အတိုင်းသိချင်တယ်ဆိုရင် ကျမတို့နဲ့ ဆွေး တိုင်ပင်ပေါ့။ တကယ့် တရားခံတွေကိုရှာဖို့ ကျမတို့နဲ့အတူတူ ကြိုးစား ကျမတို့က ဖြေဖို့အဆင်သင့်ပဲ။ ဘာမှ ကျမတို့ ဝှက်ထားစရာ ဖုံးထား မရှိပါဘူး။ အခုလုပ်ပုံကိုင်ပုံဟာ အကြံတခုခုနဲ့ လုပ်နေသလိုလို ဖြစ်နေတယ်

အဖွဲ့ချုပ်နဲ့တပ်မတော်ကြားထဲမှာ စိတ်ဝမ်းကွဲအောင်လို့ တပ်မတော် မှာ ဝါဒ ဖြန့်ချီနေတယ်ဆိုတာလည်း ကျမတို့ကြားရတယ်။ အစည်းအဝေး ခေါ်ပြီးတော့ တပ်သားတွေကို ကျမတို့အဖွဲ့ချုပ်က ဘယ်သို့ဘယ်ညာဆို တော့ လုပ်နေတာဟာ စောစောကပြောသလို 'နဝတ' အတွင်းရေးမှူ ဗိုလ်မှူးချုပ်တင်ဦး ပြောနေတာ၊ ဆိုနေတာနဲ့ တသဘောထဲပဲ။ ဒါဟာ တ သက်သက် အဖွဲ့ချုပ်နဲ့တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင်လုပ်တာ တပ်မတော်သားများက အဖွဲ့ချုပ်ကို ရန်သူအနေနဲ့မြင်အောင် လုပ်တာ တပ်မတော်သားများက ဒီမိုကရေစီလိုလားတဲ့ ပြည်သူလူထုကို ရန်သူအနေ မြင်အောင် လုပ်တာပဲ။ ဒီလိုပဲ ကျမတို့ မြင်ပါတယ်။ ဒီတော့ ကျမ ကိုချည်းပဲ လက်ညှိုးထိုးပြီးတော့ ဆူပူမှုဖြစ်အောင် လှုံ့ဆော်တယ်လို့ ပြော တာဟာ တကယ်တော့ သူခိုးကလူဟစ်တာနဲ့ အများကြီးတူနေတယ် နောက်ပြီးတော့လည်း တပ်မတော်နေ့ကို ၂/၈၈နဲ့ ငြိတယ်ဆိုပြီးတော့ တ နိုင်ငံရေးသမားတွေက ပြောနေတယ်လို့ ဆိုပါတယ်။

မတ်လ(၂၅)ရက်နေ့ သတင်းစာထဲမှာ ပါပါတယ်။ အမိန့်အမှ ၂/၈၈၊ အပုဒ် ၁၊ အပုဒ်ခွဲ ခ တွင်ပါရှိသည်မှာ - ဆူပူလှုံ့ဆော်လို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူ(၅)ယောက်နှင့် လူ(၅)ယောက်ထက်ပို၍ လမ်း ပေါ်တွင် စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်ခြင်း၊ အော်ဟစ် ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရုန်းရင်းဆန်ခတ်ပြုခြင်း၊ မည်သူမျှ မပြုလုပ်ရ ဟူ၍ဖြစ်ကြောင်း။ သို့သော်လည်း မြို့ထဲတွင် နေ့စဉ်နှင့်အမျှ ထောင်၊ သောင်း ချီပြီး သွားလာနေသူများအားလုံး အမြင်ပင်ဖြစ်ကြောင်း၊ ၎င်းတို့သည် ဆူပူ လိုသော ရည်ရွယ်ချက်၊ ပြစ်မှုတစုံတရာ ကျူးလွန်လိုသော ရည်ရွယ်ချက် မရှိကြောင်း၊ ထို့အပြင် ထိုသူများ သွားလာနေကြခြင်းကို အရေးယူမှု မရှိ ကြောင်း-တဲ့။

ကျမတို့လည်း ဒီအတိုင်းပဲပြောခဲ့တာပါ။ ကျမတို့ အဖွဲ့အစည်း အတွက် စည်းရုံးရေး ဆင်းတဲ့အခါကျရင် လူထုကတော့ ငါးယောက်ထက် များတာချည်းပေါ့။ အဲဒီတော့ ငါးယောက်ထက်များသွားလို့ဆိုပြီး အရေးယူ တယ်။ မွန်ပြည်နယ်တို့၊ တနင်္သာရီတိုင်းတို့မှာဆိုရင် ကျမတို့ပြန်သွားတာနဲ့ ငါးယောက်ထက်များလို့ဆိုပြီး စည်းရုံးရေးတာဝန်ခံတွေကို ၂/၈၈အရ ဆွဲပါ တယ်။ ကျမ အဲဒီတုန်းကလည်း ရှင်းပြခဲ့ပါတယ်။ ၂/၈၈ရဲ့ ရည်ရွယ်ချက်က ဆူပူခြင်းမဖြစ်ဖို့၊ ရုန်းရင်းဆန်ခတ်မဖြစ်ဖို့၊ ပြစ်မှုတစုံတရာ ကျူးလွန်လိုသော ရည်ရွယ်ချက်မရှိဖို့၊ ဒါအတွက် ထုတ်ထားတာပဲ။ ကျမတို့ရဲ့ စည်းရုံးရေး အစည်းအဝေးများဟာ လူစုလူဝေးကြီးမားပေမယ့် အားလုံး အေးအေးဆေးဆေး နဲ့ ပြီးသွားတာပါ။ ရုန်းရင်းဆန်ခတ်လည်း မဖြစ်ခဲ့ပါဘူး။ ဘာပြစ်မှုမှလည်း မကျူးလွန်ခဲ့ပါဘူး။ ဒီတော့ ဘာဖြစ်လို့ဒါတွေကို အရေးယူဖို့လိုသလဲ။ ဒါကို ကျမ တင်ပြခဲ့ပါတယ်။ ကျမတို့ရဲ့ စည်းရုံးရေးခရီးတွေမှာ တခါမှ ၂/၈၈ရဲ့ အနှစ်သာရကို မချိုးဖောက်ခဲ့ပါဘူးဆိုတာ ကျမတို့အကြိမ်ကြိမ် တင်ပြခဲ့ပါ တယ်။ ဒါပေမယ့်လည်း မွန်ပြည်နယ်မှာစည်းရုံးရေးမှူးတွေကို အခုထက်ထိ ဖမ်းထားသေးတယ်။ အကြောင်းပြချက်ကတော့ ကျမတို့သွားတုန်းက လူ ငါးယောက်ထက်များလို့ ၂/၈၈နဲ့ ဆွဲတာတဲ့။ ဆွဲပြီးတော့ မပြီးသေးဘူး။ ပုဒ်မ တခုပြီးတခု ထပ်တပ်တယ်။ တခုတပ်လို့မရ တခုပြောင်းတပ်၊ တခုတပ်လို့မရ တခု ပြောင်းတပ်တယ်။

ဒီဟာ တယောက်ပုံစံတမျိုး လုပ်သလိုမျိုး ဖြစ်နေတယ်။ ကျမတို့ ကြတော့ ၂/၈၈ ဆိုပြီးတော့ အမျိုးမျိုးဟန့်တားနေတယ်။ အခုကျတော့ ရုန်းရင်းဆန်ခတ်မဖြစ်ဘူး၊ ပြစ်မှု မကျူးလွန်လို့ရှိရင် ၂/၈၈ဆိုတာ ကိစ္စမရှိဘူး လို့ ပြောတာနဲ့ အတူတူလို ဖြစ်နေတယ်။ ဒါကို ကျမ လက်ခံပါတယ်။ ကျမတို့က အရင် စပြောခဲ့တာပါ။ ကျမတို့ ရောဝတီတိုင်းတုန်းက တခရီးလုံး ဒီအတိုင်းပဲ ပြောခဲ့တာပါ။ ရုန်းရင်းဆန်ခတ်မဖြစ်ဘူး၊ ပြစ်မှု မကျူးလွန်ဘူး ဆိုလို့ရှိရင် ၂/၈၈ဆိုတာကို ဘာမှ ချိုးဖောက်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ လူ ငါးယောက်ထက်ပိုရုံနဲ့ ဆွဲမယ်၊ အရေးယူမယ်ဆိုတာတော့ ၂/၈၈ကို အလွဲ သုံးစားလုပ်တာပါလို့ ကျမတို့ကိုယ်တိုင် ပြောခဲ့တာပါ။ အဲဒီတော့ အခု သတင်းစာမှာပြောတာကို ကျမတို့ ထောက်ခံပါတယ်။ ဒါပေမယ့်လည်း ပြောတဲ့အတိုင်းပဲ လုပ်ကြပါလို့ ကျမက မေတ္တာရပ်ခံချင်ပါတယ်။ တပ်မတော် ကျတော့တမျိုး၊ ပြည်သူလူထုကျတော့ဘမျိုး ဆိုပြီးတော့၊ တရားဥပဒေကို သုံးတယ်ဆိုလို့ရှိရင်တော့ တပ်မတော်နဲ့ပြည်သူကြားမှာ စိတ်ဝမ်းကွဲမှာပေါ့။

www.burmeseclassic.com

ဒီတော့ ဘယ်သူက စိတ်ဝမ်းကွဲအောင်လုပ်နေတာလဲ။ ကျမတို့ မဟုတ်ပါ တပ်မတော်ထဲမှာ အေးအေးချမ်းချမ်း ချီတက်တယ်ဆိုရင် ချီတက်ပါ ဆူပူသောင်းကျန်းမှု မဖြစ်ဘူးဆိုရင် ကျမတို့ ဘာမှမပြောလိုပါဘူး။ ကျ အဖွဲ့အစည်းတွေကလည်း ဒီအတိုင်းပဲ စည်းရုံးရေးခရီးထွက်တဲ့အခါ ငါးယောက်ထက် များလို့ရှိရင်များပါစေ။ ဆူပူသောင်းကျန်းမှု မရှိရင် ပြ ပေါ့။ ဒါကို ကျမတို့ လက်ခံပါတယ်။ တယောက်တမျိုးစီထားလို့ ဘယ်ဖြစ်မလဲ။

မောင်ဖုန်းမော်နေ့နဲ့ပတ်သက်လို့ တပတ်အတွင်းမှာ တော်တော်မျာ ဖမ်းဆီးမှုတွေရှိပါတယ်။ ကျမတို့ရဲ့အဖွဲ့ချုပ်နဲ့ဆိုင်တဲ့ ကလေးတွေကို ဖမ တာရှိပါတယ်။ ကလေးနှစ်ယောက် ဖမ်းသွားတာဆိုရင် ကျောင်းသားလု များ ထုတ်ဝေတဲ့ မောင်ဖုန်းမော်နေ့ အစီအစဉ်စာရွက်တွေ လက်ထဲမှာ ဆိုပြီး ဖမ်းသွားတာပါ။ ဒါဟာ အင်မတန်မှလွန်တယ်လို့ ကျမတို့ တယ်။ ဒီအချိန်မှာ ဒီစာရွက်တွေဟာ တမြို့လုံးမှာ ပလူပျံနေ တယောက်ကို ငါးရွက်ဆယ်ရွက်လောက် ဝေလိုက်တာပဲ။ ကြိုက်တဲ့လူ ဆိုပြီး ဝေသွားတာပဲ။ ဒီတော့ ဒီကလေးတွေလက်ထဲမှာ ဒီစာရွ အများကြီးရှိတာပေါ့။ ရှိရုံနဲ့ ဖမ်းရသလား။ အပြစ်နဲ့ အပြစ်ပေးပုံ အင ကွာခြားနေပါတယ်။ လုပ်တဲ့အမှုလေးက သေးသေးလေး၊ ပေးလိုက်တဲ့အ အကြီးကြီးလို ဖြစ်နေပါတယ်၊ တောင်ကြီးမှာဆိုလို့ရှိရင် ကျမတို့ အ တယောက်ကို တဘောင်စာရွက်တွေ လက်ထဲမှာရှိလို့ဆိုပြီး ဖမ်းပါ နမ့်ဆမ်မှာဆိုလို့ရှိရင် ဒီတဘောင်စာရွက်နဲ့ပတ်သက်ပြီးတော့ ကျမတို့ အ တယောက်ရဲ့ဖနီးကို 'မဝတ'က ခေါ်စစ်တယ်၊ နှိပ်စက်ပါတယ်။ ပါးစ မျက်နှာသုတ်ပုဝါတွေ သွတ်ထည့်ပြီးတော့ တဘောင်စာရွက်တွေ ဖြန့်ဝေ ဆိုတာကို အတင်းဝန်ခံခိုင်းပါတယ်။ ဘာ အထောက်အထားမှမရှိပဲနဲ့ ခိုင်းပါတယ်။

အဲ့ဒီလိုလုပ်တာဟာ ဘယ်လိုအဓိပ္ပါယ်နဲ့ လုပ်တာလဲ။ ကျ အများကြီး မေးစရာပဲ။ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းမကွဲစေ ဆိုလို့ရှိရင် ဘာဖြစ်လို့ ဒီလိုကိစ္စတွေ လုပ်နေသလဲ။ မန္တလေးတိုင်း ပုသိ မြို့မှာဆိုရင်လည်း တပ်မတော်သားများက ကျမတို့ အဖွဲ့ချုပ်ဆိုင်းဘု ဖျက်ဆီးနှင်းချခဲ့ပါတယ်။ စည်းရုံးရေးမှူးအိမ်ကို ဝင်ရမ်းခဲ့တယ်။ တော် ရိုင်းရိုင်းစိုင်းစိုင်း လုပ်ခဲ့ပါတယ်။ ဒါတွေဟာ မလိုလားအပ်တဲ့ကိစ္စ သက်သက်ရန်ရှာနေတဲ့ သဘောမျိုးတွေ ဖြစ်ပါတယ်။

တောင်သူလယ်သမားများကိစ္စနဲ့ပတ်သက်လို့ နိုင်ငံရေးအဖွဲ့အစည် က ဆူပူစေချင်တဲ့ဆန္ဒနဲ့ တမင်သက်သက်ရမယ်ရှာပြီး ပြောနေတယ် သဘောမျိုး သတင်းစာထဲမှာ ပါပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျ ဖေဖော်ဝါရီလကတည်းက ကျမတို့ ဥက္ကဋ္ဌကြီးဦးတင်ဦးက 'နဝတ'ကို ဆိုခဲ့ပါတယ်။ တောင်သူလယ်သမားများ ဘယ်လိုဒုက္ခရောက်နေကြ နောက်ပြီးတော့ ပင်လယ်ပိုင်နက်များ ရောင်းလိုက်တဲ့အကြောင်းကြော အလုပ်သမားများ ဘယ်လို 'ဒုက္ခရောက်နေတယ်ဆိုတဲ့အကြောင်းများကို



ပါတယ်။ သတင်းကြေညာချက် တခုလည်း ထုတ်ခဲ့ပါတယ်။ အဲ့ဒီလိုပဲ ကျမတို့ လုပ်ခဲ့ပါတယ်။ ဘာမှ ဒါ့ထက်ပိုပြီးတော့ မလှုံ့ဆော်ခဲ့ပါဘူး။ သတင်းစာထဲမှာရေးသလို ကျမတို့အဖွဲ့ချုပ်က ပြောတာမဟုတ်ပါဘူး။ သတင်းစာထဲမှာ နိုင်ငံရေးအဖွဲ့အစည်းဝင် တောင်သူလယ်သမားများကသာ ပြောတယ်လို့ဆိုပါတယ်။ မဟုတ်ပါဘူး။ ဘယ်အဖွဲ့အစည်းထဲကိုမှ မဝင်ရဲတဲ့ တောင်သူလယ်သမားများက ထပ်ခါထပ်ခါ ဒီကိစ္စကို ပြောနေတာပါ။ ကျမတို့ အဖွဲ့ချုပ်ထဲကိုလည်း တောင်သူလယ်သမား အများစုကြီးလည်း မဝင်ရဲပါဘူး။ ဝင်လို့ရှိရင်ဖမ်းမယ်၊ ဆီးမယ်ဆိုပြီးတော့ ခြိမ်းခြောက်မှုတွေ အများကြီး ရှိနေတာကြောင့် မဝင်ရဲကြရှာပါဘူး။ အဲ့ဒီတော့ ကျမတို့အဖွဲ့ချုပ်ထဲက တောင်သူလယ်သမားများက ပြောတယ်ဆိုတာ လုံးလုံးမဟုတ်ပါဘူး။ အဖွဲ့ချုပ် အပြင်ဘက်က တောင်သူလယ်သမားများက တချိန်လုံး ပြောနေတာပါ။ ကျမတို့ တကယ်ပဲ ဆူပူသောင်းကျန်းမှု ဖြစ်စေချင်တယ်ဆိုလို့ရှိရင် 'နဝတ'ကို ဘာဖြစ်လို့ အကြောင်းကြားမလဲ။ အကြောင်းမကြားပါဘူး။ အရေးမယူစေနဲ့။ အရေးမယူတာ သာတောင်မှ ကောင်းသေးတယ်။ ပိုပြီးတော့ ပြည်သူလူထု ရုံကြမှာပဲဆိုပြီး ကျမတို့ သွေးထိုးပေးမှာပေါ့။ ပြည်သူလူထု ဒုက္ခ ရောက်နေတာကို မမြင်ချင်လို့ 'နဝတ'ကို တင်ပြပါတယ်။ ဒီလိုပဲ ဒုက္ခ ရောက်နေပါတယ်။ ဒီလိုပဲ ပြဿနာတွေဖြစ်နေပါတယ်။ ကြည့်ပြီးတော့ လုပ်ပေးပါဆိုပြီးတော့ ကျမတို့ တင်ပြပါတယ်၊

ပြည်သူလူထုသိအောင်လို့ ဒီလိုတောင်သူလယ်သမားများ ဒုက္ခရောက် နေတယ်ဆိုတာ၊ ကျမတို့ပြောပါတယ်။ ဒီလိုပြောရခြင်းမှာ ကျမတို့ ပြည်သူ လူထုဟာ ကိုယ့်ရဲ့ အခွင့်အရေးတွေကို ကိုယ်ကာကွယ်ရမယ်ဆိုတာ ကျမတို့ ယုံကြည်လို့ ပြောခဲ့တာပဲ။ အဖွဲ့ချုပ်အနေနဲ့ ညွှန်ကြားချက်တခု ထုတ်ထား ပါတယ်။ တောင်သူလယ်သမားများ ဒုက္ခရောက်နေလို့ရှိရင် ကျမတို့ အဖွဲ့ချုပ်က တတ်နိုင်သမျှကူညီရမယ်။ ဒါဟာ လူမှုရေးအရပဲ။ ဒါ နိုင်ငံရေး ပရိယာယ် မဟုတ်ပါဘူး။ ကျမ နိုင်ငံရေးပရိယာယ်ဆိုတာကို အယုံအကြည် မရှိဘူးဆိုတာ ကျမ ပြောပြီးသားပဲ။ ကျမလုံးလုံး အယုံအကြည်မရှိဘူး။ ကျမ ဒီကိစ္စလုပ်တာ မှန်တယ်ထင်လို့လုပ်တယ်။ တောင်သူလယ်သမားများ ဒုက္ခ ရောက်နေတာကို ကျမတို့အဖွဲ့ချုပ်က ကူညီချင်လို့ လုပ်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ကျမ ခြုံပြီးတော့ပြောရမယ်ဆိုလို့ရှိရင် ခုတလောမှာ ကျမတို့အဖွဲ့ချုပ် နဲ့ ဒီမိုကရေစီလိုလားတဲ့ အဖွဲ့အစည်းများကို သက်သက် အပြစ်ရှာနေတယ် ဆိုတာ ကျမ မြင်ရပါတယ်။ သက်သက် တိုက်ခိုက်လာတယ်။ ကျမတို့က ဆူပူမှုဖြစ်အောင်လို့ လှုံ့ဆော်နေတယ်ဆိုပြီးတော့ ထပ်တလဲလဲပြောနေပါတယ်။ ဒီလိုပြောနေတာဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောနေသလဲဆိုတာ ကျမ အများကြီး စဉ်းစားရပါတယ်။

မနေ့ကဖြစ်တဲ့ ကိစ္စတွေကလည်း တမင်သက်သက် အကွက်ဆင်ပြီး တော့ ကျမတို့ကို လက်ညှိုးထိုးတာလားဆိုတာ ကျမတို့ မေးစရာ ဖြစ်လာပါ တယ်။ တပ်မတော်နေ့အတွက် စိုးရိမ်လို့လား။ တပ်မတော်နေ့အတွက် စိုးရိမ် တယ်ဆိုရင် ကျမတို့နဲ့ ဆွေးနွေးနိုင်ပါတယ်။ တပ်မတော်နေ့ ပူဇော်စီးရာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးကြောင်း ဘယ်လို မလုပ်စေချင်ဘူးဆိုတာပြောပါ။ ကျမတို့ ဆွေးနွေး အဆင်သင့်ပဲ။ ကျမတို့အနေနဲ့ ကျောင်းသားလူငယ်များကို အများကြီး ထိ တယ်။ ကျမတို့အဖွဲ့ချုပ်လူငယ်များကို တပ်မတော်နေ့မှာ စိတ်နှလုံးလမ်းလွှဲ တာတို့၊ ဆန္ဒပြတာတို့ မလုပ်ရဘူးဆိုတာ ကျမတို့ ပြောပြီးသားပါ။ တပ်မတော်နေ့ကို တပ်မတော်နေ့အနေနဲ့ လက်မခံဘူးဆိုရင် ဘယ် မသွားကြနဲ့။ ဘယ်သူမှ ထွက်မကြည့်ကြနဲ့။ အဲဒီလိုနည်းနဲ့ သပိတ်မှောက် မှောက်ကြပေါ့။ ကျမတို့ ပြောပြီးသားပါ။ ကျမတို့အနေနဲ့ မတ်လ(၂၇) နေ့ကို တော်လှန်ရေးနေ့အနေနဲ့ လက်ခံတယ်ဆိုတာ ကျမတို့ ပြောပြီးသား ဒါ ပြည်သူလူထုရဲ့ တော်လှန်ရေးနေ့ပါ။ ၁၉၄၅ ခုနှစ်တုန်းက မြန်မာနိုင်ငံ ပြည်သူလူထုက အားလုံးအုံကြွလာပြီးတော့ ဖက်ဆစ်ဝါဒကို မလိုချင် တော်လှန်ရေးကို စတင်ခဲ့တဲ့ နေ့ဖြစ်ပါတယ်။

ကျမတို့အဖွဲ့ချုပ်အနေနဲ့တော့ (၂၇)ရက် မတ်လဟာ တော်လှန်ရေး လို့ လက်ခံပါတယ်။ တော်လှန်ရေးနေ့အနေနဲ့လည်း ဖေဖေက အသိအမှတ်ပြု တယ်။ ကျမလည်း တော်လှန်ရေးနေ့အနေနဲ့ပဲ ဆက်ပြီးတော့ အသိအမှတ် ပြုပါတယ်၊ ကျမတို့ အဖွဲ့ချုပ်ကလည်း ဒီအတိုင်းပဲ။ ပြည်သူလူထုကလည်း ပြည်သူလူထုကိုနှိပ်စက်တဲ့ ဖက်ဆစ်ဝါဒကို တော်လှန်တဲ့နေ့အဖြစ် အသိအမှတ် ပြုပါတယ်။

ကျမတို့အနေနဲ့ အားလုံးကို ပြေပြေလည်လည် ဖြစ်စေချင်တယ် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေချင်တယ်။ 'နဝတ'နဲ့ ညှိနှိုင်းတိုင်ပင်ရမလား၊ ညှိနှိုင်း တိုင်ပင်မယ်။ တပ်မတော်နဲ့ ဆွေးနွေးရမလား၊ ဆွေးနွေးမယ်။ အဆင်သင့် ပဲဆိုတာ ကျမ ထပ်တလဲလဲ ပြောပါတယ်။ ဒီလိုပြောနေတဲ့အထဲက ဘာ ဆွေးနွေးတိုင်ပင်မှုမရှိပဲနဲ့ အဖွဲ့ချုပ်ကို သက်သက် လက်ညှိုးထိုးလာတာကတော့ ကျမတို့ကို ပြည်သူလူထုက ထောက်ခံတာကို မရှုဆိတ်လို့လားဆိုပြီးတော့ ကျမတို့ မေးရတော့မှာဖြစ်ပါတယ်။ ဒီအချိန်မှာ ကျမတို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို တိုက်ခိုက်တယ်ဆိုတာဟာ ပြည်သူလူထုရဲ့ ဒီမိုကရေစီ လှုပ်ရှားမှုကိုလည်း တိုက်ခိုက်တာနဲ့အတူတူပါပဲ။ တကယ်ပဲ စစ်မှန်တဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်စေချင်တယ်ဆိုလို့ရှိရင်တော့ ဒီလိုမတော် မတရား တိုက်ခိုက်မှုတွေကို ရပ်တန့်ကရပ်ဖို့လိုမယ်လို့ ကျမ ထင်ပါတယ်။ ကျမ အနေနဲ့ ပြောချင်တာကတော့ ဒါပါပဲ၊ မေးစရာရှိလို့ရှိရင် မေးကြပါ။

**မေး။** ။ မနေ့က ဆန္ဒပြပွဲနဲ့ပတ်သက်ပြီး၊ နောက်ထပ် ဖမ်းတာ ဆီးတာတွေ ရှိသေးလား။

**ဖြေ။** ။ ဖမ်းဆီးခံရတဲ့ လူစာရင်းတွေ လိုချင်တယ်ဆိုယင် ကျမတို့ ပေးနိုင် ပါတယ်။

**မေး။** ။ ကျနော်တို့သတင်းစာ(လုပ်သားပြည်သူ့နေ့စဉ်)ထဲမှာ ပါတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ အဖွဲ့ချုပ်ကနေ ဖြေရှင်းချက်တွေများ ပို့ထားပြီးပြီလား၊ မဟုတ်ဘူးဆိုတဲ့ ဟာကိုပေါ့လေ။

**ဖြေ။** ။ တနင်္လာနေ့ကိစ္စဟာတော့ ကျမတို့ ဖြေရှင်းချက်ထုတ်ပါတယ်။ ဒီဟာ မရသေးဘူးလား။

(မရသေးပါဘူး။)

မနေ့ကကိစ္စနဲ့ပတ်သက်ပြီးလို့ လောလောဆယ် အားလုံး အမြန်သိ အောင်လို့ ဆိုပြီးတော့ သတင်းစာရှင်းလင်းပွဲခေါ်ရတာ ဖြစ်ပါတယ်။ အဖွဲ့ချုပ်ကိုတိုက်လာတာ တခါလည်း မဟုတ်ပါဘူး။ နှစ်ခါလည်း မဟုတ်ပါ ဘူး။ ထပ်တလဲလဲ တိုက်လာပြီဆိုတော့၊ ကျမတို့ဟာ ဒီလိုရှင်းလင်းပြီးတော့ များသိအောင်လို့ ပြောမှပဲ ဖြစ်တော့မယ်လို့ ကျမထင်ပါတယ်။ အဖွဲ့ချုပ်ကို တိုက်လာတာ မဟုတ်တော့ဘူး။ အဖွဲ့ချုပ်နဲ့တပ်မတော်ကြားထဲမှာ စိတ်ဝမ်းကွဲအောင် အမျိုးမျိုး ဖန်တီးနေတာပဲ။ အဖွဲ့ချုပ်နဲ့တပ်မတော် ကြားထဲ တင် မဟုတ်ဘူး။ ပြည်သူလူထုနဲ့ တပ်မတော်ကြားမှာလဲ စိတ်ဝမ်းကွဲအောင် အမျိုးမျိုး ဖန်တီးနေတာပဲ။ ဒီဟာတွေဟာ အင်မတန်ဆိုးပါတယ်။ မနေ့က ကိစ္စဆိုလို့ရှိရင် အန်ကယ်ဦးအောင်ရွှေတို့၊ အန်ကယ်ဦးချစ်ခိုင်တို့ ကိုယ်တိုင် ကြားခဲ့ရတာဖြစ်တယ်။ ရဲဘော်တွေကို ဆဲနေတယ်ဆိုပြီးတော့ မမှန် လွှင့်နေတာ။ တစ်ယောက်ကမှလည်း မဆဲပါဘူး။ ဆဲဘို့ အချိန်တောင် ဘူး။ ပြေးနေရတာကိုး။ သံဆူးကြိုးတွေ ပတ်ထားတဲ့တုတ်တွေနဲ့ လိုက်ရိုက် တယ်ဆိုတော့ ကလေးတွေပြေးရတာပေါ့။ အဲဒီတော့ ဘယ်သူကများ ဆဲချိန် လဲ။ ဒီလို မဟုတ်မဟတ်တာပြောပြီးတော့ သွေးခွဲနေတာကတော့ မတန်မှ အန္တရယ်ရယ်ကြီးတဲ့လုပ်ငန်းပဲ။ အင်မတန်မှ တိုင်းပြည်အပေါ် မဲ့တဲ့ လုပ်ငန်းပဲလို့ ကျမမြင်ပါတယ်။

**မေး။** ။ အစိုးရကြေညာချက်များမှာ အဖွဲ့ချုပ်က ကိုစိုးသိန်းတို့ ပါတယ်လို့။

**ဖြေ။** ။ ပါပါတယ်။ ကိုစိုးသိန်းဆိုတာ အဖွဲ့ချုပ်လူငယ်ကပါ။ ကျမ ကော ပြောပြီးသားပဲ။ ဟောပြောပွဲထဲမှာ ကျမတို့ လူငယ်တွေလည်း ပါတယ်။ ကျမ မငြင်းပါဘူး။ လူငယ်ထဲက ကိုစိုးသိန်းပါတယ်။ ဒါပေမယ့် ချုပ်လူကြီးတွေထဲက တယောက်မှ မပါပါဘူး။ လူကြီးတွေထဲက အမြဲပဲ သိမ်းဘို့ ကြိုးစားခဲ့ပါတယ်။ မနေ့တုန်းကဆိုလို့ရှိယင် ဦးဝင်းတင်နဲ့ဦးလွင် ကိုယ်တိုင်ထွက်ပြီး ထိန်းသိမ်းဘို့ ကြိုးစားပါတယ်။ ကြိုးစားယင်း အရိုက်မခံ ကောင်းလို့ပဲ။

**မေး။** ။ မနေ့က အဖြစ်အပျက်ကို ပြန်ပြောပါ။ ဝင်းထဲကိုဝင်ပြီးတော့ ရိုက်ဖို့ စားတယ်ဆိုတာ။

**ဖြေ။** ။ ကျမတို့ အဖွဲ့ချုပ်ဝင်းထဲကိုဝင်ဖို့လည်း ကြိုးစားပါတယ်။ အဖွဲ့ချုပ် ထဲကို လှမ်းပြီးတော့လည်း ရိုက်ပါတယ်။ အဖွဲ့ချုပ်က ပင်းတံခါးကို ခတ်ထားတာ၊ အဲဒီဟာကို ခြေထောက်နဲ့ကန်ပြီးတော့ ဖွင့်ဖို့ကြိုးစားတယ်။ ဝင်ရိုက်ဖို့ ကြိုးစားတယ်ဆိုကတည်းက အင်မတန်မှ အန္တရယ်ရှိတယ်ဆိုတဲ့ ပေါ်နေပါတယ်။ ကျမတို့ အိမ်ဝင်းထဲကိုလည်း တချို့က ဝင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပါတယ်။ ဒါပေမယ့် သူတို့အရာရှိက ပြန်ခေါ်သွားပါတယ်။ အဖွဲ့ချုပ်ထဲမှာ ဝင်ပြီးတော့ ရိုက်ဘို့ကြိုးစားတဲ့အထဲမှာ အရာရှိပါတယ်တဲ့။ ဗိုလ်ကြီးပါ တူပါတယ်။ တံခါးမှာ ကျိုးပဲ့နေတာ သက်သေအနေနဲ့ ပြနိုင်ပါတယ်။ သွားပြီးကြည့်ချင်ရင် ကြည့်ပါ။ သိပ်မဝေးပါဘူး။

တဆက်တည်း မင်းကိုနိုင်ကို ဖမ်းတဲ့ကိစ္စနဲ့ပြောချင်တယ်၊ တပ်မတော်ကိုထိပါးလို့၊ ဘာလို့ဆိုပြီး ၂/၈၈၊ ၈/၈၈အရ မင်းကိုနိုင်ကို ဖမ်းတယ်လို့ ပြောတယ်။ နောက်ပိုင်း တခြားဟောပြောတဲ့လူငယ်များကလည်း တပ်မတော်ကိုထိပါးပြီး ပြောသွားတယ်လို့ ဆိုပါတယ်။ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ ကျမတို့ မငြင်းပါဘူး။ ဒါပေမယ့် ကျမ ပြောချင်တာက၊ ကျမတို့ အဖွဲ့ချုပ်လူငယ်များကို ကျမတို့ထိန်းနိုင်ပါတယ်။ ကျမတို့ အဖွဲ့ချုပ်ထဲကလူငယ်များ မပြောသင့်တာတွေ ပြောတယ်ထင်ယင် ကျမတို့ကို ခေါ်ပြီးတော့ ဆွေးနွေးယ်။

၇

# မြန်မာပြည်မြောက်ပိုင်း

## ကချင်ပြည်နယ်စည်းရုံးရေးခရီးစဉ်

*ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်အတွက် ၁၉၈၉ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များနှင့်ထွက်ခွာ၍ မန္တလေးမြို့သို့ ရောက်ရှိလာကြသော ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဧပြီလ ၂၅ ရက်နေ့၊ နေ့လည် ၃ နာရီတွင် မန္တလေးမြို့မှ ကချင်ပြည်နယ်သို့ ထွက်ခွာကြသည်။ မန္တလေးမှ မြစ်ကြီးနားသို့ မီးရထားနှင့်သွားရာတွင် မီးရထားလမ်းတလျှောက်ရှိ မြို့နယ်များမှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ပြည်သူများက မီးရထားဆိုက်ရောက်ရာ ဘူတာများ၌ဝမ်းပန်းတသာနှင့်ကြိုဆိုကြပါသည်။ ထိုသို့ကြိုဆိုသောလူထုအား ဒေါ်အောင်ဆန်းစုကြည်က ရသည့်အချိန်တိုအတွင်း၌ပင် ရထားပေါ်မှ နှုတ်ခွန်းဆက်ပါသည်။*


အခုဆိုလို့ရှိရင် ဒီမိုကရေစီဆိုပြီး ကြွေးကြော်နေကြတယ်။ ဒီမိုကရေစီအတွက် လုပ်တဲ့ကိုင်တဲ့နေရာမှာကျတော့ လူထုကနေပြီးတော့ နှောင့်နှေးနေတာကို ကျမ မြင်ရပါတယ်။ ဒီလိုနှောင့်နှေးလို့ ကျမ အပြစ်ပြောနေတာ မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်ဟာ အခွင့်အရေးတွေ လိုချင်ရင်တော့ ကိုယ်တိုင်ပါဝင်ပြီးတော့ လှုပ်ရှားမှဖြစ်ပါလိမ့်မယ်။ ကျမတို့လိုချင်တဲ့စနစ်ဆိုတာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး တိုးတက်စေချင်တဲ့စနစ်ပဲ ဖြစ်ပါတယ်။ တောနေလူထုဟာ ကျမတို့ အင်မတန်မှ အားကိုးနေရတဲ့လူထု ဖြစ်ပါတယ်။ ပထမအစတုန်းကဆိုလို့ရှိရင် မြို့နေလူထုက ပိုပြီး တက်ကြွကြတယ်။ တဖြေးဖြေး နယ်က ပိုပြီးတော့တက်ကြွတယ်။ ကျေးလက်တောရွာတွေက ပိုပြီးတော့ အားရှိတယ်ဆိုတာ ကျမတို့ မြင်ရပါတယ်။ ဒီလိုမြင်ရတဲ့အတွက် ကျမတို့ ဝမ်းသာပါတယ်။ မြန်မာနိုင်ငံမှာ ကျေးလက်တောရွာ ပြည်သူလူထုဟာ လူများစုကြီးဖြစ်လို့ ဒီလူများစုကြီး သာယာနိုင်မှသာလျှင် ကျမတို့ တိုင်းပြည်ဟာ တိုးတက်မှာပဲ။ ကိုယ့်တိုင်းပြည် တိုးတက်မှ ကိုယ်လည်း တိုးတက်နိုင်ပါတယ်။ အားလုံးဝိုင်းပြီးတော့ တတ်နိုင်သမျှ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက်၊ ကိုယ့်လူမျိုး တိုးတက်ရေးအတွက်၊ ကိုယ့်တိုင်းပြည် ချမ်းသာရေးအတွက် ကူညီကြပါလို့ ကျမ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

*မန္တလေး–မြစ်ကြီးနားရထားလမ်းတလျှောက်ရှိ စစ်ကိုင်း၊ ရဲထောင်၊ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ၊ ဝင်းသို၊ ကောလင်း၊ ကသာ၊ မောဟနင်း၊ မိုးညှင်း၊ နန်းမား၊ ဟိုပင်၊ မိုးကောင်း အစရှိသည့်ဒေသများမှ စည်ကားများပြားစွာ လာရောက်ကြိုဆို နှုတ်ဆက်*

www.burmeseclassic.com

www.burmeseclassic.com

# ကချင်ပြည်နယ်



၁၉၈၄ ခုနှစ် ဧပြီလတွင် မြေတိုင်းဦးစီးဌာနမှ ရိုက်နှိပ်ထုတ်ဝေသည့် တိုင်းနှင့်ပြည်နယ်မြေပုံ



ကြွသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ဒေါ်အောင်ဆန်းစုကြည်က ဝမ်းပန်းတသာနှုတ်ခွန်းဆက်၊ ကျေးဇူး တင်စကားများ ပြောကြားပါသည်။ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာချမ်းသာစေ ကြောင်း ဆုမွန်ကောင်းများတောင်းဆိုပြီး မေတ္တာပို့ခဲ့ကြသော လူထု၏မေတ္တာသံသည် ရထားဆိုက်ရောက်ရာ နေရာတိုင်းတွင် လွှမ်းခြုံသွားတော့သည်။

**ဒေါ်အောင်ဆန်းစုကြည်။** ။ ဒါ မီးရထားခဏရပ်လို့ ဝင်တာပါ။ တစ်ရက် ၊ ကျရင် ပြန်လာပါမယ်၊ အဲဒီအခါကျလို့ရှိရင် မိုးညှင်းမှာပဲ အိပ်ပါမယ်။

* * *

## မြစ်ကြီးနား

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ၁၉၈၉ ခုနှစ် ဧပြီလ ၂၆ ရက်နေ့ မွန်းလွဲ ၂:၀၀ နာရီတွင် မြစ်ကြီးနားမြို့သို့ရောက်ရှိသည်။ ထို့နောက် မြစ်ကြီးနားမြို့ကို တပတ် လှည့်၍ မိဘပြည်သူများကိုနှုတ်ဆက်ပြီး မြစ်ကြီးနားမြို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးကိုခေတ္တဝင်ရောက်ကာ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ကချင်ပြည်နယ်ပြည်သူ လူထုကို တွေ့ဆုံနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကျမတို့ကို အခုလို လာရောက်ကြိုဆိုတဲ့ ပြည်သူလူထုကို အထူးပဲ ကျေးဇူးတင်မိပါတယ်။ ကျမ မြစ်ကြီးနားကို ဒုတိယအကြိမ်ရောက်ခြင်း ဖြစ်ပါတယ်။ ပထမအကြိမ် မေမေနဲ့ ငယ်ငယ်တုန်းက ရောက်ဖူးပါတယ်။ ဒါပေမယ့် မြစ်ကြီးနားမရောက်ခင် ကျမငယ်ငယ်ကတည်းက အိမ်က ထမင်းစားခန်းထဲမှာ ဖေဖေ ကချင်ဝတ်စုံနဲ့ရိုက်ထားတဲ့ ဓါတ်ပုံကို အမြဲပဲ မြင်နေရပါတယ်။ ဒါကြောင့်မို့လို့ ကချင်အမျိုးသားများဟာ ကျမတို့ရဲ့ ညီရင်း အကိုများလို့ ငယ်ငယ်ကတည်းကပဲ စိတ်ထဲမှာထားခဲ့ပါတယ်။ ဒီလို ကချင် ပြည်နယ်ကိုရောက်နိုင်တဲ့အတွက် ပိုပြီးတော့ဝမ်းသာတယ်။ ကျမတို့ တိုင်းရင်း သားလူမျိုးစုအချင်းချင်း ဆက်ဆံမှုဟာ တနေ့ထက်တခြား ပိုပြီးတော့ ညီညွတ် လာမယ်၊ တောင့်တင်းလာမယ်၊ ချစ်ခင်လာမယ်၊ ယုံကြည်လာမယ်လို့လည်း ကျမ မျှော်လင့်ပါတယ်။ ဒီတခါတော့ ပဏာမအားဖြင့် နှုတ်ဆက်ခြင်း ဖြစ်ပါတယ်။ မြစ်ကြီးနားမှာတော့ ၃၀ ရက်နေ့အထိ နေပါမယ်။

* * *

ဧပြီလ ၂၇ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ချုပ်ရုံးသို့သွားရောက်ပြီး အဖွဲ့ဝင်များ၊ မိဘပြည်သူများကို အမှာစကား ပြောကြားသည်။

စီးပွားရေးကို နိုင်ငံရေးထက် အရေးထားလို့ မဖြစ်ပါဘူး။ နောက်ဆုံး စီးပွားရေးစနစ်တခု အောင်မြင်ဖို့ဆိုတာဟာ နိုင်ငံရေးစနစ်ခိုင်မာမှ ဖြစ်ပါလိမ့် မယ်။ နိုင်ငံရေးစနစ်က မမှန်ကန်ဘူးဆိုရင် မခိုင်မာဘူးဆိုရင် ဘယ်သူမှ

www.burmeseclassic.com

စီးပွားရေးအရ ကြီးပွားနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အားလုံးက ဝိုင်းဝန်းပြီးတော့ ကူညီကြပါ။ မှန်ကန်တဲ့နိုင်ငံရေးစနစ် ထူထောင်ရေးအတွက် ကူညီကြပါ။ ပြည်သူလူထုလိုချင်တဲ့ အခွင့်အရေးတွေအတွက်၊ ပြည်သူလူထု လိုချင်တဲ့ အုပ်ချုပ်မှုစနစ်အတွက် ဝိုင်းပြီးတော့ ကူညီကြပါလို့ ကျမ မေတ္တာရပ်ခံလိုပါတယ်။

*ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် အံတော်ရှင်ဘုရားသို့သွားရောက်ပြီး စောင့်ကြိုနေကြသည့် လူထုကြီးနှင့် ဒေါ်အောင်ဆန်းစုကြည် ယခုကဲ့သို့ တွေ့ဆုံ ဆွေးနွေးပါသည်။*

အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျမတို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ဒီမိုကရေစီလှုပ်ရှားမှုအတွက် လုပ်တဲ့နေရာမှာ ကျမတို့နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေ ပါဝင်ပြီးတော့ အားလုံးက ညီညီညွတ်ညွတ်လုပ်ဖို့ လိုမယ်ဆိုတာကို ကျမတို့ လက်ခံထားပါတယ်။ ဒီ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ညီညွတ်မှုကိုလိုလို့ပဲ ကျမတို့ဟာ ပြည်နယ် ကို ရောက်အောင်လို့ ကြိုးစားပြီးတော့ စည်းရုံးရေးခရီး ထွက်ပါတယ်။ ကချင်ပြည်နယ်မှာဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရှိပါတယ်။ တိုင်းရင်းသားပေါင်းစုံ ရှိတာကြောင့်မို့လို့ ပြည်ထောင်စုတခုကို ထူထောင် နေရာမှာ ဘယ်လိုပြဿနာတွေရှိတယ်၊ ဘယ်လို ပြဿနာတွေကို ကျော်လွှား ရမယ်ဆိုတာဟာ ကချင်ပြည်နယ်မှာရှိတဲ့ ပြည်သူလူထုက သိပြီးသားလို့ ကျမ ထင်ပါတယ်။ တိုင်းရင်းသားလူမျိုးစုပေါင်းများစွာဟာ ညီညီညွတ်ညွတ် အဆင်ပြေအောင်လို့ နေဖို့ဆိုတာဟာ အားလုံးက ဝိုင်းပြီးတော့ကြိုးစား ဖြစ်မယ်။ အားလုံးက ဝိုင်းပြီးတော့ သဘောထား ကြီးကြီးနဲ့ နိုင်ငံ အသိအမြင် မှန်မှန်ကန်ကန်ထားမှ ဖြစ်မယ်ဆိုတာတော့ ကချင်ပြည်နယ် ပြည်သူလူထုကို ကျမ ထူးထူးထွေထွေပြောနေဖို့ လိုမယ်လို့ မထင်ပါဘူး။ ဒီ တိုင်းရင်းသားလူမျိုးပေါင်းစုံကနေ ညီညွတ်မှုရဖို့ဆိုတာဟာ ခံယူချက်တခု ရှိဖို့လိုပါတယ်။

ကျမတို့မှာ ရှိရမယ့်ခံယူချက်ကတော့ တည်တံ့ခိုင်မြဲပြီးတော့ မှန်ကန် တဲ့ ပြည်ထောင်စုကြီးကို တည်ထောင်ဖို့ပဲ။ ဒီလို ပြည်ထောင်စုကြီးမှာ လူတိုင်းလူတိုင်းဟာ ချမ်းချမ်းသာသာ လုံလုံခြုံခြုံနဲ့ နေနိုင်မယ် ဆိုတဲ့ခံယူချက် ရှိဖို့လိုပါတယ်။ ပြည်ထောင်စုတခုလုံး ကောင်းကျိုးအတွက် တိုင်းရင်းသား လူမျိုးစုများကနေ တတ်နိုင်တဲ့ဘက်ကနေ စွန့်စားရမယ်။ တတ်နိုင်တဲ့ဘက်က နေ ကိုယ်ကျိုးစွန့်ပြီး အများအကျိုးအတွက် လုပ်ရမယ်ဆိုတဲ့ ခံယူချက် ရှိဖို့ လိုပါတယ်။ ဒီလိုခံယူချက်မရှိလို့ရှိရင်တော့ ကိုယ်လိုချင်တဲ့ ပြည်ထောင်စု ကို ထူထောင်နိုင်မှာ မဟုတ်ပါဘူး။

အခု ကချင်ပြည်နယ်ဖက်ကိုလာတဲ့အခါမှာ စောစောက ဒေါ်ကြည် သန်း ပြောသွားတဲ့အတိုင်းပဲ ပြည်သူလူထုဟာ နိုင်ငံရေးလှုပ်ရှားမှုထဲမှာ ပါဝင်

ကြောက်နေတယ်ဆိုတာတော့ ကျမတို့ အံများကြီးကြားရပါတယ်။ ဒါပေမယ့် လည်း ဒါဟာ ကချင်ပြည်နယ်တခုလုံးမှာ မဟုတ်ပါဘူး။ တချို့ဒေသတွေမှာ အင်မတန်မှ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့၊ တက်တက်ကြွကြွနဲ့ လုပ်နေတာကို ကျမတို့ တွေ့ရပါတယ်။ အဲ့ဒီလို သတ္တိရှိရှိနဲ့ လုပ်တဲ့နေရာတွေမှာ လူထုဟာ အခွင့်အရေးပိုပြီးတော့ ရပါတယ်။

ကျမတို့ စည်းရုံးရေးခရီးထွက်ရင် ဘယ်လိုတွေ့ရသလဲဆိုတော့ ပြည်သူလူထုဟာ သတ္တိရှိရှိနဲ့ လုပ်မယ်ဆိုလို့ရှိရင် လုပ်တဲ့အတိုင်းအတာထိ ပိုပြီးတော့ အခွင့်အရေးတွေရတယ်။ လူထုက ကြောက်နေမယ်ဆိုလို့ရှိရင် ကြောက်သလိုပဲ ပိုပြီးတော့ဖိကြတယ်။ ကြောက်သလိုပဲ ပိုပြီးတော့ ဖိတဲ့ အခါကျတော့ အခွင့်အရေးတွေဟာ ပိုပြီးတော့ နည်းပါးသွားကြတယ်။ ဒါကြောင့် ဒီမိုကရေစီလိုချင်တယ်ဆိုလို့ရှိရင် သတ္တိရှိဖို့လိုတယ်ဆိုတာ ဒါကို ပြောတာပဲ။ သတ္တိရှိဖို့လိုတယ်ဆိုတာဟာ မိုက်ရူးရဲဆန်ဆန် လုပ်နိုင်တဲ့သတ္တိမျိုး ကို ပြောတာမဟုတ်ပါဘူး။ ဒါလည်း ကျမ ခဏခဏ ပြောပါတယ်။ သတ္တိရှိတယ်ဆိုတာဟာ မှန်တဲ့၊ ကန်တဲ့ကိစ္စကို လုပ်ရဲရမယ့်သတ္တိပဲ။ ကိုယ် ကြောက်ပေမယ့်လည်း လုပ်ရမယ်။ ကြောက်လို့ မလုပ်ဘူးရယ်လို့မရှိရဘူး။ ကြောက်တာတော့လည်း မတတ်နိုင်ဘူးပေါ့လေ။ တခါတလေ ကိုယ်မွေး ကတည်းက ကြောက်တတ်တဲ့စိတ်တွေ ပါလာတယ်ဆိုလို့ရှိရင်လည်း ဒီစိတ်တွေကို နိုင်အောင်လို့ ထိန်းရမယ်။

နောက်ပြီးတော့ ကျမတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားများဟာ ကလေးတွေ ကို ခြိမ်းခြောက်တဲ့ အလေ့အကျင့်တွေလည်းရှိတယ်လို့ ကျမ မြင်ပါတယ်။ လူကြီးတွေကို ဒီလိုဟာတွေတော့ မလုပ်ကြပါနဲ့လို့ ကျမ မေတ္တာရပ်ခံလို ပါတယ်။ ကျမတို့နိုင်ငံမှာဆိုလို့ရှိရင် ကလေးတွေကို ခြိမ်းခြောက်ပြီးတော့ ထိန်းတယ်။ ကလေးတွေကို နားလည်အောင်ပြောပြီးတော့ မထိန်းဘူး။ ဒီဟာဟာ ဘယ်လောက် အကျင့်ပါသွားသလဲဆိုတော့ နိုင်ငံကို မင်းလုပ်ပြီး အုပ်ချုပ်တဲ့သူများကတောင်မှ နိုင်ငံသူ၊ နိုင်ငံသားတွေကို နားလည်မှု ရှာပြီးတော့ မထိန်းပဲနဲ့ ခြိမ်းခြောက်ပြီးတော့ ထိန်းတယ်ဆိုတဲ့ အလေ့အကျင့် တွေ ပါသွားတယ်။ ဒါဟာ ကျမတို့ရဲ့ လူမှုရေးစနစ်နဲ့လည်း အများကြီးတော့ ဆိုင်ပါတယ်။ အဲ့ဒီတော့ ကလေးတယောက်ဟာ မလုပ်သင့် မလုပ်ထိုက်တာကို လုပ်လို့ရှိရင် ဘာဖြစ်လို့ မလုပ်သင့်ဘူးလဲဆိုတာကိုတော့ နားလည်အောင်တော့ ရှင်းပြရမယ်။ ကလေးတယောက်ဟာ စကား နားလည်နိုင်ပြီဆိုရင် နားလည်နိုင် အောင်လို့ ရှင်းပြဖို့တာဝန်ဟာ လူကြီးတွေမှာရှိပါတယ်။ ဒီလို ကျမတို့ရဲ့ ကလေးများကို ငယ်ငယ်ကတည်းက မှန်ကန်တဲ့အတိုင်း ပြုစု ပျိုးထောင်သွား ရမယ်။ ငယ်ငယ်ကတည်းက ခြိမ်းခြောက်ပြီး မထိန်းသိမ်းပဲနဲ့ နားလည်မှု ရှာအောင်လို့ ထိန်းသိမ်းရမယ်။ ကိုယ်ဖြစ်ချင်တဲ့ပုံသဏ္ဍာန်ကို သွင်းတဲ့နေရာမှာ မှန်မှန်ကန်ကန်နဲ့ သွင်းဖို့လိုပါတယ်။ ကလေးများဟာ မွေးတဲ့အခါကျတော့ စိတ်သဘောထားဟာ ဖြူစင်ပါတယ်။ ဒီဖြူစင်တဲ့ စိတ်သဘောထားကို ဆက်ပြီးတော့ ထိန်းသိမ်းသွားဖို့ဆိုတာဟာ လူကြီးများရဲ့ တာဝန်ဖြစ်ပါတယ်။ ဘာမှ မရေးထားတဲ့ စာမျက်နှာလိုပဲ။ မှန်တဲ့ကန်တဲ့ကိစ္စတွေ ရေးလိုက်လို့ရှိရင်

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်တဲ့အတိုင်း ဖြစ်သွားမယ်။ မမှန်မကန်တဲ့ကိစ္စတွေ ရေးလိုက်လို့ရှိရ မမှန်မကန်တဲ့အတိုင်း ဖြစ်သွားမယ်။ ဒါကြောင့် လူငယ်တွေကို ပြုစုပျိုးထော ဖို့ဆိုတာ ကျမတို့မှာ အများကြီး တာဝန်ရှိပါတယ်။ ဒါကြောင့် ပြည်နယ တွေမှာဆိုလို့ရှိရင် ပြည်ထောင်စုစိတ်ဓါတ်တွေဝင်ဖို့ လူငယ်တွေထဲမှာ သွင်းပေ ရမယ်။ လူငယ်တွေကို အချင်းချင်းသွေးကွဲစေမယ့် စိတ်ဓါတ်တွေ သွင်းပေးလ မဖြစ်ပါဘူး။ ကချင်ပြည်နယ်မှာဆိုလို့ရှိရင် ဂျိမ်းဖောတွေရှိတယ်၊ ကချင်တွေ ရှိတယ်၊ လီဆူးတွေရှိတယ်၊ ရှမ်းတွေရှိတယ်၊ ဗမာတွေရှိတယ်၊ တခြား လူမျိုး တွေရှိတယ်။ ဒီလူမျိုးစုတွေအားလုံး အဆင်ပြေပြေနဲ့ နေထိုင်ဖို့ဆိုတာဟာ ကလေးငယ်ငယ်ဘဝကတည်းက ပြည်ထောင်စု စိတ်ဓါတ်တွေ သွင်းပေးရမယ်။

ကျမတို့ဆိုလို့ရှိရင် ငယ်ငယ်ကတည်းက ပြည်ထောင်စုစိတ်ဓါတ်တွေ မေမေက သွင်းပေးပါတယ်။ ဖေဖေကတော့ ကျမ ငယ်ငယ်ကတည်းက ဆုံးသွားတဲ့အခါကျတော့ ဖေဖေကိုယ်တိုင် သွင်းပေးတယ်လို့တော့ မဆိုနိုင်ဘူ ပေါ့လေ။ ဒါပေမယ့် ဖေဖေရဲ့ခံယူချက်အရ မေမေက ပြည်ထောင်စုစိတ်ဓါတ် တွေ ထားရမယ်ဆိုတာ ဘယ်လိုသွင်းပေးသလဲဆိုတော့ ပါးစပ်နဲ့တင် ပြော မကဘူး၊ လုပ်ငန်းအရပါ စိတ်ဓါတ်တွေ သွင်းပေးတယ်။ ကျမတို့အိမ်မှ ဆိုလို့ရှိရင် ငယ်ငယ်ကတည်းက တိုင်းရင်းသားလူမျိုးစုတွေ အများကြီး လာ နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေက သူနာပြုဆရာမများနဲ့တွဲပြီးတော့ အလုပ်လုပ်ပါတယ်။ မိခင်နဲ့ကလေးစောင့်ရှောက်ရေးနဲ့ ပတ်သက်လို့။ သူနာပြု ဆရာမများဆိုတာဟာ တနိုင်ငံလုံးကနေ လာပြီးတော့ ရန်ကုန်မှာ သင်တန်း တက်ကြတာ။ တက်တဲ့အခါကျတော့ရင် တိုင်းရင်းသားလူမျိုးစုထဲက ဆရာမ များဆိုရင် မေမေက အိမ်မှာထားတယ်။ ဗမာဆရာမတွေဆိုလို့ရှိရင်တော ဆေးရုံမှာပဲဖြစ်ဖြစ်၊ တခြားမှာပဲဖြစ်ဖြစ် နေရာရှာပြီးတော့ နေရတယ်။ ဒီလို လုပ်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးစုများကိုလည်း နေရာပေးရာရောက်တယ်၊ ကျမတို့ကိုလည်း ငယ်ငယ်ကတည်းက တိုင်းရင်းသားလူမျိုးစုများနဲ့ ရင်းရင်း နှီးနှီးနေအောင်လို့ဆိုပြီးတော့ သင်ပေးရာရောက်ပါတယ်။

ဒီအတိုင်းပဲ ကျမတို့ဟာ ကိုယ့်ရဲ့လူမျိုးစုထဲကမဟုတ်တဲ့ ပြည်ထော စုသားတွေကို ပိုပြီးတော့ အရေးပေးရမယ်။ ကိုယ့်ရဲ့လူမျိုးစုထဲကမဟုတ်လ ပိုပြီးတော့ မေတ္တာရှိရမယ်။ ပိုပြီးတော့ စေတနာရှိရမယ်။ ပိုပြီးတော့ အဆ ပြေဖို့ကြိုးစားရမယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ကိုယ့်သားအရင်းနဲ့ တခြားသူ့ သားနဲ့ နှစ်ယောက် ကိုယ့်အိမ်မှာ နေလို့ရှိရင် ကိုယ့်သားအရင်းထက်ပိုပြီးတော့ တခြားလူရဲ့သားကို အရေးပေးရမယ်၊ ဒါဟာ ကျမတို့ လုပ်သင့်လုပ်ထိုက်တဲ့ လူတွေရဲ့တာဝန်ပဲလို့ ကျမ ထင်ပါတယ်။ ကိုယ့်နဲ့ရင်းနှီးတဲ့သူမှ အရေးပေး မယ်။ ကိုယ်နဲ့ရင်းနှီးတဲ့သူမှ ပိုပြီးတော့ချစ်မယ်ဆိုတာ နောက်ဆုံးကျတော့ တကိုယ်ကောင်းဆန်တဲ့စိတ်ပဲ။ ဒီလို တကိုယ်ကောင်းဆန်တဲ့စိတ်တွေ ကျမတို့ မွေးမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့တိုးတက်ရေးဟာ မဖြစ်နိုင်ပါဘူး။

တကိုယ်ကောင်းဆန်တဲ့စိတ်တွေနဲ့ ဘာနဲ့ဆိုင်သွားသလဲဆိုတော့ ကျမ တဆက်ထဲ ပြောချင်တာကတော့ စီးပွားရေးလုပ်ငန်းတွေပါပဲ။ ကချင်ပြည်နယ် မှာတင် မဟုတ်ပါဘူး။ တနိုင်ငံလုံးမှာပါပဲ။ ကိုယ့်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို



နိုင်ငံရေးထက် ပိုပြီး အလေးထားတဲ့လူတွေ အမြောက်အများတွေ့ရပါတယ်။ စီးပွားရေးကို နိုင်ငံရေးထက် အလေးထားတယ်ဆိုတာဟာ ကိုယ့်အကျိုးကို အများအကျိုးထက် အလေးထားတယ်ဆိုတာနဲ့ အတူတူပါပဲ။ တကယ်စဉ်းစား ကြည့်လို့ရှိရင် တိုင်းပြည်တပြည်မှာ စီးပွားရေးအောင်မြင်မှု ရဖို့ဆိုတာဟာ အုပ်ချုပ်မှုစနစ် မှန်ကန်မှဖြစ်မယ်။ နိုင်ငံရေးစနစ် မှန်ကန်မှဖြစ်မယ်။ ဘယ်လိုပဲ စီးပွားရေးအားဖြင့် တိုးတက်နေ၊ တိုးတက်နေ အုပ်ချုပ်မှုစနစ်က မမှန်ကန်ဘူး၊ နိုင်ငံရေးစနစ်က မမှန်ကန်ဘူး ဆိုလို့ရှိရင် ရေရှည်မှာတော့ ကိုယ်တိုင်လည်း ဘယ်နည်းနဲ့မှ စိတ်ချမ်းချမ်းသာသာနဲ့ နေနိုင်မှာ မဟုတ်ပါဘူး။ ဥပမာအားဖြင့် ဆိုလို့ရှိရင် ကျမတို့မြန်မာနိုင်ငံမှာ မဆလခေတ်တုန်းက အင်မတန်မှ စီးပွား ဖြစ်တဲ့ ပုဂ္ဂိုလ်များရှိပါတယ်။ စီးပွားဖြစ်တဲ့ မိသားစုများ ရှိပါတယ်။ ဒီတော့ ဒီပိုက်ဆံတွေနဲ့ ဘာလုပ်နိုင်ကြသလဲ။ မြန်မာနိုင်ငံလို အခြေအနေအရပ်ရှပ်မှာ ကျဆင်းနေတဲ့နိုင်ငံမှာ ဒီပိုက်ဆံတွေနဲ့ ဘယ်လိုချမ်းသာမှု ရနိုင်သလဲဆိုတာ ပြန်ပြီးတော့ တွက်ကြည့်ကြပါ။ တော်တော်များများဟာ သူတို့ရဲ့ သားသမီး များကို နိုင်ငံခြားလွှတ်ကြတယ်။ ပိုက်ဆံတတ်နိုင်လို့ရှိရင် ပိုပြီးတော့ ကောင်းစားအောင်ဆိုပြီးတော့ နိုင်ငံခြားလွှတ်ကြတယ်။ အဲဒီတော့ ကိုယ့်သား တွေ၊ ကိုယ်သမီးတွေကောင်းစားရေးအတွက် နိုင်ငံခြားလွှတ်ရတယ်ဆိုကတည်း က ကိုယ့်တိုင်းပြည်ဟာ ဘယ်လောက်ဆုံးရှုံးနေပြီလဲဆိုတာ အများက သိပြီး ဖြစ်မှာပါ။

ဒီတော့ ဒီပိုက်ဆံတွေကို ကိုယ့်တိုင်းပြည်အတွက် သုံးဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။ ကိုယ်တယောက်အတွက်ပဲ သုံးမယ်၊ ကိုယ့်ရဲ့မိသားစု အတွက်ပဲသုံးမယ်ဆိုလို့ရှိရင် ဒီပိုက်ဆံတွေဟာ ရှာရကျိုးလည်း မနပ်ပါဘူး။ ကိုယ့်အတွက်လည်း စိတ်ချမ်းသာမှုကို ပေးမှာမဟုတ်ပါဘူး။ ဒီတော့ စီးပွားရေးကို နိုင်ငံရေးရှေ့မှာ မထားကြပါနဲ့။ တကယ်ပဲ စီးပွားရေးအားဖြင့် တိုးတက်တဲ့နိုင်ငံများဟာ နိုင်ငံရေးစနစ်အားဖြင့်လည်း မှန်ကန်တဲ့ နိုင်ငံများ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ရှိရင် ကျမအမြဲပဲ အနောက်ဂျာမဏီနဲ့ဂျပန် ကို ဥပမာအားဖြင့် ပြရပါတယ်။ ဒီနိုင်ငံတွေဟာ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က ဖက်ဆစ်နိုင်ငံရေးစနစ်ကို ကျင့်သုံးခဲ့တဲ့ နိုင်ငံတွေပါ။ ဒီလို နိုင်ငံရေးအရ မမှန်ကန်တဲ့အခါကျတော့ ဘယ်လိုမှ မတိုးတက်နိုင်ဘူး။ ဂျာမဏီရော၊ ဂျပန်ရော။ သူတို့ဘယ်လောက်ပဲ သတ္တိရှိရှိ၊ ဘယ်လောက်ပဲ ကြိုးစားခဲ့၊ ကြိုးစားခဲ့ စစ်ကိုအရှုံးကြီး ရှုံးသွားရတာပဲ။ နောက် စစ်ပြီးတဲ့အခါကျတော့ အနောက်ဂျာမဏီနဲ့ဂျပန်ဟာ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ်သုံးပြီးတော့ မှန်မှန်ကန်ကန်နဲ့ လုပ်ခဲ့တဲ့အခါကျတော့ အခုဆိုလို့ရှိရင် ကမ္ဘာ့အချမ်းသာဆုံးစာရင်းထဲမှာ အပါအဝင် ဖြစ်နေတယ်။ ဒီတော့ အုပ်ချုပ်မှုစနစ်၊ နိုင်ငံရေးစနစ်မှန်မှ တိုင်းပြည်တပြည်ဟာ တိုးတက် နိုင်တယ်ဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။

ကျမတို့ နိုင်ငံသူ၊ နိုင်ငံသားတွေဆိုရင် စည်းကမ်းရှိဖို့လည်း လိုသေး တယ်။ သတ္တိရှိဖို့လည်း လိုသေးတယ်။ ဒီအပြင်လည်း အုပ်ချုပ်မှုစနစ် မှန်ကန် ဖို့လည်း လိုသေးတယ်။ ကျမတို့ တိုင်းပြည်ဟာ အခုချိန်မှာ ဒုက္ခတောင်မှ

www.burmeseclassic.com

www.burmeseclassic.com



မရသေးပါဘူး။ ဒီတော့ ဒီမိုကရေစီ လိုချင်တယ်ဆိုတာဟာ သုညကို ရောက်ချင်လို့ပဲ။ သုညဆိုတဲ့ အခြေအနေရောက်မှ ကျမတို့ စပြီးတော့ ကြိုးစားနိုင်မှာပါ။

အခုအချိန်မှာဆိုလို့ရှိရင် ပြည်သူလူထုဟာ ဘယ်လိုပဲ စိတ်ပါစိတ်ပါ ကိုယ့်တိုင်းပြည်အတွက် လွတ်လွတ်လပ်လပ်နဲ့ ကြိုးစားပိုင်ခွင့်မရှိပါဘူး။ ဒီလို ကိုယ့်တိုင်းပြည်အတွက် လွတ်လွတ်လပ်လပ်နဲ့ ကြိုးစားပိုင်ခွင့်ကို လိုချင်လို့သာ ကျမတို့ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ပါဝင်နေတာပဲ။ တချို့က ပြောကြပါ တယ်။ အခုတော့ မပါပါရစေနဲ့။ ရွေးကောက်ပွဲကျလို့ရှိရင် ဒီမိုကရေစီ ဘက်ကိုတော့ မဲထည့်ပေးပါမယ်လို့ ပြောကြပါတယ်။ ဒီလိုပြောရုံနဲ့ မရပါဘူး။ ဒီ ရွေးကောက်ပွဲများမှာ ကိုယ်လွတ်လွတ်လပ်လပ်နဲ့ မဲထည့်ခွင့်ရဖို့ကို ကြိုးစား ရပါအုံးမယ်။ ကိုယ့်ရဲ့လွတ်လပ်မှု အခွင့်အရေးတွေရအောင်လို့ ကြိုးစားတဲ့ အကျင့်တွေ ကျမတို့ကျင့်ရမယ်။ ဒီလိုအကျင့်တွေကျင့်နိုင်မှ ဒီမိုကရေစီ ရလို့ရှိရင်လည်း ဆက်ပြီးတော့ ကျမတို့ တိုးတက်နိုင်မှာပဲ။ အခုအချိန်မှာ နိုင်ငံရေးလှုပ်ရှားမှုထဲမှာတော့ မပါပါရစေနဲ့၊ ရွေးကောက်ပွဲကျမှ မဲထည့်ပါရစေ လို့ပြောတဲ့သူများဟာ ဒီမိုကရေစီရတဲ့အခါကျလည်း ကိုယ်ဖာသာထိုင်ပြီးတော့ နေပြီးတော့ နိုင်ငံရေးအဖွဲ့အစည်းတွေပဲ နိုင်ငံရေးလုပ်ပါစေဆိုပြီး ပြောအုံးမှာ လား။ ဒီလိုပဲဆက်ပြီးတော့ ပြောမယ်ဆိုရင်တော့ ဒီမိုကရေစီလှုပ်ရှားမှုဟာ ဘယ်တော့မှ ရှင်သန်မှာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲတွေ လုပ်ပြီးတော့ ဒီမိုကရေစီအစိုးရတက်ရင်တောင်မှ ပြည်သူလူထုအနေနဲ့ နိုင်ငံရေးထဲမှာ တက်တက်ကြွကြွ မပါဝင်လို့ရှိရင် ဒီမိုကရေစီစနစ်ဟာ တည်တံ့ခိုင်မြဲနိုင်မှာ မဟုတ်ပါဘူး။

ကချင်ပြည်နယ်ဖက်မှာ ပညာရှိတွေများပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီဆိုတာ ပြည်သူလူထုအုပ်ချုပ်မှုဆိုတဲ့ အဓိပ္ပါယ် သက်ရောက်တယ် ဆိုတာကတော့ သိပြီးသားလို့ ကျမတို့ထင်ပါတယ်။ ဒါပေမယ့် ဒီအဓိပ္ပါယ်ရဲ့ အနှစ်သာရကိုကော စဉ်းစားမိကြသလားလို့ ကျမ မေးချင်ပါတယ်။ ပြည်သူ လူထုအုပ်ချုပ်မှု လိုချင်တဲ့လူများဟာ ကိုယ်တိုင် နိုင်ငံရေးထဲမှာ ပါရမယ်၊ ကိုယ်တိုင် နိုင်ငံရေးသဘောထားတွေ ရှိရမယ်။ နိုင်ငံရေး သဘောထားတွေအပေါ် စွန့်လွှတ်ချင်တဲ့ စိတ်ဓါတ်တွေရှိရမယ်။ ကျမတို့ဟာ မှန်ကန်တဲ့ စိတ်ဓါတ်တွေ မရှိလို့ရှိရင် ဘယ်နည်းနဲ့မှ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ အခု မြန်မာနိုင်ငံ ဟာ လွတ်လပ်ရေးရတာ အနှစ် ၄၀ ကျော်ခဲ့ပြီ။ အနှစ် ၄၀ ကျော်အတွင်းမှာ ဘာများတိုးတက်မှုရှိသလဲလို့ မေးလိုက်လို့ရှိရင် အင်မတန်မှ စိတ်ဓါတ်ကျစရာ အဖြေတွေပဲ ထွက်လာမှာပဲ။ အခု အနှစ် ၃၀ အတွင်းမှာ တိုးတက်မှုမရှိပဲ ဆုတ်ယုတ်သွားတယ်ဆိုတာကို ကျမတို့ တွေ့ရပါတယ်။ ဒီတော့ ဒီလို ဆုတ်ယုတ်သွားရတာဟာ ဘာကြောင့်လဲလို့ မေးစရာရှိပါတယ်။ အများက တော့ လွယ်လွယ်ကူကူနဲ့ပဲ မဆလ စနစ်ဆိုးကြောင့်လို့ ဖြေမှာပါပဲ။ ဒါလည်း ကျမ မငြင်းပါဘူး။ မှန်ပါတယ်။ မဆလ စနစ်ဆိုးကြောင့်မို့လို့ ကျမတို့ တိုင်းပြည်ဟာ အများကြီးဆုတ်ယုတ်သွားရတာ။ ဒါပေမယ့် ဘာဖြစ်လို့ မဆလ စနစ်ဆိုးဟာ ကျမတို့တိုင်းပြည်မှာ ဒီလောက်ကြာကြာ တည်တံ့ခိုင်မြဲသွားတာ



လဲဆိုတာ ကျမတို့ပြန်ပြီးတော့ မေးရပါမယ်။ အဲဒီအဖြေကတော့ ပြည်သူလူထုနဲ့ ဆိုင်တယ်လို့ ကျမထင်ပါတယ်။ ကျမတို့ နိုင်ငံသူ၊ နိုင်ငံသားများဟာ ငုံ့ကြည့်နေလို့သာ ဒီ မဆလစနစ်ဟာ ဒီလောက်အထိ တည်တံ့ခိုင်မြဲ သွားတာ ပါ။ လွတ်လပ်ရေးရပြီးတဲ့အခါကျတော့ ကျမတို့ နိုင်ငံသူနိုင်ငံသားများဟာ ကိုယ့်ရဲ့ နိုင်ငံသူနိုင်ငံသားများအရ ရှိတဲ့တာဝန်တွေကို မကျေပွန်ခဲ့လို့ မဆလ စနစ်ဟာ လွှမ်းမိုးသွားတယ်လို့ ကျမ ထင်ပါတယ်။

ဒါကြောင့် နောင် ဒီမိုကရေစီစနစ်ကို ပြန်ပြီးတော့လိုချင်တယ်။ ဒီစနစ်ကို တည်တံ့ခိုင်မြဲစေချင်တယ်ဆိုရင်တော့ လူတိုင်းလူတိုင်းဟာ ကိုယ့်ရဲ့ တာဝန်ကို သိရမယ်။ ဒီတာဝန်ကို ကျေကျေပွန်ပွန်နဲ့ ထမ်းဆောင်ရမယ်။ စွန့်စားချင်တယ်ဆိုတဲ့ စိတ်ဓါတ်မျိုး ရှိရမယ်။ စွန့်စားတယ်ဆိုတာ အင်မတန် ဂုဏ်သိက္ခာရှိတယ်။ အင်မတန်မှ လူဖြစ်ရကျိုးနပ်တဲ့ ကိစ္စကခုပဲဆိုတာ ကျမတို့အားလုံး နားလည်ရမယ်။ လူဖြစ်တယ်ဆိုတာ အသက် ၉၀၊ ၁၀၀ ထိ နေမှ လူဖြစ်ရကျိုး နပ်တာမဟုတ်ပါဘူး။ တချို့တွေဟာ အသက် ၉၀၊ ၁၀၀ အထိ ချမ်းချမ်းသာသာနေပြီးတော့ ဘယ်သူ့အတွက်မှ၊ ဘာမှ အကျိုးမပြုခဲ့တဲ့ အခါကျတော့ ဒီလူဟာ ဒီကမ္ဘာကြီးမှာဝင်လာပြီးတော့ အသက်ရှင်ပြီးတော့ သာသာ သေသွားတယ်၊ ဘာမှလည်း ဒီကမ္ဘာအတွက် အကျိုးမပြုခဲ့ဘူးဆိုရင် လူဖြစ်ရကျိုးဟာ နပ်တော့မလား၊ မနပ်ဘူးလို့ ကျမ ထင်တယ်။ လူတယောက် လူဖြစ်လာပြီးမှ တခြားလူရဲ့အကျိုးကို ထမ်းဆောင်နိုင်တဲ့ သတ္တိရှိရမယ်။ ထမ်းဆောင်ချင်တဲ့ စိတ်ဓါတ်ရှိရမယ်။ လူတိုင်းလူတိုင်းဟာ ဒီလိုစိတ်ဓါတ် ရှိရမယ်။ ကျမတို့ လူငယ်တွေမှာ မွေးပေးရမယ်။ ဂုဏ်သိက္ခာရှိတယ်ဆိုတာ မှန်ကန်တာကိုလုပ်ခြင်းမှသာ ဂုဏ်သိက္ခာရှိတယ်ဆိုတာကို ကျမတို့လူငယ်များ နားလည်အောင် ကျမတို့ ပြုစုပျိုးထောင်ပေးရမယ်။ တပ်မတော်နဲ့ ပြည်သူလူထု ကြားထဲမှာ အဆင်ပြေစေချင်လို့ ကျမတို့ ဒီမိုရေစီလှုပ်ရှားမှုဟာ စ လာတာပဲ။

တပ်မတော်ကို ဖေဖေက ထူထောင်ခဲ့တုန်းက ပြည်သူ့တပ်မတော် ဆိုပြီးတော့ ထူထောင်ခဲ့တာ။ ပြည်သူလူထုကို ကာကွယ်ဖို့၊ ပြည်သူလူထုကို စောင့်ရှောက်ဖို့၊ တိုင်းပြည်ကို ကာကွယ်ဖို့ဆိုပြီးတော့ ဒီတပ်မတော်ကြီးကို ထူထောင်ခဲ့တယ်။ ဒီတပ်မတော်ကိုလည်း ပြည်သူလူထုက အဲဒီအချိန်တုန်းက အများကြီး ချစ်ခင်ခဲ့တယ်။ မေတ္တာရှိတယ်။ ဒီလို ပြည်သူလူထုရဲ့ မေတ္တာနဲ့ စေတနာကို အားကိုးပြီးတော့ ဂျပန်တော်လှန်ရေးကို အနိုင်ယူခဲ့ရတာပဲ။ အဲဒီအတိုင်းပဲ ကျမတို့က ဖြစ်စေချင်တယ်။ တပ်မတော်နဲ့ ပြည်သူလူထုဟာ စည်းစည်းရုံးရုံးဖြစ်ရမယ်။ တပ်မတော်ဆိုတာ ပြည်သူလူထုရဲ့အနောက်ကနေပြီး ပြည်သူလူထုကို မေတ္တာနဲ့ ဂရုဏာနဲ့ စောင့်ရှောက်တဲ့ အဖွဲ့အစည်းဖြစ်ရမယ်။ ဒီလိုအဖွဲ့အစည်းမျိုး ဖြစ်ရေးအတွက်ပဲ ကျမတို့ ကြိုးစားနေရတာပဲ။ နိုင်ငံရေး အဖွဲ့အစည်းကို လက်ညှိုးထိုးပြီးတော့ တပ်မတော်နဲ့စိတ်ဝမ်းကွဲအောင်လုပ်တယ် ဆိုတာဟာ သက်သက် ဒီမိုကရေစီလှုပ်ရှားမှုကို ထိုးနှက်ချင်လို့ပြောတဲ့ အပြော အဆိုမျိုးတွေပဲ။ ဒါတွေကို ကျမတို့ အများကြီး သတိထားဖို့လိုပါတယ်။ ကျမတို့အနေနဲ့ မှန်မှန်ကန်ကန်နဲ့ လုပ်နေတယ်ဆိုတာလည်း အများသိအောင် လည်း အသိပေးဖို့ လိုပါတယ်။ ပြည်သူလူထုဟာ သတ္တိကိုလည်း မွေးရမယ်။

ဒီသတ္တိကို မှန်ကန်တဲ့စိတ်ထားတွေနဲ့ ထိန်းသွားဖို့လည်း ကြိုးစားရမယ်။ အမှန်တရားနဲ့သတ္တိကို မထိန်းနိုင်ရင် ကိုယ့်အတွက်လည်း အန္တရာယ် ဖြစ်နိုင်တယ်၊ အများအတွက်လည်း အန္တရာယ် ဖြစ်နိုင်တယ်။

ကျမတို့ရဲ့ တိုင်းရင်းသားလူမျိုးစုများဟာလည်း အခုချိန်မှာ အင်မတန် စည်းရုံးဖို့လည်း လိုပါတယ်။ ငါက ကချင်၊ ငါက ဗမာ၊ ငါက ရှမ်းဆိုတဲ့ စိတ်ဓါတ်တွေ အခုထားလို့ မဖြစ်ပါဘူး။ ငါတို့အားလုံးဟာ ဒီမိုကရေစီ လူ့အခွင့်အရေးတွေကိုလိုချင်လို့ ရုန်းကန်နေတဲ့ ရဲဘော်တွေဆိုတဲ့ စိတ်ဓါတ်မျိုး ထားဖို့ပဲ လိုပါတယ်။ အားလုံးဟာ ညီရင်းအကိုလို တစိတ်ထဲ၊ တသဘောထဲ လုပ်ရမယ်။ ဒါမှလည်း ကျမတို့ အောင်မြင်နိုင်မှာပါ။ အခုအချိန်မှာ ငါကရှမ်း၊ ငါက ကရင်၊ ငါက ကချင်လို့ လုပ်နေလို့ရှိရင် ကိုယ်လိုချင်တဲ့ ဒီမိုကရေစီကို တော်တော်နဲ့ရမှာ မဟုတ်ပါဘူး။ လွတ်လပ်ရေးရခဲ့တယ်ဆိုတာကလည်း ကျမတို့ တိုင်းရင်းသားလူမျိုးစုတွေ ညီညွတ်မှုအပေါ်မှာ မူတည်ပြီးတော့ ရခဲ့တာပါ။ ဒီတော့ ရခဲ့တဲ့လွတ်လပ်ရေးကို ဆက်ပြီးတော့ တည်တံ့ခိုင်မြဲဖို့အတွက်၊ ဒီလွတ်လပ်ရေးဟာ တကယ်ပဲ ပြည်သူလူထုကို အကျိုးပြုနိုင်တဲ့ လွတ်လပ်ရေးဖြစ်ဖို့ အတွက်ဆိုတာ ကျမတို့ တိုင်းရင်းသားလူမျိုးစုတွေက ဆက်ပြီးတော့ ညီညွတ်ညွတ်နဲ့ လုပ်သွားဖို့လိုတယ်ဆိုတာ ကျမ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အခုပရိသတ်ထဲက မေးစရာရှိရင်မေးပါ။ စောစောက ဒေါ်ကြူကြူသ ပြောသလိုပဲ သတ္တိရှိရှိနဲ့မေးပါ။ မမေးရဲဘူး။ မမေးဝံ့ဘူးဆိုတာတွေ မရှိကြပါနဲ့။ မေးတာဟာ ဒီမိုကရေစီအခွင့်အရေးလည်း ဖြစ်ပါတယ်။ တာဝန်လည်း ဖြစ်ပါ တယ်။ ဒီလိုမေးရဲမှ ပြည်သူလူထုက နောင်ကျလို့ရှိရင် တက်တဲ့အစိုးရတွေကို ထိန်းသွားနိုင်မှာပဲ။ လူကြီးပြောတိုင်း နားထောင်၊ ခေါင်းညိတ်မယ်ဆိုရင် မဆလ စနစ်အတိုင်းပြန်ဖြစ်မှာပဲ။ အဲဒီတော့ မေးစရာရှိတာ၊ မကျေနပ်တာ၊ စိတ်ထဲမှာ မရှင်းတာတွေကို သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့နဲ့ မေးကြပါလို့ ကျမ မေတ္တာရပ်ခံပါတယ်။

**မေး။** ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့ ရည်ရွယ်ပါသလား။

**ဖြေ။** ။ တရားမျှတပြီးတော့ ဖြစ်နိုင်တဲ့ ရွေးကောက်ပွဲတွေ ကျမတို့ ဖန်တီး ရပါအုံးမယ်။ ဒီအခြေအနေတွေကဘာလဲဆိုတော့ ပြည်သူလူထုဟာ လွတ်လွတ် လပ်လပ်နဲ့ ပြောဆိုပိုင်ခွင့် ရှိရမယ်။ လွတ်လွတ်လပ်လပ်နဲ့ စည်းရုံးပိုင်ခွင့် ရှိရ မယ်၊ လွတ်လွတ်လပ်လပ်နဲ့ ရေးသားပိုင်ခွင့်ရှိရမယ်၊ မှန်ကန်တဲ့ သတင်းဖြန့်ဖြူး ပိုင်ခွင့် ရှိရမယ်။ ဒီလို အခွင့်အရေးတွေရှိမှသာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်မယ်ဆိုတာ ယုံကြည်နိုင်မှာပဲ။ အဲဒီအချိန်ကျမှ ရွေးကောက်ပွဲတွေ ဝင်မလား၊ မဝင်မလားဆိုတာ ကျမတို့ ဆုံးဖြတ်ရမယ်။ နောက်တခုရှိတဲ့အကြောင်းကတော့ ရွေးကောက်ပွဲစည်းမျဉ်းတွေပဲ။ ရွေးကောက် ပွဲ စည်းမျဉ်းဥပဒေအရလည်း မှန်ကန်ရမယ်။ မူကြမ်းဆိုပြီး ထုတ်ထားပါတဲ့ စည်းမျဉ်းဥပဒေဟာ ယေဘုယျအားဖြင့်ဆိုရင်တော့ ကျမတို့ လက်ခံနိုင်တဲ့ စည်းမျဉ်းဥပဒေဖြစ်ပါတယ်။ ဒါပေမဲ့ တချို့ကိစ္စလေးတွေကတော့ ပြောင်းလဲဖို့ လိုတယ်ဆိုပြီးတော့ ကျမတို့ တင်ပြထားပါတယ်။ ဒီတော့ အခြေအနေ



ကလည်း မှန်ကန်ရမယ်၊ စည်းမျဉ်းဥဒေတွေကလည်း မှန်ကန်ရမယ်။ ဒီလို မှန်ကန်မှုရှိတယ်ဆိုရင်တော့ ကျမတို့အဖွဲ့ချုပ်ဟာ ရွေးကောက်ပွဲကို ဝင်မှာ ဖြစ်ပါတယ်။

**မေး။** ။ ကျနော်တို့ သတင်းစာထဲမှာ ကြားနေရတယ်။ 'နဝတ'က ကျောင်း ဖွင့်ရေးအတွက် ကူညီဆောင်ရွက်နေတယ်တဲ့၊ ဒါပေမယ့် တချို့အဖွဲ့အစည်း တွေက ကတ်ဖဲ့ယတ်ဖဲ့ လုပ်နေတယ်လို့ ဆိုပါတယ်။

**ဖြေ။** ။ အဖွဲ့အစည်းအချို့က ကတ်ဖဲ့ယတ်ဖဲ့လုပ်နေတယ်ဆိုတာ ဘယ်အဖွဲ့ အစည်းကို ပြောတာလဲတော့မသိဘူး။ ကျမတို့ အဖွဲ့အစည်းတော့ မဟုတ်ပါ ဘူး။ ဒါပေမယ့် ကျောင်းဖွင့်ရေးကိစ္စနဲ့ပတ်သက်လို့ ကျမတို့ပြောချင်တာက 'နဝတ'ဟာ ပထမဦးဆုံး အာဏာသိမ်းတဲ့အချိန်တုန်းက ကျန်းမာရေးနဲ့ ပညာရေးကို မကိုင်တွယ်ဘူးလို့ ပြောခဲ့ပါတယ်။ နောက် အခုအချိန်ကျတော့ ကျောင်းတွေဖွင့်မယ်လို့ ပြောပါတယ်။ ကျောင်းတွေပိတ်တုန်းကလည်း ကျမတို့ အဖွဲ့အစည်းတွေကို တိုင်ပင်ပြီးတော့ပိတ်တာမဟုတ်ပါဘူး။ အခု ကျောင်းတွေ ဖွင့်တဲ့ ကိစ္စကျတော့လည်း ကျမတို့ အဖွဲ့အစည်းတွေကို တိုင်ပင်တာ မဟုတ် ပါဘူး။ အဲဒီတော့ ကျောင်းပိတ်တဲ့၊ ဖွင့်တဲ့ကိစ္စတွေဟာ ကျမတို့အဖွဲ့ လက်ထဲ မှာရှိတဲ့ ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့်လည်း အစိုးရတခုဟာ ပြောတဲ့စကား အတိုင်းတော့ တည်သင့်တယ်လို့ ထင်ပါတယ်။ ပေးတဲ့ကတိအတိုင်းလည်း တည်သင့်တယ်လို့ ထင်ပါတယ်။ အဲဒီတော့ အရင်တုန်းကတော့ ပညာရေး လည်းမကိုင်ဘူး၊ ကျန်းမာရေးလည်း မကိုင်ဘူးလို့ပြောပြီးတော့ အခုတော့ ကျောင်းဖွင့်တဲ့ကိစ္စတွေလုပ်မယ်ဆိုတော့ ဘာရည်ရွယ်ချက်နဲ့ လုပ်မယ်ဆိုတာ တော့ ကျမတို့ နည်းနည်းတော့ စဉ်းစားပြီး သုံးသပ်ဖို့လိုပါတယ်။

**မေး။** ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ဦးဆောင်ပြီးတော့ အခု မြန်မာ နိုင်ငံမှာ ပါတီပေါင်းစုံများနေတာတွေကို တတ်နိုင်သမျှပေါ့လေ တစည်းတလုံး တည်း ဖြစ်အောင် ဆောင်ရွက်ပေးပါလားလို့ မေးချင်ပါတယ်။

**ဖြေ။** ။ အမေပြောတာကတော့ ဒီမှာ ပါတီတွေက အင်မတန်မှများနေ ပါတယ်တဲ့။ အဲ့ဒါ တတ်နိုင်သမျှ စည်းလုံးညီညွတ်အောင်လို့ ဦးဆောင်ပေးပါ လားလို့ ပြောနေပါတယ်။ ကျမတို့လည်း ဒီလို စည်းလုံးညီညွတ်မှုကို လိုလား ပါတယ်။ ဒါပေမယ့် မှန်မှန်ပြောရမယ်ဆိုရင် ပါတီပေါင်း ၂၀၀ ကျော်ကို တစည်းတလုံးတည်းဖြစ်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ ကျမတို့ အများကြီးပဲ ကြိုးစားယူရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ပါတီပေါင်း ၂၀၀ ကျော်ရှိတယ်ဆိုတာဟာလည်း ကျမတို့ အရင်ဖြစ်ပျက်ခဲ့တဲ့ နိုင်ငံရေးစနစ်နဲ့ လည်း ဆိုင်ပါတယ်။ ၂၆ နှစ်လုံးလုံး လွတ်လွတ်လပ်လပ် ပါတီတွေ၊ ဘာတွေ ဖွဲ့ပိုင်ခွင့် မရှိဘူးဆိုတော့ အခွင့်အရေး ပေးလိုက်တဲ့အခါကျတော့ ပါတီတွေ အများကြီး ပေါ်ပေါက်လာတယ်ဆိုတာ မထူးဆန်းပါဘူး။ တခြားနိုင်ငံတွေမှာ လည်း ဒီလို ဖြစ်ဘူးပါတယ်။ ဂျပန်နိုင်ငံမှာဆို ဒုတိယကမ္ဘာစစ်ပြီးခါစ ခေတ်က ပါတီ ၂၅၀ ကျော်ရှိပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ ပါတီ ၂၃၁ ပါတီရှိလို့ စိတ်ဓါတ်

www.burmeseclassic.com



ကျနေတဲ့ ပြည်သူလူထုကို ကျမ ပြောချင်တာက ဂျပန်နိုင်ငံမှာ ပါတီ ၂၅၀ ကျော်ရှိလို့ ဘာမှပြဿနာ မတက်နိုင်ခဲ့ပါဘူး။ နောက်ဆုံးကျတော့ ဂျပန်နိုင်ငံဟာ အင်မတန်မှ တိုးတက်ခဲ့ပါတယ်။ အဲဒီတော့ ပါတီတွေများနေလို့ စိတ်ဓါတ်မကျကြပါနဲ့။ စည်းလုံးညီညွတ်မှုတော့ ကျမတို့ရှာပါမယ်။ အဲဒီဟာတော့ စိတ်ချပါလို့ ကျမ ပြောချင်ပါတယ်။

အမေ့လို အမျိုးသမီးကြီး တယောက်ကတောင်မှ ထပြီးတော့ မေးရဲတာပဲ။ အမျိုးသားတွေကလည်း နဲနဲပါးပါး တက်တက်ကြွကြွ ရှိကြပါအုံး။

**မေး။** ။ နယ်စပ်ရောက်နေတဲ့ လူငယ်တွေအပေါ် ဘယ်လို သဘောထားပါလဲ။

**ဖြေ။** ။ ကျမတို့အဖွဲ့ချုပ်ရဲ့သဘောထားကို ကြေညာထားပြီးသားပါ။ ကျမတို့ ပြောပါတယ်။ ကျောင်းသားလူငယ်တွေ နယ်စပ်ရောက်သွားတာဟာ ၁၉၈၈ အတွင်းက အရေးအခင်းတွေကို အင်မတန်မှ ယုတ်ယုတ်မာမာ၊ ရက်ရက်စက်စက် လုပ်လိုက်လို့ပဲ ဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျောင်းသားလူငယ်များ နယ်ခြားရောက်သွားရတာဟာ မဆလစနစ်ရဲ့၊ အာဏာရှင်စနစ်ရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကျောင်းသားလူငယ်တွေကို ဘယ်တော့မှ မပစ်ပယ်ဘူးဆိုတာကို ကျမတို့ ပြောထားပြီးသားပါ။ ဒီ ကျောင်းသားလူငယ်တွေဟာ ကျမတို့နိုင်ငံရဲ့ရင်သွေးတွေ ဖြစ်ပါတယ်။ ကျမတို့နိုင်ငံရဲ့ရင်သွေးတွေကို ကျမတို့အဖွဲ့ချုပ်က ဘယ်တော့မှ မပစ်ပယ်ပါဘူး။ ကျမတို့ဟာ တရားဝင်လမ်းကြောင်းကနေ လှုပ်ရှားနေပေမယ့်လည်း ဒီ ကျောင်းသားလူငယ်များဟာ မိမိတို့ခံယူချက်၊ ယုံကြည်ချက်အရ မိမိတို့နည်းနဲ့ မိမိတို့ဟာ လှုပ်ရှားနေတာ ကျမတို့နဲ့ ဒီမိုကရေစီရဲ့ဘော်ချင်း အတူတူချင်းပဲဆိုပြီးတော့ ဘယ်တော့မှ မပစ်ပယ်ဘူးဆိုတာ ပြောထားပြီးသားဖြစ်ပါတယ်။

**မေး။** ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးအရ ဖမ်းဆီးမှုတွေ ရပ်စဲအောင် ဘယ်လို ထိရောက်တဲ့တောင်းဆိုမှုတွေ လုပ်နေပါသလဲ။

**ဖြေ။** ။ ကျမတို့တောင်းဆိုချက် ထိရောက်ဖို့ဆိုတာဟာ ပြည်သူလူထုရဲ့ ထောက်ခံမှု အများကြီး လိုပါတယ်။ ကျမတို့အနောက်ကနေ ပြည်သူလူထုရဲ့ ညီညွတ်မှုအင်အားရှိမယ်ဆိုရင် ဒီလိုတောင်းဆိုမှုတွေဟာ အများကြီး ပိုပြီးတော့ အောင်မြင်နိုင်ပါတယ်။ ဒီတော့ မတရားသဖြင့် နိုင်ငံရေးအရ ဖမ်းဆီးမှုတွေကို ရပ်စဲစေချင်ရင်၊ ဖမ်းထားတဲ့လူတွေကို လွှတ်ပေးစေချင်ရင် အားလုံးက ဝိုင်းဝန်းပြီးတော့ လှုပ်ရှားမှုကို ထောက်ခံရမယ်။ ပြည်သူလူထုရဲ့ ညီညွတ်မှုအင်အားနဲ့ နောက်ကနေ တွန်းအားပေးရမယ်။ အဲဒီတော့ အဖွဲ့ချုပ်ကို အဖွဲ့ချုပ်က ဘာလုပ်နေသလဲလို့ မမေးပါနဲ့၊ ကိုယ့်ကိုကိုယ် ပြန်မေးပါ။ ကိုယ့်ကရော ဘာလုပ်နေလဲ။ လူတိုင်းလူတိုင်းဟာ ဒီအရေးအခင်းနဲ့ပတ်သက်ပြီး မတရားသဖြင့် နိုင်ငံရေးအရ ဖမ်းဆီးခံရသူတွေအတွက် ဘာလုပ်ပေးနေသလဲ ဆိုတာ ကိုယ့်ကိုလည်း ပြန်မေးကြပါလို့ ကျမ မေတ္တာရပ်ခံလိုပါတယ်။

**မေး။** ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာနိုင်ငံမှာပဲ ရာသက်ပန် နေထိုင်သွားမှာလားလို့ ကျနော် သိချင်ပါတယ်။

**ဖြေ။** ။ ကျမကို မြန်မာနိုင်ငံမှာ ရာသက်ပန် နေထိုင်သွားမှာလားတဲ့။ ပြည်သူလူထုက ကျမကို လိုလားတယ်ဆိုရင် ကျမ ရာသက်ပန် နေထိုင်သွားမှာပါ။

**မေး။** ။ ကျင်းပမယ့် ရွေးကောက်ပွဲဟာ တရားမျှတပါ့မလား၊ ရွေးကောက်ပွဲရော ဝင်မှာလား။

**ဖြေ။** ။ ကျင်းပမယ့်ရွေးကောက်ပွဲဟာ တရားမျှတပါ့မလားတဲ့။ အခုအခြေအနေအရဆိုရင်တော့ သိပ်ပြီးတော့လည်း တရားမျှတမပ်္ဘ လက္ခဏာ မရှေသေးပါဘူး။ ဒါပေမယ့်လည်း ရွေးကောက်ပွဲဖြစ်ရေးအတွက် ကျမတို့ ဆက်ပြီးတော့ လုပ်သွားမှာပါ။ ကျမတို့အနေနဲ့ ရွေးကောက်ပွဲဝင်မလားဆိုတာတော့ ကျမတို့အဖွဲ့ချုပ်ရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်မှာ ဖြစ်ပါတယ်။

**မေး။** ။ ကျနော်သိသလောက်တော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှာ ဦးအောင်ကြီးက သူပဲ ဥက္ကဋ္ဌလို့ ပြောနေပါတယ်။ အဲဒီ ပြောဆိုနေမှုဟာ အခုအချိန်မှာ ရုတ်သိမ်းသွားပြီလားဆိုတာ သိချင်ပါတယ်။

**ဖြေ။** ။ ဦးအောင်ကြီးကတော့ မရုတ်သိမ်းပါဘူး။ ဒါပေမယ့် သူရုတ်သိမ်းတာ၊ မရုတ်သိမ်းတာဟာ အဓိက မဟုတ်ပါဘူး။ တကယ့် အဓိကအချက်ကတော့ ကျမတို့ အဖွဲ့ချုပ်ကနေပြီးတော့ ဦးအောင်ကြီးကို တရားဝင်ထုတ်ပစ်လိုက်ပြီးပါပြီ။ ထုတ်ပစ်လိုက်ပြီးတဲ့သူကို ဘယ်တော့မှလည်း ပြန်ပြီးတော့ လက်ခံမှာ မဟုတ်ပါဘူး။ အဲဒီတော့ ဦးအောင်ကြီးအနေနဲ့ မိမိရဲ့ဂုဏ်သိက္ခာကို မထိန်းသိမ်းပဲ ငါသာဥက္ကဋ္ဌလို့ ပြောနေတာတော့ မတတ်နိုင်ပါဘူး။ ကျမတို့အဖွဲ့ချုပ်အနေနဲ့တော့ ရှင်းရှင်းပါပဲ။

**မေး။** ။ နောက်တခုက ဒေါ်အောင်ဆန်းစုကြည်ကို လုပ်ကြံဖို့အတွက် အယောက် ၃၀ ပါတဲ့ အဖွဲ့တဖွဲ့ တပ်မတော်က ဖွဲ့ထားတယ်လို့ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဘယ်လိုယူဆပါလဲခင်ဗျား။

**ဖြေ။** ။ ကျမကိုလုပ်ကြံဖို့အတွက် အယောက် ၃၀ နဲ့ အဖွဲ့တဖွဲ့ ဖွဲ့ထားတယ်ဆိုတာ ဘယ်လိုယူဆပါလဲတဲ့။ ကျမကတော့ ဒါတွေ သိပ်ပြီးမစဉ်းစားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးလုပ်တယ်ဆိုတာဟာ လုပ်ကတည်းက ကိုယ်ကျိုးစွန့်ပြီး လုပ်ရမယ်ဆိုတာ ကျမ လက်ခံပါတယ်။ အဲဒီတော့ လုပ်ကြံတာ၊ မလုပ်ကြံတာကို ကျမ စဉ်းစားနေဖို့ အချိန်လည်းမရှိပါဘူး။ သတိတော့ ထားသင့်သလောက် ထားပါတယ်။ ဒါပေမဲ့ ကိုယ်လုပ်သင့်တဲ့ အလုပ်ကတော့ ဆက်ပြီးတော့ လုပ်သွားမှာပဲ။ လုပ်ကြံဖို့အလုပ်က သူတို့အလုပ်မို့လို့ သူတို့စိတ်ထဲမှာထားရင်တော့ ကျမ မတတ်နိုင်ဘူးပေါ့လေ။

**မေး။** ။ ပုဂ္ဂိုလ် တော်တော်များများက ပြောနေကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ခင်ပွန်းဟာ အင်္ဂလိပ်လူမျိုးလို့ဆိုပါတယ်၊ သူ အာဏာရရှိလာတဲ့အခါ

www.burmeseclassic.com

ကျရင် တိုင်းပြည်ကို တပါးကျွန်ဘဝအောက် ပြန်ရောက်သွားမယ်လို့ ပြော ပါတယ်။ ဒီလိုပြောနေတာကို ဘယ်လို ဖြေရှင်းရမလဲ။

**ဖြေ။** ။ ကျမရဲ့ခင်ပွန်းဟာ အင်္ဂလိပ်လူမျိုးဖြစ်လို့ ကျမတို့ပါတီသာ အာ ရလို့ရှိရင် ဒီတိုင်းပြည်ဟာ တခြားပြည်အောက်ရောက်သွားမယ်ဆိုတာ ဘယ် သဘောထားပါသလဲတဲ့။ အခု ကျမ နိုင်ငံရေးလုပ်ကတည်းက ကျမမိသား လုံးလုံး ပစ်ထားပါတယ်။ တိုင်းပြည်အတွက်ဆိုလို့ရှိရင် ကျမ ဆက်ပြီး ပစ်ထားမှာပါပဲ။

**မေး။** ။ ဦးအောင်ကြီးပေးတဲ့ အိပ်ဖွင့်ပေးစာအပေါ်မှာ ဘယ်လိုသဘော ပါသလဲ။

**ဖြေ။** ။ ဦးအောင်ကြီးပေးတဲ့ အိပ်ဖွင့်ပေးစာအားလုံးအပေါ်မှာ သဘောထားက တခုပဲရှိပါတယ်။ ဦးအောင်ကြီးဆိုတာ အမှန်တရား သိပ်ပြီးတော့ နားလည်တဲ့သူ မဟုတ်ပါဘူး။ အဲတော့ ဒီအတိုင်းပဲ စဉ်းစားပါတယ်။

**မေး။** ။

**ဖြေ။** ။ ကျမ ထင်တာတော့ ကျောင်းတွေပြန်ပြီး ဖွင့်နိုင်ဖို့ဆိုတာ ကျောင်းသားများနဲ့အစိုးရ အဆင်ပြေပြေဖြစ်နိုင်ဖို့ လိုတယ်။ အဲ ကျောင်းသားများဆက်ဆံရေး အဆင်ပြေပြေ ဖြစ်နိုင်တဲ့အခါကျမှ ကျောင်း ဖွင့်တဲ့အခါကျရင် အောင်အောင်မြင်မြင် ဖြစ်နိုင်မှာပေါ့။ ဒီဟာကို ကျ ဦးတည်ရမှာပဲ။ ကျောင်းသားများနဲ့အစိုးရကြား ဆက်ဆံရေးအဆင်ပြေဖို့ ကျောင်းသားများရဲ့ တရားဥပဒေတွေနဲ့ ကိုက်ညီတဲ့ တောင်းဆိုချက် ပထမ ပေးဖို့လိုတယ်လို့ ကျမထင်ပါတယ်။ တရားဥပဒေဆိုတာ နည်းနည်း ရှင်းသွားလိုပါတယ်။ တရားဥပဒေနဲ့ အမိန့်အာဏာဆိုတာ မ ဆိုတာ အားလုံး နည်းနည်းနားလည်ဖို့တော့ လိုပါတယ်။ တရားဥပဒေ ပြည်သူလူထုကောင်းကျိုးအတွက် တရားမျှမျှတတနဲ့ ထုတ်တဲ့ ဥပဒေ ကိုသာ တရားဥပဒေလို့ ခေါ်ပါတယ်။ အမိန့်အာဏာဆိုတာ ပြည်သူလူ ခြိမ်းခြောက်ပြီးတော့ ထိန်းသိမ်းချင်လို့ ထုတ်ထားတဲ့အမိန့်မျိုးကို ခေါ်ပါတ

**မေး။** ။ တိုင်းရင်းသားလူမျိုးစုတွေထဲ ကချင်၊ ကရင်၊ ရှမ်း၊ မြန်မာ ပါပါတယ်။ ကျမတို့ကုလားလူမျိုးများလည်း ပါဝင်လှုပ်ရှားလို့ မရဘူးလား

**ဖြေ။** ။ ကချင်၊ ကရင်ဆိုတာ အားလုံးမှမဟုတ်ပဲ၊ ဥပမာအားဖြင့် ပြော အဲဒီတော့ ကုလားလူမျိုးများဟာ မြန်မာနိုင်ငံအတွက် စေတနာမှန် လှုပ်ရှားချင်တယ်ဆိုရင် လှုပ်ရှားကြပါ။

**မေး။** ။ စောစောက အကိုပြောသွားတဲ့ မြန်မာ့ဆိုရှယ်လစ်စနစ် ကောင်းတယ်ဆိုတာ ကျနော် ထောက်ခံပါတယ်။ လူတွေက မကောင်းတာ အဲဒီတော့ ဒီမိုကရေစီစနစ်မှာ ဒီလူတွေသာ မကောင်းလို့ရှိရင် ဒီမိုကရေစီ မကောင်းမှာလားလို့ လူထုကို နည်းနည်း ကြေညာပေးစေလိုပါတယ်။



**ဖြေ။** ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနဲ့ ဒီမိုကရေစီစနစ် ကွာဟချက်က ဘာလဲ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်စနစ်အောက်မှာ ဘယ်လိုလဲ။ လမ်းစဉ်ပါတီ လုပ်တာကို အားလုံးက လက်ခံရတယ်။ လမ်းစဉ်ပါတီရဲ့အာဏာဟာ အကန့်အသတ်မရှိဘူး။ ဒါကြောင့်မို့ ကျမတို့ ဒီမိုကရေစီစနစ်ကို လိုလားတာ။ ဒီမိုကရေစီစနစ်အောက်မှာဆိုလို့ရှိရင် အာဏာကို အကန့်အသတ်နဲ့ ထိန်းကွပ်ထားတယ်။ ဒီလို ထိန်းကွပ်ခြင်းအားဖြင့် အစိုးရများဟာ အာဏာကို အလွဲသုံးစား မလုပ်နိုင်ဘူး။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီစနစ်အောက်မှာ အာဏာကို ဘယ်သူကမှ ထိန်းကွပ်ထားခြင်းမရှိဘူး။ ဆိုရှယ်လစ်လမ်းစဉ်ပါတီလူကြီးများဟာ လုပ်ချင်သလို လုပ်ပိုင်ခွင့်ရှိတယ်။ ဒီမိုကရေစီစနစ်အောက်မှာဆိုလို့ရှိရင် ဘယ်သူကမှ အာဏာကို အလွဲသုံးစား မလုပ်နိုင်ဘူး။ တိုင်းပြည်မှာ အထွဋ်အထိပ် အာဏာရှိတဲ့သူများပင်လျှင် တရားဥပဒေအောက်မှာ မှန်မှန် ကန်ကန်လုပ်မှ ဆက်ပြီးတော့လုပ်နိုင်တယ်။ မှန်မှန်ကန်ကန် မလုပ်ဘူးဆိုရင် ဒီအစိုးရကို ဒီမိုကရေစီနည်းအရ တရားဥပဒေအရ ဖြုတ်ချပိုင်ခွင့်ရှိရမယ်။ ဒါကြောင့်မို့လို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို စနစ်အားဖြင့် ဝါဒအားဖြင့် တောင်မှ လက်မခံနိုင်ဘူးဆိုတာ ဒါကိုပြောတာပဲ။ အာဏာကို အကန့်အသတ် မရှိ သုံးစွဲနိုင်တဲ့စနစ်ပဲ။ ဒီမိုကရေစီဆိုတာကတော့ အာဏာကို အကန့် အသတ်မရှိ သုံးစွဲနိုင်တာတော့ မဖြစ်နိုင်ဘူး။ အထိန်းအကွပ်တွေ ရှိတယ်။ ဘယ်လို အထိန်းအကွပ်တွေရှိလဲဆိုတော့ ပြည်သူလူထုအနေနဲ့ ထိန်းနိုင်တယ်။ ဘယ်လိုထိန်းနိုင်လဲ၊ လွတ်လပ်စွာဝေဖန်ပိုင်ခွင့်နဲ့ ထိန်းနိုင်တယ်။ လွတ်လပ်စွာ သတင်းဖြန့်ချိပိုင်ခွင့်နဲ့ ထိန်းနိုင်တယ်။ ဒီလို အခွင့်အရေးတွေ ကျမတို့ဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီစနစ်အောက်မှာ မရခဲ့ဘူး။ နောက်ပြီးတော့လည်း ဒီမိုကရေစီစနစ်အောက်မှာ အတိုက်အခံ အဖွဲ့အစည်းများဟာ တရားဝင် ရပ်တည်ပိုင်ခွင့် ရှိတယ်။ အတိုက်အခံ အဖွဲ့အစည်းများဟာလည်း အာဏာရှိနေတဲ့အစိုးရကို ထိန်းကွပ်ထားနိုင်တယ်။ နောက်ပြီးတော့ အစိုးရများ ကို ပြည်သူလူထုက ဒီမိုကရေစီရွေးကောက်ပွဲနဲ့ပဲ တင်မြှောက်မယ်။ ဒီလိုနဲ့ လည်းပဲ ပြည်သူလူထုက အစိုးရများကို ထိန်းသွားနိုင်တယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်အောက်မှာဆိုလို့ရှိရင် အာဏာကို အလွဲသုံးစားမလုပ်နိုင်အောင် လို့ ထိန်းသွားနိုင်တဲ့နည်းလမ်းတွေ အများကြီး ရှိတယ်။ ဒါကြောင့် လူတွေ မကောင်းရင်တောင်မှ စနစ်ကကောင်းလို့ရှိရင် ထိန်းသွားနိုင်တယ်။ ခုနက ကျမ ပြောခဲ့သလိုပဲ။ ဂျပန်လူမျိုးတို့၊ ဂျာမန်လူမျိုးတို့ဟာ ဘယ်လောက် စည်းကမ်း ရှိရှိ၊ ဘယ်လောက်ပဲ သူတို့လုပ်ရဲတဲ့ သတ္တိရှိရှိ စနစ်က မကောင်းတဲ့အတွက် အကောင်း မဖြစ်နိုင်ခဲ့ဘူး။ ကမ္ဘာစစ်ပြီးလို့ စနစ်က မှန်သွားတဲ့အခါကျတော့ သူတို့တိုင်းပြည်ဟာ အကောင်းဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ လူတွေချည်းကို ပဲ အပြစ်တင်လို့ မရဘူး။ စနစ်ကိုချည်းပဲလည်း အပြစ်တင်လို့ မရဘူး။ စနစ် ကလည်း မှန်ကန်ရမယ်။ လူတွေကလည်း မှန်မှန်ကန်ကန် လုပ်နိုင်ရမယ်။ လူတွေ မှန်မှန်ကန်ကန်လုပ်နိုင်အောင်လို့ ကိုယ့်တိုင်းပြည်နဲ့ သင့်တော်တဲ့စနစ် ကို တူထောင်ရမယ်။ ဒါကြောင့် ကျမတို့ ဒီမိုကရေစီစနစ်ကို သူထောင်ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မေး။** ။ စစ်အစိုးရက တဖက်သတ် သတင်းဖြန့်ချီချက်တွေ၊ မမှန်ဖြန့်ချီတာကို ပြည်သူလူထုက အမှန်မြင်လာအောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဘယ်လို လုပ်ပါသလဲ။

**ဖြေ။** ။ စစ်အစိုးရက သတင်းဖြန့်ချီချက်တွေ မမှန်တာကို ပြည်သူလူထုက အမှန်မြင်လာအောင် ကျမတို့က ဘယ်လိုလုပ်သလဲတဲ့။ ကျမတို့လည်း သတင်းမှတ်တမ်းတွေ ဘာတွေထုတ်ပါတယ်။ ဒါပေမယ့် ကျမ နားလည်သလောက်က လုပ်သားပြည်သူ့နေ့စဉ်တို့၊ မြန်မာအသံတို့က ထုတ်တဲ့သတင်းတွေကို ပြည်သူလူထုက ယုံလည်းမယုံပါဘူး။ အဲ့ဒီတော့ ကျမ သိပ်ပြီး လုပ်နေစရာတောင် မလိုတော့ပါဘူး။

**မေး။** ။ မြန်မာပြည်ကို ဘယ်အချိန်က ပြန်ရောက်ပါသလဲခင်ဗျား။

**ဖြေ။** ။ ကျမ မြန်မာပြည်ကို ဘယ်အချိန်က ပြန်ရောက်ပါသလဲတဲ့။ ဒီခဏတော့ ပြန်ရောက်ပါတယ်။ အရင်နှစ်တုန်းကတော့ ဧပြီလ ၂ ရက်နေ့က ပြန်ရောက်ပါတယ်။

**မေး။** ။ နောက်တခု ကျနော် မေးချင်တာက ဗိုလ်မှူးချုပ်အောင်ကြီးက ပြောသွားပါတယ်။ တကယ်လို့ သူတို့အဖွဲ့က အာဏာရလို့ရှိရင် နိုင်ငံတော်သယံဇာတပစ္စည်းတွေကို ကိုယ်ပိုင်ပြုလုပ်ခွင့်ပေးမယ်။ ဒေါ်အောင်ဆန်းစုကြည်တို့အနေနဲ့က နိုင်ငံတော်သယံဇာတပစ္စည်းတွေကို ဘယ်လိုသဘောထားပါသလဲ ခင်ဗျား၊ အာဏာရတဲ့အခါပေါ့။

**ဖြေ။** ။ ဦးအောင်ကြီးက ပြောသွားပါတယ်တဲ့။ ဦးအောင်ကြီးတို့ အာဏာရလို့ရှိရင် မြန်မာနိုင်ငံက သယံဇာတပစ္စည်းတွေကို အားလုံး ပုဂ္ဂလိကကို ပေးလိုက်မယ်လို့ ပြောပါတယ်တဲ့။ ဒီဟာနဲ့ပတ်သက်လို့ ကျမတို့ရဲ့ စီးပွားရေးမူဝါဒ သဘောထားထဲမှာ ပြောထားပါတယ်။ ကျမတို့ဟာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေကို အားပေးပါ့မယ်။ တချို့နေရာတွေမှာ တိုင်းပြည်အတွက်၊ နိုင်ငံအကျိုးအတွက် သက်ဆိုင်တဲ့ကိစ္စတွေကိုတော့ နိုင်ငံကနေ ထိန်းသိမ်းသွားမယ် တဲ့ နေရာတွေမှာသာ ထိန်းသိမ်းမယ်လို့ ကျမတို့ပြောထားပါတယ်။ ဥပမာ အားဖြင့်ဆိုလို့ရှိရင် ရေနံလုပ်ငန်း။ ရေနံလုပ်ငန်းကို ပုဂ္ဂလိကလက်ထဲ ပေးလိုက်ဖို့ဆိုတာကတော့ ချက်ခြင်းလက်ငင်းလည်း မဖြစ်နိုင်ဘူး။ သင့်တော်ချင်မှလည်း သင့်တော်မယ်။ အဲ့ဒီတော့ အခြေအနေအရ စဉ်းစားပြီးတော့ လုပ်သွားမှာပါ။ ကျမ တခု ပြောချင်ပါတယ်။ တချို့နိုင်ငံရေးသမားများဟာ လူထုအကြိုက်လိုက်ပြီးတော့ ပြောတယ်။ ဒါလိုချင်သလား၊ လုပ်ပေးမယ်လို့ပြောတယ်။ ကျမတို့ကတော့ ဒီအတိုင်း မပြောနိုင်ပါဘူး။ ဒီအတိုင်းပြောတာဟာ အင်မတန်မှ တာဝန်မဲ့တဲ့ ကိစ္စပါ။ တိုင်းပြည်တပြည်ရဲ့ သယံဇာတပစ္စည်းများဆိုတာ အင်မတန်မှ အဖိုးတန်ပါတယ်။ အင်မတန်မှ နူးနူးညံ့ညံ့ကိုင်တွယ်ရမယ့် ပြဿနာတခု ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျမတို့အနေနဲ့ တိုင်းပြည်ရဲ့သယံဇာတပစ္စည်းတွေကို တိုင်းပြည်အကျိုးအတွက် အများဆုံးဖြစ်နိုင်တဲ့နည်းနဲ့ပဲ သုံးသွားပါမယ်၊ ထိန်းသိမ်းသွားပါမယ်လို့ပဲ ကျမ ပြောနိုင်ပါမယ်။ ပုဂ္ဂလိကလုပ်ငန်းထဲကို ထည့်သင့်တဲ့ဟာတွေကို ထည့်မယ်။ မထည့်သင့်တဲ့ဟာတွေကို ထည့်ဘူး။ ဒီအတိုင်းပဲ ကျမတို့ လုပ်သွားမှာပဲ။

**မေး။** ။ နောက်တခုက တတိုင်းပြည်လုံးကို ဒုက္ခရောက်စေတဲ့ မူးယစ်ဆေးဝါးပြဿနာပေါ် ဘယ်လို သဘောထားပါသလဲ။

**ဖြေ။** ။ မူးယစ်ဆေးဝါးကိစ္စ။ ဒီမူးယစ်ဆေးဝါးကိစ္စကို ကျမတို့ဟာ ထိန်းနိုင်သလောက် ထိန်းသွားရမှာပဲ။ မူးယစ်ဆေးဝါးကိစ္စဆိုတာဟာ ပြည်သူလူထုရဲ့ ကျန်းမာရေးကို အများကြီးပျက်စေတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျမတို့နိုင်ငံမှာ ဆိုလို့ရှိရင် လူငယ်များဟာ မူးယစ်ဆေးဝါးတွေသုံးတာကြောင့်မို့လို့ အကျင့်စာရိတ္တတွေ ပျက်သွားတယ်၊ ဘဝဆုံးသွားတယ်ဆိုတာ အများကြီးရှိပါတယ်။ ဒီတော့ နိုင်ငံအစိုးရတခုအနေနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ရဲ့ လူငယ်များကို ထိန်းသိမ်းဖို့၊ ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့ဆိုတဲ့တာဝန်တွေ အများကြီး ရှိပါတယ်။ ဒီတာဝန်တွေအရ မူးယစ်ဆေးဝါးကိစ္စကို ကျမတို့ ကိုင်တွယ်သွားရမှာ ဖြစ်ပါတယ်။

**မေး။** ။

**ဖြေ။** ။ စောစောတုန်းကလည်း ဖြေခဲ့ပြီး ဖြစ်ပါတယ်။ ကျမတို့ ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းနဲ့ရှာပါမယ်ဆိုတာ ကျမတို့ ပြောပြီးဖြစ်ပါတယ်။ နိုင်ငံရေးနည်းနဲ့စေ့စပ်ပြီးတော့ ကျမတို့ ပြည်သူလူထုအားလုံးဟာ စိတ်တူ သဘောတူနဲ့ တညီတညွတ်တည်းဖြစ်သွားဖို့ကို ကျမတို့ ကြိုးစားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာဟာ သေနတ်ကိုင်ပြီးတော့ ရှာလို့မရပါဘူးဆိုတာ ကျမ ပြောထားပြီးသား ဖြစ်ပါတယ်။

**မေး။** ။ လူမျိုးစုတွေကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးပါ့မလားဆိုပြီးမှ စိတ်ထဲမှာ သံသယအမျိုးမျိုးနဲ့ ရှိနေကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တကယ်လို့ ကျနော်တို့ ဒီမိုကရေစီအရေး အောင်မြင်သွားတဲ့အခါကျရင် တောင်ပေါ်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်မှုနဲ့လား၊ ဒါမှမဟုတ် အဖွဲ့အစည်းတခုအနေနဲ့လုပ်မလား ဆိုတာကို သံသယဖြစ်နေတဲ့ ကျနော်တို့ ပြည်သူလူထုကို သုံးနည်း ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။** ။ တိုင်းရင်းသားလူမျိုးတွေနဲ့ပတ်သက်လို့ ကျမတို့ ကြေညာချက် '၉' ဆိုတာ ထုတ်ထားပါတယ်။ အဲ့ဒီထဲမှာ တော်တော်ပဲ ကျမတို့ အသေးစိတ် ပြောထားပါတယ်။ ဒီမိုကရေစီ အစိုးရတခု တက်လာတဲ့အခါကျရင် ကျမတို့ ပင်လုံလို ညီလာခံကြီး ထပ်ပြီးတော့ခေါ်ရမယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ ဒီလို ပင်လုံကဲ့သို့သော ညီလာခံကြီး ထပ်ပြီးတော့ ခေါ်ပြီးတော့ ကျမတို့ ပြည်ထောင်စုသစ်ကို ဘယ်ပုံ၊ ဘယ်နည်းနဲ့ ထူထောင်မယ်ဆိုတာ ကျမတို့ တိုင်းရင်းသား လူမျိုးစုတွေ အားလုံးနဲ့ ဆွေးနွေးပြီးတော့ ကျမတို့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးစုတွေရဲ့ မွေးရာပါ အခွင့်အရေးများနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



လျော့ညီရမယ်၊ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးနဲ့လည်း လျော်ညီရမယ်။ ဒီမှ အပေါ်မှာမူတည်ပြီးတော့ ပြည်နယ်များကို တတ်နိုင်သမျှ ကိုယ်ပိုင်ပြဋ္ဌာန်း ဖော်ထုတ်ပေးမယ်ဆိုတာလည်း ကျမတို့မူဝါဒထဲမှာ ဖော်ထားပြီးသား ဖြစ် တယ်။ ဒီတော့ ကျမတို့အဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက်ဟာ ပထမ အရေးအကြီး က ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးပဲ။ ပြည်ထောင်စုတခုလုံး တည်တံ့ခိုင်မြဲ ဆိုတာဟာ တိုင်းရင်းသားလူမျိုးစုများရဲ့ စိတ်ကျေနပ်မှု ရှိရမယ်။ ဒီ တိုင်းရင်းသားလူမျိုးစုများရဲ့ စိတ်ကျေနပ်မှုကို ရှာပြီးတော့ ဒီပြည်ထောင် ထူထောင်မယ်၊ ဒီလိုထူထောင်ဖို့အတွက် အခြေခံစည်းမျဉ်းဥပဒေအသစ် ရေးဆွဲရမယ်။ ဒါတွေလုပ်တဲ့အခါမှာလည်း တိုင်းရင်းသားလူမျိုးများနဲ့ တိုင် ပြီးတော့လုပ်ရမယ်ဆိုတာ ကျမတို့ ယုံကြည်ပြီးသားပါ။

**မေး။** ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးအရင်းဖြစ်လို့ ဗိုလ်ချုပ်အောင်ဆန်း ခံယူချက် အတော်များများကိုသိမယ်လို့ ကျနော် ယူဆပါတယ်။ အဲဒီ ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံခေါင်းဆောင်တယောက်ဖြစ်တော့ သူ့ရဲ့ သ ထားက တိုင်းပြည်ကို ဆိုရှယ်လစ်စနစ်နဲ့ပဲ ကျင့်သုံးသွားမလား၊ ဒီမိုကရေစီ နဲ့ ကျင့်သုံးသွားမလားဆိုတာကို သူက ဘယ်လိုခံယူချက်ရှိခဲ့သလဲ သိ တယ်။ ဒါက တချက်။ နောက်ပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ် ပတ်သက်လို့ သူ့ရဲ့ခံယူချက်ဟာ ဘာတွေများရှိခဲ့သလဲ။ ဒီကနေ့ တိုင်းပြ ဘာလို့ မညီညွတ်နိုင်သလဲဆိုတာ ကျနော်က နည်းနည်းသိချင်လို့ မေး ဒါ အောင်ဆန်းရဲ့သမီးဆိုတော့ ပိုပြီးမှ နီးနီးကပ်ကပ် သူ့ရဲ့သဘောထား ကို သိမယ်ထင်လို့ ကျနော်မေးတာပါ။

**ဖြေ။** ။ ဖေဖေဟာ ကျောင်းသားဘဝ ၁၈နှစ်အရွယ်ကတည်းက စပြီး နိုင်ငံရေး လုပ်ခဲ့တာပါ။ နိုင်ငံရေးလုပ်ခဲ့တဲ့အခါကျတော့ နိုင်ငံရေးသဘော တွေကို လေ့လာပြီးတော့ အချိန်အခါအရ ပြောင်းသင့်တဲ့ နေရာမှာ ပြောင်းပါတယ်။ အဲဒါကြောင့် အောင်ဆန်းလမ်းစဉ်ဆိုတာ ဆိုရှယ်လစ် မဟုတ်ဘူး။ ဒီဝါဒစွဲနဲ့လုပ်မှာ မဟုတ်ပါဘူး။ တိုင်းပြည်ရဲ့ကောင်းကျိုး အခြေအနေအရ ပြောင်းလဲသင့်တဲ့ နိုင်ငံရေးပြောင်းလဲမှု လုပ်ရမယ် အောင်ဆန်းလမ်းစဉ်လို့ ကျမ ယုံကြည်ပါတယ်။ ဖေဖေဟာ နောက် တော့ လွတ်လပ်ရေးရတဲ့အခါမှာ ဒီမိုကရေစီစနစ်နဲ့ လုပ်သင့်တယ်လို့ ပြောသွားပါတယ်။ အဲဒီအချိန်တုန်းက ဒီမိုကရေစီစနစ်နဲ့ မြန်မာနိုင် သင့်တော်တယ်ထင်လို့ပဲ။ ဖေဖေဟာ ငယ်ငယ်တုန်းက လက်ဝဲဝါဒတွေကို လေ့လာခဲ့ဖူးပါတယ်။ တချိန်တခါတုန်းကလည်း လက်ဝဲဝါဒဖက်ကို သင့်သလောက်လည်း ထောက်ခံခဲ့ပါတယ်။ ဒါလည်း ကျမ မငြင်းဆို အချိန်အခါအရ နိုင်ငံရေးအတွေးအခေါ်ကို ပြောင်းလဲသင့်သလို တိုင် အတွက် ပြောင်းလဲတာဟာ မှန်ကန်တဲ့ အောင်ဆန်းလမ်းစဉ် ဖြစ်ပါ အဲဒီတော့ ဒီအချိန်မှာ ကျမတို့တိုင်းပြည်အတွက် လိုနေတဲ့စနစ်ဟာ ဒီမို စနစ်ဖြစ်တယ်။ ဖေဖေသာ အသက်ရှင်နေလို့ရှိရင် ဒီမိုကရေစီစနစ်ကိုပဲ မယ်လို့ ကျမ အဓိက ယုံကြည်ပါတယ်။ နောက်ပြီးတော့လည်း တိုင်းရင်း

လူမျိုးများနဲ့ပတ်သက်လို့လည်း ဖေဖေဟာ ညီညွတ်မှုကိုလိုလားတယ်၊ တိုင်းရင်း သား လူမျိုးများအချင်းချင်းမှာ ကွဲပြားတဲ့စိတ် လုံးလုံးမှ မရှိဘူး။ လူတိုင်း လူတိုင်းမှာ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက်လုပ်ဖို့ တာဝန်ရှိတယ်ဆိုတာ လည်း ယုံကြည်ခဲ့တယ်။ ဒီတော့ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲဖို့ဆိုတာဟာ လူများစုဖြစ်တဲ့ ဗမာတွေအပေါ်မှာတင် တာဝန်ရှိတာ မဟုတ်ပါဘူး။ ကချင် များအပေါ်မှာလည်း တာဝန်ရှိပါတယ်။ ကိုန်းဖောများ၊ လီဆူးများ၊ ရှမ်းများ၊ ပအိုဝ်းများ၊ ပလောင်များ၊ တိုင်းရင်းသားလူမျိုး အားလုံးအပေါ်မှာ တာဝန်ရှိပါ တယ်။ တာဝန်ဆိုတာ အဓိကပဲ။ အောင်ဆန်းလမ်းစဉ်ဆိုတာ တာဝန်ကို အခြေခံပြီး လုပ်တဲ့လမ်းစဉ်ဖြစ်ပါတယ်။ လူတိုင်း၊ လူတိုင်းဟာ ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ဖို့ဟာ အဓိကပဲ ဖြစ်ပါတယ် ။

**မေး။** ။

**ဖြေ။** ။ ထိုင်းနိုင်ငံကိစ္စဆိုတာ အဓိကကတော့ ပင်လယ်ပိုင်နက်ကို ရောင်းချ ခြင်းနဲ့ ကျမတို့ရဲ့သစ်တောများကို ရောင်းချခြင်းကိစ္စကို ပြောတာလို့ ထင်ပါ တယ်။ ဒီလို ပင်လယ်ပိုင်နက်တို့၊ သစ်တောများဆိုတာဟာ ကျမတို့နိုင်ငံရဲ့ အမွေအနှစ်တွေ ဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံရဲ့ အမွေအနှစ်တွေကို စီးပွားရေး သဘောထားအားဖြင့် ရောင်းချတယ်ဆိုတာဟာ လုံးဝ မသင့်တော်ဘူးဆိုတာ ကျမတို့ အဖွဲ့ချုပ်ရဲ့ခံယူချက် ဖြစ်ပါတယ်။ ဒီတော့ ကျမတို့ဟာ ထိုင်းနိုင်ငံကို လို ကိုယ့်နိုင်ငံရဲ့ အမွေအနှစ်တွေကို ရောင်းချတာကို ကန့်ကွက်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့လည်း အိမ်နီးနားချင်းကောင်းတော့ မပီသဘူးဆိုတာ ကျမတို့ ပြောရမှာပဲ။

**မေး။** ။ ဒီမှာရှိနေတဲ့ တိုင်းရင်းသားလူမျိုးတွေဟာ သံသယစိတ်တခု ဝင်နေပါ တယ်။ ဒီမိုကရေစီအောင်မြင်လာလို့ရှိရင် ရှေးကလို ချစ်တီးကုလားများရဲ့ဆက် လက်အရာရာမှာ ကြီးစိုးနေဦးမှာလား။ အရင်းရှင်စနစ်အောက်မှာရော ကျနော် တို့ တိုင်းရင်းသားလူမျိုးတွေ ရောက်နေဦးမှာလား။ ဒါကို ဖြေရှင်းပေးပါ။

**ဖြေ။** ။ ချစ်တီးတွေ၊ ချစ်တီးတွေလည်း မရှိတော့ဘူး။ ဘယ်က လာမှာလဲ။ စိုးမိုးသွားနိုင်ပါဘူး။ ဒါဟာ တစည၊ရဲ့ ဝါဒဖြန့်ချီမှုပါ။ ဒီဝါဒဖြန့်ချီခြင်းဟာ ဘာနဲ့ဆိုင်လဲဆိုတော့ ကျမတို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ မူဝါဒ သဘောထားထဲမှာ လယ်ယာကဏ္ဍနဲ့ ပတ်သက်လို့ ပါပါတယ်။ လယ်ယာ ပိုင်ဆိုင်ခွင့်၊ လယ်ယာလွှဲပြောင်းပိုင်ခွင့် ရှိရမယ်ဆိုတာ ပါပါတယ်။ ဒါကို တစည၊က အခွင့်ကောင်းယူပြီးတော့ ဒီလို လယ်ယာပိုင်ဆိုင်ခွင့်တို့၊ လွှဲပြောင်း ခွင့်တို့လုပ်လို့ရှိရင် ချစ်တီးတွေက လယ်ယာတွေကိုဝယ်ပြီးတော့ ပြန်ပြီး တော့ စိုးမိုးသွားမယ်လို့ပြောတဲ့ ဝါဒဖြန့်ချီရေးပါဘဲ။ ချစ်တီးတွေဆိုတာလည်း မှ မြန်မာနိုင်ငံမှာ မရှိသလောက် ဖြစ်နေပါပြီ။ နောက်ပြီးတော့ ဒီလို လယ်ယာ ပိုင်ဆိုင်ခွင့်တို့၊ ဘာတို့ဆိုတာလည်း ကျမတို့ဟာ အကန့်အသတ် စည်းနဲ့၊ ကမ်းနဲ့ ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီလိုချင်တယ်ဆိုတာ ကျမတို့ နိုင်ငံသူ၊ နိုင်ငံသားများ တိုးတက်ရေးအတွက်ပါ။ ဒီတော့ ဒီမိုကရေစီ

www.burmeseclassic.com

www.burmeseclassic.com



စနစ်အောက်မှာ ကျမတို့နိုင်ငံကို တခြားလူမျိုးတွေကနေ လွှမ်းမိုးသွားမယ် ဆိုတာ လုံးလုံး မဖြစ်နိုင်ပါဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်အောက်မှာတော့ မဖြစ်နိုင်ပါဘူး။

**မေး။** ။ .

**ဖြေ။** ။ နေရာတိုင်းမှာ မဟုတ်ပါဘူး။ အင်မတန်မှ မှန်မှန်ကန်ကန်နဲ့လုပ်တဲ့ ငြိမ်ဝပ်ပိပြားရေးအဖွဲ့တွေလည်း ရှိပါတယ်။ ဒီလို မှန်မှန်ကန်ကန်နဲ့ ဗိုလ်ချုပ် ကြီးစောမောင်ပြောတဲ့အတိုင်းပဲ ဘယ်ဘက်မှမလိုက်ပဲ 'ကြား' နေတဲ့ ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့တွေဆိုရင် ကျမတို့ လေးလည်း လေးစားပါတယ်။ ဂုဏ်လည်း ဂုဏ်ပြုပါတယ်။ အဲ့ဒီလိုအဖွဲ့တွေ များများ ပေါ်ပေါက်ပါစေလို့ လည်း ဆုတောင်းပါတယ်။

**မေး။** ။ ကျနော်တို့ ဒီ အဖွဲ့ချုပ်ကို ဝင်ချင်ပါတယ်။ ဝင်ချင်ပါတယ်ဆိုတော့ ကျနော့်ကို ဝင်ခွင့်ပြုမှာလား။ နောက်ပြီးတော့ တက်တက်ကြွကြွနဲ့လည်း လုပ်ချင်ပါတယ်။ အဲ့ဒီလို ဝန်ထမ်းတဦးကဝင်ရင် အလုပ်က ထွက်လိုက်ရမယ် ဆိုရင် ပြည်သူတွေ ဘာဖြစ်မလဲ။

**ဖြေ။** ။ အဲ့ဒါတော့ ကျမလည်း ဘယ့်နှယ့်မှ မတတ်နိုင်ဘူး။ ဝန်ထမ်းများဟာ နိုင်ငံရေးအဖွဲ့အစည်းကို မဝင်ရဘူးဆိုတဲ့ ဥပဒေကို ထုတ်ထားလို့ပဲ။ ဝန်ထမ်း များဟာ နိုင်ငံရေးအဖွဲ့အစည်းများဝင်ပိုင်ခွင့်ရှိရမယ်ဆိုတာ ကျမတို့ရဲ့ ယုံကြည် ချက်ပဲ။ ဒါပေမယ့် တရားဥပဒေအရ ဝန်ထမ်းများ နိုင်ငံရေးအဖွဲ့အစည်း မဝင်ရဘူး ဆိုတော့လည်း မဝင်ရဘူးပဲ ကျမတို့ပြောရမှာပဲ။ ဒါကလည်း တရား ဥပဒေအရ ဖြစ်နေတာကိုး။ ဒီဟာကလည်း တနည်းအားဖြင့် ကောင်းတယ်လို့ လည်း ပြောတဲ့ဖက်က ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဆလခေတ် တုန်းကဆိုရင် ဝန်ထမ်းများအားလုံး၊ တပ်မတော်သားများ အားလုံးလိုလို မဆလကို မဝင်မနေရ၊ ဝင်နေရပါတယ်။ အဲ့ဒီတော့ ဝန်ထမ်းများ နိုင်ငံရေး အဖွဲ့အစည်းထဲ မဝင်ရဘူးဆိုတာဟာ ဒီအချိန်မှာတော့ သင့်တော်တယ်လို့ ကျမ ထင်ပါတယ်။ ဒါပေမယ့်လည်း တရားဥပဒေအရ ဝန်ထမ်းများသာ မဝင်ရတာ ပါ။ ဝန်ထမ်းများရဲ့ မိသားစုများဟာ ဝင်ချင်ရင်လည်း ဝင်နိုင်ပါတယ်။ နောက်ပြီးတော့ ဥပဒေထဲမှာ ကျမ နားလည်သလောက်ဆိုရင်တော့ ဝန်ထမ်း များ နိုင်ငံရေးဆွေးနွေးပွဲများ မသွားရဘူးဆိုတဲ့ ဥပဒေတော့ မရှိပါဘူး။ အဲ့ဒီတော့ အဖွဲ့အစည်းထဲကို မဝင်ပေမယ့်လည်း ဝန်ထမ်းများမှာလည်း ရှိသ ရှိထိုက်တဲ့ အခွင့်အရေးများ ရှိပါတယ်။ ဒီအခွင့်အရေးများကိုတော့ ရဲရဲဝံ့ဝံ့ သုံးသွားကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။

**မေး။** ။ တိုင်းပြည်အေးချမ်းရေးအတွက်ဆိုပြီး ရွေးကောက်ပွဲကို နောက်ဆု လိုက်ရင် အဖွဲ့ချုပ်အနေနဲ့ ဘာလုပ်နိုင်မလဲတဲ့။

**ဖြေ။** ။ ဒါ ကျောင်းသားတွေမှာလည်း တာဝန်ရှိတာပေါ့။ ကျောင်းသားမ အနေနဲ့လည်း ကျောင်းသားများနဲ့ အဖြေရှာပြီးတော့ ရွေးကောက်ပွဲများ နော ဆုတ်သွားဖို့ ကြိုးစားရမယ်။ အဖွဲ့ချုပ်အနေနဲ့လည်း ကြိုးစားမယ်။ ါကြောင့်မို့လို့ အဖွဲ့ချုပ်အနေနဲ့ ကျောင်းများ ပြန်မဖွင့်ခင် ကျောင်းများကို ဖွင့်တာ ဘာရည်ရွယ်ချက်နဲ့လဲဆိုတာ လေ့လာနေတယ်။ ဒီလိုရည်ရွယ်ချက်ဟာ မှန်ကန်တဲ့ ရည်ရွယ်ချက်ဆိုရင်တော့ ကျမတို့ ဘာမှမဆိုလိုပါဘူး။ တကယ်ပဲ ပြဿနာရှိလို့ ကျောင်းသားများ စိတ်လေနေမှာစိုးလို့၊ ကျောင်းသားများ ပညာသင်ပျက်မှာစိုးလို့ ကျောင်းကို ပြန်ဖွင့်ပေးချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆိုရင် ကျမတို့အနေနဲ့ ဘာမှ ကန့်ကွက်စရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် ပြဿနာမှန်မှန်နဲ့ လုပ်တာလား၊ မလုပ်ဘူးလား ဆိုတာတော့ ကျမတို့ စဉ်းစားရမယ်။ စဉ်းစားပြီးမှ ကျောင်းဖွင့်ရေးကိစ္စနဲ့ပတ်သက်လို့ သဘောထားကို ထုတ်ပြန်ပါမယ်။ ဘာဖြစ်ဖြစ် ရွေးကောက်ပွဲများ မဖြစ်-ဖြစ်အောင်လို့ အဖွဲ့ချုပ်က ဆက်ပြီးလုပ်သွားမှာ ဖြစ်ပါတယ်။

**မေး။** ။ NLD ဟာ တိုင်းရင်းသားလူမျိုးစုပါတီ၊ ပြည်နယ်ပါတီများနဲ့ မဟာမိတ်ဖွဲ့ရင် ပြည်နယ်စည်းရုံးရေးဆင်းရော မဟာမိတ်များနဲ့ ညှိရဲ့လား။ ရွေးကောက်ပွဲဝင်ရင်ရော မဟာမိတ်ပါတီများနဲ့ ပြိုင်မှာလား။ နေရာဖယ်ပေး မှာလားတဲ့။

**ဖြေ။** ။ ကျမတို့ဟာ မဟာမိတ်ပါတီများနဲ့ ညှိရဲ့လားလို့မေးလာရင် ကျမ ကတော့ နည်းနည်း ပြန်မေးရမယ်။ မဟာမိတ်ပါတီတွေကကော ကျမတို့နဲ့ ညှိရဲ့လား။ မဟာမိတ်ဆိုတာ နှစ်ဦးနှစ်ဖက်မှာ တာဝန်ရှိပါတယ်။ အခု ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပြည်နယ်တွေမှာ လှုပ်ရှားရတာ မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ဟာ အဖွဲ့ကြီး ဖြစ်နေတယ်။ အင်အားကြီးတဲ့ အဖွဲ့ကြီးဖြစ်နေတော့ လက်ညှိုးထိုးရတာ လွယ်ပါတယ်။ ကျမတို့ အဝေအဖန်လည်း အများကြီး ခံရပါတယ်။ နောက်ပြီးတော့ ကျမတို့ ဟာ အင်အားကြီးတဲ့အဖွဲ့ကြီးဖြစ်နေလို့ ပြည်နယ်တွေမှာ ပြည်နယ်အဖွဲ့အစည်း များကို ပေါင်းသင်းတဲ့နေရာမှာ အထူးသတိထားဖို့ဆိုတဲ့ တာဝန်ကြီးက ရှိနေတယ်။ ဒီအပြင်မှာ ကျမတို့ဟာ ဧည့်သည်အဖွဲ့အစည်း သဘောမျိုးလည်း ဖြစ်နေပါတယ်။ ပြည်နယ်က တိုင်းရင်းသားအဖွဲ့အစည်းများဟာ အိမ်သည် အဖွဲ့အစည်းများ၊ ကျမတို့က ဧည့်သည်အဖွဲ့အစည်းများဆိုတာ အိမ်သည်အဖွဲ့ အစည်းများနဲ့ ဆက်ဆံမှုပြေလည်ရေးအတွက် ကျမတို့ အများကြီး ကြိုးစားရ ပါတယ်။ ဒါပေမယ့်လည်း အိမ်ရှင်များအနေနဲ့လည်း ဒီလိုအပြန်အလှန်လုပ်ဖို့ တာဝန်တွေလည်း ရှိပါသေးတယ်။ ဒီလို တာဝန် ကျေကျေပွန်ပွန်နဲ့လုပ်တဲ့ မဟာမိတ်အဖွဲ့အစည်းတွေလည်း အများကြီး ရှိပါတယ်။ မဟာမိတ်ဆက်ဆံရေး ဆိုတာ နှစ်ဦးနှစ်ဖက်အပေါ်မှာ တည်ပါတယ်။ မိတ်ဆွေနှစ်ဦးရဲ့ အဆင်ပြေရေး ဆိုတာ နှစ်ဦးနှစ်ဖက်စလုံးအပေါ်မှာ တည်ပါတယ်။ ဒီတော့ ကျမတို့အဖွဲ့ချုပ် တခုထဲအပေါ်မှာတည်တာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့တော့ ကျမတို့ဟာ ရွေးကောက်ပွဲဝင်မယ်၊ မဝင်မယ်တောင်မှ မဆုံးဖြတ်ထားသေး အချိန်မှာ ဘယ်နည်းနဲ့မှ ဘယ်အဖွဲ့အစည်းနဲ့မှ ရွေးကောက်ပွဲပြိုင်ချင်းကိစ္စနဲ့ ကျမတို့ဆွေးနွေးလို့ မဖြစ်သေးပါဘူး။ ရွေးကောက်ပွဲမှာ ပြိုင်မယ်လို့ ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com

ပြီးတဲ့အခါကျတော့မှ မဟာမိတ် အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးသင့်တာ ဆွေးနွေးပြီးတော့ လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။

**မေး။** ။ 'ဗကပ'က နောက်ကနေ ပံ့ပိုးကူညီနေတယ်လို့ ဝါဒဖြန့်တာ ရှိတယ်။ အဲ့ဒီတော့ အဖွဲ့ချုပ်အနေနဲ့ 'ဗကပ'အပေါ် ဘယ်လို သဘော တယ်ဆိုတာ ရှင်းပြပေးပါခင်ဗျား။

**ဖြေ။** ။ ဒါဟာ ကျမတို့ကို ထိုးနှက်နေတဲ့ အချက်တခုဖြစ်ပါတယ်။ ကျမ အနေနဲ့ ဗကပဩဇာ လုံးလုံးမရှိဘူးဆိုတာ ကျမ ကောင်းကောင်း ပြောနိုင် တယ်။ ဗကပဩဇာအာဏာကတော့ ကျမတို့အပေါ်မှာ မရှိပါဘူး။ အဖွဲ့ အပေါ်မှာရှိတဲ့ ဩဇာအာဏာကတော့ ပြည်သူလူထုရဲ့ ဩဇာအာဏာပါ အဲ့ဒီတော့ ဗကပနဲ့ ကျမတို့အဖွဲ့ချုပ်နဲ့ ဆက်စပ်မှုမရှိဘူးဆိုတာ ကျ ရဲရဲတင်းတင်းကြီး ပြောချင်ပါတယ်။

**မေး။** ။ စနစ်တခုမှာ စနစ်တခုထဲ ကောင်းလို့မရပါဘူး။ လူတွေလ ကောင်းမှုရမယ်လို့ ပြောသွားပါတယ်။ တကယ်လို့ ဒီစနစ်နဲ့ ဒီပါတီသာ ပြီးတော့ အာဏာရသွားမယ်ဆိုရင် ဒီစနစ်ပဲ ဆက်သုံးသွားမလား။ ဒါမှ ဒီမိုကရေစီပဲ ရလာမလား။ တကယ်လို့ အဲ့ဒီ ဒီမိုကရေစီတွေ ရမလာဘူးဆို

**ဖြေ။** ။ ဘယ်ပါတီကိုပြောတာလဲ။

**မေး။** ။ တစည၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီပါ။

**ဖြေ။** ။ တစည ဆက်ပြီးတော့ အာဏာရမယ်ဆိုတာကို မစဉ်းစားနဲ့ အောင် လုပ်ရမယ်။

**မေး။** ။ တကယ်လို့ ရရှိသွားမယ် ဆိုရင်ကော။

**ဖြေ။** ။ ရရှိသွားမယ်ဆိုရင်တော့ ပြည်သူလူထု ရှော်လို့ပဲ။ နိုင်အောင် လုပ် ဆိုတဲ့ ခွဲကိုမွေးကြပါ။ ကျနော်တို့ရှုံးရင် ဘာလုပ်မလဲဆိုတဲ့ အမေးကိုမေး ကျမ လုံးလုံးမှမကြိုက်ဘူး။ နိုင်အောင်လုပ်ရမယ်။

**မေး။** ။ တစညကလူတွေကို ဘာဖြစ်လို့ အာဏာပိုင်တွေက ဖမ်းဆီး မလုပ်တာလဲ။

**ဖြေ။** ။ ဘာဖြစ်လို့ မဖမ်းလဲဆိုတာတော့ သိပြီးသားပဲ။ ဒီဥစ္စာက တောင် မလိုပါဘူး။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူတွေကို ကောင်းကောင်းကြီး ဖမ်းနေတာပဲ။

**မေး။** ။ လူထုကြားမှာ မေးပေးပါလို့ ကျမကိုမေတ္တာရပ်ခံလာလို့ မေးရခြင်းဖြစ်ပါတယ်။ အဲဒါကတော့ ကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ တပ်မတော်ထဲမှာရှိနေတဲ့ တသီးပုဂ္ဂလအတော်များများက မလိုလားဘူးလို့ ရပါတယ်တဲ့။ အဲ့ဒီလိုသိနေတဲ့၊ မလိုလားတဲ့အတွက်ကြောင့် အမျိုးသား ကရေစီအဖွဲ့ချုပ်အနေနဲ့ အာဏာရအစိုးရဖြစ်လာတဲ့အခါမှာ တပ်မတော် နှစ်ခြမ်းကွဲလိမ့်မယ်၊ အဲ့ဒီလိုနှစ်ခြမ်းကွဲတဲ့အခါမှာ တိုင်းပြည်နစ်နာမယ်၊ ပြည်သူ ပြည်သားတွေ ဒုက္ခရောက်မယ်တဲ့။ ဒါကြောင့်မို့လို့ ကျမတို့ အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ်ကို မထောက်ခံကြပါနဲ့၊ ဒီအဖွဲ့သာ အာဏာရရင် တပ်မတော် နှစ်ခြမ်းကွဲပါလိမ့်မယ် ဆိုပြီးတော့မှ ပြောပါတယ်တဲ့။ အဲ့ဒါ တကယ် ဖြစ်နိုင် ပါသလားတဲ့။ ဖြစ်လာခဲ့ရင်ရော ဘယ်လိုဖြေရှင်းမလဲဆိုတာ ပြောပေးပါ တဲ့။

**ဖြေ။** ။ ကျမ တပ်မတော်အပေါ်မှာ စေတနာရှိတယ်ဆိုတာ ကျမ ရဲရဲဝံ့ဝံ့ကြီး ပြောဝံ့တယ်။ ကျမ မှန်မှန်ကန်ကန်နဲ့ တပ်မတော်အပေါ်မှာ မှန်ကန်တဲ့ စိတ်ထားထားပြီး လုပ်သွားမယ်ဆိုတာ ရဲရဲဝံ့ဝံ့ကြီး ပြောနိုင်ပါတယ်။ ဒီ တပ်မတော်ကို ထူထောင်လာတုန်းက ဂုဏ်သိက္ခာရှိတဲ့ အဖွဲ့ကြီးဖြစ်အောင် ထူထောင်လာတာ။ ပြည်သူလူထုနဲ့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နဲ့ရှိမယ့် အဖွဲ့အစည်းဖြစ်အောင် ထူထောင်လာတာ။ ဒီလို အဖွဲ့အစည်းတခုပဲ ဖြစ်စေ ချင်ပါတယ်။ အဲ့ဒီတော့ ဒီလို ကျမ မှန်ကန်တဲ့စေတနာ ထားတာကြောင့်မို့လို့ ကျမတို့အဖွဲ့ချုပ်ကသာ အစိုးရဖြစ်လို့ရှိရင် တပ်မတော်ဟာ တနေ့ထက်တနေ့ ပြီးတော့ ဂုဏ်သိက္ခာလည်း မြင့်တက်ရမယ်။ ပြည်သူလူထုနဲ့လည်း စည်လုံး မယ်။ တပ်မတော်ပြိုကွဲရေးဆိုတာ မဖြစ်နိုင်ဘူးလို့ ကျမတော့ ယုံကြည်တယ်။

**မေး။** ။

**ဖြေ။** ။ ဒီလို မှန်မှန်ကန်ကန်နဲ့စဉ်းစားတဲ့ လူတွေရဲ့ ဩဇာအာဏာဟာလည်း သင့်သလောက်ရှိတယ်လို့ ကျမ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ မှန်မှန် ကန်ကန်အတိုင်းပဲ ကျမတို့လုပ်သွားမယ်။ လုပ်သွားခြင်းအားဖြင့် အောင်မြင်မှု ကိုရမယ်။ အောင်မြင်မှုဆိုတာဟာ ကိုယ့်မှာခံယူချက်ရှိလို့ရှိရင် ကိုယ်ကမှန်မှန် ကန်ကန်နဲ့လုပ်နိုင်တဲ့ ဖွဲ့သတ္တိရှိရင် ရရမယ်လို့ ကျမအမြဲပဲ ယုံကြည်ပါတယ်။

**မေး။** ။ ခုနက ပြောသွားပါတယ်၊ ဝွန့်စားဖို့လိုတယ်၊ စည်းကမ်းရှိဖို့ လိုတယ်၊ ပညာရှိဖို့လိုတယ်လို့ ပြောသွားပါတယ်။ လူတိုင်းလူတိုင်း ကိုယ်ကျင့် တရား ကောင်းဖို့အတွက် လေးလေးနက်နက် စဉ်းစားပေးစေ လိုပါတယ်။ တတိုင်းပြည်လုံး ချွတ်ခြုံကျသွားတာဟာ လူတိုင်းနီးပါး ကိုယ်ကျင့်တရား ကျသွားမှုကြောင့် အခြေခံတာလို့လား။

**ဖြေ။** ။ ပြည်သူလူထုများဟာ အကျင့်စာရိတ္တမကောင်းဘူးဆိုရင် တိုင်းပြည် ကတော့ ပျက်ဖို့ပဲ ရှိတော့တာပေါ့။ ဒါကြောင့် ကျမ စောစောက ပြောခဲ့ပါတယ်။ လူကြီးမိဘများဟာ လူငယ်များကို မှန်မှန်ကန်ကန်နဲ့ သင်ကြား ပေးဖို့ အများကြီး လိုတယ်။ လူကြီးမှာ ဒီတာဝန်တွေ ရှိပါတယ်။ ဒီလို လူငယ်များကို ငယ်ငယ်ကတည်းက မှန်မှန်ကန်ကန်လုပ်ဖို့ သင်သွားမှ အကျင့် စာရိတ္တမဏ္ဍိုင်တွေဟာ ခိုင်မြဲမှာပါ။ ငယ်ငယ်ကတည်းက သေသေချာချာ ခိုင်ခိုင်မြဲမြဲဖြစ်အောင်လို့ လုပ်ထားကြပါ။ ဒါပေမယ့်လည်း အကျင့်စာရိတ္တ ဆိုတာ ပြန်တော့ပြင်လို့ရတယ်လို့ ကျမ ယုံကြည်ပါတယ်။ တကယ်လို့ ကိုယ့်ကိုကိုယ် ပြင်ချင်တဲ့ စိတ်ဆန္ဒရှိတယ်ဆိုရင် ပြင်ယူလို့ရပါတယ်။ အရေးကြီးတာကတော့ ပြုပြင်ချင်ရမယ်။ တချို့က မပြုပြင်ချင်ဘူး။ ကျမတို့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံမှာဆိုရင် အကျင့်စာရိတ္တ ကောင်းတာကို ပါးစပ်က ပြောနေပြီးတော့ တကယ်တော့ လုပ်ငန်းအားဖြင့် သိပ်ပြီးတော့အားမပေးကြဘူး။ ဥပမာအားဖြင့် ဆိုလို့ရှိရင် ကိုယ်ကောင်းဖို့အတွက်၊ စီးပွားရေးကောင်းဖို့အတွက် မမှန်ကန်တာ လုပ်တာကို ဘယ်သူကမှ သိပ်ပြီးတော့ ရှုံ့ချခြင်း မရှိကြဘူး။ ဒါကတော့ အခြေအနေအရ ကြည့်လုပ်တာပဲလို့ ပြောကြတယ်။ အဲဒီလို အခြေအနေအရ ကြည့်လုပ်တာမျိုးကို ကျမ သိပ်ပြီးတော့ မကြိုက်ဘူး။ အခြေအနေအရ စွန့်စားရဲရမယ်။ အခြေအနေအရ ကိုယ့်အကျင့်စာရိတ္တမဏ္ဍိုင်ကို တည်ထော ရေးအတွက် တခြားဖက်ကနေ စွန့်လွှတ်သင့်ရင် စွန့်လွှတ်ရမယ်။ အဲဒီလို စိတ်ထားတွေမွေးဖို့ဆိုတာ အားလုံးမှာ တာဝန်ရှိတယ်။ ကျမတို့ အဖွဲ့ချုပ် တခုထဲကနေ သွားပြီးတော့ ဆော်သြနေလို့နဲ့လည်း မပြီးပါဘူး။ ပြည်သူလူထု အချင်းချင်း ဆော်သြရမယ်။ တယောက်နဲ့တယောက် အကျင့်စာရိတ္တရှိတဲ့ သူမှသာ လေးစားမယ်ဆိုတဲ့ စိတ်ဓါတ်ကို မွေးရမယ်။ အဲဒီလို စိတ်ဓါတ်တွေ မွေးမှသာလျှင် လူတိုင်းလူတိုင်းဟာ အကျင့်စာရိတ္တပြုပြင်ဖို့ကို ကြိုးစားလာမှာ ဖြစ်တယ်။ အဲဒီတော့ အကျင့်စာရိတ္တကောင်းဖို့ဆိုတာ လူတိုင်းရဲ့ တာဝန် ဖြစ်တယ်။ အားလုံးဝိုင်းပြီးတော့ ကြိုးစားကြပါ။ ကျမတို့ အဖွဲ့ချုပ်ကို လွှဲချလို့မရပါဘူး။

**မေး။ ။**

**ဖြေ။ ။** တရားမျှတတဲ့ ရွေးကောက်ပွဲများ မြို့နယ်တိုင်းမှာ ဖြစ်ဖို့ဆိုတာဟာ ကျမတို့ တတိုင်းပြည်လုံးမှာ ရသင့်ရထိုက်တဲ့ ဒီမိုကရေစီ အခွင့်အရေး ရအောင်လို့ ကြိုးစားရမယ်။ ဒါကြောင့် ကျမတို့ပြောနေတာပေါ့။ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားပိုင်ခွင့် ဒီလို အခွင့်အရေးတွေ ရရမယ်။ တတိုင်းပြည်လုံးမှာ ရရမယ်။ တနိုင်ငံလုံး ရရမယ်။ ဒီမိုကရေစီဆိုတာ ကွက်ပြီးတော့ရလို့ မဖြစ်ဘူး။ တမြို့နယ်မှာ ဒီမိုကရေစီရပြီး၊ တမြို့နယ်မှာ အာဏာရှင်စနစ်၊ ဒီလိုဖြစ်လို့ မဖြစ်နိုင်ဘူး။ အဲဒီတော့ တတိုင်းပြည်လုံးမှာ တန်းတူညီတူ အခွင့်အရေးတွေရဖို့ ကျမတို့ အဖွဲ့ချုပ်က ကြိုးစားပါမယ်။ ကျမတို့အနေနဲ့ ရန်ကုန်တိုင်းမှာ ရရင်ပြီး ဆိုတဲ့ စိတ်ထားတွေ ထားမှာ မဟုတ်ပါဘူး။ မြစ်ကြီးနားမှာ အခွင့်အရေး မရနေဘူး၊ မြစ်ကြီးနားမှာ နိုင်ငံရေးအရဖမ်းဆီးနေတယ်ဆိုရင် ကျမတို့အဖွဲ့ချုပ် က လုပ်ပါတယ်၊ တတ်နိုင်သမျှ ကျမတို့ လုပ်ပါတယ်။ မြစ်ကြီးနား ရန်ကုန်နဲ့ဝေးလို့ဆိုပြီး ပစ်ထားတာ မရှိပါဘူး။ ကျမတို့ဟာ လွပ်လပ် တရားမျှတတဲ့ ရွေးကောက်ပွဲတွေ တတိုင်းပြည်လုံးမှာ ဖြစ်ဖို့အတွက် ကျမ ကြိုးစားမှာပါ။ ကွက်ပြီးတော့ဖြစ်ဖို့ ကျမတို့ ကြိုးစားမှာ မဟုတ်ပါဘူး။ အဲဒီတော့ ဖြစ်ရင် တတိုင်းပြည်လုံးမှာ ဖြစ်မယ်။ တချို့နေရာတွေမှာ ပိုပြီးတော့ဆိုးရင်တော့ ကျမတို့ အဲဒီနေရာတွေကို ဝိုင်းပြီးတော့ ကာကွယ် မှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့ အခုနေ တောနေလူထုဟာ မြို့နေလူထုထက် ပိုပြီး တက်ကြွသလဲ။ ပထမဦးဆုံး စည်းရုံးခရီးထွက်တဲ့ အောက်တိုဘာလတုန်း

ပြင်းပြန်ပဲ။ အဲဒီတုန်းက မြို့ကလူထုက ပိုပြီးတော့ လုပ်ရဲကိုင်ရဲရှိသေးတယ်။ တောကလူထုက သိပ်ပြီးတော့ မလုပ်ရဲ၊ မကိုင်ရဲဘူး။ ကျမ စဉ်းစားတော့ ဖြေမှန်တော့ ကျမ တိတိကျကျတော့ မသိဘူးပေါ့လေ။ ဒါပေမယ့် စဉ်းစားလို့ရတာက ဘာလဲဆိုတော့ တောကလူထုဟာ အခုအချိန်မှာ တနေ့နဲ့ နေ့ ဒုက္ခတွေကို ပိုပြီးတော့ ရင်ဆိုင်နေရတယ်။ ဆန်စပါး ရှားပါးတယ် ဆိုရင် တောနေပြည်သူလူထုအတွက် အများကြီး ဒုက္ခ ရောက်ရတယ်။ ဒီတော့ တောနေလူထုဟာ ပိုပြီးတော့ နားလည်လာတယ်။ ငါတို့မှာ အခွင့်အရေးတွေ မရှိပါလား၊ ဒီပျောက်ဆုံးနေတဲ့ လူ့အခွင့်အရေးတွေ ရဖို့ အတွက် စွန့်စွန့်စားစားလုပ်မှပဲ ထမင်းတောင်မှ နပ်မှန်အောင်စားရမယ်ဆိုတဲ့ အမြင်တွေရှိလို့ ပိုပြီးတော့ တက်ကြွလာတယ်လို့ ကျမ ထင်တယ်။ မှာရှိတဲ့ ပြည်သူလူထုကတော့ တဖြေးဖြေး စီးပွားရေးပိုပြီးတော့ အခက် ရှိလာတဲ့အခါကျတော့ စီးပွားရေးဘက်ပဲ ပိုပြီးလုပ်မယ်ဆိုတဲ့ စိတ်တွေများ သန်လာလို့ နိုင်ငံရေးဘက်ကို မပါလာတာလားလို့ ကျမ စဉ်းစားမိပါ ယ်။ ဒီတော့ စီးပွားရေးဘက်ပဲ လုပ်မယ်လို့ ဆိုလို့ရှိရင်တော့ ရေရှည်မှာတော့ ကျမတို့ ဘယ်လိုမှ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။ အခု စီးပွားရေးဘက် ဘက်ချပြီးလုပ်နေတဲ့လူတွေပင်လျှင် ရေရှည်မှာ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။

*တက်လက်၍ ကချင်အမျိုးသားလုံးဆိုင်ရာကွန်ဂရက်အဖွဲ့ချုပ်ရုံးတွင် ဒီမိုကရေစီ အခွင့်အရေးများနှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည်မှာ--*

အထူးသဖြင့် ကျမ မြစ်ကြီးနားဘက်မှာ ပြောချင်ပါတယ်။ မြစ်ကြီးနားဘက်မှာဆိုလို့ရှိရင် စီးပွားရေးပြဿနာရှိတာကြောင့်မို့လို့၊ စီးပွားရေး အတွက် လုံးပန်းနေရတာကြောင့်မို့လို့ နိုင်ငံရေးအတွက် အချိန်မပေးနိုင်ဘူး၊ နိုင်ငံရေး မလုပ်ရဲကြဘူးဆိုတာ ကျမ ကြားရပါတယ်။ နိုင်ငံရေးလုပ်ခြင်း အားဖြင့် ကိုယ့်စီးပွားရေး ထိခိုက်သွားမှာကို စိုးရိမ်နေကြတယ်ဆိုတာလည်း ကျမ ကြားရပါတယ်။ တကယ်တော့ ရေရှည်မှာ နိုင်ငံရေးစနစ်မမှန်လို့ရှိရင် ကိုယ့်စီးပွားရေးဟာ ဘယ်လိုမှ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ရေရှည်အတွက် တွက်ကြပါ။ တိုင်းပြည်ရဲ့ အနာဂတ်အရေးကို စဉ်းစားကြပါ။

အခုလောလောဆယ် တလ၊ နှစ်လ အတွင်း စီးပွားရေးအတွက် စဉ်းစားနေလို့ရှိရင် နောင် နှစ်နဲ့ချီပြီးတော့ ကျမတို့ အနစ်နာခံရပါလိမ့်မယ်။ ဒီတော့ ရေရှည်စီမံကိန်းတွက်ပြီးတော့ နောင်နှစ်နဲ့ချီပြီးတော့ ကျမတို့ တိုင်းပြည်ကြီးကို တနှစ်၊ နှစ်နှစ် ပြောတာမဟုတ်ဘူး၊ ရာနဲ့ချီပြီးတော့ တည်တံ့ နိုင်မြဲအောင် လုပ်ဖို့ဆိုတာဟာ အခုအချိန်အတွင်းမှာ ကျမတို့ စွန့်စားသင့် သလောက် စွန့်စားရမယ်။ အခုချိန်မှာ စီးပွားရေးထက် နိုင်ငံရေးဟာ အရေးကြီးတဲ့အချိန် ဖြစ်နေတယ်ဆိုတာ ကျမတို့ လက်ခံရမယ်။ ဒီဟာကို လက်ခံနိုင်မှ၊ နိုင်ငံချစ်တဲ့စိတ်ဓါတ်မျိုးနဲ့လုပ်နိုင်မှ နောင်ကျလို့ရှိရင် သူများစု ကြီးအတွက်လည်း စီးပွားရေးဟာ သက်သာမှုရှိမယ်၊ စီးပွားရေး ဖွံ့ဖြိုးရှိမယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်မှာ စီးပွားရေးလုပ်နေတဲ့လူတွေဟာ အမြဲတမ်း ကြောက်ကြော လုပ်နေရတာပဲ မဟုတ်လား။ စီးပွားရေး လုပ်ရတာတောင်မှ လွတ်လပ်မှုမရှိ ကိုယ့်ကို အာဏာရှိတဲ့သူများက မလိုလားလို့ရှိရင် ဘယ်အချိန်မှာ အ ရှာမလဲ၊ ဘယ်အချိန်မှာ အရေးယူမလဲဆိုတာ အမြဲစဉ်းစားနေရတယ်။ တော့ ဒီလို အခြေနေမျိုးကနေ လွတ်မြောက်ဖို့ဆိုတာဟာ မှန်ကန်ပြီးေ တရားဥပဒေအရ အုပ်ချုပ်ရေး ကျမတို့ လိုတယ်။

တရားဥပဒေအရ အုပ်ချုပ်မယ့်စနစ်အောက်မှာ ဆိုလို့ရှိရင် လွတ်လ လပ်လပ်လည်း စီးပွားရေး လုပ်ပိုင်ခွင့်ရှိမယ်။ ဒီလို လွတ်လွတ်လပ် လုပ်တဲ့အချိန်မှာလည်း ကိုယ်ဟာ တရားမျှမျှတတနဲ့ လုပ်လို့ရှိရင် ဘယ်သူက ကိုယ့်ကို အန္တရာယ်မပြုဘူး၊ ဘယ်သူကမှ ကိုယ့်ကို အရေးမယူနိုင်ဘူးဆို စိတ်ခါတ်လုံခြုံမှုကို ရပါလိမ့်မယ်။ စိတ်ဓါတ်လုံခြုံမှု မရှိလို့ရှိရင်တေ ဘယ်လောက်ပဲ ပိုက်ဆံချမ်းသာနေ ချမ်းသာနေ လူဟာ စိတ်ချမ်းသာမှုဆို မရနိုင်ပါဘူး။ အဲဒီတော့ ကျမတို့အားလုံးဟာ စိတ်ဓါတ်လုံခြုံမှုရနိုင်မ စနစ်တခုကို ဦးတည်ဖို့ လိုပါတယ်။ စိတ်ဓါတ်လုံခြုံမှုရမှပဲ စီးပွားရေးလုံခြုံ ကျမတို့ ရနိုင်မှာပါ။ ဝိုင်းပြီးတော့ နိုင်ငံရေးအရ ကြိုးစားကြပါ။ ပံ့ပိုးကြ ထောက်ခံကြပါ။ ကျမတို့ ပြည်ထောင်စုသစ်ကြီး ထူထောင်ဖို့ဆိုတာ ပြည်ထောင်စုတိုင်းရင်းသား အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် ထမ်းဆောင်ကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်

## မန်ခေရွာ

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မြစ်ကြီးနားမှ မန်ခေကျေးရွာသို့ ဆက်လ သွားရောက်ပြီး မန်ခေကျေးရွာ၌ တိုင်းရင်းသား လီဆူးအမျိုးသားများနှင့် ရင်းရင်း တွေ့ဆုံနှုတ်ဆက်ပါသည်။*

ကျေးဇူးတင်ပါတယ်။ ကျမတို့ ဒီနေ့ဆိုရင် ကချင်ပြည်နယ်ခရီးစဉ်မှ ပထမဦးဆုံး လီဆူးအမျိုးသားများနဲ့ တစုတဝေးထဲ တွေ့ဆုံခြင်းဖြစ်ပါတယ မီးရထားဘူတာရုံမှာတော့ လာကြိုတဲ့ လီဆူးအမျိုးသားများနဲ့ တွေ့ပြီးပါပြ ဒါပေမယ့် ဒီမှာဆိုရင်တော့ များများစားစား ပထမဦးဆုံး တွေ့ရတာပဲ။ ဒီ တိုင်းရင်းသားလူမျိုးများနဲ့ တွေ့ဆုံ ဆွေးနွေးခွင့်ရတဲ့အတွက် အများကြ ကျေးဇူးတင်ပါတယ်။ ဂုဏ်ယူပါတယ်။ ကျမတို့အချင်းချင်း တွေ့ဆုံဆွေး ပြီးတော့ တူညီတဲ့သဘောထားများကို ဖေါ်ထုတ်မှသာ ပြည်ထောင်စုတည် ခိုင်မြဲအောင် ကျမတို့ လုပ်နိုင်မှာဖြစ်ပါတယ်။ ဘယ်လိုပြဿနာမျိုးမဆို ညှိနှိ



ငါက ကချင်၊ ငါက ဗမာ၊ ငါက ရှမ်းဆိုတဲ့ စိတ်ဓါတ်တွေ
ခုထားလို့ မဖြစ်ပါဘူး။ ငါတို့အားလုံးဟာ ဒီမိုကရေစီ လူ့အခွင့်အရေးတွေကို
လိုချင်လို့ ရုန်းကန်နေတဲ့ ရဲဘော်တွေဆိုတဲ့ စိတ်ဓါတ်မျိုး ထားဖို့ပဲ လိုပါတယ်။
အားလုံးဟာ ညီရင်းအကိုလို တစိတ်ထဲ၊ တသဘောထဲ လုပ်ရမယ်။
ဒါမှလည်း ကျမတို့ အောင်မြင်နိုင်မှာပါ။

* * *

မဆလစနစ်ဆိုးကြောင့်မို့လို့ ကျမတို့တိုင်းပြည်ဟာ အများကြီး
ဆုတ်ယုတ်သွားရတာ။ ဒါပေမယ့် ဘာဖြစ်လို့ မဆလစနစ်ဆိုးဟာ ကျမတို့
တိုင်းပြည်မှာ ဒီလောက်ကြာကြာ တည်တံ့ခိုင်မြဲသွားသလဲဆိုတာ
ကျမတို့ပြန်ပြီးတော့ မေးရပါမယ်။ ကျမတို့ နိုင်ငံသူ၊
နိုင်ငံသားများဟာ ရပ်ကြည့်နေလိုသာ ဒီ မဆလစနစ်ဟာ
ဒီလောက်အထိ တည်တံ့ခိုင်မြဲ သွားတာပဲ။

* * *

ဒီမိုကရေစီတိုက်ပွဲဆိုတာ ပုံသဏ္ဌာန် အမျိုးမျိုးရှိပါတယ်။
ဆန္ဒပြမှ ဒီမိုကရေစီ တိုက်ပွဲမဟုတ်ပါဘူး။ ကျမတို့ဟာ ကိုယ်လုပ်သင့်၊
လုပ်ထိုက်တဲ့ကိစ္စကို တိုးတိုးတိတ်တိတ် လူမသိအောင် လုပ်ခြင်းဟာလည်း
တိုက်ပွဲဝင်ခြင်း ပုံစံတမျိုးပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားလူငယ်တွေ နယ်စပ်ရောက်သွားတာဟာ ၁၉၈၈ အတွင်းက
အရေးအခင်းတွေကို အင်မတန်မှ ယုတ်ယုတ်မာမာ၊
ရက်ရက်စက်စက် လုပ်လိုက်လို့ပဲ ဖြစ်တယ်။

* * *

ကျမတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားများဟာ ကလေးတွေကို ခြိမ်းခြောက်တဲ့
အလေ့အကျင့်တွေရှိတယ်လို့ ကျမ မြင်ပါတယ်။
လူကြီးတွေကို ဒီလိုဟာတွေတော့ မလုပ်ကြပါနဲ့လို့
ကျမ မေတ္တာရပ်ခံလိုပါတယ်။

* * *

မကြောက်အောင်ဆိုတာ ကိုယ့်မှာခံယူချက်တခု ရှိရမယ်။
ကိုယ့်ကြောက်တဲ့စိတ်ထက် ပိုပြီးပြင်းထန်တဲ့စိတ်တခုကို မွေးရမယ်။
ကိုယ့်ကြောက်တဲ့စိတ်ထက် ပိုပြီးတော့ လုပ်ချင်တဲ့စိတ်က များရမယ်။
ဒီလို စိတ်ဓါတ်တွေမွေးမှ ရမှာပဲ။

* * *

စီးပွားရေးကို နိုင်ငံရေးထက် အရေးထားလို့ မဖြစ်ပါဘူး။
နောက်ဆုံး စီးပွားရေးစနစ်တခု အောင်မြင်ဖို့ဆိုတာဟာ နိုင်ငံရေးစနစ်
ခိုင်မာမှ ဖြစ်ပါလိမ့်မယ်။ နိုင်ငံရေးစနစ်က မမှန်ကန်ဘူးဆိုရင် မခိုင်မာဘူးဆိုရင်
ဘယ်သူမှ စီးပွားရေးအရ ကြီးပွားနိုင်မှာ မဟုတ်ပါဘူး။

* * *



…ိုင်ပင်ဆွေးနွေးပြီး ဖြေရှင်းနိုင်ပါတယ်။ ဒီလိုဖြေရှင်းဖို့ အားလုံးကြိုးစားရမယ်။ …မုအချိန်မှာဆိုရင် တိုင်းရင်းသားလူမျိုးစုအားလုံးဟာ ဒီမိုကရေစီကို လိုချင်နေ…ကြတယ်။ ဘာဖြစ်လို့ တိုင်းရင်းသား လူမျိုးစုအားလုံးဟာ ဒီမိုကရေစီကို …လိုချင်နေကြသလဲဆိုတာ မေးစရာ ဖြစ်ပါတယ်။ ကျမတို့ဟာ ကိုယ့်ဘာသာ…ကားနဲ့ကိုယ်၊ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ်၊ ဒါပေမယ့်လည်း နောက်ဆုံး …ကအပေါ်မှာ သဘောတူညီချက်ရှိသလဲဆိုတော့ လူတိုင်းလူတိုင်းဟာ လူ့အခွင့်…အရေးများ ပြည့်ပြည့်စုံစုံ ခံစားပိုင်ခွင့်ရှိရမယ်ဆိုတဲ့ သဘောထားအပေါ်မှာ …အားလုံး သဘောတူညီချက် ရှိပါတယ်။ ဒီဟာကိုလိုချင်လို့ တတိုင်းပြည်လုံး၊ …နိုင်ငံလုံး လူမျိုးမရွေး၊ ဘာသာမရွေး ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံနေ…ကြတာလို့ ကျမ ထင်ပါတယ်။ ဒီလိုပဲ ကျမတို့ဟာ တူညီတဲ့သဘောထား…တွေနဲ့ ဆက်လုပ်သွားမယ်ဆိုရင် ကိုယ့်ကိုလည်း ရန်သူက သိပ်ပြီးတော့ …ထိခိုက်နိုင်ဘူး။ ကိုယ့်ရဲ့အောင်မြင်ခြင်းဟာလည်း မြန်ပါလိမ့်မယ်။

ရန်သူဆိုတာဟာ အခုအချိန်မှာ ရန်သူလို့ခေါ်ရတာ အင်မတန်မှ …မ်းနည်းပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှုကြီး ပေါ်ပေါက်လာတဲ့အခါမှာ ကျမတို့…က နိုင်ငံသူနိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲသလို ဖြစ်နေပါတယ်။ …လိုစိတ်ဝမ်းကွဲမှုဆိုတာ နည်းနည်းမှ လိုလားအပ်တဲ့ ကိစ္စမဟုတ်ပါဘူး။ …ျမတို့အားလုံး တညီတညွတ်ထဲ ဖြစ်သင့်တယ်။ ဒီလို နိုင်ငံသူ နိုင်ငံသား …းကြားမှာ စိတ်ဝမ်းကွဲအောင်ဖြစ်ခဲ့တာ မဆလစနစ်ကြောင့်ပဲ။ မဆလ …နစ်ကြောင့်မို့ ပြည်သူလူထုကြားထဲမှာ စိတ်ဝမ်းကွဲခဲ့ရတယ်။ ဒီစိတ်ဝမ်းကွဲမှုကို …န်ပြီး ပြုပြင်ယူရမယ်။ ပြင်ဆင်ယူရမယ်။ ဒီမိုကရေစီရဖို့ တိုက်နေတယ် …ိုတာ ဘယ်သူ့ကိုမှ မုန်းလို့၊ ဘယ်သူ့ကိုမှ ဖျက်ဆီးချင်လို့ တိုက်နေတာ …ဟုတ်ဘူး။ ပြည်သူလူထုဟာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရဖို့အတွက် …ိုက်ပွဲဝင်နေတာပဲ။ ဒီလို ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရပြီဆိုလို့ရှိရင် …မ်မာနိုင်ငံသူ နိုင်ငံသားမှန်သမျှ အားလုံးဟာ လူ့အခွင့်အရေးတွေ ပြည့်ပြည့် …စုံ ခံစားပိုင်ခွင့် ရှိရမယ်။

အဲတော်ရှင်ဘုရားမှာ ဆွေးနွေးပွဲတခုလုပ်တုန်းက အဖြစ်အပျက်တခုကို …န်ပြောချင်ပါတယ်။ ဒီဆွေးနွေးပွဲက ပရိသတ်ထဲကတဦးက ထပြောပါတယ်။ …ိုရှယ်လစ်စနစ်က ကောင်းပါတယ်တဲ့။ လူတွေက မကောင်းလို့သာ ပြဿနာ …က်ခဲ့ရတာပါတဲ့။ ဒီကိစ္စ ဆွေးနွေးပြီးတော့ တချို့ပရိသတ်ထဲက မေးတဲ့သူကို …န်ပြီးတော့ ရိုက်ချင်တယ်၊ နှက်ချင်တယ်ဆိုတဲ့ သဘောထားတွေ ကြားရ …ါတယ်။ ဒါဟာ ဒီမိုကရေစီနဲ့ မကိုက်ညီပါဘူး။ ဒီမိုကရေစီစနစ်အောက်မှာ …ိုရင် လူတိုင်းလူတိုင်းဟာ မိမိတို့ရဲ့ယုံကြည်ချက်အရ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့နဲ့ …ပြောပိုင်ခွင့်ရှိရမယ်။

…ိုနောက် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဗိုလ်ချုပ် အောင်ဆန်း၏ လွတ်လပ် …ေးလှုပ်ရှားမှု အရေးတော်ပုံ ကာလအတွင်းက ရဲဘော် ရဲဘက်တဦးဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

*ပေါကြာဘောက်၏ နေအိမ်သို့ ဝင်ရောက်ဂါရဝပြုပြီး စောင့်ကြိုနေသော လူထု
နှုတ်ခွန်းဆက်စကား ပြောကြားသည်။*

တတပ်တအားနဲ့လုပ်မှ ကိုယ်လိုချင်တဲ့ကိစ္စတခုကို ဖြစ်မြောက်အော
လုပ်နိုင်မှာပါ။ အထူးသဖြင့် ဒီမိုကရေစီလှုပ်ရှားမှု အောင်ဘို့ဆိုတာ
လွယ်လွယ်ကူကူနဲ့ဖြစ်မယ့်ကိစ္စ မဟုတ်ပါဘူး။ လွယ်လွယ်ကူကူနဲ့ဖြစ်မ
ကိစ္စမဟုတ်လို့ ကျမတို့ဟာ သိပ်ပြီး ကြိုးစားရမယ်။ ညီညီညွတ်ညွ
ကြိုးစားရမယ်။ စနစ်တကျနဲ့ ကြိုးစားရမယ်။ ကျမတို့ နိုင်ငံသူ၊ နိုင်ငံသ
တွေဟာ ဆိုလို့ရှိရင် အများအားဖြင့် ခပ်လွယ်လွယ်လုပ်ချင်တဲ့ ဆန္
ရှိပါတယ်။ ခပ်လွယ်လွယ်လုပ်ချင်ရင်တော့ ကျမတို့လိုချင်တဲ့ အခွင့်အရေး
ရနိုင်မှာ မဟုတ်ပါဘူး။ အခက်အခဲတွေကို အောင်မြင်ဖို့ဆိုတာ လွယ်လွ
လုပ်တဲ့နည်းနဲ့တော့ ရနိုင်မှာ မဟုတ်ပါဘူး။ အများကြီး အားထုတ်ရမ
အများကြီး ခွဲရှိရမယ်။ ဝီရိယ ရှိရမယ်။ ကျမတို့ရဲ့ တောင်တန်းသားမျာ
အင်မတန်မှ သတ္တိလည်းရှိတယ်။ အင်အားလည်း ရှိတယ်လို့ နားလည
တယ်။ ဒါ့ကြောင့် လွတ်လပ်ရေးခေတ်တုန်းကဆိုရင် တောင်တန်းသားမျာ
အားကိုးပြီးတော့ လွတ်လပ်ရေးရအောင် ယူခဲ့ရပါတယ်။ အခု ဒီမိုက
လိုချင်တဲ့ အခါကျတော့လည်း တောင်တန်းသားများကို ကျမတို့ အမျာ
အားကိုးပါတယ်။ ဒီလို တိုင်းရင်းသားလူမျိုးအချင်းချင်း အားကိုးပြီး ယုံကြ
စိတ်ချမှုနဲ့ သစ္စာရှိရှိ ဆက်ပြီးတော့လုပ်သွားနိုင်မှ ဒီမိုကရေစီကိုလည်း ရမ
ရမယ့်ဒီမိုကရေစီကိုလည်း တိုင်းပြည်အတွက် အကျိုးဖြစ်အောင် သုံးနိ
လိမ့်မယ်။

*ညနေ ၃ နာရီ ၁၅ မိနစ်တွင် ကရိန်နော်သို့ ရောက်ရှိရာ ပြည်သူလူထုကြ
ဒေါ်အောင်ဆန်းစုကြည်က မြန်မာဘာသာစကားဖြင့် နှုတ်ခွန်းဆက်ပြီး လီဆူးမျိုး
ကျောင်းသူတဦးက လီဆူးဘာသာစကားနှင့် ဘာသာပြန် ပြောဆိုပေးသည်။*

ကျမတို့ တိုင်းရင်းသား လူမျိုးအားလုံးဟာ ဒီမိုကရေစီ
လိုလားကြတယ်လို့ ကျမထင်ပါတယ်။ ဒီလို လိုလားရတဲ့ အကြောင်းကလ
ဒီမိုကရေစီဆိုတာ အများအကျိုးကို ဖော်နိုင်တဲ့စနစ်လို့ ယုံကြည်
လိုလားကြတယ်လို့ ကျမ ယုံကြည်ပါတယ်။ လူတိုင်းလူတိုင်းဟာ ဒီမိုက
လိုချင်တယ်ဆိုတာကတော့ လူ့အခွင့်အရေးများကို ပြည့်ပြည့်စုံစုံ ခံစားပိုင်
ကို လိုချင်လို့ပဲလို့ ကျမတို့ ယုံကြည်ပါတယ်။ လူ့အခွင့်အရေးမျ
ပြည့်ပြည့်စုံစုံ ခံစားပိုင်ခွင့်ရှိမှသာ ကျမတို့ တိုင်းရင်းသား လူမျိုးအားလုံးဟ
ဘဝမှာ လုံလုံခြုံခြုံနဲ့ အေးအေးချမ်းချမ်း နေနိုင်ကြမှာဖြစ်ပါတယ်။ လူတို
လူတိုင်းမှာ ဘဝလုံခြုံမှု မရှိဘူးဆိုရင် တိုင်းပြည်တိုးတက်ရေးအတွက်လ
လုပ်နိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံသူ၊ နိုင်ငံသားများ ချမ်းသာရေးအတွက်လ
လုပ်နိုင်မှာ မဟုတ်ပါဘူး။ ကျမတို့ဟာ လွတ်လပ်ရေးခေတ်တုန်းကဆိ

တိုင်းရင်းသား လူမျိုးစုအားလုံးရဲ့ စုစည်းမှုအပေါ်မှာ အခြေခံပြီး လွတ်လပ်ရေး ရအောင်လုပ်ခဲ့သလို အခု ဒီမိုကရေစီလိုလားတဲ့အချိန်မှာလည်း တိုင်းရင်းသား လူမျိုးအားလုံးရဲ့ စုစည်းညီညွတ်မှုကိုအခြေခံပြီး ဒီမိုကရေစီကိုရအောင် လုပ်ရမှာ ဖြစ်ပါတယ်။ အားလုံးဟာ ညီညီညွတ်ညွတ်နဲ့မလုပ်နိုင်ရင်တော့ ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေကို မြန်မြန်ဆန်ဆန်ရနိုင်မှာ မဟုတ်ပါဘူး။

ကိုယ်ရမယ့် အခွင့်အရေးတွေကို ပထမ စဉ်းစားမှာထက် ကိုယ် ထမ်းဆောင်ရမယ့် တာဝန်၊ ကိုယ်လုပ်ရမယ့် လုပ်ငန်းတွေကို အရင်စဉ်းစားဖို့ လိုပါတယ်။ ဒီလှုပ်ရှားမှု အောင်မြင်ရေးအတွက် လူတိုင်းလူတိုင်းမှာ တာဝန် ရှိပါတယ်။ လှုပ်ရှားမှု အောင်မြင်တဲ့အခါကျတော့မှ ဒီမိုကရေစီစနစ်အောက်မှာ ပြည်ထောင်စုကို တည်တံ့ခိုင်မြဲအောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ဒီမိုကရေစီမရခင် အခက်အခဲတွေ အများကြီး ကျမတို့ တွေ့ကြုံရပါလိမ့်မယ်။ ဒီလို အခက်အခဲတွေတွေ့ ကြုံရမှာမို့လို့ ကျမတို့ဟာ အများကြီး သတ္တိရှိဖို့ လိုပါတယ်။ ခွဲလည်း ရှိဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုး များဟာ ခွဲလည်းရှိတယ်၊ သတ္တိလည်းရှိတယ်လို့ ကျမ ယုံကြည်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလှုပ်ရှားမှု အောင်မြင်ရေးအတွက် အားလုံးကနေ ဝိုင်းဝန်း ကူညီကြပါ။ အထူးသဖြင့် နိုင်ငံရေးလုပ်တဲ့အခါ အားလုံးဟာ သဘောထား ကြီးကြီးနဲ့ အမြင်ကျယ်ကျယ်ထားဖို့ လိုပါတယ်။ နိုင်ငံရေးလုပ်တဲ့အခါမှာ အမြင်မကျယ်ဘူးဆိုရင်တော့ အများအကျိုးကို ထမ်းဆောင်ဖို့ အများကြီး ခက်ပါလိမ့်မယ်။ အချင်းချင်းကို အမြင်ကျယ်ကျယ်နဲ့ သဘောတူညီချက် ရှာပြီးတော့ လုပ်သွားနိုင်မှသာ အောင်မြင်မယ်ဆိုတာ ကျမ ဘယ်နှစ်ခါပဲ ပြောပြော လုံလောက်မယ် မထင်ပါဘူး။ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လူမျိုးစု များဟာ အင်မတန်မှများပါတယ်။ ဒီလိုများပြားလှတဲ့ လူမျိုးစုများ ညီညွတ်ဖို့ ဆိုတာ နေ့ရော၊ ညရော တချိန်လုံး ညီညွတ်မှုရှာနေမှ ရနိုင်မယ့်ကိစ္စပါ။

နိုင်ငံသူ၊ နိုင်ငံသားများ ညီညွတ်မယ်ဆိုရင် ဘယ်အာဏာပိုင် အဖွဲ့ အစည်းကမှ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ဆန္ဒကို တွန်းလှန်နိုင်မှာ မဟုတ်ပါဘူး။ ပြည်သူလူထုဟာ ညီညွတ်မယ်ဆိုရင် ဘယ်လိုအုပ်ချုပ်မှုစနစ်ကမှ ပြည်သူလူထု ရဲ့ဆန္ဒကို အတိုက်အခံ လုပ်နိုင်မှာ မဟုတ်ပါဘူး၊ ကျမတို့ ထူထောင်ချင်တဲ့ အုပ်ချုပ်မှုစနစ်ဟာ ပြည်သူလူထုရဲ့ဆန္ဒနဲ့ကိုက်ညီမယ့် အုပ်ချုပ်မှုစနစ် ဖြစ်ပါ တယ်။ ဒီလို အုပ်ချုပ်မှုစနစ်ထူထောင်ဖို့အတွက် အားလုံးက တတ်နိုင်တဲ့ ဘက်ကနေ ဝိုင်းဝန်းပြီးတော့ ပါဝင်ကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။

အထူးသဖြင့် အရေးကြီးတာကတော့ လူငယ်များရဲ့ အခန်းကဏ္ဍ ဖြစ်ပါတယ်။ ကျမတို့ ဒီညနေ ၅နာရီခွဲမှာ ကျောင်းသားလူငယ်များ စည်းဝေးပွဲ လုပ်ပါမယ်။ အဲ့ဒီအစည်းအဝေးပွဲကို တတ်နိုင်လို့ရှိရင် ကျောင်းသားလူငယ်များ ကို လာစေချင်ပါတယ်။ နိဂုံးချုပ်အားဖြင့်ပြောရမယ်ဆိုရင် ကျမတို့ကို ဒီလို လာပြီးတော့ ထောက်ခံတာ အများကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ထောက်ခံတဲ့နေရာမှာ လာပြီးတော့ နားထောင်တာထက် လှုပ်ရှားမှုထဲမှာ ပါဝင်ပြီးတော့ ထောက်ခံဖို့လည်းလိုပါတယ်လို့ ကျမ သတိပေးပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



*တို့နောက် ဗဟိုတရားရုံးရှေ့နေ ဦးခွန်းဆအိမ်ရှေ့တွင် လူထုကို နှုတ်ဆက်သည်။*

အုပ်ချုပ်နေတဲ့ အစိုးရမင်းများဟာ မိမိတို့အပေါ်မှာ မေတ္တာမရှိဘူး။ စေတနာ မရှိဘူးလို့ လူထုစိတ်ထဲမှာ ဖြစ်လာလို့ရှိရင် ဒီအုပ်ချုပ်မှုစနစ်ဟာ ကြာရှည်မခံနိုင်ပါဘူး။ ပြည်သူလူထုရဲ့ယုံကြည်မှုကို ခံစားနိုင်တဲ့ အုပ်ချုပ်မှုစနစ် တခုကို ကျမတို့ ထူထောင်ချင်ပါတယ်။

## ဒူကဒေါင်ရပ်(မြစ်ကြီးနား)

*ဒေါ်အောင်ဆန်းစုကြည်သည် ကချင်ရိုးရာဂျိန်းဖောဝတ်စုံကိုဝတ်ဆင်ပြီး ဘမြေထဲ တရေထဲသောက် တိုင်းရင်းသားမိသားစုများနှင့် မြစ်ကြီးနားမြို့ ဒူကဒေါင်ရပ်ကွက် တွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။ ဒူကဒေါင်ရပ်ကွက်ရှိ တိုင်းရင်းသား မိသားစုများမှ ဒေါ်အောင်ဆန်းစုကြည်အတွက် ဆုမွန်ကောင်းများ တောင်းပြီ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပါသည်။*

ကျမတို့ကို အခုလိုလာရောက်ပြီးတော့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုတဲ့ ကချင်ပြည်နယ်က တိုင်းရင်းသားပြည်သူလူထုအားလုံးကို အများကြီး ကျေးဇူး တင်ပါတယ်။ ကချင်ပြည်နယ်ကို ကျမတို့ စည်းရုံးရေးထွက်ဖြစ်တာ အခုဆိုလို့ ရှိရင် ပထမဦးဆုံးနေ့ ဖြစ်ပါတယ်။ မနေ့ကမှပဲ မြစ်ကြီးနားကိုရောက်ပါတယ်။ မနေ့က မြစ်ကြီးနားကို ရောက်တယ်ဆိုကတည်းက မီးရထားဘူတာရုံမှာ စပြီးတော့ ကျမတို့ တိုင်းရင်းသားလူမျိုးစုအသီးသီးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ပါတယ်။ ဒီလို ကြိုဆိုခဲ့တဲ့အတွက်ကြောင့် ကျမတို့ အများကြီး အားတက်ခဲ့ရပါတယ်။ မြစ်ကြီးနားကို မလာခင်တုန်းကဆိုရင် မြစ်ကြီးနားမှာ ပြည်သူလူထုကနေပြီးတော့ ရဲရဲဝံ့ဝံ့ မလုပ်နိုင်လို့ ဒီမိုကရေစီလှုပ်ရှားမှုဟာ တိုးတက်သင့်သလောက် မတိုးတက်ဘူးလို့ ပြောပါတယ်။ ဒါပေမယ့်လည်း ဒီရောက်တဲ့အခါကျတော့ ကျမ ထင်တာထက် ပိုပြီးတော့ တိုးတက်မှုရှိတယ်။ ကျမ ထင်တာထက် ပိုပြီးတော့ ပြည်သူလူထုဟာ တက်တက်ကြွကြွ ရှိတယ် ဆိုတာမြင်ရတာကြောင့် အများကြီးလည်းဝမ်းသာတယ်၊ ဂုဏ်လည်း ဂုဏ်ယူပါ တယ်။ ကျမတို့တိုင်းရင်းသားလူမျိုးအားလုံးဟာ ညီရင်းအကိုသဖွယ်လက်တွဲပြီး တော့လုပ်ဆောင်သွားမယ်ဆိုရင် ကျမတို့ရဲ့လှုပ်ရှားမှုကြီးဟာ အောင်မြင်မှာပါ။

အခုချိန်မှာ ဒီမိုကရေစီလှုပ်ရှားမှုထဲပါဝင်နေတဲ့သူများဟာ တတိုင်းပြည် လုံးမှာကြည့်မယ်ဆိုလို့ရှိရင် ပင်နီအင်္ကျီကိုဝတ်ပြီးတော့ ကချင်ပုဆိုးကို ဝတ်ကြ ပါတယ်။ ပင်နီဆိုတာ အများသိတဲ့အတိုင်းပဲ အများဆုံးဟာ ရှမ်းပြည်နယ်မှာ ထွက်ပါတယ်။ ကချင်ပုဆိုးကတော့ ကချင်ပြည်နယ်ကလာတဲ့ ဝတ်စုံပါ။ ဒီတော့ ကျမတို့ဟာ ဒီမိုကရေစီတိုက်ပွဲကြီးမှာ ဝင်နေတဲ့အခါမှာ ရှမ်းပင်နီနဲ့ ကချင်ပုဆိုးကို ဝတ်ဆင်နေတဲ့သူတိုင်းဟာ ပြည်ထောင်စုကိုလိုလားတဲ့ လူတွေပဲ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို သတ္တိရှိရှိနဲ့ နှလုံးရည်တိုက်ပွဲ ဝင်နေတဲ့



လူတွေပဲလို့ သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုအတွက်လည်း အင်မတန်မှကောင်းတဲ့လက္ခဏာ ဖြစ်ပါတယ်။ ကျမတို့ ကျောင်းသားလူငယ် များဟာ ကချင်ပုဆိုးဝတ်တယ်၊ ပင်နီအင်္ကျီဝတ်တယ်ဆိုလို့ရှိရင် သတ္တိရှိရှိနဲ့ ဒီမိုကရေစီတိုက်ပွဲ ဝင်ရဲတယ်ဆိုတာ ပြတာပဲ။ ဒီလို ပြည်ထောင်စုစိတ်ဓါတ် တွေ၊ ဒီမိုကရေစီလိုလားတဲ့ စိတ်ဓါတ်တွေ တနေ့တခြား ပိုပြီးတက်ကြွအောင် ကျမတို့ မွေးမြူမယ်ဆိုရင် ကိုယ်လိုချင်တဲ့ အခွင့်အရေးများ၊ ကိုယ်လိုချင်တဲ့ အုပ်ချုပ်မှုစနစ်ကို အမြန်ဆုံး ဖော်ထုတ်နိုင်ပါလိမ့်မယ်။

အနှစ် ၄၀ ကျော်လောက်တုန်းက ကျမအဖေဟာ ကချင်ပြည်နယ်ကို ရောက်ခဲ့ပါတယ်။ အဲ့ဒီလိုရောက်ခဲ့ရတဲ့ အကြောင်းရင်းကလည်း လွတ်လပ်ရေး ရရှိဖို့အတွက် တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်ဖို့လိုတယ်၊ ဒီစည်းလုံး ညီညွတ်မှုကို ရှာဖို့ဆိုပြီး ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကျမလည်း ဒီတခါ ကချင်ပြည်နယ်ကိုလာရတဲ့ အကြောင်းရင်းဟာ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင် ရေးအတွက် တိုင်းရင်းသား လူမျိုးစုများဟာ စည်းလုံးညီညွတ်မှု လိုတယ် ဒီစည်းလုံးညီညွတ်မှုကို ကျမတို့ ရှာတာပဲ။ စစ်မှန်တဲ့စည်းလုံးညီညွတ်မှု ဖြစ်ရ မယ်။ ကျမတို့ဟာ တယောက်ကိုတယောက် စေတနာထားရမယ်၊ တယောက် ကိုတယောက် ယုံကြည်မှု ရှိရပါလိမ့်မယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျမ တခုပြောဖို့လိုပါတယ်။ တချို့ ကချင်လူမျိုးများဟာ ကျမတို့အဖွဲ့ချုပ်ကို မေးပါတယ်။ အရင်တုန်းက ကျမအဖေလာတုန်းကဆိုရင် "ကချင်တကျပ် ဗမာတကျပ်"ဆိုပြီး ပြောသွားတယ်။ ဒီလိုပြောသွားပြီး နောက်ပိုင်းကျတော့ ပြည်ထောင်စုကြီးဟာ လိုချင်တဲ့ပုံသဏ္ဍာန်မဖြစ်ဘူး။ အခု ကျမ လာတော့လည်း ဒီလိုပဲ ကတိတွေပေးသွားပြီးတော့ မလုပ်ပဲ နေဦးမှာလားဆိုပြီးတော့ မေးပါ တယ်။ ကျမအနေနဲ့တော့ ဘာကတိမှ မပေးနိုင်ပါဘူး။ ဒီအချိန်မှာ ကျမ ပေးနိုင်တဲ့ကတိ တခုထဲ ရှိတယ်ဆိုတာ ကျမ ထပ်တလဲလဲ ပြောပါတယ်။

စေတနာသန့်သန့်နဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် တတ်နိုင်သမျှ ကျမ လုပ်ပေးပါ့မယ်။ ဒါ့ထက်တော့ပိုပြီး ကျမ ကတိ မပေးနိုင်ပါဘူး။ ကျမ စွမ်းအားရှိသမျှတော့ ပြည်သူလူထုလိုချင်တဲ့ အခွင့် အရေးတွေ ရသည့်တိုင်အောင် ကျမ လှုပ်ရှားပေးပါ့မယ်။ ဒီအချိန်မှာ ဘာပေးမယ်၊ ညာပေးမယ်ဆိုပြီးတော့ ကျမ ဒီလိုကတိတွေ မပြုနိုင်ပါဘူး။ ဒီအချိန်မှာ ကျမတို့အားလုံးဟာ ဒီမိုကရေစီလှုပ်ရှားမှုအတွက် ဘယ်လိုဝိုင်းဝန်း ကူညီနိုင်မလဲဆိုတဲ့မေးခွန်းကို မေးရမယ့်အချိန်ပါ။ ဒီမေးခွန်းကိုတော့ ကျမ ကိုယ်ကျမ တချိန်လုံး မေးပါတယ်။ ပြည်သူလူထုကလည်း ကိုယ့်ကိုကိုယ် ပြန်ပြီးတော့ မေးစေချင်ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ဖို့အတွက်၊ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီးတခု ထူထောင်ဖို့အတွက် ဘယ်လို ကူညီနိုင်မလဲဆိုတာ ကိုယ့်ကိုကိုယ် မေးကြပါ။ မေးပါများ စကားရ ဆိုသလို အဖြေပေါ်မှာ ဖြစ်ပါတယ်။ အားလုံးဟာ တက်တက်ကြွကြွနဲ့ ပါဝင်မယ် ဆိုလို့ရှိရင် ကိုယ်လိုချင်တဲ့အောင်မြင်မှုကို အမြန်ဆုံးရပါလိမ့်မယ်။ အထူးသဖြင့် ကျမ ကျောင်းသားလူငယ်များကို ဒီလှုပ်ရှားမှုထဲမှာ တက်တက်ကြွကြွ ပါဝင် စေချင်ပါတယ်။ ဒီမိုကရေစီနိုင်ငံတခု ထူထောင်ဖို့ဆိုတာ ရေရှည်လုပ်ငန်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ရွေးကောက်ပွဲများဖြစ်ရုံနဲ့လည်း မပြီးသေးပါဘူး။ ရွေးကောက်ပွဲများဖြစ်ပြီးတော့ စစ်မှန်တဲ့ဒီမိုကရေစီအစိုးရ တက်တဲ့အခါကျမှ ဒီမိုကရေစီ ပြည်ထောင်စုသစ်ကြီး တိုးတက်ဖို့၊ တည်တံ့ခိုင်မြဲဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။

ကျမတို့ စည်းရုံးရေးခရီးထွက်တဲ့အခါကျရင် တခါမှ မတွေ့ဖူး၊ မမြင်ဖူးတဲ့သူများဟာ ကျမတို့အပေါ်မှာ မေတ္တာနဲ့ဆက်ဆံရင် ကျမတို့ဟာ ချက်ချင်းပဲ မေတ္တာနဲ့ ပြန်တုံ့ပြန်တာပဲ။ ဒါဟာ မေတ္တာရဲ့သဘောပါ။ ကချင်ပြည်နယ်မှာလည်း မြစ်ကြီးနားလာတယ်ဆိုတော့ မြစ်ကြီးနားက လူထုက ကျမတို့ကို နွေးနွေးထွေးထွေး မေတ္တာ၊ စေတနာနဲ့ ဧည့်ခံတယ်၊ ကြိုဆိုတယ်ဆိုတော့ ကျမ စိတ်ထဲမှာ အင်မတန်မှ ဝမ်းသာတယ်။ ကချင်ပြည်နယ်မှာရှိတဲ့ ပြည်သူလူထုကို ဆထက်တန်ပိုး ပိုပြီးတော့ ကျမစိတ်ထဲမှာ မေတ္တာရှိသွားပါတယ်။ မေတ္တာနဲ့ပဲ ကျမတို့ တယောက်အပေါ်တယောက် ဆက်ဆံမယ်ဆိုရင် လိုချင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဒီမိုကရေစီနဲ့ လက်တွဲပြီးတော့ ရအောင်ယူနိုင်ပါတယ်။ အားလုံး ဝိုင်းပြီးကြိုးစားကြပါ။ ပြည်ထောင်စု တိုင်းရင်းသားများ ခံစားသင့်ခံစားထိုက်တဲ့ အခွင့်အရေးတွေ ခံစားရမယ်ဆိုတာ ကျမတို့ရဲ့ ယုံကြည်ချက် ဖြစ်ပါတယ်။ ဒီယုံကြည်ချက်အရပဲ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် ကျမတို့ ဆက်ပြီးတော့ လုပ်သွားပါမယ်။ ကျမတို့ တိုင်းရင်းသား ညီအကိုမောင်နှမများကလည်း တတ်နိုင်တဲ့ဘက်က ဆက်ပြီး ကူညီကြပါလို့ ကျမ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

*ထို့နောက် ဒူကဒေါင်ရပ်ကွက်မှပြန်လာပြီး တည်းခိုရာရပ်ကွက်တွင် တိုင်းပြည်အနာဂတ်အတွက်မျှော်လင့်ချက်ဖြစ်သော လူငယ်ထုနှင့်တွေ့ဆုံပြီး လူငယ်ရေးရာများကို ဆွေးနွေးသည်။*

ဒီလှုပ်ရှားမှု အောင်ဖို့ဆိုတာ လူငယ်တွေအများကြီးပါဖို့ လိုတယ်၊ ဒီမိုကရေစီလှုပ်ရှားမှုဆိုတာ ရေရှည်လုပ်ငန်းပဲ။ ရေရှည်လုပ်ငန်းဆိုတော့ အခု လူငယ်များဟာ နောင်အကြာကြီး ဆက်ပြီးတော့ လုပ်သွားရမယ်။ ဒီမိုကရေစီ အစိုးရဖြစ်ရုံနဲ့ ဒီလှုပ်ရှားမှုအောင်မြင်တယ်လို့ မဆိုနိုင်သေးဘူး။ ဒီမိုကရေစီ အစိုးရ တက်ပြီးတဲ့အခါကျရင် တည်တံ့ခိုင်မြဲရေးအတွက်၊ ဆက်ပြီးတော့ အခွင့်အရေး ရရှိရေးအတွက်၊ မှန်မှန်ကန်ကန်နဲ့ ဒီမိုကရေစီစနစ်အရ တိုင်းပြည်ကိုထူထောင်ဖို့အတွက် လူငယ်တွေက အများကြီး ဆက်ပြီးတော့ လုပ်ရမယ်၊ ဒီတော့ လူငယ်တွေရဲ့တာဝန်က နှစ်ပေါင်းများစွာချီပြီး လုပ်ရမယ့်တာဝန်ပဲ၊ ကိုယ့်တိုင်းပြည်အပေါ်မှာရှိတဲ့ တာဝန်ဆိုတာ ထမ်းဆောင်ရတဲ့နေရာမှာ ဝမ်းပန်းတသာနဲ့ ထမ်းဆောင်ရမယ်။ ကိုယ့်တိုင်းပြည်ရဲ့တာဝန်ကို ထမ်းဆောင်ပိုင်ခွင့် ရှိတယ်ဆိုတာဟာ အင်မတန်မှ ထူးကဲတဲ့ အခွင့်အရေးပဲ။ ဒီဟာကို ဂုဏ်ယူရမယ်။ ဒီအခွင့်အရေးတွေအရ မှန်မှန်ကန်ကန်နဲ့ လုပ်ချင်တဲ့စိတ်ရှိရမယ်၊ ကျမတို့လူငယ်များဟာ ကြောက်လို့ တိုင်းပြည်အရေးအတွက် မလုပ်ရဲဘူးဆိုရင် တိုင်းပြည်အတွက် ဘာမှ မျှော်လင့်ချက် မရှိဘူး။



လူငယ်ဆိုတာဟာ သတ္တိ ရှိရမယ်။ လူငယ်ဆိုတာဟာ တကယ်တော့ အနှောင်အဖွဲ့ အများကြီးနည်းပါတယ်။ လူကြီးတွေလို မဟုတ်ဘူး။ လူကြီးတွေဆိုတာဟာ မိသားစုတာဝန် ရှိတယ်။ ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းရာဖို့ တာဝန်ရှိတယ်။ ကိုယ်ရဲ့သားသမီးများကို ပြုစုဖို့ တာဝန်ရှိတယ်။ လူငယ်များကျတော့ ပိုပြီး လွတ်လပ်တယ်။ ပိုပြီး လွတ်လပ်လို့ ကိုယ့်ရဲ့ဘဝကို ကိုယ့်တိုင်းပြည်အတွက်ဆိုပြီးတော့ စွန့်စားနိုင်တဲ့ အရည်အချင်းကို မွေးမြူရမယ်၊ လူငယ်များဟာ ဒီလိုစွန့်စားရဲတဲ့ အရည်အချင်းတွေရှိမှ ဒီ တိုင်းပြည်အတွက် မျှော်လင့်ချက်တွေ ရှိနိုင်တယ်။ တိုင်းရင်းသား လူမျိုးစုများဆိုလို့ရှိရင် အခု ပြည်ထောင်စုကြီးမှာ အများကြီးရှိတယ်။ တရာကျော် ရှိတယ်။ ဒီလိုရာနဲ့ကျော် ရှိတဲ့ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ ညီညီညွတ်ညွတ်ရှိဖို့၊ စိတ်သဘောထားခြင်း တူညီဖို့ဆိုတာဟာ လူငယ်တွေကနေ စရမယ်။ ငယ်ရွယ်တဲ့ အချိန်အခါမှာဆိုလို့ရှိရင် အစွဲအလမ်းတွေ အင်မတန်မှ နည်းတယ်။ အစွဲအလမ်းတွေ အင်မတန်မှ နည်းတဲ့အခါကျတော့ သဘောထားကြီးပြီး အမြင်အကျယ်ကျယ်နဲ့ မှန်မှန်ကန်ကန်လုပ်နိုင်တဲ့ အရည်အချင်းတွေရှိတယ်။ ဒီလို အရည်အချင်းတွေကို ပြုစု ပျိုးထောင်ရမယ်။ ဆက်ပြီးတော့ မွေးထုတ်ရမယ်။ လူငယ်များဟာ မှန်မှန်ကန်ကန်နဲ့ လုပ်သွားမယ်ဆိုလို့ရှိရင် တသက်လုံး မှန်ကန်သွားနိုင်တယ်။ လူကြီးများဟာ မှားပြီးတဲ့အမှားတွေကို ပြန်ပြင်ဖို့ခက်ပါတယ်။ လူငယ်တွေဆိုတော့ ပြန်ပြင်ဖို့အချိန်တွေလည်း အများကြီးရှိတယ်။ ပြင်ဖို့ အခွင့်အရေးတွေလည်း အများကြီးရမယ်။ ဒါကြောင့်မို့လို့ မှန်မှန်ကန်ကန် လုပ်ဖို့အတွက်ကို ကြိုးစားကြပါ။

အခုကနေစပြီးတော့ ပြည်ထောင်စုအတွက်လုပ်တဲ့ လူငယ်များဟာ နောင်ကျလို့ရှိရင် ပြည်ထောင်စုအတွက် ဆက်ပြီးတော့ လုပ်နိုင်တဲ့ လူကြီးများ ဖြစ်လာပါလိမ့်မယ်။ ငယ်ငယ်ရွယ်ရွယ်ကတည်းက မှန်မှန်ကန်ကန် လုပ်သွားနိုင်မှ နောင်ကို ဆက်ပြီး မှန်ကန်မှာပါ။ လွတ်လပ်ရေး ကြိုးပမ်းမှုတုန်းက ပါဝင်ခဲ့တဲ့ ကျောင်းသားသမဂ္ဂက နိုင်ငံရေးခေါင်းဆောင်များ၊ ဒို့ဗမာ အစည်းအရုံးက နိုင်ငံရေးခေါင်းဆောင်များဆိုတာ အသက် ၁၈ နှစ်၊ ၁၉ နှစ်အရွယ်ကနေ စပြီးတော့ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တာပါ။ အမျိုးသားရေးထဲမှာ ငယ်ငယ်ရွယ်ရွယ်ကတည်းက စပြီး ပါဝင်ခဲ့တာပါ။ ဖေဖေဆိုလို့ရှိရင် ၁၈ နှစ်လောက်ကစပြီး နိုင်ငံရေးကိုလုပ်တယ်။ အသက်ဆုံးသွားတဲ့ ၃၂ နှစ်အထိ နိုင်ငံရေးပဲ ဆက်ပြီးလုပ်သွားပါတယ်။ သူ့တသက်သုံးဟာ တိုင်းပြည်အတွက်၊ နိုင်ငံအတွက်ဆိုပြီး အမျိုးသားရေးပဲ ဆက်ပြီး လုပ်သွားတာပါ။ ဒီလိုလုပ်သွားတော့ ဘယ်လောက်ပဲ အသက်ဟာတိုတို သေရကျိုးလည်း နပ်တယ်။ အသက်ရှင်ရကျိုးလည်း နပ်တယ်။ ကိုယ့်တိုင်းပြည်အတွက် ကိုယ့်ဘဝကို စွန့်လွှတ်ရတယ်ဆိုတာ အင်မတန်မှ မြင့်မြတ်တဲ့ စွန့်လွှတ်ခြင်းပဲ။ ဒီလို စွန့်လွှတ်ချင်တဲ့ စိတ်တွေရှိရမယ်။ စွန့်လွှတ်ရဲတဲ့သတ္တိတွေ ရှိရမယ်။ လူတိုင်းလူတိုင်းဟာ တနေ့ မဟုတ်တနေ့ သေရမှာပဲ။ လူဖြစ်လာတော့မှ သေရမှာပဲဆိုတဲ့အသိဟာ လူတိုင်းရဲ့ စိတ်ထဲမှာ ရှိရမယ်။ ဒီတော့ ကိုယ်အသက်ရှင်တုန်း ဘာလုပ်နိုင်သလဲ။ ဘယ်သူတွေအတွက် အကျိုးပြုနိုင်သလဲဆိုတာ စဉ်းစားရမယ်။ ကိုယ်အသက်

www.burmeseclassic.com

www.burmeseclassic.com

ရှင်နိုင်တုန်းသာ လုပ်နိုင်မယ်။ မသေချင်ဘူးဆိုလို့ မရဘူး။ ဒါပေမယ့် ကိုယ် အသက်ရှင်နေတုန်းတော့ ဘယ်လိုနေသွားမယ်ဆိုတာ ကိုယ်ရွေးလို့ရတယ်။ ကိုယ့်တိုင်းပြည်အတွက် ကိုယ့်အသက်ကို စွန့်သွားမယ်၊ ကိုယ့်တိုင်းပြည် အတွက် ကိုယ့်ဘဝကို သုံးသွားမယ်ဆိုတာ ကိုယ့်မှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ မသေချင်ဘူးဆိုတာတော့ ဘယ်သူမှ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ လူတွေရဲ့စိတ်ထဲမှာ သေဘို့ထက် ကြောက်နိုင်တဲ့ကိစ္စ ဘာမှမရှိဘူး။ သေဖို့ဟာ အကြောက်ဆုံးပဲ။ သေဖို့ကိုမကြောက်ဘူးဆိုလို့ရှိရင် တခြားကြောက်စိတ်တွေကို ကျော်လွှားပြီး တော့ ကိုယ်က အောင်မြင်မှုယူနိုင်ပါတယ်။ သေဖို့ကြောက်နေလို့ ဘာမှ အကျိုးမရှိဘူး။ တနေ့မဟုတ်တနေ့ သေရမှာပဲ။

ကမ္ဘာကျော် စာရေးဆရာကြီးဖြစ်တဲ့ ရှိတ်စပီးယားက ရေးခဲ့တယ်။ "သတ္တိရှိတဲ့သူများဟာ တခါပဲသေတယ်။ သတ္တိကြောင်တဲ့သူများဟာ အခါ ပေါင်း မြောက်များစွာသေရတယ်တဲ့" အဓိပ္ပါယ်က ဘာလဲဆိုတော့ စိုးရိမ် ကြောင့်ကြနေတာဟာ သေတာနဲ့အတူတူပဲ။ ခဏခဏ သေမှာကြောက်နေတဲ့ သူဟာ ခဏခဏ သေရသလိုပဲ။ သတ္တိရှိတဲ့သူဟာ သေတဲ့အခါမှပဲ တခါထဲ သေတာပဲ။ ဒီအတိုင်းပဲ နိုင်ငံရေးလုပ်တဲ့အခါမှာ ဖမ်းမှာ၊ ဆီးမှာကို ကြောက်နေတဲ့သူများဟာ အဖမ်းခံနေရတာနဲ့ အတူတူပဲ။ ကိုယ့်စိတ်ထဲမှာ ရဲရဲဝံ့ဝံ့လုပ်မယ် ဆိုလို့ရှိရင် ဖမ်းသာဖမ်းသွားမယ်၊ ကိုယ့်စိတ်ကို ဘယ်သူကမှ အနိုင်မယူနိုင်ဘူး။ ကိုယ့်စိတ်ကို သူများက အနိုင်မယူနိုင်အောင်လို့ ထိန်းသိမ်း သွားဖို့ အများကြီး အရေးကြီးပါတယ်။ လူငယ်များဟာ အထူးသဖြင့် ကိုယ့်စိတ်ကို တခြားလူများက မအောင်နိုင်ဘူး၊ ကိုယ့်စိတ်ရဲ့လွတ်လပ်မှုကို ဘယ်သူကမှ မယူသွားနိုင်ဘူးဆိုတဲ့ စိတ်ထားမွေးရမယ်။ ကိုယ့်စိတ်က လွတ်လပ်နေပြီဆိုလို့ရှိရင် ဘယ်သူကမှ ကိုယ့်ကိုတော့ နောက်ဆုံးကျတော့ အနိုင်ယူနိုင်မှာ မဟုတ်ပါဘူး။ ဒီဟာဖြစ်ဖို့အတွက် ကြိုးစားကြပါ။

လူငယ်တို့ရဲ့စိတ်ဆိုတာ တက်ကြွရမယ်။ ထက်ရမယ်။ သတ္တိရှိရမယ်။ ငယ်စဉ်အခါကကြောက်တဲ့သူဟာ ကြီးလို့ရှိရင် မျှော်လင့်ချက်လုံးလုံးမရှိပါဘူး။ ဒီတော့ တချို့က အသက်ကြီးမှတောင်မှ ရဲရဲဝံ့ဝံ့ လုပ်နိုင်လို့ရှိရင် လူငယ်တွေ က ဘာလို့ မလုပ်နိုင်ရမှာလဲ။ ကြိုးစားကြပါ။ အားလုံးဝင်ပြီးတော့ ပါကြပါ။ ငါတို့ လူငယ်ပဲ၊ ဘာမှမလုပ်နိုင်ဘူးဆိုတဲ့စိတ်မျိုး မထားကြပါနဲ့။ အရင်နှစ် တုန်းက လှုပ်ရှားမှုကြီးကိုစတင်ခဲ့တာ လူငယ်တွေပဲ။ လွတ်လပ်ရေး လှုပ်ရှားမှု ထဲမှာ တက်တက်ကြွကြွ ပါဝင်ခဲ့တာလည်း လူငယ်တွေပဲ။ လူငယ်တွေဟာ လုပ်နိုင်စွမ်းရှိပါတယ်။ လူကြီးတွေဆီကနေ သင်ယူပါ။ လုပ်တဲ့နေရာမှာ တချို့ကျတော့ အစွန်းထွက်သွားတယ်။ ငါတို့ချည်းပဲ လုပ်လို့ရတယ်။ လူကြီး တွေ ဘာအသုံးကျလို့လဲဆိုတဲ့ လူငယ်တွေလည်း ရှိတယ်။ ဒါလည်း မှားပါ တယ်။ မှန်မှန်ကန်ကန်နဲ့ လွတ်လပ်ရေးလှုပ်ရှားမှုထဲမှာ ပါဝင်သွားတဲ့ လူငယ် များဟာ လူကြီးကို လူကြီးမှန်း သိပါတယ်၊ လူကြီးတွေကို လူကြီးတွေအရ နေရာပေးပါတယ်။ ဒီလို လူကြီးကို လူကြီးမှန်း သိတယ်။ လူကြီးတွေကို လူကြီးနဲ့ ထိုက်တန်တဲ့နေရာပေးတဲ့ လူငယ်များသာလျှင် တိုင်းပြည်အတွက် အကျိုးပြုနိုင်ပါတယ်။ ကိုယ့်ကိုကိုယ် သိပ်ပြီးတော့အထင်ကြီးလို့လည်း မဖြစ်



ပါဘူး။ လူငယ်တွေဆိုတာ မြှောက်တိုင်း မြှောက်လို့လည်း မဖြစ်ဘူး။ ခြောက်တိုင်း ကြောက်လို့လည်း မဖြစ်ဘူး။ မြှောက်တိုင်းမြှောက်သွားရင် အောက်ခြေလွတ်သွားမယ်။ အောက်ခြေလွတ်သွားပြီ ဆိုလို့ရှိရင် ဘယ်သူ့ကိုမှ အကျိုးမပြုနိုင်တော့ဘူး။

ကြောက်သွားပြီဆိုရင်လည်း ဒီအတိုင်းပဲ။ ကြောက်သွားရင် ကိုယ့်ဘဝ ဟာ တုံးသွားပြီ။ ကိုယ့်ဘဝဟာ တုံးသွားပြီဆိုလို့ရှိရင် ဘယ်သူ့ကိုမှ အကျိုးမပြုနိုင်ဘူး။ အဲ့ဒီတော့ လူငယ်တွေဟာ မှန်မှန်ကန်ကန်နဲ့ တိတိကျကျ အလုပ်ကို လုပ်သွားရမယ်။ ကိုယ် အလုပ်လုပ်တဲ့အခါကျရင် အများ ကြိုက်စေချင်လို့လုပ်တာ မဟုတ်ဘူး၊ ပေါ်ပြူလာဖြစ်ချင်လို့လုပ်တာ မဟုတ်ဘူး၊ ရာထူးရာခံလိုချင်လို့လုပ်တာ မဟုတ်ဘူး၊ နာမည်လိုချင်လို့လုပ်တာ မဟုတ်ဘူး၊ ယုံကြည်ချက်အရ မှန်တယ်ထင်လို့ လုပ်တာသာ ဖြစ်ရမယ်။ ကိုယ့်ရဲ့ ယုံကြည်ချက်အရ မှန်တယ်ထင်လို့ လုပ်လို့ရှိရင် ဘယ်သူက ဘယ်လိုပဲ အန္တရာယ်ပြုပြု၊ ခံနိုင်ရည် ရှိရမယ်။ ဘယ်သူက ဘယ်လိုပဲ ကိုယ့်ကို ပုတ်ခတ်၊ ပုတ်ခတ် ခံနိုင်ရည်ရှိရမယ်။ ဒီလိုခံစားချက်တွေနဲ့ လုပ်သွားမှသာ လူငယ်များ ဟာ တိုင်းပြည်အကျိုး ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

အခုအချိန်မှာ မြစ်ကြီးနားမှာရှိတဲ့ လူငယ်များကို ပိုပြီးတော့ တက်တက်ကြွကြွ နိုင်ငံရေးထဲမှာ ပါဝင်စေချင်တယ်။ အားလုံးဟာ ညီညီညွတ်ညွတ်နဲ့လုပ်မယ်ဆိုရင် ကိုယ့်ကို အန္တရာယ် မပြုနိုင်ပါဘူး။ ၅ ယောက်၊ ၆ ယောက်ကပဲ လုပ်မယ်ဆိုရင် ဒီ ၅ ယောက်၊ ၆ ယောက်ကို ဝိုင်းပြီးတော့ အန္တရာယ် ပြုနိုင်တယ်။ အများစုကလုပ်မယ်ဆိုရင် ဘယ်လိုလုပ် အများစုကို အန္တရာယ်ပြုနိုင်မလဲ။ လူငယ်များကနေပြီးတော့ ညီညွတ်မှုကနေ ရမယ်။ တတိုင်းပြည်လုံးက ကျောင်းသားလူငယ်များဟာ ညီညွတ်ဖို့လိုတယ်။ တတိုင်းပြည်လုံးက မညီညွတ်ခင် မြို့အလိုက်၊ မြို့အလိုက်၊ ရွာအလိုက်၊ ရွာအလိုက်၊ ရပ်ကွက်အလိုက်၊ ရပ်ကွက်အလိုက် ညီညွတ်ရမယ်။ ဒီညီညွတ်မှု ကို ရှာပါ။ နိုင်ငံရေးလုပ်တဲ့အခါ အားလုံးလက်တွဲပြီးတော့ ပီပီပြင်ပြင် လုပ်မယ်ဆိုရင် ကိုယ့်ကိုရန်ရှာနိုင်ဖို့ အများကြီး ခက်ပါလိမ့်မယ်။ ကိုယ်က စည်းစည်းလုံးလုံး ရှိလို့ရှိရင် အပြင်ရန်သူက ကိုယ့်ကို ဘာမှမလုပ်နိုင်ဘူး။ ကိုယ်က စည်းစည်းလုံးလုံးလည်း မရှိဘူး၊ ကြောက်လည်း ကြောက်နေမယ် ဆိုလို့ရှိရင် ပိုလည်းခြောက်မယ်။ ပိုပြီးတော့လည်း လုပ်ရဲတဲ့သတ္တိ တဖက်မှာ ရှိလာပါလိမ့်မယ်။ အဲ့ဒီတော့ လူငယ်များဟာ စနစ်တကျနဲ့ စည်းစည်းလုံးလုံး လုပ်ကြပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဝင်ပါလို့ ပြောလိုတာမဟုတ်ပါဘူး။ ကိုယ်ထောက်ခံချင်တဲ့ ဒီမိုကရေစီအတွက် လှုပ်ရှားနေတဲ့ အဖွဲ့အစည်းတွေကို ထောက်ခံပါ။ ပါဝင်ပြီးတော့ တက်တက်ကြွကြွ လုပ်ပါ။

ဒီအချိန်မှာဆို ကျောင်းတွေက ပိတ်နေတယ်။ ကျောင်းတွေပိတ်နေတဲ့ အချိန်မှာ လူငယ်တွေက ဘာလုပ်နေသလဲ။ နိုင်ငံရေး လုပ်ရမယ်။ ဒီအချိန်ဟာ လူတိုင်းလူတိုင်း နိုင်ငံရေးလုပ်ရမယ့်အချိန်ပဲ။ လူတိုင်းလူတိုင်းနဲ့ သက်ဆိုင်နေတဲ့ အမျိုးသားရေးကြီး ထွက်ပေါ်နေတဲ့ အချိန်ဖြစ်တယ်။ ဒီအချိန်မှာမလုပ်လို့ရှိရင် နောင် ဘယ်တော့ လုပ်မလဲ။ သမိုင်းပေးတာဝန်ဆိုတာ ကိုယ်လိုချင်လို့ ရတာ

www.burmeseclassic.com



မဟုတ်ဘူး။ သမိုင်းကပေးလာမှ ဒီတာဝန်ကို ထမ်းဆောင်ပိုင်ခွင့်ရှိတာ။ ဒီတော့ ကိုယ့်မှာ ထမ်းဆောင်ပိုင်ခွင့်ရှိတဲ့အချိန်မှာ ထမ်းဆောင်ကြစမ်းပါ။ နောက်ကျမှ တိုင်းပြည်အတွက် လုပ်ချင်ပါချည်ရဲ့လို့ပြောလို့ လုပ်ချင်မှ လုပ်နိုင်မှာ။ အခွင့်အရေးဟာ ရချင်မှရမှာ။ အခုအချိန်မှာပဲ တိုင်းပြည်အတွက် လုပ်နိုင်တဲ့ အခွင့်အရေး ရတယ်။ ဒီအခွင့်အရေးကို ယူပါ။ မှန်မှန်ကန်ကန် လုပ်ကြပါ။ ဒီလို လုပ်နိုင်တယ်ဆိုရင် ကိုယ့်တသက်တာမှာ ပြန်ပြီးတော့ နောင်တရစရာ အကြောင်းမရှိပါဘူး။ ကိုယ့်သမိုင်းပေးတာဝန်ကို ထမ်းဆောင်တဲ့သူများဟာ အသက်သေရင်တောင်မှ သေပျော်ပါတယ်။ ဒီလိုစိတ်ထားတွေ ထားပါ။ ကိုယ့်တာဝန်ကို ထမ်းဆောင်ရင်းနဲ့ အသက်စွန့်လွှတ်ရတယ်ဆိုတာ ဘာမှ နှစ်နာစရာ မဟုတ်ပါဘူး။ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ အင်မတန်မှ ဂုဏ်ယူစရာ ကောင်းပါတယ်။

ရှေးရှေးတုန်းက လက်တင်အဆိုတခု ရှိပါတယ်။ "ကိုယ့်တိုင်းပြည်အတွက် အသက်စွန့်လွှတ်တယ်ဆိုတာ အင်မတန်မှ ကြည်နူးဖွယ် ကောင်းပါတယ်။ အင်မတန်မှပဲ သင့်တော်ပါတယ်"တဲ့။ ဒီအတိုင်းပဲ ကိုယ့်ရဲ့တိုင်းပြည် ကိုယ့်ရဲ့လူမျိုးအတွက် တာဝန်ထမ်းဆောင်ရင်းနဲ့ အသက်ပဲ စွန့်လွှတ်ရပါလေ စေ၊ အင်မတန်မှ ကြည်နူးဖွယ်ကောင်းတယ်၊ အင်မတန်မှ ဂုဏ်ယူဖွယ် ကောင်းတယ်။ အင်မတန်မှလည်း သင့်တော်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီတော့ ကျောင်းသားလူငယ်များဟာ တတ်နိုင်တဲ့ဘက်ကနေပြီးတော့ ကူညီကြပါ။ စောင်မကြပါ။ လုပ်ရှားမှုအောင်မြင်ရေးအတွက် မှန်မှန်ကန်ကန်နဲ့ ကြိုးစားကြပါ။ ဒီမိုကရေစီတိုက်ပွဲဆိုတာ ပုံသဏ္ဍာန် အမျိုးမျိုး ရှိပါတယ်။ ဆန္ဒပြမှ ဒီမိုကရေစီတိုက်ပွဲ မဟုတ်ပါဘူး။ ကျမတို့ဟာ ကိုယ်လုပ်သင့်၊ လုပ်ထိုက်တဲ့ ကိစ္စကို တိုးတိုးတိတ်တိတ် လူမသိအောင် လုပ်ခြင်းဟာလည်း တိုက်ပွဲဝင်ခြင်း ပုံစံတမျိုးပါပဲ။

ကျမတို့အဖွဲ့ချုပ်မှာဆိုရင် လုပ်အားတွေ အများကြီး လိုပါတယ်။ တခြား ဒီမိုကရေစီအတွက်လှုပ်ရှားနေတဲ့ အဖွဲ့အစည်းတွေလည်း လုပ်အား လိုပါတယ်။ ဒီလိုလုပ်အားကို တိုးတိုးတိတ်တိတ်နဲ့ ပေးတဲ့လူတွေလည်း ကိုယ့်နည်းကိုယ်ဟန်နဲ့ ဒီမိုကရေစီ တိုက်ပွဲဝင်နေတာပဲ။ အဲဒီတော့ ကိုယ်ဟာ ဘယ်လိုနည်း၊ ဘယ်လိုဟန်နဲ့ ဒီမိုကရေစီရရှိရေးအတွက် ကူညီနိုင်မလဲဆိုတာ စဉ်းစားကြပါ။ စဉ်းစားတာများလို့ရှိရင် အဖြေပေါ်မှာပါ။ တတ်နိုင်တဲ့ဖက်က ကူညီကြပါ။ လူကြီးလူငယ်မရွေး၊ အားလုံးဝိုင်းပြီးတော့ တတ်နိုင်တဲ့ဖက်က ကူညီဖို့ လိုတဲ့အချိန် ဖြစ်ပါတယ်။ သံချပ်ပြိုင်ပွဲမှာ ပါဝင်ခဲ့တာဟာ လူငယ်တွေ ပဲ။ ဒီလူငယ်တွေဟာ သတ္တိရှိရှိနဲ့ စွန့်စွန့်စားစား ပါဝင်ခဲ့ကြတယ်။ ဒီ သံချပ်ပြိုင်ပွဲမှာပါဝင်ခဲ့လို့ ဖမ်းရင်လည်းဖမ်းမယ်ဆိုတာ သိကြပါတယ်။ ဒီလို အသိနဲ့ပဲ ပါဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ အခုဆိုလို့ရှိရင်လည်း လိုက်ပြီးတော့ ဖမ်းနေတယ်ဆိုတာ ကြားပါတယ်။ ဒါပေမယ့် ဒီလူငယ်တွေဟာ စိတ်ဓါတ် မကျပါဘူး။ ကိုယ်မှန်တယ်ထင်လို့၊ ကိုယ် လုပ်သင့်လုပ်ထိုက်တယ်ထင်လို့ လုပ်ခဲ့တာပဲ။ ဖမ်းရင်လည်းဖမ်းပါစေဆိုတဲ့ စိတ်ဓါတ်မျိုး အပြည့်အဝရှိပါတယ်။ ဒီတော့ တတိုင်းပြည်လုံးမှာရှိတဲ့ လူငယ်တွေကလည်း ဒီလိုစိတ်ဓါတ်မျိုးမွေးဖို့ လိုပါတယ်။ ဒီအတွက် ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လူငယ်) ကလည်း ကချင်ပြည်နယ်မှာ ပီပီပြင်ပြင် ဖွဲ့စည်းဖို့ ကြိုးစားနေပါတယ်။ အဖွဲ့ချုပ်က လူငယ်တာဝန်ခံတယောက်ဖြစ်တဲ့ ကိုမိုးမြတ်သူလည်း ပါလာပါ တယ်။ ကိုမိုးမြတ်သူကနေ ဆက်ပြီးတော့ ကျမတို့အဖွဲ့ချုပ်ရဲ့ လူငယ်ကဏ္ဍ အကြောင်း ရှင်းပြပါမယ်။

* * *

## ဝိုင်းမော်မြို့

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့မှ ဝိုင်းမော်မြို့နယ်သို့ ဧပြီလ ၂၈ ရက် နံနက်ဂနာရီခွဲတွင်ရောက်ရှိခဲ့ပြီး ဝိုင်းမော်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ စစ်မှန်သော ဒီမိုကရေစီတာဝန်အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ ပြောကြားပါသည်။*

ဒီမိုကရေစီလှုပ်ရှားမှုဆိုတာ လူတိုင်းလူတိုင်းနဲ့သက်ဆိုင်တဲ့ လှုပ်ရှားမှု ပါ။ ကျမတို့ ပြည်သူလူထုအားလုံးဟာ ငြိမ်းငြိမ်းချမ်းချမ်း၊ လုံလုံခြုံခြုံနဲ့ နေချင်လို့ ဒီလှုပ်ရှားထဲ ပါဝင်လာတာလို့ ကျမ နားလည်ပါတယ်။ ကျမတို့ ကိုယ်တိုင်ကလည်း ပြည်သူလူထုအားလုံးကို အေးအေးချမ်းချမ်း လုံလုံခြုံခြုံနဲ့ နေစေချင်ပါတယ်။ ကိုယ့်ရဲ့ဘဝ ချမ်းသာရေးအတွက် လွတ်လွတ်လပ်လပ်နဲ့ ကြိုးပမ်းပိုင်ခွင့်တွေ ကျမတို့ ပေးချင်ပါတယ်။ ဒီလို အခွင့်အရေးတွေအတွက် ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ပါဝင်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ လူထုအနေနဲ့လည်း ကိုယ်လိုချင်တဲ့အခွင့်အရေးတွေ ရဖို့အတွက် ဝိုင်းဝန်းပြီး တော့ ကူညီဖို့ လိုပါတယ်။ ကျမတို့အားလုံးဟာ သတ္တိရှိရှိနဲ့ ကြိုးစားနိုင်မှ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို မြန်မြန်ဆန်ဆန် ရောက်နိုင်မှာပါ။ ဒီမိုကရေစီ လှုပ်ရှားမှုမှာ ပါဝင်နေတဲ့သူများဟာ ကိုယ့်တာဝန် ကိုယ်သိဖို့ လိုပါတယ်။

တချို့က ဒီမိုကရေစီ အခွင့်အရေးတွေကိုတော့ နားလည်ပါတယ်။ အခွင့်အရေးတွေက ဘာလဲ။ လွတ်လွတ်လပ်လပ် ပြောပိုင်ခွင့်ရှိတယ်။ လွတ်လွတ်လပ်လပ် ရေးသားပိုင်ခွင့်ရှိတယ် ဆိုတာကိုတော့ နားလည်ပါတယ်။ ဒါပေမယ့် တာဝန်တွေကျတော့ သိပ်ပြီး နားမလည်ကြပါဘူး။ လွတ်လွတ် လပ်လပ် ပြောပိုင်ခွင့်ရှိတယ်ဆိုတာဟာ လွတ်လွတ်လပ်လပ် မှန်မှန်ကန်ကန် ပြောရမယ်ဆိုတာ တချို့က နားမလည်ကြပါဘူး။ တချို့က လွတ်လွတ် လပ်လပ်ပြောတယ်ဆိုတာဟာ ကိုယ်ပြောချင်တာပြောမယ်၊ ကိုယ်ပုတ်ခတ်ချင် တဲ့လူကို ပုတ်ခတ်မယ်။ မဟုတ်တာ၊ မမှန်တာကို ပြောချင်လည်း ပြောမယ် ဆိုတဲ့အဓိပ္ပါယ် သက်ရောက်တယ်လို့ ထင်ကြပါတယ်။ တကယ်ပဲ စစ်မှန်တဲ့ ဒီမိုကရေစီကို လိုချင်တယ်ဆိုလို့ရှိရင် လွတ်လွတ်လပ်လပ် ပြောပိုင်ခွင့်ရှိတဲ့ နေရာမှာ မှန်မှန်ကန်ကန် ပြောရမယ်၊ လွတ်လွတ်လပ်လပ် လုပ်တဲ့နေရာမှာ မှန်မှန်ကန်ကန် လုပ်ရမယ်။ စည်းနဲ့၊ ကမ်းနဲ့ လုပ်ရမယ်။ ကိုယ့်စည်းကမ်းကို ကိုယ်ထိန်းနိုင်ရမယ်။ ကိုယ့်စည်းကမ်းကို ကိုယ်မထိန်းနိုင်လို့ရှိရင် ဒီမိုကရေစီကို ခိုင်မြဲအောင် လုပ်နိုင်မှာမဟုတ်ပါဘူး။ လှုပ်ရှားနေတဲ့ အဖွဲ့ အစည်း

www.burmeseclassic.com

www.burmeseclassic.com

တွေဟာ အာဏာရှိတဲ့အဖွဲ့အစည်းတွေလည်း မဟုတ်ပါဘူး။ ငွေအားဖြင့်လည်း တောင့်တင်းတဲ့ အဖွဲ့အစည်းတွေ မဟုတ်ပါဘူး။ ပြည်သူလူထုတွေရဲ့ ထောက်ခံမှုကိုသာ အားကိုးပြီး လုပ်နေရတဲ့ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတိုင်းပြည်ရဲ့ ရေရှည်ကောင်းစားရေးအတွက်၊ ဒီတိုင်းပြည်ရဲ့ တိုးတက်ရေးအတွက်၊ ကျမတို့ရဲ့လူငယ်များ ပိုပြီးတော့ သာယာ၊ ချမ်းသာပြီးတော့ တရားမျှတတဲ့နိုင်ငံမှာ နေနိုင်ရေးအတွက် တတ်နိုင်တဲ့ဖက်က ပြည်သူလူထုက ဝိုင်းဝန်းပြီး ကူညီကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

*အောက်ပါမိန့်ခွန်းမှာ ၂၈-၄-၈၉တွင် ဝိုင်းမော်မြို့ရှိ ဘုန်းကြီးကျောင်းဝင်း တနေ့ လူထုအား ဒေါ်အောင်ဆန်းစုကြည် ပြောကြားချက်မှဖြစ်သည်။*

ပြည်သူလူထုနဲ့ တွေ့ဆုံခွင့်ရှိလို့ အများကြီး ဝမ်းသာပါတယ်။ ကချင်ပြည်နယ် စည်းရုံးရေးခရီးထွက်တဲ့အခါမှာ ကျမတို့ တိုင်းရင်းသား လူမျိုးစုပေါင်းများစွာနဲ့ တွေ့ရပါတယ်။ ဒီလို တိုင်းရင်းသား လူမျိုးစုပေါင်း များစွာနဲ့တွေ့ရလို့ ကျမတို့အဖွဲ့ချုပ်အတွက် တတပ်တအားပဲ ဖြစ်မိပါတယ်။ တိုင်းရင်းသားများရဲ့ ညီညွတ်မှု၊ တိုင်းရင်းသားများရဲ့ထောက်ခံမှုကို ယူပြီးတော့ ကျမတို့နိုင်ငံကို လွတ်လပ်ရေးရအောင် လုပ်ခဲ့ရပါတယ်။ ဒါ အနှစ် (၄၀) ကျော်သွားပါပြီ။ တိုင်းရင်းသားလူမျိုးစုများဟာ လွတ်လပ်ရေးကာလတုန်းကလို ဝိုင်းပြီးကူညီဖို့ လိုပါလိမ့်မယ်။ ကျမတို့အားလုံး စည်းစည်းလုံးလုံးရှိမှသာ ပြည်ထောင်စုကိုလည်း တည်တံ့ခိုင်မြဲအောင် လုပ်နိုင်မယ်။ ဒီပြည်ထောင်စု အတွင်းမှာနေထိုင်တဲ့ တိုင်းရင်းသားအားလုံး စိတ်သဘောထား ကြည်ကြည်လင်လင်နဲ့ စိတ်ချမ်းသာမှုရအောင် လုပ်နိုင်မှာဖြစ်ပါတယ်။

အခု ဒီမိုကရေစီဆိုလို့ရှိရင် လူမျိုးမရွေး အားလုံးဟာ လိုချင်ကြတယ်။ ဒီလို လိုချင်ရတဲ့အကြောင်းကတော့ လူမျိုးမရွေး လိုချင်ကြတဲ့ လူ့အခွင့်အရေးတွေအတွက် တိုက်ခိုက်နေလို့ပဲ။ လူ့အခွင့်အရေးဆိုတာဟာ လူတိုင်းလူတိုင်း အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံနဲ့ နေပိုင်ခွင့်ရှိတာကို ဆိုလိုတာပါ။ အခု ကျမတို့နိုင်ငံမှာဆိုလို့ရှိရင် ဒေသ အတော်တော်များများမှာ ပြည်သူလူထုဟာ အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံနဲ့ မနေနိုင်ကြဘူး။ အမြဲပဲ စိုးရိမ်နေရတယ်။ အမြဲပဲ ကြောက်နေရတယ်။ ဒို့ကို ဘယ်သူကများ ဘာများလုပ်သွားမလဲဆိုတာ အမြဲပဲ တွေးနေရတယ်။ ဒီလို ကြောက်ရွံ့နေရတဲ့ဘဝကနေ ပြည်သူလူထု လွတ်မြောက်ရေးအတွက်ဆိုပြီးတော့ ဒီမိုကရေစီလှုပ်ရှားမှုကြီး ပေါ်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေချင်တဲ့ လူထုဟာ တတ်နိုင်သမျှ လှုပ်ရှားမှုအောင်မြင်ရေးအတွက် ဝိုင်းပြီးတော့ ကူညီကြပါ။ ဒီမိုကရေစီလှုပ်ရှားမှုဆိုတာဟာ နိုင်ငံရေး အဖွဲ့အစည်းတွေလုပ်လို့ အောင်မြင်နိုင်တဲ့ လှုပ်ရှားမှု မဟုတ်ပါဘူး။ ပြည်သူလူထု အများစုကြီး တက်တက်ကြွကြွ၊ သတ္တိရှိရှိနဲ့ပါဝင်မှ အောင်မြင်နိုင်တဲ့ လှုပ်ရှားမှုကြီး ဖြစ်တယ်။ အခု တနှစ်၊ နှစ်နှစ် ကောင်းစားရေးအတွက် မဟုတ်ပါဘူး။ နှစ်အဆက်ဆက် တိုင်းပြည်ကောင်းစားဖို့၊ နောင်ခေတ်အဆက်ဆက် တိုင်းပြည်ကောင်းစားဖို့အတွက်လုပ်နေတဲ့ လှုပ်ရှားမှုကြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီတိုင်းပြည်မှာ အကြာကြီး နှစ်ပေါင်းများစွာ ဆက်ပြီးတော့ နေထိုင်သွားရမယ့် ကျောင်းသားလူငယ်များဟာ အခုကနေစပြီးတော့ တက်တက်ကြွကြွနဲ့ ပါဝင်ကြပါ။ မှန်ကန်တဲ့ နိုင်ငံရေးလမ်းစဉ်အရ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် ဝိုင်းပြီးတော့ ကြိုးစားပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

*ဝိုင်းမော်မှ ခပ်ချီသို့သွားရာတွင် လမ်းတလျှောက်မှ လာရောက်ကြိုဆိုသော တိုင်းရင်းသားများအား ယခုကဲ့သို့ နှုတ်ခွန်းဆက်ပါသည်။*

အခုလို လာရောက် ကြိုဆိုနှုတ်ဆက်တာ ကျေးဇူးတင်ပါတယ်။ ကျမတို့ ဘယ်ပဲသွားသွား၊ လမ်းတလျှောက်မှာ ပြည်သူလူထုကနေပြီးတော့ မေတ္တာ၊ စေတနာနဲ့ အားပေးတယ်ဆိုရင် ကျမတို့ အင်မတန်မှ အားတက်ရပါတယ်။ လူထုကိုအားကိုးပြီး လုပ်နေရတဲ့ အဖွဲ့ချုပ်မို့လို့ ပြည်သူလူထုရဲ့ ထောက်ခံမှုရှိမှ ကျမတို့ဟာ အားရှိပါတယ်။ အာဏာလည်း မရှိဘူး။ ငွေလည်း မရှိဘူး။ လက်နက်လည်း မရှိဘူး။ ဒီဟာတွေလည်း ကျမတို့ မလိုချင်ပါဘူး။

ပြည်သူလူထုရဲ့ မေတ္တာ၊ စေတနာရှိတယ် ဆိုလို့ရှိရင်တော့ အရာရာမှာ အောင်မြင်နိုင်တယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ ဒီလို ယုံကြည်မှု ရှိတာကြောင့်မို့လို့လည်း တတိုင်းပြည်လုံးမှာ ဘတ်နိုင်သလောက် သွားပြီးတော့ ပြည်သူလူထုနဲ့ ထိတွေ့ဖို့ ကြိုးစားပါတယ်။ လူထုရဲ့ဆန္ဒ ဘယ်လိုရှိသလဲ၊ ဘယ်လို စိုးရိမ်ကြောင့်ကြမှုတွေ ရှိသလဲ၊ ဘယ်လိုနည်းနဲ့ ကျမတို့ဟာ ပြည်သူလူထုကို ကာကွယ်ပေးနိုင်မလဲ၊ ကူညီပေးနိုင်မလဲဆိုတာ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ အစဉ်အမြဲသုံးသပ်ပြီး စဉ်းစားနေတဲ့ ကိစ္စတွေဖြစ်ပါတယ်။

အဓိက ကျမတို့ရဲ့တာဝန်ဟာ ပြည်သူလူထုရဲ့ လူ့အခွင့်အရေးများ ရရှိဖို့အတွက် တတ်နိုင်သမျှ ကူညီဖို့လို့ သတ်မှတ်ထားပါတယ်။ ဒီလို လိုချင်တဲ့ အခွင့်အရေးတွေ ရဖို့ဆိုတာလည်း ကျမတို့ကြိုးစားနေသလို လူထုကလည်း ဝိုင်းဝန်းပြီး ကြိုးစားကူညီကြပါလို့ ကျမတို့က တောင်းပန်ချင်ပါတယ်။ အားလုံးကနေပြီး ဝိုင်းပြီးကူညီမယ်ဆိုလို့ရှိရင် မြန်မြန်ဆန်ဆန်နဲ့ ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေ ရနိုင်ပါတယ်။

ဒီမိုကရေစီ လှုပ်ရှားမှု အောင်မြင်ဖို့ဆိုရင် ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်ကိုပဲ ထောက်ခံရ၊ ထောက်ခံရ ကျမတို့အဖွဲ့ချုပ်က ထောက်ခံဖို့ အဆင်သင့်ပါပဲ။ ထိုနည်းလည်းကောင်းပဲ ပြည်သူလူထုရဲ့ စိတ်ထဲမှာလည်း ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် ထောက်ခံသင့်တဲ့ အဖွဲ့အစည်းများ၊ ထောက်ခံသင့်တဲ့ ပုဂ္ဂိုလ်များကို သတ္တိရှိရှိ၊ ဒွဲရှိရှိနဲ့ ထောက်ခံနိုင်ကြပါစေလို့ ကျမ ဆုတောင်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။

www.burmeseclassic.com



## ခပ်ချိုရွာ

*ပိုင်းမော်မြို့နယ် ခပ်ချိုကျေးရွာသို့သွားရန် စီစဉ်ထားသော မော်တော်ယာဉ်များကို 'မဝတ'က ချောဆွဲသွားသည့်အတွက် ခရီးစဉ်များ ကြန့်ကြာခဲ့ရပြီး ခပ်ချိုသို့ နံနက် ၁၁:၀၀ နာရီတွင်မှ နောက်ကျရောက်ရှိကာ မောရ်အောင်ကျောင်းတိုက်၌ ယခုကဲ့သို့ ပြောကြားပါသည်။*

ဒီမှာဆိုရင် တိုင်းရင်းသား လူမျိုးပေါင်းစုံ ရှိပါတယ်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတင်မက ကျမတို့ရဲ့ မြန်မာ့တပ်မတော်မှာ ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဂေါ်ရခါးအမျိုးသား များစွာရှိတယ်ဆိုတာလည်း ကျမသိရပါတယ်။ ဒီလို တိုင်းပြည်အကျိုးကို ထမ်းဆောင်ခဲ့တဲ့လူတွေအားလုံးကို ကျမတို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဂုဏ်ပြုပါတယ်။ ကျမတို့ တိုင်းရင်းသားလူမျိုးများဟာ၊ မြန်မာနိုင်ငံမှာရှိတဲ့ လူထုဟာ အေးအေးချမ်းချမ်းနဲ့ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ကိုးကွယ်ပြီးတော့ နေချင်ကြတယ်ဆိုတာ ကျမတို့ မြင်ရပါတယ်။ အခု ခပ်ချိုမှာလည်း အလှူအတန်းနဲ့ ကိုယ်ကုသိုလ်ရရှိရေးအတွက် အေးအေးချမ်းချမ်း လုပ်ချင်တယ်။ ဒီလိုမျိုး ဆက်ပြီးတော့ နေသွားချင်တဲ့စိတ်ဓါတ်ဟာ ကျမတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအများမှာ ရှိတယ်ဆိုတာ ကျမတို့ တွေ့ရပါတယ်။

ဒီလို ပြည်သူလူထုထုကနေပြီးတော့ အေးအေးချမ်းချမ်းနဲ့ လုံခြုံမှုရှိတဲ့ ဘဝမှာ ရပ်တည်ပိုင်ခွင့်လိုချင်လို့ပဲ ဒီမိုကရေစီလှုပ်ရှားမှုဆိုတာမှာ ပါဝင်လာကာပဲ။ နိုင်ငံတနိုင်ငံမှာ အေးချမ်းသာယာမှုရှိဖို့၊ လုံလုံခြုံခြုံနဲ့ နေနိုင်ဖို့ဆိုတာ မှန်ကန်တဲ့အုပ်ချုပ်မှုစနစ်တခု ရှိဖို့လိုပါတယ်။ အုပ်ချုပ်တဲ့စနစ်က မမှန်ကန်ဘူးဆိုရင် စီးပွားရေးဘက်ကလည်း ဘယ်နည်းနဲ့မှ မတိုးတက်နိုင်ပါဘူး။ စီးပွားရေးဘက်က အေးအေးချမ်းချမ်းနဲ့ မနေနိုင်တဲ့သူများဟာ ဘာသာ၊ သာသနာဘက်ကိုလည်း ရှုပ်ရှုပ်ချုံချုံနဲ့ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ကျမတို့ အဆိုတခုရှိသလိုပေါ့။ အူမဟောင့်မှ သီလစောင့်နိုင်မယ်ဆိုသလို စီးပွားရေး၊ ဘာသာရေး၊ သာသနာရေး၊ နိုင်ငံရေးအားလုံးဟာ ဆက်သွယ်နေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာဆိုရင် အရင်(၂၆)နှစ်အတွင်းက ကျဆင်းခဲ့တဲ့ အနေအထားတွေကို ပြန်ပြီးပြုပြင်ဖို့ အများကြီးလိုပါတယ်။

(၂၆)နှစ်အတွင်းက စီးပွားရေးအရ ကျဆင်းခဲ့ရတာထက်၊ စာရိတ္တအရ ကျဆင်းခဲ့ရတာ အင်မတန်မှ ဝမ်းနည်းစရာ ကောင်းပါတယ်။ စီးပွားရေးအရ ကျဆင်းခဲ့တာဟာ မြန်မြန်ဆန်ဆန် ပြန်ပြီးတော့ ပြုပြင်လို့ရတယ်။ မြန်မာနိုင်ငံဟာ အင်မတန်မှ သံယံဇာတ ပေါကြွယ်ဝပြီးတော့ ချမ်းသာတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်း ပြန်ပြီးထူထောင်ဖို့ဆိုတာ မခဲယဉ်းပါဘူး။ ဒါပေမယ့် အကျင့်စာရိတ္တ ပျက်ပြားသွားတဲ့ နိုင်ငံတခုကို ပြန်လည်ထူထောင်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းပါတယ်၊ ကျမတို့ မြန်မာနိုင်ငံမှာ ဘာဖြစ်လို့ အကျင့်စာရိတ္တတွေ ပျက်သွားရသလဲလို့ ကြည့်လို့ရှိရင် အုပ်ချုပ်မှုစနစ်က မမှန်ဘူး၊ အစိုးရလုပ် မင်းလုပ်တဲ့သူများဟာ မှန်မှန်ကန်ကန် မလုပ်ဘူးဆိုတော့၊ နိုင်ငံသူနိုင်ငံသားတွေဟာ ဘယ်လိုလုပ် ဆက်ပြီးတော့ မှန်မှန်ကန်ကန်လုပ်မလဲ။ ကျမတို့ ဆိုရိုးတခုရှိပါတယ်။ မင်းများမကောင်းရင် နောက်လိုက်ငယ်သားတွေက မကောင်းဘူးတဲ့။ နောက်လိုက်ငယ်သားတွေ မကောင်းရင် ပြည်သူလူထုဟာ ခံရတယ်။ ဒီအတိုင်းပါပဲ။ ကျမတို့နိုင်ငံမှာ အစိုးရစနစ်ဟာ မကောင်းတဲ့အခါကျတော့ ဒီအစိုးရအောက်ကလိုက်တဲ့ လက်အောက်ငယ်သားများကလည်း မကောင်းနိုင်ဘူး။ လက်အောက်ငယ်သားတွေ မကောင်းတော့ ပြည်သူလူထုပဲ ခံရတာပဲ။

အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့ တိုင်းပြည်မှာ အဖြစ်အပျက်တွေဟာ အင်မတန်မှ နစ်နာစရာ ကောင်းပါတယ်၊ ဝမ်းနည်းစရာ ကောင်းပါတယ်။ ကိုယ့်ရဲ့ နိုင်ငံသူနိုင်ငံသားအကြားမှာ စိတ်ဝမ်းကွဲအောင်လို့ ဖြစ်နေတဲ့ ကိစ္စတွေပါပဲ။ နိုင်ငံတနိုင်ငံ တိုးတက်ဖို့၊ တည်တံ့ခိုင်မြဲဖို့ဆိုတာဟာ ညီညွတ်မှုအများကြီးပဲ လိုပါတယ်။ ညီညွတ်မှုပေးဖို့ ကျမတို့ဟာ မှန်မှန်ကန်ကန် ဦးဆောင်နိုင်မယ့် အုပ်ချုပ်မှုစနစ်မျိုး လိုပါတယ်။ ကျမတို့ အခု ဒီမိုကရေစီလှုပ်ရှားမှုကြီးဟာ အင်မတန်မှ ခက်ခဲတဲ့လမ်းကနေပြီးတော့ ဆက်သွားရမှာပါ။ လမ်းကခက်ခဲလို့ မစိုးရိမ်ကြပါနဲ့။ မကြောင့်ကြကြပါနဲ့။ ခက်ခဲတဲ့ အန္တရာယ်တွေကို ကျမတို့ရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားသွားနိုင်ပါတယ်။ အားလုံးက ဝိုင်းပြီးတော့ ကူညီကြပါ။ ထောက်ခံကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။

*ခပ်ချိုမှ မြစ်ကြီးနားသို့ အပြန်ခရီးတွင်လည်း လမ်းတလျှောက်တွင်ရှိသော ကျေးရွာများမှ လူထုကိုတွေ့ဆုံပြီး နှုတ်ဆက်သည်။*

ကျမတို့ ဒီရွာကိုလာတာ နောက်ကျတဲ့အတွက် တောင်းပန်ပါတယ်။ ဟိုဘက်ကနေပြီးတော့ ကူးတို့ဟာ နည်းနည်းနောက်ကျသွားလို့ ဖြစ်ပါတယ်။ နောက်ကျသွားပေမယ့်လည်း အခုလို တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီရွာကဆိုလို့ရှိရင် ဒီမိုကရေစီလှုပ်ရှားမှုအတွက် ပထမမှာ တက်တက်ကြွကြွနဲ့ ပါဝင်ခဲ့တယ်။ ဒီလို တက်တက်ကြွကြွနဲ့ ပါဝင်တဲ့နေရာမှာ အမျိုးမျိုး ခြိမ်းခြောက်တာကြောင့်မို့လို့ အလုပ်တွေ နည်းနည်း တန့်သွားတယ်လို့ ကျမကြားလည်ပါတယ်။ ဒီလို ခြိမ်းခြောက်တိုင်း ကိုယ့်အလုပ်ကို ရပ်သွားမယ်ဆိုလို့ရှိရင်တော့ ကျမတို့ ဘယ်လိုလုပ် အောင်မြင်မှုရနိုင်မှာလဲ။

သတ္တိရှိရှိနဲ့ လုပ်ကြပါ။ ခြောက်တိုင်းမကြောက်နေပါနဲ့။ ခြောက်တယ်ဆိုတာ ကြောက်မှန်းသိလို့ ခြောက်နေတာပါ။ ကိုယ်က မကြောက်လို့ရှိရင် ဘယ်သူကမှ ခြောက်နိုင်မှမဟုတ်ပါဘူး။ ကြောက်တဲ့ကိစ္စနဲ့ ပတ်သက်လို့လည်း ကျမ အများကြီးပဲ စဉ်းစားပါတယ်။ ဒီနေ့တနေ့လုံး စည်းရုံးရေးခရီးထွက်တဲ့အခါမှာ လမ်းကရွာတွေမှာ ကြောက်တယ်၊ ကြောက်တယ်ဆိုပြီး ပြောပါတယ်။ ပြည်သူလူထုက ကြောက်နေတယ်၊ လူငယ်များဟာ လှုပ်ရှားဖို့ ကြောက်နေတယ်၊ မကြောက်အောင် ဘယ်လိုလုပ်ရမလဲလို့ မေးကြပါတယ်။

www.burmeseclassic.com

ကျမလည်း စဉ်းစားပါတယ်။ မကြောက်အောင်ဆိုတာ ကိုယ့်ကိုကိုယ် ပြန်ပြုပြင်မှပဲ ရမယ်။ မကြောက်အောင်ဆိုတာ ကိုယ့်မှာခံယူချက်တခု ရှိရမယ်။ ကိုယ့်ကြောက်တဲ့စိတ်ထက် ပိုပြီး ပြင်းထန်တဲ့ စိတ်တခုကို မွေးရမယ်။ ကိုယ့်ကြောက်တဲ့စိတ်ထက် ပိုပြီးတော့ လုပ်ချင်တဲ့စိတ်က များရမယ်။ ဒီလို စိတ်ဓါတ်တွေမွေးမှ ရမှာပဲ။ အခုဆိုလို့ရှိရင် ကြောက်နေရတယ်၊ ခေါ်ပြီး မေးလို့ရှိရင် ကြောက်တယ်၊ ဘယ်တော့ ငါ့ကို အရေးယူမလဲ၊ ဘယ်တော့ ငါ့ကို ဖမ်းမလဲဆိုပြီး လူတိုင်းက ကြောက်နေရတယ်။ ဒီလို ကြောက်နေတဲ့ဘ ကနေ လွတ်မြောက်ချင်တဲ့စိတ်က ကြောက်တဲ့စိတ်ထက် ပိုပြီး အားသာအောင် လုပ်ရမယ်။ ကိုယ်လွတ်မြောက်ချင်ရင် လုပ်ရဲရမယ်။ လုပ်ရဲမှပဲ နောင်ကျရင် အေးအေးဆေးဆေး နေနိုင်မှပေါ့။ အခုအချိန်မှာ စွန့်စားမှ နောင်ရေရှည် အကျိုးခံစားနိုင်မှာ ဖြစ်ပါတယ်။

## မြစ်ကြီးနားမြို့

*ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီ ဒေါ်အောင်ဆန်းစုကြည်သည် လီဆူးဝတ်စုံဝတ်ဆင်ကာ လီဆူးအမျိုးသား သွေးစည်း ခိုင်မာရေးအဖွဲ့၌ လီဆူးအမျိုးသားများကို နှုတ်ခွန်းဆက်ပါသည်။*

တယောက်ကိုတယောက် သစ္စာ ရှိရမယ်။ ယုံကြည်မှု ရှိရမယ်။ တယောက်ကိုတယောက် အားကိုးနိုင်တဲ့အနေအထားမှာ ရှိရမယ်။ ကျမတို့ဟာ အားလုံး ညီအကိုမောင်နှမများသဖွယ် စိတ်ထားနိုင်တဲ့အခါ ချမ်းသာပြီ တိုးတက်တဲ့ တိုင်းပြည်တခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ ကိုယ်က ကိုယ့်တိုင်းရင်းသားအတွက်ပဲ လုပ်နေမယ်၊ တခြားတိုင်းရင်းသားတွေ အတွက် ဂရုမစိုက်ဘူးဆိုရင် ကျမတို့ဟာ အောင်မြင်မှုရမှာ မဟုတ်ပါဘူး။ ပြည်ထောင်စုသားအားလုံးဟာ ပြည်ထောင်စု တခုလုံးအတွက်လုပ်ဖို့ အရေးကြီး ပါတယ်။ ကိုယ့်လူမျိုး ကောင်းစားရေးအတွက်ပဲ လုပ်မယ်ဆိုရင်တော့ ပြည်ထောင်စုကြီးအတွက် ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တိုင်းရင်းသားလူမျိုးစုများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို အကောင်အထည်ဖော်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။

*ထို့နောက် မြစ်ကြီးနားမြို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးသို့ သွားရောက်ပြီ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ယခုကဲ့သို့ ဆွေးနွေးပါသည်။*

တနာရီလောက် စောရောက်ဖို့ပါ။ ခပ်ချိုကထွက်တာ နောက်ကျတာ တောင်းပန်ပါတယ်။ စည်းရုံးရေးခရီးထွက်တဲ့အခါ တခါတလေ ကျမတို့ အစီအစဉ်အတိုင်း မဖြစ်ပါဘူး။ လမ်းမှာဆိုလို့ရှိရင်လည်း တခါတလေ အခက် အခဲလေးတွေ တွေ့တတ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို နောက်ကျရတာ



ဖြစ်ပါတယ်။ မြစ်ကြီးနားကို မလာခင်တုန်းကဆိုရင် ကြားရတာတော့ မြစ်ကြီးနားမှာ ဒီမိုကရေစီလှုပ်ရှားမှုရဲ့ အခြေအနေ သိပ်မကောင်းဘူးလို့ ပြောကြပါတယ်။ ပြည်သူလူထုက သိပ်ပြီး တက်တက်ကြွကြွ မရှိကြဘူးလို့ ဆိုပါတယ်။ အဲ့ဒီတော့ ကျမက နည်းနည်း အားငယ်မိပါတယ်။ ဒါပေမယ့် အခု လာတဲ့အခါကျတော့လည်း ပြည်သူလူထုက ပိုပြီး တက်ကြွတယ်ဆိုတာ မြင်ရလို့ အများကြီးပဲ အားရှိသွားပါတယ်။ ဂုဏ်လည်း ဂုဏ်ယူပါတယ်။

ကချင်ပြည်နယ်မှာရှိတဲ့ တောင်တန်းသားလူမျိုးစုများဟာ သတ္တိရှိတယ် ဆိုတာ ကျမတို့အားလုံး အစကတည်းက သိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီလိုသတ္တိရှိရှိနဲ့ ဆက်ပြီးတော့ အမျိုးသားရေးအတွက် လုပ်သွားမယ် ဆိုတာလည်း ကျမတို့ ယုံကြည်ပါတယ်။ ငယ်ငယ်ကတည်းက ကျမတို့ ကြားလည်တာကတော့ တောင်တန်းသားများဟာ အင်မတန်မှ သတ္တိရှိတယ်၊ အင်မတန်မှ ရိုးသားဖြောင့်မတ်တယ်၊ လုပ်ရည်ကိုင်ရည် ရှိတယ်လို့ နားလည် ပါတယ်။ အခု ဒီမိုကရေစီ လှုပ်ရှားမှုထဲမှာလည်း ဒီအတိုင်းပဲ ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ်၊ သတ္တိရှိရှိနဲ့ ဆက်ပြီးတော့ လုပ်သွားကြမယ်ဆိုလို့ရှိရင် ကျမတို့လိုချင်တဲ့ အခွင့်အရေးများကို အမြန်ဆုံးရနိုင်မှာပါ။

အခုအချိန်မှာ ဆိုလို့ရှိရင် တိုင်းရင်းသား လူမျိုးစု အများစုကြီးဟာ တော်တော်မှပဲ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ နေကြရပါတယ်။ ဒီလို အခြေအနေကနေပြီးတော့ တိုးတက်ပြီး ချမ်းသာတဲ့ ပြည်ထောင်စုကြီးတခု ထူထောင်ဖို့ဆိုတာ အားလုံးရဲ့တာဝန် ဖြစ်ပါတယ်။ တခါတလေကျလို့ရှိရင် ကျမတို့ကို တိုင်းရင်းသားလူမျိုးစုများက မေးပါတယ်။ ဒီမိုကရေစီအစိုးရ ရလို့ ရှိရင် ကျနော်တို့လူမျိုးစုတွေအတွက် ဘာလုပ်ပေးမှာလဲ၊ ပြည်ထောင်စုအတွက် ဘာလုပ်ပေးမှာလဲဆိုပြီးတော့ မေးပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ကတော့ ကြေညာထားပြီးသား ဖြစ်ပါတယ်။ ဒီမိုကရေစီ ရလို့ရှိရင် စစ်မှန်တဲ့ ဒီမိုကရေစီ ပြည်ထောင်စုကြီး ထူထောင်ရေးအတွက် တိုင်းရင်းသားလူမျိုးစုအားလုံးနဲ့ တိုင်ပင် ညှိနှိုင်းပြီးတော့ ကျမတို့ဟာ အခြေခံ ဥပဒေရေးဆွဲပြီး ပြည်ထောင်စု တည်တံ့ ခိုင်မြဲရေးအတွက်လည်း လုပ်ရမယ်၊ တိုင်းရင်းသားလူမျိုးစုများရဲ့ မွေးရာပါ အခွင့်အရေးများကိုလည်း အသိအမှတ်ပြုရမယ်။ လူတိုင်း၊ လူတိုင်း လူ့အခွင့်အရေးများ ခံစားပိုင်ခွင့်လည်း တည်ရမယ်ဆိုတာလည်း ကျမတို့ ကြေညာထားပြီးသား ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီမိုကရေစီပြည်ထောင်စု ထူထောင်ဖို့ဆိုတာဟာ ကျမတို့ အဖွဲ့ချုပ်တခုတည်းရဲ့ တာဝန်လည်း မဟုတ်ပါဘူး။ တိုင်းရင်းသားလူမျိုးစု အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။

ဒီမိုကရေစီလှုပ်ရှားမှုအောင်မြင်ဖို့ဆိုတာဟာ လူတိုင်းလူတိုင်းရဲ့ တာဝန် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျမ ခဏခဏ ပြောရပါတယ်။ ဒီမိုကရေစီ ရရင် ကျနော်တို့ကို ဘာအခွင့်အရေးတွေပေးမလဲလို့ မေးမယ့်အစား၊ ဒီမိုကရေစီ ရဖို့အတွက် ကျနော်တို့ ဘယ်လိုဝိုင်းဝန်းကူညီရမလဲဆိုတာ အခုအချိန်မှာ မေးရမယ့် မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးပြီးတော့ မှန်ကန်တဲ့အဖြေကို ရနိုင်မယ်ဆိုမှ၊ ကိုယ်လိုချင်တဲ့ ဒီမိုကရေစီကိုရမယ်။ ဒီမိုကရေစီရတယ်ဆိုမှ

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းလူတိုင်းရဲ့ အခွင့်အရေးကိုအာမခံမယ့် စနစ်တခုကို ထူထောင်နိုင်မယ်။ ဒီလို လူတိုင်းလူတိုင်းရဲ့ လူ့အခွင့်အရေးကိုအာမခံမယ့် အုပ်ချုပ်မှုစနစ်တခုကို အခြေခံပြီးမှ တိုင်းရင်းသားလူမျိုးစုအားလုံး ကျေနပ်မှုရနိုင်မယ့် ပြည်ထောင်စု ပုံသဏ္ဍာန်ကို ကျမတို့ ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။ ဒီလို ပြည်ထောင်စု ပုံသဏ္ဍာန် ဖော်ထုတ်ဖို့ဆိုတာဟာ တိုင်းရင်းသား လူမျိုးစုအားလုံးက သဘောထားကြီးကြီး ထားရမယ်၊ အမြင်ကျယ်ကျယ် ရှိရမယ်။

ပြည်ထောင်စုအကျိုးကို ကိုယ့်ဒေသအကျိုးထက် ပိုထားရမယ်။ ဗမာများဟာ ဗမာအကျိုးအတွက် မဟုတ်ဘူး။ ကချင်များဟာ ကချင်တွေရဲ့အကျိုး အတွက် မဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးစုအားလုံးက ပြည်ထောင်စုအကျိုး အတွက်ဆိုတဲ့ စိတ်ဓါတ်တွေနဲ့ လုပ်ဖို့လိုပါတယ်။ ကျမတို့ လွတ်လပ်ရေးရပြီး တဲ့ခေတ်မှာ ဒီတိုင်းပြည် မတိုးတက်တာဟာ ညီညွတ်မှုမရှိလို့ပဲ။ နိုင်ငံသူ နိုင်ငံသားများဟာ ကိုယ့်အကျိုးထက် တိုင်းပြည်အကျိုးကို ရှေ့မထားလို့ ကျမတို့ တိုးတက်မှု မရှိခဲ့ဘူးလို့ ထင်ပါတယ်။ တပါတီအာဏာရှင်စနစ် စိုးမိုးသွားရတယ်ဆိုတာလည်း ပြည်သူလူထုဟာ မှန်ကန်တဲ့ နိုင်ငံရေးအသိအမြင် တွေ မရှိလို့ပဲ ဖြစ်ပါတယ်။ ဒီတော့ နောက်တခါထပ်ပြီးတော့ အာဏာရှင်စနစ် မဖြစ်စေချင်ဘူး၊ ကျမတို့နိုင်ငံကို ဒီမိုကရေစီစနစ်အရ အားလုံးစိတ်ချမ်းသာရေး အတွက် ထူထောင်စေချင်တယ်ဆိုလို့ရှိရင် နိုင်ငံသူ နိုင်ငံသားအားလုံးဟာ ကိုယ့်မှာရှိတဲ့ နိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်ဖို့လိုပါတယ်။

နိုင်ငံရေးဆိုတာ လူတိုင်းလူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စပါ။ နိုင်ငံတနိုင်ငံ တိုးတက်ဖို့၊ တည်တံ့ခိုင်မြဲဖို့ဆိုတာ အားလုံးဝိုင်းပြီး ကြိုးစားဖို့လိုပါတယ်။ လူတိုင်းလူတိုင်းဟာ တိုင်းပြည်အပေါ်မှာ စစ်မှန်တဲ့စေတနာ ထားရပါလိမ့်မယ်။ ကိုယ့်အဖွဲ့အစည်း အကျိုးကိုပဲ လုပ်နေမယ်၊ ကိုယ့်အသိုင်းအဝိုင်း အကျိုး လုပ်နေမယ် ဆိုလို့ရှိရင်တော့ စစ်မှန်တဲ့စေတနာလို့ မခေါ်နိုင်ပါဘူး။ ကျမတို့ နိုင်ငံ (၂၆)နှစ်အတွင်းမှာ ကျဆင်းခဲ့ရတာဟာ တိုင်းပြည်ကို စစ်မှန်တဲ့စေတနာ နဲ့ မအုပ်ချုပ်လို့ပဲ။ တိုင်းပြည်ကို စစ်မှန်တဲ့စေတနာနဲ့ အုပ်ချုပ်ခဲ့တယ်ဆိုရင် ဒီနိုင်ငံဟာ အများကြီးတိုးတက်နိုင်ပါတယ်။

ကချင်ပြည်နယ်တခုတည်းမှာပင်လျှင် သယံဇာတပစ္စည်း ဘယ်လောက် ပေါများတယ်ဆိုတာ သိပြီးသားပါ။ တနိုင်ငံလုံးကို ခြုံပြီးတော့ ကြည့်လိုက်မယ် ဆိုရင် ကျမတို့နိုင်ငံဟာ အင်မတန်မှ ချမ်းသာပါတယ်။ ဒီလောက် ချမ်းသာ လျက်နဲ့ ပြည်သူလူထုဟာ ဆင်းရဲနေရတယ်၊ စိုးရိမ်နေရတယ်၊ ကြောင့်ကြ နေရတယ်ဆိုတာတော့ မမှန်ကန်တဲ့ အုပ်ချုပ်ရေးစနစ်ကြောင့်ပဲ။ စီးပွားရေး အောင်မြင်မှုဆိုတာ မှန်ကန်တဲ့ အုပ်ချုပ်ရေးစနစ်ရှိမှ ဖြစ်မှာပါ။ ဒီအချိန်မှာ စီးပွားရေးကိုဦးမတည်ပဲနဲ့ နိုင်ငံရေးကိုဦးတည်ဖို့လိုပါတယ်။ နိုင်ငံရေးအောင်မြင် မှုတွေရမှ စီးပွားရေးဖက်ကို တခါပြန်ပြီးတော့ ကျမတို့ ကိုယ်လိုချင်တဲ့ ပြုပြင် မှုတွေ လုပ်ရမှာဖြစ်ပါတယ်။ ဒီတော့ ပြည်သူတွေအနေနဲ့ အခုအချိန်မှာ စစ်မှန် တဲ့ဒီမိုကရေစီ ရရှိရေးအတွက် ဝိုင်းဝန်းကူညီကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါ တယ်။ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ လက်တွဲပြီးတော့ တသိတည်းတညီ တည်းနဲ့၊ သတ္တိရှိရှိနဲ့ ကိုယ့်ရဲ့တိုင်းပြည်ကောင်းကျိုးအတွက်၊ မှန်မှန်ကန်ကန်



လုပ်သွားမယ်ဆိုလို့ရှိရင် လူတိုင်းလူတိုင်းဟာ ပိုပြီးတော့ချမ်းသာပြီး၊ တိုးတက် တဲ့ ပြည်ထောင်စုကြီးမှာ နေနိုင်မှာဖြစ်ပါတယ်။ ဒီလို ဦးတည်ချက်နဲ့ ဝိုင်းပြီး တော့ ကြိုးစားသွားကြပါလို့ကျမမေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

## အောင်ဆန်းဂျာမွန်း

*ဧပြီလ ၂၈ ရက်နေ့ ညပိုင်းတွင် မဟာမိတ်များမှ တည်ခင်းသော ညစာစားပွဲသို့ ကချင်ရိုးရာကျိန်းဖောဝတ်စုံဝတ်ဆင်ပြီး တက်ရောက်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် အား ကချင်တိုင်းရင်းသားလူထုက ကချင်ဘာသာ 'ဂျာ' ဟူသည်မှာ ရွှေ၊ 'မွန်း'ဟူသည်မှာ ဝတ်မှုန်ဟု အဓိပ္ပါယ်ရှိသည့်အတွက် အောင်ဆန်းဂျာမွန်း' (အောင်ဆန်းရွှေဝတ်မှုန်) ဟု အမည်ပေး ဂုဏ်ပြုကြပါသည်။*

ကျမတို့ ပြည်မအနေနဲ့ ပြည်ထောင်စုကြီး သာယာဝပြောရေးအတွက်၊ တိုးတက်ရေးအတွက် ဘယ်လိုရည်ရွယ်ချက်တွေ ရှိသလဲ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ဘာတွေများလုပ်ပေးနိုင်မလဲလို့ ခဏခဏ မေးပါတယ်။ ကျမ ဟာ ဗမာတယောက်ဖြစ်နေတော့ လူမျိုးစုကြီးကပါဝင်တဲ့လူတယောက် ဖြစ်ပါ တယ်။ လူမျိုးစုကြီးဟာတာဝန်ရှိတယ်ဆိုတာ ကျမလက်ခံပါတယ်။ တိုင်းပြည် ပြည်မှာ လူများစုဟာ တာဝန်အများဆုံးပဲ။' ဒါပေမယ့်လည်း ပြည်ထောင်စု အပေါ်မှာ ထားရမယ့်တာဝန်ဟာ လူများစုတင် မဟုတ်ဘူး။ လူနည်းစုတွေ အားလုံးမှာလည်း တာဝန်ရှိပါတယ်။ အားလုံးဟာ အသီးသီး ကိုယ့်တာဝန်ကို ကိုယ် မှန်မှန်ကန်ကန်နဲ့ ထမ်းဆောင်သွားမယ်ဆိုရင် လိုချင်တဲ့ ပြည်ထောင်စု ပုံသဏ္ဍာန်ကို ဖေါ်ထုတ်နိုင်မှာပါ။ အားလုံးဟာ တာဝန်သိမှ ဖြစ်ပါလိမ့်မယ်။ ပြည်ထောင်စုတည်တံ့ခိုင်မြဲဖို့ဆိုတာဟာ ကချင်ပြည်နယ် တခုထဲကနေ ကြိုးစား လို့ မရပါဘူး။ ရှမ်းပြည်နယ်တခုထဲကနေ ကြိုးစားလို့ မရပါဘူး။ မြန်မာပြည်မ တခုတည်းကနေလည်း ကြိုးစားလို့ မရပါဘူး။ အားလုံးက ဝိုင်းပြီးတော့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒီလိုကြိုးစားတဲ့နေရာမှာ တယောက်အပေါ်တယောက် ယုံကြည်မှုရှိဖို့ အများကြီး လိုတယ်။ တယောက်ကိုတယောက် ယုံကြည်ဖို့ လိုပါ တယ်။ ကျမ ဒီကိစ္စနဲ့ပတ်သက်လို့ ပြောပြီးပါပြီ။ တချို့ ကချင်ပြည်နယ် တိုင်းရင်းသားများက မေးပါတယ်။ ဖေဖေတုန်းကဆိုလို့ရှိရင် ကချင်တကျပ်၊ ဗမာတကျပ်ဆိုပြီး ကတိပေးခဲ့တယ်။ အခု ဒီလိုကတိတွေပေးပြီးတော့ နောင် တည်ပဲရှိမှာလားလို့ မေးကြပါတယ်။ ကျမတို့အဖွဲ့ချုပ်အနေနဲ့ ဘာကတိမှ ရယ်လွယ်ကူကူ မပေးနိုင်ပါဘူး။

*၁၉၈၉ ခုနှစ် ဧပြီလ ၂၄ရက်နေ့တွင် ရန်ကုန်မှ ထွက်ခွာလာသော ဒေါ်အောင်ဆန်း စုကြည်နှင့်အဖွဲ့၏ မြန်မာပြည်မြောက်ပိုင်း စည်းရုံးရေးခရီးစဉ် မန္တလေးမှ စတင် သည်။ ဧပြီလ ၂၆ရက်တွင် ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားသို့ ရောက်ရှိသည်။ မြစ်ကြီးနားမှ မိုးညှင်း၊ မန်ခေးရွာ၊ ဝိုင်းမော်မြို့နှင့် ခပ်ချိုရွာသို့ သွားရောက်ဟောပြောသည်။ ဧပြီလ ရက်နေ့တွင် ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ် ပြီးဆုံးသည်။*

www.burmeseclassic.com

www.burmeseclassic.com



၈

# သတင်းစာရှင်းလင်းပွဲ(၃)

*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒီမိုကရေစီ စည်းရုံးရေးခရီးစဉ်များနှင့် ပတ်သက်ပြီ ဒေါ်အောင်ဆန်းစုကြည်က သတင်းစာ ရှင်းလင်းပွဲတခု ပြုလုပ်ကာ ယခုကဲ့သို့ တင်ပြသည်။*

ကျမအနေနဲ့ ကြွရောက်လာတဲ့သတင်းထောက်များကို တင်ပြချင်တာကတော့ စည်းရုံးရေးခရီးထွက်စဉ်တုန်းက တိုင်းပြည်အခြေအနေကို ဘယ်လိုတွေ့ခဲ့သလဲ။ ဒီမိုကရေစီလှုပ်ရှားမှုရဲ့ အခြေအနေကို ဘယ်လိုတွေ့ခဲ့တယ်ဆိုတာကို တင်ပြချင်ပါတယ်။ ကျမတို့ စည်းရုံးရေးခရီးထွက်တယ်ဆိုတာဟာ အဖွဲ့ချုပ်အတွက် စည်းရုံးရေးထက် ဒီမိုကရေစီလှုပ်ရှားမှုအတွက် စည်းရုံးရေးထွက်တယ်ဆိုတာ ကျမ အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ ဒီလို ထွက်တဲ့အခါမှာလည်း တိုင်းပြည်အခြေအနေကို လေ့လာဖို့ဆိုတာကို ကျမ ဒီလိုပဲ စိတ်ထဲမှာထားခဲ့ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှုရဲ့အခြေအနေဆိုတာဟာ ကျမတို့ ပြည်သူလူထုရဲ့ အခြေအနေတင် မဟုတ်ပါဘူး။ 'နဝတ'ရဲ့ အခြေအနေနဲ့လည်း သက်ဆိုင်နေတယ်ဆိုတာကို အားလုံးကနေပြီးတော့ လက်ခံရမှာဖြစ်ပါတယ်။

ကျမတို့အဖွဲ့ချုပ်နဲ့ ဒီမိုကရေစီလိုလားကြတဲ့ အဖွဲ့အစည်းများနဲ့ အသိုင်းအဝိုင်းများရဲ့ လှုပ်ရှားမှုဟာ အာဏာပိုင်များရဲ့ လုပ်ပုံကိုင်ပုံများနဲ့ အများကြီးပဲ သက်ဆိုင်နေပါတယ်။ ဒီတခါမှာ ကျမတို့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း စည်းရုံးရေးခရီးထွက်တဲ့အခါမှာ ဘာတွေ့ခဲ့သလဲဆိုတော့ အခုထိပဲ 'နဝတ'အနေနဲ့ တပ်မတော်နဲ့'နဝတ'ဟာ 'ကြား'နေမယ်ဆိုတဲ့ တင်ပြချက်ကို နေရာအနှံ့အပြားမှာ လိုက်နာမှုမရှိဘူးဆိုတာ ကျမတို့တွေ့ရပါတယ်။ ဒီလို လိုက်နာမှုမရှိတာဟာ ဒီမိုကရေစီလှုပ်ရှားမှုအတွက် အများကြီးပဲနစ်နာပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျမ တခါထဲပဲ ပြောချင်ပါတယ်။ ကျမတို့အဖွဲ့ချုပ်၊ အထူးသဖြင့် ကျမအနေနဲ့ပေါ့လေ ဒီ 'နဝတ'ရဲ့ လုပ်ရပ်များကို သုံးသပ်တဲ့နေရာမှာ အင်မတန်မှ ထိပ်တိုက်တွေ့ချင်တဲ့စိတ် **confontational attitute** ရှိတယ်ဆိုပြီးတော့ ဝေဖန်တယ်ဆိုတာကို ကျမတို့ကြားရပါတယ်။

အဲ့ဒီတော့ **confrontation** ရှိတယ်လို့ ဝေဖန်တာဟာ နှစ်ဦးနှစ်ဖက်ကို ကြည့်ဖို့လိုပါတယ်။ ကျမတို့အနေနဲ့တော့ ဒီမိုကရေစီ လှုပ်ရှားမှုကကွယ်တဲ့သဘောမျိုးနဲ့သာ ဝေဖန်ခဲ့တာရှိပါတယ်။ ကျမတို့ကနေ စပြီးတော့ အလဟဿတိုက်ခိုက်တာ မရှိပါဘူးဆိုတာ ကျမတို့ရဲရဲဝံ့ဝံ့ ပြောနိုင်ပါတယ်။ ဥပမာပြရလို့ရှိရင် အခုလာရောက်တဲ့ သတင်းထောက်များနဲ့ အင်မတန်

...က်ဆိုင်တဲ့ကိစ္စတခုကတော့ ကျမတို့မြန်မာနိုင်ငံမှာ တခုတည်းသော တရားဝင် သတင်းစာဖြစ်နေတဲ့ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာထဲမှာ ပါနေတဲ့ ...င်းပါးတွေပဲ။ လုပ်သားပြည်သူ့နေ့စဉ်ဟာဆိုရင် ကျမတို့ကို နေ့စဉ်နဲ့အမျှပဲ ...က်ခိုက်နေပါတယ်။ အဲဒီလိုတိုက်ခိုက်နေတာ ကျမတို့ပြန်ပြီးတော့ တုန့်ပြန် ...ခါကျလို့ရှိရင်တော့ ထိပ်တိုက်တွေ့ချင်တယ်၊ **Confrontation** ဖြစ်တယ် ပြောပြီးတော့ လုပ်သားပြည်သူ့နေ့စဉ်အနေနဲ့ နေ့စဉ်နဲ့အမျှ ပြောနေတဲ့ ...တဲ့ကိစ္စများဟာ အစိုးရရဲ့ အာဘော်ဖြစ်နေတယ်ဆိုတာ လူတိုင်းသိနေရက် ...နဲ့ ဒါကိုတော့ ဒီ **Confrontation** တွေ့ချင်တဲ့ ဦးတည်ချက်ရှိတယ်လို့ ...ပြာတာကတော့ တရားမျှတမှု မရှိဘူးလို့ ကျမပြောချင်ပါတယ်။

အခု လုပ်သားပြည်သူ့နေ့စဉ်ကလာတဲ့ လူကြီးများကိုလည်း အများ ...ပဲ အားနာပါတယ်။ လာတိုင်းလာတိုင်းပဲ သတင်းစာကို ဝေဖန်နေရတယ် ...တော့၊ ဒါပေမဲ့လည်း နေ့စဉ်နဲ့အမျှ ဝေဖန်စရာတွေက ဖြစ်နေတော့ ...မတို့မှာ တာဝန်ရှိလို့ ထုတ်ဖေါ်ပြောတာဖြစ်ပါတယ်။ ကချင်ပြည်နယ်ကို ...းတဲ့အခါတုန်းကဆိုရင် 'ပဝတ'အနေနဲ့ ဗြောင်သလင်းပဲ ကျမတို့အဖွဲ့ချုပ် ...တိုက်ခိုက်နေတယ်ဆိုတာကို တွေ့ခဲ့ပါတယ်။ ကျမတို့ ကချင်ပြည်နယ် ...ည်းရုံးရေးခရီးထွက်တဲ့အခါကျလို့ရှိရင် ကျမ အရှေ့ကနေသွား နောက်ကနေ ...တော့ ကျမတို့အဖွဲ့ချုပ်နဲ့ အထူးသဖြင့် ကျမကို ပုဂ္ဂိုလ်ရေးအရ မဟုတ် ...န်ကန်တဲ့နည်းတွေနဲ့ ပုတ်ခတ်တဲ့ စာရွက်စာတမ်းတွေကို အထုပ်လိုက် ...ထုပ်လိုက် လိုက်ဝေခဲ့ပါတယ်။ အထုပ်လိုက် အထုပ်လိုက် လိုက်ဝေတာ ...းမော်ရောက်တဲ့အခါကျတော့ ကျမတို့မရောက်ခင်တနေ့မှာပဲ စစ်ကားနဲ့ကို ...က်ဝေတာ တွေ့ခဲ့ရပါတယ်။ အဲ့ဒီတော့ ဒီဟာဟာ 'ပဝတ'ရဲ့ သဘော ...ညီချက်နဲ့ကို လုပ်တယ်၊ ကချင်ပြည်နယ်မှာရှိတဲ့ တပ်မတော်အရာရှိ ...ချို့ရဲ့ သဘောတူညီချက်နဲ့ လုပ်တယ်ဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။ ...လိုလုပ်ရပ်များဟာ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ 'နဝတ'က 'ကြား'နေမယ်၊ တပ်မတော်က 'ကြား'နေမယ်ဆိုတဲ့ ညွှန်ကြားချက်နဲ့ မကိုက်ညီတဲ့အပြင် ...ဒီမိုကရေစီလှုပ်ရှားမှုကိုလည်း အင်မတန်မှ ထိခိုက်တယ်။ ပြည်သူလူထုနဲ့ တပ်မတော်ကြားထဲမှာလည်း အင်မတန်မှ စိတ်ဝမ်းကွဲစေပါတယ်။

ကျမတို့အဖွဲ့ချုပ်ကိုတော့ ထပ်တလဲလဲ ပြည်သူလူထုနဲ့ တပ်မတော် ကြားမှာ စိတ်ဝမ်းကွဲအောင်လုပ်နေတဲ့ နိုင်ငံရေးအဖွဲ့အစည်းဆိုပြီးတော့ နာမည်သာ မသုံးတယ်။ ဒီအတိုင်းပဲ စွပ်စွဲနေပါတယ်။ ဒီလို စွပ်စွဲနေရက်သားနဲ့ 'ပဝတ'တို့ 'နဝတ'တို့နဲ့ တချို့တပ်မတော်အဖွဲ့အစည်းအရာရှိများဟာ ပြည်သူလူထုနဲ့တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင်လို့ အမျိုးမျိုးလုပ်နေတာကိုတော့ လစ်လျူရှုထားတာဟာ စေတနာမှန်ကို မပြဘူးလို့ ကျမတို့ထင်ပါတယ်။ ဒီလို အခြေအနေမျိုး ဆက်ပြီးတော့သွားမယ်ဆိုရင် ပြည်သူလူထုနဲ့ တပ်မတော်ကြားထဲမှာ ဆက်ဆံရေးအဆင်ပြေဖို့တာ အင်မတန်မှ ခဲယဉ်းပါလိမ့်မယ်။ ကျမတို့အနေနဲ့ အစဉ်အမြဲပြောပါတယ်။ တပ်မတော်ထဲမှာ အရာရှိကောင်းများလည်း ရှိပါတယ်။ ဒီမိုကရေစီကို ပြည်သူလူထုဆန္ဒနဲ့ကိုက်ညီအောင်လို့ လွတ်လွတ်လပ်လပ်နဲ့ ဒီမိုကရေစီအရေး လုပ်နိုင်ရေးအတွက် ဦးတည်တဲ့အရာရှိများ၊

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူလူထုဆန္ဒနဲ့ကိုက်ညီတဲ့ ရွေးကောက်ပွဲများ ဖြစ်မြောက်ရေးအတွက် ဦးတည်တဲ့အရာရှိများ၊ တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့ 'ကြား'နေမယ်ဆိုပြီး စိတ်ထားတဲ့အရာရှိများ ရှိတယ်ဆိုတာ ကျမတို့ဟာ လက်ခံထားပြီးသားပါ။

ဒီကိစ္စနဲ့ပတ်သက်လို့ တခြားသတင်းစာ ရှင်းလင်းပွဲတွေမှာလည်း ကျမတို့ ပြောခဲ့ပါတယ်။ ဒီလို ကျမတို့အနေနဲ့ တပ်မတော်ဟာ 'ကြား'သာ နေပါ။ ဘယ်ဖက်ကမှ မပါပါနဲ့။ ကျမတို့အနေနဲ့လည်း တပ်မတော်ကို တပ်မတော်အနေနဲ့ တိုက်ခိုက်ချင်တဲ့စိတ် လုံးလုံး မရှိပါဘူး။ တပ်မတော်ရဲ့ 'နဝတ'တို့ 'မဝတ'တို့ 'တဝတ'တို့အထဲက မဟုတ်မမှန်ကန်တဲ့နည်းတွေနဲ့ ပြည်သူလူထုရဲ့လှုပ်ရှားမှုကို တိုက်ခိုက်နေတဲ့သူများကိုသာ ကျမတို့ မကျေမနပ် ဖြစ်တာပါဆိုတာကိုလည်း ကျမတို့ ထပ်တလဲလဲ ပြောခဲ့ပါတယ်။ ဒီကြား ပြောနေတဲ့အထဲက ကချင်ပြည်နယ် 'ပဝတ'ကလုပ်တဲ့ ကိစ္စမျိုးကို 'နဝတ' အနေနဲ့ လစ်လျူရှုထားတာမျိုးဟာ အင်မတန်မှ မသင့်တော်ဘူးလို့ ကျမတို့ ထင်ပါတယ်။ ဒီလို 'နဝတ'က လစ်လျူရှုထားလို့ရှိရင်၊ ဥပက္ခာပြုထားလို့ရှိရင် ဒါ တနည်းတလမ်းနဲ့ ဒီလိုလုပ်ချက်တွေကို အားပေးရာရောက်တယ်လို့ ကျမတို့ ယူဆရမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း ဖက်မှာ အထူးဆိုးတဲ့ ကိစ္စကတော့ ပေါ်တာဆွဲတဲ့ကိစ္စပါပဲ။ ပေါ်တာဆွဲတာဟာ စစ်ဆင်ရေးနဲ့ဆိုင်တယ်လို့ ပြောနိုင် ပါတယ်။ ဒါပေမဲ့လည်း အခုဆိုလို့ရှိရင် စစ်ဆင်ရေးနဲ့တင်မကဘူး။ နိုင်ငံရေး ပါဆိုင်တဲ့ အသွင်ပေါ်အောင်လို့ ပေါ်တာဆွဲနေတာကို ကျမတို့တွေ့ရပါတယ်။ ဒီမေလအတွင်းမှာဆိုရင် ဗန်းမော်၊ ကသာ၊ ရွှေကူ၊ မိုးကောင်းဖက်မှာ ပေါ်တာ ဆွဲတာ ၈၀၀၀ နဲ့ ၁၀၀၀၀ ကြားမှာရှိတယ်လို့ ကျမတို့ ခန့်မှန်းရပါတယ်။ ကျမတို့အဖွဲ့ချုပ်ထဲကသူများပင်လျှင် ပေါ်တာအဆွဲခံရလုနီးနီး ဖြစ်သွားပါ တယ်။ ကျမတို့ ဒီ စည်းရုံးရေးခရီးထွက်နေတဲ့အခါမှာ အဖွဲ့ချုပ်က ဖြန့်ဝေ စာရွက်စာတမ်းယူတဲ့ပုဂ္ဂိုလ်များ၊ ဆက်သွယ်ရေးလုပ်တဲ့ပုဂ္ဂိုလ်များ သင်္ဘော မှာလာတဲ့အခါကျရင် ဒီသင်္ဘောပေါ်က တခြားပုဂ္ဂိုလ်များ ပေါ်တာဆွဲသွားတာ ကို ကိုယ်ထိလက်ရောက်ပဲ တွေ့ခဲ့ရပါတယ်။ မျက်စိရှေ့အောက်မှာပဲ ပါသွား တာကို တွေ့ခဲ့ရပါတယ်။ ဒီလိုပေါ်တာဆွဲတာဟာ ရိုးရိုး စစ်ဆင်ရေးအတွက် ပေါ်တာဆွဲတယ်ဆိုရင်တောင်မှ ဆွဲပုံဆွဲနည်းဟာ ပြည်သူလူထုရဲ့ လူ့အခွင့် အရေးများကို ချိုးဖောက်နေရာ ရောက်ပါတယ်။ အခုကျတော့ ဒီ လူ့အခွင့်အရေးများကို ရိုးရိုးသားသား ချိုးဖောက်တဲ့အပေါ်မှာ ထပ်ဆင့်ကဲ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာပါဝင်နေတဲ့ ပြည်သူလူထုကို တိုက်ခိုက်ချင်တဲ့ အနေ အထားမျိုးနဲ့ ဆွဲတာကို တွေ့ရပါတယ်။

ဥပမာအားဖြင့်ဆိုလို့ရှိရင် ဒီ ဗန်းမော်ဖက်မှာ ရဲဘော်များဟာ ပေါ်တာ ဆွဲတဲ့အခါမှာ ဒီမိုကရေစီလိုချင်အုံးဟဲ့လို့ဆိုပြီး ပြောပြီးတော့ ဆွဲတယ်ဆိုတာ ကျမတို့ ကြားခဲ့ရပါတယ်။ အဲ့ဒီတော့ ဒီဟာက လူ့အခွင့်အရေးများ ချိုးဖောက်ရုံရင်မကဘူး၊ ဆွဲပုံကလည်း အတင်းအဓမ္မ ဆွဲသွားတာပဲ။ အတင်း အဓမ္မဆွဲတယ်။ ရိုက်တယ် ပုတ်တယ်။ အစာငတ်ထားတယ်။ ပေါ်တာလုပ်ခ မပေးဘူး စသဖြင့် လုပ်တဲ့အပြင်၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် မိန်းမများ ကိုလည်းဆွဲတဲ့အပြင် ဆွဲတဲ့အချိန်မှာ ဒီမိုကရေစီလိုချင်အုံးဟဲ့လို့ ပြောလိုက်တဲ့ အခါကျတော့ ဒီမိုကရေစီကို လိုချင်တဲ့လူထုကိုသာ တမင်မဲပြီးတော့ ပေါ်တာ ဆွဲတယ်ဆိုတဲ့ အနေအထားဖြစ်အောင် ဖြစ်ပါတယ်။ အဲ့ဒီတော့ တဖက်က လူထုအခွင့်အရေးတွေကိုလည်း ချိုးဖောက်တယ်၊ ဒီမိုကရေစီ လှုပ်ရှားမှုထဲမှာ လည်း မပါဝင်ရဲအောင်လို့ ခြောက်နေတယ်ဆိုပြီးတော့ ကျမတို့ သုံးသပ်ရပါ တယ်။ ဒီဟာတွေကို 'နဝတ'နဲ့ တပ်မတော်က လစ်လျူရှုနေမှာလား။ ပေါ်တာဆွဲတယ်ဆိုတာ တပ်မတော်က ဆွဲနေတာပါ။ အဲ့ဒီတော့ တပ်မတော်ထဲ မှာ ဘယ်အရာရှိတွေက ပေါ်တာဆွဲတဲ့ကိစ္စကို ပြည်သူလူထုကို လုံးလုံး ဂရုဏာ မထားပဲ လုပ်နေတာလဲဆိုတာ 'နဝတ'အနေနဲ့ သုံးသပ်သင့်တယ်လို့ ကျမတို့ ထင်ပါတယ်။

တကယ်ပဲ တိုင်းပြည်အပေါ်မှာ စေတနာထားတယ်၊ ပြည်သူလူထု အပေါ်မှာ စေတနာထားတယ်ဆိုလို့ရှိရင် ဒီလို မဖွယ်မရာကိစ္စတွေ ထပ်ပြီးတော့ မဖြစ်ရေးအတွက် 'နဝတ'အနေနဲ့ ဦးတည်သင့်တယ်လို့ ကျမတို့ထင်ပါတယ်။ ဒီလို ကျမတို့ပြောတဲ့အခါကျတော့ ထိပ်တိုက်တွေ့ချင်တယ်။ Confrontation လို့ ဆိုပါတယ်။ ကျမတို့ ပြည်သူလူထုဖက်လည်း ကြည့်ဖို့လိုပြီလို့ ကျမ ထင်ပါတယ်။ တချိန်လုံး 'နဝတ'အမြင်နဲ့ 'နဝတ'ဖက်ကပဲ ကြည့်လို့မရဘူး။ နိုင်ငံတနိုင်ငံကို အုပ်ချုပ်တယ်ဆိုတာဟာ ဒီနိုင်ငံနဲ့ ဒီလူမျိုးအပေါ်မှာ တာဝန် ရှိပါတယ်ဆိုတာကို အုပ်ချုပ်တဲ့သူများ နားလည်ဖို့အချိန်ရောက်ပြီလို့ ကျမ ထင်ပါတယ်။ ကျမတို့အဖွဲ့ချုပ်ကို နိုင်ငံရေးပါတီတခုဆိုပြီးတော့ တိုက်ခိုက်နေ တာထက် ပြည်သူလူထုကြားမှာ တကယ်ပဲ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေ ဖြေရှင်းရေးအတွက်ဟာ ပိုပြီးတော့ အရေးကြီးတယ်ဆိုတာကိုတော့ အခုအချိန် မှာ အသိအမှတ်ပြုသင့်တယ်လို့ ကျမ ထင်ပါတယ်။ ကျမတို့အဖွဲ့ချုပ်ကို တိုက်ခိုက်ဖို့ဆိုတာဟာ အဓိကမဟုတ်ပါဘူး။ ဒါဟာ ဒီလောက်အရေးကြီးတဲ့ တာဝန်ကြီးလို့ ဘာဖြစ်လို့ လုပ်သားပြည်သူ့နေ့စဉ်နဲ့ လုပ်သားပြည်သူ့နေ့စဉ်ရဲ့ အနောက်မှာရှိတဲ့ အစိုးရအရာရှိများက ထင်နေသလဲဆိုတာတော့ ကျမတို့ ခန့်မှန်းရ အင်မတန် ခက်ပါတယ်။ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ ပြည်သူလူထုနဲ့ တိုင်းပြည်အပေါ်မှာ စေတနာထားပြီးတော့ လုပ်သွားမှာပဲ။ တိုင်းပြည်နဲ့ နိုင်ငံသူနိုင်ငံသားဆိုတာဟာ ဒီနိုင်ငံသူ နိုင်ငံသားဖြစ်တဲ့ အခု 'နဝတ'တို့၊ 'တဝတ'တို့၊ တပ်မတော်တွေထဲမှာရှိတဲ့ ပုဂ္ဂိုလ်များ အားလုံးပါပါတယ်။ အဖွဲ့ချုပ်အနေနဲ့ အားလုံးအတွက် စေတနာထားပြီးတော့ လုပ်သွားမှာပါ။ ဒီတော့ အဖွဲ့ချုပ်ရဲ့ လုပ်ငန်းများကို ဒီလို တိုက်ခိုက်နေတာဟာ ...

ပြည်သူလူထုကို အထင်သေးတာလား၊ ပြည်သူလူထုဟာ မှန်ကန်တဲ့ အစိုးရတခု တိုင်းပြည်အပေါ်မှာ စေတနာနဲ့ ဆောင်ရွက်သွားမဲ့ ဖေါ်ထုတ်နိုင်တဲ့ အရည်အချင်းမရှိဘူးလို့ လူထုကို အထင်သေးတဲ့အနေနဲ့ ပြည်သူလူထု ထုတ်ဖေါ်ပေးလိုက်မဲ့၊ ရွေးမြှောက်ပေးလိုက်မဲ့ အစိုးရကို အာဏာမလွှဲပြောင်း ပေးချင်တာလား ဆိုတာလည်း တခုမေးနိုင်တယ်။ ဒါမှမဟုတ် ပြည်သူလူထုရဲ့ ဆန္ဒကို လုံးလုံးအလေးမထားပဲနဲ့ ကိုယ့်ရဲ့အာဏာတည်မြဲရေးအတွက် ကိုယ့်ရဲ့ အာဏာ အကြာဆုံးတည်တံ့ခိုင်မြဲရေးအတွက်သာ ဦးတည်မယ်ဆိုတဲ့ စိတ်ဓါတ်

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အာဏာလွှဲပြောင်းရေးကို မလုပ်ပေးချင်တာလား ဆိုတာလည်း ကျမကို မေးရပါမယ်။ ကျမတို့ဟာ 'နဝတ'နဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် တပ်မတော်နဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ပြောစရာရှိလို့ရှိရင် ပွင့်ပွင့်လင်းလင်း ကျမတို့ ပြောပါတယ်။ ဖြောင့်ဖြောင့်မတ်မတ် ပြောပါတယ်။ မကျေနပ်လို့ရှိရင် 'နဝတ'ကပဲဖြစ်ဖြစ် တပ်မတော်ကပဲဖြစ်ဖြစ် ကျမတို့ကို လာပြီးတော့ ဖြေရှင်းချက်တောင်းနိုင်ပါတယ်။ ကျမတို့ ဒါ အမြဲပဲပြောထားပါတယ်။ ဆွေးနွေးဖို့လည်း အဆင်သင့်ပဲ။ ဖြေရှင်းဖို့လည်း အဆင်သင့်ပဲ။ ဒီတော့ နိုင်ငံကနိုင်ငံရဲ့ အစိုးရလုပ်နေတဲ့ အဖွဲ့အစည်းများဟာလည်း ဂုဏ်သိက္ခာရှိရှိနဲ့ ပြောစရာရှိတဲ့အခါမှာ ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန် ပြောဖို့လိုပြီလို့ ထင်ပါတယ်။ ဒီနိုင်ငံရဲ့ တ[illegible]တည်းသော သတင်းစာကို လက်ကိုင်တုတ်လုပ်ပြီးတော့ မမှန်မကန်တဲ့ မဖြောင့်မမတ်တဲ့ အပြောအဆိုတွေကို နေ့စဉ်နဲ့အမျှ ကြေညာနေခြင်းဟာ နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း အများကြီးကျဆင်းပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ဒီအစိုးရအပေါ်မှာ ယုံကြည်မှုရှိဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းသွားပါတယ်။

ဒီတော့ သတင်းစာနဲ့ သက်ဆိုင်တဲ့ကိစ္စဟာ ပြည်သူလူထုအားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စပဲ။ အခုဆိုလို့ရှိရင် အများပြည်သူကတော့ လုပ်သားပြည်သူ့နေ့စဉ်ထဲမှာပါတဲ့ ကိစ္စမှန်သမျှဟာ အမှားချည်းပဲလို့ ယူဆကြပါတယ်။ ဒါပေမဲ့လည်း ဒီလုပ်သားပြည်သူ့နေ့စဉ်ဟာ တပ်မတော်ထဲက တပ်မတော်သားများကြားထဲမှာ ဝါဒဖြန့်ရေးအတွက်သုံးနေတဲ့ သတင်းစာတခုဖြစ်တယ်လို့ ကျမတို့ ယူဆရပါတယ်။ အဲဒီတော့ ဒီမိုကရေစီကို တိုက်ခိုက်တဲ့ အတွေးအခေါ်တွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒီမိုကရေစီလိုလားတဲ့ပြည်သူလူထုကိုတိုက်ခိုက်တဲ့အတွေးအခေါ်တွေ တပ်မတော်အတွင်းမှာ ဖြန့်ချိတာကတော့ နိုင်ငံသူနိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲမှုကို ဦးတည်တယ်လို့ ကျမတို့မြင်ပါတယ်။ ဒီလို လုပ်သားပြည်သူ့နေ့စဉ်အနေနဲ့ ဆက်ပြီးတော့ လုပ်သွားမယ်ဆိုရင်တော့ တိုင်းပြည်နဲ့လူမျိုးအပေါ်မှာ ဒီမိုကရေစီလှုပ်ရှားမှုအပေါ်မှာ အင်မတန်မှစေတနာနည်းတယ်လို့ပဲ ကျမတို့ သုံးသပ်ရမှာပဲ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ထပ်တလဲလဲပြောပါတယ်။ ကျမတို့အဖွဲ့ချုပ်အနေနဲ့ရော တခြားဒီမိုကရေစီ အဖွဲ့အစည်းတွေ အနေနဲ့ရော သတင်းလွတ်လပ်ခွင့် မရှိပါဘူး။

ကျမတို့အဖွဲ့ချုပ်ကတော့ သတ္တိရှိရှိနဲ့ ကျရာပြဿနာတွေကို ရင်ဆိုင်မယ်ဆိုပြီးတော့ ထုတ်သင့်ထုတ်ထိုက်တယ်လို့ထင်တဲ့ စာရွက်စာတမ်းတွေကို ထုတ်တာပဲ။ ဒီစာရွက်စာတမ်းတွေကို ထုတ်တဲ့နေရာမှာလည်း အမျိုးမျိုးခြိမ်းခြောက်မှုတွေ ခံရပါတယ်။ ဥပမာအားဖြင့်ဆိုရင် ကျမတို့ ကြေညာချက် ၁၆ ဆိုတာ ကျောင်းများဖွင့်ရေးကိစ္စနဲ့ပတ်သက်လို့ ပခုက္ကူက ဖြန့်ချိရေးကိစ္စနဲ့ပတ်သက်ပြီး ပခုက္ကူက ဒေါက်တာမျိုးညွန့်ကို ဖမ်းဆီးထားပါတယ်။ ဒီကျောင်းများဖွင့်ရေးကိစ္စနဲ့ ပတ်သက်လို့ဆိုတာဟာ ကျမတို့ ဆူပူအောင်လှုံ့ဆော်တာလည်း မဟုတ်ပါဘူး။ အခြေအနေကို တင်ပြတာပါ။ အခြေအနေကို သေသေချာချာ မသုံးသပ်ပဲနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကိုမလုပ်ပဲနဲ့ ကျောင်းများပြန်ဖွင့်ရင် ဆူပူမှုများ ဖြစ်နိုင်မလားဆိုတာကို စိုးရိမ်ကြောင့်ကြတာကြောင့် ကျောင်းများပြန်ဖွင့်ရေးကိစ္စနဲ့ သဘောထားတွေ ထုတ်တာဖြစ်ပါတယ်။

စေတနာနဲ့ထုတ်တာကို ဘယ်လိုကောက်ချက်ချပြီးတော့ ဒီလို[illegible]က်စာတမ်းတွေ မဖြန့်ချိရဘူးဆိုပြီးတော့ လုပ်တယ်ဆိုတာ ကျမတို့[illegible]နိုင်ပါဘူး။ ဒါလည်း အင်မတန် စဉ်းစားစရာပဲ။ ဘယ်နေရာမှာပဲဖြစ်ဖြစ်[illegible]တို့အဖွဲ့ချုပ်ရဲ့လုပ်ငန်းများကို အမျိုးမျိုးထိုးနှက်နေတာ တွေ့ရပါတယ်။

တချို့နေရာမှာ အရင်တုန်းက အဆင်ပြေခဲ့တဲ့ 'မဝတ'များဟာ အခု[illegible]မာလာတယ်ဆိုတော့ အထက်ညွှန်ကြားချက်အရ တင်းမာလာတာလား[illegible]လည်း ကျမတို့ မေးရမှာဖြစ်ပါတယ်။ အခုကျောင်းတွေဖွင့်ရေးကိစ္စမှာ[illegible]ကြီးတာကတော့ ကျောင်းသားများကြားထဲမှာ စိတ်ဝမ်းမကွဲရေးပဲ။ ဒါကို[illegible]တို့ အဖွဲ့ချုပ်ကလည်း ဦးတည်ပါတယ်။ ကျောင်းသားများကလည်း[illegible]ည်ပါတယ်။ ကျောင်းများပြန်ဖွင့်ရေးကိစ္စနဲ့ ကျောင်းသားများကြားထဲမှာ[illegible]ဝမ်းကွဲအောင်လုပ်နေတဲ့ အသိုင်းအဝိုင်းတွေလည်းရှိတယ်လို့ ကျမတို့ ယူဆ[illegible]တယ်။ ဒီလို ကျောင်းသားများကြားထဲမှာ စိတ်ဝမ်းကွဲအောင် လုပ်တာဟာ[illegible]ယ်လိုစိတ်ထားနဲ့ လုပ်တာလဲဆိုတာကို ပြန်ပြီးသုံးသပ်ရရင် နောက်ဆုံးတော့[illegible]ကရေစီလှုပ်ရှားမှုအတွက် ပြဿနာဖြစ်အောင်လို့ လုပ်တာပဲလို့ ကျမတို့[illegible]သပ်ရမယ်။

အားလုံးခြုံပြီးတော့ ပြောလိုက်ရမယ်ဆိုရင်တော့ အခုချိန်မှာ ကျမတို့[illegible]ချုပ်နဲ့ ပြည်သူလူထုဟာ ဒီမိုကရေစီလှုပ်ရှားမှုအတွက် ကြိုးပမ်းနေရတဲ့[illegible]ရာမှာ တော်တော်များများပဲ 'ပဝတ'တို့ 'တဝတ'တို့ 'မဝတ'တို့နဲ့ အတိုက်[illegible]လုပ်ပြီးတော့ လှုပ်ရှားနေရတဲ့ အနေအထားမှာ ရှိပါတယ်။ ဒီလို အတိုက်[illegible]လုပ်ပြီးတော့ လှုပ်ရှားနေရတဲ့ အနေအထားဆိုတာ မရှိသင့်ပါဘူး။ 'တဝတ'[illegible]နေနဲ့၊ 'မဝတ'အနေနဲ့ အားလုံးဟာ 'ကြား'နေရမယ်ဆိုတာ 'နဝတ'ရဲ့[illegible]ကြားချက်နဲ့ ကိုက်ညီလို့ရှိရင် ဒါ အလိုလို ဖြစ်သွားရမဲ့ကိစ္စပါပဲ။ ဒီလို[illegible]တ်ပဲနဲ့ ကျမတို့ဟာ အဆင့်ဆင့်၊ အဆင့်ဆင့်မှာ အာဏာပိုင်များဖြစ်တဲ့[illegible]ဝတ'တို့၊ 'ပဝတ'တို့၊ 'ရဝတ'တို့နဲ့ တချိန်လုံးပဲ ထိပ်တိုက်တွေ့ပြီးမှ ရသင့်[illegible]ိုက်တဲ့ အခွင့်အရေးတွေအတွက် ကြိုးပမ်းနေရတဲ့ အနေအထား ရှိတယ်[illegible]တော့ တကယ်ပဲ ဒီမိုကရေစီဖက်က အောင်မြင်ခဲ့လို့ရှိလို့ရှိရင် အာဏာကို[illegible]ပြောင်းပေးချင်တဲ့စေတနာ မရှိတဲ့ပုဂ္ဂိုလ်များကတော့ 'နဝတ'ထဲမှာ သြဇာ[illegible]ာဏာလွှမ်းမိုးနေပြီလို့ ကျမတို့ ကောက်ချက်ချရပါမယ်။ ဒီလို 'နဝတ'[illegible]နေနဲ့ တကယ်ပဲ ကိုယ့်အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်း[illegible]င်တယ်။ တိုင်းပြည်ရဲ့ကောင်းကျိုးကိုလည်း ဦးတည်ချင်တယ်ဆိုလို့ရှိရင်တော့[illegible]ိုလုပ်ရပ်တွေ ရပ်တန့်ကရပ်သင့်ပြီလို့ ကျမ ထင်ပါတယ်။

စည်းရုံးရေးခရီးထွက်တဲ့အခါကျလို့ရှိရင် ဒီကိစ္စဟာ ထပ်တလဲလဲ[illegible]ွ့နေရပါတယ်။ ကျမတို့ အသေးစိတ်ပြောနိုင်တဲ့ဟာတွေ အများကြီး[illegible]ပါတယ်။ ဘယ်သူတွေကို ဘယ်နေရာမှာ ဖမ်းတယ်။ ဘယ်လို နှိပ်စက်[illegible]ယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် တချို့နေရာတွေမှာ ဖမ်းရုံတင်မကပါဘူး။[illegible]ခါထဲ ကလေးတယောက်ကို ချောင်မှာကပ်ပြီးတော့ ခေါင်းကို ပလပ်စတစ်[illegible]ိနဲ့ စွပ်ပြီးတော့ ကန့်တယ်။ မေ့သွားတဲ့အထိ ကန်တယ်။ မေ့သွားတဲ့[illegible]ခါကျတော့ ပြန်ပြီးတော့ သတိရလာအောင်လို့ လုပ်တယ်။ ဆေးလိပ်မီးနဲ့

www.burmeseclassic.com



တို့တယ် စသည်ဖြင့် မဖွယ်မရာကိစ္စတွေဟာ အင်မတန်မှ များပါတယ်။ ဒါ ကျမတို့လူမျိုးအချင်းချင်း လုပ်နေတဲ့ကိစ္စတွေပါ။ ဒါ အင်မတန်မှ မသင့်တော်ပါဘူး။ ဒီလို နှိပ်စက်ပြီးတော့ ခြိမ်းခြောက်နေမှုများဟာ တနေ့ထက်တနေ့ ပိုပြီးတော့များ တိုးပွားလာသလားဆိုတာ ကျမတို့ စဉ်းစားရတဲ့ အခြေအနေကို ရောက်လာပါတယ်။ ဖမ်းတယ်၊ ဆီးတယ်ဆိုတာဟာ နိုင်ငံရေးအရ ဖမ်းတယ်၊ ဆီးတယ်ဆိုတာဟာ ကျမတို့အဖွဲ့ချုပ်အနေနဲ့ ဒီဟာကို ရင်ဆိုင်မယ်ဆိုတာကို ဆုံးဖြတ်ပြီးသားပါ။

ကျမတို့အဖွဲ့ချုပ်က တာဝန်ခံတွေကို အားလုံး ပြောထားပါတယ်။ နိုင်ငံရေးလုပ်တဲ့အခါမှာ အခုအခါမှာ ဖမ်းဆီးခံရရင်လည်း ခံရမှာပဲ။ ရင်ဆိုင်ရမယ်။ အဖမ်းခံရမယ်။ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စများ ပြည်သူလူထုဖက်က နေပြီးတော့ ပြည်သူလူထုအခွင့်အရေးတွေအတွက် အကာအကွယ်ပေးသင့်တဲ့ ကိစ္စများမှာ အားလုံးအကာကွယ်ပေးရမယ်။ ဖမ်းရင်လည်း ဖမ်းပါစေဆိုပြီးတော့ ကျမတို့ဟာ ဒီမှအတိုင်းပဲ လုပ်ပါတယ်။ ဒါပေမဲ့ ဒီအပေါ်မှာ ထပ်လောင်းပြီးတော့ ညှင်းပမ်းနှိပ်စက်မှုတွေ ပေါ်လာတဲ့အခါကျတော့ ဒါ အင်မတန်မှ မနှစ်မြို့ဘွယ်ရာပဲ။ နိုင်ငံရေးအရ ညှင်းပမ်းနှိပ်စက်တယ်ဆိုတာဟာ ပြည်သူ လူထုကို လွတ်လွတ်လပ်လပ် ယုံကြည်ပိုင်ခွင့် မပေးတာနဲ့ အတူတူပဲ။ ကိုယ့်ရဲ့ ယုံကြည်ချက်အရ ကိုယ်လုပ်ရှားနေတာကို မလှုပ်ရှားရဲအောင်လို့ ခြိမ်းခြောက်တယ်၊ နှိပ်စက်တယ်၊ ဖမ်းဆီးတယ်ဆိုတာတော့ ပြည်သူလူထုကို လုံးလုံး အလေးမထားဘူး၊ ပြည်သူလူထုကို တန်ဖိုးမထားဘူးဆိုတာ ပြတာဖြစ်ပါတယ်။

ဒါကြောင့် ဗိုလ်ချုပ်ကြီးစောမောင်နဲ့၊ 'နဝတ'အနေနဲ့ပြည်သူလူထုဆန္ဒနဲ့ ကိုက်ညီတဲ့ အစိုးရတခုကို ဖေါ်ထုတ်ပေးမယ်ဆိုတဲ့ ကတိကို မှန်မှန်ကန်ကန် တည်သွားချင်တယ်ဆိုလို့ရှိရင်တော့ အခုကနေစပြီးတော့ ဒီ ကတိတည်စေချင်တဲ့ စေတနာကို လက်တွေ့ပြဖို့လိုပြီလို့ ကျမတို့ ထင်ပါတယ်။ ပါးစပ်ကတော့ လုပ်ပေးပါမယ်၊ လုပ်ပေးပါမယ်ပြောပြီးတော့ တကယ်အလုပ်အရကျတော့ ပြည်သူလူထုကို နှိပ်စက်နေတာ၊ ညှင်းပမ်းနေတာ၊ ဒီမိုကရေစီဘက်တော်သားတွေကို ခြိမ်းခြောက်နေတာကတော့ 'နဝတ'ရဲ့စေတနာ မမှန်ကြောင်းကို ပြနေတယ်လို့ ကျမတို့ ထင်ပါတယ်။

ဒီတော့ 'နဝတ'ထဲမှာ စေတနာမှန်မှန်နဲ့ လုပ်ချင်တဲ့ လူကြီးများဟာ မိမိတို့စေတနာမှန်ကြောင်း တိုင်းသိပြည်သိ ကမ္ဘာသိ ထင်ထင်ရှားရှား ဖြစ်အောင်လို့ လုပ်ရပ်များအရပြဖို့ သင့်တော်ပြီလို့ ကျမတို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ယူဆပါတယ်။ ဒီတော့ ကျမတို့ဟာ အားလုံး စုံပြီးတော့ တိုင်းပြည်ရဲ့အနေအထားကို တင်ပြချင်ပါတယ်။ အသေးစိတ် သိချင်တာတွေရှိရင် ကြွရောက်လာတဲ့ သတင်းထောက်များ မေးနိုင်ပါတယ်။

၉

# မြန်မာပြည်ကိုကိုင်လှုပ်သော ဇွန်လ၂၁ရက်

## မြေနီကုန်း ဒီမိုကရေစီလူထုတိုက်ပွဲ တနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား

*၁၉၈၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် စမ်းချောင်း အ–ထ–က ရှေ့၌ ကျောင်းစိမ်းဝတ် ခွပ်ဒေါင်းအလံကိုင် ငယ်ရွယ်နုနယ်လှသည့် ကျောင်းသူ၊ ကျောင်းသားများ ကျဆုံးခဲ့ရသည့် တနှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ၌ ၁၉၈၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ ဗဟန်းမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပသောအခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ မဟာမိတ်ပါတီအဖွဲ့အစည်းအသီးသီးမှ လေ့လာသူများ၊ တခြားပါတီများမှမိတ်ဆွေများ တက်ရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က ဤသို့ ပြောကြားပါသည်။*

၁၉၈၈၊ ၂၁ ဇွန်လရဲ့ အရေးအခင်းအခမ်းအနားကို ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များသာမက ဒီမိုကရေစီတိုက်ပွဲဝင်နေကြတဲ့ အဖွဲ့အစည်းတွေကနေ လာရောက်ချီးမြှင့် အားပေးတဲ့အတွက် အများကြီးပဲ အားတက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ရဲ့ တိုက်ပွဲဟာ အဖွဲ့အစည်း တခုတည်းရဲ့တိုက်ပွဲ မဟုတ်ပါဘူး။ အမျိုးသားအားလုံးရဲ့တိုက်ပွဲ ဖြစ်ပါတယ်။ တနိုင်ငံလုံးမှာရှိတဲ့ ဒီမိုကရေစီလိုလားတဲ့ ပြည်သူလူထုရဲ့တိုက်ပွဲကြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတိုက်ပွဲဟာ ပြည်သူလူထုကြားထဲကနေ ပေါက်ဖွားခဲ့တာပဲ။ ၂၁ရက်နေ့ ဇွန်လတုန်းက ဆိုရင် ကျောင်းသားလူငယ်များကို သတ်ဖြတ်ခဲ့ကြတယ်။ ဒီလို ကျောင်းသား လူငယ်များကို သတ်ဖြတ်ခဲ့ကြတယ်ဆိုတာကလည်း မတော်တဆဖြစ်တာ မဟုတ်ပါဘူး။ နေ့ချင်းညချင်း ပေါ်လာနိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။

စနစ်တခုဟာ တနိုင်ငံမှာ တော်တော်ကြာကြာ စိုးမိုးသွားပြီးတော့ ဒီစနစ်ရဲ့ မကောင်းတဲ့စိတ်ထားများ၊ မကောင်းတဲ့စိတ်ဓါတ်များဟာလွှမ်းမိုးခဲ့လို့ အရင်နှစ်တုန်းက ကျမတို့ရဲ့ ကျောင်းသားများကို ပစ်သတ်တဲ့အဆင့်ထိ ရောက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုအခြေအနေကို ဖန်တီးဖို့အတွက် တော်တော် ကြာကြာပဲ 'မဆလ'ကနေ လုပ်သွားတယ်လို့ မြင်ပါတယ်။ တိုင်းပြည် တပြည်ရဲ့အခြေအနေ၊ တိုင်းပြည်ဟာပြည်ရဲ့ နိုင်ငံရေးစိတ်ဓါတ်တွေ ဆိုတာဟာ

www.burmeseclassic.com

www.burmeseclassic.com

နေ့ချင်းညချင်း ပြောင်းလဲလို့ မရပါဘူး။ ကျမတို့နိုင်ငံမှာ ၁၉၈၈ခုနှစ်က ဖြစ်ခဲ့ရတဲ့ ပြဿနာမှန်သမျှဟာ 'မဆလ' တပါတီအာဏာရှင်စနစ်ရဲ့ အကျိုးဆက်တွေပဲလို့ ကျမတို့ မြင်ပါတယ်။ ပြဿနာမှန်သမျှ ဆိုတာဟာ ပြည်သူလူထုနဲ့ လူမမယ် ကျောင်းသားတွေကို ပစ်သတ်တဲ့ကိစ္စတင် ပြောတာ မဟုတ်ပါဘူး။

အဖက်ဖက်ကနေ ပြည်သူလူထုက ဘယ်လိုပဲ ကြိုးစားကြိုးစား အမြဲ မပေါ်နိုင်အောင်လို့ အာဏာပိုင်များကနေ တောင့်ခံနေနိုင်တာဟာ 'မဆလ' တပါတီအာဏာရှင်စနစ်ရဲ့ အကျိုးဆက်တွေပဲ။ နောက်ဆုံး 'မဆလ' တပါတီ အာဏာရှင်စနစ်အောက်မှာ ပြည်သူလူထုကို လုံးလုံးအလေးမထားဘူးဆိုတာကို ပြတာပဲ။ ပြည်သူလူထုကို လေးစားမှု မရှိဘူး။ ပြည်သူလူထုအပေါ်မှာ တာဝန်မ မရှိဘူး။ အာဏာရှင်များသာလျှင် မိမိတို့ဆန္ဒအရ မိမိတို့လုပ်ချင်တာ လုပ်နိုင် တယ်၊ ပြည်သူလူထုဆိုတာ သူတို့လက်ခုပ်ထဲကရေပဲဆိုတဲ့ စိတ်ဓါတ်တွေကို ပြတာပဲ။ ဒီလိုစိတ်ဓါတ်တွေကြောင့် ကျမတို့နိုင်ငံဟာ အများကြီး နစ်နာခဲ့ရ တယ်။ ဒီလိုစိတ်ဓါတ်တွေဟာ အခုချိန်ထိ မကုန်သေးပါဘူး။ မကုန်သေး တာလည်း အံ့သြဖို့ မလိုပါဘူး။ ၂၆နှစ်လုံးလုံး အာဏာကို ကိုယ်လိုချင်သလို သုံးခဲ့ပြီးမှ ချက်ချင်း စိတ်ဓါတ်ပြောင်းဖို့ဆိုတာ မလွယ်ပါဘူး။

ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့ အများကြီး စဉ်းစားပါတယ်။ ၂၆နှစ် အတွင်း 'မဆလ' တပါတီအာဏာရှင်စနစ်အောက်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေဟာ ဘယ်သူတွေကြောင့် ပေါ်ပေါက်လာရတဲ့ ပြဿနာတွေလဲ။ ပထမဦးဆုံး ကိုယ့်ကိုကိုယ် ပြန်ကြည့်ရမယ်။ ကျမတို့ပြည်သူလူထုမှာလည်း အပြစ် မကင်းပါဘူး။ တိုင်းပြည်တပြည်မှာ ပေါ်လာတဲ့ နိုင်ငံရေးစနစ်ဆိုတာဟာ ပြည်သူလူထုနဲ့ အများကြီး ဆိုင်ပါတယ်။ ကျမတို့ ပြည်သူလူထုဟာ အားနည်းချက်တွေရှိလို့သာ စစ်အာဏာရှင်စနစ်ဟာ ပေါ်ပေါက်လာတာပဲ။

တပ်မတော်ကို ပထမဦးဆုံးထူထောင်တုန်းက ပြည်သူလူထုထဲက ထူထောင်ခဲ့တာ ဖြစ်ပါတယ်။ အစဉ်အလာကောင်းကောင်းနဲ့ ပြည်သူလူထု အကျိုးကို ထမ်းဆောင်ဖို့ဆိုပြီး တပ်မတော်ကို ထူထောင်ခဲ့တာပဲ။ ဒါပေမယ့် တပ်မတော်ဟာ တဖြေးဖြေး ပျက်စီးသွားတယ်။ ဂုဏ်သိက္ခာဟာ ကျဆင်း သွားတယ်။ ဘာဖြစ်လို့လဲ။ ဦးနေဝင်းကြောင့်လို့ ကျမတို့ပြောနိုင်တယ်။ ဒါပေမယ့် ကျမတို့ ပြည်သူလူထုအနေနဲ့ ဘာဖြစ်လို့ ဦးနေဝင်းလို လူတယောက်ကို တိုင်းပြည်နဲ့ တပ်မတော်ကို ဖျက်ဆီးစေခဲ့သလဲ။ ကျမတို့မှာ အများကြီး တာဝန်ရှိပါတယ်။ အဲဒီတော့ တာဝန်အရ ကျမတို့ ဒီကိစ္စတွေကို ပြန်ပြီးတော့ ပြုပြင်ရမယ်။ ဦးနေဝင်းတယောက်တည်း တက်ပြီးတော့ လုပ်လိုက်တယ်ဆိုပေမယ့် လုပ်စေလို့သာ သူ လုပ်ဖြစ်သွားတာပဲ။

အဲဒီတော့ ကျမတို့ပြည်သူလူထုမှာ အများကြီး တာဝန်ရှိတယ်ဆိုတာ နားလည်ရမယ်။ တခြားလူကိုပဲ လက်ညှိုးထိုးနေလို့ မရပါဘူး။ ကိုယ့်ကိုကိုယ် လည်း ပြန်ကြည့်ရပါမယ်။ ကျမ ဆိုရင်တော့ လုံးလုံး လက်ခံပါတယ်။ 'မဆလ'နဲ့ ဦးနေဝင်းကြောင့် တိုင်းပြည်ဟာ ပျက်သွားရတယ်။ ဒါပေမယ့်လည်း 'မဆလ'နဲ့ ဦးနေဝင်းကို တိုင်းပြည်အပေါ် (၂၆)နှစ်ကျော်ကျော် အခု



ိုးစေခဲ့တဲ့ ပြည်သူလူထုမှာ တာဝန်အများကြီး ရှိပါတယ်။ ဒါကြောင့် မတို့ဟာ ဒီစနစ်တွေ ဒီနိုင်ငံက ပပျောက်သွားအောင် ဆက်ပြီးတော့ ကန်ရမယ်။ ရှန်းကန်ဖို့ တာဝန်ရှိပါတယ်။ ကျမတို့လုပ်ခဲ့လို့ ဒီလို တယ်။ ကျမတို့ ပြန်ပြီးတော့ ပြုပြင်ရမယ်ဆိုတဲ့ စိတ်တွေထားရမယ်။ း:လူကိုပဲ လက်ညှိုးထိုးနေလို့ မရပါဘူး။

ကျမတို့နိုင်ငံမှာ ကျောင်းသားလူငယ် လူမမယ်လေးတွေကို ပစ်သတ် က်ဖို့ ပစ်သတ်ခွင့်ပေးတာဟာ ကျမတို့ရဲ့ စိတ်ဓါတ်တွေလည်း ပါတယ်လို့ ထင်ပါတယ်။ ကျမတို့နိုင်ငံမှာ မှန်မှန်ကန်ကန်နဲ့ စိတ်ဓါတ်တွေ လို့ရှိရင် ဘယ်အာဏာရှင်ကမှလည်း စိုးမိုးသွားရဲမှာ မဟုတ်ဘူး။ ယ်အာဏာရှင်ကမှလည်း ကျမတို့ရဲ့ သားသမီးများကို ဒီလို ပစ်သတ်ရဲမှာ ုတ်ပါဘူး။

ဒီတော့ တိုင်းပြည်ကို ပြုပြင်ချင်ရင် ကိုယ်ကနေ စရမယ်။ အခုချိန်မှာ မတို့ သတ္တိရှိရမယ်။ ခုနက ဥက္ကဋ္ဌကြီး ပြောသွားတဲ့အတိုင်းပဲ မတရားတဲ့ ိန့်အာဏာများကို ကျမတို့ ဖီဆန်ရမယ်။ ဒါ ကျမတို့အားလုံးမှာ တာဝန် ါတယ်။ တာဝန်အရ ဖီဆန်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မတရားတဲ့ ိန့်အာဏာများကို တာဝန်အရ ဖီဆန်ကြပါလို့ ကျမ တောင်းပန်ချင် တယ်။ ကျမတို့ ဒီလိုပဲ ဆက်ပြီးတော့ ကြောက်လို့၊ အားနာလို့၊ စိုးရိမ်လို့ ယ့်တာဝန်ကို မထမ်းဆောင်နိုင်ဘူးဆိုရင် လိုချင်တဲ့ ဒီမိုကရေစီ ပြည်ထောင်စု ကို ထူထောင်ဖို့ အင်မတန်မှ ခဲယဉ်းပါလိမ့်မယ်။

တနေ့တခြား ထိုးနှက်ချက်တွေက များနေတယ်ဆိုတာ ကျမတို့ ပ်တလဲလဲ ပြောနေရတဲ့ ကိစ္စပဲ။ 'နဝတ'အနေနဲ့ ဘယ်လောက်ပဲ ား'နေမယ်၊ 'ကြား'နေမယ် ပြောပြော လုပ်သားပြည်သူ့နေ့စဉ်ကနေတဆင့်၊ ကနေတဆင့် ကျမတို့ကို ထိုးနှက်နေတယ်ဆိုတာ လူတိုင်းသိပါတယ်။ ထိုးနှက်ချက်တွေက ဘာဖြစ်လို့ ပေါ်ပေါက်နေသလဲ။ ဒါလည်း ကျမတို့ ားရမယ်။ 'နဝတ'ကနေ 'ကြား'နေမယ်ပြောပြီးတော့ 'ကြား'နေတဲ့အဆင့် ရောက်နိုင်တာဟာ အနောက်ကနေ ဦးနေဝင်း ကြိုးဆွဲနေလို့ပဲ ဖြစ်ပါတယ်။

နိုင်ငံရေးကို ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန် လုပ်ချင်လို့ရှိရင် မတို့ အမှန်ကို အမှန်အတိုင်း မြင်ရမယ်။ အမှန်ကို အမှန်အတိုင်း ပြောရဲ မယ်။ အမှန်ကို အမှန်အတိုင်း ပြောရဲတဲ့အဆင့်ကိုမှ မရောက်နိုင်လို့ရှိရင် ယ်နည်းနဲ့မှ ဒီမိုကရေစီစနစ်ကို ထူထောင်နိုင်မှာ မဟုတ်ပါဘူး။

အခုဆိုလို့ရှိရင် အရေးအခင်းများစခဲ့တာ မတ်လကနေ စတွက်မယ် ရင် တနှစ်ကျော်သွားပြီ။ ဒီတနှစ်အတွင်းမှာ ကျမတို့တွေက ဒီကိစ္စတွေဟာ နေဝင်းကြောင့် ဖြစ်တာပါလို့ သတ္တိရှိရှိနဲ့ ဘာဖြစ်လို့ မပြောရဲတာလဲ။ ဒါ ာရမယ်။ 'နဝတ' အပေါ်မှာ ကျမတို့ဟာ ဘယ်လိုမှ အာဃာတစိတ်တွေ ှိပါဘူး။ ကျမ မြင်တာကတော့ 'နဝတ'ထဲမှာ မှန်မှန်ကန်ကန် လုပ်ချင်တဲ့ တွေ ရှိတယ်၊ ဒါပေမယ့်လည်း 'နဝတ'ထဲမှာ ဦးနေဝင်းခိုင်းသမျှ ပ်မယ်ဆိုတဲ့ လူတွေလည်း ရှိပါတယ်။ နောက်ဆုံး တိုင်းပြည်အပေါ်မှာ တာနာရှိတဲ့ 'နဝတ'ထဲက အရာရှိတွေရော၊ တပ်မတော်ထဲက အရာရှိတွေရော

www.burmeseclassic.com

ဆုံးဖြတ်ဖို့ တခုပဲရှိပါတယ်။ တိုင်းပြည်အကျိုးကို ထမ်းဆောင်မလ ဦးနေဝင်းအကျိုးကို ထမ်းဆောင်မလား။

တပ်မတော်ကြီးကို တိုင်းပြည်အကျိုး ထမ်းဆောင်တဲ့ တပ်မတော် ဖြစ်စေချင်တယ်။ 'နဝတ'ဟာလည်း တိုင်းပြည်ရဲ့အကျိုးကို ထမ်းဆောင် အဖွဲ့အစည်းတခု ဖြစ်စေချင်တယ်။ လူတဦးတယောက်ရဲ့ အကျိ ထမ်းဆောင်တဲ့ အဖွဲ့အစည်း၊ လူတဦးတယောက်ရဲ့အကျိုးကို ထမ်းဆော တပ်မတော် မဖြစ်စေချင်ပါဘူး။ အဲဒီတော့ ပြည်သူလူထုအားလုံးဟာ ဒီပြဿ ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြပါ။ 'နဝတ'ထဲကလူတွေလည်း ကျွမတို့ရဲ့ နိုင်ငံ နိုင်ငံသားတွေပဲ။ တပ်မတော်သားတွေဟာလည်း ကျွမတို့ နိုင်ငံသူ၊ နိုင်ငံ တွေပဲ။ ဒီ ပြဿနာကို မှန်မှန်ကန်ကန်၊ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြပါ။ နိုင်ငံ နိုင်ငံသားတွေအားလုံးရဲ့ တာဝန်ဟာ တိုင်းပြည်အကျိုး ထမ်းဆော ဖြစ်ပါတယ်။ ဒါကို ကျွမတို့ နားလည်ဖို့လိုပါတယ်။ တိုင်းပြည်အက ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်မှန်သမျှ ကျွမတို့ဟာ လက်ကမ်းပြီးတော့ ကြိုဆို ဖြစ်ပါတယ်။ အာဃာတစိတ်ဆိုတာ လုံးလုံး မရှိပါဘူး။

တချို့ပါတီများဟာ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ စိတ် ကွဲရေးအတွက် လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းများ ဖြစ်တယ်ဆိုပြီးပြောနေ ကျွမတို့ ကြားရတယ်။ ဒါ ကျွမတို့ကို စောင်းပြီးတော့ ပြောနေတာ ကျွမတို့ ထင်ပါတယ်။ ကျွမတို့အနေနဲ့တော့ တည့်တည့် ပြန်ပြောပါ ကျွမတို့အနေနဲ့ တပ်မတော်ပြိုကွဲရေးကို လုံးလုံး မလိုချင်ဘူး။ တပ်မတော် ဟာ တစုတစည်းထဲနဲ့ မှန်မှန်ကန်ကန် ရပ်တည်တဲ့ အဖွဲ့အစည်း ဖြစ်စေ တယ်။ ဒီလို မှန်မှန်ကန်ကန်ရပ်တည်တဲ့ အဖွဲ့အစည်း ဖြစ်နိ ဒီတပ်မတော်ဟာ တကယ်ပဲ တိုင်းပြည်အပေါ်မှာသစ္စာရှိတဲ့ တပ်မတော် သတ်မှတ်နိုင်မှာပဲ။ နောက်ဆုံးတော့ ကျွမတို့ ပြဿနာဟာ ဒီ ပြဿန တိုင်းပြည်အပေါ်မှာ သစ္စာရှိဖို့။ ပြည်သူလူထု အားလုံးကလည်း တိုင်းပြ အပေါ်မှာ သစ္စာရှိဖို့ လိုတယ်၊ တပ်မတော်ကလည်း တိုင်းပြည်အပေါ် သစ္စာရှိဖို့ လိုတယ်၊ 'နဝတ'ကလည်း တိုင်းပြည်အပေါ်မှာ သစ္စာရှိဖို့ လိုတ အားလုံးဟာ တကယ်ပဲ သစ္စာရှိရှိနဲ့လုပ်သွားကြမယ်ဆိုရင် ကျွမတို့ကြား ဘာမှ ပြဿနာရှိဖို့မလိုပါဘူး။

အရင် သုံး၊ လေးလလောက်ကတည်းက ကျွမတို့ ပြောပါတ 'နဝတ'အနေနဲ့ နိုင်ငံရေးအဖွဲ့အစည်းများနဲ့ ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ပါ။ ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ခြင်းအားဖြင့် တိုင်းပြည်အတွက် အကောင် အဖြေကို ရှာနိုင်မှာဖြစ်ပါတယ်လို့ ကျွမတို့ ပြောခဲ့ပါတယ်။ အဲဒီတုန်းက နိုင်ငံရေးပါတီ အဖွဲ့အစည်းများဟာ (၂၀၀)ကျော်နေတာကြောင့်မို့လို့၊ အ မပေးနိုင်တာကြောင့်မို့လို့ စသဖြင့် အမျိုးမျိုးဆင်ခြေပေးပြီးတော့ ညှိနှိ ဆွေးနွေး တိုင်ပင်ခြင်း မလုပ်နိုင်ဘူးလို့ ပြောပါတယ်။ အခုကျတော့ 'နဝတ' ကိုက်ခိုက်တဲ့ အဖွဲ့အစည်းများနဲ့တော့ ညှိနှိုင်းဆွေးနွေးမယ်ဆိုတဲ့ လေသံ ထွက်နေပါတယ်။ အဲဒီတော့ ကျွမတို့ပြောချင်တာက အရင်တုန်းက ညှိနှိုင်း ဆွေးနွေး၊ တိုင်ပင်ဖို့အချိန်မရှိရင် အခုကျတော့ ဘာဖြစ်လို့ ရှိလာ



ပြောချင်ပါတယ်။ စကားတည်တယ်ဆိုတာ အဲဒီစကားရဲ့ အနှစ်သာရအရကို တည်ရမှာ။ စကားလုံးအရတင် မဟုတ်ပါဘူး။

ဒါ့ကြောင့် ကျွမတို့နိုင်ငံမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ တွေ လုပ်ပေးမယ်ဆိုလို့ရှိရင် ရွေးကောက်ပွဲလုပ်ပေးရုံနဲ့ ဘာမှမပြီးဘူး။ ကတိရဲ့ အနှစ်သာရအရ တကယ်ပဲ လွတ်လပ်ပြီးတော့၊ တကယ်ပဲ တရားမျှတတဲ့ ရွေးကောက်ပွဲများလုပ်နိုင်မယ့် အခြေအနေကို ဖန်တီးပေးရမယ်။ ဒီလို အခြေအနေကို ဖန်တီးပေးမှ ကတိတည်တယ်လို့ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ ကျွမတို့လိုချင်တာ ရှင်းရှင်းလေးပဲ။ တိုင်းပြည်အပေါ်မှာ သစ္စာရှိရှိနဲ့ လုပ်သွားကြပါ။ ကျွမတို့ ကိုယ်တိုင်ကလည်း တိုင်းပြည်အပေါ်မှာ သစ္စာရှိရှိနဲ့လုပ်သွားချင်တဲ့ အဖွဲ့အစည်းတခု ဖြစ်ပါတယ်။ ကျွမတို့တွေ တနိုင်ငံလုံးမှာ လှည့်လည်ပြီးတော့ စည်းရုံးရေးခရီး သွားကြတယ်၊ စည်းရုံးရေး လုပ်ငန်း လုပ်ကြတယ်ဆိုရင် ဒါကို ဦးတည်တာပဲ။

နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက တိုင်းပြည်အပေါ်မှာ သစ္စာရှိရှိ၊ တာဝန်သိသိနဲ့ ဒီမိုကရေစီတိုက်ပွဲကြီးထဲ ဝင်သွားဖို့ဆိုပြီးတော့ ကျွမတို့ စည်းရုံးတာပဲ။ ဘယ်သူ့ကိုမှ တိုက်ခိုက်ဖို့၊ ဘယ်သူ့ကိုမှ ပုတ်ခတ်ဖို့ ကျွမတို့ စည်းရုံးတာ မဟုတ်ပါဘူး။ ဒီတော့ ကျွမတို့နည်းတူ 'နဝတ'ဟာ တကယ်ပဲ တိုင်းပြည်အပေါ်မှာ စေတနာရှိတယ်ဆိုရင် တိုင်းပြည်အပေါ်မှာ သစ္စာရှိရှိနဲ့ လုပ်တယ်ဆိုတာကို အခုကနေ စပြီးပြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ တာသတင်းပဲဖြစ်ဖြစ် တပ်မတော်သားတွေကို တပ်က ကားကြီးတွေနဲ့ လွှတ်လွှတ်ပြီးတော့ ပြည်သူလူထုကို ခြိမ်းခြောက်ခိုင်းတာ မသင့်တော်ပါဘူး။ အဲဒီဟာက ပြည်သူလူထုကို မလေးစားရုံတင်မက တပ်မတော်ကိုလည်း အလွဲသုံးစားလုပ်ရာ အများကြီး ရောက်ပါတယ်။ အဲဒီလိုလုပ်ရပ်တွေကသာ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ စိတ်ဝမ်းကွဲစေတယ်ဆိုတာ ကျွမတို့ အားလုံး သိပြီးသားဖြစ်ပါတယ်။ ဒီတော့ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ စိတ်ဝမ်းမကွဲစေချင်ဘူးလို့ ထပ်တလဲလဲ ပြောနေတဲ့ပုဂ္ဂိုလ်များဟာ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ စိတ်ဝမ်းကွဲစေမယ့်ကိစ္စများကို ဆက်ပြီး မလုပ်ကြပါနဲ့လို့ ကျွမတို့ မေတ္တာရပ်ခံပါတယ်။

တနေ့ထက်တနေ့ တပ်မတော်ထဲမှာ ဝါဒဖြန့်ချိရေးဟာ အင်မတန်မှ များလာပါတယ်။ ဒီလို တပ်မတော်ထဲမှာ ဝါဒဖြန့်ချိရေး လုပ်တာဟာလည်း ပြည်သူလူထုနဲ့ ဒီမိုကရေစီလိုလားတဲ့ အင်အားစုတွေကို သွေးခွဲရုံတင်မကဘူး၊ တပ်မတော်သားတွေကိုလည်း စော်ကားရာရောက်ပါတယ်။ တပ်မတော်ထဲက တပ်မတော်သားများဟာ လွတ်လွတ်လပ်လပ် အမှန်ကိုအမှန်အတိုင်း သိပိုင်ခွင့် ရှိရမယ်။ ဒီလို လွတ်လွတ်လပ်လပ် အမှန်ကိုအမှန်အတိုင်း သိပိုင်ခွင့်မပေးပဲနဲ့ မဟုတ်မမှန်ကန်တဲ့ ဝါဒဖြန့်ချိရေးတွေနဲ့ ပြည်သူလူထုနဲ့စိတ်ဝမ်းကွဲအောင် လုပ်ထားတယ်ဆိုတာဟာ တပ်မတော်သားတွေကို စော်ကားတာပဲ။ ပြည်သူ လူထုကိုလည်း စော်ကားတယ်၊ တပ်မတော်ကိုလည်း စော်ကားတယ်ဆိုရင် ကျွမတို့တိုင်းပြည်မှာ ဘာကျန်ဦးမလဲ။ ဒီတော့ ကျွမတို့မှာ တာဝန်ရှိတယ်။ ပြည်သူလူထုနဲ့တပ်မတော်ကို မှန်မှန်ကန်ကန် ဂုဏ်သိက္ခာရှိရှိနဲ့ ထိန်းသိမ်းသွား

www.burmeseclassic.com

www.burmeseclassic.com



မယ့် အုပ်ချုပ်မှုစနစ်ကို ကျုပ်တို့ လိုပါတယ်။ ဒီအုပ်ချုပ်မှုစနစ်တခု လိုချင်လို့ ကျုပ်တို့အားလုံးဟာ ဒီမိုကရေစီလှုပ်ရှားမှုမှာ ပါဝင်နေတာပဲ။

ကျုပ်တို့နိုင်ငံမှာ နောင်ခေတ်အဆက်ဆက် လက်နက်မဲ့ ကျောင်းသားလူငယ်များကို အကြမ်းဖက်ပြီး လက်နက်နည်းနဲ့ နှိမ်နင်းတဲ့ကိစ္စများ မပေါ်လာအောင်လုပ်ဖို့ဆိုတာ ကျုပ်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။ ကျုပ်တို့ နိုင်ငံသူ နိုင်ငံသားများဟာ ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေအတွက် တရားဥပဒေဘောင်အတွင်းကနေ အေးအေးချမ်းချမ်း၊ လွတ်လွတ်လပ်လပ် တောင်းဆိုပိုင်ခွင့်ရှိရမယ်။ အခုတင် မဟုတ်ဘူး။ နောင် ခေတ်အဆက်ဆက် ဒီလို အခွင့်အရေးတွေ ရှိရမယ်။ ဒီလို အခွင့်အရေးတွေရတယ်ဆိုရင် အစိုးရများနဲ့ ပြည်သူလူထုကြားမှာ အေးအေးချမ်းချမ်းနဲ့ နားလည်မှုရနိုင်မှာပဲ။ အစိုးရဆိုတာကလည်း ပြည်သူလူထုကြားထဲက ပေါက်ဖွားလာတဲ့ အစိုးရ ဖြစ်ရမယ်။ ပြည်သူလူထုဆန္ဒအရ တိုင်းပြည်ကိုအုပ်ချုပ်သွားတဲ့ အစိုးရမျိုးသာ ဖြစ်ရမယ်။ ဒါကိုပဲ ကျုပ်တို့ တောင်းဆိုနေတာပဲ။ ဒါကို တောင်းဆိုနေတာကို လက်မခံနိုင်လို့ရှိရင်တော့ ပြည်သူလူထုရဲ့ဆန္ဒကို အလေးမထားဘူးဆိုတာ ပြတာပဲ။ ကျုပ်တို့ ပြည်သူလူထုရဲ့ဆန္ဒဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ တိုင်းပြည်တပြည်ကို ထူထောင်ဖို့ဆိုတာဟာ နိုင်ငံသူနိုင်ငံသားအားလုံး ပါဝင်မှ ဖြစ်မှာပါ။

ဒီနိုင်ငံမှာ နောင် ခေတ်အဆက်ဆက် နိုင်ငံရေးပြဿနာများကို လက်နက်နည်းနဲ့ မဖြေရှင်းရေးအတွက် ကျုပ်တို့အားလုံးဟာ ဆက်ပြီးတော့ တက်တက်ကြွကြွ လုပ်သွားဖို့ လိုပါတယ်။ အခုချိန်မှာ ကျုပ်တို့ စိတ်ဓါတ်ကျနေလို့ မဖြစ်ပါဘူး။ တနေ့ထက်တနေ့ ကျုပ်တို့ရဲ့အင်အားတွေကို ပိုပြီးတော့ မြင့်မားလာအောင်လို့၊ ပိုပြီးတော့ ကြီးထွားလာအောင်လို့ ကြိုးစားရမယ်။ ခံနိုင်ရည်ရှိရမယ်၊ ခံလည်းခံရမယ်လို့ ကျုပ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီကိုမလိုလားတဲ့ အင်အားစုတွေက တကယ့်ကို အကြိတ်အနယ် ကျုပ်တို့ကို ထိုးနှက်နေတာပဲ။ အဲဒီတော့ ကျုပ်တို့ဖက်က ခံနိုင်ရည် ရှိရမယ်။ အားလုံး ညီညီညွတ်ညွတ် လက်တွဲပြီးတော့ ခံကြပါ။ ခံနိုင်တဲ့ သတ္တိဆိုတာ တကယ့်သတ္တိပါ။ ခံနိုင်တဲ့သတ္တိနဲ့ နောင်ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို ကျုပ်တို့အားလုံး တညီတညွတ်တည်း ရင်ဆိုင်မယ်ဆိုရင်တော့ ဒီပြဿနာတွေကို ဖြေရှင်းနိုင်မယ်၊ အန္တရာယ်အဝဝကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

အမိန့်အာဏာဖီဆန်ရေးဆိုတဲ့ လှုပ်ရှားမှုကြီးကို ကျုပ်တို့အဖွဲ့ချုပ်အနေနဲ့ ဖော်ထုတ်ဖို့ ကြိုးစားနေပါတယ်။ အမိန့်အာဏာဖီဆန်ရေးထဲမှာ ပြည်သူလူထုအားလုံးက တက်တက်ကြွကြွ ပါဝင်ကြပါ။ ဒီလိုအမိန့်အာဏာတွေကို အခုချိန်မှာ ထိထိရောက်ရောက် ဖီဆန်နိုင်မှ တကယ်ပဲ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ ပေါ်လာမှာဖြစ်ပါတယ်။ ဒီလို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဆိုတာဟာ ဒီမိုကရေစီလမ်းမှာ မလွှဲမရှောင်သာ ဖြတ်ကျော်ရမယ့်ကိစ္စတခု ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများမှတဆင့် ပြည်သူလူထုလိုချင်တဲ့ အုပ်ချုပ်မှုစနစ်တခုကို ဖော်ထုတ်ရမယ်။ ပြည်သူလူထုကို လေးစားမယ့်၊ ကြင်နာမယ့်၊ စေတနာနဲ့ အုပ်ချုပ်မယ့်အစိုးရတခုကို ဖော်ထုတ်ရမယ်။ ဒီလိုလုပ်ဖို့အတွက်

...လုံးကြိုးစားကြပါ။ ကျုပ်တို့အဖွဲ့ချုပ်နဲ့ လက်တွဲပြီးတော့ မတရားတဲ့ ...န့်အာဏာမှန်သမျှကို ဝိုင်းဝန်းပြီးတော့ တာဝန်အရ ဖီဆန်ကြပါလို့ ...က်တွန်းရင်းနဲ့ ကျုပ် နိဂုံးချုပ်ပါတယ်။

## ...ပြည်ကို ကိုင်လှုပ်ခဲ့သော ရှစ်လေးလုံး (၂၁) အရေးတော်ပုံ ...စ်ပြည့် အခမ်းအနား

*...အာဏာရှင်ဖိနှိပ်အောက်တွင် အညှံ့မခံ၊ ဒူးမထောက်၊ ဦးမညွှတ်ပဲ တစ်ခဲနက် ...က်ကွဲ၊ အုံကြွ စိန်ခေါ်လိုက်သည့် လူထုတိုက်ပွဲ နှစ်ပတ်လည်နေ့ဖြစ်သည့် ...ကုန်းဒီမိုကရေစီ လူထုတိုက်ပွဲ တနှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပသော ...မျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးတရုံး၌ ပြောကြားသည်။*

ကျေးဇူးတင်ပါတယ်။ အခုအရေးကြီးတာက အရင်တုန်းကဖြစ်သွားတဲ့ ...ရပ်တွေဟာ နောင်အနာဂတ်အတွက် သခ်ိန်းစာတွေ ဖြစ်ရမယ်။ ဒီတော့ ၂၁ ...် ဒွန်လကဖြစ်သွားတဲ့ ကိစ္စများ၊ မတ်လ ၁၃ ရက်နေ့က ဖြစ်သွားတဲ့ ...များ၊ အရင်နှစ် ၁၉၈၈ခုနှစ်အတွင်းမှာ အမျိုးမျိုး ဖြစ်သွားတဲ့ကိစ္စများကို ...ပြီးတော့ သုံးသပ်တဲ့အခါကျတော့ ဒီဟာတွေဟာ 'မဆလ' တပါတီ ...အာဏာရှင်စနစ်ဆိုးကြောင့် ပေါ်ပေါက်လာတဲ့ ကိစ္စများဆိုတာ အားလုံး ...ပြီးသားပဲ။ ဒီစနစ်ဆိုးဟာ ဘာဖြစ်လို့ ဒီနိုင်ငံမှာ ဒီလောက်ကြာကြာ ...ည်တံ့ခိုင်မြဲသွားလဲဆိုတာကို ကျုပ်တို့ ပြန်ပြီးသုံးသပ်ရပါမယ်။ ဒီလိုစနစ်ဆိုး ...ဟာ တိုင်းပြည်တပြည်မှာ ဒီလောက်ကြာကြာ တည်တံ့ခိုင်မြဲသွားတယ် ...တာကလည်း ပြည်သူလူထုမှာ တာဝန်မကင်းပါဘူး။ ဒါလည်း ကျုပ ...ပ်တလဲလဲ ပြောပါတယ်။ ကိစ္စတခု ဖြစ်လာတဲ့အခါကျရင် ကိုယ့်မှာ ...တာဝန်ရှိသလဲဆိုတာ ကိုယ်က ပြန်ပြီးတော့ ပထမဦးဆုံး သုံးသပ်ရပါမယ်။ ...ခြားလူကိုချည်းပဲ လက်ညှိုးထိုးနေလို့ မဖြစ်ပါဘူး။ ဦးနေဝင်းနဲ့ 'မဆလ'ဟာ ...င်းပြည်ကို အာဏာရှင်စနစ်နဲ့ စိုးမိုးသွားတာဟာ ပြည်သူလူထုတွေက ...မိုးစေလို့ ဖြစ်သွားတာပဲလို့ ကျုပ ထင်ပါတယ်။ အခုချိန်မှာ ကျုပ်တို့ဟာ ...တ္တိရှိရှိနဲ့ ဒီလိုစနစ်တွေကို မဆန့်ကျင်လို့ရှိရင် ဆက်ပြီးတော့ လွှမ်းမိုး...းမှာပဲ။ ဒါ့ကြောင့် ကျုပ်တို့မှာ တာဝန်အများကြီး ရှိပါတယ်။

နောင်ကျလို့ရှိရင် တပါတီအာဏာရှင်စနစ် ပြန်မတက်လာအောင်လို့ ...ခုကနေ စပြီးတော့ ညီညီညွတ်ညွတ်နဲ့ ကြိုးစားရမယ်၊ တိုက်ပွဲဝင်ရမယ်။ ...ပတ'အစိုးရ တက်လာတာဟာ အရင်နှစ် စက်တဘာလက ဖြစ်ပါတယ်။ ...အတောအတွင်းမှာ ကတိတွေ အမျိုးမျိုးပေးနေပေမယ့်လည်း ဒီမိုကရေစီ ...ပ်ရှားမှုတွေကို ထိုးနှက်နေတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီလို ...ဖက်က ကတိတွေပေးပြီး တဖက်က တိုက်ခိုက်ထိုးနှက်နေတဲ့အခါကျတော့ ...ျုပ်တို့ဟာ ထိုင်ပြီးတော့ကြည့်နေလို့ မဖြစ်ပါဘူး။ ကျုပ်တို့ဟာ ပြန်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲဝင်ရပါမယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မတရားတဲ့ အမိန့် အာဏာ မှန်သမျှကို ဖီဆန်ရမယ်ဆိုတဲ့ သဘောထားတွေကို ခိုင်ခိုင်မာမာ ဆွဲထားပါတယ်။ ကျမတို့ဟာ အာဏာဖီဆန်ရေး လှုပ်ရှားမှုကြီးတရပ် စရမယ်။ တိုင်းပြည်နဲ့လူမျိုးအပေါ် စေတနာရှိတဲ့လူအားလုံး၊ ဒီမိုကရေစီ လိုလားတဲ့လူအားလုံးဟာ ဒီ အာဏာဖီဆန်ရေး လှုပ်ရှားမှုကြီးထဲမှာ တက်တက် ကြွကြွ၊ ရဲရဲရင့်ရင့်နဲ့ ပါဝင်နိုင်ရမယ်။

ကျမတို့ဟာ လက်ရှိအခြေအနေကို အမှန်ကိုအမှန်အတိုင်း မြင်ရမယ်။ အခုလည်း တိုင်းပြည်ကို ဦးနေဝင်းက ဆက်ပြီးတော့ ကြိုးဆွဲနေတယ်ဆိုတာ အားလုံးက လက်ခံရမယ်။ ဦးနေဝင်းက ကြိုးဆွဲနေတာကို 'နဝတ'က ဘာဖြစ်လို့ ခံနေလဲဆိုတာ ကျမတို့မေးရမယ်။ ဒီမေးခွန်းတွေကို မထုတ်လို့ မဖြစ်ပါဘူး။ ပေးခဲ့တဲ့ကတိတွေကို တကယ်ပဲတည်ချင်တယ်ဆိုရင် 'နဝတ'ဟာ တိုင်းပြည်အကျိုးကို ဦးတည်လုပ်သွားရမှာ ဖြစ်တယ်။ ဦးနေဝင်း တည်တံ့ ခိုင်မြဲရေးအတွက် လုပ်သွားရမှာ မဟုတ်ပါဘူး။ ဒါကို ကျမတို့ပြည်သူလူထုဟာ ဝိုင်းပြီးတော့ ကန့်ကွက်ရမယ်။

'နဝတ'အနေနဲ့ ပေးထားတဲ့ကတိအတိုင်း တည်ပြီး ပြည်သူလူထု လိုချင်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများကို ပေးသင့်တယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ပေါ်နိုင်မယ့် အခြေအနေကို ဖန်တီးပေးသင့်တယ်။ ဒီလိုလုပ်တဲ့နေရာမှာ ဦးနေဝင်းရဲ့ အာဏာ တည်တံ့ ခိုင်မြဲရေးကို ငဲ့နေလို့ မဖြစ်ပါဘူး။ ဒါကို ကျမတို့ ပြည်သူလူထုက လက်ခံရမယ်။ ဦးနေဝင်းရဲ့ အာဏာတည်တံ့ခိုင်မြဲရေးအတွက် ဆက်ပြီးတော့ လုပ်နေတဲ့ အပြုအမူတွေကို ကျမတို့က အတိုက်အခံ လုပ်ရမယ်။ တိုင်းပြည် တပြည်ဆိုတာ လူတယောက်အတွက် မဟုတ်ပါဘူး။ နိုင်ငံသူနိုင်ငံသား အားလုံးအတွက် ဖြစ်ပါတယ်။ ဒီတော့ ကျမတို့ဟာ လူတယောက် အာဏာ တည်တံ့ ခိုင်မြဲရေးအတွက် ဖြစ်နေတဲ့စနစ်ကို တွန်းလှန်ချင်တယ်ဆိုရင် မတရားတဲ့ အမိန့်အာဏာမှန်သမျှကို ဝိုင်းပြီးတော့ သတ္တိရှိရှိနဲ့ ဖီဆန်ရမှာ ဖြစ်ပါတယ်။

အခုဆိုလို့ရှိရင် ကျမတို့မှာ လွတ်လပ်စွာ ရေးသားဖြန့်ချိပိုင်ခွင့် မရှိဘူး။ ဒီလို လွတ်လပ်စွာ ရေးသားဖြန့်ချိပိုင်ခွင့် မရှိဘူးဆိုတာဟာ ကျမတို့ လွတ်လပ်စွာ တွေးတောပိုင်ခွင့် မပေးချင်လို့ပဲ။ လွတ်လပ်စွာ တွေးတောပိုင်ခွင့် မရှိသူများဟာ ကျွန်များပဲ။ ဒီတော့ ကျမတို့ဟာ ကိုယ့်တိုင်းပြည်မှာကိုယ် ကျွန်ဖြစ်နေလို့ မဖြစ်ပါဘူး။ လွတ်လပ်စွာ တွေးတောပိုင်ခွင့်ရှိချင်ရင် လွတ်လပ် စွာ ရေးသားဖြန့်ချိပိုင်ခွင့် ရှိရမယ်။ အခုချိန်မှာဆိုရင် ပုံနှိပ်ဥပဒေကို အလွဲသုံးစား လုပ်ပြီးတော့ ကျမတို့ နိုင်ငံရေးပါတီများဟာ လွတ်လပ်စွာ ဖြန့်ချိပိုင်ခွင့် မရှိဘူးလို့ ဆိုနေပါတယ်။ တကယ်ဆိုလို့ရှိရင် ဥပဒေအရ တရားဝင် အသင်းအဖွဲ့များဟာ လွတ်လပ်စွာ ရေးသားဖြန့်ချိပိုင်ခွင့် ရှိတယ်။

ကျမတို့ကို နိုင်ငံရေးပါတီများမို့လို့ တရားဝင် အသင်းအဖွဲ့များ မဟုတ်ဘူးလို့ ပြောနေတာလည်း ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ ဒီဟာ တရားမျှတတဲ့ ဥပဒေ မဟုတ်ဘူး။ အမိန့်အာဏာ တခုသာဖြစ်တယ်။ အမိန့် အာဏာတခုဖြစ်လို့ ဖီဆန်မှာ ဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ တတ်နိုင်သမျှ စာရွက်၊ စာတမ်းများကို ပုံနှိပ်မယ်၊ ထုတ်ဝေမယ်။ ပြည်သူလူထုနဲ့ ဒီမိုကရေစီလိုလားတဲ့ ရဲဘော်ရဲဘက်များ အားလုံးဟာလည်း တတ်နိုင်သမျှ ဝိုင်းပြီးတော့ ကူညီကြပါ။ အာဏာဖီဆန်ရေး လှုပ်ရှားမှုမှာ ပါဝင်ကြပါ။

၂၁ ရက်နေ့ ဇွန်လ ၁၉၈၈ခုနှစ်က ဖြစ်သွားတဲ့ အရေးအခင်းမျိုး ဖြန့်ပြီးတော့ မဖြစ်ပေါ်ရေးအတွက် အားလုံးက ကြိုးစားရမှာပဲ။ အားလုံးက မှန်မှန်ကန်ကန် သတ္တိရှိရှိလုပ်သွားနိုင်မှ ဒီလို အရေးအခင်း ထပ်ပြီး မပေါ်ပေါက်နိုင်အောင် စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

အချင်းချင်း ညီညွတ်ကြပါ။ ဒါလည်း ထပ်တလဲလဲ ပြောရပါတယ်။ ကျမတို့ ဒီမိုကရေစီ အင်အားစုများကြားထဲမှာ မညီညွတ်ဘူးဆိုတာလည်း ထူးထူးထွေထွေ ပြောနေစရာ မလိုပါဘူး။ ဒီလို မညီညွတ်မှုတွေကြောင့် ဦးနေဝင်းရဲ့ တပါတီအာဏာရှင်စနစ်ဟာ တိုင်းပြည်မှာ ၂၆နှစ်လုံးလုံး စိုးမိုး သွားတယ်။ ဒီလိုပဲ ကျမတို့ အချင်းချင်းဟာ သဘောထားကြီးကြီးနဲ့ ညီညွတ်မှု မရှိနိုင်ဘူးဆိုရင် နောင် ၂၆ နှစ်မဟုတ်ဘူး၊ ၆၂နှစ် ခိုးမိုးသွားပါလိမ့်မယ်။

အခြေခံလူ့အခွင့်အရေးများ ခံစားနိုင်ရေးအတွက် ကြိုးစားရာမှာ ကျမတို့ သတ္တိရှိရှိ တိုက်ရမယ်။ ဦးနေဝင်းကို ထောက်ခံနေတဲ့ 'နဝတ'ထဲက အရာရှိများကို ကျမတို့ ပွင့်ပွင့်လင်းလင်း ပြောရမယ်။ ဦးနေဝင်းကိုထောက်ခံပြီး မလှုပ်ရှားနေပါနဲ့။ ဦးနေဝင်းဟာ လူပုဂ္ဂိုလ်တဦးတယောက်မျှသာ ဖြစ်ပါတယ်။ တိုင်းပြည်ကို ဖျက်ဆီးခဲ့တဲ့လူ၊ တပ်မတော်ရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးခဲ့တဲ့လူ ဖြစ်ပါတယ်။ ဒီလို တိုင်းပြည်ကို နစ်နာအောင်လုပ်ခဲ့တဲ့လူ၊ တပ်မတော်ရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးခဲ့တဲ့ လူတယောက်ကို ဆက်ပြီးတော့ ထောက်ခံနေ တယ်၊ ဒီလူတယောက်အတွက်ကြောင့် တိုင်းပြည်အကျိုးကိုမငဲ့ပဲနဲ့ ထမ်းဆောင် နေတယ်ဆိုတာ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စကြီးပဲ။ ဒါကို ကျမတို့ ဝိုင်းပြီး ကန့်ကွက်ရမယ်။

'နဝတ'က တကယ်ပဲ မှန်မှန်ကန်ကန် လုပ်ချင်တယ်ဆိုရင် ဦးနေဝင်း နဲ့ လမ်းခွဲပါတော့၊ ဦးနေဝင်းရဲ့လက်ကိုင်တုတ် မဖြစ်ပါနဲ့တော့၊ တပ်မတော် ဟာလည်း ဆက်ပြီးတော့ ဦးနေဝင်း လက်ကိုင်တုတ် ဖြစ်နေလို့မရပါဘူး။ ဒီလိုပဲ ဆက်ပြီးတော့ ဖြစ်နေမယ်ဆိုရင် တပ်မတော်လည်း ပျက်စီးမယ်၊ တိုင်းပြည်လည်း ပျက်စီးမယ်။ ဒီတော့ ကျမတို့ ပြည်သူပြည်သားများဟာ သတ္တိရှိရှိနဲ့ ဆက်ပြီးတော့ တိုက်ပွဲဝင်ပါ။

ဦးနေဝင်းနဲ့ 'နဝတ' မတွဲပါနဲ့။ ဦးနေဝင်းနဲ့ တပ်မတော် မတွဲပါနဲ့။ တပ်မတော်နဲ့ 'နဝတ'ဟာ မှန်မှန်ကန်ကန်နဲ့ 'ကြား'နေရေးဝါဒကို လိုက်ပါ။ ပြည်သူလူထုလိုချင်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ပေါ်ရေးအတွက် မှန်မှန်ကန်ကန် လုပ်သွားကြပါ။ ကျမတို့ နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးဟာလည်း ကိုယ်လိုချင်တဲ့အခြေအနေ ဖြစ်ပေါ်လာရေး အတွက် သတ္တိရှိရှိနဲ့ မတရားတဲ့အမိန့်အာဏာတွေကို အားလုံး ဝိုင်းပြီးတော့ ဖီဆန်ကြပါလို့ မေတ္တာ ရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းဝင် မြေနီကုန်း ဒီမိုကရေစီအရေးတော်ပုံ တနှစ်ပြည့် အခမ်းအနား

*စမ်းချောင်းမြို့နယ် အမျိုးသား ဒီမိုကရေစီဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော သမိုင်းဝင် မြေနီကုန်း ဒီမိုကရေစီ အရေးတော်ပုံ တနှစ်ပြည့် အခမ်းအနားတွင် လူထု (၅၀၀၀)ကျော် တက်ရောက်ဂုဏ်ပြုခဲ့ပြီး (၂၂–၆–၈၉ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ထိုအခမ်းအနားသို့ လူထုပရိသတ် ၅၀၀ ရှိသည်ဟုသာ ဖော်ပြခဲ့ပါသည်။) မပြီးဆုံးသေးသော တိုင်းရင်းသားပြည်သူတရပ်လုံး၏ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ အပြည့်အဝ ရရှိရေး တိုက်ပွဲကို ဆုံးခန်းတိုင်ဆင်နွှဲရန် သွေးသစ္စာ အဓိဋ္ဌာန်ပြုခဲ့ကြပါသည်။ ယင်းအခမ်းအနားသို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဖုံ၁၊ စမ်းချောင်းမြို့နယ်)၊ လူငယ်သွေးစည်းညီညွတ်ရေးကော်မတီ (ရန်ကုန်တိုင်း)၊ အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီတပ်ပေါင်းစု (စမ်းချောင်းမြို့နယ်)၊ အမျိုးသားတိုးတက်ရေး လူငယ်အဖွဲ့ချုပ် (စမ်းချောင်းမြို့နယ်)၊ ဒီမိုကရေစီပါတီ (စမ်းချောင်းမြို့နယ်)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (စမ်းချောင်းမြို့နယ်)၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ (စမ်းချောင်းမြို့နယ်)၊ အခြေခံပညာကျောင်းသားသမဂ္ဂ (စမ်းချောင်းမြို့နယ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ကြည့်မြင်တိုင်)၊ အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်–လူငယ် (ကြည့်မြင်တိုင်)၊ အမျိုးသား နိုင်ငံရေး တပ်ပေါင်းစုများမှ သဝဏ်လွှာများ ပေးပို့ခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နှုတ်ဖော်ပြပါသည်။*

ကျမတို့လူထုဟာ စည်းကမ်းရှိရမယ်။ ကျမ ပထမဦးဆုံး ဒီတိုက်ပွဲဝင်လာကတည်းက ပြောပါတယ်။ ဒီမိုကရေစီလိုလားတဲ့ ပြည်သူလူထုဟာ စည်းကမ်းရှိရှိနဲ့လုပ်မှ ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ကျမတို့အားလုံး စည်းကမ်းရှိရှိနဲ့ နေကြပါ။ နောက်ပြီးတော့လည်း တပ်မတော်သားများကို ရန်မစပါနဲ့။ လက်ခုပ်တီးတာတို့၊ ဝေးတို့ ဝါးတို့ အော်တာတို့ မလုပ်ကြပါနဲ့။ ကိုယ့်ဖာသာကိုယ် ဣန္ဒြေရရ ကိုယ်လုပ်စရာရှိတာကို လုပ်သွားကြပါ။ တပ်မတော်သားများဟာလည်း သူတို့ရဲ့တာဝန်အရ တာဝန်သိသိနဲ့ လုပ်စရာရှိတာ လုပ်သွားကြမယ်လို့ မျှော်လင့်ရမှာပဲ။

ကျမတို့အနေနဲ့တော့ ငြိမ်ငြိမ်သက်သက်နဲ့ ၂၁ ရက်နေ့ ဇွန်လ ၁၉၈၈ ခုနှစ်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းများ တနှစ်ပတ်လည် အခမ်းအနားကို ငြိမ်ငြိမ်သက်သက်၊ အေးအေးချမ်းချမ်း လုပ်သွားဖို့လိုပါတယ်။ ဒီလို ငြိမ်ငြိမ်သက်သက်၊ အေးအေးချမ်းချမ်း လုပ်သွားဖို့ဆိုတာဟာ ပြည်သူလူထုမှာလည်း တာဝန် အများကြီး ရှိပါတယ်။ ကျမတို့အားလုံးဟာ စည်းကမ်းရှိရှိနဲ့ လုပ်သွားနိုင်မှ အောင်မြင်မှာဖြစ်ပါတယ်။

ကျမဟာ သွေးဆွတဲ့ နိုင်ငံရေးမျိုးကို မလိုလားပါဘူး။ ဒီနေ့ အခမ်းအနားဟာလည်း ပြည်သူလူထုကို သွေးဆွချင်တဲ့သဘောမျိုးနဲ့ ကျင်းပတဲ့ အခမ်းအနား မဟုတ်ပါဘူး။ အရင်နှစ်တုန်းကဖြစ်ခဲ့တဲ့ အရေးအခင်းများ



ကြောင်း ပြန်ပြီးတော့ သတိပေးရတာဟာ ဘာဖြစ်လို့လဲ။ ကျမတို့ရဲ့နိုင်ငံမှာ ့အခွင့်အရေးများ ပျောက်ဆုံးနေတယ်ဆိုတာ ပြည်သူလူထုကို သတိပေးချင် ပဲ။ ဒီလိုပျောက်ဆုံးသွားတဲ့ လူ့အခွင့်အရေးများအတွက် ကျမတို့ ဝိုင်းဝန်း တော့ လှုပ်ရှားဖို့၊ တိုက်ပွဲဝင်ဖို့ တာဝန်ရှိတယ်ဆိုတာကို ပြောချင်လို့ပဲ။ ယ်သူ့ကိုမှ သွေးဆွပေးချင်လို့ မဟုတ်ပါဘူး။ ကျမဟာ သွေးဆူမှ လုပ်ရဲတဲ့ တ္တိမျိုးကို နည်းနည်းမှ အထင်မကြီးပါဘူး။ ခေါင်းအေးအေးနဲ့ မှန်မှန် န်ကန် လုပ်သွားနိုင်တဲ့ ခံနိုင်ရည်သတ္တိမျိုးကိုသာ ကျမတို့ လိုလားပါတယ်။ ကြောင့် ပြည်သူလူထုအနေနဲ့ ဒီလိုပဲ ခေါင်းအေးအေးနဲ့ မှန်မှန်ကန်ကန် င်ရည်ရှိတဲ့သတ္တိမျိုး မွေးယူဖို့ ကြိုးစားကြပါ။

အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့နိုင်ငံဟာ ဒုက္ခအမျိုးမျိုးကို ရင်ဆိုင် ရတယ်။ ဘာဖြစ်လို့ ဒီလောက်တောင်မှ ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်နေရ တာလဲ။ စောစောတုန်းက ကျမတို့ရဲ့ ဥက္ကဋ္ဌကြီးလည်း ပြောသွားပြီးပါပြီ။ နေဝင်းရဲ့ 'မဆလ' တပါတီ အာဏာရှင်စနစ်ကြောင့်ပဲ။ ဒီလို တပါတီ အာဏာရှင်စနစ်အောက်မှာ ကျမတို့ပြည်သူ့လူထုဟာ အင်မတန်မှ နစ်နာခဲ့ရ ပါတယ်။ ဘယ်လိုနည်းတွေနဲ့ နစ်နာခဲ့ရသလဲ။

ကျမဟာ စီးပွားရေးအရ နစ်နာမှုတခုကိုသာ ပြောနေတာ မဟုတ်ပါ ဘူး။ ကျမတို့ဟာ အကျင့်စာရိတ္တအရလည်း ကျဆင်းခဲ့ရတယ်။ စိတ်ဓါတ်အရ လည်း ကျဆင်းခဲ့ရတယ်။ အင်မတန်မှ အစဉ်အလာကောင်းတဲ့ တပ်မတော်နဲ့ လည်း စိတ်ဝမ်းကွဲရတယ်။ ဒီလို စိတ်ဝမ်းကွဲခဲ့ရခြင်းဟာလည်း ဦးနေဝင်းရဲ့ ပြစ်တွေပဲလို့ ကျမတို့တော့ ယူဆပါတယ်။ အခု ကျမတို့ဟာ လွတ်လွတ် လပ်လပ်၊ ပွင့်ပွင့်လင်းလင်း တပ်မတော်သားများနဲ့ ဆွေးနွေး ညှိနှိုင်းပိုင်ခွင့် ရှိဘူး။

အခုတော့ ဒီပတ်ဝန်းကျင်မှာ တပ်မတော်သားများ ရှိနေတယ်ဆိုတော့ တပ်မတော်သားများကို ရည်ညွှန်းပြီးတော့ ကျမ ပြောစရာရှိတာ ပြောလိုက်ရ မှာပဲ။ ဗိုလ်ချုပ်ကြီးစောမောင်ကိုယ်တိုင် ပြောခဲ့ပါတယ်။ တပ်မတော်သားများ ဟာလည်း ရွေးကောက်ပွဲမှာ မဲပေးရမှာပဲတဲ့။ အဲဒီတော့ တပ်မတော်သားများ အနေနဲ့ ရွေးကောက်ပွဲမှာ မဲပေးရမယ့် နိုင်ငံသူ နိုင်ငံသားများဆိုတော့ ဘယ် အဖွဲ့အစည်းများကို မဲပေးသင့်တယ်ဆိုတာ ဆုံးဖြတ်ဖို့လိုတယ်။

တပ်မတော်ဆိုတာဟာ တိုင်းပြည်အပေါ်မှာ သစ္စာရှိရမယ်။ ကိုယ့်ရဲ့ နိုင်ငံသူနိုင်ငံသားများအပေါ်မှာ သစ္စာရှိရမယ်။ စောစောက ကျမတို့ ဥက္ကဋ္ဌကြီး ပြောသွားတဲ့အတိုင်းပဲ ဖေဖေဟာ တပ်မတော်ကို ထူထောင်ကတည်းက လူတယောက်အတွက် မဟုတ်ဘူး၊ အဖွဲ့အစည်းတခုအတွက် မဟုတ်ဘူး၊ နိုင်ငံ တနိုင်ငံလုံးအတွက် ထူထောင်ခဲ့တာဆိုတာ ပြတ်ပြတ်သားသား ပြောခဲ့ပါတယ်။ ဒီလိုစိတ်ထားမျိုးနဲ့ ထူထောင်ခဲ့တဲ့ တပ်မတော်ပါ။ ပထမဦးဆုံး ဘီအိုင်အေ ခေတ်က တပ်မတော် စတင်ပေါ်ပေါက်လာတာ ဘယ်လိုပေါ်ပေါက်လာတာလဲ။ ကျောင်းသား ပြည်သူ ရဟန်းရှင်လူများက ဝင်ပြီးတော့ တပ်မတော်ကို ထူထောင်ခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသား ပြည်သူ ရဟန်းရှင်လူများနဲ့ စပြီးတော့ ထူထောင်ခဲ့တဲ့ တပ်မတော်ဖြစ်ပါတယ်။ အခုလည်း တပ်မတော်ထဲမှာရှိတဲ့ တပ်မတော်သား များဟာ ကျမတို့ ပြည်သူလူထုကြားက ပေါက်ဖွားလာတဲ့ သားများ ဖြစ်ပါတယ်။ ဒါကိုလည်း ကျမ ခဏခဏ ပြောရပါတယ်။ ကျမတို့ တပ်မတော်သားများဟာ တခြားကမ္ဘာကလာတဲ့ သတ္တဝါတွေ မဟုတ်ဘူး။ ကျမတို့ နိုင်ငံသူ နိုင်ငံသားများ ကြားက ပေါက်ဖွားလာတဲ့ သားများ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုရဲ့ သားကောင်းရတနာများပီပီ ဆက်ဆံကြပါ။ ပြည်ထောင်စုရဲ့ သားကောင်းရတနာများနဲ့ ထိုက်တန်တဲ့ မြင့်မြတ်တဲ့ အတွေးအခေါ်များ မွေးမြူကြပါ။

ကျမဟာ တပ်မတော်ပြိုကွဲရေးဆိုတာ လုံးဝ မလိုလားဘူး။ ဘာဖြစ်လို့လဲ။ တပ်မတော်ပြိုကွဲရင် တိုင်းပြည်ပဲ နာမှာပဲ။ တိုင်းပြည်နာမယ့် ကိစ္စမှန်သမျှ ကျမတို့ လုံးလုံး မလိုလားဘူး။ ကျမအနေနဲ့ တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့သာ ရပ်တည်စေချင်တယ်။ ကျမတို့အဖွဲ့ချုပ် အာဏာရရှိရေး အတွက် တပ်မတော်ကို အလွဲသုံးစားလုပ်ဖို့ဆိုတာ ကျမတို့ လုံးလုံး စိတ်မကူးဘူး။

ဦးနေဝင်းဟာတော့ သူတယောက်ထဲအာဏာတည်တဲ့နိုင်မြဲရေးအတွက် တပ်မတော်ရဲ့ ဂုဏ်သိက္ခာ ဘယ်လောက်ပဲပျက်ပျက် လုပ်ချင်တာလုပ်မယ် ဆိုတာဟာ တပ်မတော်အပေါ်မှာ ဘယ်လောက်စေတနာ နည်းသလဲဆိုတာ ထင်ရှားတာပဲ။ တကယ်ပဲ နိုင်ငံအပေါ်မှာ စေတနာရှိတဲ့သူ၊ နိုင်ငံအပေါ်မှာ သစ္စာရှိတဲ့သူဆိုတာဟာ နိုင်ငံအကျိုးအတွက်ဆိုရင် ကိုယ့်အကျိုးကို မငဲ့ရဘူး။ နိုင်ငံအကျိုးအတွက် နောက်ဆုတ်ပေးသင့်လို့ရှိရင် နောက်ဆုတ်ပေးသင့်တယ်။ ဂုဏ်သိက္ခာရှိရှိ ဣန္ဒြေရရ မြန်မြန်ဆန်ဆန် နောက်ဆုတ်ပေးသင့်တယ်။

ဒီတော့ ကျမတို့ နိုင်ငံသူနိုင်ငံသားများဟာလည်း တပ်မတော်အပေါ်မှာ ထားတဲ့ စိတ်သဘောထားဟာ မှန်ရမယ်။ တပ်မတော်တခုလုံးကို လက်ညှိုးထိုးပြီးတော့ အပြစ်တင်နေလို့မရဘူး။ တပ်မတော်ကို အလွဲသုံးစား လုပ်တဲ့သူဟာ ဘယ်သူလဲ။ အလွဲသုံးစား လုပ်နေတဲ့သူကိုသာ အပြစ်တင်ရမှာပဲ။ တပ်မတော်ကို အပြစ်တင်နေလို့ ကျမတို့အချင်းချင်း စိတ်ဝမ်းကွဲရုံပဲရှိတယ်။

နိုင်ငံတနိုင်ငံဟာ လွတ်လွတ်လပ်လပ်နဲ့ တည်တံ့ ခိုင်မြဲရေးဆိုတာဟာ ခိုင်မာပြီးတော့ ညီညွတ်တဲ့ တပ်မတော်တခု လိုတယ်။ မြင့်မြတ်တဲ့ စိတ်ထားတွေရှိတဲ့ တပ်မတော်တခု လိုတယ်။ တိုင်းပြည်ကိုကာကွယ်ဖို့၊ ပြည်သူကို စောင့်ရှောက်ဖို့ မြင့်မြတ်တဲ့ စိတ်ဓါတ်တွေနဲ့ သစ္စာရှိရှိ တာဝန်ကို ထမ်းဆောင်သွားမယ့် တပ်မတော်တခု လိုတယ်။ အဲဒီတော့ ဒီလို တပ်မတော် တခု ဖြစ်ပွားရေးအတွက် အားလုံးက ကြိုးစားရမှာပဲ။ ကျမတို့ နိုင်ငံသူ နိုင်ငံသားများဟာလည်း ဒါကိုပဲ တောင့်တနေတာပဲ။ ဒီတော့ တပ်မတော်သား များဟာလည်း ဒီလိုစိတ်တွေ ထားဖို့လိုပါတယ်။ တပ်မတော်ထဲကိုဝင်တာဟာ ဘာအတွက် ဝင်တာလဲ၊ တိုင်းပြည်ကို ကာကွယ်ဖို့၊ ပြည်သူလူထုကို စောင့်ရှောက်ဖို့ ဝင်တာပါ။ 'မဆလ' တည်တံ့ခိုင်မြဲရေးအတွက် ဝင်တာ မဟုတ်ဘူး။



## မျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြန်ကုန်းဒီမိုကရေစီ တိုက်ပွဲ နှစ်ပြည့်အခမ်းအနား

*ါအောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ၁၉၈၈ခုနှစ် ဇွန်လ ၂၁ရက်နေ့က ဒီမိုကရေစီ အတွက် အသက်ပေးလှူသွားသော 'ကျောင်းသူ၊ ကျောင်းသားများကို ဂုဏ်ပြုသည့် နေဖြင့် မြန်ကုန်းမီးပွိုင့်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ပန်းစည်းနှင့် ဝဏ်လွှာများကို ငြိမ်းချမ်းစွာ ချထားကြပါသည်။ ထိုအချိန်၌ လုံခြုံရေး တပ်ဖွဲ့ဝင် ားက နှောင့်ယှက် ဟန့်တား၊ ဖမ်းဆီးခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည် လေးပြုရာသို့ အတူလာရောက်ပြီး အလေးပြုရန်ကြိုးစားကြသည့် ကျောင်းသား ငယ်များကို လုံခြုံရေးအဖွဲ့ဝင်များက သေနတ်နှင့်ပစ်ခတ်ခဲ့သည့်အတွက် ဝမ်းနည်း ကြကွဲဖွယ်ရာ သမိုင်းဝင် နေ့တနေ့ ထပ်မံ ဖြစ်ပေါ်ခဲ့ရပါသည်။ ဤကိစ္စနှင့် တ်သက်ပြီး ၁၉၈၉ခုနှစ် ဇွန်လ ၂၁ ရက်နေ့ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် ပြောဆိုချက်များမှ တချို့ကို ဖော်ပြပါသည်။*

ဇွန်လအရေးအခင်း နှစ်ပတ်လည်ပွဲကို တက်ရောက်လာတဲ့ ဒီမိုကရေစီ ဘော် ရဲဘက်များအားလုံးကို ကြိုဆိုပါတယ်။ ဒီလိုလာပြီး ထောက်ခံတဲ့ တွက်လည်း ကျေးဇူးတင်ပါတယ်။ ကျမတို့အားလုံးဟာ ဒီမိုကရေစီ ပ်ရှားမှုထဲမှာ ပါဝင်နေတဲ့ ရဲဘော်များဖြစ်လို့ ညီအကိုမောင်နှမများသဖွယ် က်ပြီးတော့ လုပ်သွားစရာတွေ အများကြီး ရှိပါတယ်။

ဒီကနေ့ဆိုရင် သေတော့ မသေချာသေပါဘူး။ နောက် တယောက် ပ်ပြီးတော့ သေနတ်ပစ်ခံရတယ်လို့ နားလည်ပါတယ်။ အဲဒီအချိန်က ျမကိုယ်တိုင်လည်း ရှိပါတယ်။ ဒါပေမယ့်လည်း နည်းနည်း သေနတ်ပစ်သံ တော့ ကြားရတယ်။ ရုတ်ရုတ်ရုတ်ရုတ်ဆိုတော့ ဘယောက်ကျသွားတယ် ိုတာ သေချာ၊ မသေချာတော့ မပြောနိုင်သေးပါဘူး။ ဒါကိုလည်း စုံစမ်း နေပါတယ်။ အခု ကျမတို့ မြင်ရသလောက်တော့ ခုနခင်းက ဖြစ်ပျက်ခဲ့တဲ့ ဖြစ်အပျက်တွေထဲမှာ တပ်မတော်က တော်တော်ဆင်ဆင်ခြင်ခြင် လုပ်သွားပါ ယ်။ ပစ်တာကတော့ ရဲဘက်က ပစ်သွားတာပါ။ ဒီလို ပြည်သူထဲက ယောက်ကျအောင် ပစ်သွားတာလဲ ရဲဘက်ကတယောက်ပဲလို့ ကျမတို့ းလည်ပါတယ်။

တပ်မတော်ဘက်ကတော့ မှန်မှန် ပြောရရင်တော့ ဒီရက်ထဲမှာ တော်တော်ပဲ အဆင်ပြေအောင်လို့ ကြိုးစားပြီးတော့ ဆက်ဆံသွားပါတယ်။ ျမတို့ဟာလည်း အမြဲပဲ ပြောထားပြီးပါပြီ။ တဖက်ကနေပြီးတော့ ပြေလည် ချင်တယ်ဆိုရင် ကျမတို့ကလည်း ပြေလည်ဖို့အဆင်သင့်ပဲ။ ဒီလို ပြေပြေ ည်လည်လုပ်နိုင်မှ ပြည်သူလူထု သက်သာမယ်ဆိုတာ ကျမတို့ လက်ခံပြီး ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကျမတို့ဟာ ထိပ်တိုက်တွေ့ဖို့ဆိုတာ တွေ့သင့်တဲ့အခါကျလို့ ရှိရင်တော့ သတ္တိရှိရှိနဲ့ ထိပ်တိုက်တွေ့မှာပဲ။ ဒါပေမယ့်လည်း တမင်သက်သက် ထိပ်တိုက်တွေ့ချင်တဲ့ သဘောထားများနဲ့ ဒီတိုက်ပွဲထဲ ဝင်နေတာမဟုတ်ပါဘူး။ ပြည်သူလူထုလိုချင်တဲ့ အခြေခံ လူ့အခွင့်ရေးများရဖို့အတွက် ကျမတို့ ဒီတိုက်ပွဲထဲ ဝင်နေတာပါ။ ဒါကို အများက နားလည်ဖို့လိုပါတယ်။ ကျမတို့ ဒီမိုကရေစီလှုပ်ရှားမှုထဲ ပါဝင်နေတဲ့ ရဲဘော်များအားလုံးဟာ ဒါကို နားလည်ဖို့ လိုတယ်။ အဓိက ကျမတို့ ဘာအတွက် လှုပ်ရှားနေတာလဲ။ ပြည်သူလူထု လိုချင်တဲ့ လူ့အခွင့်အရေးတွေ ပြည့်ပြည့်စုံစုံ ရပိုင်ခွင့်အတွက် လှုပ်ရှားနေတာ ပဲ။ ဘယ်သူကိုမှ စော်ကားချင်လို့ ကျမတို့ ဒီတိုက်ပွဲ ဝင်နေတာမဟုတ်ပါဘူး။ ထိပ်တိုက်တွေ့ဖို့ တမင်ရည်ရွယ်ချက်နဲ့ ဒီတိုက်ပွဲထဲ ပါဝင်နေတာ မဟုတ်ပါ ဘူး။ ကိုယ့်ကိုကိုယ် လူစွမ်းကောင်းလုပ်ဖို့ ပါဝင်နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် မလွှဲမရှောင်သာလို့ ထိပ်တိုက်တွေ့ရမယ်ဆိုရင်တော့ တွေ့ဖို့ အဆင်သင့်ပါပဲ။

ဒါကြောင့် အခုဆိုလို့ရှိရင် စောစောက ဉက္ကဋ္ဌကြီး ပြောသွားတဲ့ အကိုင်းပဲ၊ ကျမတို့ဟာ မတရားတဲ့အမိန့်အာဏာများကို ဖီဆန်ရမယ်။ အာဏာဖီဆန်ရေး လှုပ်ရှားမှုကြီးတခုကို စရတော့မယ်လို့ ကျမတို့ ယုံကြည် ပါတယ်။ ဘာဖြစ်လို့ ဒီလိုယုံကြည်သလဲဆိုတော့ 'နဝတ' အစိုးရဟာ ဘယ်လိုပဲ 'ကြား'နေမယ်ပြောပြော၊ ဘယ်လိုပဲ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ လုပ်ပေးမယ်ပြောပြော၊ ဒီမိုကရေစီဖက်ကို ဖိနှိပ်တဲ့၊ ချုပ်ချယ်တဲ့၊ ဟန့်တားတဲ့ အမိန့်အာဏာတွေ အမျိုးမျိုးပဲ ထုတ်နေတယ် ဆိုတာ ကျမတို့ မြင်ရပါတယ်။ ဒီလိုထုတ်နေတဲ့ အမိန့်အာဏာတွေကို ကျမတို့ မဖီဆန်နိုင်ရင်တော့ ကိုယ်လိုချင်တဲ့ အခြေအနေကို ကျမတို့ ဖန်တီးနိုင်မှာ မဟုတ်ပါဘူး။

ဒီတော့ ကျမတို့အားလုံးမှာ ဒီအမိန့်အာဏာတွေကို ဖီဆန်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျမတို့အနေနဲ့ 'အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ' ဆိုပြီးတော့ ဆက်ပြီးတော့ ချီတက်သွားမှာ ဖြစ်ပါတယ်။ ဒီလို ပြည်သူလူထုရဲ့ အခွင့်အရေးတွေကို ချိုးဖောက်တဲ့ အမိန့်အာဏာတွေကို ဖီဆန်ဖို့ဆိုတာ ကျမတို့မှာ တာဝန် ရှိပါတယ်။ ဒီအမိန့်အာဏာတွေကို မဖီဆန်နိုင်ရင်တော့ နောက်ဆက်ပြီးတော့ တက်သွားဖို့ဆိုတာ လွယ်မှာမဟုတ်ပါဘူး။

အခုဆိုလို့ရှိရင် ကျမတို့လိုချင်တဲ့လမ်း၊ သွားချင်တဲ့လမ်းကို ကိုယ်တိုင် တက်သွားရမှာပဲ။ လမ်းဟာ ခင်းပြီးသား မရှိပါဘူး။ အေးအေးဆေးဆေးနဲ့ 'နဝတ' ခင်းသွားတဲ့လမ်းမို့ တက်ရမယ်ဆိုတဲ့ သဘောမျိုး မရှိပါဘူး။ ကိုယ့်လမ်းကိုယ် ခင်းသွားရမှာ ဖြစ်ပါတယ်။ ဒီတော့ လမ်းကိုလည်း ခင်းရ မယ်။ ဒီလမ်းကိုလည်း သတ္တိရှိရှိနဲ့ ဆက်ပြီး လျှောက်သွားရမှာ ဖြစ်ပါတယ်။ ဒီတော့ အလုပ်တွေက အင်မတန် များပါတယ်။ တာဝန်တွေက အင်မတန် ကြီးပါတယ်။



အဓိကကတော့ ကျမတို့ကြားထဲမှာ ညီညွတ်မှုရှိဖို့ လိုတယ်။ ...ဘောထားကြီးဖို့ လိုတယ်။ နားလည်မှု လိုတယ်။ ဒါလည်း ခဏခဏ ...ရလွန်းလို့ ကျမရဲ့နားရွက်တောင် ကျမ အားနာနေပြီ။ တခြား ...ထောင်ရတဲ့ သူတွေတော့ မသိဘူး။ ညီညွတ်ကြပါ၊ ညီညွတ်ကြပါ။ ...ယောက်အပေါ်တယောက် သဘောထားကြီးကြီး ထားကြပါ။ ကျမတို့ ...ကရေစီ အင်အားစုများဟာ နိုင်ငံရေးလုပ်တဲ့နေရာမှာ ကိုယ့်အဖွဲ့အစည်း ...တွက် မဟုတ်ဘူး။ ကိုယ့်အတွက် မဟုတ်ဘူး၊ တနိုင်ငံလုံးအတွက် ...တယ်ဆိုတာကို နားလည်ကြပါဆိုတာ ကျမ အတန်တန်ပြောနေရပါတယ်။ ...နေရတဲ့ကြားထဲကကို ကျမတို့ ဒီမိုကရေစီအင်အားစုတွေဟာ ညီညွတ်သင့် ...လောက် မညီညွတ်ကြဘူး။ ဒါဟာ ကျမတို့ မြန်မာနိုင်ငံမှာ ဖြစ်ခဲ့ပြီးသား ...တွေပဲ။ ထပ်တလဲလဲ ဖြစ်ခဲ့ပြီးပြီ၊

ပြည်သူလူထုဟာ မညီညွတ်လို့ ကျမတို့နိုင်ငံဟာ နစ်နာခဲ့ပြီးပြီ။ ...နှဝင်းရဲ့ တပါတီအာဏာရှင်စနစ် လွှမ်းမိုးသွားတယ်ဆို တာလည်း ပြည်သူ ...ထု မညီညွတ်လို့ပဲ။ စစ်တပ်က အာဏာသိမ်းတုန်းက ပြည်သူလူထုက ...လုပ်နေလဲ။ ထိုင်ကြည့်နေတာကိုး။ ပထမကတည်းက ဒီဟာတွေကို ...က်မခံသင့်ဘူး။ တပ်မတော်ဟာ ဂုဏ်သိက္ခာရှိရှိနဲ့နေပါ။ တပ်မတော်ဟာ ...ပ်မတော်ရဲ့အလုပ်ကို လုပ်ပါ။ တပ်မတော်ဟာ ပြည်သူလူထု ...ပ်မတော်ကြီးအနေနဲ့ပဲ နေပါဆိုတာ ကျမတို့ ပြည်သူလူထုက ထပ်တလဲလဲ ...ကင်းဆိုသွားရမယ်။

...န်ခွန်း ကောက်နှုတ်ချက်သာ)

www.burmeseclassic.com

www.burmeseclassic.com



၁၀

# သတင်းစာရှင်းလင်းပွဲ(၄)

*ဤသတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့၌ ၁၉၈၉ခုနှစ် ဇွန်လတွင် ပြုလုပ်သည်။*

ကျမတို့ ဒီနေ့ သတင်းစာ ရှင်းလင်းပွဲမှာတော့ ရှင်းစရာတွေက အများကြီးပါပဲ။ ဘယ်ကစရမှန်းတောင် မသိပါဘူး။ အဲ့ဒီတော့ ရှင်းရှင်း လင်းလင်း စလိုက်တာကတော့ 'နဝတ'ရဲ့ သတင်းစာရှင်းလင်းပွဲကနေ စလိုက်တာ ပိုပြီးတော့ အဆင်ပြေလိမ့်မယ်လို့ ထင်ပါတယ်။ အခု 'နဝတ'ဟာ ဆိုလို့ရှိရင် ကြာသာပတေးနေ့တုန်းက သတင်းစာရှင်းလင်းပွဲတခု လုပ်သွားပါ တယ်။ ဒီ သတင်းစာရှင်းလင်းပွဲရဲ့ အဓိက ရည်ရွယ်ချက်ကတော့ 'နဝတ' ဘက်က အပြစ်မရှိကြောင်း၊ ကျမတို့ဘက်က အပြစ်ရှိကြောင်းဆိုပါတော့လေ။ အဲ့ဒီတော့ ဒီကိစ္စလေးကိုတော့ ကျမ ဖြေရှင်း ချင်ပါတယ်။

ဘယ်ဘက်က အပြစ်ရှိတယ်၊ ဘယ်ဘက်က အပြစ်မရှိဘူးဆိုတာ ကျမတို့ ပြောချင်လို့ မဟုတ်ပါဘူး။ ကျမတို့အဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက်တွေက ဘယ်လိုလဲ၊ ကျမတို့ရဲ့လုပ်ငန်းတွေက ဘယ်လိုလဲ၊ ကျမတို့ရဲ့ သဘောထား တွေက ဘယ်လိုလဲဆိုတာ မှန်မှန်ကန်ကန် ရှင်းရှင်းလင်းလင်း သိနိုင်အောင်လို့ ဖြစ်ပါတယ်။

ပထမဦးဆုံးကတော့ 'နဝတ'ရဲ့ သတင်းစာရှင်းလင်းပွဲရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျမကို တိုက်ခိုက်တယ်လို့ မြင်ပါတယ်။ ဒါဟာ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာလည်း ပါပါတယ်။ နိုင်ငံရေးအရ တိုက်ခိုက် တာလည်း ပါပါတယ်။ အဘက်ဘက်က တိုက်ခိုက်တယ်ဆိုတော့ နောက်ဆုံး ကျတော့ ကျမကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တိုက်ခိုက်တယ်လို့ပဲ မြင်ပါတယ်။

တချက်ပြီးတချက် ရှင်းသွားမယ်ဆိုရင် အရေးအကြီးဆုံးအချက် နှစ်ချက် ရှိပါတယ်။ တချက်က ဘာလဲဆိုကော့ ကျမဟာ တပ်မတော်ရဲ ပြိုကွဲရေးကို ဦးတည်နေပါတယ်။ ဒုတိယကတော့ ကျမဟာ ကွန်မြူနစ် ဆန်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဗကပနည်းတွေနဲ့ လုပ်ကိုင်နေ ပါတယ်ဆိုတဲ့ အချက်နှစ်ချက် ဖြစ်ပါတယ်။

ပထမဦးဆုံးအချက်နဲ့ ပတ်သက်လို့ ကျမဟာ တပ်မတော်ကို ပြိုကွဲအောင်လုပ်နေတယ် ဆိုတာကတော့ ကျမ ရဲရဲဝံ့ဝံ့နဲ့ ငြင်းဆန်နိုင်ပါတယ်။ ကျမ ပြောတဲ့မိန့်ခွန်းတိုင်း၊ မိန့်ခွန်းတိုင်းမှာ တပ်မတော်ကို မပြိုကွဲ စေချင်ပါဘူး။ တပ်မတော်ပြိုကွဲလို့ရှိရင် တိုင်းပြည်ပဲ နာပါလိမ့်မယ်ဆိုတာ ကျမ ပြောခဲ့ပါတယ်။ ဒါကိုဘာဖြစ်လို့ 'နဝတ'က ထည့်ပြီးတော့ မပြောသွားလဲ။ မိန့်ခွန်းတိုင်း၊ မိန့်ခွန်းတိုင်းမှာ ကျမ တပ်မတော်နဲ့

က်သက်လို့ပြောလို့ရှိရင် အဲ့ဒီဟာမပါပဲ မပြီးပါဘူး။ တပ်မတော် ပြိုကွဲလို့ ဖြစ်ဘူး။ တပ်မတော်ပြိုကွဲလို့ရှိရင် တိုင်းပြည်နစ်နာမယ်လို့ ကျမ ပြောသွား တယ်။ ဒီဟာကို ချန်ထားပြီးတော့ ကျမဟာ တပ်မတော်ပြိုကွဲရေးအတွက် ပ်နေတယ်ဆိုတာဟာ သက်သက်မဲ့ မမှန်မကန်နည်းတွေနဲ့ ကျမကို က်ခိုက်တာပဲ။ ဒီတော့ 'နဝတ'ရဲ့ သတင်းစာရှင်းလင်းပွဲတခုလုံးဟာ န်မကန်နည်းတွေနဲ့ ကျမနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တိုက်ခိုက် းတယ်လို့ ကျမ မြင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ဆိုလို့ရှိရင် 'နဝတ'က ပ်စွဲတာဟာ ကျမတို့ဟာ ဆူပူအောင်လှုံ့ဆော်နေတယ်။ အမျိုးသားဒီမိုကရေစီ ဖွဲ့ချုပ်က လုပ်လိုက်မှဖြင့် ပြဿနာချည်းပဲ။ အခြားနိုင်ငံရေး အဖွဲ့အစည်း းကတော့ ထိန်းထိန်းသိမ်းသိမ်း အေးအေးချမ်းချမ်း လုပ်သွားပါတယ်ဆိုတဲ့ နေအထားနဲ့ ပြောသွားပါတယ်။

ဒီတော့ ကျမတို့ရဲ့စည်းရုံးရေး အဖြစ်အပျက်ကလေးတွေကို ပြန်ပြီး တော့ ရှင်းပြချင်ပါတယ်။ ပထမဦးဆုံး ကျမ စည်းရုံးရေးခရီးထွက်တာဟာ ဘက်တိုဘာလ ၁၉၈၈ခုနှစ်က ဖြစ်ပါတယ်။ တိုင်း(၄)တိုင်းနဲ့ ရှမ်းပြည်နယ် ဖြာက်ပိုင်းကို ကျမ ရောက်ခဲ့ပါတယ်။ အဲ့ဒီခရီးထွက်တုန်းကဆိုလို့ရှိရင် ကျမ င်မတန်မှ ဆင်ဆင်ခြင်ခြင် ပြောပါတယ်။ အဲ့ဒီအချိန့်တုန်းက ကျမပြောခဲ့တဲ့ စ္စများဟာ အဖွဲ့တွင်း ကိစ္စပဲ။ အာဏာရှူးတွေ မလုပ်ကြနဲ့။ အမတ်ရောဂါ ကြနဲ့။ နေရာရောဂါ မထကြနဲ့။ အချင်းချင်း ညီညွတ်ကြ။ ဒီအချိန်ကနေ ပြီး နေရာရောဂါထလို့ရှိရင် ပြဿနာတက်မယ်။ ဒီမိုကရေစီသဘောထားအရ ျင့်ကြံကြ။ ဒီလိုပဲ ကျမ ပြောသွားတာပဲ။ ကျမ တိုက်ခိုက်တဲ့လူရှိလို့ရှိရင် ျမတို့ အတွင်းထဲကလူတွေပဲ။ ကျမတို့အဖွဲ့အတွင်းထဲက နေရာအတွက်၊ မည်အတွက် လုပ်တဲ့လူတွေကိုသာ ကျမ တိုက်ခိုက်ပြောဆိုသွားတာပဲ။

'နဝတ'ကိုလည်း ကျမ ဘာမှ မပြောခဲ့ဘူး။ 'တစည'တောင်မှ င်မတန်မှ ကျမ ပြောတာ နည်းပါတယ်။ တချို့နေရာမှာ 'တစည'က ဒီလို လို ပြောပြီးတော့ စည်းရုံးနေတယ်လို့ပြောတာ ကျမ ပြန်ပြီးတော့ တုံ့ပြန်တာ ပါတယ်။ အဲ့ဒီ စည်းရုံးရေးခရီးတုန်းက ကျမ အင်မတန်မှ ဆင်ဆင်ခြင်ခြင် ပြောပါတယ်။ ဒီ စည်းရုံးရေးခရီးတင် မကဘူး။ နောက် မွန်ပြည်နယ် ည်းရုံးရေးခရီးစဉ်လည်း ဒီအတိုင်းပါပဲ။

မွန်ပြည်နယ် စည်းရုံးရေးခရီး ထွက်တုန်းကဆိုလို့ရှိရင် ပရိသတ်ဟာ သောင်းနဲ့ချီပြီးတော့ ကျမတို့ကို လာကြိုပါတယ်။ အဲ့ဒီဟာကို 'နဝတ'ရဲ့ သုံးအနှုန်းအရ အခွင့်ကောင်းယူပြီးတော့ ဟောပြောခဲ့တယ်ဆိုတာ တခါမှ ရှိပါဘူး။ ကျမ အမြဲပဲ ပြောခဲ့တယ်။ ဒီအချိန်မှာ ကျမတို့အနေနဲ့ ဟာပြောပိုင်ခွင့် မရှိပါဘူး။ ဒါကြောင့်မို့လို့ ပြည်သူလူထုကို နှုတ်ဆက်ရုံ တ်ဆက်ပါမယ်။ အများအားဖြင့် ကျမ ပြောခဲ့တာဟာ ကျန်းမာပါစေ။ မ်းသာပါစေ။ တခါတလေတော့လည်း ရန်သူမျိုးငါးပါး အန္တရာယ်မှ င်းဝေးပါစေလို့ ကျမ ထည့်ပြီးတော့ ပြောခဲ့ပါတယ်။ ဒီထက်ပိုပြီးတော့ ျမ မပြောခဲ့ပါဘူး။ အဲ့ဒီလောက် ကျမတို့ ထိန်းထိန်းသိမ်းသိမ်း ဆင်ဆင် င်ခြင် လုပ်ပါတယ်။ အဲ့ဒီလိုလုပ်တဲ့အထဲက မွန်ပြည်နယ်စည်းရုံးရေးခရီး

www.burmeseclassic.com

www.burmeseclassic.com

ပြီးတဲ့အခါကျတော့ ကျမတို့ရဲ့ စည်းရုံးရေးတာဝန်ခံများကို ဖမ်းတယ်။ ဘယ်လို အကြောင်းပြချက်နဲ့လဲ။ ၂/၈၈။ လူငါးယောက်ထက် ပိုတယ်တဲ့။ လူကလည်း သောင်းချီနေတော့ လူငါးယောက်ထက်ပိုတာကတော့ မှန်တာပေါ့။ ကျမ ဒါတော့ မငြင်းပါဘူး။ ဒါပေမယ့်လည်း အားလုံး အေးအေးချမ်းချမ်းပဲ။ ဘာမှ ဆူပူမှုမရှိခဲ့ဘူး။ ဒီတော့ 'နဝတ'ပြောတာ တခြားနိုင်ငံရေးပါတီများ စည်းရုံးရေးခရီးသွားလို့ရှိရင် လူထုက သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ပေမယ့် ဘာမှ ပြဿနာ မဖြစ်ခဲ့ပါဘူး။ ကျမတို့ကျမှ ပြဿနာဖြစ်တယ်ဆိုတဲ့ အနေအထားနဲ့ ပြောသွားခဲ့တယ်။ ဒီတော့ ကျမ ထောက်ပြနိုင်ပါတယ်။

ပထမဦးဆုံး စည်းရုံးရေးခရီးထွက်တုန်းက ပြည်သူလူထုက သောင်းနဲ့ သိန်းနဲ့ ချီပြီးတော့ ကြိုဆိုခဲ့ပေမယ့် ဘာပြဿနာမှ မတက်ခဲ့ဘူး။ အားလုံး အေးအေးချမ်းချမ်းပဲ။ လက်ခုပ်တီးတယ်၊ ကျန်းမာပါစေပြောတယ်၊ ဒါလောက်ပဲ။ အားလုံး အေးအေးချမ်းချမ်း ဖြစ်ခဲ့တယ်။ ကျမကိုယ်တိုင်ကလည်း ဘာမှ တရားဟောပွဲတွေ၊ ဘာတွေ မလုပ်ခဲ့ပါဘူး။ အဲ့ဒီလို မလုပ်ခဲ့ပေမယ့် ကျမ မွန်ပြည်နယ်စည်းရုံးရေးခရီးက ပြန်လာပြီးတဲ့အချိန်မှာ ဒီဇင်ဘာလ (၂၀)ရက်နေ့မှာ 'နဝတ'အနေနဲ့ ညွှန်ကြားချက်တခု ထုတ်ပြီးတော့ တိုင်းနဲ့ပြည်နယ်တွေကို ဖြန့်လိုက်ပါတယ်။ အဲ့ဒီညွှန်ကြားချက်က ဘာလဲဆိုတော့ ၂/၈၈ ကို ပြင်းပြင်းထန်ထန်၊ ပြင်းပြင်းထန်ထန်နဲ့ ၂/၈၈ ကို လိုက်နာဖို့လုပ်ရမယ်ဆိုပြီးတော့ ညွှန်ကြားချက်ထုတ်လိုက်ပါတယ်။ အဲ့ဒီကတည်းက ကျမတို့ကို တိုက်ခိုက်လာပြီဆိုတာ အင်မတန်မှထင်ရှားပါတယ်။ ဘာမှမဖြစ်ပဲနဲ့ အေးအေးချမ်းချမ်း လုပ်ခဲ့လျက်သားနဲ့ ဒီလူငါးယောက်ထက် ပိုပါတယ်ဆိုပြီးတော့ ကျမတို့ရဲ့ စည်းရုံးရေးတာဝန်ခံများကို အရေးယူခဲ့တယ်။ ဒါဟာ (၂၀)ရက်နေ့ ဒီဇင်ဘာလက ထုတ်လိုက်တဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။

ဒီဇင်ဘာလ (၂၇)ရက်မှာ ကျမအမေ ဆုံးသွားပါတယ်။ မေမေ ဆုံးသွားတဲ့ကိစ္စနဲ့ပတ်သက်လို့ 'နဝတ'က လူကြီးများဟာ လာပါတယ်။ အကူအညီပေးပါတယ်။ ဈာပန ချောချောမောမောဖြစ်ဖို့အတွက် ကျမနဲ့ ညှိနှိုင်းတိုင်ပင်ပါတယ်။ အဲ့ဒီတုန်းက ကျမဟာ အင်မတန်မှ အဆင်ပြေ နိုင်အောင်လို့ ကြိုးစားခဲ့ပါတယ်။ တချို့ကနေပြီးတော့ မေမေ့ရဲ့ဈာပနကို အခွင့်ကောင်းယူပြီးတော့ ဆူပူဖို့ကြိုးစားတဲ့ အစိတ်အပိုင်းတွေလည်း ကျမတို့ ထိန်းခဲ့ပါတယ်။ မလုပ်ပါနဲ့။ ဒီဟာ ကျမတို့ အားလုံးလက်တွဲပြီးတော့ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ 'နဝတ'နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အခြားဒီမိုကရေစီလိုလားတဲ့ အစုအဝေးတွေနဲ့ တပ်မတော်နဲ့ အားလုံး အဆင်ပြေအောင်လို့ လုပ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။

အဆင်ပြေနိုင်တယ်ဆိုပြီး ကျမကိုယ်တိုင်ပဲ အဆင်ပြေနိုင်အောင်လို့ အားလုံး သေသေချာချာ အဆင်ပြေအောင် လုပ်ခဲ့ပါတယ်။ ဒါလည်း 'နဝတ'ကလူကြီးတွေ သိပြီးသားပဲ။ မသိတာ မဟုတ်ပါဘူး။ ကျမတို့အိမ်ထဲကို လာပြီးတော့ ကူညီတဲ့ တပ်မတော်အရာရှိများ၊ တပ်မတော်သားများလည်း သိပြီးသားပဲ။ မသိတာ မဟုတ်ပါဘူး။ ဘယ်လောက် ကျမ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ အဆင်ပြေအောင်လို့၊ 'နဝတ'နဲ့ ကျမတို့အဖွဲ့ချုပ်ကြားမှာ



အဆင်ပြေအောင်လို့၊ တပ်မတော်နဲ့ ကျမတို့အဖွဲ့ချုပ်နဲ့ အခြားဒီမိုကရေစီအင်အားစုများကြားမှာ အဆင်ပြေအောင်လို့ ကျမ လုပ်ခဲ့တယ်ဆိုတာဟာ 'နဝတ'က လူကြီးများ သိပြီးသားပါ။ အဲ့ဒီလို လုပ်ခဲ့လျက်သားနဲ့ ကျမတို့ကို ဆက်ပြီးတော့ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဘာဖြစ်လို့ မလုပ်သလဲ။

ဈာပနကိစ္စပြီးလို့ ကျမ ပထမဆုံးထွက်ခဲ့တဲ့ စည်းရုံးရေးခရီးဟာ ဧရာဝတီတိုင်း စည်းရုံးရေးခရီး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းမှာဆိုလို့ရှိရင် ဗိုလ်မှူးချုပ်မြင့်အောင်ဟာ အင်မတန်မှ တင်းမာတယ်။ ဒီမိုကရေစီ ဘက်တော်သားတွေကို အမျိုးမျိုး ထိုးနှက်နေတယ်ဆိုတာ ကျမတို့ သိပြီးသားပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့ 'နဝတ'ကို အားလုံးတင်ပြပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ကတည်းက ဒီမိုကရေစီဖက်ကို ထိုးနှက်တာ၊ 'နဝတ'ရဲ့ 'ကြား' နေမယ်ဆိုတဲ့ဝါဒနဲ့ မကိုက်ညီတဲ့လုပ်ငန်းတွေ၊ ဒီကိစ္စတွေအားလုံး ကျမတို့ တင်ပြကတယ်။ စာရေးပြီးတော့ ကျမတို့ တင်ပြခဲ့တယ်။ ကန့်ကွက်ခဲ့တယ်။ ကန့်ကွက်ခဲ့လို့တောင်မှ 'နဝတ'ထဲက 'နဝတ' အဖွဲ့အစည်းထဲမှာလုပ်နေတဲ့ တပ်မတော်အရာရှိတယောက်ကတောင်မှ ပြောပါသေးတယ်။ ကျမ မှတ်မိပါသေးတယ်။ ကန့်ကွက်တယ်ဆိုတဲ့ အသုံးအနှုန်းကို မသုံးပါနဲ့တဲ့။ ကန့်ကွက်တယ်ဆိုတာ အင်မတန်မှ ပြင်းထန်လွန်းလို့ပါတဲ့။ ဒီတော့ ကျမတို့တောင်မှ ပြောရပါသေးတယ်။ မကန့်ကွက်ရင် ဘာလုပ်ရမှာလဲ။ ဒီအချိန်မှာ ကျမတို့ဟာ ကန့်ကွက်ရမှာပဲ။ ဒီလို မတရားတဲ့ကိစ္စတွေကို ကန့်ကွက်ရမှာပဲ။

ကျမတို့ ဆက်ပြီးတော့ ကန့်ကွက်ပါတယ်။ ကန့်ကွက်ပြီးတော့ တင်ပြပါတယ်။ ဘာတွေ ဖြစ်နေတယ်၊ ဘာတွေ ဖြစ်နေတယ်။ 'နဝတ'အနေနဲ့ အရေးယူပေးပါ။ ဒီ ကန့်ကွက်တယ်လို့ပြောလို့ နာတယ်ဆိုတော့ ကျမတို့ ပြောင်းပြီး 'တင်ပြပါတယ်'ဆိုပြီးမှ၊ ပြောင်းပြီးတော့ အသုံးအနှုန်းလေးကို သုံးလိုက်ပါသေးတယ်။ ဒီလိုနဲ့ ကျမတို့ တချိန်လုံး လုပ်ခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် မွန်ပြည်နယ်မှာ ဒီလို ဖြစ်နေပါတယ်၊ ဧရာဝတီတိုင်းမှာ ဒီလို ဖြစ်နေပါတယ်။ ဟိုနေရာမှာဆိုလို့ရှိရင် ဒီလိုပဲ မတရားတဲ့နည်းတွေနဲ့ 'မဝတ'များဟာ ဒီမိုကရေစီဘက်တော်သားများကို နှိမ်နင်းနေပါတယ်ဆိုတာ ကျမတို့ အားလုံး တရားဝင်စာတွေနဲ့ရေးပြီးတော့ တင်ခဲ့ပါတယ်။ ဘာမှ အရေးယူခြင်းဆိုတာ ကျမတို့ မတွေ့ခဲ့ ပါဘူး။ ဘာမှလည်း တုံ့ပြန်ခြင်းဆိုတာ မရှိခဲ့ပါဘူး။ ကျမတို့ကိုလည်း စာပြန်တယ်ရယ်လို့ မရှိခဲ့ပါဘူး။

ဧရာဝတီတိုင်း စည်းရုံးရေးခရီးစဉ်မထွက်ခင်က ကျမဟာ ဗိုလ်မှူးချုပ်ခင်ညွန့်ကို စာရေးခဲ့ပါတယ်။ ကျမ ဧရာဝတီတိုင်း စည်းရုံးရေးခရီးစဉ်နဲ့ ပတ်သက်လို့ ရွေးကောက်ပွဲများနဲ့ပတ်သက်လို့ ဗိုလ်မှူးချုပ်ခင်ညွန့်နဲ့လာပြီးတော့ ဆွေးနွေးတိုင်ပင်ချင်ပါတယ်။ ဒီလိုပြောရတဲ့အကြောင်းဟာ တင်းမာတယ်ဆိုတာ ကျမတို့ သိပြီးသား၊ ဧရာဝတီတိုင်းသွားလို့ရှိရင် ဗိုလ်မှူးချုပ်မြင့်အောင်ဟာ ပြဿနာရှာမယ်ဆိုတာ ကျမတို့ သိပြီးသား ဖြစ်ပါတယ်။ ပြဿနာတွေ မတက်စေချင်လို့။ နောက်ပြီးတော့လည်း ကျမအနေနဲ့ မေမေ့ဈာပနကိစ္စနဲ့ ပတ်သက်လို့ အားလုံး ပြေလည်အောင်လို့ ချောမောအောင်လို့ လုပ်နိုင်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟပ်မတော်နဲ့ ပြည်သူအကြားမှာ၊ တပ်မတော်နဲ့ ဒီမိုကရေစီအဖွဲ့အစည်းများ အကြားမှာ၊ 'နဝတ'နဲ့ဒီမိုကရေစီ အင်အားစုများအကြားမှာ ပြေလည်အောင်လို့ လုပ်နိုင်ခဲ့တယ်။

အဲဒီတော့ ကျမတို့ တိုင်းပြည်အပေါ်မှာ စေတနာထားတယ်၊ အားလုံး ချောချောမောမောနဲ့ ဖြစ်သွားစေချင်တယ်ဆိုလို့ရှိရင် ဒီလိုပဲ ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်းအားဖြင့် ပြေလည်မှုကိုရှာနိုင်မယ်လို့ ကျမ ယုံကြည်လို့ ဒီအတိုင်းပဲ ဗိုလ်မှူးချုပ်ခင်ညွန့်ကို စာရေးခဲ့ပါတယ်။ ဗိုလ်မှူးချုပ်ခင်ညွန့်က အဲဒီတုန်းကတော့ စာပြန်ပါတယ်။ အချိန်မရှိတာမို့လို့ အခြားနိုင်ငံရေးပါတီတွေကလည်း တွေ့ချင်တဲ့ဟာတွေ သိပ်များနေတဲ့အတွက်ကြောင့်မို့လို့ မတွေ့နိုင်ပါဘူးလို့ စာပြန်ပါတယ်။ ဒါနဲ့ ကျမတို့ ဇရာဝတီတိုင်း စည်းရုံးရေးခရီးစဉ်ကို ထွက်ခဲ့တယ်။ စည်းရုံးရေးခရီးစဉ် တလျှောက်လုံးမှာ ကျမတို့ကို အမျိုးမျိုး တိုက်ခိုက်တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အခု ကျမ ထူးထူးထွေထွေ မပြောတော့ပါဘူး။ အားလုံး ဒီကသတင်းထောက်များလည်း ကြားပြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ နည်းအမျိုးမျိုးနဲ့ ကျမတို့ကို တိုက်ခိုက်ရုံတင်မကဘူး။ ပြည်သူလူထုကို အတင်းအကြပ် ခြိမ်းခြောက်ခဲ့တယ်။ ကျမတို့ကို ထွက်ကြည့်ရင်ပင် ပစ်သတ်မယ်ဆိုတဲ့အထိ ခြိမ်းခြောက်ခဲ့တယ်။ အဲဒီကိစ္စတွေနဲ့ပတ်သက်လို့လည်း ကျမတို့ 'နဝတ'ကို တင်ပြခဲ့တာပဲ။ ဘာမှ အရေးမယူဘူး။ လျစ်လျူရှုထားလိုက်တယ်။ ဒါ မဆိုင်သလို နေလိုက်တယ်။ မဆိုင်သလိုနေလို့ ဘယ်ရမလဲ။ ဆိုင်တာပေါ့။ 'နဝတ'အနေနဲ့ အများကြီး တာဝန်ရှိတာပေါ့၊ တိုင်းပြည် အခြေအနေတွေနဲ့ပတ်သက်လို့။ အဲဒီကတည်းက 'နဝတ' စေတနာဟာ မှန်ပါရဲ့လားဆိုတာ သိပ်စဉ်းစားရမယ့် ပြဿနာကြီးဖြစ်လာပြီ။

'နဝတ'ဟာ တကယ်ပဲ စေတနာမှန်တယ်ဆိုလို့ရှိရင် ဘာဖြစ်လို့ ဒီလောက်တောင်မှ မတော်မတရားဖြစ်နေတဲ့ကိစ္စတွေကို လျစ်လျူရှုနေသလဲ။ မတော်မတရား 'မဝတ'များ၊ 'ဟဝတ'များ လုပ်နေတာကို ဘာဖြစ်လို့ မသိချင်ဟန် ဆောင်နေသလဲ။ ဘာဖြစ်လို့ ကျမတို့ တင်ပြချက်များကို ဂရုတစိုက်၊ ဂရုတစိုက်လုပ်ဖို့တောင်မှ မဟုတ်ပါဘူး၊ နဲနဲပါးပါးလေးများ ဒီစာကို ရတယ်ဆိုလို့ရှိရင်တောင်မှ တခုခုပဲ၊ စာရတယ်လို့တောင် အသိအမှတ် မပြုဘူး။ လုံးလုံး ဂရုမစိုက်တဲ့ အနေအထားနဲ့နေတယ်။ ဒါဟာ အင်မတန်မှ မသင့်တော်တာပဲ။

ကျမတို့အဖွဲ့ချုပ်ကို တရားဝင်မှတ်ပုံတင်ခွင့်ပေးထားတယ်။ တခြား ဒီမိုကရေစီ လိုလားတဲ့ နိုင်ငံရေးပါတီများကိုလည်း တရားဝင်မှတ်ပုံတင်ခွင့် ပေးထားတယ်။ ဒီလို တရားဝင် မှတ်ပုံတင်ခွင့်ပေးထားပြီးမှတော့ တရားဝင် မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေကို လုံခြုံမှု ပေးသင့်ပါတယ်။ ဒီလို လုံခြုံမှု မပေးတဲ့အပြင် တိုက်ခိုက်နေတာတွေကို ကြည့်ပြီးတော့ လက်ခုတ်များ တီးနေသလားဆိုတာ စဉ်းစားရတဲ့ အခြေအနေကို ရောက်သွားပါတယ်။ အဲဒီကနေတဖြေးဖြေး ကျမတို့ဟာ 'နဝတ'အနေနဲ့ ကျမတို့ရဲ့ ရှိသင့်ရှိထိုက်တဲ့ အခွင့်အရေးတွေကို မကာကွယ်ပေးနိုင်ရင်တော့ ကိုယ့်ဟာကိုပဲ ကာကွယ်ပေး ရတော့မှာပဲ။ ကျမတို့ကို တိုက်ခိုက်နေတဲ့ 'မဝတ'များ၊ 'တဝတ'များကို



'နဝတ'က ကြည့်ပြီး မထိန်းရင်တော့ ကျမတို့ကိုယ်တိုင်သာ ကိုယ့်ရဲ့ ကာကွယ်ရေးအတွက် လုပ်ရမယ်ဆိုတဲ့ဟာကို ကျမတို့ နားလည်လာပါတယ်။

ဒါကြောင့်မို့လို့ ကျမ နောက်ပိုင်း ရှင်းရှင်းလင်းလင်းပဲ ပြောပါတယ်။ 'နဝတ'အနေနဲ့ 'ကြား'နေတာမှ ဟုတ်ရဲ့လား ဗိုလ်ချုပ်မှူးကြီးစောမောင်ဟာ 'နဝတ' 'ကြား'နေမယ်လို့ ပြောခဲ့တယ်။ တပ်မတော်ဟာ 'ကြား'နေမယ်လို့ ပြောခဲ့တယ်။ ဒါပေမယ့် ကျမတို့ မြင်ရသလောက်တော့ တပ်မတော်ထဲက 'နဝတ'၊ 'တဝတ'၊ 'မဝတ' အစရှိတဲ့ အဖွဲ့အစည်းတွေထဲက အရာရှိတချို့ဟာ 'ကြား'နေမှုမရှိပါဘူး။ ဒီမိုကရေစီအင်အားစုတွေကို တိုက်ခိုက်နေပါတယ်။ ဒါဟာ ကျမတို့ ကွက်ကွက်ကွင်းကွင်း မြင်နေရပါတယ်။ ဒီအတိုင်းပဲ ကျမ ပြောပါတယ်။ ဒီတော့ 'နဝတ'ထဲမှာရော၊ 'တဝတ'၊ 'မဝတ'တို့ထဲမှာရော၊ တပ်မတော်ထဲမှာရော မှန်မှန်ကန်ကန် လုပ်ချင်တဲ့သူများ ရှိတယ်လို့ ကျမ ယုံကြည်တယ်၊ ကျမ ပြောခဲ့တယ်။ ဒီလို ပြောချင်တာ မှန်မှန်ကန်ကန် လုပ်ချင်တဲ့လူတွေကို မစော်ကားချင်လို့ပဲ။ တပ်မတော် တခုလုံးကို ခြုံပြီးတော့ တိုက်ခိုက်မှုကို ကျမ လုံးလုံး မလိုလားပါဘူး။

ပြည်သူလူထုရော၊ ဒီမိုကရေစီအင်အားစုရော၊ အရင် ၁၉၈၈ခုနှစ် ဖြစ်ရပ်တွေကြောင့်မို့လို့ နာကျည်းပြီးတော့ တပ်မတော်ကို တိုက်ခိုက်တယ် ဆိုတာ လူတိုင်းအသိပါပဲ။ ဒီတပ်မတော်၊ တပ်မတော်ဆိုပြီး တိုက်ခိုက်တာကို မကြိုက်လို့ ကျမက ဒီလိုခွဲခြားပြီးတော့ ပြောတာ။ တပ်မတော်ထဲမှာ အားလုံးဆိုးတာ မဟုတ်ဘူး။ ဆိုးတဲ့လူတွေရှိသလို ကောင်းတဲ့လူတွေလည်း ရှိတယ်။ တကယ်ဆိုလို့ရှိရင် ဒီလို တပ်မတော် နာမည်ပျက်စေတာက ကိုယ့်ရဲ့ အာဏာတည်တံ့ခိုင်မြဲရေးအတွက်လုပ်နေတဲ့ လူနည်းစု လူတစုကြောင့်သာ ဖြစ်ပါတယ်ဆိုပြီးတော့ ကျမပြောခဲ့ပါတယ်။

ဒီလိုပြောခဲ့တာကို ကျမဟာ တပ်မတော် ပြိုကွဲအောင်လုပ်တယ် ဆိုပြီးတော့ 'နဝတ'က ကျမကို စွပ်စွဲတယ်။ ဘယ်လို ပြောစေချင်သလဲ။ တပ်မတော်ထဲမှာ လူဆိုးချည်းပဲလို့ ပြောစေချင်သလား။ မပြောနိုင်ပါဘူး။ ဒါ မှန်တဲ့ကိစ္စမှ မဟုတ်ပဲ။ တပ်မတော်ထဲမှာ လူကောင်းတွေရှိရင် ရှိတယ်လို့ ကျမတို့ ပြောရမယ်။ တပ်မတော်ထဲမှာ လူဆိုးတွေရှိရင် ရှိတယ်လို့ ကျမတို့ ပြောရမှာပဲ။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာလည်း လူကောင်းတွေ ရှိတာပဲ။ လူဆိုးတွေလည်း ရှိတာပဲ။ ဒါကို ရဲရဲဝံ့ဝံ့ ပြောရဲပါတယ်။

ကျမတို့ထဲမှာ ဆိုးတဲ့လူတွေရှိရင် ကျမတို့ ထိန်းသွားမယ်။ ဒီဆိုးတဲ့ လူတွေကို ကောင်းအောင်လို့ ပြုပြင်မယ်။ ပြုပြင်လို့မရရင် ထုတ်ပစ်လိုက်မယ်၊ ဒီအတိုင်းပဲ ကျမတို့ လုပ်သွားမှာပဲ၊ ဒီတော့ ကျမတို့ဟာ 'နဝတ'နဲ့ တပ်မတော်ထဲမှာလည်း ဒီအတိုင်းပဲ၊ ကောင်းတဲ့လူတွေရှိသလို ဆိုးတဲ့လူတွေ လည်း ရှိတယ်ဆိုတာ ထောက်ပြတယ်။ ဒါကို တပ်မတော်ပြိုကွဲအောင် လုပ်တယ်ဆိုပြီး ကျမကို စွပ်စွဲပါတယ်။

တပ်မတော်ပြိုကွဲရေးဆိုတာ ကျမ လုံးလုံးမလိုလားပါဘူး။ ဒါကြောင့် မို့ ကျမ ပြောပါတယ်။ တပ်မတော်ကို ပြိုကွဲအောင်လုပ်တယ်ဆိုတာ မဟုတ်မ ဟောင်းပြီးတော့ ပြောပါတယ်။ ဟည့်တည့်တော့ မပြောဘူး။ နိုင်ငံရေးပါတီ

www.burmeseclassic.com

www.burmeseclassic.com

တခုက၊ နိုင်ငံရေးပါတီတခုရဲ့ ခေါင်းဆောင်ခေါ်သူတဦးက စသည်ဖြင့်ပေါ့လေ၊ အမျိုးမျိုး အသုံးအနှုန်းလေးတွေ၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာက အင်မတန်မှ တော်ပါတယ်၊ ဒီလို အသုံးအနှုန်းလေးတွေနဲ့ ပတ်သက်လို့။ အဲဒီတော့ ဒီလိုအသုံးအနှုန်းလေးတွေနဲ့ ကျမတို့ကို တိုက်ခိုက်လာပါတယ်။ တိုက်ခိုက်လာတဲ့ အခါကျတော့ ကျမကတော့ ဒီလို စောင်းပြီးတော့ တိုက်ခိုက်တာမျိုး နားမလည်ဘူး၊ လုပ်လည်း မလုပ်ချင်ဘူး။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း တည့်တည့်မတ်မတ်ပဲ ပြောချင်တယ်။ ဒါကြောင့်မို့လို့ပဲ ကျမ ပြောတယ်။ ကျမတို့ကို ဒီလိုတိုက်လာတယ်။

တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင်လို့ လုပ်တယ်။ ကဲ ဒီလိုဆိုလို့ရှိရင်တော့ ကျမတို့ ရှင်းရှင်း ဒီကိစ္စတွေကို ကိုင်တွယ်ရတော့မယ်။ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင်လုပ်ခဲ့တာ ဘယ်သူ လုပ်ခဲ့တာလဲ။ ဦးနေဝင်း လုပ်ခဲ့တာပဲ။ ကျမ ထောက်ပြတာပဲ။ ဦးနေဝင်းဟာ (၂၆)နှစ်အတွင်း မဆလပါတီ တည်တံ့ခိုင်မြဲရေးဆိုတာဟာ သူတယောက်ရဲ့ အာဏာ တည်တံ့ခိုင်မြဲရေးအတွက် လုပ်ခဲ့တာပါပဲ။ အဲဒီလို လုပ်တဲ့နေရာမှာ တပ်မတော်ကို သူ့ရဲ့လက်ကိုင်တုတ်အနေနဲ့ သုံးခဲ့တယ်။ ဒီတော့ ကျမ ဒါကိုပြောခဲ့တာ။

ဦးနေဝင်းဟာ တပ်မတော်ကို မိမိရဲ့အာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်ကိုင်တုတ်အဖြစ်သုံးခဲ့လို့ တပ်မတော်နဲ့ပြည်သူကြားမှာ စိတ်ဝမ်းကွဲရတယ်။ တပ်မတော်ရဲ့ဂုဏ်သိက္ခာဟာ ကျဆင်းခဲ့ရတယ်။ ဒါ ကျမ ပြောခဲ့တယ်။ မှန်တယ်။ ထပ်ပြီး ပြောမယ်။ ဒါ တပ်မတော် ပြိုကွဲရေးအတွက် မဟုတ်ဘူး။ တပ်မတော်ကို အလွဲသုံးစားလုပ်ခဲ့တာ နာကျည်းလွန်းလို့ ကျမ ပြောတာ။ ဒီလို တပ်မတော်ကို အလွဲသုံးစား မလုပ်သင့်ဘူးဆိုတာ ထုတ်ပြချင်လို့ ကျမ ပြောတာ။

တပ်မတော်ထဲမှာရှိတဲ့ အရာရှိတွေနဲ့၊ 'နဝတ'ထဲမှာရှိတဲ့ အရာရှိများဟာလည်း လူတဦးတယောက် ကောင်းကျိုးအတွက်၊ လူတဦးတယောက် အာဏာ တည်တံ့ခိုင်မြဲရေးအတွက် မလုပ်သင့်ဘူးဆိုတာ ကျမ ထောက်ပြချင်လို့ ပြောတာပဲ။ ဒီအတိုင်းပဲ ကျမ ဆက်ပြီးတော့ ပြောသွားမှာဖြစ်ပါတယ်။ ဒါလည်း တပ်မတော်ပြိုကွဲရေးအတွက် ပြောတာမဟုတ်ပါဘူး။ တပ်မတော်ဟာ ဂုဏ်သိက္ခာရှိရှိနဲ့ ဒီတိုင်းပြည်မှာ တည်တံ့ခိုင်မြဲရေးအတွက် ကျမ ပြောသွားတာပါ။ တပ်မတော်က ညီညီညွတ်ညွတ်နဲ့ ပြည်သူလူထုဖက်က ရပ်တည်ဖို့အတွက် ပြောသွားတာပါ။

တပ်မတော်ဟာ တနိုင်ငံလုံးအတွက် ဖြစ်ပါတယ်။ လူတယောက် အတွက် မဟုတ်ပါဘူး။ လူတစုအတွက် မဟုတ်ပါဘူးဆိုတာ ဖေဖေ တပ်မတော်ကို ထူထောင်ကတည်းက ပြောခဲ့တဲ့ ကိစ္စပါ။ ဒီအတိုင်းပဲ ကျမ ဆက်ပြီး ပြောသွားမှာပဲ။ အဲဒီတော့ ဒီဟာပြောတာကို ဘယ်လို တပ်မတော် ပြိုကွဲအောင် လုပ်သလဲဆိုတာ ကျမ မေးရမှာပဲ။ ဘာမှ တပ်မတော်ကို ပြိုကွဲစေချင်တဲ့စိတ်တွေ မပါပါဘူး။



တခါထဲဆက်ပြီးတော့ ပြောရမှာ နည်းနည်းတော့ ကလေးကလားတော့ ဆန်ပါတယ်။ ဒါပေမယ့်လည်း ပြောစရာရှိတာတော့ ပြောသွားရမှာပဲ။ ကျမကနေ ပြီးတော့လည်း မိုမိုမြင့်အောင်လို တပ်မတော်ကို သဝဏ်လွှာတွေ ဘာတွေပို့ပြီးတော့ အားမပေးဘူးဆိုတဲ့ ကိစ္စပါ။ ဒါ ကျမ မနေ့က အင်းစိန်မှာလည်း ပြောခဲ့ပါတယ်။ ကျမအနေနဲ့တော့ မယ်သဝေါမှာ တပ်မတော်သားတွေ တိုက်နေတာ သဝဏ်လွှာတော့ မပို့ခဲ့ဘူး၊ ဟုတ်တယ်၊ အခုလည်း ပို့ဖို့ မစဉ်းစားပါဘူး။ ဒါပေမယ့် မယ်သဝေါမှာသွားပြီးတော့ ဒီတပ်မတော်သားများကို နှစ်သိမ့်ပါဆိုရင် ကျမ နှစ်သိမ့်မယ်။ မနက်ဖြန်သွားဆိုရင် ကျမ သွားမယ်။ ကျမ သွားရဲပါတယ်။ ကျမ တပ်မတော်သားများအပေါ် စေတနာ အပြည့်အဝထားပါတယ်။ အဝေးကနေပြီးတော့ စာရေးနေရုံနဲ့တော့ မကျေနပ်နေပါဘူး။ တကယ်ပဲ သွားပြီးတော့ ကျမ ပြုစုပေးပါမယ်။ အဲဒီတော့ တကယ်ပဲ တပ်မတော်အပေါ်မှာ စေတနာရှိလား၊ မရှိလား 'နဝတ'က သိစေချင်လို့ရှိရင် ကျမကို မယ်သဝေါသွားဖို့ ဖိတ်ခေါ်လိုက်ပါ။ ကျမ သွားပါ့မယ်။ ဒီလို မဟုတ်မမှန်တဲ့ သေးသိမ်တဲ့နည်းတွေနဲ့ ကျမနဲ့တပ်မတော်ကြား စိတ်ဝမ်းကွဲအောင်လုပ်နေတာ ကျမ နည်းနည်းမှ မကြိုက်ပါဘူး။

ပြည်သူလူထုနဲ့ တပ်မတော်ကြားမှာ ကျမက စိတ်ဝမ်းကွဲအောင် လုပ်တယ်လို့ပြောတယ်။ အမှန်မှာကတော့ ကျမနဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင် အခု 'နဝတ'က လုပ်နေတယ်။ ဒါ ဘာဖြစ်လို့ လုပ်နေတာလဲ။ ကျမ မေးရမှာပဲ။ ဦးနေဝင်းရဲ့ ညွှန်ကြားချက်အရ လုပ်နေတာလားလို့ ကျမ မေးချင်ပါတယ်။ ဒီလိုမေးတဲ့အခါကျတော့ ဘယ်လိုပြန်ဖြေမလဲ၊ ကျမက တပ်မတော်ကို ပြိုကွဲအောင်လုပ်တယ်လို့ ပြန်ဖြေမှာလား။ ဘာမှ ကျမ တပ်မတော်ကို ပြိုကွဲအောင် လုပ်တဲ့ကိစ္စတွေ မပါပါဘူး။ ဒါ ပထမ အချက်။ ကျမ တပ်မတော်ကို မပြိုကွဲစေချင်ဘူး။ တပ်မတော်ထဲက မှန်မှန်ကန်ကန် ဂုဏ်သိက္ခာရှိရှိနဲ့ နိုင်ငံတော်ရဲ့ သစ္စာခံများ ဖြစ်စေချင်တယ်။ ဒါတော့ ကျမ ထပ်တလဲလဲ ပြောသွားမှာပဲ။

ဒုတိယကိစ္စကတော့ ဗကပကိစ္စ။ ကျမတို့ကို ကွန်မြူနစ်၊ ကွန်မြူနစ် ဆိုပြီးတော့ စွပ်စွဲတာ ကြာပါပြီ။ နည်းအမျိုးမျိုးနဲ့ စွပ်စွဲခဲ့တယ်။ ဦးအောင်ကြီးက စွပ်စွဲခဲ့တယ်။ 'နဝတ'က စွပ်စွဲခဲ့တယ်။ တပ်မတော်ထဲက တချို့က စွပ်စွဲခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တပ်မတော်ထဲမှာ မမှန်ကန်တဲ့ ဝါဒဖြန့်ချီရေးတွေရှိတယ်လို့ ကျမ ပြောခဲ့တယ်။ ကျမထပ်ပြီးတော့ ပြောပါ့မယ်။ ကျမ ဒီကိစ္စကို ဗိုလ်ချုပ်ကြီးစောမောင်ကို မျက်နှာချင်းဆိုင်ပြီးတော့ကို ပြောခဲ့တယ်။ တပ်မတော်ထဲမှာ ကျမနဲ့ပတ်သက်လို့ မဟုတ်မမှန်ကန်တဲ့ ဝါဒဖြန့်ချီရေးတွေ လုပ်နေပါတယ်။ ဒါကို ကျမ မကြိုက်ပါဘူးဆိုတာ ကျမ ပြောခဲ့ပါတယ်။

တပ်မတော်ထဲမှာ ဆိုလို့ရှိရင် ကျမကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာတွေရှိတယ်။ ကွန်မြူနစ်ဆိုပြီး တိုက်ခိုက်တာတွေရှိတယ်။ [illegible] ဘာကြောင့်များ ကျမကို ကွန်မြူနစ်ဆိုပြီးတော့ တိုက်ခိုက်[illegible]။ တခါတလေကျတော့ ကျမကို CIA ဆိုပြီးတော့ တိုက်ခိုက်လိုက်[illegible]တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ CIA နဲ့ ကွန်မြူနစ်ဆိုတာ မတူဘူးဆိုတာ နားလည်ကြရဲ့လား။ ကွန်မြူနစ်နဲ့ဒီမိုကရေစီ မတူဘူးဆိုတာလည်း နားလည်ကြရဲ့လား။ ဒီလိုပဲ ကျမ မေးရတော့မှာပဲ။ ဟိုတနေ့ကလား၊ မနေ့ကလား လုပ်သားပြည်သူ့နေ့စဉ် သတင်းစာထဲမှာ ပါပါတယ်။ ဒီမိုကရေစီနဲ့ကွန်မြူနစ်ဆိုတာ ပြဒါးတလမ်း၊ သံတလမ်းပါတဲ့။ မှန်ပါတယ်။ ကျမတို့ သိပါတယ်။ ကျမတို့က ဒီမိုကရေစီပါ။ ဒီတော့ လုပ်သားပြည်သူ့အနေနဲ့ ဒီလောက်သိနေပြီဆိုရင် ကျမတို့ဟာ ကွန်မြူနစ်မဟုတ်နိုင်ဘူးဆိုတာ သိဖို့လိုပါတယ်။ ကျမတို့ဟာ ဒီမိုကရေစီအတွက် လုပ်နေတဲ့ အင်အားစုတွေပါ။

ဒီ ဗကပ၊ ဗကပ ဆိုပြီးတော့ပြောနေတာ ကျမဆိုရင် ဗကပ၊ ခေါင်းထဲတောင် မထည့်ဘူး။ 'နဝတ'ကသာ ဗကပအကြောင်း တချိန်လုံး စဉ်းစားနေတာ။ အဲဒီတော့ ဗကပ နည်းလမ်းတွေကို ကျမတို့က သုံးနေတယ်တဲ့၊ ကျမတို့ဟာ အမိန့်အာဏာ၊ မတရားတဲ့အမိန့်အာဏာ၊ ဒါကလည်း 'နဝတ'က သုံးစွဲသွားတဲ့ အသုံးအနှုန်းပါနော်။ ကျမတို့ ပြောတဲ့အတိုင်းပါပဲ၊ မတရားတဲ့ အမိန့်အာဏာများကိုသာ ကျမတို့ ဖီဆန်မှာပါ၊ ဒီအတိုင်း ကျမတို့ ပြောသွားပါတယ်။ ဒါလည်း 'နဝတ' သတင်းစာရှင်းလင်းပွဲမှာတော့ မှန်မှန်ကန်ကန် အဲဒီလောက်တော့ ပြောသွားပါတယ်။ ကျမတို့ဟာ မတရားတဲ့အမိန့်အာဏာတွေကို ဖီဆန်ဖို့ ရည်ရွယ်တယ်လို့။ ဟုတ်ပါတယ်။ မတရားတဲ့အမိန့်အာဏာတွေ ကျမတို့ ဖီဆန်မှာပါ။ မတရားတဲ့ အမိန့်အာဏာဖီဆန်ရေးနဲ့ ပတ်သက်လို့ ကျမတို့ စဉ်းစားလို့ရှိရင် ကျမခေါင်းထဲမှာ ဗကပရယ်လို့ ဘယ်တော့မှ မပေါ်လာဘူး။ မဟတ္တမဂန္ဒီတို့၊ အဲဒီလိုလူတွေပဲ ကျမခေါင်းထဲမှာ ပေါ်ပေါ်လာပါတယ်။ ဒီလို မဟတ္တမဂန္ဒီတို့လို မှန်မှန်ကန်ကန်နဲ့ မိမိတို့ရဲ့တိုင်းပြည်အကျိုးအတွက် ထမ်းဆောင်သွားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့မျက်နှာသာ ကျမမျက်စိရှေ့မှာ ပေါ်လာပါတယ်။ 'နဝတ'မျက်စိရှေ့မှာတော့ ဘယ့်နှယ့် ဗကပ ပေါ်ပေါ်နေမှန်း ကျမ မသိပါဘူး။ ဒီတော့ ကျမတို့ဟာ ဗကပနည်းလမ်းတွေကို သုံးတာ မဟုတ်ပါဘူး။ စည်းကမ်းရှိရှိနဲ့ ဒီမိုကရေစီနည်းလမ်းကျကျနဲ့ မတရားတဲ့အမိန့်အာဏာတွေ ဖီဆန်ဖို့ဆိုပြီးတော့ ကျမတို့စီစဉ်တာ ဖြစ်ပါတယ်။ သေသေချာချာလည်း ကျမတို့ အကြောင်းကြားပါတယ်။

(၂၁)ရက်နေ့ မြေနီကုန်းတုန်းကဆိုလို့ရှိရင် ကျမတို့ 'မဝတ'ရုံးခေါ်ပြီးတော့ ဆွေးနွေးတဲ့အခါတုန်းက တွေ့ခဲ့တဲ့ဗိုလ်မှူးကြီးကို ကျမ ပြောခဲ့ပါတယ်။ ကျမတို့ဟာ မတရားတဲ့ အမိန့်အာဏာဖြစ်တဲ့ ကျမတို့ရဲ့ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေပိုင်ခွင့်ကို ဟန့်တားတဲ့အမိန့်ကို ဖီဆန်မလို့ ဖြစ်ပါတယ်။ ဒီလို ဖီဆန်တဲ့နေရာမှာ ကျမတို့ဟာ စနစ်တကျ၊ စည်းကမ်းရှိရှိ ဖီဆန်သွားမှာပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ တာဝန်ယူမယ့် ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီအာဏာဖီဆန်ရေးနဲ့ ပတ်သက်လို့ ဖြစ်ပေါ်လာမယ့် ကိစ္စမှန်သမျှကို ခေါင်းခံမယ့် ပုဂ္ဂိုလ်တွေ ရှိပြီးသားပါ။ ကျမတို့ကိုလာပြီးတော့ အကြောင်းကြားပါ။ ဒီလူတွေဟာ တာဝန်ယူပါ့မယ်လို့ ကျမ သေသေချာချာ ပြောသွားပါတယ်။ ဘာမှ မတရားတဲ့နည်းတွေနဲ့၊ လျှို့ဝှက်တဲ့နည်းတွေနဲ့၊



ကျမ 'နဝတ'ကို ဒီကနေ ပြောလိုက်ပါတယ်။ တကယ်ပဲ
ပြေလည်စေချင်တယ်၊ တကယ်ပဲ ကျမတို့အဖွဲ့ချုပ်နဲ့ ဒီမိုရေစီအင်အားစုနဲ့
'နဝတ'ကြားမှာ ပြေလည်မှုလိုချင်တယ် ဆိုလို့ရှိရင် ဆွေးနွေးပါ၊ ပြောပါ၊
ခေါ်ပါ။ ကျမတို့က အောက်ကျနောက်ကျ ရှိတယ်ဆိုပြီး လုံးလုံး
...တ်ထဲမှာမထားပါဘူး။ အခုလာ ဆိုလို့ရှိရင် အခုသွားပါမယ်။ ဆွေးနွေးမယ်။
...ိုင်ပင်မယ်။ ဘယ်လိုပြေလည်အောင်လုပ်ရမလဲ။ ကျမတို့ ညှိနှိုင်းမယ်။ ဒါဟာ
နိုင်ငံရေးနည်းပါ။ ကျမတို့ဟာ နိုင်ငံရေးနည်းကို ယုံကြည်ပါတယ်။

* * *

တပ်မတော်ထဲမှာ အားလုံး ဆိုးတာမဟုတ်ဘူး။ ဆိုးတဲ့လူတွေရှိသလို
ကောင်းတဲ့လူတွေလည်း ရှိတယ်။ တကယ်ဆိုလို့ရှိရင် ဒီလိုတပ်မတော်
...ာမည်ပျက်စေတာက ကိုယ့်ရဲ့အာဏာတည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတဲ့
လူနည်းစု လူတစုကြောင့်သာ ဖြစ်ပါတယ်

* * *

'နဝတ'လူကြီးများဟာ တကယ်ပဲ ဗုဒ္ဓဘာသာကို ရိုသေတယ်၊ လေးစားတယ်၊
တကယ်ပဲ ကျမတို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားကို ရိုသေတယ်၊ လေးစားတယ်
ဆိုလို့ရှိရင် ပါဏာတိပါတာနဲ့ မုသာဝါဒကိုတော့ ရှောင်ကျဉ်ကြပါလို့
ကျမ ပြောရမှာပဲ။

* * *

အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှကို တာဝန်အရ
ဖီဆန်ကြပါ။ တာဝန်အရ ဖီဆန်ရမယ်။ လူတိုင်းလူတိုင်းမှာ တာဝန်ရှိတယ်။
...ူတိုင်းလူတိုင်းမှာ အခြေခံလူ့အခွင့်အရေးတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မှုတွေနဲ့၊ ဆူပူတဲ့နည်းတွေနဲ့ လုပ်ဖို့မဟုတ်ဘူး၊ မရှိဘူးဆိုတာ ရှင်းပါတယ်။ သေသေချာချာကို ကျွမတို့ ဘယ်လိုလုပ်မလဲဆိုတာ ပြောသွားပါတယ်။

ကျမတို့ဟာ ဆက်ပြီးတော့ ထုတ်သင့်တဲ့ စာရွက်စာတမ်းတွေကို ကျမတို့ ဆက်ပြီးတော့ ထုတ်ပါ့မယ်။ ဒီစာရွက်စာတမ်းတွေကို ဆက်ပြီးတော့ တတ်နိုင်သမျှ ပြည်သူလူထုက ပြန့်ပွားကြပါလို့ ကျမ တောင်းခံပါ့မယ်။ ဒီအတိုင်းပဲ လုပ်သွားမယ်ဆိုပြီးတော့ ကျမ ပွင့်ပွင့်လင်းလင်းပြောသွားပါတယ်။

နောက်ပြီးတော့ ကျမ်တို့လုပ်မယ့် အခမ်းအနားတွေနဲ့၊ ကျင်းပမယ့် အခမ်းအနားတွေနဲ့ ပတ်သက်လို့၊ နောက် တလ နှစ်လအတွင်း ဇူလိုင်လ (၇)ရက်နေ့၊ ဇူလိုင်လ (၁၉)ရက်နေ့၊ ဩဂုတ်လ (၈)ရက်နေ့၊ စက်တင်ဘာလ (၁၈)ရက်နေ့ စသည်ဖြင့် အဲ့ဒီနေ့တွေနဲ့ပတ်သက်လို့ ကျမတို့ အခမ်းအနားတွေ ကျင်းပသွားဖို့ အစီအစဉ်တွေ ရှိပါတယ်။ ဒီအခမ်းအနားတွေနဲ့ ပတ်သက်လို့ ဘယ်လို ကျင်းပမယ်ဆိုတာဟာ သိချင်လို့ရှိရင် ကျမတို့ကို ဆွေးနွေးပါ၊ တိုင်ပင်ပါ၊ ညှိနှိုင်းပါ။ ဘယ်လို ဖြစ်စေချင်တယ်ဆိုတာလည်း ကျမတို့ကို ပြောပါ။ ကျမတို့ ဆွေးနွေးပါ့မယ်။ ကျမ ဒီအထိ ပြောသွားပါတယ်။ ဒါတွေဘာဖြစ်လို့ ထည့်ပြီးမပြောလဲ။ အဆင်ပြေနိုင်မှုအတွက် ကျမ ကြိုးစားတဲ့ ကိစ္စတွေကိုတော့ ဖုံးကွယ်ထားတယ်။ ကျမက ဆူပူအောင်လှုံ့ဆော်နေတယ်လို့ တချိန်လုံး ပြောသွားပါတယ်။ ကျမ ဆူပူအောင် တခါမှ မလှုံ့ဆော်ခဲ့ဘူး၊ ဆူပူတာကို ကျမ မကြိုက်ဘူး။ သွေးကြွတဲ့ နိုင်ငံရေးလုပ်နည်းကို မကြိုက်ဘူးဆိုတာလည်း ကျမ ခဏခဏ ပြောသွားတယ်။

နောက်တော့လည်း တပ်မတော်ထဲမှာ မဟုတ်တဲ့ဝါဒဖြန့်ချီရေးတခုဟာ ကျမက ကျောင်းသားတွေကို အမျိုးမျိုး သွေးဆွပေးနေတယ်။ ကျောင်းသားတွေကို အသုံးပြုနေတယ်။ ကျောင်းသားတွေကို ဆူပူအောင်လို့ လုပ်ပေးနေတယ်၊ အားပေးနေတယ် ဆိုပြီးတော့ ပြောနေတယ်။ အဲ့ဒါလည်း လုံးလုံး မမှန်ပါဘူး။ ကျောင်းသားတွေကို ကျမ ပြောတာပဲ။ လက်သီးလက်မောင်း တန်းပြီးတော့လုပ်တဲ့ နိုင်ငံရေးမျိုး မကြိုက်ဘူး။ တချို့ကျောင်းသားများဟာ ဒီကိစ္စနဲ့ပတ်သက်လို့ မကျေမနပ်တောင်မှ ဖြစ်သွားသေးတယ်။ ကျမ ပြောတယ်၊ မကြိုက်ဘူးလို့။ ဒါ သွေးထွက်တဲ့ နိုင်ငံရေးမျိုးပဲလို့။ နိုင်ငံရေး လုပ်တယ်ဆိုတာ ခေါင်းအေးအေးနဲ့ လုပ်ရတာ။ စင်ပေါ်တက်ပြီးတော့ လက်ခုပ်ချူတဲ့ နိုင်ငံရေးမျိုး မကြိုက်ဘူးဆိုတာ ကျမ ပြောသွားတယ်။ အခုလည်း ကျမ ဒီအတိုင်းပဲ ဆက်ပြီးတော့ ပြောမှာပဲ။

ကျောင်းသားများဟာ နိုင်ငံရေးလုပ်ဖို့ တာဝန်ရှိတယ်။ ဒါပေမယ့် နိုင်ငံရေးလုပ်တဲ့နေရာမှာ မှန်မှန်ကန်ကန် လုပ်သွားရမယ်။ ပြည်သူလူထုကို လှုံ့ဆော်ပြီးတော့၊ သွေးဆူအောင်လုပ်ပြီးတော့ ကိုယ့်ကိုကိုယ် ထင်ပေါ် ကျော်ကြားတဲ့ လူတယောက်ဖြစ်ချင်လို့လုပ်တဲ့ နိုင်ငံရေးမျိုး မဖြစ်ရဘူးဆိုတာ ကျမ ခဏခဏ ပြောတယ်။ ဒါတွေကျတော့ 'နဝတ'က ဘာဖြစ်လို့ ထည့်ပြီးတော့ မပြောသလဲ။ ဒါလည်း ဘက်သက် မဟုတ် မမှန်တဲ့နည်းနဲ့ ကျမကို တိုက်ခိုက်တာပဲ။

နောက်ပြီးတော့ တခါတည်း ပြောသွားသေးတယ်။ ကျမက မြတ်စွာဘုရားကို စော်ကား ပုတ်ခတ်နေသလိုလို။ ဒါလည်း သက်သက်မဲ့ ကျမကို တိုက်ခိုက်တာပဲ။ ဒီကိစ္စနဲ့ပတ်သက်လို့ မြတ်စွာဘုရားဟာ သာမန် လူတယောက်သာ ဖြစ်တယ်လို့ ပြောတယ်ဆိုပြီးတော့ ကျမကို စွပ်စွဲ သွားတယ်။ ဒါ အင်မတန်မှ အောက်တန်းကျတဲ့ စွပ်စွဲချက်ပဲ။ ကျမ ပြောသွားတဲ့ဟာ ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်။ ဒါကျမတို့ ဆိုရိုးစကားပဲ။ ကျမ တီထွင်တဲ့စကား မဟုတ်ဘူး။ ကျမတို့ ဗမာလူမျိုးမှန်သမျှ ဒီစကားကို သိရမယ်။ ကြိုးစားလို့ရှိရင် ဘုရားဖြစ်နိုင်တယ်၊ ကြိုးစားကြပါ။ မြင့်မြင့် ကြံကြပါ။ ကျမက ပြောတယ်။ မြတ်စွာဘုရားဟာ လူ့ဘဝကနေပြီးတော့ ဘုရား ဖြစ်သွားတာပဲ။ အဲ့ဒီတော့ ကြိုးစားရင် ဘုရားဖြစ်တယ်ဆိုတဲ့အဆိုကို ခေါင်းထဲမှာ စွဲစွဲမြဲမြဲထားပြီးတော့ ကိုယ့်ကိုကိုယ် မြှင့်တင်ကြပါ။ ဒါကို ကျမ ပြောသွားတာပဲ။ မြတ်စွာဘုရားကို ဘယ်လိုမှ စော်ကားတာမဟုတ်ဘူး။ ဒါကိုလည်း သိလျက်သားနဲ့ 'နဝတ'ဟာ ကလေးဆန်ဆန် အောက်တန်းကျကျနဲ့ ကျမကို မမှန်ကန်တဲ့နည်းတွေနဲ့ တိုက်ခိုက်သွားတယ်။ ဒီတော့ ဗုဒ္ဓဘာသာ မဟုတ်ကြလို့လား။

'နဝတ'များဟာ၊ 'နဝတ'အရာရှိများဟာ ဗုဒ္ဓဘာသာဝင်များဖြစ်လို့ရှိရင် သိသင့်သိထိုက်ပါတယ်။ မြတ်စွာဘုရားဆိုတာ လူ့လောကကမှ ပွင့်နိုင်တာ။ ဗြဟ္မလောကတို့၊ နတ်လောကတို့ကနေ မပွင့်နိုင်ဘူး။ လူ့ဘဝကမှ ဘုရား ပွင့်နိုင်တယ်ဆိုတာ 'နဝတ'ကလူကြီးများ မသိကြဘူးလား။ နောက် ဒီလောက်တောင်မှ ဗုဒ္ဓဘာသာကို ကိုင်းရှိုင်းတယ်ဆိုလို့ရှိရင် ပထမဦးဆုံး ငါးပါးသီလကိုသာ မြဲအောင်လုပ်ကြပါ။ ကျမဆိုတာလည်း တခါမှ ပါဏာတိပါတာ မကျူးလွန်ခဲ့ပါဘူး။ မုသာဝါဒ ဆိုတာလည်း တခါမှ မကျူးလွန်ခဲ့ဘူး။ အဲ့ဒီတော့ 'နဝတ'လူကြီးများဟာ တကယ်ပဲ ဗုဒ္ဓဘာသာကို ရိုသေတယ်၊ လေးစားတယ်၊ တကယ်ပဲ ကျမတို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားကို ရိုသေတယ်၊ လေးစားတယ်ဆိုလို့ရှိရင် ပါဏာတိပါတာနဲ့ မုသာဝါဒကိုတော့ ရှောင်ကျဉ်ကြပါလို့ ကျမ ပြောရမှာပဲ။

အဲ့ဒီလို မဟုတ်မမှန်တဲ့နည်းတွေနဲ့ တိုက်ခိုက်နေတာဟာ ပြေလည်မှု ရှာနေတာလား။ 'နဝတ'ကပြောသွားတော့ ညှိနှိုင်းဖို့၊ ဆွေးနွေးဖို့ တိုင်ပင်ဖို့ စဉ်းစားတဲ့အခါ ကျမတို့အနေနဲ့ အတိုက်အခိုက်တွေများလွန်းလို့ပဲ မညှိနှိုင်းနိုင် သလိုလို၊ မဆွေးနွေးနိုင် သလိုလို၊ မတိုင်ပင်နိုင် သလိုလို ပြောသွားတယ်။ ဘယ်နှစ်ခါရှိပြီလဲ၊ ကျမတို့ပြောသွားတာ။ ဆွေးနွေးပါ၊ ညှိနှိုင်းပါ၊ တိုင်ပင်ပါ၊ ပြေလည်မှုရှာပါ။ ဒါမှပဲ တိုင်းပြည်သက်သာမယ်။ ဒါမှလည်း လူထုဟာ သက်သာမယ်။ ခဏခဏ ပြောနေလျက်နဲ့ နိုင်ငံရေး အဖွဲ့အစည်းများ (၂၀၀) ကျော်တယ်၊ ဘယ်လိုလုပ် ဆွေးနွေးနိုင်မှာလဲ၊ အချိန်မပေးနိုင်ဘူးလို့ ဆိုပြီးတော့ ပြောသွားတယ်။ အခုကျတော့ ဘယ့်နှယ့် တမျိုးပြောပြန်ပြီ။ အဲ့ဒီလို ခုတမျိုး ခုတမျိုးပြောလွန်းလို့ ကျမတို့ဟာ 'နဝတ'အပေါ်မှာ ယုံကြည်မှု မရှိနိုင် တာပေါ့။ ဒါပေမယ့် ကျမ ပြန်ပြီးတော့ ပြောပါမယ်။ 'နဝတ'အားလုံးအပေါ်မှာ မဟုတ်ပါဘူး။ 'နဝတ'ထဲက လူနည်းစုပဲ။ 'နဝတ'ထဲက ဦးနေဝင်းရဲ့သစ္စာခံ

www.burmeseclassic.com

www.burmeseclassic.com

တချို့ကသာ ဒီလိုလုပ်နေတယ်လို့ ကျမက ယုံကြည်တယ်။ ဒီတော့ ကျမ ယုံကြည်ချက်အတိုင်းတော့ ကျမ ပြောသွားရမှာပဲ။ ဒါဟာ မမှန်ဘူးဆိုရင် ကျမကို ခေါ်ပြီးတော့ ရှင်းလင်းပါ။

ကျမကို နားလည်အောင်ပြောလို့ရှိရင် ကျမ နားလည်နိုင်ပါတယ်။ ကျမ ဒီလောက် မထုံပါဘူး။ သဘောပေါက်အောင် ပြောနိုင်လို့ရှိရင် ကျမ သဘောပေါက်ပါတယ်။ အဲ့ဒီတော့ ကျမတို့ကို သဘောပေါက်စေချင်လို့ရှိရင် ခေါ်ပါ၊ ဆွေးနွေးပါ၊ ရှင်းပြပါ။ ဒီလို မတရားတဲ့နည်းတွေနဲ့၊ မမှန်ကန်တဲ့ နည်းတွေနဲ့ တိုက်ခိုက်တာဟာ တိုင်းပြည်အတွက်လည်း အများကြီး ဂုဏ်သိက္ခာ ကျပါတယ်။ ကျမတို့နိုင်ငံရဲ့ တခုတည်းသော သတင်းစာက ဒီလိုနည်းတွေနဲ့ တိုက်ခိုက်နေတယ်၊ ဒီလို အောက်တန်းကျကျ ရေးသားနေတယ်ဆိုတော့ ကျမတို့နိုင်ငံအတွက် ဘယ်လောက် နစ်နာစရာကောင်းသလဲ။ ဘယ်လောက် ဝမ်းနည်းစရာကောင်းလဲ။

ကျမလည်း ဒီလုံးတို့၊ သာဂဒိုးတို့၊ ဒိုးကလေးတို့ ခေါင်းထဲမှာကိုလည်နေတာပဲ။ ဘာတွေမှန်းကို မသိဘူး၊ ပြောလိုက်တာတွေကလည်း အစမရှိ၊ အဆုံးမရှိ။ ဒါဟာအပြစ်လား ဟိုဟာအပြစ်လား။ ကျမကတော့ အားလုံး ခြုံပြီးတော့ ပြောလိုက်ချင်တယ်။ တိုင်းသူပြည်သားလူအများ စိတ်ဆင်းရဲစေတဲ့ ကိစ္စမှန်သမျှဟာ အပြစ်ပဲ။ ဒါပဲ ကျမ ပြောမယ်။ ဘာပဲဖြစ်ဖြစ် တိုင်းသူပြည်သားလူအများ စိတ်ဆင်းရဲစေချင်တယ်ဆိုရင် စိတ်ဆင်းရဲစေတယ်ဆိုတဲ့ ကိစ္စဆိုတာ အပြစ်ပဲ။ ဒါတွေကို ဆင်ခြင်ကြပါ။ မဟုတ်မမှန်ကန်တာ ပြောတာလည်း အပြစ်ပဲ။ ကျမတို့ ဗုဒ္ဓဘာသာ တွေပဲ။ မုသာဝါဒဆိုတာ အပြစ်ပေါ့။ ဒါ ကျမတို့အားလုံး သိပြီးသားဖြစ်ပါတယ်။ မုသားဆိုတာ မပြောသင့်ပါဘူး။

ဒီတော့ အမျိုးမျိုးနည်းတွေနဲ့ ကျမတို့ကို တိုက်ခိုက်လာတယ်။ ကျမတို့ကို တိုက်ခိုက်လာတဲ့အထဲမှာလည်း ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူငယ်တယောက် ကိုစိုးသိမ်းကိစ္စလည်း ဆွဲပြီးတော့ ထည့်လိုက်သေးတယ်။ ကျမတို့နားလည်သလောက်က ကိုစိုးသိမ်းကို ထောက်လှမ်းရေးတို့၊ အာဏာပိုင်အဖွဲ့အစည်းများက လိုက်နေတယ်လို့ နားလည်ပါတယ်။ နောက်ဆုံးကျတော့ ဒါဟာ လူမှုရေးကိစ္စလို့ ပြောပါတယ်။ လူမှုရေးကိစ္စ ဖောက်ပြားလို့ရှိရင်လည်း ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ စည်းတွေ ကမ်းတွေရှိပါတယ်။ ဒီစည်းမျဉ်းတွေအရ၊ ဒီ စည်းကမ်းထိန်းသိမ်းရေး ဥပဒေ အရ ကျမတို့ဟာ အရေးယူမှာဖြစ်ပါတယ်။ ဒီတော့ ခုတမျိုး၊ ခုတမျိုးပြော၊ အရှေ့က တမျိုးပြော၊ နောက်ကတမျိုးပြော၊ အလုပ်က တမျိုး အပြောက တမျိုးဆိုတော့ ကျမတို့မှာ အင်မတန် စဉ်းစားရခက်ပါတယ်။

အာဏာဖိဆန့်ရေးဆိုတာလည်း ကျမတို့ ကြေညာခဲ့ပြီးပြီ။ မတရားတဲ့ အမိန့်အာဏာဖိဆန့်ရေး။ ဒါကိုလည်း 'နဝတ'က အသိအမှတ်ပြုပါတယ်။ ကျမတို့ဟာ မတရားတဲ့အမိန့်အာဏာဖိဆန့်မှု စီစဉ်တယ်ဆိုတာ အရေးကြီးတာက ဘာလဲ။ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေပိုင်ခွင့်ပဲ။ အရင်အပတ် သတင်းစာ ရှင်းလင်းပွဲတုန်းက ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့ ပြောပြီးသွားပြီးပါပြီ။ ၁၅၆၂

နှစ် ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရဆိုလို့ရှိရင် ကျမတို့ အဖွဲ့အစည်းဟာ လွတ်လွတ်လပ်လပ် ထုတ်ဝေပိုင်ခွင့်ရှိရမယ့် အဖွဲ့အစည်းပါ။ ဒါပေမယ့် ဒီအခွင့်အရေးကို ပိတ်ပင်ပြီးတော့၊ ကျမတို့ကို အမိန့်အာဏာနဲ့ ပိတ်ပင်ပြီးတော့ လွတ်လွတ်လပ်လပ် ပုံနှိပ်ထုတ်ဝေပိုင်ခွင့် မရှိဘူး။ ပုံနှိပ်ထုတ်ဝေခြင်း မလုပ်ရဘူးလို့ ပြောတဲ့အခါကျတော့ ကျမတို့အနေနဲ့ တဖြေးဖြေး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေဟာ မတိုးလာတဲ့အပြင် လျော့လာပါလားဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်လာပါတယ်။ ဒါကြောင့်မို့လို့ ဒီ အမိန့်အာဏာကိုတော့ ဖီဆန်ရမယ်။ ကျမတို့ ထုတ်သင့်ထုတ်ထိုက်တဲ့ စာရွက်စာတမ်းတွေ ဆက်ပြီးထုတ်ရမယ်။

အခု သုံး၊ လေးရက်အတွင်းမှာ ဖြစ်တဲ့ကိစ္စတွေကို ကြည့်ခြင်းအားဖြင့် ကျမတို့အနေနဲ့ စာရွက်စာတမ်း ထုတ်ဖို့ဆိုတာ ဘယ်လောက်လိုလဲဆိုတာ ထင်ရှားပါတယ်။ 'နဝတ' အနေနဲ့ သတင်းစာရှင်းလင်းပွဲ လုပ်လိုက်တယ်။ မြန်မာ့အသံကနေ ကြေညာလိုက်တယ်။ လုပ်သား ပြည်သူ့နေ့စဉ်ထဲမှာ ထည့်လိုက်တယ်။ နှစ်ရက်ဆက်ပြီးထည့်လို့ မကျေနပ်သေးဘူး။ ဒီနေ့ဆိုလို့ရှိရင် အပိုစာရွက်ကလေးအနေနဲ့တောင်မှ ထည့်လိုက်သေးတယ်။ ဒါဟာ ကျမတို့အပေါ်မှာ စေတနာရှိလို့ ဝါဒဖြန့်ချိရေး လုပ်ပေးချင်တာလားဆိုတာ တချို့ကတော့ ထင်မှာပေါ့လေ။ ရေးထားတာ ကြည့်လိုက်လို့ရှိရင်တော့ စေတနာနဲ့ လုပ်တာ မဟုတ်ပါဘူးဆိုတာ ထင်ရှားပါတယ်။

ဒီတော့ လုပ်သားပြည်သူ့နေ့စဉ်နဲ့ မြန်မာ့အသံကို တဖက်သတ် ကျမတို့ကိုတိုက်ခိုက်ဖို့ သုံးစွဲနေရင် ကျမတို့မှာ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေပိုင်ခွင့် လိုနေတယ်ဆိုတာ ထင်ရှားပါတယ်။ 'နဝတ'အနေနဲ့ တကယ်ပဲ မှန်မှန်ကန်ကန် လုပ်ချင်တယ်ဆိုရင် ကျမ အခု သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတဲ့အချက်တွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ သတင်းစာထဲမှာ ထည့်ပေးပါ။ မှန်မှန်ကန်ကန် လုပ်သားပြည်သူ့နေ့စဉ်ထဲမှာ ပါလာမယ်၊ မြန်မာ့အသံပေါ်မှာ ပါလာမယ်ဆိုလို့ရှိရင်တော့ ကျမတို့အနေနဲ့ ဩော်– ကျမတို့ကတော့ မှားပြီပဲ၊ 'နဝတ'ဟာ တကယ်ပဲ စေတနာမှန်မှန်နဲ့ လုပ်နေတာပဲလို့ပြောဖို့ ကျမ အဆင်သင့်ပါပဲ။ ဒီတော့ ဒီမှာလုပ်သားပြည်သူ့နေ့စဉ်က လူကြီးများလည်း ရှိပါတယ်။ ကျမပြောတဲ့ အချက်အလက်များကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံထည့်ပေးပါ။ ထည့်ပေးလို့ရှိရင် ကျမ 'နဝတ'ကို ထပ်ပြီးတော့တောင်မှ တောင်းပန်လိုက်ဦးမယ်။ ကျမ အထင်မှားသွားပါပြီ။ အထင်လွဲသွားပါပြီ။ 'နဝတ'ဟာ စေတနာမှန်မှန်နဲ့ လုပ်သွားတာပါလားဆိုပြီး ကျမ ပြောရပါတယ်။

မြန်မာ့အသံမှာလည်း ဒီမြေနီကုန်းကိစ္စနဲ့ပတ်သက်လို့ ပါလာတဲ့ကိစ္စကိုလည်း ကျမ ရှင်းရပါဦးမယ်။ မြေနီကုန်းမှာပေါ့လေ။ မြန်မာ့အသံက ပြောသလို၊ လုပ်သားပြည်သူ့နေ့စဉ်ကရေးသလိုတော့ ကျမ ကဗျာဆန်ဆန်၊ ဝတ္ထုဆန်ဆန်လေးတော့ မပြောတတ်ပါဘူး။ ကားလေးတစီးက လာတယ်ပေါ့လေ။ အရောင်လေးကလည်း ဘယ်လိုလည်း မသိပါဘူး။ နံပါတ်ကလည်း ဘယ်လိုလည်း မသိပါဘူး။ ကားလေးက 'တခါထဲ တံခါးပွင့်သွားတယ်။


www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတယောက်က ဆင်းလာတယ်။ ဆင်းလာတဲ့အခါကျတော့ ပန်
သွားတယ်။ ပန်းချသွားပြီးတော့ ဒီအမျိုးသမီးကို 'မဝတ'ရုံးရှေ့က်မှ ကျမမှ
သိတယ်လို့ ဆိုပါတယ်။

အဲဒီတော့ ဒီကိစ္စဟာလည်း ကျမ ပြန်ပြီးတော့ ရှင်းပြရမယ်
ဒီအတိုင်းဖြစ်တာလည်း မဟုတ်ပါဘူး။ အဲဒီနေ့ စမ်းချောင်းမှာ ကျမ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ (၂၁)ရက်နေ့ ဇွန်လ အရေးအ
တနှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနား ကျင်းပ
တဲ့အခါကျတော့၊ ဩော် – အဲဒီအခမ်းအနားမှာလည်း လူက ကျမ
မြင်သလောက်တော့ နှစ်ထောင်၊ သုံးထောင်လောက်ရှိတယ်လို့ မြင်ပါတယ်
ဒါပေမယ့် မြန်မာ့အသံကတော့ ငါးရာလောက်ပဲမြင်တယ်လို့ ဆိုတယ်
ကျမတို့ အမြင်ချင်းကတော့ သိပ်မတူဘူးပေါ့လေ။ ကျမတို့ ဒီရုံးက
ပြန်လာတဲ့အခါကျတော့ ... ရောက်လာပြီးတော့ ပန်းစည်းလေးချတယ်
ပန်းစည်းလေးချပြီးတော့ အလေးပြုတယ်။ သိပ်လည်းမများပါဘူး။ (၁
ယောက်လောက်။ ကျမတို့မှာ ဓာတ်ပုံတွေရှိပါတယ်၊ ကြည့်ချင်လို့ရှိရ
(၁၅)ယောက်လောက်ပဲ။ အားလုံး အေးအေးဆေးဆေးပဲ။ ဘာမှ ရုတ်ရု
ရုတ်ရုတ်လည်း မရှိဘူး။ ဒါပေမယ့် ကျမတို့ ပြတ်သွားတဲ့အချိန်မှာ ဘာဖြစ်လ
လက်နက်ကိုင်တပ်တွေက လာပြီးတော့ ပြေးပြီးတော့ ကြမ်းကြမ်းတမ်းတမ်း
ကျောင်းသားတွေကို ဖမ်းတာ၊ ဆွဲတာ ကျမတို့ တွေ့လိုက်ရပါတယ်။

အဲဒီတော့ ကျမ ပြောတယ်။ ပြန်သွားမယ်။ ဒီလို ကျောင်းသားတွေ
ကို ဖမ်းတာဆီးတာ ကျမတို့ လျစ်လျူရှုထားလို့ မဖြစ်ပါဘူး။ ကျမတို့
ကျောင်းသားတွေ မဟုတ်ပါဘူး။ ဒါ တခြားတပ်ဦးတခုလို့ ကျမတို့ နားလည
ပါတယ်။ ကျမတို့အဖွဲ့ချုပ်ဝင်များ မဟုတ်ပါဘူး။ ဒါပေမယ့် ကျမတို့
အဖွဲ့ချုပ်ဝင်များမဟုတ်လို့ လျစ်လျူရှုထားလို့ရှိရင် 'နဝတ'က ကျမတို့က
ပါတီနိုင်ငံရေးပဲ လုပ်တယ်၊ အမျိုးသားနိုင်ငံရေး မလုပ်ဘူး ဆိုတ
ပြောမှာကိုလည်း စိုးရသေးတယ်။

ဒါကြောင့်မို့လို့ ကိုယ့်ရဲ့ဒီမိုကရေစီ ဘက်တော်သား အချင်းချင်းပဲ
ကျမအနေနဲ့ ဒီလိုတော့ လျစ်လျူရှုထားလို့ မရဘူးဆိုပြီး ကျမ ပန်းစည်းတ
သွားယူပြီးတော့ ပြန်ပြီးတော့ ချပါတယ်။ ချလာတဲ့အခါကျတော့ ကျမတို့
ပါလာတဲ့ လူငယ်တယောက်ကို ဖမ်းသွားတယ်။ ကျမ ဘာမှမလုပ်ပါဘူ
ဖမ်းရင်လည်း ဖမ်းသွားပေါ့။ ကျမ ကားထဲဝင်ပြီးတော့ ဆက်ပြီးတော
ထွက်သွားတယ်။ အဲဒီအချိန်မှာ သေနတ်တွေနဲ့ပစ်တယ်။ အနောက်က
သေနတ်ဖောက်သံတွေ ကြားတယ်။ အဲဒီတော့ ကျမ ပြောတယ်။ ပြန်လှ
ရမယ်။ ဒီလို သေနတ်ဖောက်လို့ ကျမတို့ဟာ ဆက်ပြီး ထွက်သွားတယ်ဆိုရ
မသင့်တော်ဘူး။

ဒီဟာဟာ သေနတ်ဖောက်နေတာဟာ ပြည်သူလူထုကို ခြိမ်းခြော
နေတာပဲ။ ပြည်သူလူထုကို ခြိမ်းခြောက်နေတာကို ကျမကနေပြီးတော့ ဥပေက
ပြုပြီးတော့ ပစ်သွားတယ်ဆိုတာ မသင့်တော်ဘူးဆိုပြီး ကျမ ပြန်
လှည့်လာပါတယ်။ 'သေနတ်ပစ်တဲ့နေရာကို ပြန်ပြီးတော့ လှည့်ခဲ့တယ်



လှည့်တဲ့အခါ အရူးယားဖားယားနဲ့ ရဲရာရှိတယောက်က "ဘာလဲ၊ မောင်းမပြေးနဲ့
ပစ်မယ်၊" ဟာ– ဘယ်သူက မောင်းပြေးနေလို့လဲ၊ တမင်သက်သက်
ပြန်လာတာ။ မောင်းပြေးဖို့ မဟုတ်ပါဘူးဆိုတာ။ ဒါကိုလည်း သူက
ရှင်းရှင်းစိုင်းစိုင်း စကားမရှည်နဲ့ပေါ့လေ။ ပစ်မယ်၊ ခတ်မယ်နဲ့။ သေနတ်ကြီး
ကလည်း တရမ်းရမ်းနဲ့ လုပ်နေပါတယ်။

ကျမတို့ကို စခန်းရှေ့မှာ ရပ်ဆိုပြီး၊ ကျမတို့ စခန်းရှေ့မှာရပ်တယ်၊
စခန်းရှေ့မှာ ရပ်ပြီးတဲ့အခါကျတော့ ကျမတို့ကို TE 11 ကြီးပေါ်မှာ တက်ခိုင်း
ပါတယ်။ အဲဒီတော့ ကျမတို့အားလုံး အတူတူတက်ပါတယ်။ အဲဒီအချိန်
ကျတော့ ကျမ ဘယ်သူလဲဆိုတာ ဒေါကအရာရှိများက ကောင်းကောင်း
သိတယ်လို့ ကျမ ထင်ပါတယ်။ ဒီမတိုင်ခင်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို
ဖမ်းဆိုပြီး အရာရှိတဦးက အော်နေတာကြားတော့ ကျမ ဘယ်လူမှန်း
သိတယ်ဆိုတာ သိပ်ပြီးတော့ ထင်ရှားတယ်။ ဒါပေမယ့် အများက
မသိဘူးဆိုလို့ရှိရင် ကျမ လက်ခံပါတယ်။ ကျမကို လူတိုင်းကသိတယ်လို့
ထင်နေလို့ရှိရင် တော်ကြာ ကျမ သွေးကြီးရာ ရောက်ဦးမယ်။ မသိလို့ပဲပေါ့။

ကျမတို့ကို TE 11 ပေါ်မှာ တက်ဆိုတာ၊ တက်ပါတယ်။
တက်ပြီးတော့ ဗိုလ်မှူးကြီးကိုယ်တိုင် ရောက်လာပါတယ်။ ဗိုလ်မှူးကြီးကတော့
အင်မတန်မှ ယဉ်ယဉ်ကျေးကျေး လူကြီးပီပီသသ ရှိပါတယ်။ ကျမတို့ ဒါ
မှန်တာကို မှန်တဲ့အတိုင်း ပြောမှာပါ။ ကျမ သက်သက်မဲ့ 'နဝတ'မို့လို့၊
တပ်မတော်အရာရှိမို့လို့ စော်ကားချင်တဲ့စိတ် လုံးလုံးမရှိပါဘူး။ ကျမတို့ကို
'မဝတ'ရုံးကို ခေါ်သွားတယ်။ 'မဝတ'ရုံး ရောက်တဲ့အခါကျတော့ ကျမတို့
အားလုံး ထိုင်ပြီးတော့ ဆွေးနွေးကြတာပေါ့လေ။ ဆွေးနွေးကြတဲ့အခါကျတော့
ကျမ ပြောပြပါတယ်။ ဒီ ၂/၈ကိုတော့ လိုက်နာလို့ မဖြစ်ပါဘူး။
လူငါးယောက်နဲ့ နိုင်ငံရေးလုပ်ဖို့ဆိုတာကတော့ မဖြစ်ပါဘူး။ ကျမတို့ဟာ
ဘာမှ ဆူဆူပူပူလည်းလုပ်မှာ မဟုတ်ပါဘူး။ အေးအေးချမ်းချမ်းပဲ လုပ်သွား
မှာပါဆိုပြီးတော့ ကျမ ပြောသွားပါတယ်။ အာဏာဖီဆန်ရေးကိစ္စနဲ့ ပတ်သက်
ပြီးတော့လည်း ပြောသွားပါတယ်။ ပြီးတော့ မြေနီကုန်းမှာဖြစ်တဲ့ ကိစ္စနဲ့
ပတ်သက်လို့လည်း ကျောင်းသားလေးတွေကိုဖမ်းလို့ ကျမ ပြန်လာရတာပါ
ဆိုပြီး ကျမ ရှင်းပြသွားပါတယ်။ ဒီဟာတွေအားလုံး ကျမ ရှင်းပြသွားပြီးသား
ပါ။ ဒါပေမယ့် ဒါတွေအားလုံး မြန်မာ့အသံကလည်း မရှင်းပြသွားပါဘူး။
ဒီတော့ ဒီကိစ္စမှာလည်း ကျမဟာ တမင် ဆူပူအောင်လှုံ့ဆော်ချင်လို့ ပန်းစည်း
သွားချတယ်ဆိုတာ ကျမဟာ ဆူပူအောင်လှုံ့ဆော်ချင်လို့ မဟုတ်ပါဘူး။

ဒီကျောင်းသားလေးတွေကို ကျမ မျက်စိရှေ့မှာ ဖမ်းသွားတာ
မြင်လို့ပါ။ ကျောင်းသူလေးတယောက်လည်း ပါသွားပါတယ်။ အဲဒီဟာ
မြင်လျက်သားနဲ့ ဘာမှမလုပ်ဘူးဆိုရင် မသင့်တော်ဘူးထင်လို့ ကျမ ပန်းစည်း
ချတာပါ။ ဒီကလေးများဟာ အေးအေးဆေးဆေး ပန်းစည်းချပြီးတော့ ပြေးဖို့
အဆင်သင့်ပဲ။ ပြေးရင်လည်း ပြေးပါစေပေါ့။ မသိချင်ယောင်ဆောင်လို့ရှိရင်
ဒီကိစ္စဟာ ပြီးသွားမယ့်ကိစ္စပဲ။ အေးအေးချမ်းချမ်းနဲ့ အားလုံးပြီးသွားမှာ
ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မြေနီကုန်းမှာ လူတယောက် ကျဆုံးသွားတယ်ဆိုတဲ့ ကိစ္စနဲ့လည်း ကျမ ပြောချင်ပါတယ်။ ဒီလူဟာ အလုပ်သမား စည်းလုံးညီညွတ်ရေးပါတီက စည်းရုံးရေးတာဝန်ခံတယောက် ဖြစ်ပါတယ်။ ဒီလူ ကျသွားတဲ့အခါကြတော့ သွားပြီးတော့ကောက်တာ၊ သွားပြီးတော့ကယ်တာဟာ ကျောင်းသားများပါ။ ကျောင်းသားလေးများဟာ ဒီကျသွားတဲ့ ဦးသိန်းမိုးကို ဘုန်းကြီးကျောင်းကို သယ်သွားတယ်။ ဘုန်းကြီးကျောင်းမှ သံဃာတော်များနဲ့ အခြားကျောင်းသားများက ဆေးရုံကြီးကို ခေါ်သွားတယ်။ အဲဒီတော့ ဒီကိစ္စကို အားလုံး စဉ်းစားကြပါ။ ဦးသိန်းမိုးကို ပစ်ချလိုက်တာဟာ လက်နက်ကိုင်တပ်ထဲက ပစ်ချလိုက်တာပဲ။ သွားပြီးတော့ ကောက်ယူပြီးတော့ ကယ်ပေးတာဟာ ကျောင်းသားလေးတွေပါပဲ။ ဆေးရုံကို အရောက်ခေါ်သွားတာဟာလည်း ကျောင်းသားများနဲ့ သံဃာတော်များ ဖြစ်ပါတယ်။ အဲဒီတော့ ကျမတို့ ကျောင်းသားများ၊ ရဟန်းရှင်လူပြည်သူလူထုများဟာ ဆူပူချင်တဲ့လူထု မဟုတ်ဘူး။ သတ်ဖြတ်ချင်တဲ့ လူထုမဟုတ်ဘူး။ တယောက်အပေါ် တယောက် ကြင်နာတဲ့လူထုဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။ ဦးသိန်းမိုးဟာ အလုပ်သမား စည်းလုံးညီညွတ်ရေးပါတီထဲက စည်းရုံးရေးတာဝန်ခံဆိုတာ သွားပြီးတော့ကောက်တဲ့ ကျောင်းသားလေးတွေ သိပါတယ်။ ဒီ ကျောင်းသားလေးတွေ သွားပြီးကောက်တဲ့အခါတုန်းက သူ အသက်မထွက်သေးပါဘူး။ သူဘယ်သူဆိုတာ သူပြောနိုင်ပါတယ်။ သူ့ရဲ့ ကဒ်ပြားတွေ ဘာတွေလည်း ကျောင်းသားတွေက တွေ့ပါတယ်။ ဒါပေမဲ့လည်း ငါတို့ရန်သူကြီးဆိုပြီးတော့ မပစ်ထားပါဘူး။ ကျောင်းသားလေးများက သယ်သွားပါတယ်။ ဆေးရုံ အရောက် လိုက်ပို့ပေးဖို့ စီစဉ်ပါတယ်။

BURMESE CLASSIC .com

အဲဒီတော့ ကျမတို့ရဲ့ ဒီမိုကရေစီလိုလားတဲ့ အင်အားစုတွေကို ဘာဖြစ်လို့ ဒီလောက်တောင်မှ တိုက်ခိုက်နေလဲ။ ကျမတို့ဟာ ဆူပူအောင် လုပ်ချင်တဲ့ လူတွေ၊ အကြမ်းဖက်ချင်တဲ့လူတွေဆိုလို့ရှိရင် ဦးသိန်းမိုးကြီးကို 'တစည်'ကြီးဟဲ့ဆိုပြီး ပစ်ခဲ့မှာပေါ့။ ဒီလိုစိတ်တွေ မရှိပါဘူး။ ကျမတို့ ပြည်သူလူထု အချင်းချင်းပဲ၊ ကျမတို့ စိတ်မကောင်းဘူး။ ဦးသိန်းမိုးတယောက် ကျသွားတယ်။ ဦးသိန်းမိုးဆိုတာဟာ 'တစည်'တို့၊ အလုပ်သမား စည်းလုံးညီညွတ်ရေးပါတီတို့ကဆိုတာ ကျမတို့စိတ်ထဲမှာ မထားပါဘူး။ ပြည်သူထဲက တယောက် ကျသွားတယ်။ ဒီလောက်တောင်မှ ကျမတို့မှာ အသက်လုံခြုံမှု မရှိဘူးလား၊ ဒီလို အခြေခံလူ့အခွင့်အရေးတခုဖြစ်တဲ့ အသက်လုံခြုံမှု ကျမတို့ မရှိနိုင်ဘူးလား။ ဒါဟာ အင်မတန်မှ ဝမ်းနည်းစရာကောင်းတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီလို အခြေခံအခွင့်အရေးတွေလိုချင်လို့ ကျမတို့ ဒီမိုကရေစီ လှုပ်ရှားမှုထဲမှာ ပါဝင်နေတာပဲ။ ဒီလိုရည်ရွယ်ချက်တွေနဲ့ ကျမတို့ ဆက်ပြီးတော့ လုပ်သွားမှာပဲ။ ဒါကြောင့်မို့လို့ ကျမတို့ မတရားတဲ့ အမိန့်အာဏာ ဖီဆန်တယ်ဆိုတာ၊ ဒီလို မတရားတဲ့ အမိန့်အာဏာတွေကို မဖီဆန်လို့ရှိလို့ရှိရင် တဖြေးဖြေး ကျမတို့မှာ ရှိစုမဲ့စု အခွင့်အရေးလေးတွေတောင်မှ ပျောက်သွားချည်ရဲ့ ဆိုပြီးတော့ ယုံကြည်လို့ ဖီဆန်ခြင်း ဖြစ်ပါတယ်။



ပုံနှိပ်ထုတ်ဝေခွင့်နဲ့ ပတ်သက်လို့ ရှိရင်လည်း နဝင်ဘာလကတည်းက ကျမတို့ဟာ တရားဝင် သတင်းစာတခု ထုတ်ဝေဖို့ တောင်းဆိုခဲ့ပါတယ်။ ပေးခဲ့ပါဘူး။ နောက်ပြီးတော့ကျလို့ရှိရင်လည်း ကျမတို့ဟာ စည်းကမ်းနဲ့၊ ည်းနဲ့ကမ်းနဲ့ ထုတ်ဝေတဲ့ကိစ္စတွေကို ထုတ်ဝေခဲ့တယ်။ အဖွဲ့ချုပ်ဝင်များ အတွက်ကန့်သတ်ဆိုပြီးတော့ ကျမတို့ ထုတ်ဝေခဲ့ပါတယ်။ နောက်ဆုံးကျတော့ စာပေစိစစ်ရေးကနေ အခွင့်တောင်းရမယ်ဆိုလို့ ဒီလအတွင်းမှာပဲ ကျမရဲ့ မိန့်ခွန်းကောက်နုတ်ချက်များ ထုတ်ဖို့အတွက် သွားပြီးတော့ စာပေစိစစ်ရေးကို ကျမတို့ထဲက ခွင့်တောင်းခဲ့ပါတယ်။ ဘာမှ မတုံ့ပြန်ခဲ့ပါဘူး။ ဘာမှ အဖြေမပေးခဲ့ပါဘူး။ ကျမတို့ရဲ့ စာရွက်စာတမ်းတွေကို ထုတ်ဝေတဲ့ ပုံနှိပ်စက် တခုကိုလည်း ချိပ်ပိတ်ခဲ့ပါတယ်။ အမျိုးမျိုးပဲ ခြိမ်းခြောက်လာတယ်ဆိုတာ တွေ့ရပါတယ်။

ဒါ 'နဝတ'အနေနဲ့ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေပိုင်ခွင့်ပေးတော့မလို့၊ ကျမတို့က ဒီလိုလုပ်လိုက်လို့ဆိုတော့၊ ပေးတော့မလို့ဆိုလို့ရှိရင် ဘာဖြစ်လို့ အခု ဘပတ်နှစ်ပတ်အတွင်းကနေပြီးမှ ၁၉၆၂ ဥပဒေအရ ကျမတို့ ရှိသင့်ရှိထိုက်တဲ့ အခွင့်အရေးတွေကို ပိတ်ပင်တဲ့အမိန့်ကို ထုတ်လိုက်သလဲ။ အဲဒီတော့ အပြောက တမျိုးစီ ဖြစ်နေတယ်။ အခုတမျိုးပြော၊ အခုတမျိုးပြော။ ဘာကိုတောင်မှ ကျမတို့ ယုံရမှန်း မသိပါဘူး။ တကယ်ပဲ ပြေလည်စေချင်တယ်ဆိုလို့ရှိရင် နည်းတနည်းပဲ ရှိတယ်။ ကျမ 'နဝတ'ကို ဒီကနေ ပြောလိုက်ပါတယ်။ တကယ်ပဲ ပြေလည်စေချင်တယ်၊ တကယ်ပဲ ကျမတို့အဖွဲ့ချုပ်နဲ့ ဒီမိုကရေစီ အင်အားစုနဲ့ 'နဝတ'ကြားမှာ ပြေလည်မှုလိုချင်တယ် ဆိုလို့ရှိရင် ဆွေးနွေးပါ၊ ခေါ်ပါ၊ ခေါ်ပါ။ ကျမတို့က အောက်ကျနောက်ကျ ရှိတယ်ဆိုပြီး လုံးလုံး စိတ်ထဲမှာ မထားပါဘူး။ အခုလာ ဆိုလို့ရှိရင် အခုသွားပါမယ်။ ဆွေးနွေးမယ်။ တိုင်ပင်မယ်။ ဘယ်လိုပြေလည်အောင် လုပ်ရမလဲ။ ကျမတို့ ညှိနှိုင်းမယ်။ ဒါဟာ နိုင်ငံရေးနည်းပါ။ ကျမတို့ဟာ နိုင်ငံရေးနည်းကို ယုံကြည်ပါတယ်။

နောက်နှစ်လအတွင်းမှာ ဖြစ်သွားတဲ့ကိစ္စများဟာ နိုင်ငံရေးပြဿနာများကို လက်နက်နဲ့ဖြေရှင်းခဲ့လို့ဖြစ်တာဆိုတာ ကျမတို့ ယုံကြည်ချက် ဖြစ်ပါတယ်။ ဇူလိုင်လ (၇)ရက်နေ့၊ ဇူလိုင် (၁၉)ရက်နေ့၊ ဩဂုတ်လ (၈)ရက်နေ့၊ စက်တင်ဘာလ (၁၈)ရက်နေ့။ ဒီအရေးအခင်းတွေဟာ ဘာကိုပြသလဲ။ ကျမတို့နိုင်ငံမှာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းပဲနဲ့ လက်နက်နည်းနဲ့ဖြေရှင်းခဲ့လို့ ဒုက္ခရောက်တယ်ဆိုတာ ပြတာပဲ။ အဲဒီတော့ ဒီလိုကိစ္စမျိုးတွေ ကျမတို့ လုံးလုံး မဖြစ်စေချင်ပါဘူး။ နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းချင်ပါတယ်။ ဒါကြောင့် ကျမတို့ အမိန့်အာဏာကို ဖီဆန်နေတဲ့နေရာမှာတောင်မှ နိုင်ငံရေးနည်းနဲ့ ဖီဆန်သွားတာပဲ။ ကျမတို့ ပြည်သူလူထုကို ပြောတယ်။ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှကို တာဝန်အရ ဖီဆန်ကြပါ။ တာဝန်အရ ဖီဆန်ရမယ်။ လူတိုင်းလူတိုင်းမှာ တာဝန်ရှိတယ်။ လူတိုင်းလူတိုင်းမှာ အခြေခံ လူ့အခွင့်အရေးတွေကို ကာကွယ်ဖို့တာဝန်ရှိတယ်။ ဒီအတိုင်းပဲ ကျမတို့ပြောသွားတာပဲ။ ဒီအထဲမှာ ဆူပူဖို့လှုံ့ဆော်တာ မပါပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

စောစောက ကျမ ပြောခဲ့တဲ့အတိုင်းပဲ။ မေ့မေ့ပျောက်ပျောက်ကိစ္စတုန်းကတော့ ဆူပူချင်တဲ့ အစိတ်အပိုင်းတွေကို ကျမတို့ ထိန်းသွားပါတယ်။ မလုပ်ပါနဲ့၊ ဒါဟာ မသင့်တော်ပါဘူး။ အခုလည်း ကျမတို့ ထိန်းသွားမှာပဲ။ ကျမတို့ဘက်ကတော့ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုတော့ ကောင်းကောင်း ထိန်းသွားနိုင်ပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ လက်တွဲပြီး တော့ လုပ်နေတဲ့ အဖွဲ့အစည်းများ၊ ကျောင်းသားများကိုလည်း ထိန်းသွားနိုင် ပါတယ်။ ဒါပေမယ့်လည်း အဖျက်သမားတွေရှိတယ်ဆိုတာလည်း ကျမတို့ သိပါတယ်။ ဒီအဖျက်သမားတွေဟာ ဒီမိုကရေစီကို မလိုလားတဲ့ လူတွေက ထည့်ထားတဲ့ အဖျက်သမားလို့ပဲ ကျမတို့ ယုံကြည်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်၊ ဘယ်လောက်ပဲ အေးအေးချမ်းချမ်းလုပ်ဖို့ ကြိုးစား၊ ကြိုးစား တယောက်နှစ်ယောက်က ကြားဝင်ပြီးတော့ လှုံ့ဆော်လိုက်လို့ရှိရင် ပြဿနာ တက်တတ်ပါတယ်။ ဒါပေမယ့်လည်း ကျမတို့ အခုအချိန်မှာဆိုရင် စနစ်တကျလုပ်ထားတာကြောင့် ဒီပြဿနာတွေကို ထိန်းသွားနိုင်တဲ့ အခြေအနေ ရောက်နေပြီဆိုတာ ကျမ ထင်ပါတယ်။

ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ညှိနှိုင်း တိုင်ပင်ပြီးတော့ 'နဝတ'ကလုပ်မယ်ဆိုရင် အားလုံးအဆင်ပြေနိုင်ပါတယ်။ ဒီတော့ ကျမ အားလုံးခြုံပြီးတော့ပြောရမယ်ဆိုရင်၊ ဘာဖြစ်လို့ဆိုတော့ သတင်းစာဆရာများ ကလည်း မေးစရာရှိဦးမှာပါ။ အားလုံးခြုံပြီးပြောရရင် တပ်မတော်ပြိုကွဲရေးကို ကျမ လုံးလုံး မလိုလားပါဘူး။ တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့ နေစေချင်တယ်။ ဗကပနဲ့ ကျမ ဆိုတာလည်း လုံးလုံး အဆက်မရှိပါဘူး။ ကျမ ကွန်မြူနစ်ဝါဒကို ယုံလည်း မယုံကြည်ဘူး။ အားလည်း အားမပေးဘူး။ ကွန်မြူနစ်နည်းလမ်းတွေနဲ့လည်း ကျမတို့လုပ်နေတာမဟုတ်ဘူး။ ကျမတို့က ဒီမိုကရေစီနည်းလမ်းအရ လုပ်နေတာပဲ။ ကျမတို့ဟာ ဆူပူလှုံ့ဆော်မှုဆိုတာ ကိုလည်း ဝါသနာ မပါပါဘူး။ ဆူပူတာကိုလည်း ကျမတို့ မလိုလားပါဘူး။ အားလုံး အေးအေးချမ်းချမ်း၊ စည်းကမ်းရှိရှိနဲ့ လိုချင်တဲ့ဒီမိုကရေစီပန်းတိုင်ကို ရောက်သွားစေချင်ပါတယ်။ ကျမဟာ စည်းကမ်းအများကြီး အလေးထားတယ် ဆိုတာ 'နဝတ'သိပါတယ်။ ကျမရဲ့မိန့်ခွန်းတွေ ဒီလောက်တောင်မှ စေ့စေ့ စပ်စပ် လေ့လာနေတယ်ဆိုလို့ရှိရင် ဒီလောက်ဆိုရင်တော့ သိကောင်းပါပြီ။ အမြဲပဲ စည်းကမ်းရှိရမယ်၊ စည်းကမ်းရှိရမယ်လို့ ကျမ ပြောပါတယ်။ ညီညွတ် ရမယ်။ စည်းကမ်းရှိရမယ်။ တပ်မတော်ကို သက်သက်မဲ့၊ အလကားသက်သက် ပုတ်ခတ်တာ မရှိရဘူးဆိုတာ ကျမ ခဏခဏ ပြောတဲ့ကိစ္စဆိုတာ ကျမ မိန့်ခွန်းဟောင်းတွေကို ဒီလောက်တောင်မှ စေ့စေ့စပ်စပ် လေ့လာထားတဲ့ 'နဝတ'ကတော့ သိမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ပြေလည်မှုရှာစေချင်တယ်။ တကယ်ပဲ တိုင်းပြည်အပေါ်မှာ စေတနာထားတယ်၊ တကယ်ပဲ ပြည်သူတွေလိုချင်တဲ့ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ လုပ်ပေးချင်တဲ့ဆန္ဒရှိတယ် ဆိုလို့ရှိရင် ညှိနှိုင်းပါ။ ဆွေးနွေးပါ။ တိုင်ပင်ပါ။ တဖက်သတ် ပုတ်ခတ်တိုက်ခိုက်တဲ့ ကိစ္စတွေကိုတော့ မလုပ်နေပါနဲ့လို့ ကျမ ပြောချင်တယ်။